
www.burmeseclassic.com


www.burmeseclassic.com

### ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

အလင်းသစ်စာစဉ် - (၅၀)

# ငါတို့ခေတ်က တက္ကသိုလ်

## ရွှေကူမေနှင်း

(အလင်းသစ်စာပေတိုက် (၃) နှစ်ပြည့် အထူးထုတ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (ပထမအကြိမ်)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၃၅၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၁၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၃၀၀၂၁၀

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ အမှတ် (၁၁၁)၊ တတိယထပ်(ညာ)၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ မျက်နှာဖုံးဖလင် Eagle၊ မျက်နှာဖုံးဒီဇိုင်း- ဇော်ထင်းဧရွှေ၊ အတွင်းဖလင် အောင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ ယဉ်မျိုးအေး၊ အဖုံးနှင့်အတွင်းစာသားကို မြတ်ထက်ဟိန်းပုံနှိပ်တိုက်၊ အမှတ်(၅)၊ ဈေးလမ်း၊ ပုဇွန်တောင်မြို့နယ်တွင် ပုံနှိပ်၍ မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်းတွင် စာအုပ်ချုပ်သည်။

အလင်းသစ်စာပေ
အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈ လိုင်းခွဲ - ၂၅၄ က ထုတ်လုပ်ဖြန့်ချိသည်။
http://www.ahlinthitbooks.com

၈၉၅.၈၃
ရွှေကူမေနှင်း
ဗိုလ်တို့ခေတ်က တက္ကသိုလ် / ရွှေကူမေနှင်း။ - ရန်ကုန် ၊
ယုံကြည်ချက်စာပေ ၊ ၂၀၁၁ ၊
၃၉၄ - စာ၊ ၁၃ × ၂၀.၅ စင်တီ။
(၁) ဗိုလ်တို့ခေတ်က တက္ကသိုလ်

## မာတိကာ

- စာရေးသူ၏ စကားဦး ..... ၇
၁။ တစ်ခုသောဇွန်ည ..... ၉
၂။ တို့အားလုံးရဲ့ တက္ကသိုလ် ..... ၁၇
၃။ အမေ့သားများ ..... ၂၆
၄။ ဝါးခယ်မအုပ်စု ..... ၃၄
၅။ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ..... ၄၄
၆။ ရန်ကင်းကောလိပ် ..... ၅၆
၇။ ထီးတန်းကောလိပ် ..... ၆၅
၈။ မန္တလေးဟောလ် ..... ၇၄
၉။ ရန်ကုန်တက္ကသိုလ် ကလောင်သင်း ..... ၈၁
၁၀။ S & R (သဟာယနှင့် စာဖတ်သင်း) ..... ၉၆
၁၁။ စကားရည်လုပွဲ ..... ၁၀၇
၁၂။ တကာသ ရွေးကောက်ပွဲ ..... ၁၁၇
၁၃။ အပျိုဖြူ ငယ်ကကျွမ်း ..... ၁၂၅
၁၄။ တက္ကသိုလ်ထဲက တန်ဆောင်တိုင် ..... ၁၃၅
၁၅။ အားကစားမောင်မယ်များ ..... ၁၄၆
၁၆။ ညာဏ်ကြီးရှင်ဖြေဆိုပွဲ ..... ၁၅၂
၁၇။ ပျော်ပွဲစားများ ..... ၁၆၀
၁၈။ ညဦးဦးယံခါ ..... ၁၇၃

www.burmeseclassic.com

www.burmeseclassic.com


၁၉။ နှစ်လည် ညစာစားပွဲများ ..... ၁၈၁

၂၀။ သံယောဇဉ် လူသားများ ..... ၁၉၇

၂၁။ စာရေသီ ..... ၂၁၂

၂၂။ သူငယ်ချင်းဟူသည် … ..... ၂၂၉

၂၃။ စာမေးပွဲကြီး ..... ၂၄၂

၂၄။ အိမ်အပြန် ..... ၂၆၁

၂၅။ နွေလေနှင့်အတူ ..... ၂၉၃

၂၆။ ကြင်နာချင်ရေးငယ်နှင့် ..... ၃၁၅

၂၇။ သစ်စိမ်းချိုး ..... ၃၂၇

၂၈။ ညီအစ်ကိုများ ..... ၃၃၅

၂၉။ စစ်ကို မလိုပါ ..... ၃၄၃

၃၀။ နှစ်လေးဆယ် ကျောင်းသားပွဲတော် ..... ၃၅၄

၃၁။ နက်ဖြန်ဆိုလျှင် … ..... ၃၆၈


BURMESE CLASSIC

# စကားဦး

အမှန်ပြောရလျှင် ကျွန်မသည် "၂၀၀၀ ပြည့်လွန် ရန်ကုန်တက္ကသိုလ်" ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းကြီးတစ်စောင် (အင်္ဂလိပ်ဘာသာဖြင့်) ရေးသားရန် သုတေသန ပြုခဲ့သည်မှာ ကြာခဲ့ပါပြီ။ သို့သော် ဤပရောဂျက်သည် အိပ်မက်အဖြစ်သာ ရှိနေခဲ့၏။ အကောင်အထည်ဖော်ရန် မစွမ်းဆောင်နိုင်ခဲ့။

ဤအတောအတွင်း အလင်းသစ်စာပေက ဆရာမြသန်းတင့် ဘာသာပြန်သော "လွမ်းမောရသည့် တက္ကသိုလ်နွေညများ" စာအုပ်ကြီးကို ယူလာကာ သူတို့ဆီက ဟားဗတ်တက္ကသိုလ်ရဲ့ ပုံရိပ်ကို ဒီလို ဖော်ထားတာမျိုး၊ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ရဲ့ ဆရာမတို့ခေတ်က ပုံရိပ်ကိုလည်း ဖော်စေချင်တယ်။ ဆရာမမှာ အချက်အလက်တွေ ရှိပြီးသား၊ ရသကို နိုင်ပြီးသား၊ ရေးဖို့ပဲ လိုတယ်။ ဘယ်လောက်ထူထူ ကျွန်တော် ထုတ်မယ်ဟု ပြောလာပါသည်။ ကျွန်မ သဘောတူပါသည်။

ဤသို့ဖြင့် လစဉ်တာဝန်ယူထားသော မဂ္ဂဇင်း ဆောင်းပါးများမှလွဲပြီး ကျန်အလုပ်အားလုံးကို ပစ်ချကာ ဤဝတ္ထုကို ပရောဂျက်တစ်ခုအဖြစ် ရေးခဲ့ပါသည်။ အေးချမ်းငြိမ်သက်သော တစ်နေရာတွင် သုံးလတိုင်တိုင် ရေးသားရပါသည်။ အချက်အလက် အမှန်များနှင့်အတူ မလွှဲမရှောင်သာသော နေရာများတွင် 'လွှဲပြောင်း' ရေးရပါသည်။ ပြည့်စုံအောင် မထည့်နိုင်ခြင်းအတွက် ခွင့်လွှတ်ကြလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ဤစာအုပ် ဖြစ်ပေါ်လာခြင်းအတွက် 'အလင်းသစ်' စာပေကို ဦးစွာ ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။ အချို့ အချက်အလက်များကို သေချာအောင် မေးမြန်းရသောအခါ ဝမ်းပန်းတသာ ဖြည့်စွက်ပေးကြသော ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



နေဖက်များကို ကျေးဇူးတင်ပါသည်။ အစစ စိတ်ချမ်းမြေ့မှုရအောင် ပြုစုပေးကြသော City Star Hotel ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါသည်။ နောက်ပိုင်းမှ တာဝန်ယူပေးခဲ့သော 'သား' ကိုလည်း ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်
ရွှေကူမေနှင်း
၂၀၀၉ ခု၊ ဩဂုတ်လ ၁၅ ရက်

BURMESE CLASSIC .com

## (၁)
## တစ်ခုသော ငွန်ည

မိုးရောင်က လင်းလင်းကျင်းကျင်းပင်ဖြစ်၏။

လက်ဆွဲနှုတ်ဆက်ကြခြင်းဖြစ်၏။

သို့သော် ...

အောင်ခိုင်နှင့် နှင်းနှင်းသည် လက်ချင်းဆွဲ၍ မမိကြ။

မိုးရောင်အောက်မှာ လက်ချင်းလွဲနေကြလေသည်။

တစ်ကိုယ်လုံး တုန်ယင်နေခြင်းက ပျော်လွန်းခြင်း၊ မယုံနိုင်ခြင်း၊ ထိတ်လန့်ခြင်းတို့ဖြင့် လှုပ်ရှားနေခြင်းအဓိပ္ပာယ်ကို ဖော်ပြနေလေသည်။

"ကြားလိုက်လားဟင်"

"ပါတယ်။ နှင်းနှင်း ပါတယ်။ Bo 127 နှင်းခိုင်လွင် တဲ့"

"တကယ်နော်။ အောင်ကော"

"အောင်လည်း ပါတယ်။ Bo 104 အောင်ခိုင်"

"ဝေး... ဟေး... ဟေး"

သူတို့နှစ်ဦး အော်ဟစ်ရယ်မောလိုက်သံကြောင့် ခပ်ပြင်းပြင်းတိုက်နေသော လေသံပင် လျော့သွားသလို ထင်ရသည်။ သွပ်ပြားခေါင်မိုးပေါ် တပေါက်ပေါက်ကျနေသော မိုးသံကလည်း သူတို့အပျော်ကို အားပေးသည့်အနေနှင့် ဝေါခနဲကျလာသည်။ မိုးသံလေသံကြားမှ အပျော်များ။

၁၉၅၆ ခုနှစ်။

တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာ အောင်မြင်ဖို့ ၆ ရာခိုင်နှုန်းသာ ရှိခဲ့၏။ ဒီ ၆ ရာနှုန်းထဲပါဖို့ ဘယ်လွယ်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းတို့ ရွှေကူမြို့လေးက အစိုးရအထက်တန်းကျောင်းမှာ တက္ကသိုလ်ဝင်တန်းကျောင်းသား ၃၀ သာ ရှိသဖြင့် စာစစ်ဌာနပင် မရှိ။ မိုင် ၅၀ ဝေးသော ဗန်းမော်မြို့စာစစ်ဌာနမှာ သွားဖြေကြရသည်။ ဗန်းမော်က လူ ၁၀၀ ကျော်ပြီးမှ ရွှေကူ၊ မိုးမောက်ကလူတွေ နံပါတ်ရ၏။ ထို့ကြောင့် နှင်းနှင်းခုံနံပါတ်သည် Bo 127 ဖြစ်သည်။ အောင်ခိုင်က Bo 104 ။

ဘွဲ့ရသည့်ဆရာများ သင်မှသာ တက္ကသိုလ်ဝင်တန်းအောင်မည်ဆိုလျှင် နှင်းနှင်းတို့အောင်ဖို့လမ်းမရှိ။ နှင်းနှင်းတို့ကိုသင်ပေးသော ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်နီပင် အင်တာသာအောင်ပြီး ဆရာဖြစ်လက်မှတ်ရှိသည်။ ကျန်ဆရာများ ဖြစ်သော သင်္ချာဒေါ်စိန်တင်၊ မြန်မာစာနှင့်သမိုင်း ဦးအောင်သိန်းတို့က ဟိုင်းယားဂရိတ်အောင်သူများဖြစ်လျက် ပထဝီသင်သော ဆရာဂျူးဇက်ဆိုလျှင် နှင်းနှင်းတို့နှင့်အတူ တက္ကသိုလ်ဝင်တန်းဝင်ဖြေသူဖြစ်၏။

၈ တန်းအောင်ပြီး ၉ တန်းနှင့် တက္ကသိုလ်ဝင်တန်း တစ်ပေါင်းတည်းတက်သောအခါ သိပ္ပံမသင်ရချေ။ နှင်းနှင်း ၇ တန်းမှာတုန်းက စကောလားရှစ်စာမေးပွဲဖြေရ၏။ သိပ္ပံဘာသာမှာ 'ဦးဘိုးထို' စာအုပ်သင်ပေးခဲ့တာ မှန်သော်လည်း စာမေးပွဲမှာ နံပါတ် ၆(က) တစ်ပုဒ်ပဲ သိသည်။ ကျန်မေးခွန်းများ ဘာမှန်းမသိ။ နောင်မှ သိရသည်မှာ ဦးဘိုးထိုဆိုပေမယ့် နှစ်အလိုက် ပြဋ္ဌာန်းချက်မတူ၍ ကျောင်းက သင်ပေးသော စာအုပ်က ထိုနှစ်ပြဋ္ဌာန်းစာများနှင့် လွဲနေကြောင်းသိရသည်။ သည်ကတည်းက နှင်းနှင်းက သိပ္ပံကို စိတ်နာ၏။ ၉ တန်းမှာ မသင်ရတော့သဖြင့် ဝမ်းသာ၏။ ၉ တန်းမှာ သိပ္ပံမရှိတော့ဘူးဟု မှတ်ထင်ခဲ့၏။ ဗန်းမော်မှာ စာမေးပွဲသွားဖြေတော့ သိပ္ပံများတွေ သိပ္ပံဖြေကြမည်ဆို၍ အံ့သြနေခဲ့သည်။ ကိုယ့်မြို့ကျောင်းမှာ သိပ္ပံသင်ပေးမည့်ဆရာမရှိ၍ သိပ္ပံရွေးချယ်ခွင့်မရှိခဲ့ခြင်းကို သည်တော့မှ သိရ၏။ သည်တော့ နှင်းနှင်းတို့ဘာသာတွဲသည် သမိုင်း၊ ပထဝီ။ တခြား ဘာမျှမလို။

"အမေရေ ... အောင်တယ်"

နှင်းနှင်းက မိုးသံများကို ကျော်လွှမ်းအောင် အော်လိုက်၏။

အော်ရမည်လေ။

ယခု နှင်းနှင်းရောက်နေတာက ကိုကြီးထိန်တို့အိမ်ပါ။

နှင်းနှင်းတို့မြို့ကုန်းရပ်ကွက်လေးမှာ ရေဒီယိုက ကိုကြီးထိန်တို့အိမ်မှာပဲ ရှိတာတိုး။ ဒါတောင် ကိုကြီးထိန်အပိုင်မဟုတ်။ ပြန်ကြားရေး ရေဒီယိုတဲ့။ ကိုကြီးထိန်က ပြန်ကြားရေးမှူးမို့ အိမ်မှာ ရထားခြင်းပါ။



တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းကို ရေဒီယိုမှ ကြေညာပေးသည်။ သတင်းစာထဲမှာ ပါပေမယ့် သတင်းစာက နောက်ကျမည်။ ကသာ သင်္ဘောလာမှ ပါလာမှာ။ ရေဒီယိုမှာက ညတွင်းချင်း ကြားရ၏။ ဒါတောင်မှ မြန်မာပိုင်းအစီအစဉ်က ကြေညာခြင်းမဟုတ်။ အင်္ဂလိပ်ပိုင်းအစီအစဉ်ထဲမှာမို့ ည ၉ နာရီကျော်မှ လာသည်။ အင်္ဂလိပ်လိုပြောပြီး လွှင့်သည်။ နှင်းနှင်းတို့မှာ ရင်ခုန်ရသည့်အထဲ အင်္ဂလိပ်လိုပြောတာကို နားလည်အောင် နားစွင့်ရသေးသည်။ BHAMO စင်တာဆိုတော့ တုန်လိုက်သည့် ရင်။

"အမေရေ ... အောင်တယ်"

နှင်းနှင်း ထပ်အော်ပြန်သည်။

မိုးရေထဲ အမေပြေးလာ၏။

ကိုကြီးထိန်တို့အမေကလည်း အိပ်ရာမှ ထလာသည်။

"နှင်းခိုင်လွှင် တော်တယ်ဟေ့"ဟု ဆိုသည်။

အောင်ခိုင်ရော ...

အောင်ခိုင်က ဘယ်အချိန်က ပြေးဆင်းသွားလဲမသိ။

အေးလေ... သူလည်း သူ့အမေကို ပြေးပြောချင်ရှာတာပေါ့။ သူတို့အိမ်က ရွာလယ်မှာ။

ရေဒီယိုက အောင်စာရင်းတွေ ဆက်လာနေသည်။

ကိုကြီးထိန်က ရေဒီယိုကို ပိတ်လိုက်၏။

အမေသည် သားအငယ်ဆုံးကို ခါးထစ်ခွင်ချီခဲ့၏။ မောင်လေးက အိပ်ချင်မူးတူးနှင့် ကြောင်အမ်းအမ်းဖြစ်လို့။

"ကဲ... ဆယ်တန်းတော့ အောင်ပြီ"

ကိုကြီးထိန်က နှင်းနှင်းကို ပြုံး၍ပြောသည်။

"မအိပ်မနေ စာကျက်ခဲ့ရကျိုးနပ်ပြီလေ။ နောက်ပြီး ဒီနှစ် ရွှေကူက အများကြီးအောင်တယ်။ ဆရာဂျူးဇက်နာမည်လည်း ပါတယ်။ ဆရာမကြီးလည်း ဝမ်းသာနေမှာ။ ဆရာမဒေါ်စိန်တင်တော့ ခုန်နေမှာပဲ"

ဟုတ်သည်။ နှစ်တိုင်း ရွှေကူက ဆယ်တန်း ၂ ယောက်ပဲ အောင်နေကျလေ။ သည်နှစ် ၁၀ ယောက်လောက် ရှိမည်။ ဒေါ်စိန်တင်လည်း ဆရာမကြီးအိမ်က ရေဒီယိုမှာ ရှိနေမှာ သေချာသည်။ ဆရာမက သူ့တပည့်တွေ ဗန်းမော်မှာ စာမေးပွဲသွားဖြေတော့ စိတ်မချလို့ မှာ၍မဆုံး။ စာမေးပွဲဖြေသည့်နေ့မှာ ညောင်ရေ

www.burmeseclassic.com

www.burmeseclassic.com



အိုးပန်းတွေလဲပြီး ဆုတောင်း၍မဆုံးဆိုပဲ။

"ဟော... အောင်နိုင့်အမေပါ ပါလာတယ်"

ကိုကြီးထိန်အမေက ရေနွေးကြမ်းအိုးကို ငုံ့ရင်း ကြိုသည်။

"အေးဟေ့ ... မိနှင်းလည်း အောင်တယ်ဆို"

"ဟုတ်ကဲ့ ကြီးကြီး"

"အေးကွယ်။ ငါ့သားကတော့ သစ်တောကျောင်းပို့ရမှာပါ"

"ဘာထူးလဲ။ မိနှင်းလည်း ဆရာမအလုပ်လျှောက်နိုင်းရမှာလေ"

မုဆိုးမအမေနှစ်ယောက် သဘောညီနေကြလေသည်။

အောင်နိုင့်မျက်နှာကိုကြည့်တော့ ဘာမှထူးခြားမှုမပြ။

"အဝင်းတို့တော့ ကောလိပ်သွားမှာတဲ့"

နှင်းနှင်းအသံထဲမှာ ဝမ်းနည်းသံပါသွားတာကို မထိန်းနိုင်ခဲ့။

"သူတို့အဖေက သစ်ကုန်သည်ကိုးဟဲ့"

"မိန်းကလေးပဲကွယ်။ ဆယ်တန်းအောင်ရင် တော်ရောပေါ့။ ဆရာမလေး လုပ်။ ကူနွေလည်းရတယ်။ အိုးမကွာအိမ်မကွာ"

မိုးစဲသွားပြီ။

မောင်လေးတောင် ပြန်အိပ်ပျော်သွားပြီ။

ကိုကြီးထိန်တို့ကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြ၏။

အိမ်ပေါ် ချက်ချင်းမတက်ချင်သေး။

အိမ်ရှေ့က ကွပ်ပျစ်မှာ ထိုင်ချသည်။

အောင်နိုင်လည်း သူ့အမေနှင့် လိုက်မသွား။

နှင်းနှင်းဘေးမှာ လာထိုင်သည်။

"နင် ဝမ်းနည်းနေလား နှင်းနှင်း"

"ဟင့်အင်း... မနည်းပါဘူး"

"ပျော်စရာကြီးပါဟာ။ ငါတို့သူငယ်ချင်းတွေ ဒီအောင်ဖို့ခက်တဲ့ မက်ထရစ်ကို တစ်နှစ်တည်းနဲ့အောင်တာ ပျော်ရမှာပေါ့"

"အောင်ဖို့ခက်လို့ မက်ထရစ်ကို 'မက်တစ်လစ်'လို့ ပြောကြတာ။ ငါတို့ အောင်တာ ပျော်ရမှာပေါ့။ ဒါပေမဲ့ အောင်နိုင်ရယ်"

"ငါ သိတယ်။ နင် ကောလိပ်သွားချင်တယ်ဟုတ်လား"

"အဲသလောက်လည်း မဟုတ်ပါဘူး။ ငါ့အမေက ငါ လေးတန်းကတည်း





က ဆုံးတာ။ အဖေမရှိကတည်းက ငါ ဒီလောက်အထိ ကျောင်းနေရမယ်တောင် ထင်ဘူး။ ၇ တန်းအောင်တုန်းက မတင်အုန်းတို့ မူလတန်းဆရာဖြစ်သင်တန်း သွားကြတော့ ငါ လိုက်ချင်တာ။ အဲဒီတုန်းက ငါက အသက် ၁၆ နှစ် မပြည့် သေးလို့ ဆယ်တန်းဆက်နေဖြစ်တာ။ ငါ အလယ်တန်းဆရာဖြစ်ပဲ သွားရမယ် ဆိုတာ ငါ သိပြီးသားပါ"

နှင်းနှင်းက သက်ပြင်းချလိုက်သည်။

မိုးစင်သွားသည့်အခိုက် လခြမ်းလေးက အပြေးအလွှားထွက်လာ၏။ ဆရောင်အောက်မှာ အောင်နိုင့်မျက်လုံးတွေ စူးရှနေကြသည်။ ခြံထောင့်မှ ဖွန်ပန်းပွင့် တွေကလည်း မိုးစက်ဖြင့် ပွင့်အာလာကြပြီ။ ညချမ်းသည် ချမ်းမြေ့ဖွယ်ကောင်း ၏။

"ဌေးဝင်းတို့၊ အေးချိုတို့လည်း ရန်ကုန်တက္ကသိုလ်သွားဖို့ မှန်းထားကြ တယ်"

အောင်နိုင်က တွေးတွေးဆဆ ဆိုသည်။

"အောင်နိုင်ရော ရန်ကုန်တက္ကသိုလ်သွားချင်လား"

"ရန်ကုန်တက္ကသိုလ်ဆိုတာ ငါတို့ဦးလေးစာအုပ်စင်ထဲက ဇဝနရဲ့ 'ကောလိပ်ကျောင်းသား' ဆိုတဲ့ စာအုပ်ကြီးဖတ်ပြီး ငါ သိပ်စွဲလမ်းတာပေါ့။ အင်မတန်ပျော်စရာကောင်းတဲ့ ကျောင်းတော်ကြီး။ ဘွဲ့ရပြီးရင်လည်း မြို့အုပ် လောက်တော့ အသာလေး တန်းဖြစ်တာ။ ဟိုမှာ ကျောင်းဆောင်နေရတဲ့ဘဝဆို တာလည်း ပျော်စရာကြီးပဲ။ ဒါပေမယ့် အဲဒါက နင်တို့၊ ငါတို့လို မုဆိုးမသားသမီး တွေအတွက် နေရာမဟုတ်ဘူးလေ"

အောင်နိုင် ငြိမ်သွားသည်။

နှင်းနှင်း မျက်ရည်ဝဲလာပြီ။

အို... ဘာလို့ငိုရမှာလဲ။ တက္ကသိုလ်ဝင်တန်းအောင်ဖို့ ဒီလောက်ခက်တာ။ ငါတို့ ဘာလို့ဝမ်းနည်းရမှာလဲ။

"အေးကွ။ တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်မဝင်နိုင်တဲ့ နင်တို့ ငါတို့ပေါ့နော်"

နှင်းနှင်း ငိုသည်။

အောင်နိုင်က ဘာမှမပြောတော့။

စာမေးပွဲအောင်လို့ ငိုရတာ တကယ်တော့ ဘယ်ကောင်းပါ့မလဲ။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျတာကမှ ဟုတ်ဦးမယ်။ မနဲ့ဆို ဘယ်နနှစ်ရှိပြီလဲ ကျနေတာ။ သူ့အဖေ၊ အမေတွေက သူတို့သမီးကို ကောလိပ်ပို့ချင်လို့ ခြင်ထောင်တွေ ချုပ်၊ အဝတ်အသစ်တွေ ချုပ်၊ တစ်နှစ်မှ မသွားရဘူး။ ဒီနှစ်လည်း မပါပြန့်ဘူး။ ယောက်ျား ပေးစားကြမှာ သေချာတယ်။ ကိုယ်ကတော့ နှစ်ချင်းပေါက်အောင် ရက်နဲ့ ဟင်း... အဖေသာ မသေရင်...။

နှင်းနှင်း အဖေ့ကို သတိရ၏။

အဖေရှိလို့ကတော့ နှင်းနှင်းကို တက္ကသိုလ်ပို့မှာ သေချာပါသည်။ အဖေက ပညာရေးအားပေးသည်။ သားသမီးတွေအတွက် ဝက်ယူသည်။ မ[illegible]န်း စကောလားရှစ်ရတော့ အဖေကြွားလိုက်တာ တဲ့။ ခုတော့[illegible]မှုကို သားသမီး ၆ ယောက်နှင့် ထားခဲ့ပြီး လောကထဲက ထွက[illegible]သည်။ အဖေ့ သားသမီးတွေထဲက နှင်းနှင်းဆိုတဲ့ စာကြိုးစားတဲ့ကောင်မလေးကို လာမကြည့်တော့ဘူးနော်။

ထိုညက ငိုရှုံကောင်းလေခြင်း။

လကလည်း တဖြည်းဖြည်း လင်းလာသည်။

လရောင်အောက်မှာ သူငယ်ချင်းနှစ်ယောက် ဘာစကားမှ မပြောတော့ဘဲ အကြာကြီး ထိုင်နေခဲ့ကြ၏။

အောင်ခိုင်က တစ်ဦးတည်းသော သား။ သူ့အမေက စက်ချုပ်သည်။ သားအမိနှစ်ယောက် မပူမပင် စားရသည်။ သို့သော် သူ့အမေ စက်ချုပ်ခသည် သူ့သားကို တက္ကသိုလ်ပို့ဖို့ အာမ မခံပေ။ အောင်ခိုင်က ပြင်ဦးလွင်က သစ်တောကျောင်းကိုတက်ဖို့ ဆုံးဖြတ်ပြီးသား။

"ငါ ပြန်တော့မယ်"

"အေးလေ"

"နင်လည်း အိမ်ပေါ်တက်တော့လေ"

"အေးပါ"

"အေးပါ လုပ်မနေနဲ့။ အေးလာပြီ။ မနက်ကျ ဆရာမကြီးတို့ဆီ စောစော သွားရအောင်"

"အဝင်းတို့လည်း လာကြမှာနော်"

"အေးပေါ့။ အောင်တဲ့လူတွေ အကုန်လာကြမှာ။ မအောင်တဲ့ကောင်တွေတောင် လာဦးမယ်။ ဒါနဲ့ နင် အားမငယ်နဲ့။ စီစီထွန်းတစ်ယောက်လည်း ဆရာဖြစ်



ဘက်မယ်ပြောတယ်။ နင်နဲ့ အဖော်ရတာပေါ့"

"အေးပါဟာ လောလောဆယ်တော့ ငါ ဘာမှမစဉ်းစားချင်သေးဘူး"

"ကဲ... အိမ်ပေါ်တက်တော့"

"ငါ ဒီမှာ ထိုင်နေချင်သေးတယ်"

"ဘာလဲ။ တိုင်းရင်းမေမှာ ကဗျာလေးတစ်ပုဒ်၊ ဝတ္ထုလေး ၂ ပုဒ် ပါတာနဲ့ စာရေးဆရာမဖြစ်ပြီဆိုပြီး စိတ်ကူးယဉ်မလို့လား"

"မဟုတ်ပါဘူး။ အဲဒါတွေက ရှစ်တန်းဖြေပြီး နွေတုန်းက ရေးတာတွေပါ။ ငါ တကယ်ရေးမှာက ဒေးဗစ်ကော့ပါးဖီးလို ..."

"[illegible]ချည်လား။ ဟိုစာရေးဆရာကြီးက ဆာတွဲ့ရ ဝါလ်တာစကော့"

"အေး[illegible]။ ဆရာမကြီးသင်ပေးခဲ့တဲ့ အဲဒီ ဒေးဗစ်ကော့ပါးဖီးလ်လေးကို ငါ အားကျတယ်။ မိဘမဲ့ဘဝမှာ သူ အားငယ်ရတာတွေကို ကိုယ်ချင်းစာတယ်။ ငါ ကြီးလာရင် အဲသလိုမျိုးစာတွေ ရေးမှာ။ ဒါပေမယ့် ငါက ကျောင်းဆရာမပဲ လုပ်ရမှာပါကွယ်"

ပြောရင်း နှင်းနှင်း ငိုချင်လာပြန်သည်။

အပ်လုံးမသိမ်းရသေးသော နှင်းနှင်း၏ ဆံတောက်ဖားဖားကို အသာပင့်တင်ရင်း နှင်းနှင်း ငိုချင်နေပြန်ပြီ။

အဖေရေ... သမီး ဆံတောက်ဖားဖားကို ဆယ်တန်းအောင်ပြီးမှ သိမ်းမယ်လို့ ကြုံးဝါးခဲ့တာ။ အခု သိမ်းရတော့မယ်။ နက်ဖြန်ဆို သမီး အပ်လုံးသိမ်းပြီ။ ဒါဟာ ဆရာမ လုပ်ဖို့တဲ့လား။ သမီး တက္ကသိုလ်ဆိုတဲ့ ကျောင်းကြီးကို စိတ်ကူးတောင် မယဉ်နိုင်ခဲ့ပါဘူးနော်။ ဩော် ... အမေက နေမကောင်းရှာဘူး။ မမလေးက ခြေထောက်မသန်ဘူး။ မောင်လေးနဲ့ ညီမလေးကို သမီး လုပ်ကျွေးပါ့မယ်။ သမီး တက္ကသိုလ်ဆိုတာကို အိပ်မက်ထဲတောင် မမက်ခဲ့ပါဘူး အဖေရယ်။ ဒါပေမဲ့ သမီး အခု ငိုချင်နေတယ်။

"သမီး ထ... ထ..."

အမေ လာခေါ်သည်။

"ကောလိပ်မသွားရလို့ သူ ဝမ်းနည်းနေတာ ဒေါ်လေး"

"ဒေါ်လေး အားလုံးကြားပါတယ်။ ဘယ်တတ်နိုင်မလဲကွယ်။ ဖြစ်သမျှ အကြောင်းပေါ့။ မင်းလည်း သစ်တောကျောင်းတက်မယ်ဆို၊ တို့တွေက မုဆိုးမတွေပဲ။ ဒါလောက် အောင်တာတောင် တော်လှပြီ။ သူများတွေ ဆယ်တန်းတောင်

www.burmeseclassic.com

www.burmeseclassic.com



မနေရဘူး။ ၇ တန်းနဲ့ စာရေးဝင်လုပ်၊ ဆရာမ ဝင်လုပ်၊ ဈေးရောင်းနေကြရတာ။ ကိုယ့်အထက်ကို မကြည့်နဲ့။ ကိုယ့်အောက်ကို ကြည့်ရတယ်။ ကဲ... အောင်နိုင်လည်း ပြန်။ နင့်အမေ မျှော်နေမယ်။ မိနှင်းလည်း ထ။ အိမ်ပေါ်တက် အိပ်တော့။ နေကောင်းဖြစ်မယ်''

အမေ့စကားများသည် ဆွန်ညမှာ ဝေ့ဝဲနေလေသည်။

ဩော်... ဘယ်တော့မှ မေ့ပျောက်နိုင်မည်မဟုတ်သော ည။

ဆွန်ည။

၁၉၅၆ ခုနှစ်၊ ဆွန်လ ၁၀ ရက်နေ့ ညပါ။

❑

## (၂)
## တို့အားလုံးရဲ့တက္ကသိုလ်

နှင်းနှင်းခြေထောက်တွေ မြေမှကျရဲ့လားမသိ။

အဓိပတိလမ်းမကြီး...

ဒါ... အဓိပတိလမ်းမကြီးပါပဲ။

အရှေ့တောင်အာရှမှာ အကောင်းဆုံးဟု သတ်မှတ်ခြင်းခံရသော ရန်ကုန် ...သိုလ်ကြီး၏ အဝင်မုခ်ဦး၊ ဘွဲ့နှင်းသဘင်ခန်းမကြီးထံ ဦးတည်နေသော ...ဆောင်ကာရ အဓိပတိလမ်းမကြီးလေ။

လမ်းကို အဝေးမျှော်လိုက်၊ အောက်ငုံ့လိုက်နှင့် လျှောက်ရ၏။

ဒါ... တကယ်ပဲ အဓိပတိလမ်းလား။

''အရင်ကတော့ ဒါကို ချန်စလာရဲ့လို့ ခေါ်တာပေါ့''

ကိုသန်းအောင်က ဆရာကြီးဖြစ်၏။

သူက ကျောင်းဆွေးလူဆွေးတက်နေသော ဘီအေ နောက်ဆုံးနှစ်ကျောင်း ...ကြီးပဲ။ ဂရေစီ၏ဦးလေး။ နှင်းနှင်းနှင့်မူ ဆွေမျိုးမတော်ပါ။ ရွှေကူသူအချင်း ...ချင်း အဖော်လုပ်ရတာမို့ ဖရက်ရှာလေးများအဖြစ် ဂရေစီ့ဦးလေးကို ဆရာတင်ခဲ့ ...ဖြစ်၏။

ဂရေစီကတော့ ထွေထွေထူးထူး ခံစားနေပုံမရချေ။

သူက အစစအရာရာ ပြည့်စုံသည်။ ရွှေကူမြို့မှာ တစ်ဆိုင်တည်းရှိသော ...ပိုင်ဆိုင်သူဌေး၏သမီး။ မူလတန်းကတည်းက ဗန်းမော်ရှိ ကွန်ဗင့်ကျောင်းမှာ ...အိပ်ကျောင်းစားထားသည်။ မကဲထရစ်အောင်တော့ ဦးလေးရှိသော ရန်ကုန် ...သိုလ်သို့ ပို့သည်။ ရိုးရိုးလေးပဲ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းမှာသာ ...

သည်လို တက္ကသိုလ်ကြီးသို့ တက်ခွင့်ရလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်ကူးယဉ်ခွင့်မရှိခဲ့။ ၁၉၅၆ ခုမှာ တက္ကသိုလ်ဝင်တန်းအောင်ပြီး ကံဘဲ့မှာ ဆရာအတတ်သင်တက်ခဲ့ရ၏။

အဲသည်တုန်းကလေ ...

ရန်ကုန်မှာ ကျောင်းလာတက်သည့် ကချင်ပြည်နယ်ကျောင်းသားများသမဂ္ဂ ဟူ၍ရှိသည်။ ရန်ကုန်တက္ကသိုလ်တင်မက အင်းစိန်ဂျီတီအိုင်၊ ကံဘဲ့ဆရာဖြစ်သင်၊ ပြီးတော့ သူနာပြုသင်တန်း စသဖြင့် ကချင်ပြည်နယ်က လာသူမှန်သမျှ စုစည်းထားသော သမဂ္ဂတည်း။

သည်မှာတင် ဘုမသိဘမသိနှင့် နှင်းနှစ်တစ်ယောက် ရန်ကုန်တက္ကသိုလ်ကြီးထဲ မျက်စိသငယ်နှင့် ရောက်သွားသည်။ အစည်းအဝေးကို ရန်ကုန်တက္ကသိုလ်၊ ကျောင်းသားများသမဂ္ဂအဆောက်အအုံမှာ ကျင်းပမည်တဲ့။ မြစ်ကြီးနားက ကျောင်းသားကြီးများ ဦးဆောင်ခေါ်ခဲ့ကြခြင်းဖြစ်၏။

သြ ... ဒါ ရန်ကုန်တက္ကသိုလ်တဲ့လား။

ဝင်ပေါက်မှ ဝင်လိုက်ကတည်းက နှင်းနှင်း မျက်စိမမှိတ်မိ။

အဝင်းတို့တက်နေတဲ့ ကျောင်းကြီးပေါ့။

အတွက်၊ ကိုအေးချို၊ ကိုဒွေးဝင်း မက်ထရစ် အတူအောင်တဲ့လူတွေ ဒီကျောင်းကြီးမှာ တက်နေကြတယ်။

ဖြူးဖြူးဖြောင့်ဖြောင့် လမ်းမကြီး။

ဒါက အဓိပတိလမ်း၊ ထိပ်ကဟာ ဘွဲ့နှင်းသဘင်ခန်းမ။

မြစ်ကြီးနားက ကျောင်းသားကြီးက တောသူမှန်းသိသည်မို့ ရှင်းပြခဲ့လေသည်။

ဒါက တကသအဆောက်အအုံ။

အဝါရင့်ရောင် နှစ်ထပ်တိုက်ကြီးပါ။

အောက်ထပ်မှာက လက်ဖက်ရည်ဆိုင်၊ စာအုပ်ဆိုင်။

လူတွေ ရှုပ်ယှက်ခတ်လှုပ်ရှားနေကြသည်။

အစည်းအဝေးက အပေါ်ထပ်မှာ။

လှေကားကို တစ်ထစ်ချင်း ကွေ့၍တက်ရ၏။

"ကောင်းပြီလေ။ အခု ဒီလှေကားတွေကို ဆရာဖြစ်သင်တန်းက ကောင်မလေးအဖြစ် တက်နေရတယ်။ တစ်နေ့မှာ ... ဟုတ်တယ် တစ်နေ့မှာတော့ ဟောဒီလှေကားထစ်တွေကို တက္ကသိုလ်ကျောင်းသူတစ်ယောက်အဖြစ် ငါလာနင်းမယ်"





ဘာမှ သေချာရေရာသည်တော့မဟုတ်။

သို့သော် နှင်းနှင်း သည်အတိုင်း မှတ်ထားခဲ့သည်။

အစည်းအဝေးက ဘာတွေပြောသွားသည်ကို မမှတ်မိ။

ဥက္ကဋ္ဌအသစ်ရွေးတော့ ထောက်ခံလိုက်သည်။ သူများ လက်ခုပ်တီးတော့ တီးလိုက်သည်။ လူသည် ဝေဝေဝါးဝါး။

လှေကားပြန်အဆင်းမှာတော့ ...

'တစ်နေ့ကျရင် ဟောဒီလှေကားကို တက္ကသိုလ်ကျောင်းသူအဖြစ် ငါလာနင်းမယ်' ဟု ကြွေးကြော်ခဲ့လေသည်။

အဲဒါ ၁၉၅၆ ခုနှစ်လကပါ။

အခု ၁၉၅၉ ခုနှစ်လ။

၃ နှစ်ဆိုတာ ဘာမျှမကြာလိုက်။

တစ်နှစ်သင်တန်း တက်သည်။

နှစ်နှစ် အလယ်တန်းဆရာမလုပ်သည်။

သည်ကြားထဲ ...

၁၉၅၆ မက်ထရစ်စာမေးပွဲမှာ နှင်းနှင်းအောင်မှတ်က ပထမအဆင့်ထဲ ပါခဲ့သည်။ တက္ကသိုလ်ပညာသင်ဆု (စကောလားရှစ်) ရခဲ့သည်။ ထိုအချိန်မှာ လူက တက္ကသိုလ်မှာ မရှိ။

သည်ကိစ္စအတွက် ကချင်ပြည်နယ် ပညာရေးဌာနက လူကြီးများ စိတ်မကောင်းဖြစ်ကြသည်။ စာတော်သော ဆင်းရဲသည့်ကလေးမလေးကို ချီးမြှင့်လိုကြသည်။ သို့နှင့် ဝတ္တရားဖြင့်ပညာသင်ခြင်း ဟူသော မူတစ်ခုဖြင့် အလယ်တန်းပြ ၂ နှစ် လုပ်ပြီးလျှင် ကောလိပ်သွားရမည်ဟု အခွင့်အရေးပေးလေသည်။ လစာတစ်ဝက်၊ ရှားပါးစရိတ် အပြည့်ရမည်။ ၂ နှစ်ပဲ ထားမည်။ အင်တာပြီးလျှင် ပြန်လာခဲ့။ အထက်တန်းပြရာထူး တိုးပေးမည်။ အဲ... ၁ နှစ်မှာ ကျလျှင်တော့ ဆက်မထား။ ပြန်လာပေတော့။ ရာထူးလည်း မပေး။ အလယ်တန်းပဲ ဆက်လုပ်။

"ကိုသန်းအောင်ရာ။ နှင်းနှင်းမှာက အဲသလို အချုပ်အနှောင်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲက လုံးဝကျလို့မဖြစ်ဘူး''

ကိုသန်းအောင်က ထုံးစံအတိုင်း ခေါင်းလေးယမ်းရင်း ...

''လွယ်ပါတယ်ဟာ ... အတိစ် ယူ။ အောင်တယ်''

''ဂရေစီက ဆိုင်းရင့်စ်ယူမှာ''

''သူဟာသူ ယူချင်တာယူလေ။ သူ ဝါသနာပါတာ ယူနိုင်တာပဲ''

''နှင်းနှင်းရဲ့ ဆရာမဒေါ်ကြည်ကြည်က မှာလိုက်တယ်။ တက္ကသိုလ်ကျရင် ယူချင်စရာဘာသာတွေ အများကြီးတဲ့။ သူများယူတိုင်း မယောင်နဲ့တဲ့။ ကိုယ်က ပြန်လာပြီး အထက်တန်းပြဆရာမ လုပ်ရမှာဆိုတော့ အထက်တန်းမှာ ကျောင်းသားတွေကို ပြန်သင်ရမယ့်ဘာသာရပ်ပဲ ယူတဲ့''

''အဲဒါဆိုရင် မြန်မာစာ၊ ပထဝီ၊ သမိုင်းဘာသာတွဲ ယူပေါ့''

''ဟုတ်ကဲ့။ အဲဒါ ယူမယ်လေ''

နှင်းနှင်းမှာက ရွေးချယ်ခွင့်အများကြီးထဲ ကိုယ့်ဘဝနှင့်လိုက်အောင် ညှိနေရတာ ရှိနေပါပြီလေ။ သို့နှင့် ...

ဂရေစီက ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ တဲ့။

ပျူးဝါးဆိုင်းယင့်စ်ဟု ခေါ်ကြသည်။

ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒအတွဲကိုတော့ 'ဘိုင်အို'တွဲဟု ခေါ်ကြ၏။ ဘိုင်အိုအတွဲယူသူများက ဆေးကောလိပ်ကိုဝင်ရန် ပဏာမ ၂ နှစ် နေရမည်။ ၂ နှစ်အောင်သောအမှတ်များ အဆင့်မီလျှင် 'အလစ်ဂျီဘယ်လ်' ဖြစ်သတဲ့။ သည်အခါ ဆေးကောလိပ်ဝင်နိုင်ပြီ။ သိပ်တော့ မသေချာသေး။ ဆေးကောလိပ်မှာ ဒီနီယာဒုတိယနှစ်မအောင်လျှင် ရှီးရှီးဘီအက်စ်စီတန်း ပြန်လာရမည်။ ဆရာဝန်မဖြစ်နိုင်တော့ပြီ။ ဘာပဲဖြစ်ဖြစ် ဆရာဝန်ဖြစ်ဖို့ ကြိုးစားစရာအချိန်တွေ အများကြီးရှိသည်။

နှင်းနှင်းလား။

ဝါသနာမပါပေါင်။

ဆရာဝန်ဆိုတာ ကုလားကြီးတွေလုပ်တာ။

ပြီးတော့ နှင်းနှင်းက သွေးဆိုလျှင် မကြည့်ရဲ။

ကိုယ်ဝါသနာပါသော မြန်မာစာ၊ ပထဝီ၊ သမိုင်း ဝိဇ္ဇာတွဲပဲ လျှောက်လွှာထဲ ထည့်ရေးသည်။

ဘယ်သူ ဘာလျှောက်လျှောက် ဝါသနာအရ လုပ်ကြတာချည်းမို့ ဘိုင်အို





ယူသူဆိုပြီးလည်း အထင်မကြီး။ (သူက ပြုတ်ကျနိုင်သေးတာပဲ) မြန်မာစာယူသူ၊ အင်္ဂလိပ်စာယူသူဆိုပြီးလည်း အထင်မသေးကြချေ။ မစ်ရှင်ကျောင်းက လာသူများ ဆိုတော့ ပြင်သစ်စာတို့၊ အီကိုတို့ ယူကြ၏။ နှင်းနှင်းတို့ စတိတ်ကျောင်းသားများကား ပြင်သစ် ဝေလာဝေး၊ မယူမနေရဖြစ်သော အင်္ဂလိပ်စာကိုပင် မနည်းကြိုးစားရဦးမည်။

မနေ့ကပင် အင်းဝစာအုပ်တိုက်ကို ကိုသန်းအောင်က ပို့ခဲ့ပြီးပြီ။ ပြဋ္ဌာန်းစာအုပ်တွေ ဝယ်ကြသည်။ အင်္ဂလိပ်စာအုပ်တွေက မနည်းမနည်းပဲ။ ကျလို့ကတော့ အိမ်ပြန်ရလိမ့်မည်။ ရှက်ဖွယ်။

''ကဲ ... ဒါပြီးရင် အဆောင်လျှောက်လွှာတက် သွားရအောင်''

ကိုသန်းအောင်က ဆော်ဩလိုက်သည်။

နှင်းနှင်းက လွယ်အိတ်ကလေးကို တင်းတင်းလွယ်ပြီး ကိုသန်းအောင်ကြည့်ရာသို့ လှမ်းကြည့်၏။ သိပ္ပံအဆောက်အအုံကြီး၏ ညာဘက်ခြမ်းမှာ လူတွေ ကြိတ်ကြိတ်တိုးနေသည်။ အဆောင်လျှောက်လွှာတင်သူ အသစ်များရော၊ အဆောင်စာရင်းထွက်၍လာကြည့်သူများရော၊ အများအားဖြင့် နှင်းနှင်းတို့လို နယ်ကျောင်းသူကျောင်းသားများဖြစ်သည်။ နယ်မှလူများသာ အဆောင်နေခွင့်လျှောက်ကြရတာဆိုပဲ။

သုံးယောက်သား တိုးတိုးဝှေ့ဝှေ့နှင့် လျှောက်လွှာပုံစံနှစ်ခုကို ဝယ်ကြသည်။ အနီးအနားမှာ ချထားပေးသော ခုံတန်းလျားမှာ ပုံစံဖြည့်ကြသည်။ မိန်းကလေးအဆောင်များမှာ သီရိ၊ အင်းလျား၊ မာလာနှင့် ရတနာဖြစ်၏။ အင်းဝတို့က သီရိမှာ။ နှင်းနှင်းက သီရိမှာ နေရမည်ထင်သည်။ သို့သော် လူသစ်များအားလုံး ရတနာမှာ နေရာချမည်ဟု တစ်ယောက်က ပြောနေတာကြားရ၏။ ရတနာဆိုတာ ဘယ်အနားမှန်းမသိ။ ကိစ္စမရှိပါ။ အခန်းဖော်အဖြစ် ဂရေစီနှင့်တွဲရလျှင် အဆင်ပြေပါပြီ။ အခုတောင်မှ ကြည့်မြင်တိုင်သစ်စက်ဝင်းထဲက ဂရေစီ အမျိုးအိမ်မှာ ခေတ္တတည်းခိုနေရခြင်းဖြစ်၏။ ရန်ကုန်မှာ နှင်းနှင်းဆွေမျိုးမရှိ။ အသိနည်း၏။

''နောက်ရက်တွေကျမှ ဒီမှာ စာရင်းကပ်တာ လာကြည့်ရမယ်။ နင်တို့ ရတနာပဲ ရမှာပါ။ ရတနာက အဆောင်မှူး မကြည်က သမိုင်းဌာနက သင်ထောက်ကထိကပဲ။ သဘောကောင်းပါတယ်။ ကဲ ... ဆက်ပြီဟာ။ မုန့်ဆိုင်တန်း သွားရအောင်''



www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းအောင် စကားမဆုံးခင် ဖြန်းဆို မိုးရွာချလာသည်။ ရန်ကုန်မိုး ဆိုတာ ဒီလိုပဲဟု ကြားဖူးတာ မှန်ပေစွ။ သည်းသည်းမဲမဲ အုံ့ကျကျင်းနှင့် ဝုန်းဝုန်း ဒိုင်းဒိုင်း ရွာလေသည်။

သိပ္ပံအဆောက်အအုံပေါ်တီကိုအောက်မှလူတွေ အဆောင်ထဲ တိုးဝင်လာကြ၏။ ပေါ်တီကိုရှေ့မှ ရေတမာပင်များက မိုးရေထဲမှာ ယိမ်းထိုးနေကြသည်။

မိုးကို နှင်းနှင်းချစ်ပါသည်။ မိုးရွာလျှင် ပျော်ပါသည်။ ကောင်းကင်အမြင့်မှ ရေစက်တွေ အဆက်မပြတ်ကျလာတာကို ကြည့်ရတာ နေပူပြင်းပြင်းဒဏ်ထက် ပျော်စရာကောင်းသည်။ နေကိုဖွဲ့သော သီချင်းဟူ၍မရှိ။ မိုးကိုဖွဲ့သော သီချင်းတွေပဲ ရှိသည်။ မိုးသည် လွမ်းမိတ်ဆွေပဲ။ မိုးရွာသဖြင့် နှင်းနှင်း တစ်ခါမှ စိတ်မပျက်ဖူးချေ။ အဝတ်ရေစိုမှာလည်း မပူပါ။ အေးမြသောအရသာကို နှင်းနှင်းကြိုက်သည်။

သို့သော် လူတွေက မိုးကိုကြောက်ကြပုံရ၏။ ဖွတ်တိုးဝင်နေကြသည်။ နှင်းနှင်းက အိတ်ကို မြဲမြဲလွယ်ရင်း ထီးကို အဆင်သင့်ကိုင်ထား၏။ ကြက်ဆင်တံဆိပ် ဖဲထီးလေး။ အရိုးက နောက်ဆုံးပေါ် အကောက်ကလေးနှင့်။ သည် အကောက်လေးကို ထိပ်ဖက်ထားပြီး ကိုင်ရင်း လူကြားထဲ ညပ်ပါသွားလေသည်။

ဂရေစီက သူ့ဦးလေးခါးကို နောက်ကနေဆွဲပြီး ပါသွား၏။ တပေါင်းပွဲမှာ ညဘက်ပွဲဈေးတန်းတိုးရတာကို သတိရမိသည်။ မိုးကလည်း ရွာ၍ကောင်းတုန်း။ ကိုသန်းအောင်ကို မမြင်ရတော့ချေ။ အဲဒါမှ ဒုက္ခ။ လူကွဲသွားလျှင် ဘယ့်နှယ်လုပ်ရပ့်။

တစ်ခုထူးခြားသည်မှာ လူတွေသာ ကျပ်နေသည်။ ဘာသံမှ မကြားရခြင်းပါ။ ဟေးလားဝါးလားမရှိ။ သြော် ... ဒါ တက္ကသိုလ်နယ်မြေကိုး ပညာတတ်ကျောင်းတော်သားတွေကိုး။

ခဏအကြာမှာတော့ နှင်းနှင်းနားထဲမှာ ''အား... အား...'' ဟု အော်သံလိုလို ကြားရသည်။ ပထမ မသဲကွဲ။ နောက်တော့ ပိုပြီးကျယ်လာသည်။ ဘာမှန်းမသိ။ ဒါနဲ့ နှင်းနှင်းထီးရိုးက လေးနေသလိုလို တစ်ခုခုနဲ့ ငြိနေရော လား။ ငုံ့ကြည့်ရသည်။

လား... လား... ဟုတ်ပါရဲ့။

နှင်းနှင်းထီးရိုးအကောက်လေးသည် ယောကျ်ားလေးတစ်ယောက်၏ ခါးပုံစတွင် ဝင်ငြိနေလေသည်။ နှင်းနှင်း ရှေ့တိုးတိုင်း ထိုလူက သူ့ပုဆိုးဖြုတ်





ကျမှာစိုးပြီး ခါးပုံစကို လက်တစ်ဖက်ဖြင့် ဆုပ်လျက် လိုက်ပါနေရ၏။ သူ့ခါးမှ ထီးအကွေးကိုလည်း သူ ဖြုတ်၍မရ ဖြစ်နေလေသည်။

''ဟယ်...''

နှင်းနှင်း ရယ်ချလိုက်သည့်အသံက အပြင်က မိုးသံကိုပင် ထိုးဖောက်သွားသည်ထင်၏။ ရယ်ချင်စိတ်ကို တားမရ။ တောင်းပန်ရကောင်းမှန်း သတိမရ။ ရယ်ချင်တာပဲ ရှိသည်။

သူကလည်း ပါးစပ်က 'အား... အား...' နှင့် အော်နေရက်က မျက်နှာမှာတော့ ရယ်ကြဲကြဲကြီးပါပဲ။ မျက်မှန်ထူထူထဲက မျက်လုံးကြီးတွေက ပြူးလို့။ နှုတ်ခမ်းမွေးပေါက်စနများက လှုပ်တုပ်လှုပ်တုပ်နှင့်။

ခက်သည်မှာ နောက်ကလူတွေက ဖိတိုးနေတော့ နှင်းနှင်းလည်း ရပ်၍မရ။ ထီးကိုဖြုတ်၍မရ။ သည်လိုနှင့် ထိုလူခမျာလည်း ခါးပုံစကို ဆုပ်ရင်း နှင်းနှင်းထီးနောက် တရွတ်တိုက်ပါနေရရှာလေသည်။

လူအနည်းငယ်ကျဲသွားသည့်နေရာရောက်မှ နှင်းနှင်းရပ်လိုက်၏။ ထီးကို ဖြုတ်မည်ပြုပြီး မျက်လုံးပြူးသွားသည်။ အယ်... သူ့ခါးပုံစကို ဘယ်ကိုင်လို့ ဖြစ်ပါ့မတုံး။

ရယ်တာကို အတောမသတ်နိုင်သေး။

သူကပင် ကြိုးစားပြီး ထီးကောက်ကို ဖြုတ်နေသည်။

ထီးလွတ်သွားတော့ သူက နှင်းနှင်းကို ရယ်ပြ၏။ အေးလေ ... ရယ်ပြရမှာပဲပေါ့။ ဒါ... ရယ်စရာကြီးပဲ။ အဲ... နှင်းနှင်းလည်း တောင်းပန်ဖို့လိုသည်ဟု ခုမှ သတိရ၏။

''ဟီးဟီး... ဆောရီးနော်''

''အဟဲ... ကိစ္စမရှိပါဘူး''

သူကလည်း နှုတ်ခမ်းမွေးစကို သပ်ရင်းပြောသည်။

ဒါဆို ပြီးပြီပေါ့။

သို့သော် သူက နှင်းနှင်းလွယ်အိတ်ကို ဆွဲထားသည်။

''မိတ်ဆွေဖြစ်သွားပြီနော်''

အတော်နောက်တဲ့လူပဲ။ ဘာလို့မိတ်ဆွေဖြစ်ရမှာလဲ။

ဒါပေမင့် နှင်းနှင်းမျက်နှာကလည်း ရယ်နေဆဲ။

ခေါင်းညိတ်ပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အဆောင်ရလဲ"

"ခုမှ လျှောက်လွှာတင်တာ"

"ဟုတ်လား။ ကျွန်တော်က စာရင်း လာကြည့်တာ။ မန္တလေးဆောင် ရတယ်"

"ဟုတ်ကဲ့"

"ကျွန်တော့်နာမည် သိုက်ထွန်း"

"သြော်"

"ဂျီရော်လော်ဂျီ ဒုတိယနှစ်"

"ဟင်း အင်း"

"ဒီက နာမည်ပြောဦးလေ"

"သွားတော့မှာ"

"မလုပ်ပါနဲ့။ နာမည်တော့ ပြောခဲ့ပါဦး"

"ဘာလုပ်ဖို့လဲ"

"မိတ်ဆွေဖြစ်သွားပြီလေ။ မဟုတ်ဘူးဆိုရင် ကျွန်တော့်ကို ပုဆိုးဆွဲချုတ်ပါတယ်ဆိုပြီး ကျောင်းသားရေးရာကို တိုင်မယ်"

နှစ်ယောက်သား အားရပါးရ ရယ်ဖြစ်ကြသည်။

"ရှင် သိပ်နောက်တာပဲနော်"

"နာမည်"

"မပြောဘူး"

"တိုင်ပြောရမလား"

ရယ်မိကြပြန်သည်။

"ဒီနှစ်မှ ရောက်တာနော်။ ဖရက်ရှာဆိုတော့ အကူအညီလိုမှာပေါ့"

"ရှင် ဘယ်လိုလုပ်သိလဲ"

သူက ထီးကို လက်ညှိုးထိုးသည်။

"ဒီလိုထီးမျိုး ဘယ်တက္ကသိုလ်ကျောင်းသူမှ မကိုင်ဘူး"

ကိုယ့်မြို့မှာသာဆို သူ့ကို ထုပစ်မိလိမ့်မည်။

ကြည့်စမ်း ... ကိုယ့်ကို တောသူလို့ ဆိုလိုက်တာပေါ့။

သူကျတော့ မြို့သားဟန်တစ်စက်မှ မရှိဘဲ ကိုယ့်လိုပဲ လွယ်အိတ်ကြီးဘေးတစောင်း လွယ်လို့။





"ကျွန်တော့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

သူပြောမှ သူ့ဆီလျှောက်လာသူများကို ကြည့်မိသည်။

"ဒါက စိုးပိုင်။ ဒီဘက်က ကိုအောင်နိုင်။ နှစ်ယောက်လုံး အင်ဂျင်နီယာ ဒုတိယနှစ်"

သူတို့နှစ်ယောက်က ဦးညွှတ်လည်ညွှတ် ပြုံးပြကြသည်။

"အဲ... သူ့နာမည်တော့ ကျွန်တော်တောင် မသိရသေးဘူး"

ဟိုလူနှစ်ယောက်က နားလည်စွာ ရယ်ပြကြ၏။ သည်လူကို လူနောက်ဟု သူတို့လက်ခံထားပုံပေါ်သည်။

"ဟေး... နှင်းခိုင်လွင်။ ဘယ်ပျောက်သွားတာလဲ"

ကိုသန်းအောင် အဝေးကြီးက လှမ်းခေါ်နေလေသည်။

"ဟား... ဟုတ်ပြီ။ နှင်းခိုင်လွင် နှင်းခိုင်လွင်"

သိုက်ထွန်းဆိုသောလူသည် ခုန်ဆွခုန်ဆွလုပ်ကာ လက်ဖျောက်များပင် တီးလိုက်သေးသည်။ မုန်းဖို့ကောင်းလိုက်တာ။

နှင်းနှင်းက သူ့ကို မျက်စောင်းတစ်ချက်ထိုးဖြစ်၏။

ကိုသန်းအောင်တို့များ လူကြားထဲ နာမည်အော်ခေါ်ရကောင်းလားဟု နောက်မှ အပြစ်တင်ရဦးမည်။ လောလောဆယ်တော့ သူတို့ရှေ့မှ အမြန်ထွက်မှ။ ဘာရယ်ကြောင့်တော့မသိ။ မထွက်ခင် ဟိုလူတစ်ယောက်ကို မော့ကြည့်မိခဲ့၏။ ကိုအောင်နိုင် ဆိုတဲ့လူ။ သူက နှင်းနှင်းကို ပြုံးပြီး တစိမ့်စိမ့်ကြည့်နေဆဲ။ ပြန်ပြုံးမပြဘဲ နှင်းနှင်း တိုးထွက်ခဲ့၏။ အပြုံးရှင်၏မျက်နှာက နှင်းနှင်းနှင့်အတူ ပါခဲ့သည်ကိုမူ နောင်မှ တွေးမိလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

# (၃)

## အမေ့သားများ

"အမေမြဲထမင်းဆိုင်"

ဆိုင်းဘုတ်တင်ထားခြင်းမရှိဘဲနှင့် သည်နာမည်ကို 'အင်းရွာ' မှာ လူတိုင်းသိကြလေသည်။

အင်းရွာ ဆိုသည်မှာ ကသာခရိုင် ကသာအောက်ဘက်ရှိ ဧရာဝတီမြစ်ရိုးသင်္ဘောဆိပ်ရွာကလေးဖြစ်၏။ ကသာမှ သင်္ဘောစုန်လျှင် ၃ နာရီခန့် ကြာသည်။ ကသာမှ နံနက် ၇ နာရီတွင် ထွက်လာသော သင်္ဘောများ အင်းရွာရောက်တော့ ၁၀ နာရီ။ သည်အချိန်သည် ခရီးသည်များ ထမင်းဆာသောအချိန်ဖြစ်၏။ မဆာလျှင်လည်း ထမင်းထုပ်တော့ ဆင်းဝယ်ရသည်။ ဘာ့ကြောင့်ဆို နောက်ဆိုက်မည့်ဆိပ်ကမ်း 'ထီးချိုင့်' က အတော်ဝေးသေး၍ဖြစ်၏။ နောက်တစ်ခုမှာ ဤအင်းရွာဆိပ်ကမ်းမှ ထမင်းဟင်းနာမည်ကြီးသည်။ အထူးသဖြင့် 'အမေမြဲထမင်းဆိုင်'။

အင်းရွာသည် ရှေးရှေးကတည်းက စတီးဘရားသားသစ်ဆိပ်ဖြစ်၏။ ဧရာဝတီအနောက်ဘက်ခြမ်းမှထွက်သော ကျွန်းသစ်နှင့် သစ်မာအားလုံးနီးပါး ဤအင်းရွာသစ်ဆိပ်သို့ သယ်ကြသည်။ ရှေးက ဆင်ကြီးများနှင့် ဤသစ်ဆိပ်မှာ သစ်လုံးချနေပုံသည် ခမ်းနားသောပန်းချီကားတစ်ချပ်တည်း။

ယခုခေတ်မှာ ဆင်တွေမရှိတော့ဟု မဆိုနိုင်စေကာမူ ဆင်ကို တစ်ကောင်စနှစ်ကောင်စသာ မြင်ရသည်။ ဂျီအမ်စီ ခေါ် သစ်တိုက်ကားကြီးတွေ စက်သံတကျိုကျိုဖြင့် သစ်ချနေကြသည်မှာ တစ်နေကုန်တစ်နေခန်းဖြစ်သည်။ မြစ်ရိုးထဲမှာက ဖွဲ့နေဆဲသစ်ဖောင်များ။ သူတို့က ကိုယ့်အထိမ်းအမှတ်နှင့်ကိုယ် အလံတွေလွှင့်ထူထားသည်။ သစ်ကုန်သည်ကြီးများသည် ဖောင်ဖွဲ့ပြီးသည်နှင့် သက်ဆိုင်ရာ



'မျှောစာ' များ ရယူပြီး ဖောင်များကို မန္တလေးသို့ စုန်ကြ၏။ တချို့က ဖောင်ဆွဲမော်တော်များ ငှားနိုင်သည်။ ဦးတုတ်လိုသူဌေးက မော်တော်ပိုင်ရှိသည်။ ကုန်သည်အလတ်စားလေးများကတော့ ရေစီးနှင့်ပဲ မျှောကြ၏။ တစ်နေ့နေ့တော့ မန္တလေးရောက်တာပဲ။ လေ့ကလေးတွေပဲ တွဲချည်ထားကြလေသည်။

သည် သစ်လုပ်သမားအများစုက ကိုယ့်ထမင်းကိုယ်ချက်စားကြသော်လည်း ဟင်းကိုမူ အမေမြဲဆိုင်မှာ ဝယ်ကြသည်။ အမေမြဲ ငါးခြောက်ဖုတ်သည်ချိုပြီး မွှေးနေဆဲ။ အမေမြဲ ငါးရံ့ဟင်းသည် ဘယ်တော့မဆို လတ်ဆတ်မြဲ။ အမေမြဲ ဆတ်သားခြောက်နှင့် အာလူးဟင်းက ရေနည်းနည်းကြီးပေမင့် ဆတ်သားမခံသည်။ အမဲသားကို ဆတ်သားဟု လိမ်မရောင်း။ အမေမြဲဆိုင်မှာ အမဲသားဟင်းမရ။ အမေမြဲ အမဲသားမချက်တာက မင်းကြီးမင်းလေးကိုးကွယ်၍မဟုတ်။ နွားဆိုတာ လယ်သမားတွေရဲ့ ကျေးဇူးရှင်ဆိုပြီး နွားကိုလေးစားတာဟု အမေမြဲပြောလေ့ရှိ၏။ တကယ်တော့လည်း အမေမြဲက ယခုမှသာ ထမင်းဆိုင်ရောင်းနေသော်ငြား အမေမြဲမိဘများက ရွှေဘိုဘက်မှ လယ်သမားကြီးများဖြစ်လေသည်။

"အမေ့ဘိုးဘွားတွေက အလောင်းမင်းတရားကြီးရဲ့ ကျေးတော်မျိုးတွေပဲ။ ဓားခုတ်လှံထိုးလည်း တော်ကြသတဲ့ကွယ့်။ အမေက မင်းတို့အဖေ မြတောင်သားနဲ့ အကြောင်းပါလို့ ဒီကို လွင့်ကျလာတာ။ မင်းတို့အဖေက သစ်မှ သစ်။ သစ်ကို ချစ်တာများ သစ်တိုသစ်စဆိုရင် မီးခြစ်ဆံကအစ သိမ်းတာကလား။ သစ်ဆိုတာ မြန်မာနိုင်ငံရဲ့ ရွှေချောင်းတွေတဲ့"

ထမင်းဆိုင် လူရှင်းပြီ၊ ဧရာဝတီမြစ်ယံမှာ လသာပြီဆိုလျှင် အမေသည် သူ့ဟောင်းနှောင်းဖြစ်များ ပြောချင်မြဲဖြစ်သည်။ သည်အကြောင်းများထဲတွင် 'မင်းတို့အဖေ' ဆိုတာက မပါမဖြစ် ထင်ပါရဲ့။

"မင်းတို့အဖေက အင်းရွာသစ်ဆိပ်မှာ သစ်အုပ်ခေါ်တာပေါ့။ သစ်ဖောင်တွေထဲမှာ တံဆိပ်ရိုက်မထားတဲ့ သစ်ပါမပါ စစ်ရတာ။ ဒီတော့ သိပ်မျက်နှာပွင့်သပေါ့။ ဆတ်သားဆိုတာ အစိုအခြောက် မပြတ်ဘူး"

အမေက အရင်က မင်းမှုထမ်းဘဝကို လွမ်းပုံရ၏။

ထမင်းဆိုင်ရောင်းသည်ဆိုသည်မှာလည်း လောလောဆယ် ဝမ်းစာဖြစ်၏။ အမေ့မှာ အဖေ့လက်ထက်ပွား အတွင်းပစ္စည်းတွေ ရှိသည်။ သားတွေချည်း ၄ ယောက် မွေးထားသဖြင့် သမီးမိန်းကလေးကို ဆွဲကြိုး လက်ကောက် ဆင်မပေး၍ အမေ့မှာ ကြုံဆစ်လက်ကောက်အကျွင်း ဘယ်လောက်ရှိကြောင်း ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မခန့်မှန်းတတ်ကြပေ။

သားတွေကို ငါးမူးသားခြောင်လက်စွပ်များ တစ်ကွင်းစီ ဆင်ထားတာက လွဲပြီး အမေကိုယ်တိုင် ဘာမှထုတ်မဝတ်ပေ။ နားက ပုလဲနားကပ်ကြီးကိုတော့ အမေနှစ်သက်ပုံရသည်။ သည်နားကပ်ကို ဘယ်တော့မှမချွတ်။ ခန်းဝင်ပစ္စည်းဟု တစ်ခါတလေ ပြောပြဖူးသည်။

"ဟဲ့ ... သားကြီး။ ငါ့မြေး နေကောင်းရဲ့လား"

သစ်ဆိပ်မှာ အလုပ်သမားခေါင်းလုပ်သော ကိုအောင်ကြီးက အမေ့သား အကြီးဆုံး။ သူ့အဖေလက်ငုတ် သစ်အလုပ်ကို ဝါသနာပါသည်။ ၇ တန်းအောင် ပြီးကတည်းက သူ့အဖေနှင့်အတူ တောတက်သည်။ သစ်စစ်သည်။ အဖေမဆုံး ခင်မှာပင် ကုန်သည်ဦးတိုးထံတွင် အလုပ်သမားခေါင်းအလုပ်ကို အဖေက အပ်ခဲ့ ခြင်းဖြစ်၏။ အိမ်ထောင်ကျပြီး ခုဆို သူ့သားလေးပင် ရွာကျောင်းမှာ ငါးတန်းတက် နေပြီ။ သူ့ဇနီးက မူလတန်းဆရာမ။ အလိမ္မာချွေးမမို့ အမေမြဲစိတ်မပူရ။ ကိုအောင်ကြီးကို နေ့လယ်တိုင် ထမင်းလာစားမှ ကြိုက်သည်။ အပြန့်ဝင်ပြီး မြေးလေးအတွက် ဟင်းတစ်ခုခုပေးရမှ ကျေနပ်သည်။ ဒါ အဘွားပီသသူ အမေ ပေါ့။

ကိုအောင်ကြီးအောက် ဒုတိယသား ကိုအောင်လတ်ကတော့ ရွာက သမဝါယမအသင်းမှာ အေးအေးဆေးဆေး စာရေးလုပ်သည်။ သူ့ကိုလည်း အမေ ကပင် ရွာထဲက ကွမ်းတောင်ကိုင် မယ်ထွေးနှင့် အိမ်ထောင်ချပေးခဲ့၏။ မယ်ထွေး က စက်ချုပ်တတ်သည်။ ကိုင်းထဲက ကိုင်းသမားတွေကို အထည်ရောင်းသည်။ သူတို့အတွက်လည်း ဘာမျှစိုးရိမ်ရန်မရှိ။

တတိယသား ကိုအောင်ပိုင်။

သူ့အတွက် အမေ အမြဲပူပင်နေရသည်။

ကသာမှာ အထက်တန်းကျောင်းတက်ဖို့ ပို့ပြီးကတည်းက သူတစ်မျိုးဖြစ် လာသည်။ နိုင်ငံရေးစာအုပ်တွေ ဖတ်သည်။ နိုင်ငံရေးတရားပွဲတွေ သွားသည်။ လယ်ယာမြေကိစ္စတဲ့။ နိုင်ငံတော်သစ်များ ပြည်သူပိုင်လုပ်ရေးတဲ့။ ဓနရှင်ကုန်သည် များ အမြစ်ပြတ်ချေမှုန်းရေးတဲ့။

သူ့အတွက်ပဲ အမေ အမြဲစိတ်ပူနေရသည်။

ရွာမှာက ကွန်မြူနစ်ရန် ရှိသည်။ တောထဲမှာ လက်နက်ကိုင်တချို့ သွား လာနေကြောင်း သစ်တောဌာနက တောခေါင်းကြီးက သတင်းပေးဖူးသည်။





ကွန်မြူနစ်ဆိုတာ ဘယ်လိုလူလဲ။ အမေ မသိချင်ပါ။

လက်နက်ကိုင်နေတယ်ဆိုတာတော့ အမေ ကြောက်သည်။ အမေတို့ ဘစ်ခေတ်လုံး လက်နက်ဆို၍ သစ်ဆိပ်ကို တစ်လ တစ်ခါ လာစစ်လေ့ရှိသော နယ်ပိုင်ကြီးခါးမှ ခြောက်လုံးပြူးသာ မြင်ဖူးသည်။ တောထဲမှာ ချေ၊ ဆတ် ပစ် သွားကြသူများက 'တူမီး' သေနတ်လေးတွေ ကိုင်ကြတာပါ။

အခု လက်နက်ကိုင်သောင်းကျန်းသူဆိုသော ထိုကွန်မြူနစ်ဆိုသူများကို အမေ မစဉ်းစားရဲ။ ရွာထဲကို ကွန်မြူနစ်တွေ ဝင်မလို သတင်းဖြစ်တိုင်း အမေ့ ရှိစုမဲ့စုရွှေတွေကို စဥ့်အိုးထဲ ထည့်ပြီး ဘုရားစင်အောက်က တိုင်ခြေမှာ မြှုပ် ရသည်။

ဒီလို အန္တရာယ်ကြီးသော ကွန်မြူနစ်တွေကိုမှ သားတတိယကောင် အောင်ပိုင်က 'သူ့ရဲကောင်းတွေ' တဲ့။ ဘုရား... ဘုရား... နင့်ကို မြို့ပို့ပြီး ကျောင်းထားတာ ဒီလိုသူပုန်စိတ်တွေ ရဖို့မဟုတ်ဘူးဟု ဆူလျှင်တော့ အောင်ပိုင် က ဘာမျှပြန်မပြောဘဲ ပြုံးနေတတ်သည်။

အောင်ပိုင်အတွက် စိတ်ပူရသမျှ အငယ်ဆုံး ကိုအောင်နိုင်လေးက လိမ္မာ သည်။ ရွာမှာ အလယ်တန်းအောင်တော့ သူ့အစ်ကိုနောက် မြို့ကို ပို့ခဲ့၏။ အောင်နိုင်လေးက အမြဲပြုံးနေတတ်သည်။ စာပဲ ကြိုးစားသည်။ နွေရောက်လျှင် ရွာဘုန်းကြီးကျောင်းမှာ သင်္ကန်းဆီးမြဲ။ ဘုန်းကြီးအချစ်တော်ပေါ့။

အောင်ပိုင် ဆယ်တန်းရောက်တော့ ပထမနှစ်ကျသည်။ ကျပေမပေါ့။ နိုင်ငံရေးစာအုပ်တွေပဲ ဖတ်နေတာကိုးဟု အမေမဆူချင်ဘဲ ဆူရသည်။ သားနဲ့ အတူ စာကျက်ပြီး ကိုကို့လို အောင်အောင်လုပ်မယ်ဟု အောင်နိုင်လေးက အာမ ခံသည်။ အောင်နိုင်လေး ဆယ်တန်းမှာ သူ့အစ်ကိုနှင့် အတန်းတူသွားလို့လား မသိ။ ထိုနှစ်မှာ ညီအစ်ကိုနှစ်ယောက်လုံး ဆယ်တန်းအောင်သွားကြသည်။ ရွာ ထဲမှာ အမေမြဲ သတင်းကျော်သွား၏။ သားတွေကို အထိန်းတော်သူဟု။

ညီအစ်ကိုနှစ်ယောက်လုံးတစ်ပြိုင်နက် မန္တလေးတက္ကသိုလ်တက်ကြမည် ဆိုတော့ အကြီးဆုံးက တားသေးသည်။ ဟိုကောင် အောင်ပိုင်ကို တက္ကသိုလ်ပို့ လျှင် မြင်းကို ချိုတပ်သလိုဖြစ်မည်တဲ့။ အမေက ရယ်နေခဲ့၏။ မြင်းဆိုတာ ချို ပါမှ ပိုကောင်းတာပေါ့။

အမေ့ထမင်းဆိုင်ကအမြတ်နှင့်တော့ သားနှစ်ယောက်ကို တစ်ပြိုင်တည်း တက္ကသိုလ်ပို့ဖို့ ဘယ်တတ်နိုင်ပါ့မလဲ။ အမေသည် တပေါင်းလရောက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသွားပြီး ကြံဆစ်လက်ကောက်များကို ထုခွဲလေသည်။ ကဆုန်လရောက်တော့ သားနှစ်ယောက် ကောလိပ်ကျောင်းသားကြီးတွေအတွက် အဝတ်သစ်၊ စာအုပ်သစ်များအပြင် လက်ပတ်နာရီအသစ် ပြီးတော့ သူတို့အိတ်ကပ်ထဲ အကြွေမပြတ်ဖို့ အမေက ခပ်အေးအေးအမူအရာဖြင့် ထည့်ပေးနိုင်ခဲ့သည်ချည်း။

မန္တလေးတက္ကသိုလ်မှာ ညီအစ်ကိုနှစ်ယောက်လုံး စာမေးပွဲအောင်ကြသည်။ ကိုအောင်ပိုင်က အရင်လို နိုင်ငံရေးစကားတွေ သိပ်မပြော။ စာအုပ်တစ်အုပ်နှင့် ချောင်ကုပ်နေတတ်သည်။ မျက်နှာက တစ်စုံတစ်ရာကို မကျေနပ်သလို မှုန်နေမြဲ။

ကိုအောင်နိုင်ကတော့ အမေ့နားကပ်သည်။ အခံ့ဆိုင်မှာ ကူပြီးရောင်းပေးသည်။ ထမင်းစားလာကြသူများကို ဧည့်ခံသည်။ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေမို့ အမေ့မြေသားအားလုံးထဲမှာ ကိုအောင်နိုင်ကို လူချစ်လူခင်အများဆုံး။ တလောတုန်းကပင် ကုန်သည်ကြီးဦးတိုးဇနီး ရွာထဲမှာတော့ ပွဲကတော်ဟု ခေါ်ကြသော ဒေါ်ခင်ရီက စကားရောဖောရောနှင့် ကိုအောင်နိုင်ကို သူ့သမီးနဲ့ စေ့စပ်ဖို့ ပြောနေသေးသည်။ အမေက ဘာမျှမပြော။ အားနာစရာကြီး ဟုတ်လား။ ကိုအောင်နိုင်က ပိုပြီးအားနာတတ်သည်။ ရယ်၍ပဲ နေသည်။ ထိုပွဲကတော်ကြီးသမီးဆိုတာက ရွာကျောင်းက အလယ်တန်းပဲ အောင်သည်။ ရုပ်ကလေးက အချော။ မျက်နှာလေး ဝိုင်းဝိုင်း။ မျက်တောင်လေးကော့ကော့နှင့်။ ကိုအောင်နိုင် ငြင်းစရာဘာရှိလဲ။

အဲ. . . ။

သည်နှစ် ကျောင်းကအပြန်မှာတော့ . . .

ကျောင်းဆိုတာ မန္တလေးတက္ကသိုလ်မဟုတ်တော့ပေ။

၁၉၅၈ မှာ မန္တလေးတက္ကသိုလ်က ရန်ကုန်တက္ကသိုလ်လက်အောက်ခံဘဝမှ ခွဲပြီး သီးခြားတက္ကသိုလ်ဖြစ်သည်။

ဒါကို ရန်ကုန်တက္ကသိုလ်ထွက်ပဲ ဖြစ်ချင်တယ်ဆိုပြီး ကျောင်းသားအများအပြား ရန်ကုန်ပြောင်းကြ၏။ သည်အထဲမှာ ကိုအောင်ပိုင်နှင့် ကိုအောင်နိုင်လည်း ပါသည်။ ကိုအောင်နိုင်က သိပ္ပံဥပစာမှာ အမှတ်မီသဖြင့် အင်ဂျင်နီယာဘွဲ့အတွက် ဆက်တက်ရမည်။ ကိုအောင်ပိုင်ကမူ ဥပစာဝိဇ္ဇာမို့ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာ(က) ဆက်တက်ရမည်။ ထိုဝိဇ္ဇာ (က) ထက် အရေးကြီးသည်မှာ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားသမဂ္ဂကြီးရှိနေခြင်း။ ကိုအောင်ပိုင်အဖို့ ရေငတ်တုန်း ရေတွင်းထဲ ကျသွားခဲ့ပြီ။

ကိုအောင်ပိုင်က မန္တလေးဆောင်မှာ အမြဲမရှိ။ တကသအဆောက်အအုံ





သည် သူ့အဆောင်။ ပြဿနာစာအုပ်များအစား နိုင်ငံရေးဖတ်စာများသည် သူ့စာမေးပွဲအတွက် အဓိက။

ကိုအောင်နိုင်ကတော့ . . .

ပြည်လမ်းက အင်ဂျင်နီယာမဟာဌာနမှာ . . .

လိမ္မာ၍ကြိုးစားသော အင်ဂျင်နီယာလောင်း . . .

*

"ဘယ်လိုလဲ။ နှင်းခိုင်လွင်ဆိုတာ . . ."

အဆောင်ပြန်ရောက်ရောက်ချင်း သိုက်ထွန်းက ဆိုသည်။

စိုးပိုင်က မျက်နှာပေါ်က မျက်မှန်ကို ပင့်တင်ရင်း . . .

"တောသူရှိုးအအလေးပါဗျာ"

"အဲလို . . . မပြောနဲ့ဦး"

ကမန်းကတန်း လက်ကာသူက ကိုအောင်နိုင်။

မနက်က သူမြင်ခဲ့ရသော ကောင်မလေး။

အသားညိုညက်ညက်။ အရပ်အမောင်း သာမန်။ ကိုယ်လုံးကိုယ်ပေါက်တစ်တစ်ရစ်ရစ်။ ဒါတွေ ဘာမှမထူးခြား။

ထူးခြားပုံက သူ ရယ်နေပုံပါ။

ထိန်းရသိမ်းရကောင်းမှန်း မသိ။

ရှက်ရွံ့ရကောင်းမှန်းမသိ။

ပကတိရိုးစင်းသော လူသားတစ်ဦး။

သည်လိုရယ်ပုံမျိုး ကိုအောင်နိုင် တစ်ခါမှမမြင်ဖူးခဲ့။ ဥပမာ ရွာက ကောင်မလေးတွေ ရေခပ်ဆင်းလျှင် ခွက်ထိုးခွက်လန် ရယ်တတ်ကြ၏။ ချစ်စရာကောင်းသည်မှမရှိ။ ပြီးတော့ ပွဲကတော်ကြီးသမီး။ သူ့ကိုတွေ့တိုင်း ပြုံးပြပုံက မြူသလိုလို၊ မရိုးမသား။

မနက်က နှင်းခိုင်လွင်ရယ်ပုံကတော့ . . .

ကိုအောင်နိုင် ကြည့်၍မဝခဲ့။

အပြစ်ကင်းစင်သော လခြမ်းလေးကို မြင်ရသလိုပါပဲ။

လပြည့်ဝန်းကြီးလို ထည်ဝါခြင်းမရှိ။

မည်းမှောင်သောတိမ်လွှာလို အားငယ်စရာမကောင်း။



www.burmeseclassic.com

www.burmeseclassic.com



လခြမ်းလေးမှ လခြမ်းလေးပါ။

ရှိသမျှအင်အားနှင့် အရှိအတိုင်း ဖွင့်လှစ်ပြသော အလှတစ်ပါး။

"ဒီလိုဗျ၊ ရိုးတယ်ဆိုတာ ဂုဏ်တစ်ခုပဲ"

ကိုအောင်နိုင်က စ၍အဆိုတင်သည်။

"ရိုးလွန်းတော့ အ တာပေါ့ဗျာ"

စိုးပိုင်က ကိုအောင်နိုင်ကို တမင်ဆန့်ကျင်ပြီး ပုတ်ချ၏။

"ဘာပဲဖြစ်ဖြစ် ကျုပ်တော့ နှင်းခိုင်လွင်ကို တွေ့အောင်ရှာမယ်"

သိုက်ထွန်းက လက်သီးကို ခုံပေါ်ထုရင်း အော်သည်။

"ဘာလုပ်ချင်လို့တုံး"

အထိတ်တလန့်ဖြစ်သွားသူက ကိုအောင်နိုင်။

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

သိုက်ထွန်းက ကိုအောင်နိုင့်ကို ဘုကြည့်ကြည့်၏။

"ခင်ဗျားက နှင်းခိုင်လွင်ကိုတွေ့ရင် ဘာလုပ်မလို့လဲ"

"ကျုပ်ဟာကျုပ် ဘာလုပ်လုပ်ဗျာ"

"မဟုတ်သေးဘူးလေ"

"ဟုတ်ပါတယ်။ ဒီမှာ ကျုပ်ပုဆိုးကို သူ့ထီးနဲ့ ချိတ်ဆွဲတာ။ အဲဒါ အတိတ်နိမိတ်ဗျ"

"မတော်တာဆပါဗျာ"

"နေပါဦး။ ခင်ဗျား ဘာမနာလိုဖြစ်နေတာလဲ"

"ဟင်... ကျွန်တော်က မနာလိုဖြစ်နေတယ်လား"

ကိုအောင်နိုင် ငြိမ်သွားသည်။

သည်နှင်းခိုင်လွင် ဆိုသော ညှိုညက်ညက် ပြုံးရယ်ရွှင်ပျသည့် ဖရက်ရှာ တောင်မလေးကို သိုက်ထွန်းနှင့် ခင်သွားမှာ သူ တကယ်ပဲ မနာလိုဖြစ်နေပြီလား။

ကိုအောင်နိုင် မနာလိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမယ့် ...

သိုက်ထွန်းကို စိုးရိမ်သည်။

သိုက်ထွန်းက မုံရွာသား အညာသားဆိုသော်လည်း ရိုးရိုးအအ မဟုတ်။ လူလည်။ ပြီးတော့ ကျောင်းမှာ ဘယ်ကောင်မလေးကိုမှ ပိုး၍မရသေးသဖြင့် မခံမရပ်နိုင်ဖြစ်နေသူ။





ရိုးသားဖြူစင်သော လခြမ်းလေးကို သိုက်ထွန်းဆိုသော တိမ်မည်းကြီး ခုံးအုပ်သွားမှာကိုတော့ ကိုအောင်နိုင် စိုးရိမ်မိသည်။

"ရတနာမှာ သွားရှာရမယ်။ ဖရက်ရှာတွေက ရတနာမှာချည်းပဲတဲ့"

သိုက်ထွန်းက မျက်လုံးကိုပြူးပြီး အတည်ပြု၏။

"ကျွန်တော်ပါ လိုက်မယ်"

ရုတ်တရက်ပြောလိုက်သော ကိုအောင်နိုင့်အသံကြောင့် သိုက်ထွန်းနှင့် စိုးပိုင်က ပြိုင်တူရယ်လိုက်ကြလေသည်။

"ဪ ... ညီမလေးရယ် စိုးရိမ်မိတယ်"

တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုခေါင်းစဉ်းကို စိုးပိုင်က ဖတ်လိုက် ကိုမြင့်သူ၏ လေသံဖြင့် ရေရွတ်သည်။

ကိုအောင်နိုင် နည်းနည်းရှက်သွား၏။

စိုးပိုင်ကို မကြည့်ဘဲ ပြောသည်။

"မင်းကလည်းကွာ"

❒



www.burmeseclassic.com

www.burmeseclassic.com

# (၄)
# ဝါးခယ်မအုပ်စု

သဘော်။ ဥသြဆွဲနေပြီ။

ရောဝတီဟု အရပ်ခေါ် ခေါ်ကြသော 'ဗန္ဓက' သဘော်ကြီးဦးခန်းမှာ။

ဦးမြင့်သန်းက အဝေးသို့ငေးနေရာမှ သဘော်ဦးခန်းကို ပြန်ကြည့်လိုက်၏။

လှုပ်လှုပ်ရွရွ ကျောင်းသား၊ ကျောင်းသူများ။

သူတို့အားလုံး တက်ကြွနေကြ၏။ လန်းလတ်နေကြ၏။

ယောကျ်ားလေးတွေက ၆ ယောက်လောက်ရှိသည်။ မိန်းကလေးတွေက ၅ ယောက် ထင်ပါရဲ့။

သည်အထဲမှာ ကိုယ့်သမီးက အတက်ကြွဆုံး။

ကြည့်လေ။ ခင်စန်းမြင့်ကိုမြင်ရတာ ဘယ်တုန်းကနှင့်မှ မတူ။

ခင်စန်းမြင့်တက်ကြွပုံက ပေါ်လွင်လွန်းနေသည်။

သြော်... သူ့ခမျာ အခုမှ လိုအင်ဆန္ဒ ပြည့်ရှာပေသကိုး။

ဝါးခယ်မတစ်ကြောမှာ ရှေ့နေကြီးဦးမြင့်သန်းဆို မသိသူမရှိ။ သို့သော် ဦးမြင့်သန်း မချမ်းသာပေ။ ဝါးခယ်မလို မြို့လေးမှာ ရှေ့နေလုပ်စားရခြင်းမှာ ဆောင်ရွက်ခများများမရှိ။ အမှုကလည်း သိပ်ကြီးကြီးမှ မရှိဘဲ။ တားပြမှု၊ ခိုးမှု နည်းနည်းပါးပါး။ လူသတ်မှုက မရှိသလောက် ရှား၏။ အမွေမှု၊ ကြွေးရလိုမှုလေးတွေ ရှိသည်။ ဦးမြင့်သန်းက B.A, B.L မဟုတ်။ အမှုကြီးမကိုင်ရ။ သည်တော့ မကြွယ်ဝတာမဆန်း။

ကိုယ့်တုန်းက B.A လေးဖြစ်အောင် တက္ကသိုလ်မတက်ခဲ့ရသည်ကို





ဦးမြင့်သန်း ကြေကွဲသည်။ ထို့ကြောင့် သူ မွေးခဲ့သော သားသမီး ၅ ယောက်လုံးကို ရန်ကုန်တက္ကသိုလ်ပို့ဖြစ်အောင်ပို့မည်ဟု ကြွေးကြော်ခဲ့သည်။

သားအကြီး ခင်မောင်မြင့်က စပြီး ဗွေဖောက်၏။ ဆယ်တန်းကို ဘယ်လိုမှမအောင်။ အိမ်ထောင်ကျတော့ စာရေးလေးဘဝ။ သူ့ကို ဦးမြင့်သန်း အားမရချေ။ ဒုတိယသား တင်မောင်မြင့်ကျမှ လိမ္မာပြီး စာကြိုးစားသူ၊ ရည်မှန်းချက်ကြီးသူမို့ ဦးမြင့်သန်း စိတ်တိုင်းကျရွှေ့နေဖြစ်လာခဲ့သည်။ သူ လိမ္မာပေလို့ အလတ်ကောင် ဇင်မောင်မြင့်ကို အင်ဂျင်နီယာတန်း ပို့နိုင်ခဲ့၏။ စတုတ္ထသမီးကြီး ခင်စန်းမြင့်ကတော့ ကံဆိုးရှာသည်။ သူ ဆယ်တန်းအောင်တော့ ဇင်မောင်မြင့်နှင့် တစ်နှစ်တည်း။ သည်တော့ ယောကျ်ားလေးကို ဦးစားပေးပြီး တက္ကသိုလ်ပို့ရ၏။ ခင်စန်းမြင့်က ဝါးခယ်မတစ်ဖက်ကမ်းမှာ ဆရာမလေးသွားလုပ်ရရှာသည်။ ဆွဲခန့်ပေါ့။ အဲ... အဲသည် ဆွဲခန့်ဆိုတာကြီးကို ဦးမြင့်သန်း သဘောမကျချေ။ တကယ်တော့ တွေ့ကရာဆွဲပြီး ခန့်ခဲ့တာမှမဟုတ်တဲ။ သေသေချာချာ လျှောက်လွှာ တင်၊ အင်တာဗျူးထိုင်၊ ပြိုင်ဘက်တွေ အများကြီးကြားမှ အမှတ်ကောင်းသဖြင့် သည်မိဘဆရာအသင်းကခန့်သော ဆရာမဖြစ်ရခြင်းပါ။ ယာယီဆရာမခေါ်ချင်ခေါ်ပေါ့။ သင်တန်းမဆင်းရသေးသဖြင့် အမြဲခန့်ခံရသူမဟုတ်။ သည်လိုယာယီဆရာမအဖြစ် ခင်စန်းမြင့် ၃ နှစ်.လုပ်ရသည်။ အခုနှစ် ဇင်မောင်မြင့် နိုင်နယ်ရောက်မှ ခင်စန်းမြင့်က ပထမနှစ်တက်ဖို့ လုပ်ရရှာ၏။ အသက် ၃ နှစ်ကြီးသွားပြီ။

ဘာပဲဖြစ်ဖြစ် အခုတော့ သမီးကြီးက အသက်လည်းကြီး၊ ဆရာမလည်း ဆရာမမို့ ကျောင်းသူအုပ်စုမှာ အပျိုခေါင်းဖြစ်နေပေါ့ကိုး။

"မိန်းမတွေ ခြေရင်းဘက် ထိုင်။ ယောကျ်ားလေးတွေကို ခေါင်းရင်းမှာ ထား။ အစ်ကိုကျော်ခင် မြင့် ထီးကလေးလှမ်းလိုက်စမ်းပါ။ ဖေဖေ ... သမီးတို့ကို စိတ်ချနော်။ ဒေါ်ကြီးမိုး ချက်ကျွေးတာ သည်းခံစားပါ ဖေဖေရယ်။ သမီးကြီး ကျောင်းပိတ်လို့ပြန်လာမှ ဖေဖေ့ကို ငါးသလောက် ပေါင်းပေးပါ့မယ်"

ခင်စန်းမြင့်သည် တစ်မိုးလုံး ဖျောက်ဆိပ်။

သဘော်ဦးခန်းတစ်ခုလုံး သူ့အသံချည်း။

ဦးမြင့်သန်းက ခေါင်းညိတ်ရင်း ကြည့်နူးနေရသည်။ သြော်... သည်သမီး ခင်စန်းမြင့်ပြီးလျှင် အထွေးလေး ခင်နန်းမြင့်နှင့် နှိုသာကောင် မောင်မောင်မြင့်တို့အလှည့် ရှိသေးသည်။ ဦးမြင့်သန်း တုတ်ကောက်ကို အားယူထောက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော... ဆရာကြီး သမီးလိုက်ပို့တာလား"

မုန့်ထုပ်တွေ မနိုင်မနင်းနှင့် ဒေါ်သူဇာ။

သဘော်ာညြဆဲ့နေသဖြင့် ကတိုက်ကရိုက်အမူအရာနှင့်။

"အေးဗျ"

ဒေါ်သူဇာက သူ၏ 'အေးဗျ' ကို နားမထောင်အား။ သူ့သမီး မိငွေးဆီ အပြေးတစ်ပိုင်းသွားသည်။ သူ့ခမျာလည်း အလုပ်များရှာမည်။ ဝါးခယ်မမှာ နာမည်ကြီးသော 'သစ္စာ' ဆေးပေါ့လိပ်ခုံပိုင်ရှင်ပဲ။ သူ့အလုပ်သမားတွေနှင့် မအားမလပ်နိုင်။ သမီးဖြစ်သူ ကောလိပ်တက်ဖို့ ငွေအထုပ်လိုက်သာ ထုတ်ပေးနိုင်သည်။ စောင်၊ ခြင်ထောင်ကအစ ဖိနပ်၊ လက်သည်းညှပ်အဆုံး ဝယ်ပေးဖို့ ချွေးမကို လွှဲထားခဲ့ရ၏။ သဘော်ာထွက်ခါနီးမှ သမီးစိတ်ကောက်မည်စိုး၍ မုန့်ထုပ်တွေနှင့် လာနှုတ်ဆက်ရလေသည်။

"ငွေးငွေး... စိန်လက်စွပ်ကို အိမ်မှာလို ရေချိုးခန်းထဲ ချွတ်မထားနဲ့ ကြားလား"

ဒေါ်သူဇာက သူ့သမီးကို အတွင်းကြိတ်မှာ၏။ ငွေးငွေးက မျက်နှာကို ရှုတည်တည်လုပ်ပြီး...

"မေကြီးကလည်း ...။ သူ့စိန်လက်စွပ်လေးများ ဖြစ်နေလိုက်တာ။ စိတ်မချရင် ချွတ်ယူထားလိုက်"

"အမလေး... မချွတ်ပါဘူးတော်။ မယ်မင်းကြီးမ စိတ်တော့မကောက်ပါနဲ့။ အဲဒါပဲ ကြည့် ... ခင်စန်းမြင့်ရေ။ နင့်ညီမကို ဆုံးမနော်။ အိမ်မှာ အငယ်ဆုံးဆိုပြီး မပြောရက် မဆိုရက် ဖူးဖူးမှုတ်ထားတာ။ ခုတော့ သူ ထင်တာ ကြဲတော့တာပဲ"

"ဟုတ်ကဲ့ ဒေါ်လေး။ မြင့် သူ့ကို အမြဲကြည့်ပါ့မယ်။ မပူပါနဲ့"

ခင်စန်းမြင့်အပြော ငွေးငွေးက လျှာထုတ်ပြလေသည်။

"ကြည့်စမ်း... ပြောလေ ကဲလေ။ ကောလိပ်ကျောင်းသူကြီးဆိုတာ အဲသလို ကလေးမဆန်ရဘူးဟဲ့"

ပြောရင်းဆိုရင်း ခင်စန်းမြင့်လက်ခေါက်က ငွေးငွေး ခေါင်းပေါ်ရောက်သည်။ ငွေးငွေး မျက်ရည်ဝိုင်းသွားပြီး ခပ်လှမ်းလှမ်းမှ မောင်သိန်းတန်ကို လှမ်းကြည့်၏။ မောင်သိန်းတန် ပြုံးပြသည်။ ချစ်သူ၏အပြုံးကို မြင်ရတော့လည်း ငွေးငွေး ကျေနပ်သွားသည်။ အမေကြီး ပြန်တော့လေဟု ချွဲလိုက်၏။





သဘော်ာလက်ရန်းမှာ မှီပြီး ငေးနေသောအထွေးကို ဒေါ်သူဇာ သတိပြု ...က်မိသည်။ အထွေးမျက်နှာက ဝိုင်းဝိုင်း၊ မျက်လုံးဝိုင်းဝိုင်းကြီးများက ရွှန်းစိုလို့ ...သော် သည့်မျက်လုံးတွေက ဝမ်းနည်းအားငယ်မှုများ ပြည့်နေလေသည်။

"ဟဲ့ ... မထွေးလေး။ ငွေးငွေးနဲ့ တစ်ဆောင်တည်း ကျမှာပါဟယ်။ ...အဘွား နေကောင်းရဲ့လား။ လူကြီးဆိုတော့ ဘယ်လိုက်ပို့နိုင်မလဲ"

အထွေးက ခေါင်းညိတ်ပြ၏။ ခေါင်းညိတ်လိုက်စဉ် မျက်ရည်ပေါက်ကြီး ...စ်ပေါက်က ပေါက်ခနဲ ပြေးဆင်းလာလေသည်။ အဘွားလည်း လိုက်မပို့နိုင်။ ...ိုင်ထွက်နေသော အစ်မကြီးလည်း လိုက်မပို့နိုင်။ ငွေးငွေးအမေ ဒေါ်သူဇာလို ...စန်းမြင့်အဖေ ဦးမြင့်သန်းလို အမေ၊ အဖေ ရှိချင်စမ်းပါဘိ။ အထွေးဘဝက ...ကတည်းက အမေ့ကိုလည်း မမြင်ဖူးခဲ့၊ အဖေ့ကိုလည်း မမြင်ဖူးခဲ့။ ဒုတိယ ...စ္စာစစ်ကြီးသည် အထွေးကို မိမဲ့ဖမဲ့ဘဝဖြင့် အဘွားလက်ထဲ ထားခဲ့ပေသည်။

အစ်မကြီးနှင့် အဘွား၏အားပေးမှုကြောင့် အများသူငါနှယ် တက္ကသိုလ် ...တ်ရတော့မည်ဆိုသည့်တိုင် အားငယ်စိတ်သည် ထွေးခနွှာကိုယ်ထဲ၊ သွေးကြော ...ထဲတွင် အခြေကျကာ အမြစ်တွယ်နေခဲ့ပြီးဖြစ်၏။

"ဟိုကျ သူငယ်ချင်းတွေ တိုင်တိုင်ပင်ပင် နေကြ။ ရည်းစားတွေ ဘာတွေ ...ထားနဲ့ ကြားလား"

ဒေါ်သူဇာပြောမှ အထွေး ရယ်ချင်သွားသည်။ လူကြီးတွေသည် ဤ '...ည်းစားမထားနဲ့' ဟူသောစကားကို ဘာ့ကြောင့်မဖြစ်မနေ ပြောနေကြလဲမသိ။ ...ည်းစားမထားနဲ့ဆို၍များ သူ့သမီး မိငွေးငွေး ရည်းစားထားဖြစ်ခဲ့သလား မပြော ...တ်။ မိငွေးငွေးသည် သူ့အမေရှေ့ကျတော့လည်း ပိရိလို့ပါလား။ မောင်သိန်းတန် ...ို လှမ်းကြည့်တော့ ဖေမောင်ကို လက်သီးပြနေတာ မြင်ရ၏။

ဖေမောင်ကလည်း တမှောင့်။

ကျောင်းမှာကတည်းက ဘယ်သူ့မှ အလွတ်မပေး။ သူ စာမပေးဖူးသော ...ာလေးမရှိတော့။ မရလည်း အရင်း၊ ရလည်း အမြတ်ဟု သဘောထားသည်။ ...သော့လည်း မျက်နှာမပျက်။ တဟဲဟဲနှင့် သူငယ်ချင်းလို့ပဲဆက်၍ခေါ်မည်နိုင် ...နေတတ်သည်။

သူက ယောက်ျားလေးအချင်းချင်းကျ ချောက်တွန်းရမှ။ အခုလည်း ကြည့် ...ငွေးအမေကြီးရှေ့မှာ သိန်းတန်ကို ငွေးငွေးနှင့်ပတ်သက်ကြောင်း တိုင်မည် ...တဲ့ လုပ်နေသည်။ မတိုင်မှန်းသိသော သိန်းတန်က ဖေမောင့်ကို လက်သီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြ၏။ ဒါလောက်ဆို ဖေမောင် ကျေနပ်ပြီ။ တစ်ယောက်ယောက်ကို ဒီလောက် နောင့်ယှက်ရလျှင် ဖေမောင် ပျော်ပြီ။ ဖေမောင် သနား၍ ခုက္ခမပေးသောသူ တစ်ယောက်ပဲ ရှိသည်။ သူက မိမြကြည်။ သင်းကိုတော့ ဘာကြောင့်မှန်းမသိ။ ဖေမောင် သနားသည်။ မိမြကြည်က အမိအဖ စုံလင်စွာနှင့်၊ အစ်မတွေနှင့် ငွေကြေးအလုံအလောက်နှင့်ပါပဲ။ ဒါပေမဲ့ သူ့ကိုမြင်တိုင်း သနားစဖွယ် ခံစားရမြဲ။ မိမြကြည်မျက်နှာသည် နောက်ပြောင်ရက်ဖွယ်မရှိဟု ဖေမောင် ထင်သည်။ မိမြကြည်ကို ရည်းစားစာလည်း မပေးဖူးပေ။ မိမြကြည်ကို သူ့နှမအရင်းအချာလို ချစ်သည်။ မိမြကြည်ကို ထိလို့ကတော့ ဖေမောင်က နေရာမရွေးပဲ။ အရင်ဘဝက 'ဒန်းစီးမောင်နှမ' များလားဟု သူ တွေးမိသေးသည်။ စာကြိုးစား၍ ခါးကိုင်းနေသော မိမြကြည်ကို ပါမောက္ခကြီးဖြစ်ပါစေဟု ဖေမောင် သဘောထားသည်။ တကယ်တော့လည်း သူတို့သည် ဝါးခယ်မတစ်ဖက်ကမ်း သော်ကရွာတစ်လျှောက်က လယ်တောများကို ပိုင်ဆိုင်သည့် အဘိုးအဘွားများလက်ထက်ကတည်းက လယ်ကန်သင်းရိုးပေါ်မှာ လိုက်တမ်းပြေးတမ်းကစားခဲ့ကြသူများပဲ။ ဖေမောင် ပုစွန်လုံးနှိုက်၍ရတိုင်း မိမြကြည်က ပလုံးလေးထဲ ထည့်လို့လေ။ ကန်သင်းရိုးမှာ မိမြကြည် ချော်လဲပြီး ခြေပွတ်တိုင်လည်သွားစဉ်က ဖေမောင်က ကုန်းပိုးပြီး အိမ်လိုက်ပို့ရ၏။ အဘိုးအဘွားတွေက အပြစ်မပြော။ ဖေမောင့်ကို ပခုံးဖက်ပြီး 'မြလေး ဒါ နင့်အစ်ကိုအရင်းပဲ' ဟု ပြောခဲ့သည်။ ဘဝရေစက်ဆိုတာ ဒါပဲဖြစ်မည်။ မြကြည်ကလည်း ဘယ်သူ့ကိုမဆို ကြောက်တတ်သော်လည်း ဖေမောင့်ကျ နိုင်စားသည်။ 'ဖေမောင် ငါ့ကို စာအုပ်ဝယ်ပေး'၊ 'ခဲတံချွန်ပေး'၊ 'ခွင့်တိုင်စာယူသွားပေး'... အရေးမှန်သမျှ ဖေမောင်သည် ခြေမြန်တော်။ ဒါကြောင့် ဘဝဟောင်းက ဒန်းစီးမောင်နှမဟု ဖေမောင် တွေးမိခြင်းဖြစ်လေသည်။

သဘော်ဥဩနှစ်ဆင့်ဆွဲပြီ။

ကမ်းက ခွာတော့မည်။

လိုက်ပို့သောလူကြီးများ ခပ်သွက်သွက်ဆင်းသွားကြသည်။ ကမ်းပေါ်မှ လက်တရမ်းရမ်းပြကြသည်။ ဩော်... စာမေးပွဲကျသော ရဲလွင်တစ်ယောက်လည်း ကမ်းပေါ်မှာ ကျန်ရစ်နေသားပဲ။ သူက အားကျဝမ်းနည်းကြေကွဲမဆုံး ရှိမည်။ ရှေ့နှစ်ပေါ့ကွာဟု အားတင်းထားပုံရသည်။

သဘော်သည် ဝါးခယ်မမြစ်ထဲ ခုတ်မောင်းနေ၏။

နေခြည်မျှင်မျှင်လေးက မြစ်ပြင်မှာ လင်းလက်လို့။





ညရီဆည်းဆာကား လွမ်းဖွယ်။

ထွေးက လက်ကိုင်ပဝါနှင့် မျက်ရည်သုတ်ဆဲ။

သိန်းတန်က ငွေးငွေးနား လာထိုင်သည်။

ခင်စန်းမြင့်က သိန်းတန်ကို မျက်စောင်းထိုးရင်း ငါ့မှာ တာဝန်ရှိတယ်ဟု ခပ်တည်တည် ဟောက်လိုက်သည်။

*

"ငါတို့အားလုံး ထီးတန်းပဲဟေ့"

"ကောင်းတယ်။ ဝိဇ္ဇာက စာကျက်ရင် အောင်တာပဲ"

"ဆရာဝန်လုပ်ဖို့ လုံးဝဝါသနာမပါဘူး"

"မမြင့်ကတော့ ဆရာမပဲ ပြန်လုပ်မှာ"

"ငွေးက လွယ်တဲ့ဟာပဲ ယူချင်တယ်"

"ထွေးကိုတော့ ဗုဒ္ဓကျမ်းစာယူရမယ်လို့ အဘွားက မှာလိုက်လို့"

တစ်ယောက် တစ်မျိုးပြောရင်း ကျောင်းဝင်ခွင့်လျှောက်လွှာတင်ရန် လာကြ၏။

သိပ္ပံအဆောက်အအုံကြီးက ခမ်းနားလှသည်။

ရေတမာပင်တွေ ဝိုင်းရံထားပုံက ဂန္ဓဝင်ဆန်နေသလိုလို။

မိုးရေစက်များကလည်း ရေတမာရွက်တွေကို ရေချိုးပေးနေသည်။ ရေချိုးပြီးခါစ အဓိပတိလမ်းကလည်း ခမ်းနားစွာ သန့်ပြန့်နေ၏။ လမ်းဘေးအနိမ့်ထဲမှာတော့ ခရမ်းရောင်ပွင့်လွှာများ ကကြိုးဆင်နေသည့် ကန်စွန်းပန်းများ။

"တက္ကသိုလ်အဓိပတိလမ်းကြီးကို တက္ကသိုလ်ဘုန်းနိုင်ရဲ့ ညီမလေးရယ် နှိုင်းမိတယ် ဖတ်ရကတည်းက ရောက်ချင်နေတာ"

ခင်စန်းမြင့်က ရင်ကိုချီပြီးပြောသည်။

"ဘာလဲ နင်က ဆရာကိုမြင့်သူကို တွေ့မယ်ထင်လို့လား"

ဖေမောင်က ရိုက်ချလေသည်။

"ကောင်စုတ် ... မတွေ့ဘူးလို့ နင်ပြောနိုင်လား"

ဖေမောင် တဟားဟားရယ်သည်။

ထွေးက စဉ်းစဉ်းစားစားနှင့် ...

"ဟုတ်တယ်။ ထွေးလည်း ဆရာ့ကို တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"...ဆေးရုံကိုမြင်ရင်လည်း ငါ့ကို လက်တို့ကြစမ်း"

ခင်စန်းမြင့်ပြောတော့ အားလုံးငြိမ်သွားသည်

...ဇာနည်နိုင်၏ 'ညီမလေးရယ် စိုးရိမ်မိတယ်' သည် ၁၉၅၉-၆၀။ ...တက္ကသိုလ်ရောက် ကျောင်းသူကျောင်းသားများအား ဖမ်းစားနိုင်လွန်းစွ။

ကားအပြောလေးတစ်စီး ဖြည်းဖြည်းချင်း ဖြတ်မောင်းသွား၏။ ကားမောင်းသူက လက်ပြသွားရာ သိန်းတန်က ပြန်၍လက်ပြလိုက်သည်။

"အဲဒါ ရှုမဝဦးကျော်သား"

"ဟယ်... ဟုတ်လား။ တားလိုက်ရောပေါ့"

ခင်စန်းမြင့်အပြောကြောင့် ဒွေးဒွေးက ရှက်စနိုးလက်ကုတ်သည်။

"မမြင့်ကြီးကလည်း ... ဘာတွေပြောမှန်းမသိဘူး"

"ဟဲ... ဒါမျိုးနဲ့ အသိဖြစ်ရ ကောင်းတာပေါ့။ ဟုတ်ဖူးလား မောင်သိန်းတန်"

"ဟုတ်ပါတယ်။ ကိုဆွေတင့်နဲ့ ကျွန်တော်နဲ့ အတန်းတူတယ်။ ဒီနှစ် အင်တာ (B) ပေါ့။ သူလည်း အို၊ ဘီ ယူတယ်လေ"

"နာမည်က ကိုဆွေတင့်တဲ့လား"

ခင်စန်းမြင့်လက်မောင်းကို ဒွေးဒွေးက လိမ်ဆွဲပြန်သည်။

"နေစမ်းပါ။ ကဲ ... ဒါနဲ့ သိန်းတန် ဆက်ပြောပါဦး"

"သူက ရှုမဝဦးကျော် သား။ အကြီးဆုံးသား။ သူ့ဒွေးလည်း သူ့ဒွေး ဆိုတော့ တက္ကသိုလ်တက်မယ့်နှစ်မှာ ကိုယ်တိုင်ကားမောင်းတက်နိုင်အောင် ခုနက ကားလေး ဝယ်ပေးတာတဲ့"

"အပြာလေးနော် ချစ်စရာလေး"

"လူကလည်း ချစ်စရာကောင်းပါတယ်၊ မွန်မွန်ရည်ရည်နဲ့။ အင်္ဂလိပ်စာ လည်း တော်တယ်ဗျ။ အင်္ဂလိပ်ကျူတိုရီယယ်လ်မှာ ကျွန်တော် သူ့ကို မေးရတာ"

"ဘယ်ကျောင်းထွက်တဲ့လဲ"

"အင်္ဂလိပ်မက်သဒစ်စ်လေ"

"ဒါ့ကြောင့်ကိုး"

အားလုံး တိတ်သွားကြ၏။

ဘယ်လိုပဲဖြစ်ဖြစ် နယ်က အစိုးရကျောင်းတွေမှာ တက်လာခဲ့ကြသူများ မှာ မစ်ရှင်ကျောင်းထွက်များလောက် အင်္ဂလိပ်စာမတော်တာ ဝန်ခံကြရပါမည်။



...အရေး၊ အဖတ်၊ အပြော အားလုံးမှာ အောင်မှတ်ရဖို့ ခဲယဉ်းပါဘိ။ တက္ကသိုလ် ...င်တန်းမှာ တစ်နေကြသူများထဲတွင် အများစုသည် အင်္ဂလိပ်စာကြောင့်ဖြစ်၏။ ...ပြဿနာစာများကပဲ မြင့်နေသလား။

"ဘွဲ့နှင်းသဘင်ခန်းမကြီးကို သေသေချာချာ ကြည့်။ ဟောင်းမနေဘူး ...လား"

မောင်သိန်းတန်က လမ်းလျှောက်ခြင်းကို ခြေစုံရပ်လိုက်ပြီးပြောသည်။

"အေး... ဟုတ်ပါရဲ့။ ရေညှိတွေတောင် တက်လို့"

"ဆေးသုတ်လိုက်ရင် ပိုလှသွားမှာပဲ"

"ဟုတ်ပြီ။ အဲဒါ သာမန်လူအမြင်။ အမှန်က တက္ကသိုလ်ဆိုတာ ဟောင်း ...လေ တန်ဖိုးရှိလေ။ ဟောင်းခြင်းသည် အိုမင်းရင့်ရော်ခြင်း။ အိုမင်းရင့်ရော်ခြင်း ...ဘာ ဝါကိုပြောတာ။ သက်တမ်းကို ပြတာ။ မနေ့တစ်နေ့ကမှ ပေါ်တဲ့ဟာ ...မဟုတ်ဘူး။ ဒါကြောင့် ဒီခန်းမကြီးကို အပြင်ဘက်မှာ ဆေးမသုတ်ရဘူး။ အတွင်း ...မှာတော့ သစ်သစ်လွင်လွင်ဖြစ်အောင် ပြုပြင်လို့ရတယ်"

တက္ကသိုလ်သက် တစ်နှစ်သာကြီးသော မောင်သိန်းတန်ရှင်းပြမှုကို ...ရောက်ရှာများက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ကြရ၏။ တကယ်တော့ ...မောင်သိန်းတန်ဆိုသည်မှာလည်း သာမန်ကျောင်းသားမဟုတ်။ အထက်တန်း ...ကျောင်းမှာကတည်းက ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ။ အခု ရန်ကုန်တက္ကသိုလ် ...ကျောင်းသားများသမဂ္ဂ (တကသ) မှာလည်း စည်းရုံးရေးမှူးဖြစ်၏။ အရာရာကို ...နိုင်ငံရေးအမြင်ဖြင့် ကြည့်သူ။

"နေပါဦး။ နာမည်ကျော်သစ်ပုပ်ပင်ကြီးဆိုတာ"

"ဟုတ်တာပေါ့။ ဟောဟိုဘက်က ညာဘက်မှာ တွေ့လား။ ဖြူဖြူ ...မြင့်ကြီးလေ"

"အေး... ဟုတ်ပါရဲ့။ သူက ထီးထီးမတ်မတ်ကြီး"

"ဘယ်သူနဲ့မှ မတူဘူး။ အသက်လည်း အကြီးဆုံး"

"ဘွဲ့နှင်းသဘင်ခန်းမနဲ့ ဘယ်သူ ကြီးလဲ"

"အဲဒါတော့ မပြောတတ်ဘူး။ သစ်ပင်ထဲမှာတော့ သူက အမြင့်ဆုံး၊ ...အကြီးဆုံး။ ပြီးတော့ ကျောင်းသားတွေအားလုံးက သူ့စကားကို နားထောင်ကြ ...တယ်"

"ဘယ်လိုစကားပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖော်ဝါရီဆန်းလောက်ပေါ့။ ဇန်နဝါရီအလယ်လောက်ကစပြီး သူက အရွက်ကြွေတယ်။ တခြား ဘယ်သူမှမကြွေဘူး။ အဲသလို သူ အရွက်ကြွေပြရင် တစ်ပင်လုံး အရိုးချည်းပဲကျန်ရင် အဲဒါ မင်းတို့ စာကျက်ကြတော့လို့ ပြောတာ။ မတ်လ စာမေးပွဲကြီးကို သတိပေးတာပေါ့"

လှျောက်လှာဌာနကို သူတို့ရောက်တော့ လူရှင်းနေပြီ။

ကျောင်းဆောင်ဌာနမှာလည်း တိုးတိုးဖွေ့ဖွေ့ မရှိတော့ချေ။

လှျောက်လွှာပုံစံဖြည့်၍ ငွေသွင်းပြီး ပြန်ထွက်လာစဉ်မှာတော့ ခင်စန်းမြင့်တို့အနား လူစိမ်းတစ်ယောက် ကပ်လာသည်။ လက်ထဲက စာရွက်ကို ကမ်းသည်။ 'D.S.O' ဟု ရေးထား၏။

မောင်သိန်းတန်က ငွေသွင်းကောင်တာမှ ပြန်မလာသေးသဖြင့် ခင်စန်းမြင့်က စာရွက်လေးကိုဖတ်ရင်း ဘာလုပ်ရမှန်းမသိချေ။ ဟန်မပျက် စာအုပ်ကြား ညှပ်ထားလိုက်၏။

အားလုံးပြီး၍ မာလာစားသောက်ဆိုင်တန်းဘက် လျှောက်တော့မှ ခင်စန်းမြင့်က စာရွက်ကို မောင်သိန်းတန်အား ကမ်းလိုက်သည်။ မောင်သိန်းတန်က စာရွက်ကို အသာလုံးချေလိုက်ပြီး ...

"အစိုးရဘက်က ကျောင်းသားအဖွဲ့" ဟု ဆိုသည်။

"ဟင်... ဒါဖြင့် နင်တို့ကကော"

"ကျွန်တော်တို့က ကျောင်းသားအားလုံးကိုယ်စားပဲလေ။ တပ်ဦးဆိုတာ တကယ့်ကျောင်းသားကိုယ်စားလှယ်"

"ငါတော့ သိပ်နားမလည်ဘူး"

"မမမြင့်ရာ ... မမမြင့်လည်း ဆရာမလုပ်လာတာပဲ။ တိုင်းပြည်မှာ အခြေခံလူတန်းစားသားသမီးတွေ ဘယ်လောက်ဆင်းရဲနေလဲ။ မြင်တယ်မဟုတ်လား။ နေရှင်ရေပေါ်ဆီတွေက စီးပွားရေးကို အစိုးရလက်ဝေခံလုပ်ပြီး တွင်ကျယ်နေရုံမကဘူး။ ဒီတက္ကသိုလ်ထဲမှာပါ အစိုးရကို သတင်းပေးဖို့ အစိုးရကောင်းကြောင်း ဝါဒဖြန့်ဖို့ သူတို့ဘက်က ကျောင်းသားတွေ ထည့်ထားတယ်"

"ဖမ်းတတ်သလားဟင်"

မျက်လုံးပြူးပြူးနှင့်ထွေးက ဝင်မေးသည်။

"ဒီလောက်မစိုးရိမ်ပါနဲ့။ ပါလီမန်ဒီမိုကရေစီစနစ်မှာ အပြိုင်အဆိုင် မဲဆွယ်ခွင့် ရှိပါတယ်။ အေး... ငါ အပြတ်ပြောထားမယ်။ စက်တင်ဘာထဲမှာ





တကာသရွေးကောက်ပွဲရှိတယ်။ အဲဒါ နင်တို့ဝိုင်းပြီးစည်းရုံးပေး။ တပ်ဦးကိုပဲ မဲပေးကြလို့"

ဒွေးဒွေးက မောင်သိန်းတန်ပြောသမျှ 'အင်း ... အင်း ...'နှင့် ထောက်ခံလေသည်။

"ဒါက ဝိဇ္ဇာခန်းမ။ ဂျပ်ဆင်ဟောလို့ ခေါ်တယ်။ နင်တို့ ပထမဝီအချိန်ဆိုရင် ဒီဘက်မှာ တက်ရလိမ့်မယ်။ အချိန်စာရင်းထွက်တော့ သေသေချာချာကြည့်။ တစ်ချိန်နဲ့ တစ်ချိန် ၁၀ မိနစ် ကွာထားတယ်။ အခန်းကူးဖို့၊ အဆောင်ကူးဖို့။ အထက်တန်းကျောင်းမှာတုန်းကလို ကျောင်းသားတွေက အခန်းထဲမှာ တစ်နေကုန်ထိုင်နေရတာ မဟုတ်ဘူး။ သက်ဆိုင်ရာဘာသာရပ်သင်တဲ့အခန်းကို ပြောင်းထိုင်ရတယ်။ အင်္ဂလိပ်စာဆိုရင် သိပ္ပံအဆောက်အအုံထဲမှာ။ S1 တို့၊ S3 တို့ တွေ့ပါလိမ့်မယ်။ မြန်မာစာလည်း အဲဒီမှာပဲ။ သမိုင်းကျ ပြေးပေတော့။ ဟိုးဘက်မှာ အဓိပတိ ဒေါက်တာလှမြင့်အိမ်နားမှာလေ။ Social Science လို့ ခေါ်တယ်။ အတိုကောက် S.S ပေါ့။ အဲဒီမှာ သင်လိမ့်မယ်"

"ဟဲ့ ... နင်ပြောနေတာတွေက အင်တာ B က အချိန်တွေ ဟုတ်လား"

"အေး... ဟုတ်တယ်။ ငါ သင်ရမယ့်ဟာတွေပြောတာ။ နင်တို့ကတော့ အတုန် ထီးတန်းပဲ။ ထီးတန်းဆိုတာ 'ကောလိပ်ကြက်ချေးတန်း' ပေါ့ဟာ"

မောင်သိန်းတန်ကို ဒွေးဒွေးက မနာအောင်ထုသည်။

ဖေမောင်က နာအောင် လက်သီးနှင့်ထိုးသည်။

"ကိုင်း... မုန့်ဟင်းခါးကြိုက်ရင် ဒီဆိုင် အကောင်းဆုံးပဲ။ ဒေါ်ကြီးရေ... ဒါ ကျွန်တော်တို့မြို့က လူသစ်တွေ။ အကြော်နဲ့ တစ်မတ်။ အလွတ်ပြား ၂၀ ပဲ"

"ဆီချက်ဆိုရင်ကော"

"ဟောဟိုက နှစ်ဆိုင်လုံး ကောင်းတယ်။ တစ်ပွဲ ပြားငါးဆယ်။ ဘဲသားနဲ့ အအေးသောက်ရင် ကိုရေခဲဆိုင်။ ကျောက်ကျော၊ သံပရာရည် ဘာသောက်သောက် တစ်မတ်။ ရေခဲပလုတ်တုတ် ၁၀ ပြား"

သူတို့အားလုံး ပျော်ပါသည်။

ပိုက်ဆံအိတ်ထဲမှာလည်း အလုံအလောက်ပါသည်။

တက္ကသိုလ်ဆိုတာ ပျော်စရာကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# (၅)
## မောင်မယ်သစ်လွင်ကြိုဆိုပွဲ

မနက် ၅ နာရီကတည်းက ရတနာ ဆောင်တစ်ဆောင်လုံး လှုပ်ရှားတက်ကြွနေသည်။ ရတနာဆိုသည်မှာ ၁၉၅၄ ခုနှစ်မှာ တိုးချဲ့ဖွင့်လှစ်ခဲ့သော လူနေဆောင်ဖြစ်၏။ ရတနာနှင့် မာလာက ကျောင်းသူဆောင်များဖြစ်သည်။ ရတနာက အင်းလျားလမ်းပေါ်မှာ။ အင်းလျားဆောင်နှင့်ကပ်လျက်။ မာလာက ပြည်လမ်းမကြီးဘေးမှာ။ ပါမောက္ခချုပ်နေအိမ်နှင့် ဘေးချင်းကပ်၊ သီရိဆောင်နှင့် ကျောချင်းကပ်ဖြစ်၏။ မာလာမှာ ဒုတိယနှစ်မှ ဖိုင်နယ်အထိ ကျောင်းသူများကို ထားသည်။ ရတနာမှာက အသစ်တွေချည်း။ အဟောင်းဆို၍ ဆေးကျောင်းမှ တချို့ပဲရှိသည်။

သည်နေ့ ဘွဲ့နှင်းသဘင်ခန်းမမှာ 'မောင်မယ်သစ်လွင်ကြိုဆိုပွဲ' ရှိသည်။ ထို့ကြောင့် မယ်သစ်လွင်များအဆောင်မှာ လှုပ်လှုပ်ရွရွဖြစ်နေခြင်း။

ရန်ကုန်တက္ကသိုလ်မှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမကြီးမှာ လုပ်မြဲဖြစ်၏။ တစ်နှစ်မှာ တစ်ကြိမ်သာရှိသော နေ့ထူးနေ့မြတ်မို့ သက်ဆိုင်သူရော၊ မသက်ဆိုင်သူများပါ စိတ်ဝင်စားကြသည်။ သက်ဆိုင်သူများက ခန်းမတွင်းမှာ နေရာယူဆဲ၊ မသက်ဆိုင်သူကျောင်းသားကြီးများအများအပြားက ခန်းမပြင်ပ အဓိပတိလမ်းဘေးမှာ ပွဲကြည့်သူများအဖြစ် ကြိုးစားအားပေးခဲ့ကြမြဲဖြစ်လေသည်။

"ဟေး... ငါ့ထဘီ ပြန်ပေး။ လုပ်ပါဟယ် ... ရှိနိုးပါရဲ့။ ဖရက်ရှာဝဲလ်ကမ်း သွားရမှာ"

ရေချိုးခန်းဘက်မှ အော်လိုက်သောအသံတစ်ခု။

ကြားသူတိုင်းက တခွီခွီရယ်၏။





ဒီလိုအလုပ်ကိုလုပ်လျှင် ဒေါ်လီလား၊ ခင်ခင်သောင်းလား တစ်ယောက်ယောက်ပဲ။ သူတို့က အင်တာ A နှစ်ကျများ။ ရတနာမှာ ကျန်ရစ်ခဲ့သူများ။ ဟား ဆောရီး၊ အဲဟာ ကျော်လီးဟု ထာဝရပျော်နေတတ်သော အပူအပင်မဲ့သူများ။ ရေချိုးခန်းတွေက တံခါးအပြည့်အမြင့်မဟုတ်။ တံခါးပေါ်မှာ မျက်နှာသုတ်ပဝါ၊ လုံချည် တင်၍ရသည်။ ခုတော့ တင်ထားသောလုံချည် အပြင်က ယူသွားပြီ။ အထဲက လူအော်နေလေ၏။

"ပြန်ပေးလိုက်ပါဟယ်။ ဒီနေ့ ရှုံးအပြည့်ထုတ်ရမှာ သူ့ခမျာ"

ဝင်ပြောသူက မအေးယဉ်။ သူက တောင်ငူသူ။ သူလည်း အိုင်အက်စီ (အီ) နှစ်ကျသဖြင့် ရတနာမှာ ကျန်နေသူ။ အတော်လေးကြာမှာ လုံချည်ပြန်ရသူ ထွက် လာ၏။ မကြင်ယုံပေါ့။ သူက ကြံခင်းသူ။ မအေးယဉ်နှင့် တစ်ခန်းတည်း။ ခန်း မိတ်ပေါ့။

မကြင်ယုံက ဝဝကစ်ကစ်၊ အရပ်ပျပ်ပျပ်။ သူ့ရင်ညွန့်ဖွေးဖွေးတွင် ကြိုးနှစ်ပင်လိမ် ရွှေကြိုးတိုတိုလေးက ဝင်းလက်နေသည်။ ရယ်လိုက်လျှင် ပေါ်လာသော သွားတက်ကလေးများက ဖွေးဖွေးလှလှ။

"ငါ့နယ်... သေချင်လိုက်တာ။ နောက်ကျနေပြီ"

မကြင်ယုံက သူ့အခန်းနံပါတ် ၄၀ သို့ပြေးရင်း ပြောသည်။ သေချင်တယ်သာ ပြောပေမင့် မျက်နှာက ရယ်လို့။

"ဘုရားမြတ်ထံပါးဝယ် ××× လျှောက်လည်ကြတယ် ××× နှစ်ယောက် တွဲကာ ××× ရင်ပြင်ပေါ်ဝယ် ××× ဘဝသံသရာအဆက်ဆက် ××× မပျက် ပေါင်း ××× ပေါင်းရစေသားလို့ ××× ဆုပန်ရှယ်ကြသေးတယ်"

ရေချိုးခန်းကို စတူဒီယိုသဖွယ် သဘောထားပြီး အေးအေးဆေးဆေး သီချင်းဆိုရင်း ဆပ်ပြာတိုက်နေသူက ခင်လှမြင့်။ သူက ပဲခူးသူပါ။ ညောင်ပိုင်း သင်းက ကားအသင်းဥက္ကဋ္ဌကြီးသမီး။ အသား လတ်လတ်၊ အရပ် မြင့်မြင့်၊ မျက်နှာမှာက ဥဒေါင်းစွန်း ဆိုသော ဖွေကလေးနှင့်။ အရေရာကို အလေးအနက် ထားသူ။

"မိလှမြင့် မြန်မြန်လုပ်ပါဟယ်"

"စောပါသေးတယ်ဟ"

"နှင့်လင်ကြီး စောင့်ရမှာလား။ ဒီမယ် တန်းစီနေတဲ့လူတွေ အများကြီး"

"ဟုတ်တယ်။ ဖရက်ရှာကွင်း နှင်းခိုင်လွင်တောင် ရေမချိုးရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ချိုး... အံမာလေး... ဆိုင်ကလုန်းက ကြီးလိုက်တာ''

အပြင်ကလူစု ယိမ်းထိုးပြီး ရယ်ကြ၏။

ခင်စန်းမြင့်က နှင်းခိုင်လွင်ကို လှမ်းဖက်၏။

''ညီမနာမည်က နှင်းခိုင်လွင်နော်၊ လှလိုက်တာ။ မမနာမည်က ခင်စန်းမြင့်။ မမမြင့်လို့ ခေါ်ပေါ့။ ဝါးခယ်မကပါ၊ ကျိုက်ကျိုက်ယူတယ်။ အခန်းနံပါတ် ၄၁''

''ဟုတ်ကဲ့။ နှင်းနှင်းက ၅၄ မှာပါ''

''အေး... ထီးတန်းသွားရင် ဖယ်ရီ အတူတူစီးရမှာ။ ထမင်းစားရင်လည်း မမမြင့်တို့ဝိုင်းထဲ ဝင်ပါလား။ ၂ ယောက် လိုနေတယ်''

''ဟုတ်ကဲ့ မမမြင့်။ နှင်းရှုန်းမိတ်က ဂရေစီတဲ့။ သူက ရန်ကင်း''

ခင်လှမြင့် ထွက်လာသည်။

ခင်စန်းမြင့်က နှင်းနှင်းကို အရင်ဝင်ခိုင်းသည်။

သည်တွင် နှင်းနှင်းက မမမြင့်ကို အသည်းစွဲသွားတော့၏။

အခန်းနံပါတ် ၄၁ တွင် မမြကြည်က သနပ်ခါးကို တအိအိသွေးနေသည်။ ဌေးဌေးက ကျစ်ဆံမြီးကျစ်ရင်း မမြကြည်ကို စ၏။

''ညည်းအေ ... သနပ်ခါး ဘယ်လောက်လိမ်းလိမ်း ဒါပါပဲ''

''ကောင်မ ... နင်က မောင်သိန်းတန်လာမှာမို့ အူမြူးနေတာကိုး''

''အဟင့် ... မောင်သိန်းတန်ကြောင့် မဟုတ်ပါဘူး''

''တော်ပါဟာ ... ဒီမှာ ငါ ခြေထောက်လိမ်းဦးမယ်''

ခင်စန်းမြင့် ဝင်လာသည်။

''ငါ့ညီမတွေ မပြီးကြသေးဘူးလား။ မမြကြည် နင် သနပ်ခါးသွေးနေတာ မနက် ၄ နာရီကတည်းက''

''မမြင့်ကလည်း...''

''လုပ် လုပ်။ တော်ကြာ နေရာမရဘဲ နေမယ်''

''ဒီလိုဝတ်ရင် လှပြီလားဟင်''

ဌေးဌေးက သူ့ကိုယ်လုံးကို ဟန်ပြ၏။

''အေး... လှပါတယ်။ တူတယ်လ်လုံချည်က ခေတ်မီပြီးသား''

''သွားကြမယ်လေ''

အခန်းဝမှာ ခင်လှမြင့်ပေါ်လာသည်။

ဝရန်တာကို ဖြတ်လျှောက်လာသော နှင်းခိုင်လွင်ကို မမြင့်က မြင်သည်။





''ဟေး ... နှင်းခိုင်လွင် တယ်လှပါလား။ သူများတွေ ကျစ်ဆံမြီးနဲ့။ နင်းက ဆံမြိတ်ဖွားဖွား ဆံထုံးနဲ့တော့''

''ဟုတ်ကဲ့ မမမြင့်။ ပြီးကြပြီလား''

''ဝင်ဦးလေ။ မိတ်ဆက်ပေးရအောင်။ ဒါက မမြကြည်။ ဒါက ဌေးဌေး။ မမြင့်တို့ ဝါးခယ်မသူတွေချည်း။ ဒီဘက်က ခင်လှမြင့်။ သူက ပဲခူးသူ''

''နေဦး။ နှင်းခိုင်လွင်ဆိုတာ တိုင်းရင်းမေထဲက ...''

''ဟုတ်တယ်''

''ဟယ် ... ဝမ်းသာလိုက်တာ။ တို့က ခင်လှမြင့်ဆိုတာ နာမည်ရင်း။ အရေးနာမည်က မမြင့်မွန်(ပဲခူး)''

''ဟုတ်လား။ ဝမ်းသာလိုက်တာ။ သူငယ်ချင်းတွေ ဖြစ်ပြီ''

''နှင်းခိုင်လွင် ဘာယူလဲ''

''V ပါ။ မြန်မာစာ၊ သမိုင်း၊ ပထဝီ''

''တို့နဲ့ တူတယ်''

ဌေးဌေးက နှင်းခိုင်လွင်ကို ဖက်သည်။

လှေကားဘက်မှာ ဖိနပ်သံတွေ တဖျပ်ဖျပ်ပြေးဆင်းသံကြားရသည်။

အခန်းတံခါးသော့ခတ်ပြီး ခပ်မြန်မြန်ထွက်ကြ၏။

ခင်စန်းမြင့် ဝယ်တပ်ထားသော သရက်ထည်အပြာရောင်ပွင့်ရိုက်ခန်းဆီးစသည် တံခါးနှစ်ချပ်တွင် ညပ်နေ၏။ ပြန်မသွင်းတော့။

နှင်းခိုင်လွင်က မြန်မြန်မလျှောက်ရဲချေ။ ဒေါက်ဖိနပ်ကို မနေ့ကမှ ကြည့်မြင်တိုင် ညဈေးတန်းမှာ ၁၂ ကျပ်နှင့် ဝယ်ခဲ့တာလေ။ စီးနေကျမဟုတ်၍ ချော်လဲမှာကြောက်သည်။ တက္ကသိုလ်ကျောင်းသူဖြစ်ပြီဆိုတော့ ဒေါက်ဖိနပ်တော့ စီးမှဟု နှင်းနှင်းဆုံးဖြတ်ခဲ့၏။ လွယ်အိတ်အသစ်ဝယ်ရန်မလို။ ရွှေကူမှ ကိုယ်တိုင်ချုပ်ခုတ်၍ ရက်ခဲ့သော ကချင်လွယ်အိတ်ပဲ လွယ်မည်။

ရတနာဆောင်မှ ရောင်စုံလိပ်ပြာလေးများ ကိုယ့်အစုနှင့်ကိုယ် ဘွဲ့နှင်းသဘင်ဘက် လျှောက်နေကြပြီ။ ရတနာဆောင်မှဆိုလျှင် နောက်ပေါက်ကထွက်၍ ဘော်ရစ်ဒါအတိုင်းသွားလျှင် သိပ္ပံအဆောက်အအုံ၊ ဓာတုဗေဒသိရက်တာ။ ထိုမှ ဆင်းသော် သိပ္ပံခန်းမ၊ ဒါပြီးလျှင် အဓိပတိလမ်းရောက်ပြီ။

ဘွဲ့နှင်းသဘင်နားမှာ ပျားပန်းခပ်နေကြလေသည်။

အဓိပတိလမ်းဘေးနှစ်ဖက်မှာတော့ ပုရိသယောကျ်ားများ သူတို့ကြား



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လျှောက်ရတာ ဘယ်လိုရင်တုန်မှန်းမသိ။ မမြင့် လက်မောင်းကို ကိုင်ထား ရင်းအထင် နှင်းနှင်းဒူးတွေ ခါနေလေသည်။

"နှင်းခိုင်လွှင် နှင်းခိုင်လွှင်"

ဘုရားရေ ... ဒီလောက်များပြားတဲ့ ယောကျ်ားလေးတွေကြားထဲက ကိုယ့်နာမည်ကို အော်ခေါ်လိုက်သူ ရှိနေပါရောလား။ သေချာတာပေါ့။ သိုက်ထွန်း...။

"ဟော ... နင့်နာမည် ခေါ်နေတယ်"

"အသာနေ ပြန်မကြည့်နဲ့"

"အစိမ်းရောင်လေးလည်း လှတယ်"

"အပြာရောင်လေးက ယဉ်တယ်"

မကြားတကြား ရိုင်းရိုင်းပျပျကြီးလည်း မဟုတ်။ လမ်းလျှောက်ပျက်ရုံလေးမျှသာ။ ခက်လိုက်တာနော်။ ချွေးတွေပြန်လာပြီ။ ခန်းမအပေါက်ဝမှာ ပိုပြီး ပြုံတိုးကြည့်နေကြတယ်။ ဒေါက်ဖိနပ် စီးလာတာ မှားပြီ။

နှင်းခိုင်လွှင် ရှက်နေတာကို သဘောအကျကြီးကျနေသူကား မုံရွာသား သိုက်ထွန်းပါပဲ။ သူ့မျက်မှန်ထူထူဝိုင်းဝိုင်းထဲမှ မျက်လုံးပြူးပြူးများက ပိုပြီး ပြူးကျယ်နေကြ၏။ စိုးပိုင်က ဣန္ဒြေရရနှင့် စီးကရက်ခဲပြီး ကြည့်သည်။ စိုးရိမ်စိတ်လွှမ်းသောမျက်လုံးပိုင်ရှင်ကား ကိုအောင်နိုင်။

"တွေ့လား နှင်းခိုင်လွှင် ... အစိမ်းလေး"

"အင်းပါ။ တွေ့တယ်"

"ကျုပ်ပြောတယ်ဟုတ်လား တွေ့မှာပါလို့"

"ဟေး... အပြာရောင်လေးက ရှင်းသန့်နေတာပဲ။ ကွင်းရမယ်"

"ငါတော့ ကွင်းပေးလောက်တဲ့လူ မမြင်သေးဘူး"

"ဟာ... ကိုကျော်သန်းလည်း လာတယ်။ ဗန်းမော်သားကြီး... ခင်ဗျားသိတဲ့ကောင်မလေးပါရင် မိတ်ဆက်ပေးဦးလေ"

"မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တို့ဗန်းမော်က ရိုးရိုးလေးတွေပါ။ သိုက်ထွန်းနဲ့ မဖြစ်ဘူး"

"ဟော... ဟိုမှာ ကက်သရင်းလှမောင်။ သူ ကွင်းရမယ်ထင်တယ်"

"မဖြစ်နိုင်ဘူး။ သူက အသားပဲ ဖြူတာ"

"နို ... ဘာဖြူဖို့ လိုသေးတုံး"





သိုက်ထွန်းအမေးကို စိုးပိုင်က လက်သီးထိုးပြီး ဖြေလိုက်သည်။ ပြောရင်းဆိုရင်း ကက်သရင်းလှမောင် အနားကပ်လိုက်သူက သိုက်ထွန်းပါပဲ။

"ကက်သရင်း ဝမ်းဒါဖိုး"

သိုက်ထွန်းက ဘိုသံပါပါ နှုတ်ဆက်လိုက်၏။

"သင့်ခရု ဆိုးမတ်ချ်"

ကက်သရင်းက မျက်ခုံးလေးတစ်ဖက်မြှင့်လျက် လေသံလေးမြှင့်ပြီး ပြန်ပြော၏။ သူ့ကို နှုတ်ဆက်သောသူကို မသိပေမင့် ကြောင်မသွားပေ။

"ယူ အလုံး"

တစ်ယောက်တည်းလားဟု သိုက်ထွန်းက ဆက်သည်။

"အောလ် အာ မိုင်ဖရင်းစ်" ဟု ကက်သရင်း ရယ်ရင်းဖြေလေသည်။

"ဝေး ကက် ဝှဲ အာယူဂိုးအင်း"

ကုလားမဆာရီဝတ်ကျောင်းသူတစ်ယောက် ရောက်လာပြန်သည်။

"ခရစ္စတီး မိုင်လပ်ဖ် ကမ်းမွန်။ လက်စ် ဂိုး"

ကက်သရင်းက ဆာရီကောင်မလေးလက်မောင်းကို တွယ်ဖက်ရင်း ရှေ့ ထွက်၏။ တင်ပါးဖောင်းဖောင်းလေး နိမ့်ချည်မြင့်ချည်လုပ်သွားပုံကို သိုက်ထွန်း ငေး၍ကောင်းဆဲ။

"ဟိတ်လူ ကြောင်လွန်းတယ်ကွာ"

စိုးပိုင်က မျက်မှန်ထဲက မျက်လုံးပြူးပြရင်း ဟောက်လိုက်သည်။ တစ် ဝင်မပြောဘဲ အဓိပတိလမ်းမကြီးတစ်လျှောက် ပျားပန်းခပ်နေသော ကျောင်းစုံလိပ်ပြာလေးများကို ကြည်ကြည်နူးနူးကြည့်နေသူကတော့ ကိုအောင်နိုင်ပါ။

"ကိုအောင်နိုင်။ ကြိုက်တာ မတွေ့သေးဘူးလား"

သိုက်ထွန်းက ကိုအောင်နိုင်ဘက် လှည့်လာပြန်သည်။

ကိုအောင်နိုင်က သူ့စရိုက်အတိုင်း ပြုံး၍သာနေသည်။

"နှင်းခိုင်လွှင်ဆိုတာ စာရေးဆရာမတဲ့"

"ဘယ်လို ဘာပြောတယ်"

"သြော်... ခင်ဗျားကလည်း နားမပါးဘူး"

"ဆိုစမ်းပါဦး။ အဲဒီစာရေးဆရာမဆိုတာတော့ စိတ်ဝင်စားတယ်"

"တိုင်းရင်းမေမှာ ပါတယ်လေ။ ကဗျာပါတယ်။ ဝတ္ထုတိုလေးလည်း ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတော့ သေချာလှချည်လား"

"ဟဲ... ဟဲ... ကျုပ်က မှုံရှာသားလေ"

"ဘာဆိုင်လဲ"

"လက်ဖက်ရည်ဆိုင်"

ဝါးခနဲရယ်သံကြောင့် သစ်ပုပ်ပင်ကြီးပင် တုန်သွားသလားမသိ။

"ဟော့လူတွေ ... ဘာတွေပွဲကျနေတာလဲ"

ခပ်အုပ်အုပ်အသံနှင့်အတူ ရောက်လာသူကား မောင်သိန်းတန်။

"ဟာ... ကိုသိန်းတန်။ အတော်ပဲဗျ။ သတင်းပေးစရာရှိတယ်"

သိုက်ထွန်းကပင် ဦးအောင်ပြောလိုက်သည်။

မောင်သိန်းတန်က ခေါင်းဆတ်ပြပြီး လက်မထောင်ပြ၏။ သိုက်ထွန်းကား မောင်သိန်းတန်ကို 'တပ်ဦး' ကျောင်းသားများအဖွဲ့အတွက် စိတ်ရောကိုယ်ပါ လုပ်အားပေးသူအဖြစ် သိထားပြီးဖြစ်သည်။ တက္ကသိုလ်ပရဝဏ်အတွင်း နေရာအနှံ့ ရောက်တတ်သူ သိုက်ထွန်းမှာက နေ့စဉ် သတင်းထူးသတင်းဦးတွေ ပါလာတတ်၏။

"ဒီမှာ ကိုသိန်းတန်"

"ဆို"

"ဒီနှစ် ဖရက်ရှာထဲမှာ စာရေးဆရာမတစ်ယောက်ပါလာတယ်ဗျ"

"ဟုတ်လား။ ဘယ်သူလဲဗျ"

"နှင်းခိုင်လွင်တဲ့"

"အဲ... ကျွန်တော်..."

"မဖတ်ဖူးဘူးပေါ့"

"ဗဲရီးဆောရီးပဲဗျာ"

"တိုင်းရင်းမေကဗျာခန်းမှာ ပါတယ်။ ဝတ္ထုတိုတွေလည်း ပါပြီဗျ"

"ဟုတ်ပါပြီဗျာ။ အဲဒီတော့ ..."

"အဲဒီတော့ သူ့ကိုစည်းရုံးရမှာပေါ့။ တပ်ဦးမှာ သူ လှုပ်ရှားရမယ်။ သူ့စာတွေထဲမှာ ကျောင်းသားအများစုကို ကိုယ်စားပြုတဲ့ခံစားချက်တွေ ရေးနိုင်ရမယ်။ ပြီးတော့ အား ... အား ..."

စိုးပိုင်၏ခြေဖျားက သိုက်ထွန်း၏ခြေဖမိုးကို ခပ်ဖိဖိလေး တက်နင်းလိုက်သဖြင့် သိုက်ထွန်းစကားစ ပြတ်သွားသည်။ မောင်သိန်းတန်က နားလည်ခွင့်





... စိုးပိုင်ကို ပြုံးပြ၏။ ကိုအောင်နိုင်ကတော့ မောင်သိန်းတန်ကို လက်... မျက်စိညွှန်လိုက်လေသည်။

"အေးဗျာ... ကျွန်တော် ကွန်ဗုတ်ထဲ ခဏသွားဦးမယ်။ ကျွန်တော့် ... ဝါးခယ်မက သူငယ်ချင်းတွေ အသစ်ရောက်လာကြလို့။ သွားမယ်နော်"

မောင်သိန်းတန် အသာအယာထွက်သွားသည်။

ဘွဲ့နှင်းသဘင်ခန်းမကြီးအဝင်ဝမှ လူတွေ ဝင်ကြဆဲဖြစ်၏။

သူတို့ ဝါးခယ်မအုပ်စုကိုမူ မမြင်ရ။ ခင်စန်းမြင့်က ဝီရိယကောင်းသူမို့ ...တို့တစ်အုပ်လုံး ကြိုတင်ရောက်နှင့်ကြပြီဟု မောင်သိန်းတန် ယူဆလိုက်၏။ ...ကြီးတွင်းသို့ မောင်မယ်သစ်လွင်များသာ ဝင်ခွင့်ရှိသော်လည်း မောင်သိန်းတန် ...း တက္ကသိုလ်သတင်းထောက်ကတ်ပြားကိုင်ထားသူမို့ အဝင်ဝမှာ ကတ်ပြား ...း အထဲဝင်လိုက်သည်။

ဘွဲ့နှင်းသဘင်ခန်းမကြီးကား အေးစိမ့်နေသည်။

စင်မြင့်ပေါ်မှာ ပြင်ဆင်ထားပုံက ဂန္ထဝင်ဆန်၏။

အနက်ရောင်ကတ္တီပါကန့်လန့်ကာပေါ်တွင် အဖြူရောင်စာလုံးဝိုင်းဝိုင်းများ။

"မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ ရန်ကုန်တက္ကသိုလ်၊ ၁၅-၆-၅၉"

မောင်သိန်းတန်က ထိုင်ခုံတွေကြား လျှောက်ကြည့်၏။ ထိုင်ခုံပေါင်း ...ရာကျော်လား၊ တစ်ထောင်လား မမှန်းဆတတ်။ ခုံတိုင်းမှာတော့ နုပျိုလန်းဆန်း ...ာ မျက်နှာများချည်း မြင်ရသည်။ ဒါကြောင့်လည်း 'မောင်သစ်လွင်၊ မယ် ...စ်လွင်' ဟု အမည်ပေးခြင်းဖြစ်ပါလိမ့်မယ်။ တကယ်ကို သစ်လွင်တောက်ပ ...၏။

သည်တောက်ပသောမျက်နှာများထဲတွင် ချစ်သောငွေးငွေးကို ရှာရ၏။ ...တော်နှင့် မတွေ့။

"ဟေး... မောင်သိန်းတန်။ တို့ ဒီမှာ"

ခန်းမကြီး၏ပဲ့တင်သံကြောင့် အသံက ဟည်းသွားလေသည်။

ခင်စန်းမြင့်တည်း။

ခင်စန်းမြင့်အော်သံကြောင့် ရှက်ပြီးထုရိုက်နေသောငွေးငွေးကို မြင်ရပြီ။ ...မြန် သူတို့အနား သွားရ၏။

"အဆင်ပြေတယ်ဟုတ်လား"

"ပြေတယ် ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အနောက်ဘက်မှာ ရှိမယ်နော်"

ဒါလောက်ပဲ ပြောပြီး မောင်သိန်းတန် ခွာခဲ့သည်။ သတင်းယူဖို့က အရေးကြီးသည်။ ခုလောက်ဆို 'တိုးတက်'ဘက်က ဘယ်လောက်ထိုးဖောက်နေကြပြီ မသိ။

နံနက် ၉ နာရီတိတိတွင် အခမ်းအနား စ၏။ အားလုံး မတ်တတ်ရပ် ကြိုရသည်။ နှင်းခိုင်လွင်တို့တစ်သိုက် မျက်လုံးပင် မမှိတ်မိ၊ မျက်တောင်ပင် မခတ်မိ။ ကြည့်ပါဦး။

ပါမောက္ခချုပ်၏ သားနားသောဝတ်ရုံကြီး။ တည်ငြိမ်သော မျက်နှာထား။

နောက်ကလိုက်လာသော ပါမောက္ခများ၊ ကထိကများကလည်း မိမိတို့ သက်ဆိုင်ရာဝတ်ရုံများ ဝတ်လာကြသည်။ ဝတ်ရုံများကို ကြည့်ရုံနှင့် ဘွဲ့များကို သိနိုင်သည်။ ဆရာများ၏ ကျက်သရေရှိသောလှုပ်ရှားမှုကြောင့် ကိုယ်ကို မတ်ထားရာက ပြန်လျှော့မချဖြစ်ချေ။

အသီးသီး နေရာခွဲထိုင်ကြပြီးသောအခါမှ ကျောင်းသူကျောင်းသားများ ထိုင်ရသည်။ ပါမောက္ခချုပ်၏ ကြိုဆိုနှုတ်ခွန်းဆက်စကား စတင်နာကြရ၏။

ပါမောက္ခချုပ်အမည်ကား ဒေါက်တာမောင်မောင်ခ။

အရပ် ခပ်ပျပ်ပျပ်၊ အသား ခပ်ညိုညို၊ လူပုံ ခပ်ပါးပါး၊ မျက်နှာထား ချိုချို။ ဆရာကြီးအသံကမှ ဟည်းနေသည်။ ကြည်လင်ပြတ်သားသည်။

အထူးသဖြင့် "မောင်တို့ မယ်တို့" ဟူသော အခေါ်အဝေါ်ကို ဆန်းသလိုလို ခံစားရပြီး နွေးထွေးမှုကိုလည်း ခံစားရ၏။ ဂုဏ်ရှိသလိုလိုလည်း ခံစားနေရလေသည်။

ပါမောက္ခချုပ်ပြီးသော် အသီးသီးသော ဘာသာရပ်ဆိုင်ရာ ပါမောက္ခများက မိမိတို့ဘာသာရပ်အကြောင်း မိတ်ဆက်ပြောဆိုကြ၏။ အများစုက မိမိတို့ဘာသာကောင်းကြောင်းကို အမွှမ်းတင်ကြပြပင်။

နှင်းနှင်း အားကျမိသူ ပါမောက္ခကား ဒေါက်တာဒေါ်သင်းကြည်။ ပထဝီဌာနက ဖြစ်၏။ အမျိုးသမီးဆို၍ ဤဆရာမကြီးတစ်ဦးပဲ ပါသည်။ ဒေါက်တာဘွဲ့ ဝတ်ရုံကြီးနှင့် ခန္ဓာကိုယ် ဝဝဖြိုးဖြိုး၊ ဘီးဆံထုံးပုံပုံကြီး။ ဘယ်လိုကျက်သရေရှိမှန်းမသိ။ ကိုယ်လည်း ဆရာမကြီးလို ဖြစ်ချင်စမ်းပါဘီဟုတော့ ဆန္ဒမဖြစ်မိချေ။ နှင်းနှင်းမှာက အချုပ်အနှောင်နှင့်။ တက္ကသိုလ်လာရပုံကိုက ဥပစာတန်း ၂ နှစ်ပဲ နေရမှာ။ ဘွဲ့ရဖို့မပါ။ ဒေါက်တာဘွဲ့ဆိုတာ အိပ်မက်ထဲမှာမရှိ။





ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ ပြီးသောအခါ ကျောင်းသားရေးမှူး ဦးစံထွန်းနှင့် ကျောင်းသူရေးမှူး ဒေါ်ကြင်စိန်တို့က ဆုံးမစကားပြောသည်။ ဒေါ်ကြင်စိန်ကား အလွန်စည်းကမ်းကြီးသည်ဟု နာမည်ကြီး၏။ ကျောင်းသားရေးမှူးကား ဟာသတွေနှင့် အာဝဇ္ဇန်းရွှင်ရွှင်ပြောသွား၏။ ပျော်စရာကြီးပင်။ ကျောင်းသားတို့က ဦးစံထွန်းကို ချစ်ကြသည်ဆိုပဲ။ ဒေါ်ကြင်စိန်ကိုတော့ ကြောက်ကြသည်တဲ့။

ဘာပဲဖြစ်ဖြစ် အချိန် ၂ နာရီသည် ကုန်၍ကုန်မှန်းမသိလိုက်။

စင်ပေါ်မှ ဆရာများ ထွက်ခွာသောအခါ အားလုံးမတ်တတ်ရပ်၍ အလေးပြုကြသည်။ ဆရာများကုန်မှ အခန်းထဲမှ ထွက်ကြရ၏။

"နှင်းခိုင်လွင်... အအေးလိုက်သောက်ပါလား အားလုံးပေါ့"

ကြည့်စမ်း။ ဘယ်တုန်းကတည်းက ချောင်းနေမှန်းမသိ။ သိုက်ထွန်းဆိုလေ။ အပြင်ဘက်အပေါက်ဝမှာ ထုံးစံအတိုင်း ၃ ယောက်တွဲ။ နှင်းနှင်းက ရှက်၍ မျက်နှာမဖော်။

"နှင်းခိုင်လွင်။ ကျွန်တော်က ထီလာစိုးမြင့်ထယ်ပါ"

"ဟင်... ဟုတ်လား"

မိတ်ဆက်လာသူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး မျက်နှာချိုချို။

"တိုင်းရင်းမေထဲမှာ ကဗျာရေးတဲ့ ထီလာစိုးမြင့်ထယ်ပေါ့နော်"

"ဟုတ်တယ်။ ကျွန်တော့်ကို ဟို... သိုက်ထွန်းပြလို့"

နှင်း ရယ်နေလိုက်သည်။

"ကျွန်တော်တို့ ကလောင်သင်းမှာ ဆုံလိမ့်မယ်။ ထီးတန်းမှာလည်း ဆုံမယ်။ ကျွန်တော်က Arts ယူတယ်။ နေတော့ တောင်ငူဆောင်"

စိုးမြင့်ထယ်ဆိုသူက ကိုယ်ကို ညွှတ်ပြပြီး ထွက်သွားသည်။

"အဲဒါ သောင်းထိုက် ... သောင်းထိုက်"

အနီးက တစ်ယောက်က လက်ညှိုးညွှန်သဖြင့် လှမ်းကြည့်ရသည်။

ဆံပင်ဘုတ်သိုက်၊ ကိုယ်ခန္ဓာကိုင်းကိုင်း၊ မျက်နှာထား မှုန်တေတေ။

"သောင်းထိုက်ဆိုတာ ဘာလဲဟင်"

"ဝန်ကြီးချုပ်သားဟဲ့"

"ဟင်... ဝန်ကြီးချုပ် ဟုတ်လား"

"ဝန်ကြီးချုပ်ဦးနုသား"

"ဟယ်... သူလည်း တို့နဲ့ အတူတူတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ကြဲဖန့်ပြီး ဂုဏ်ယူချင်သွားပြန်သည်။

"ဂျာနယ်ကျော်မမလေးသားလည်း ပါသတဲ့"

"ဟုတ်လား။ နာမည် ဘယ်သူတဲ့လဲ"

"မိုးဟိန်းတဲ့"

"ဟယ်... နာမည်က ဟည်းနေတာပဲ"

"လူကတော့ ညှပ်ညှပ်ကလေး။ အတိုးကြီးပေါက်စနဲ့ တူတယ်"

သူက ဘယ်သူမှန်းမသိ။ အနားကနေ သတင်းတွေ ပြောနေသည်။ သည်နေ့ကတော့ ရန်ကုန်တက္ကသိုလ်ကြီးမှာ သားသမီးရတနာတွေ မီးရှူးသန့်စင် ဖွားမြင်သောနေ့မို့ သတင်းကောင်းတွေ ထုတ်လွှင့်နေကြဟန်တူပေသည်။

"ဟဲ့ ... ဒါနဲ့ ဝါဝါဝင်းရွှေဆိုတာကော"

"ဟေး... သူက ရန်ကင်းလေ။ ကွင်းရမှာ သေချာတယ်။ လှလို့ နာမည်ကြီးတာ"

"ထီးတန်းကွင်း ဘယ်သူဖြစ်မလဲ"

"ငါမျက်စိထဲ တစ်ယောက်မှမမြင်ဘူး။ အားလုံး တိုက်ဂေါ်တွေချည်းပဲ"

တွန်းထိုးရယ်မောပြီး ထွက်သွားကြသည်။

ခင်စနီးမြင့်က မျက်စောင်းထိုးဖြစ်အောင် ထိုးလိုက်သေးသည်။

"ကဲ... ဘယ်သွားကြမလဲ"

"ဟောလ်ပြန်မယ်"

"မပြန်ဘူး။ ဆာတယ်။ မာလာကင်တင်း သွားမယ်"

"မောင်သိန်းတန်လည်း ရောက်မလာဘူး"

"သူ့သမဂ္ဂအတွက် အလုပ်ရှုပ်နေမှာပေါ့"

"အေးဟယ်... အဲဒါကြီးကလည်း ဘာမှန်းမသိဘူး"

"မသိရင် အသာနေ။ သိတဲ့လူ ပြောလိမ့်မယ်"

"ဟော... ပြောရင်းဆိုရင်း မောင်မင်းကြီးသား ပေါ်လာပြီ"

"ဟား... မမမြင့်ရေ ... ဆာတယ်ဗျို့"

"လုပ်မနေနဲ့။ နင် ကျွေးရမယ်"

"ဘိုင်ကျနေပြီဗျ။ မနေ့က ဖိတ်စာလျှောက်ဖိတ်တာ"

"ကဲပါ ညည်းမနေနဲ့။ ဆေးလိပ်ခုံသူဌေးသမီးတစ်ယောက်လုံး ပါနေတာ ပဲဟာ"





ဌေးဌေးက သူ့ကို ပြောမှန်းသိပြီး ရှက်စနီးမျက်စောင်းချိုလိုက်၏။

မမြကြည်၊ ဂရေစီနှင့် ခင်လှမြင့်တို့က အဓိပတိလမ်းတစ်လျှောက် အုပ်ထိုက်ချိုပြီး လျှောက်သွားနေသူများကို ငေးကြည့်နေကြသည်။

ဘယ်လိုပဲဖြစ်ဖြစ်...

ဒီနေ့ မောင်မယ်သစ်လွင်နေ့။

အားလုံး လူသစ် စိတ်သစ် ဘဝသစ်ပေါ့။

□



www.burmeseclassic.com

www.burmeseclassic.com

## (၆)
## ရန်ကင်းကောလိပ်

မူလကတော့ အစိုးရအထက်တန်းကျောင်းအဖြစ် ဆောက်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။ အစိုးရအထက်တန်းကျောင်းအားလုံးပုံစံအတိုင်း E shape (အင်္ဂလိပ်စာလုံး E ပုံသဏ္ဍာန်) ဆောက်လုပ်ထားသည်။ အင်္ဂတေပြားအမိုး၊ သစ်သားခင်း၊ သစ်သားအကာ၊ ဆေးရောင် ရေနံချေးအမည်း ဖြစ်လေသည်။

ရန်ကင်းမြို့သစ်၊ ရန်ကင်းလမ်းမကြီးဘေးမှာမို့ 'ရန်ကင်းကောလိပ်' ဟုပဲ ရိုးရိုးဆိုင်းဘုတ်တပ်ထား၏။ ရေဝင်သော ဘောလုံးကွင်းနှင့် ဖားတွေ အော်ကြပျော်ကြသော ရေမြောင်းတွေနှင့်။ ဂရေစီက ကျွတ်ကြောက်တတ်သည်။ မြက်ခင်းစပ် မြေလမ်းမှာလျှောက်ရဆဲ ထဘီကို မကာ ပြေးမတတ်လုပ်၏။

''ဟေး... ကျွတ် ကျွတ်''

ရုပတ်အသံ။ သက်သက် ဂရေစီ ကျွတ်ကြောက်မှန်းသိ၍ အော်လိုက်ခြင်းဖြစ်သည်။ ဂရေစီကလည်း ဂရေစီ။ ရုပတ် နောက်တတ်မှန်းသိလျက်နှင့် 'အမေ့' ဟု အော်ပြီး အနီးရှိ အယ်နီတာကို ဖက်၏။ မြမြရှိန်းက လူကြီးလေဖြင့် ''အတွတ်ကလည်းဟယ်... မွေးက ကြောက်တတ်တယ်'' ဟု ဆိုသည်။ ရုပတ်၏အိမ်အမည်က အတွတ်ပါ။ အတွတ်နှင့် ဂရေစီတို့က ရွှေကူ၊ မြို့မရပ်ထဲမှာ ခြံချင်းကပ်လျက်။ ယင်ပေါင်းတွေဆိုပြီး ရုပတ်က အတွတ်ဆိုတော့ ဂရေစီကို မွေးဟု ခေါ်နေခဲ့ကြသည်။

မြမြရှိန်းက မနှစ်က ရန်ကင်းတက်ပြီးသူ။ စာမေးပွဲကျသဖြင့် ရုပီတာဖြစ်၏။ ရုပီတာဆိုတော့ အသစ်ကလေးတွေအတွက် ဆရာကြီးပေါ့။ အယ်နီတာကလည်း မြမြရှိန်းလိုပင် ရုပီတာဖြစ်သည်။ သူက ဂရေစီနှင့် ဖန်းမော်ကွန်ဗင့်မှာ





ကျောင်းအိပ်ကျောင်းစား အတူနေခဲ့သဖြင့် ပိုပြီးရင်းနှီးကြသည်။ ရန်ကုန်မှာ အယ်နီတာနှင့် မြမြရှိန်းက အင်းလျားဆောင်မှာ ရ၏။ ရန်ကင်းကောလိပ်မှာတော့ အားလုံးတပျော်တပါးကြီးပါပဲ။

''ဘာဖြစ်လာကြတာလဲ''

ကျောင်းပေါ်တီကိုအောက်မှနေပြီး စစ်ဗိုလ်ချုပ်တစ်ဦး၏ဟန်ပန်ဖြင့် ဆီးပြီး ထိန်းချုပ်လိုက်သူကား ကိုအေးချို။ သူကလည်း ရုပီတာပါပဲ။ ရွှေကူက လာသော ကျောင်းသားတွေ ရန်ကင်းကောလိပ်မှာ သိပ္ပံဘာသာတွဲယူခဲ့ကြပြီး အားလုံးလိုလို ပထမနှစ်မှာ ကျကြ၏။ ဒါက အခြေခံအကြောင်းရှိသည်။ ရန်ကင်းကောလိပ်သိပ္ပံဘာသာတွဲမှာ နှစ်မျိုးရှိ၏။ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာတွဲ။ ဒါကို Pure Science ဟု ခေါ်သည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒတွဲ ဒါကိုကျတော့ ဘိုင်အိုဟု ခပ်လွယ်လွယ်ခေါ်ကြ၏။ သင်္ချာတွဲ Pure Science က နှစ်နှစ်ကြာလျှင် အင်ဂျင်နီယာလိုင်း သွားနိုင်သည်။ ဘိုင်အိုတွဲက ဆေးကောလိပ်သို့ ဝင်နိုင်သည်။ ဒုတိယနှစ်စာမေးပွဲကြီး၌ရသောအမှတ်ကို ကြည့်ပြီးမှ ဝင်ခွင့်သီးသန့်ဖြေရန်မလိုဘဲ အင်ဂျင်နီယာ သို့မဟုတ် ဆေးသိပ္ပံ သွားကြရ၏။ သတ်မှတ်သော အမှတ်မမီလျှင် ရိုးရိုးသိပ္ပံဘွဲ့ B.Sc အတွက် ပင်မတက္ကသိုလ်၌ တက်နိုင်လေသည်။

ရွှေကူကလူတွေ ရန်ကင်းမှာ ကျနေကြသောအကြောင်းကား ရွှေကူအထက်တန်းကျောင်းမှာတုန်းက သိပ္ပံမယူခဲ့ဖူး၍ဖြစ်သည်။ မက်ထရစ်ကို ပထဝီ၊ သမိုင်းဖြင့် အောင်ခဲ့ကြ၏။ သိပ္ပံမယူခဲ့ကြခြင်းအကြောင်းမှာ သိပ္ပံသင်မည့်ဆရာမရှိခြင်းပါပဲ။ ခုနှစ်တန်းထိ အထွေထွေသိပ္ပံသင်ရပြီး ရှစ်၊ ကိုး၊ တစ်ဆယ် သိပ္ပံ လုံးဝမသင်တော့ပေ။ သိပ္ပံ ယူရကောင်းမှန်းပင် မသိ။

ယခု ရန်ကုန်တက္ကသိုလ်ရောက်၍ သူများတွေ သိပ္ပံဆိုမှ သိပ္ပံပြေးယူခဲ့ကြရာ ရူပဗေဒ၊ ဓာတုဗေဒကို အင်္ဂလိပ်လိုချည်း သင်ရသောအခါ နားဝေးနေကြတော့၏။ ပထမနှစ်ကျတာ မဆန်းချေ။

ဘာပဲဖြစ်ဖြစ် သစ်ကုန်သည်သမီးများ၊ စတိုးဆိုင်ရှင်သမီးများ၊ မိဘမျိုးရိုးတတ်နိုင်သူများမို့ ဒုတိယနှစ်ကို ပျော်ပျော်ပါးပါး တက်ကြ၏။ ရုပတ်တစ်ယောက်ပဲ ပထမနှစ်မကျဘဲ အောင်သွားခဲ့သည်။ သူက ရွှေကူအထက်တန်းကျောင်းအုပ်ဆရာမကြီး၏သားတည်း။ အသက်မပြည့်မီ မက်ထရစ်အောင်ခဲ့သည်။ တက္ကသိုလ်ဝင်ရန် အသက်မပြည့်၍ တစ်နှစ်စောင့်ခဲ့ရသေးသည်။ ယခု သူက ရွှေကူသူများ



www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီဖို့ ရန်ကင်းကို လာခဲ့ခြင်းပင်။

ကိုအေးချိုက ရုပတ်၏တွဲဖက်။ ရုပတ် ရန်ကင်းကိုလာရသောအကြောင်းများတွင် သူ့တွဲဖက်သူငယ်ချင်း ရန်ကင်းမှာ ကျန်ခဲ့သည်ကို အားပေးရန်လည်း ပါသည်။ ယခု ကိုအေးချိုက ကျောင်းပေါ်တီကိုမှာ မားမားကြီးရပ်နေ၏။ ရုပတ်က ဂရေစီကို စနေဆဲ။ ဂရေစီက ကြောက်နေဆဲ။ မြမြရှိန်းနှင့် အယ်နီတာက တပြုံးပြုံးနှင့်။

"ကိုအေးချိုသူငယ်ချင်း မကောင်းဘူး။ သူများ ကျွတ်ကြောက်ပါတယ်ဆို"

ဂရေစီက ကိုအေးချိုကို တိုင်၏။

"ဟုတ်လား။ အဲလိုဆို ရုပတ်က ချိုပြီးခေါ်လာရောပေါ့"

"ဝေး... ဟေး... ဟေး"

"နင့်အသာ"

ဂရေစီ စိတ်ဆိုးလျှင် 'နင့်အသာ' ဟုပဲ ပြောတတ်သည်။ မျက်နှာကို ပြုံးပြီးပြောသဖြင့် ဂရေစီက ပို၍ချစ်စရာကောင်းသွားလေသည်။ ကိုအေးချို ဦးဆောင်ပြီး သချင်္ဂျာအခန်းသို့ သွားကြသည်။

မိုးဦးလေက ခပ်ကြမ်းကြမ်းတိုက်နေ၏။

ရန်ကင်းကောလိပ်ဝင်းထဲသို့ နဂါးတံဆိပ်ဘတ်စ်ကားများ တစ်စီးပြီး တစ်စီး ဝင်လာကြသည်။ ကိုယ်ပိုင်ကားနှင့် လာနိုင်သူ ရှားသည်ဟု ပြောနိုင်ပါသည်။ နဂါးကားများက ပြင်ပအဆောင်များမှ ကျောင်းသူကို တင်လာခြင်းဖြစ်၏။ ဖရက်ရှာကျောင်းသားများအတွက် လူနေဆောင်များကိုကား ရန်ကင်းလမ်းမကြီးဘေး အရှေ့ဘက်ခြမ်းတွင် ယာယီအားဖြင့် သွပ်မိုး၊ ဝါးထရံကာ၊ တစ်ထပ်အနိမ့်တန်းလျားများ ဆောက်ပေးထား၏။ ကောလိပ်ကျောင်းသားဆိုပြီး တိုက်ကျောင်းဆောင်မှာမနေရ၊ ရဲတန်းလျားကျနေတာပဲဟု သူတို့ပြောကြ၏။ သူတို့တန်းလျားကလည်း ရေစပ်စပ် မြက်တောထဲမှာမို့ ကျွတ်ပေါသည်။ ဖားအော်သည်။ ညနေအားလျှင် လျှောက်ပြန်သံပေးလုပ်ဖို့ မိန်းကလေးဆောင်မရှိ။ သည်တော့ ရန်ကင်းပိုက်လိုင်းအတိုင်း မြောက်ဘက်သို့ လျှောက်ကြရန် ကံဘဲ့ တီတီစီဆရာဖြစ်ကျောင်းမှ ဆရာမလောင်းလေးများကိုသာ အာသာပြေ ငေးမောကြရမြဲဖြစ်လေသည်။

"ဝါဝါဝင်းရွှေ ဝါဝါဝင်းရွှေ"



ဆလွန်းကားတစ်စီး ရှားရှားပါးပါး ပေါ်တီကိုထဲ ဝင်လာသည်။

ကားကိုမြင်ရုံနှင့် ကျောင်းသားအများစုက ဝါဝါဝင်းရွှေမှန်း သိကြ၏။ အသားလေးက တကယ့်ကို ဝါပြီးဝင်းနေသည်။ မျက်နှာလေးက မို့မို့ဖောင်းဖောင်းလေး။ ၁၆ နှစ်ဆိုသော နှင်းဆီဖူးငုံလေး။

လွှယ်အိတ်ကလေး တစောင်းလွယ်ရင်း ရုပ်တိုက်လမ်းလျှောက်လာလျှင် ကျောင်းသားများသာမက ကျောင်းသူများပါ ငေးကြရ၏။ ရန်ကင်းကောလိပ်တစ်ခုလုံးမှ အကြိတ်အနယ် မယှဉ်ပြိုင်ရဘဲနှင့် ရန်ကင်းကွင်းကို တညီတညာတည်း ပေးခဲ့ကြ၏။ နာမည်သုံးလုံးတွေ ခေတ်စားနေချိန်မှာပင် သူ့နာမည်က လေးလုံးတောင်။ ခေတ်ရှေ့ပြေးလွန်းပေစွ။

သည်ရန်ကင်းကောလိပ်ဘုရင်မ ဝါဝါဝင်းရွှေကား အင်္ဂအဖူး အလှထူးရုံတော အမူအရာပါ ကလေးလေးလို နွဲ့နှောင်းသည်။ ဟန်ပန်တွေက အနုပညာဆန်သည်။ နောင် ရုပ်ရှင်မင်းသမီးအကျော်အမော်ဖြစ်မည့်သူမို့လားမသိ။ အားလုံးသိမှာ ထူးခြာပေါ်လွင်နေတာကတော့ အသေအချာပါပဲ။

သူက ကျောင်းဆောင်နေသူမဟုတ်ချေ။ ကျောင်းဆောင်နေခွင့်ကို နယ်မှကျောင်းသူများသာ ရရှိကြ၏။ ရန်ကုန်နေများက အိမ်မှသာ ကျောင်းတက်ရသည်။ Day Student ဟု ခေါ်ကြ၏။ ဝါဝါဝင်းရွှေကား အဆိုပါ Day ဖြစ်သည်။ သူ့ဖခင်က အင်းလျားလူငယ်သင်တန်းကျောင်းအုပ်ဟု ကြားဖူးကြ၏။ သူ့ဖခင်နာမည်မှာ 'ရွှေ' ပါသည်။ ထို့ကြောင့် သူ့နာမည် ဝါဝါဝင်းရွှေ။

တစ်ကျောင်းလုံးက ကျောင်းသားများ ဝါဝါဝင်းရွှေကို ကြည့်ကြ၏။ ချစ်စနိုးဖြင့် ပိုးချင်ကြသူများ ရှိသည်။ မပိုးသည့်တိုင်အောင် နှမလေးလို ကြင်နာပြီး ခင်မင်သူများလည်း ရှိသည်။ သည်လိုနှင့် မိန်းမအချင်းချင်း ငေးကြည့်ရသည်ဆိုသော အလှဘုရင်မတစ်ပါးအဖြစ် ၁၉၅၉-၆၀ ရန်ကင်းကောလိပ်မှာ တောက်ပခဲ့သော ငွေကြယ်လဲ့လဲ့တစ်ပွင့်။

"အိတ်စ်ကျူးစ်မီး"

ဂရေစီတို့အသိုက် မုန့်စားတန်းသို့အသွား ကျောင်းသားတစ်ဦး စာရွက်တစ်ရွက်ကမ်းရင်း ခွင့်တောင်းလာသည်။

"ဘာလဲဟင်"

"ဖတ်ကြည့်ပါခင်ဗျာ"

စာရွက်ကို မယူရဲ။

www.burmeseclassic.com

www.burmeseclassic.com



"မသူတော့ဘူး။ ဒီလူတွေက အဲဒါမျိုးမဟုတ်ဘူး"

ကိုအေးချိုက တားလိုက်၏။

"ဘာလဲဟင်"

"ဒီလိုပေါ့ဟာ။ ကျောင်းသားသမဂ္ဂရွေးကောက်ပွဲ လုပ်လိမ့်မယ်။ အဲဒါ အတွက် မဲဆွယ်တာ"

"မဲဆွယ်တယ် ဟုတ်လား"

"အေးလေ။ သူတို့ကို မဲထည့်အောင်ပေါ့"

"မဲထည့်ရမယ် ဟုတ်လား။ ရှုပ်လိုက်တာ"

"နေ... နေ... ပြောရင်းဆိုရင်း ဟိုမှာ ကိုဘလေး"

ကိုအေးချိုပြရာကို ကြည့်တော့ ပင်နီတိုက်ပုံနှင့် သေသပ်စွာဝတ်ထားသော ကျောင်းသားကြီးတစ်ဦး။ ကိုအေးချိုကို နှုတ်ဆက်ပြီး အားလုံးကို ပြုံးပြလေသည်။

"ဖရက်ရှာတွေ ထင်တယ်"

"ဟုတ်တယ်။ ကချင်စတိတ်ကချည်းပဲ"

"ဟုတ်ပြီဗျာ။ စတိတ်တွေရဲ့ တိုးတက်မှုပဲ။ လာဗျာ... ကြံ့တုန်း တစ်ခုခု သောက်ရအောင်"

သူတို့အားလုံး ပါသွားကြ၏။ ရန်ကင်းကောလိပ်နံဘေး တန်းလျားကြီးထဲမှာ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ အအေးဆိုင်များ ရှိသည်။ မတိုင်ပင်ဘဲ အအေးဆိုင်ထဲ ဝင်ကြ၏။

"အားလုံး ကျောက်ကျော"

ကိုအေးချိုက ဦးဆောင်၍မှာသည်။

"ကျွန်တော် ပေးမှာနော်" ဟု ကိုဘလေးကို ပြောလိုက်သည်။

ကျောက်ကျောတစ်ခွက် ၂၅ ပြားဆိုတော့ သူတို့ ၆ ယောက်ပေါင်းမှ တစ်ကျပ်ခွဲပဲ ကျမည်။ အိမ်က လာခါစမို့ ကိုအေးချိုသေတ္တာထဲမှာ ဆယ်တန်အုပ်လိုက်ရှိနေသည်။ သောက်ကြစမ်း။

"ပြောပါဦးဗျာ ပြည်နယ်အခြေအနေ။ ဒီနှစ်တက္ကသိုလ်လာတာ များသလား"

ကိုဘလေးက ကိုယ်ကို ကိုင်း၍မေးပြီး နားစွင့်သည်။

"များတယ်ဗျ။ ကျွန်တော်တို့မြို့ကချည်း ဒီနှစ် ၁၀ ယောက်တောင်



အောင်တာ။ ခါတိုင်း ၂ ယောက်ပဲ အောင်တာလေ"

"အင်း... သတင်းကောင်းပဲ။ ပြောပါဦး"

"ယူစီဂျိုင်းတာကတော့ ဟော ... ဂရေစီ ဟိုဘက်ထီးတန်းမှာ ဘယ် ယောက်လဲ"

"ရေကြည့်မှ သိမှာပဲ"

"အတော်ရှင်းသွားပါပြီ"

ကိုအေးချိုစကားကြောင့် ဂရေစီက အယ်နီတာကို ဆွဲဆိတ်၏။

"နေဦး။ ဂရေစီအခန်းဖော်က နှင်းခိုင်လွင်၊ ထီးတန်း အတိတ်စ်ယူတယ်။ တော့ အကြင်၊ အကြင်က အီကိုယူတာ"

"ဒီလိုဗျ။ ကျွန်တော်တို့ ကချင်ပြည်နယ်က မြစ်ကြီးနားခရိုင်နဲ့ ဗန်းမော် ိုင်၊ နောက် ပူတာအိုပေါ့လေ။ အများစုက မန္တလေးတက္ကသိုလ်ပဲ သွားကြတာ ဒီနှစ်ထူးခြားမှုက မန္တလေးကို သီးခြားတက္ကသိုလ်လုပ်လိုက်တာမှာ မန္တလေး မသူချင်လို့ဆိုပြီး ရန်ကုန်ပြောင်းကြတာများတယ်။ ဘက်ချ်လာတန်းမှာကို တော်များတာ"

"ဟုတ်တယ်။ မြမြရှိန်းအစ်မ ညွန့်ညွန့်ရှိန်းတောင် ဘီအေနောက်ဆုံးနှစ် ာ ဒီပြောင်းလာတယ်"

"ကိုအောင်နိုင်တို့၊ ကိုစိုးပိုင်တို့၊ နောက်ပြီး မုံရွာက သိုက်ထွန်းတို့လည်း လေးကနေ ရန်ကုန်ပြောင်းလာကြတာ"

ကိုဘလေးက မျက်မှောင်ကုတ်ပြီး စဉ်းစားနေသည်။

"အဲဒါ ဘာ့ကြောင့်လို့ ထင်သလဲ"

"ရန်ကုန်က မြို့ကြီးလို့ပေါ့"

အယ်နီတာ့အဖြေကြောင့် အတွက်က လက်ကာသည်။

"မန္တလေးလည်း ကြီးတာပဲ"

"ရန်ကုန်က နိုင်ငံခြားအဆက်အသွယ် ပိုကောင်းတယ်"

"အဲဒါလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်ဆိုတာ မြန်မာပြည် မြို့တော်ပဲလေ"

"ရန်ကုန်တက္ကသိုလ်ကပေးတဲ့ဘွဲ့ကို ဘာလို့ပိုလိုချင်တာလဲ။ ဥပမာ တွေကော ရန်ကုန် ပိုပေးတယ်။ ဘာဖြစ်လို့ ရန်ကုန်ကိုမှ ရွေးပြီးလာကြ တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ စကားမပြန်ကြချေ။

ကျောက်ကျောတုံးများကို ဆယ်စားရင်း ငြိမ်သွားကြသည်။

''သူများလုပ်လို့ လိုက်လုပ်တာမျိုး မဖြစ်စေချင်ဘူးလေ''

ကိုဘလေးက တွေးတွေးဆဆ ပြော၏။

''ကိုဘလေးတို့ တက္ကသိုလ် ခေါင်းဆောင်တွေကကော ဘယ်လိုမြင်လဲ''

သည်မေးခွန်းကို ကိုအေးချိုက တည်တည်ငြိမ်ငြိမ်မေးသည်။

ကိုဘလေးက ကျောက်ကျောခွက်ကို လှည့်ကစားရင်း ...

''အေးဗျ။ ကိုအေးချိုမေးမှ ကျွန်တော်လည်း အဖြေရခက်သွားတယ်။ တိုတိုပြောရင်တော့ အထင်ကြီးတာပေါ့လေ။ ကမ္ဘာပေါ်မှာလည်း တက္ကသိုလ်ဆိုရင် အောက်စဖို့ဒ်ထွက်၊ ဟားဗတ်ထွက် စသဖြင့် ဂုဏ်ယူကြတယ်။ ပညာသင်တာက ဒါတွေပါပဲ။ ဒါပေမဲ့ လူမှုရေးအမြင်၊ နိုင်ငံရေးအမြင် နောက်ပြီး အသိုင်းအဝိုင်း၊ အစဉ်အလာ မတူဘူးပေါ့ဗျာ။ မန္တလေးဆိုတာက အရင်က ရန်ကုန်လက်အောက် ဟုတ်လား။ မန္တလေးမှာတက်ရင်လည်း ဘွဲ့ယူတော့ ရန်ကုန်မှာယူရတာ။ အခု ခွဲလိုက်တော့ မူရင်းတက္ကသိုလ်ကို ပိုပြီးအထင်ကြီးကြတယ် ထင်ပါရဲ့။ နောက်တစ်ခုက အစဉ်အလာ...''

''လုပ်စမ်းပါဦး''

''အစဉ်အလာက အရေးကြီးတယ်ဗျ။ ရန်ကုန်တက္ကသိုလ်ဆိုတာ ကျွန်တော်တို့ တိုင်းပြည်ခေါင်းဆောင်ကြီးတွေကို မွေးထုတ်ခဲ့တဲ့ ကျောင်း။ ဥပမာ အခုလက်ရှိဝန်ကြီးချုပ်ဦးနု ... ရန်ကုန်တက္ကသိုလ်ထွက်။ ဗိုလ်ချုပ်အောင်ဆန်း ဗိုလ်ချုပ်ဆိုရင် ပဲခူးဆောင်မှာ ဗိုလ်ချုပ်နေခဲ့တဲ့အခန်းကို သီးသန့်အမှတ်တရထားတာ။ ပညာရှင်တွေထဲကလည်း ဒေါက်တာထင်အောင်၊ ဦးဖေမောင်တင်၊ သိပ္ပံမောင်ဝ၊ အခုနောက်ပိုင်း ဆရာဇော်ဂျီ၊ မင်းသုဝဏ် ...''

''ဟုတ်တယ်နော်။ ရန်ကုန်က ပညာရှင်ကြီးတွေ ထွက်တာ''

''ဒါက အရင်က ရန်ကုန်တစ်ခုတည်း ရှိတာကိုး။ ဒါပေမဲ့ ညီမတို့ သိထားရမှာက အခု ဖဆပလအစိုးရက ကျောင်းသားတွေ အသိနိုးကြားပြီး အစိုးရကို ပုန်ကန်မှာ ကြောက်တယ်။ ကွန်မြူနစ်စာပေနဲ့ ကွန်မြူနစ်ဝါဒ လွှမ်းမိုးမှာ ပူတယ်။ ဒါကြောင့် အစိုးရဘက်တော်သား DSO ဆိုတာ ဖွဲ့ထားပေးတာ။ အစ်ကိုတို့ 'တပ်ဦး' ကို တိုက်ဖို့ပေါ့။ ဒါကို ဒီညီမလေးတွေ နားလည်ရမယ်။ တပ်ဦးက ကျောင်းသားဘက်က အမြဲရပ်တည်တယ်။ ကျောင်းသားအခွင့်အရေး





ပြည့်အဝရအောင်လုပ်မယ်။ ကျောင်းဆောင်တိုင်းက S & R (သဟာယနဲ့ အတ်သင်း) အားလုံးဟာ အစ်ကိုတို့တပ်ဦးနဲ့ လက်တွဲပြီး လုပ်ရမယ်။ ဒါမှ ရန်ကုန်တက္ကသိုလ်တစ်ခုလုံးကို ထိန်းနိုင်မှာ''

''ရွေးကောက်ပွဲလုပ်ရင် တပ်ဦးကို မဲပေးရမယ်ပေါ့''

အတွတ်က ဝင်ထောက်၏။

''ဒါက ညီမလေးတို့သဘောပါ။ အစ်ကိုက DSO နဲ့ တပ်ဦး ကွာခြားချက်ကိုသာ ရှင်းပြတာပါ။ လွတ်လပ်စွာ မဲပေးခွင့်ရှိပါတယ်။ တပ်ဦးဘက်ကိုပဲ ယုံကြည်ဆုံးဖြတ်ထားရင်လည်း အကောင်းဆုံးပေါ့ဗျာ''

အားလုံး ရယ်ဖြစ်သည်။

ဂရေစီ့စိတ်ထဲမှာတော့ ရှုပ်လိုက်တာဟု ထင်၏။ ဒီနေ့ သချာသင်သော ကျောင်းသားဆရာကြီးပြောတာ မရှင်းရသည့်အထဲ တက္ကသိုလ် မဲဆွယ်သူ၏ နိုင်ငံရေး အရေး နားထောင်ရတာကို ခေါင်းနောက်လာသည်။

ဘာပဲပြောပြော ညကျလျှင်တော့ အဆောင်မှာ ပြောစရာရပြီ။

ခါတိုင်းညတွေမှာ နှင်းခိုင်လွင်တို့က သူတို့ထီးတန်းက မြန်မာစာပြဆရာ တွေ အသင်အပြကောင်းကြောင်း၊ အဟောအပြောကောင်းကြောင်း ဟန်နှင့်ပန်နှင့် ပြန်လုပ်ပြတတ်သည်။ ဒီညတော့ ဂရေစီ့အလှည့်ပဲ။ မြန်မာနိုင်ငံရဲ့အစဉ်အလာမှာ ရန်ကုန်တက္ကသိုလ်ကြီးရှေ့ဆောင်ခဲ့ကြောင်း လူတတ်လုပ်ပြီး ပြောပြရဦးမည်။

''ကဲ... အစ်ကို ပြန်မယ်''

''ဟုတ်ကဲ့။ ဒါနဲ့ အစ်ကိုနဲ့ ဆက်သွယ်ချင်ရင်''

ဂရေစီက မေးသည်။

''ညီမလေးက အင်းလျားလား''

''ဟင့်အင်း ... ရတနာပါ''

''အို့... ရတနာဆိုရင် မခင်အေး ရှိတယ်လေ။ ဘာမဆို သူ့ကိုမေးနိုင်တယ်''

''သူ့ကို ဂရေစီ မသိသေးဘူး''

''နောက်တော့ သိလာမှာပါ။ S & R မဖွဲ့ရသေးလို့။ ဖွဲ့ရင် မခင်အေးက ရတနာဥက္ကဋ္ဌဖြစ်ချင်ဖြစ်မယ်။ သူမဟုတ်ရင် မေဘယ်လ်ကိုကြီး ရှိတယ်။ အားလုံး အစ်ကိုတို့မောင်နှမတွေပါ။ အစ်ကိုလည်း ရတနာကို ရောက်ဦးမှာပါ။ အခု လော လောဆယ် စည်းရုံးရေးတွေ ဆင်းနေရလို့။ ကဲ... အစ်ကို သွားပြီ''



www.burmeseclassic.com

www.burmeseclassic.com



ကိုဘလေးက ထိုင်ရာမှထပြီး ခပ်သွက်သွက်လျှောက်သွားသည်။

ဂရေစီစိတ်ထဲမှာ တက္ကသိုလ်ဆိုတာ ဒါမျိုးတွေလည်း ရှိတာကိုးဟု စဉ်းစားရင်း ခေါင်းကုတ်လိုက်သည်။

ကွန်မင့်မှာပဲ ကောင်းတယ်။ ဘာသမဂ္ဂမှ မရှိ။ ဘာရွေးကောက်ပွဲ၊ ဘာမဲဆွယ်ပွဲ၊ ဘာစည်းရုံးရေးပွဲမှ မရှိ။ မာသာရယ်၊ စစ်စတာရယ် ဒါပဲ။ အချင်းချင်း ရန်မဖြစ်ရင် ပြီးပြီ၊ အချိန်ဇယားအတိုင်းနေရင် ပြီးပြီ။ အခု တက္ကသိုလ်ဆိုတာကြီးက ရှုပဗေဒ၊ ဓာတုဗေဒ၊ သချာနဲ့တင် မပြီးသေးပါလား။ ရှုပ်လိုက်တာဟု တွေးနေမိသည်။

မိုးဖြိုင်ဖြိုင် ရွာလာ၏။

ကျောင်းကား မလာသေး။

ကင်တင်းမှာပဲ ဆက်ထိုင်နေကြရလေသည်။

❐



## (၇)
## ထီးတန်းကောလိပ်

၁၉၅၉-၆၀ ပညာသင်နှစ်သည် ထီးတန်းကောလိပ်အဖြစ် နောက်ဆုံးတည်ရှိခြင်းဖြစ်၏။ စင်စစ် ထီးတန်းကောလိပ်ဆိုသည်ကလည်း တက္ကသိုလ်ကောလိပ်အဖြစ် ရည်ရွယ်ခဲ့ခြင်းမဟုတ်ချေ။ ကြည့်မြင်တိုင်၊ ထီးတန်းလမ်းက အဆောက်အအုံကြီးမျှသာ ဖြစ်သည်။ အထက်တန်းကျောင်းအဖြစ် ဆောက်လုပ်ထားသည့်တိုင် လက်ကျန်အုတ်တိုက်ကြီးလည်း ရှိသည်။ ရပ်ကွက်အကြိုအကြားမှာမို့ သီးသီးသန့်သန့်မဟုတ်။ စာရေးကိရိယာဆိုင်ပင် မရှိ။ မုန့်ဆိုင်တန်းလေးက ခပ်ကျပ်ကျပ်။ ဝင်းထဲမှာ ပင်မတက္ကသိုလ်က ကျောင်းသူကျောင်းသားများကို သယ်လာသော နဂါးဘတ်စ်ကားအနီရောင်များ ဝင်လိုက်ထွက်လိုက်။ ဆရာများ ထိုလည်း စာသင်ချိန်အလိုက် သယ်ရသဖြင့် နဂါးဘတ်စ်ကားများ အားရသည် မရှိ။

''ကျောင်းဖယ်ရီခ ၁၅ ကျပ် ပေးရမတဲ့''

ကျောင်းမတက်ခင်ညမှာ ရတနာဆောင်ဧည့်ခန်း၌ ကြေညာသည်။

''၁၅ ကျပ် တောင်တဲ့''

နှင်းနှင်းက နည်းနည်းစိတ်ညစ်သွားရ၏။

နှင်းနှင်းလခက ၁၃၇ ကျပ် ဖြစ်သည်။ ၃၇ ကျပ်ကို မမလေးနှင့် မောင်လေး၊ ညီမလေးတို့ တစ်လစာ ကုန်ခြောက်ဖိုးလုပ်ဖို့ ထားလိုက်ပြီး နှင်းနှင်းထံ ၁၀၀ ကျပ်ပဲ ပို့ပါဟု အိမ်ကို မှာခဲ့သည်။ ကျောင်းဆောင်ခက ၅၀ ကျပ် ကျောင်းစာသင်ခက ၁၅ ကျပ် (ဒါကို နှစ်လမှ တစ်ခါ ၃၀ ကျပ်ပေါင်းပြီး သွင်းရမည်တဲ့)။ ဒီတော့ ၆၅ ကျပ် ကုန်ပြီ။ အခု ကျောင်းဖယ်ရီခက ၁၅ ကျပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်နုတ်တော့ နှင်းနှင်းမုန့်ဖိုး ဘယ်လောက်ကျန်လဲ။ ၅၀ ကျပ် + ၁၅ ကျပ်+ ၁၅ ကျပ် = စုစုပေါင်း ၈၀ ကျပ်ဆိုတော့ ၂၀ ကျပ်ပဲ ကျန်မယ်။

ရတယ်လေ။ ရတနာမှာက မနက်စောစော ကော်ဖီ၊ နံနက်စာထမင်း။ နေ့ခင်းကော်ဖီနဲ့ ပေါင်မုန့်၊ ညစာ ထမင်း ဒါဆို လုံလောက်နေပြီပဲ။ မနက်ကော်ဖီကို မသောက်ဘဲ ဓာတ်ဘူးနှင့် ထည့်ယူသွားလို့ ရသည်။ ကျောင်းမှာ နေ့ခင်းဆာလျှင် မုန့်ဟင်းခါးအလွတ်တစ်ပွဲ ပြား ၂၀။ ပဲကြော်နဲ့မှ ၂၅ ပြား။ အအေးက ရေခဲသုပ် ၂၅ ပြား၊ ကျောက်ကျောသံပရာရည် ၂၅ ပြား။

တစ်နေ့ကုန်လုံးမှာမှ ပြား ၅၀ ပဲ ကုန်မည်။လောက်နိုင်ပါတယ်။ သူဌေးသမီးတွေကတော့ စပယ်ရှယ်ပဲ။ အဆောင်မှာ ရေနွေးဓာတ်ဘူးနှင့် ရေနွေးယူကြသည်။ ထမင်းစားခန်းအဝင်ဝမှာ ရေနွေးအိုးကြီးထားသည်။ ပြီးတော့ သူတို့က ကော်ဖီမှုန့်၊ နို့ဆီ (သကြားကို ရှပ်သည်တဲ့)၊ ပြီးတော့ အိုဗာတင်း၊ မိုင်လို၊ ချိုချဉ်၊ ကိတ်ခြောက် အစုံပဲ ပုလင်းတွေနှင့် ထည့်ထားကြလေသည်။ နှင်းနှင်းက ဒါတွေကို အားမကျအားပါ။ ကိုယ့်အိမ်မှာလည်း ဒါတွေ စားရတာမ မဟုတ်တာ။ ကော်ဖီတောင် ဒီကျမှ မှန်မှန်သောက်ရတာ။ အိမ်မှာဆို အမေက နေမကောင်းဖြစ်တော့မှ ထမင်းနဲ့ မတည့်ဘူးဆိုပြီး ကာကာဆိုင်က ကော်ဖီကို တစ်မတ်ဖိုး ဝယ်တိုက်တာ။ ဒါကြောင့်လည်း မမလေးက ကော်ဖီဆို အသေမုန်း။ လူမမာစော် နံသတဲ့။

အခုတော့ နှင်းနှင်းမှာ လူမမာစော်မနံနိုင်။ ဒီရတနာက ကော်ဖီကျဲကျဲကိုပဲ အားခဲပြီး ဓာတ်ဘူးလေးနှင့် ကဲ့ယူထားရသည်။ သူများလို အခန်းထဲမှာ ဖျော်သောက်နိုင်သည်မှ မဟုတ်တာ။ သို့သော် နှင်းနှင်းတို့အုပ်စုက ကိုယ်လိုလူတွေချည်း။ မမြင့်၊ ဌေးဌေး၊ မိမြကြည်၊ ခင်လှမြင့်၊ မကြင်ယုံ၊ ဂရေစီ ပြီးတော့ အင်တာ(ဘီ) က အိုင်ရင်း၊ အားလုံး လက်ဖက်ကြိုက်ကြသည်။ ညဘက် စာကျက်ချိန် ၈ နာရီမတိုင်ခင် လက်ဖက်သုပ် ဝယ်ကြ၏။ ရတနာ့ညစောင့်ဒရဝမ်ကြီး၏အခန်းမှာ လက်ဖက်သုပ်၊ ချင်းသုပ်ရောင်းသည်။ တစ်ထုပ်ကို တစ်မတ်။ တစ်ကျပ်ဖိုး လေးထုပ် ဝယ်လိုက်လျှင် ကိုယ့်လူလေးငါးခြောက်ယောက် စားပေရော့။ ညနေဘက် ထမင်းမသယ်ရစည်းကမ်းကို ချိုးဖောက်ပြီး ထမင်းကို ဖုက်ယူထားကြသည်။ မမြင့်က ရေနွေးကြမ်းဓာတ်ဘူးကြီးနှင့်၊ လက်ဖက်သုပ်နှင့် ထမင်းကြမ်း၊ ငရုတ်သီးစိမ်းစပ်စပ်၊ ကြက်သွန်ဖြူပွပွ ဘယ်လိုကောင်းမှန်းမသိ။ သည်တော့ စားစရာမရှိမှာ မပူရချေ။





မနက်စောစော ထရတာကိုတော့ နှင်းနှင်း စိတ်ညစ်သည်။ ထီးတန်းမှာ အသင်ခန်းတွေက ၈ နာရီ စသည်။ အဆောင်က ၇ နာရီ နောက်ဆုံး ကားထွက်သည်။ အဲသည်နောက်ဆုံးကားကို မီဖို့ ၆ နာရီခွဲတော့ ထရမည်။ ဝီရိယကောင်းသူများက ၅ နာရီခွဲထပြီး ရေချိုး အလှပြင်ပေါ့။

နှင်းနှင်းကတော့ ၆း၀၀ နာရီ ကော်ဖီသံချောင်းခေါက်လျှင် နိုးတော့နိုးသည်။ ခုမှ ၆ နာရီဆိုပြီး ဟိုဘက် စောင်းအိပ်သည်။ ၆း၃၀ မှာ ထမင်းစားသံချောင်းခေါက်မှ 'ဟယ် ... ခြောက်နာရီခွဲပြီ' ဆိုပြီး ကပျာကယာ ထရ၏။ အိပ်မှုန်စုံမွှားဖြင့် ရေချိုးခန်းပြေးရ၏။ ရေချိုးခြင်း၊ အလှပြင်ခြင်းအတွက် စုစုပေါင်း ၁၅ မိနစ်ပဲ အချိန်ယူသည်။ မနက်ဝတ်ဖို့အဝတ်အစားကို ညကတည်းက အဆင်သင့်ပြင်ထားခဲ့၏။ စာအုပ်၊ လွယ်အိတ် အဆင်သင့်ဖြစ်၏။ သည်တော့ ၆း၄၅ မှာ လွယ်အိတ်လွယ်ပြီး ထမင်းစားခန်းသို့ ပြေးဆင်းသည်။ ၁၀ မိနစ်အတွင်း အပြီးစားသည်။ ၇ နာရီ ကားပေါ်ရောက်သောအခါ နေရာပြည့်နေပြီ။ မမြကြည်နှင့် ဌေးဌေးက နေရာဦးထားပေးပေလို့။ သို့နှင့် ၇း၀၀ နာရီ ကားထွက်သောအခါ နှင်းနှင်းမျက်နှာကိုကြည့်ပြီး မမြင့်က တို့ဖတ်ပဝါနှင့် ဖျက်ပေးရမြဲ။ နှင်းနှင်းတစ်မျက်နှာလုံး သနပ်ခါးဘဲကျားတွေဆိုပဲ။ ဟုတ်မှာပေါ့။ သနပ်ခါးမခြောက်ခင် ပြေးဆင်းခဲ့ရတာကိုး။ ကားပေါ်မှာ မမြင့် တို့ဖတ်ဖြင့် ညှိပေးသည်ကို မရှက်မကြောက် ငြိမ်ခံရင်း အိမ်မှာတုန်းက ကျောင်းသွားခါနီးတိုင်း ခေါင်းဖြီးပေးခဲ့သော မမလေးကို လွမ်းလေသည်။

ရတနာ့ဆောင်သည် အင်းလျားလမ်းပေါ်မှာ ရှိ၏။

ရတနာမှ ကြည့်မြင်တိုင်ထီးတန်းအထိသွားသော ကျောင်းကားသည် အတိုဆုံးလမ်းဖြစ်သော အင်းလျားလမ်း၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်အပေါ်လမ်းဖြင့် သွားမြဲဖြစ်သည်။ တစ်ခါတစ်ရံမှာ ဒရိုင်ဘာဦးကြီးက စိတ်ကူးပေါက်ပြီး အင်းလျားလမ်းမှ ပြည်လမ်းဘက် ဖောက်ထွက်လျှင် နှင်းနှင်းတို့တစ်သိုက် တယေးယေးနှင့် ပျော်၍မဆုံး။ ဌေးဌေးကဆိုလျှင် "ဦးရီး ပြည်လမ်းဘက်က မောင်းပါ" ဟု ချွဲပြီး တောင်းဆိုတတ်သည်။ ပြည်လမ်းမကြီးတစ်လျှောက် ကားစီးရခြင်းကို ဘာ့ကြောင့်များ အဆန်းတကြယ်ပျော်ကြလဲမသိ။ တစ်ခါတစ်ရံမှ လှည်းတန်းအဝိုင်းနားက ဓာတ်ဆီဆိုင်မှာ ဆီဝင်ထည့်ရင်း ကားပျက်တတ်၏။ ဘာလုပ်ကြလဲ။ မိန်းကလေးတွေပဲ ရှိတာမို့ တစ်ကားလုံးဆင်းပြီး ဘတ်စ်ကားကြီးကိုတွန်းကြရ၏။ စိတ်ညစ်ဖို့များ မတွေးမိ။ ရှက်ဖို့ဆိုတာ ဝေလာဝေး။ ကားတွန်းရတာကို

www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်းထဲရောက်နေသလို ခံစားရသည်။ ဟေး... ဟေး... နှင့် ညာသံများပင် ပေးလိုက်သေး။ ဘယ်လိုတက္ကသိုလ်ကျောင်းသူတွေလဲဟု ပြောလည်း ခံရုံပါပဲ။ အင်းလျားဆောင်က မြမြရှိန်းကတော့ ပြောဖူး၏။ 'တို့က ခုမှ ကောလိပ်ကြက်ချေးတန်း' ပဲတဲ့။ ဟုတ်ပါရဲ့။ ဥပစာ (က) တန်းဆိုတာ ကောလိပ်မှာ သူငယ်တန်းပဲလေ။ ကလေးစိတ် မစင်တစင်။ အပျိုစိတ် မဝင့်တဝင်။

ဒါကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

ထိုးတန်းမှာ မြန်မာစာသင်သောဆရာများက လက်ထောက်ကထိက ဦးဖိုးကျော်မြင့်၊ ဦးတင်မောင်ဒွေး (မြန်မာစာဂုဏ် တင်မောင်ဒွေး)၊ ဦးမြင့်ကြည် (ဂီတစာဆိုတက္ကသိုလ်မြတ်စိုး) စသူတို့ဖြစ်ရာ ဆရာတွေကလည်း ဆရာဖြစ်ခါစများဖြစ်၏။ ကျောင်းသူတွေကလည်း ဟန်မလုပ်တတ်သူများ။ တစ်ခါက ဆရာဦးဖိုးကျော်မြင့် စာသင်ရာမှာ စင်ပေါ်မှာမြင်ရသော ဆရာ့ခြေထောက်တွင် ဖိနပ်က အပြာရောင်ကြိုးတစ်ဖက်၊ အစိမ်းရောင်ကြိုးတစ်ဖက် ဖြစ်နေ၏။ ဒါ ဘာဖြစ်လဲ။ မမြင်ချင်ဟန်ပြုနေရမှာ ဟုတ်လား။ နှင်းနှင်းတို့က သည်လိုမဟုတ်။

"ဟော့ ... ဆရာ့ခြေထောက်ကို ကြည့်စမ်း။ ဖိနပ်က အပြာတစ်ဖက်၊ အစိမ်းတစ်ဖက်"

ဟု စာတိုလေးရေးပြီး တစ်ယောက်ပြီးတစ်ယောက် လက်ဆင့်ကမ်းကြသည်။ ဆရာ့ကို လှမ်းကြည့်၊ ပြုံးစိစိတွေဖြစ်ရာက မအောင့်နိုင်သူက ဟီခနဲ ကျိတ်ရယ်။ ဆရာသိသွားတော့ ဆရာတပည့်တွေ တအုံးအုံးရယ်လိုက်ကြကာ ထိုးတန်းကောလိပ်ခေါင်မိုးပေါ်က ကြွက်တွေတောင် လန့်ပြေးလောက်သည်။

ဆရာဦးမြင့်ကြည် စာသင်ပုံကလည်း အဆောင်မှာ ပြန်ပြောစရာဖြစ်ခဲ့၏။ နတ်သျှင်နောင်၏ ကျေးစေရတုတစ်ပုဒ်။ မောင်တော်နတ်သျှင်က နှမတော် ရာဇဒေဝီကလျာကို လွမ်းကြောင်းဖွဲ့ရာမှာ ဘမရာသနပလ္လင်ထက် စုလျားရစ်ပတ် လက်ထပ်ရမည့်သူအဖြစ် ဖွဲ့ဆိုထားသည်ကို ဆရာက ပလ္လင်ရှစ်မျိုးကို အကျယ်ချဲ့သင်သည်။ အဲသည်ပလ္လင်ရှစ်ခန်းမှာမှ 'ဘိသိက်ခံရမည့်ပလ္လင်' ကို ပြောသည်။ ပလ္လင်တစ်ခုချင်းကို လိုက်မှတ်ရင်း ခေါင်းရှုပ်ခဲ့သော နှင်းနှင်းသည် 'ဤပလ္လင်တွင် လက်ထပ်ရမည့်မောင်တော်' ဟု အနားသတ်လိုက်သောအခါ နားထဲ ဘဝင်ကျသွားသည်။ ဘဝင်ကျတာကို ရင်ထဲမထား။ "ဩော်... မောင်တော်က ခုမှလာတာကိုး" ဟု နှုတ်က ဖွင့်ပြောလိုက်မိ၏။ တစ်ခန်းလုံး တိတ်နေသည့်ကြားမှာ နှင်းနှင်အသံက ကျယ်သွားပုံရ၏။ ဆရာသည် အသံထွက်လာရာ တတိယ





တန်းမှ နှင်းနှင်းကို လှမ်းကြည့်ကာ "အေး... ဟုတ်တယ်။ မောင်တော်က ခုမှလာတယ်" ဟု ပြောလိုက်ရာ တစ်တန်းလုံး ဝါးခနဲ ပွဲကျသွားတော့သည်။

'ဟင်... ဆရာက မောင်တော်လည်း မဟုတ်ဘဲနဲ့' ဟု ပြန်မပြောရဲသည့်တိုင် နှင်းနှင်း ရှက်ပြီး ခေါင်းငုံ့မနေခဲ့။ သူများနှင့်ရောပြီး ရယ်နေခဲ့လေသည်။ ဒွေးဒွေးကတော့ နှင်းနှင်းကို ကျိတ်ပြီး တံတောင်ဆစ်နှင့် ထိုးသည်။

အောင့်ထားပြီးမရလို့ထွက်လာသော မကြင်ယုံအသံက 'အိ...အိ...' မို့ နောက်တန်းက ကျောင်းသားတွေ ထပ်ရယ်ကြပြန်သည်။ နှင်းနှင်းတို့ စိတ်ကြိုက် မြန်မာစာသင်ချိန်များကား ဘယ်တော့မှ အိပ်ငိုက်ချင်ဖွယ်မရှိဟု အဆောင်မှာ ပြန်ပြောရစမြဲတည်း။

"အဲဒါ သောင်းထိုက်"

"ဟုတ်လား။ အရပ်အရှည်ကြီးနော်"

"မာနလည်း မကြီးဘူး"

"ဝန်ကြီးချုပ်သားလို့သာ ဆိုတယ်။ သာမန်လူလိုပဲ"

မျက်မှန်နှင့် လွယ်အိတ်ဖားဖားနှင့် သောင်းထိုက်သည် အနောက်တိုင်းသမိုင်းအချိန်မှာ နှင်းနှင်းတို့နှင့် ဆုံသည်။ သူ့ကို ကျောင်းသူများက စိတ်ဝင်စားကြသော်လည်း ခပ်ဝေးဝေးကပဲ ကြည့်ကြ၏။ သူကလည်း ဘယ်သူနှင့်မှမပေါင်း။ ငိုက်စိုက်ငိုက်စိုက်နှင့် စာကြမ်းပိုးဖြစ်ပုံရလေသည်။

"သောင်းထိုက်က ဦးနုသား။ ဂျာနယ်ကျော်မမလေးသားက မိုးဟိန်း"

ခင်စန်းမြင့်က မှတ်မှတ်ရရရေတွက်နေ၏။ မိုးဟိန်းကလည်း သောင်းထိုက်လိုပင် အရပ်မြင့်မြင့်၊ ခါးကိုင်းကိုင်း။ သူလည်း စာကြမ်းပိုးနှင့် တူသည်။ အနောက်တိုင်းသမိုင်းအချိန်မှာ ရောက်လာတတ်သည်။ သူ့အစ်မဟု သိရသော ခင်လေးမြင့်က ပြင်သစ်စာယူသတဲ့။ ခင်စန်းမြင့်က ပခုံးတွန့်ပြီး 'အံမာလေး တို့မှာ ပြင်သစ်နေနေသာသာ အင်္ဂလိပ်စာနဲ့ သေလုပြီ' ဟု ရယ်ရင်း ပြောနေခဲ့သေးသည်။

"နှင်းနှင်း လာ။ တယ်လီဖုန်းဆက်တာ သင်ပေးမယ်"

ခင်စန်းမြင့်ကား သည်လိုအစ်မဖြစ်၏။

နှင်းနှင်းက တယ်လီဖုန်းမရှိသောအရပ်မှ လာမှန်းသိ၍ တယ်လီဖုန်းသုံးတတ်အောင် သင်ပေးရမည်ဟု ယူဆသည်။ ထိုးတန်းကောလိပ်မှာလည်း တယ်လီဖုန်းဆို၍ ရုံးခန်းမှာပဲရှိသည်။ ကျောင်းသူကျောင်းသားများ အရေးပေါ် သုံးနိုင်သည်။ ထို့ကြောင့် ခင်စန်းမြင့်က အရေးပေါ်ဟန်ဆောင်ကာ နှင်းနှင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျော့ခေါ်သွားခဲ့၏။

"ဒီမှာ ကြည့်။ ဒါကို အရင်ကိုင်ပြီး နားမှာကပ်။ တီ ဆိုတဲ့ အသံရှည်ကြီး ကြားရင် အဲဒါ အော်တိုဝင်တယ်လို့ ခေါ်တယ်။ လှည့်ချင်တဲ့နံပါတ်ကို လှည့်တော့"

"ဟင့်အင်း... နှင်းနှင်းမှာ တယ်လီဖုန်းအသိတစ်ယောက်မှ မရှိဘူး"

ခင်စန်းမြင့် ရယ်သည်။

သည်လို ရိုးအသဖြင့် နှင်းနှင်းကို ခင်စန်းမြင့် သံယောဇဉ်ဖြစ်သည်။ မနက်စောစော ကျောင်းကားပေါ်မှာ မျက်နှာသနပ်ခါးဘဲကျားဖြစ်နေ၍ တို့ဖတ်နှင့် ပွတ်ပေးရတာလည်း အကြိမ်ကြိမ်။ ဒါ့အပြင် ...

"ဒီမှာ ကြည့်။ ပိုက်ဆံအိတ်ထဲကို ဟောသလို ဘီးသေးသေးလေးတစ်ချောင်းရယ်၊ နှုတ်ခမ်းနီတောင့်ရယ်၊ ပြီးတော့ တို့ဖတ်စလေးရယ် ထည့်ထား။ နောင် ခရင်းပတ်ဖ် ဝယ်နိုင်ရင် ဝယ်ပေါ့။ တစ်နေကုန် အပြင်မှာ နေရတာ။ ချွေးပြန်တော့ မျက်နှာအဆီပြန်တယ်။ မိန်းမဆိုတာ အမြဲလှနေရတယ်ဟဲ့ မှတ်ထား။ လက်ထရိန်ဝင်ရင် အဲဒီမှာ မျက်နှာကို ပြန်ပြင်။ နှုတ်ခမ်းနီ ထပ်ဆိုးပေါ့"

ဟုလည်း လက်ချာပေးတတ်သေးသည်။

နေ့ခင်း ၂ နာရီခွဲလျှင်တော့ အတန်းအားလုံးပြီးပြီ။

အပြန်ဘတ်စ်ကားများ လာကြပြီ။

သည်အခါမှာလည်း မကြင်ယုံက နေရာဦးသူပါပဲ။

ခင်လှမြင့်က မကြင်ယုံဦးထားသောနေရာမှာ အေးအေးလေး ဝင်ထိုင်ရင်း 'မကြင်ယုံက အားကိုးရတယ်' ဟု ပြောလျှင် မကြင်ယုံက မျက်စောင်းလှလှလေးနှင့် တုံ့ပြန်တတ်၏။ ဌေးဌေးကတော့ နေရာမမက်ချေ။ မမြင့်ပေါင်ပေါ် ထိုင်မယ်ဆိုပြီး တမင်ချွဲချင်ချွဲတတ်သည်။ ကားထွက်သောအခါ လက်ထဲက ရေခဲပလုတ်တုတ်က မကုန်သေး။ ကားက ဦးဝိစာရလမ်းကို ဖြတ်လျှင် ဝိဇယ ရုပ်ရှင်ရုံကို အရအမိကြည့်ရသေးသည်။ ကြိုက်သည့်ကား ရုံတင်လျှင် ကျောင်းပြေးပြီး ကြည့်ကြဖို့ ခင်စန်းမြင့်က ဦးဆောင်ကြံစည်ပြီးဖြစ်၏။ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေများမှာ စိတ်ကြိုက် အပြင်ထွက်နိုင်သော်လည်း ကျောင်းပြေးပြီး ရုပ်ရှင်ရုံထဲဝင်ရသော အရသာကား ဘယ်လိုမှမေ့နိုင်စရာမရှိ။ မိမိတို့ကိုယ်မိမိတို့ တိုက်ပွဲတစ်ခု အောင်မြင်အောင် တိုက်နိုင်ခဲ့လေပြီဟု သွေးနားထင်ရောက်ခဲ့လေသည်။





"ကျွန်တော် မောင်ဆွေတင့်ပါ"

နေ့လယ်ကျောင်းဆင်းချိန်တစ်ချိန်။

စိတ်ကြိုက်မြန်မာစာအခန်းမှာ ခင်စန်းမြင့်တို့အုပ်စု ရေခဲပလုတ်တုတ်စုပ်နေကြဆဲ ဘောင်းဘီရှည်နှင့် အရပ်ပုပု၊ အသားဖြူဖြူ၊ လူပုံလှလှတစ်ယောက် ဝင်လာပြီး မိတ်ဆက်သည်။

"သြော် ... ရှမဝမောင်ဆွေတင့် ထင်တယ်"

ပြန်ပြောနိုင်သူက နှင်းခိုင်လွင်ပါပဲ။

"ဟုတ်ပါတယ်။ ဒီမှာ စာရေးဆရာမ နှင်းခိုင်လွင်ဆိုလို့"

"ဟုတ်ကဲ့ ကျွန်မပါ"

ဌေးဌေးက နှင်းနှင်းကို လက်ကုတ်၏။ သတိထား ဆိုသည့်သဘော။

ခင်စန်းမြင့်က လူကြီးစတိုင် ဖမ်းလိုက်ပြီး ...

"သြော် ... ထိုင်လေ။ မမနာမည်က ခင်စန်းမြင့်ပါ။ ဝါးခယ်မက"

မောင်ဆွေတင့်က အသာပြန်ပြုံးပြပြီးမှ ...

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော့်ကို ဦးလေးသော်တာဆွေက ပြောလိုက်လို့ပါ။ ထီးတန်းမှာ စာရေးဆရာမလေး နှင်းခိုင်လွင် ရောက်နေတယ်။ ဂရုစိုက်လိုက်ပါဆိုလို့"

"ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်တို့ စာသမားချင်း မိတ်ဆွေဖြစ်ရမယ်တဲ့"

"မမြင့်တို့လည်း ခင်တတ်ပါတယ်။ ဒါနဲ့ မင်းကော ဒီမှာပဲလား"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော်က အင်တာ(ဘီ) ပါ။ မိန်းရောက်ပါပြီ"

"သြော် ... သြော်..."

"အခုလာတာက ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ကလောင်သင်းမှာ ဒီက နှင်းခိုင်လွင် အမှုဆောင်ဝင်လုပ်စေချင်လို့ပါ"

နှင်းနှင်း မျက်လုံးပြူးသွားသည်။ ရန်ကုန်တက္ကသိုလ်ကလောင်သင်း ဆိုပါလား။ အမှုဆောင်လုပ်ဖို့တဲ့။ ဒါတွေ နှင်းနှင်း တစ်ခါမှ မကြားဖူးခဲ့ချေ။

"အခု ဒီနှစ် အမှုဆောင်သစ်ပြန်ဖွဲ့ရင် အတွင်းရေးမှူးက မောင်သက်ဆွေ (တောင်ငူ)ကို လျာထားကြတယ်။ ကျွန်တော်က တွဲဖက်အတွင်းရေးမှူး"

"ဟုတ်... ဟုတ်ကဲ့"

"ဥက္ကဋ္ဌကတော့ အင်ဂျင်နီယာရင်းက ကိုဝင်းတင့်နဲ့ မြန်မာစာဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com



တန်းက ကိုပုညတို့ တစ်ယောက်ယောက်ဖြစ်လိမ့်မယ်''

''ဪ... ဪ''

''ထီးတန်းတာဝန်ခံက ထီလာစိုးမြင့်ထယ်ကို ပြောပြီးပြီ''

''ဟုတ်လား။ ကျွန်မဖြင့် သူ ဒီမှာရှိတယ်တော့ ကြားတယ်။ လူချင်း မသိရသေးဘူး''

''သူကတော့ နှင်းခိုင်လွင်ကို သိပါတယ်။ မောင်မယ်သစ်လွင်နေ့ကတည်းက သိတာတဲ့''

''ဟုတ်လား''

''အဲ... ရန်ကင်းမှာက ကြူကြူသင်းရှိတယ်''

''တိုင်းရင်းမေထဲက ကြူကြူသင်းလား''

''မှန်တာပေါ့။ သူက အခု တက္ကသိုလ်ကြူကြူသင်းဖြစ်သွားပြီ''

''ဟုတ်လား''

''နှင်းနှင်းကလည်းကွယ် ဟုတ်လားချည်းပဲ''

ခင်စန်းမြင့် မနေနိုင်၍ ဝင်ပြောသည်။

နှင်းနှင်းက လျှာလေးတစ်လစ်ထုတ်ပြ၏။

မောင်ဆွေတင့်က နားလည်ယဉ်ကျေးစွာ ပြုံးပြလေသည်။

''ဒါနဲ့ တို့များရတနာမှာ အုတ်ဖိုမလွမ်းမူ ဆိုတာလည်း ရှိတယ်''

ခင်စန်းမြင့်က သတိတရပြော၏။

အုတ်ဖိုမလွမ်းမူက လောဂျစ်ယူသူ။ ခင်စန်းမြင့်တို့နှင့် တွဲလေ့မရှိ။ သူက နေ့ကျောင်းသူများနှင့်တွဲတာ များသည်။

''ဟုတ်ကဲ့ ကောင်းပါတယ်။ အဲလိုဆို ကျွန်တော် မောင်သက်ဝေကို ပြောလိုက်ပါ့မယ်။ နှင်းခိုင်လွင်ကိုတော့ ဘဏ္ဍာရေးမှူးနေရာယူပေးဖို့ ကျွန်တော်တို့ စဉ်းစားထားကြတယ်''

''ရှင်... ဘဏ္ဍာရေးမှူး။ ငွေတွေ ကိုင်ရမှာလား''

နှင်းနှင်း ထိတ်လန့်သွားပုံကို ခင်စန်းမြင့်က မှင်သေသေနှင့်ကာသည်။

''နှင်းနှင်းကလည်းကွာ ... ငွေကိုင်ရလည်း ဘာဖြစ်လဲ''

''ဟင့်အင်း... မစိုးရိမ်ပါနဲ့။ ကျွန်တော်တို့အသင်းက ဆင်းရဲပါတယ်''

''ဒါဖြင့် ငွေစိုက်ရမှာလား''

ခင်စန်းမြင့်စကားကို တအားရယ်ချလိုက်ကြသည်။





မိန်းကလေးတွေကြား မောင်ဆွေတင့်လည်း ဣန္ဒြေမဆည်နိုင်ချေ။ သွားဖွေးဖွေးတွေပေါ်အောင် ရယ်မိသည်။ ကျွန်မလည်း ဆင်းရဲတယ်ဟု ပြောမည်ကြံပြီးမှ နှင်းနှင်းဘာသာ ဘာရိုတ်ဖမ်းလိုက်ရ၏။ ဒီလိုပြောမိလျှင် အဆောင်ကျ မမမြင့်က ဆူလိမ့်မည်။ မမမြင့်က နေရာတကာမပွင့်လင်းရ။ မအရ။ ခပ်တင်းတင်း ဟန်လုပ်တတ်ရမည်ဟု သင်ထားသည်လေ။

''နက်ဖြန်လောက် ကျွန်တော် အစည်းအဝေးဖိတ်စာ လာပို့ပါ့မယ်။ အဲဒီတော့ မောင်သက်ဝေပါ ခေါ်လာမယ်။ နှင်းခိုင်လွင်က ရတနာမှာဆို။ အခန်းနံပါတ်လေး ပြောပါလား''

''အခန်း ၅၄ ပါ''

''ဟုတ်ကဲ့။ ကျွန်တော် သွားမယ်နော်''

မောင်ဆွေတင့် ပြန်ထွက်သည်အထိ စကားမပြောကြ။

ဝေးသွားမှ မကြင်ယုံက စပြောသည်။

''ချောတော့ချောတယ်ဟာ။ ဒါပေမယ့် နည်းနည်းအရုပ်ပုတယ်''

''ဘာဆိုင်လဲဟဲ့''

''အေးပါ။ ဘာမှမဆိုင်ပါဘူး''

ဘာမှရယ်စရာမပါဘဲ မိန်းကလေးတစ်သိုက် ရယ်လိုက်ကြသည်။ အခန်းဘေးမှ ဖြတ်သွားသော ပဝါစုံချဆရာမတစ်ဦးက လှည့်ကြည့်သဖြင့် အသာကုပ်သွားကြ၏။ ပြီးတော့ ဌေးဌေးက နှင်းနှင်းကို လက်ကုတ်ပြန်သည်။ ဘာလဲဟင် ဆိုတော့ သိဘူးလေ တဲ့။ ရယ်ကြပြန်သည်။ သူတို့အားလုံးအဖို့ နေ့တိုင်းသည် ရယ်ဖို့ဖြစ်နေလေတော့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

(၇)

# မန္တလေးဟောလ်

အဓိပတိလမ်းမကြီး ခေါ် ချန်စလာလမ်းမကြီး။

ရန်ကုန်တက္ကသိုလ် ဗဟိုမုခ်ဦးမှဝင်လျှင် ဤလမ်းမကြီးပေါ် တည့်တည့် ခြေချကြရ၏။ ဤမုခ်ဦးအဝင်ဝမှ ဖြောင့်တန်းကျယ်ပြန့်သော မြောက်ဘက်တူရူ လမ်းမကြီးကား အဆုံးတွင် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ဦးတည်ဦးခိုက်ထားသည်။ တက္ကသိုလ်သို့လာရောက်ခြင်း၏ အန္တိမပန်းတိုင်မှာ ဘွဲ့နှင်းသဘင်ခန်းမ၌ ဘွဲ့ယူရန်ဟု အဓိပ္ပာယ်ပြဆိုချင်ရော့လား။

လမ်းမကြီးဘေးတစ်ဖက်တစ်ချက်တွင်ကား စိမ်းလဲ့နေသော ရေတမာပင် အုပ်အုပ်ကလေးများ တန်းစီနေလေသည်။ တက္ကသိုလ်နယ်မြေကို ကံ့ကော်တော ဟု ကင်ပွန်းတပ်ကြသည်ဆိုသော်လည်း ကံ့ကော်ပင်များကား အင်းဝလမ်းနှင့် အင်းလျားလမ်းဘေးမှာသာ မြိုင်ထအောင် ရှိကြခြင်းဖြစ်၏။ သီရိဆောင်ရှေ့နှင့် အဓိပတိလမ်းမကြီးတစ်လျှောက်ကား ရေတမာတော။

အဓိပတိအဝင်ဝ၏ စစချင်းလက်ယာဘက်မှာ နှစ်ထပ်အဆောက်အအုံ အနီရောင်အုတ်တိုက်ကြီး မားမားရပ်နေ၏။ တက္ကသိုလ် ကျောင်းသားများသမဂ္ဂ (တကသ) အဆောက်အအုံတည်း။

တကသနှင့် မျက်နှာချင်းဆိုင်က လူနေဆောင် အဖြူရောင်။

မန္တလေးဆောင်ဟူသော စာတန်းက ပေါ်တီကိုထိပ်တွင် ရိုးရိုးလေးရှိနေ သည်။ ဤ မန္တလေး၊ အမရ၊ တောင်ငူ၊ ရာမညတို့ကား ကျောင်းသားများအတွက် ဖြစ်ပြီး ရတနာနှင့် မာလာက ကျောင်းသူများအတွက် ၁၉၅၄ ခုနှစ်က စီမံကိန်း ဖြင့် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်၏။ ၁၉၅၇-၅၈ မှာမှ စတင်နေထိုင်ကြသဖြင့်





ခု ၁၉၅၉ တွင် အင်္ဂတေနံ့၊ ထုံးနံ့များ သင်းနေဆဲ။

ကျောင်းသားအသစ်အများစုမှာ သိပ္ပံယူလျှင် ရန်ကင်း၊ ဝိဇ္ဇာယူလျှင် တန်း၌ နေရာချထားကြရာ ပင်မဆောင်များမှာ ဒုတိယနှစ်မှ အထက်ဝါရင့် ကျောင်းသားများချည်းဖြစ်သည်။ သည်ကျောင်းသားဆောင်အသစ်များထဲတွင် မန္တလေးဟောကို လူကြိုက်များ၏။ အကြောင်းကား မြို့ထဲသွားလိုလျှင် ဝင်းထဲက ထွက်ပြီး အဝိုင်းလေး (တက္ကသိုလ်စာတိုက်ရှေ့) တွင် နဂါးဘတ်စ်ကို စီးလိုက်ရုံ သွယ်ကူသည်တစ်ကြောင်း၊ အဓိကလူဆုံရာ ဆုံရပ်ဖြစ်သော တကသအဆောက် အအုံနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသည်တစ်ကြောင်းတို့ကြောင့် ဖြစ်၏။ စာသင်ခန်း များသို့သွားလျှင်တော့ ရေတမာပင်တန်းအောက်မှာ သီချင်းတအေးအေးနှင့် လျှောက်ရင်း မမောမီ သစ်ပုပ်ပင်သို့ ရောက်နိုင်လေသည်။

"ဗျို့ ကိုစိုးပိုင်"

အသံခပ်အုပ်အုပ်ကြောင့် အခန်းနံပါတ် ၄၀ မှ ကိုစိုးပိုင် ခေါင်းထောင် ထိုက်သည်။ ကိုကျော်သန်း (ဗန်းမော်) အသံပဲ။

"လာဗျာ"

စေ့ထားသောတံခါးမှ ကိုကျော်သန်း ဝင်လာသည်။

"ဟော... ကိုအောင်နိုင် စာကြိုးစားလှချည်လား"

စာရေးစားပွဲမှာ တကုပ်ကုပ် သင်္ချာတွက်နေသူကို ပခုံးဖက်ရင်း နှုတ်ဆက် ၏။ ကိုအောင်နိုင်က ဘာမျှမပြော သမင်လည်ပြန် မော့ကြည့်ပြုံးပြရင်း သူ့စာအုပ် ဆီ အာရုံပြန်ရောက်သွားသည်။

ကိုကျော်သန်းက ကိုစိုးပိုင်ခုတင်ပေါ် ပစ်ထိုင်ရင်း...

"ပျင်းလို့ဗျာ။ ရည်းစားလေးဘာလေးလည်း သွားလည်စရာမရှိ"

ကိုကျော်သန်း၏စကားကို ကိုစိုးပိုင်က စုတ်သပ်သည်။

"ဘယ်သူကကော ရှိလို့လဲဗျ"

"ခင်ဗျားလည်း ညံ့တယ်။ ကသာသူတစ်ယောက်မှ ခေါ်မလာဘူး"

"ဟုတ်ပါ့ဗျာ။ ကျုပ်တို့ကသာသူတွေက မန္တလေးတက္ကသိုလ်ပဲ သွားကြ တာ"

"နေဦး။ မြမြရှိန်းက ခင်ဗျားဆွေမျိုးဆို"

"မလုပ်ပါနဲ့ဗျာ။ တကယ့်ဆွေမျိုးပါ။ ခင်ဗျားနဲ့ သဘောမတူနိုင်ပါဘူး"

"အောင်မာ... ကျုပ်က ရိုးရိုးပါ။ သူတို့ရွေကူသူတွက ပိုင်လင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျ။ ခင်ချင်စရာကောင်းတယ်''

''ခင်ဗျားတို့ ဗန်းမော်သူတွေက လှတယ်''

''ဒါတော့ အမှန်ပဲ။ လှလို့ ပြည်ထောင်စုမယ်ဖြစ်တာဗျာ။ ဗန်းမော်မယ်နုနုရီ၊ ပြီးတော့ အားကစားမယ်တွေ တအားထွက်တာ။ သံလုံးပစ် မခင်ရွှေးတာတို့ပြေး ဂရေစီကား''

''အေးနော်... အဲဒါ ဘာဖြစ်လို့ပါလိမ့်''

''စိတ်ဝင်စားမှုလို့ ထင်တာပဲ။ ကျွန်တော်တို့ဆီမှာ ရာသီဥတုအေးတယ်။ အားကစားလုပ်လို့ကောင်းတယ်။ အစိုးရကလည်း အားပေးတယ်။ အစားအသောက်ပေါတယ်။ နောက်တစ်ခု လူတွေက ချမ်းသာကြတယ်''

''ဟုတ်လိမ့်မယ်။ ကျွန်တော်တို့ကသာက တောင်သူများတာ''

''ကျွန်တော်တို့ ဗန်းမော်ဆိုတာ တရုတ်ပြည်တံခါးပေါက်လေ။ တရုတ်ပစ္စည်းတွေ ဗန်းမော်-နမ့်ခမ်း-လွယ်ဂျယ်လမ်းက ဝင်တာ။ တရုတ်သူဌေးတွေအများကြီး''

''ခင်ဗျားအဖေကတော့ သစ်ကုန်သည်သူဌေး''

''ကျုပ်တို့အဖေက အစိုးရသစ်လုပ်တာပါ။ တောထဲကသစ်တွေ ဆင်နဲ့ဆွဲပေးရတယ်။ ကားနဲ့ တိုက်ပေးရတယ်''

''ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ဗန်းမော်က စီးပွားရေးကောင်းတယ်။ လေယာဉ်ကွင်းလည်း ရှိတယ်။ ခေတ်မီတယ်ပေါ့။ ဒါကြောင့် ဗန်းမော်သူတွေ ချောတာ''

''မှန်မယ်ဗျို့''

နှစ်ယောက်သား အော်ရယ်လိုက်သဖြင့် ကိုအောင်နိုင် လှည့်လာသည်။

''စာကျက်ပျက်သွားလား''

''မပျက်ပါဘူး ကိုကျော်သန်း''

''စာရေးပျက်တာဗျ။ သူ့အချစ်က မန္တလေးမှာ ကျန်ခဲ့တာ။ အဲဒီကိုရေး နေတာ''

''ဟ... ဒီလိုလား။ ကျုပ်က အင်ဂျင်နီယာကျောင်းသားမို့ စာကြိုးစားနေသလားမှတ်တာ။ အမှန်က မန်းတက္ကသိုလ်ကို ရွှေပေလွှာရေးနေတာကိုး''

''ကိုအောင်နိုင့်ရည်းစားက မယ်တက္ကသိုလ်ဗျ''

''တကယ်လား ကိုအောင်နိုင်''

''ဟော့ ... စိုးပိုင် တိတ်ကွာ''



''ဘာ ခုမှငြင်းနေတာလဲ''

''ကိုအောင်နိုင်ကို ကျုပ်တို့ဗန်းမော်သူထဲက တစ်ယောက်ယောက်ကို [...]ဝင်စားတယ်မှတ်တာ''

''အလကားပါဗျာ''

တံခါးခေါက်သံ ပေါ်လာသည်။

''ဖွင့်ထားတယ်။ ဝင်လာပါ''

ကိုစိုးပိုင်က ဖြေလိုက်၏။

''သြော်... စကားကောင်းနေကြလား။ ကျွန်တော်တို့ဝင်လာတာ အနှောင့်[...]ယှက်ဖြစ်သွားလား''

''မဖြစ်ပါဘူး ကိုဘလေး။ ဒါနဲ့ ဒီနောင်ကြီးက ...''

''သူ့နာမည်က ကိုမြင့်နိုင်။ ကျွန်တော်တို့ယူနစ်တစ်ခုတည်းပဲ''

''ဟုတ်ကဲ့။ သိရတာ ဝမ်းသာပါတယ်။ ကျွေးစရာလည်း ဘာမှမရှိဘူး[...]နော်''

''ထားပါဗျာ။ ကျွန်တော်တို့လာတာက မန္တလေးအနေအထား သိချင်လို့[...]ပါ''

''ဘာမှအထူးအဆန်းမရှိပါဘူး။ ဒီလိုပါပဲ။ မန္တလေးက ရန်ကုန်လောက်[...]မများတော့ အချင်းချင်းလည်း သိကြတယ်။ သိပ်ပြိုင်တာ မရှိဘူး''

''ခင်ဗျားတို့ အင်ဂျင်နီယာရင်းမှာကော တပ်ဦး သေချာနိုင်လား''

''အဲဒါ သိုက်ထွန်း ပိုသိမယ်ဗျ''

''သိုက်ထွန်းက တကာသအပေါ်ထပ်မှာ ဝေါလ်ပိုစတာတွေ ရေးနေတယ်''

''ရွေးကောက်ပွဲနီးလာတော့ အလုပ်ရှုပ်မှာပေါ့''

ကိုအောင်နိုင်က သက်ပြင်းရှူသည်။

ဘာမှပြန်မပြောဖြစ်။

ကိုစိုးပိုင်က ကြားဝင်ပြီး...

''ဒီလိုဗျ ကိုဘလေးရဲ့။ ကျွန်တော်တို့က အမိတက္ကသိုလ်ကြီးကိုလည်း [...]ချစ်ပါတယ်။ နိုင်ငံတော်ကိုလည်း မြတ်နိုးပါတယ်။ ကိုအောင်နိုင်ဆိုရင် သူ့အမေ[...]က မှဆိုးမ။ ကျွန်တော့်မှာလည်း မိဘနှစ်ပါးလုံး မရှိတော့ဘူး။ အဒေါ်တွေ[...]ထောက်ပံ့နေတာ။ စာမေးပွဲအောင်အောင်လုပ်ဖို့ တာဝန်ကြီးတယ်ဗျာ''

''မှန်ပါတယ်လေ။ ဒီပညာရေးစနစ်မှာ စီးပွားရေးစနစ်က လွှမ်းမိုးထား

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျောင်းသားတွေကလည်း နိုင်ငံရေးကို စိတ်ဝင်စားသည့်တိုင် စုံပစ်ပြီး မလုပ်နိုင်ကြဘူးပေါ့''

''မဲထည့်ရင်တော့ ကျွန်တော်တို့အားလုံး တပ်ဦးကို ပုံအောမှာပါ''

''ကျေးဇူးပဲဗျာ။ ကဲ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

ကိုဘလေးတို့ အခန်းပြင် ထွက်သွားကြသည်။

ကိုကျော်သန်းပါ အခန်းပြင် ထွက်လာခဲ့၏။

မန္တလေးဟောလ်၏ညနေခင်းသည် ဟာတာတာကြီးဖြစ်နေသည်။

အရှေ့ဘက်ကော်ရစ်ဒါမှာတော့ သက်နိုင်ဦးတစ်ယောက် အားကစား ဘောင်းဘီတိုနှင့် လက်ထဲက ဘောလုံးကို တော့ကစားနေသည်။

''ဝေး... ဖန်းမော်သား။ လာလေ ... ဘောလုံးကန်မယ်''

''မလုပ်ပါနဲ့ဗျာ။ ကျုပ်က ဘောလုံးမကစားဘူး''

''တွမ်တီဝမ်းမှုလား''

''အဟီး... တစ်ခါတလေပါ''

''ဒါနဲ့ ဖန်းမော်သား။ မန္တလေးဟောလ်ရဲ့ အစဉ်အလာ သိတယ်ဟုတ်လား''

''ဆိုပါဦးဗျာ ... မသိလို့''

''မန္တလေးဟောလ်မှာ ကောလိပ်ဂျင်နေဝင်း နေသွားတယ်လေ''

''အင်း... အဲဒီတော့''

''ဟာ... အဲဒါ ဂုဏ်ယူရမှာပေါ့''

''ကောလိပ်ဂျင်နေဝင်းက ယူနီဗာစီတီဘောလုံးအသင်းလက်ရွေးစင်ပဲ''

''ကျုပ် ကြားဖူးတဲ့ ဂုဏ်ယူမှုရှိသေးတယ်''

''ဆိုစမ်း''

''ကောလိပ်ဂျင်နေဝင်း ဘွဲ့ယူတော့ သူက မန္တလေးဟောမှာကိုး။ ဒီတော့ သူများတွေလို ကားနဲ့ဘာနဲ့ ဘွဲ့နှင်းသဘင်ဆီ မသွားဘူး။ မန္တလေးဟောလ်ကနေ ဘွဲ့နှင်းသဘင်ကို ခြေကျင်လျှောက်တာတဲ့။ ဘွဲ့ဝတ်ရုံကြီးနဲ့ပေါ့''

''ဟုတ်လား ကြိုက်တယ်ဗျို့''

''သူတစ်ယောက်တည်း လျှောက်တာတော့ မဟုတ်ဘူး''

''သူလို ဘွဲ့ဝတ်ရုံဝတ်တဲ့ သူငယ်ချင်းနဲ့လား''

''မဟုတ်ဘူး။ ခင်မာလာနဲ့တဲ့''

''ဟာ... စိမ်လိုက်လေ။ အဲလိုဆို ကျုပ်လည်း လျှောက်မယ်''





''ခင်ဗျားရဲ့ ခင်မာလာက ဘယ်မှာလဲ''

''အဲ... မာလာမှာလေ''

''ဟား ဟား... ကျွန်တော်က ရတနာမှာလားလို့''

''မနောက်နဲ့။ ရတနာသူတွေက သူငယ်ချင်းတွေပါ''

''သွားမလည်ဘူးလား''

''တစ်ခါပဲ သွားတယ်။ သူတို့က လမ်းများသား''

''ဒါနဲ့ ပြန်ခဲ့ရောလား''

''အေးအေးပဲ စာဖတ်နေတာ ကောင်းပါတယ်''

''လာဗျာ။ ကျွန်တော်နဲ့ ဘောလုံးဖမ်း''

''မလုပ်နဲ့။ ကျုပ် ဘောလုံး ဝါသနာမပါဘူး''

''တစ်လုံးလောက်တော့ ဖမ်းဗျာ။ ကန်မယ်နော်''

''ဟေး... မလုပ်နဲ့။ အယ်... ဒုက္ခပါပဲ''

ကိုကျော်သန်း လှေကားထိပ်က ဆင်းပြေးသည်။

ထမင်းစားခန်းမှတက်လာသော ကျောင်းသားနှစ်ယောက်ကြားထဲ ဝင် မိသည်။

''ဘာဟင်းလဲဗျ''

အရှက်ပြေ မေးလိုက်၏။

''ဘဲဥပေါ့ဗျာ''

''ဒုက္ခပါပဲ''

''ဝက်သားမစားတဲ့လူ ဘဲဥပြောတာ''

''ကျုပ် ဝက်သားစားတယ်''

''ဒါနဲ့ ဘာဖြစ်လို့ ဆင်းပြေးတာလဲ''

''ကောလိပ်ဂျင်နေဝင်းလိုက်လို့''

''တကယ်''

''ဟုတ်တယ်။ ပေါ်တီကိုမှာ''

ကျောင်းသားနှစ်ယောက် လှမ်းကြည့်ဆဲ သက်နိုင်ဦးက ဘောလုံးတော့ သည်။ ကိုကျော်သန်း အောက်ထပ်ဧည့်ခန်းနားရောက်တော့ သဲသဲမဲမဲ ကျူး စားနေသော ကျောင်းသားနှစ်ယောက်ကို မြင်ရ၏။

သူတို့ဘေးက ရေဒီယိုမှ သောတရှင်လိုရာဓာတ်ပြား လွှင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားမြတ်ထံပါးဝယ် ××× လျှောက်လည်ကြတယ် ××× နှစ်ယောက်သားတွဲလို့ ရင်ပြင်ပေါ်ဝယ် ××× ဘဝသံသရာအဆက်ဆက် ××× မပြတ်တမ်းပေါင်း ××× ပေါင်းရစေသားလို့ ××× ဆုပန်ရှုယ်ကြသေးတယ်"

သံသရာတစ်ကွေ့ဝယ်သီချင်းက လွမ်းနေသည်။

ခပ်တိုးတိုးလိုက်ညည်းရင်း အဆောင်ရှေ့ ထွက်ခဲ့၏။

ထမင်းမဆာသေး။

ဘာလုပ်ရကောင်းမလဲ။

အဆောင်ရှေ့မြက်ခင်းပေါ် ထိုင်နေရကောင်းမလား။

ဟော... အမရာဘက်ကလာတာ ကိုအေးချိုပဲ။ လမ်းလျှောက်မလို့နဲ့တူတယ်။ ကိုအေးချိုက ရွှေကူသား။ သူတို့ရွှေကူသူတွေရှိရာ ရတနာကိုသွားမလို့များလား။ အပျင်းပြေလိုက်သွားရကောင်းမလား။

"ကိုအေးချို ဘယ်လဲ"

"စာသွားထည့်မလို့ဗျ"

"ဟင်... ရတနာလားလို့"

"ပိုက်ဆံကုန်နေလို့ အိမ်ကို ငွေမှာမလို့"

"လာဗျာ ... တက္ကသိုလ်အောက်ထပ်သွားလက်ဖက်ရည်သောက်ရအောင်"

"ကောင်းသားပဲ"

တက္ကသိုလ်ဝင်းထဲမှာကား ကျောင်းသားကြီးများ ဝင်လိုက်ထွက်လိုက် အလုပ်ရှုပ်နေကြ၏။ ကိုယ်ပါ စိတ်တက်ကြွလာသလို ခံစားရသည်။ တက္ကသိုလ်ရှေ့ မြက်ခင်းပြင်ပေါ်ရှိ ဗိုလ်အောင်ကျော်ကျောက်တိုင်ကား တည်ငြိမ်စွာ ရပ်နေလေသည်။

ညနေခင်းလေညင်း ပြေးလာ၏။

လေညင်းက ဗိုလ်အောင်ကျော်ကို တစ်စုံတစ်ရာ တီးတိုးပြောသွားကောင်း ပြောသွားပါလိမ့်မည်။ ထိုစကားများကိုမူ ကိုကျော်သန်းတို့ မကြားလိုက်ရ။ ဒါပေမဲ့ ရင်ထဲမှာတော့ နားလည်နေလေသည်။

❒

## (၉)
## ရန်ကုန်တက္ကသိုလ်ကလောင်သင်း

"အစည်းအဝေးဖိတ်ကြားစာ"

ဖိတ်ကြားစာ စာအိတ်ကို ကိုင်ရင်း နှင်းနှင်း ပီတိတွေ ဝေလာသည်။

'ရန်ကုန်တက္ကသိုလ်ကလောင်သင်း' ဟူသော စာတန်းကလေးကို အကြာကြီး ငေးကြည့်နေမိသည်။ စိတ်ထဲမှာ သြော်... ငါ တကယ်ပဲ ရန်ကုန်တက္ကသိုလ်ကြီးမှာ ရောက်နေပါပေါ့လား။ ပြီးတော့ ကလောင်သင်းတဲ့။ ငါ တကယ်ပဲ ကလောင်ရှင်အဖြစ် အသိအမှတ်ခံရပြီပေါ့ဟု တွေးရင်း အိပ်မက်မက်သလို ခံစားရသည်။

တက္ကသိုလ်ရောက်လျှင် အသင်းအဖွဲ့တွေက များပြားလှသည်ဟု ကြားဖူး၏။ ရန်ကုန်တက္ကသိုလ်လေ့လော့အသင်း၊ ရှက်လေ့အသင်း၊ ကျွမ်းဘားအသင်း၊ ဘောလုံးအသင်း စသော အားကစားအသင်းတွေက ကိုယ်နှင့် မဆိုင်ချေ။ နှင်းနှင်းက ကြက်တောင်ရိုက်သော်လည်း သိပ်ကြီးစနစ်တကျမဟုတ်။ ပြေးခုန်ပစ်လည်း ရူးချွန်သည်အထိ မလုပ်ခဲ့ပေ။ သည်တော့ တက္ကသိုလ်မှာ နှင်းနှင်း အားကစားအသင်းဝင်ဖို့ စိတ်မကူး။

ရန်ကုန်တက္ကသိုလ်အနုပညာအသင်းဆိုတာလည်း ကြားဖူးသည်။ ရတနာဆောင်မှ ဒေါ်လီကိုကြီးတို့ ပြောသံဆိုသံကြားရသည်။ ကဗျာလွတ်သင်သည်တဲ့။ တံတျာတေရှင် သင်သည်တဲ့။ နှင်းနှင်းက အကကို ဆရာဖြစ်မှာ သင်ရိုးကျွတ်အောင် သင်ခဲ့ပြီးပြီ။ တံတျာတေရှင်အစ မဟာဂီတကိုလည်း တံတျာ၊ သီချင်း၊ ဘာယာ၊ ဝေဘာ ဆိုတာတွေကို ဆရာဖြစ်မှာကတည်းက အလက်ာ်ာကျော်စွာ ဒေါ်စောမြအေးကြည်ကိုယ်တိုင် သင်ပေးတာ ခံယူခဲ့ပြီးပြီ။

www.burmeseclassic.com



အခု ထီးတန်းမှာ ရှမဝမောင်ဆွေတင့် လာပြောသော ကလောင်သင်း ဆိုတာကျတော့ အဆန်းတကြယ်ဖြစ်၏။ ကလောင်သင်းဆိုတာ ကလောင်ရှင်တွေ စုဝေးကြသောအသင်းပေါ့။ တစ်နည်းပြောရရင် ရန်ကုန်တက္ကသိုလ်ရောက် စာရေးဆရာပေါက်စတွေပေါ့။ ဘယ်သူတွေများ ရှိကြလဲ။

ပြောရလျှင် နှင်းနှင်းက 'နှင်းခိုင်လွင်' ဆိုသော ကလောင်အမည်ကို ပိုင်ဆိုင်ခဲ့တာ လေးငါးနှစ်ပဲ ရှိသေးသည်။ ဝတ္ထုတိုလေးငါးပုဒ်ပဲ ပါသေးသည်။ တိုင်းရင်းမေဂျာနယ်မှလွဲပြီး ဘယ်မှာမှ မပါသေး။ ပါအောင်လည်း မကြိုးစား။ တိုင်းရင်းမေထဲမှာပဲ ပျော်နေသည်။ နှစ်လ၊ သုံးလမှာ တစ်ခါပါတာကိုပဲ ကျေနပ်နေသူ။ စောင်ရေ သုံးလေးသောင်းဆိုသော တိုင်းရင်းမေက အိမ်တိုင်းနီးပါးရောက်သည်။ မိန်းမတိုင်းနီးပါး ဖတ်သည်။ သည်တော့ နှင်းခိုင်လွင် ဟူသောအမည်ကို ကြားသူတိုင်း တိုင်းရင်းမေထဲကဟု သိကြလေသည်။

မောင်ဆွေတင့်က ဆရာသော်တာဆွေမှ တစ်ဆင့်၊ နှင်းခိုင်လွင် ရန်ကုန်တက္ကသိုလ် ရောက်နေသည်ဆို၍ မိတ်ဆက်လာစဉ်ကပင် ငါ့ကို သိကြသားပဲဟု နှင်းနှင်း ရင်ဖိုလှိုက်လှဲနေခဲ့ရ၏။ မောင်ဆွေတင့်ကိုလည်း တိုင်းရင်းမေထဲမှာပင် သိထားခဲ့ရခြင်းဖြစ်သည်။ တိုင်းရင်းမေ ရှေ့ခန်းကဗျာများထဲမှာ မောင်ဆွေတင့်၏ အချစ်ကဗျာလေးတွေ ပါနေတာ သတိထားမိခဲ့ပြီးပြီ။ အခု ရန်ကုန်တက္ကသိုလ်မှာ လူကိုယ်တိုင် ဆုံရတာ ကျေနပ်စရာကောင်းလှ၏။ ဘာ့ကြောင့်ဆို နှင်းနှင်းတို့မြို့မှာက စာပေအကြောင်း ပြောစရာအဖော် သိပ်မရှိ၍ပါ။ အထက်တန်းတက်စဉ် နှင်းနှင်း ဝတ္ထုရေးတော့ ရေးဖော်ရေးဖက်မရှိ။ ကိုယ့်ဘာသာကိုယ် တိုင်းရင်းမေထဲက ဝတ္ထုလေးတွေဖတ်ပြီး နမူနာယူ၍ရေးနေခဲ့ရသည်။ မိတ်ဆက်စာရေးခြင်းကိုလည်း နှင်းနှင်း ဝါသနာမပါ။ သည်တော့ ဝါသနာတူကလောင်မိတ်ဆွေဟူ၍ ယခုမှသာ လူချင်းတွေ့ဖူးရတော့သည်။

အစည်းအဝေးဖိတ်စာလာပို့သူကား မောင်သက်ဝေ(တောင်ငူ) တဲ့။

သူ့ကိုလည်း တိုင်းရင်းမေထဲမှာ တွေ့ဖူးခဲ့တာပါပဲ။ အခု ရတနာကို သူ ရောက်လာပြီး ကိုယ်တိုင်မိတ်ဆက်ခဲ့၏။ မောင်သက်ဝေဆိုသူက ဝိဇ္ဇာ(က) တန်းကဟု သိရသည်။ အသားလတ်လတ်၊ မျက်နှာချိုချိုနှင့် လူငယ်ကျေးတစ်ဦး။ ဖော်ရွေသောစကားလုံးများကို နှင်းနှင်း ဝေး၍နားထောင်ခဲ့ရ၏။

"ကျွန်တော်တို့အသင်းမှာ မိန်းကလေး နည်းလို့ပါ။ နှင်းခိုင်လွင် ပါလာတာ အင်မတန်ဝမ်းသာတယ်"



"ဘယ်သူတွေ ရှိနေပြီလဲ"

"ကြူကြူသင်းရှိတယ်"

"တိုင်းရင်းမေထဲက ကြူကြူသင်းပေါ့နော်။ ကဗျာလည်း ရေးတယ်။ ဝတ္ထုလည်း ရေးတယ်လေ"

"ဟုတ်တယ် ဟုတ်တယ်။ သူက အခု ရန်ကင်းမှာ"

"ဟုတ်လား။ နှင်းနှင်းက ထီးတန်းပါ"

"ထီးတန်းမှာ ထိလာစိုးမြင့်ထယ်ရှိတယ်လေ"

"ဟုတ်ကဲ့။ ကြားတော့ ကြားတယ်။ လူချင်းမသိရသေးဘူး"

"အစည်းအဝေးကျတော့ ဆုံမှာပေါ့။ နောက် မမြမှုရှိတယ်"

"မမြမှု ဟုတ်လား"

"ခင်မြမှု (ပဲခူး) ဆိုပြီး ရေးတယ်လေ"

"ဩော် ... မှတ်မိပါပြီ"

"ရတနာမှာ အုတ်ဖိုမလွမ်းမှုလည်း ရှိတယ်ဆို။ သူ့အတွက်လည်း ဖိတ်စာပါတယ်"

"ဟုတ်တယ်။ ရတနာအောက်ထပ်မှာပါ။ ဖိတ်စာပေးခဲ့လေ။ သူက နေကပဲ ညှော်သည်နဲ့ ထွက်သွားတာ တွေ့လိုက်တယ်"

"ကျေးဇူးပဲဗျာ။ စနေနေ့တိုင်း အစည်းအဝေးရှိတယ်"

"ဘယ်သူတွေ ရှိသေးလဲ"

"ကေတုဝင်းတင့်ဗျာ ... မောင်လင်းယုန်(ရှမ်းပြည်) နောက် ... မင်းခင်(ဆင်ပေါင်ဝဲ) နောက်ပြီး ပြည်ဘုန်းမြင့်၊ သင်းအောင်၊ မောင်ဇေယျာ ရန်ကုန်တက္ကသိုလ်၊ ပြီးတော့ တက္ကသိုလ်မင်းမော်"

"အဲ့.. တက္ကသိုလ်မင်းမော်ကဗျာတွေ ရှေ့မျက်နှာဖုံးမှာ တအားကောင်းတယ်"

"ပြီးတော့ တက္ကသိုလ်ပွင့်ဦး"

"ခင်နှင်းယုကော မပါဘူးလား"

"ခင်နှင်းယုက မနှစ်က ဘွဲ့ယူသွားပြီဗျ"

"ဟုတ်လား"

"အဲ... စာကြည့်တိုက်သင်တန်းက မင်းကျော်ပါတယ်။ မင်းယုဝေ လည်း ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အများကြီးပဲနော်။ ကောင်းလိုက်တာ"

"ကျွန်တော်တို့က တက္ကသိုလ်သတင်းထောက်လည်း လုပ်တယ် ပြီးတော့ ပုလဲပန်းစာစဉ်ဆိုပြီး စာအုပ်သပ်သပ် ထုတ်တယ်။ နောက်တစ်ခါ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း အဲဒီမှာ ကျွန်တော်က တာဝန်ခံပါ"

"ဟုတ်ကဲ့။ နှင်းနှင်းတို့ ရေးရမှာပေါ့နော်"

"ဟာ... ရေးရမှာပေါ့။ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ ကလောင်စွမ်းပြကြရမှာပေါ့"

"ရှေးတုန်းက ဂန္ထလောကလို"

"အဲ... ဂန္ထလောကဆိုလို့ အဲဒီဂန္ထလောကဆရာကြီးတွေကိုလည်း ဖိတ်ပြီး ဟောပြောပွဲလုပ်ပါတယ်။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ် ဆိုတာ ကျွန်တော့်တို့ဆရာရင်းတွေပဲလေ"

ကြားရရုံနှင့် နှင်းနှင်း ပျော်လာသည်။

ကြည့်ပါဦး။ ဆန်းစခါနွေ သာတာပေါင်းမို့ ညောင်းကြွေ၊ ပြေပြေလျော့လု မြအသွေး ရွှေရေးလုလို့ ရတုအညီ မြေသို့သက်တဲ့ ရော်ရွက်ရီ စသဖြင့် နှင်းနှင်း ဆဋ္ဌမတန်းမှာတုန်းက အော်ကျယ်ဟစ်ကျယ် ကျက်ခဲ့ရသော 'ခါနွေဆန်း' က ဆရာကြီးကိုလည်း လူကိုယ်တိုင် မြင်ရတော့မှာတဲ့။

ပိတောက်ပန်းကဗျာကို မက်မက်မောမော ကျက်ခဲ့ရာ ထိုကဗျာရေးသူ ဆရာဇော်ဂျီဆိုတာကိုလည်း လူကိုယ်တိုင် တွေ့ဖူးရတော့မယ်တဲ့။

စင်စစ် ရန်ကုန်တက္ကသိုလ်ဆိုတာ အကျော်အမော်တွေ စုဝေးရာ ပန်း ဥယျာဉ်ကြီးပေပဲ။ ငါ အရောက်တော်ပေစွဟု လက်ခမောင်းများပင် ခတ်မိချင်တော့ သည်။

"ကျွန်တော် ပြန်ပါဦးမယ်။ စနေနေ့ ဆက်ဆက်နော်"

ရိုရိုကျိုးကျိုးနှင့်နှုတ်ဆက်သွားသော မောင်သက်ဝေ(တောင်ငူ) ကို ခေါင်း ညိတ်ပြရင်း ရတနာဆောင်ဧည့်ခန်းမှာ နှင်းနှင်း မတ်တတ်ကလေးရပ်လျက် ငြိမ် နေခဲ့လေသည်။

"အမယ်... မိန်းမ ပါလာတွေဘာတွေ ထိုင်လို့"

ပြောရင်း ဝင်လာသူကား အုတ်ဖိုမလှမ်းမှူ ခေါ် ယဉ်ယဉ်ဆွေ။

"ဟယ်... မိဆွေ အတော်ပဲ။ နည်းနည်းလေး လွဲသွားတယ်ဟယ်"

"ညည်းအဆက်နဲ့လား"





"ပေါက်ကရ။ ကိုယ့်မှာ ဘယ်ကအဆက်မှ မရှိဘဲနဲ့။ မောင်သက်ဝေ တဲ့ ... တာတဲ့။ ရန်ကုန်တက္ကသိုလ် Pen Club က။ တို့နှစ်ယောက်ကို အမှုဆောင် ... ဝင်ပါတဲ့။ အစည်းအဝေး လာဖိတ်တာ။ ရော့ ... ဒီမှာ ယူ့အတွက် ... တ်စာ"

မလှမ်းမှူက နှင်းနှင်းလက်ထဲမှ ဖိတ်စာကိုယူပြီး အမြန်နှုန်းဖြင့် ဖတ်လေ သည်။

"အေးဟဲ့ ... တို့အတူသွားရအောင်။ ပြီးတော့ ကိုယ်ကဗျာတစ်ပုဒ် ... ထားတာ တိုင်းရင်းမေကို ပို့ချင်တယ်။ နှင်းရော လိုက်မလား"

"အဆင်ပြေတဲ့တစ်နေ့ သွားကြတာပေါ့။ ဒါနဲ့ ကလောင်သင်းအစည်း အဝေးကျရင် မောင်ဆွေတင့်ပါ လာလိမ့်မယ်။ ဟိုနေ့က သူ ထီးတန်းကို လာ ... သွားတယ်။ မိဆွေကို မတွေ့လို့ မပြောရသေးဘူး"

"ရှမဝကိုတော့ မတိုးနိုင်သေးဘူးပေါ့ဟယ်"

"ဘာဖြစ်လဲဟယ်... တို့တိုင်းရင်းမေထဲမှာ ပျော်စရာကြီးပဲဟာ"

"အေးပါ။ ရှုမဝဆိုတာက လူကြီးတွေ ရေးတာပဲ။ တင့်တယ်၊ သန်းဆွေ၊ ... သော်တာဆွေ"

"ကိုယ်ကတော့ ကြီးရင် ခင်နှင်းယုဖြစ်ချင်တယ်"

"ဖြစ်မှာပေါ့ဟယ် နင်ကလည်း။ နေဦး ... ငါ အင်းလျားလမ်းလျှောက် ... နင်း ထိလာစိုးမြင့်ထယ်နဲ့ တွေ့လာတယ်"

"ကိုယ်နဲ့ မဆုံဖြစ်သေးဘူး"

"အံမာလေး... သူက မင်းကိုသိတယ်တော့။ နှင်းနိုင်လွင်ဆိုတာ ... တ်ရာဝဲလ်ကမ်းနေ့က ဖက်ဖူးရောင်ဝတ်စုံလေးနဲ့ မျက်စိထဲက မထွက်ဘူးတဲ့"

"မိဆွေနော်... ပေါက်ကရတွေ လျှောက်မပြောနဲ့"

"ကိုယ်က အမှန်အတိုင်းပြောတာ။ မယုံရင် ဟိုနေ့တွေ့တော့ ပြန်မေး"

"ရှက်စရာကြီးဟယ်... ဘာလို့မေးရမှာတုံး"

"နေဦးဟဲ့။ စိုးမြင့်ထယ်နဲ့အတူ လှည်းကူးက သင်းအောင်ဆိုတာလည်း ... တယ်။ သူက တကိုးကဗျာတွေ ရွတ်ပြသေးတယ်"

"ပျော်စရာကြီးနေမှာပဲ"

နှင်းနှင်း တကယ်ပျော်ပါသည်။

စနေနေ့ရောက်ဖို့ ရင်ခုန်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်း နံနက်စာစားပြီး သူများတွေ ရပ်ရှင်သွားကြ၊ ဈေးသွားကြသော အခါ နှင်းနှင်းက ကဗျာတွေနှင့် အလုပ်ရှုပ်နေခဲ့၏။ ညက ရေးဖြစ်သောအလွမ်း ကဗျာက ကာရန်မလှ၍ တိုင်းရင်းမေကို ပေးဖြစ်ဦးမည်မဟုတ်။ 'တက္ကသိုလ် ရိပ်သာစခန်းဆီက' ဆိုသော တက္ကသိုလ်အတွေ့အကြုံဆောင်းပါးတော့ ရေးနိုင်မှာ သေချာသည်။ ရန်ကုန်တက္ကသိုလ်ကလောင်သင်းအကြောင်း တိုင်းရင်းမေထဲမှာ ရေးပြီး ရန်ကုန်တက္ကသိုလ်ဆိုသည်မှာ အတန်းပညာတွေကိုသင်ပေးရုံသာမဟုတ်။ စာပေအနုပညာတွေပေါင်းဆုံရာဖြစ်ကြောင်းလည်း နှင်းနှင်း ကလောင်သွေးနိုင်တော့မည်။

မလွမ်းမူကို အောက်ထပ်မှာ ဝင်ခေါ်တော့ မလွမ်းမူက မှန်ရှေ့မှာ ဆံပင် ဖြီးနေဆဲဖြစ်၏။

"လာဟေ့ နှင်း... ထိုင်ဦး။ မြေပဲကြက်သွန်လှော် စားလေ"

"ကိုယ့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ မိချွေရယ်"

"အေးဟ... တို့လည်း တစ်မျိုးကြီး ခံစားရတယ်။ နယ်မှာတုန်းက စာအုပ်တွေပဲ ဖတ်ပြီး စိတ်ကူးယဉ်ယဉ်နဲ့ စာတွေ ရေးခဲ့တာ။ အခု စာရေးတဲ့လူ တွေနဲ့ လူကိုယ်တိုင် တွေ့ရတော့ အိပ်မက်နေသလိုပဲ"

မလွမ်းမူက နှုတ်ခမ်းနီဆိုးဖို့ စကားကို ခဏရပ်သည်။

နှင်းနှင်းက မလွမ်းမူ စားပွဲပေါ်မှ တိုင်းရင်းမေဂျာနယ် နောက်ဆုံးထုတ်ကို ယူပြီး ဟိုလှန်ဒီလှန် လုပ်၏။ ရှေ့ခန်းကဗျာတွေထဲမှာ မောင်ချွေတင်၊ တက္ကသိုလ်မင်းမော်၊ တက္ကသိုလ်ကြူကြူသင်း၊ တက္ကသိုလ်ကြိုင်သင်း စသဖြင့် မြင်ရလေသည်။

"ဒါနဲ့ မိချွေ။ ကိုယ့်မြို့က လူတစ်ယောက်က ကိုယ့်ကိုပြောတယ်။ နှင်းခိုင်လွင်လည်း 'တက္ကသိုလ်နှင်းခိုင်လွင်' ဖြစ်တော့မှာပေါ့နော်တဲ့"

"အေး... ဒီတော့ နင် ဘာပြန်ပြောလိုက်လဲ"

"ကိုယ်က ဘာပြန်ပြောရမယ်ဆိုတာ စဉ်းစားပြီးသားပဲ။ နှင်းခိုင်လွင် ဆိုတာ စာရေးတယ်။ ဒီလိုစာရေးတဲ့လူဆိုတာ တို့မြို့မှာ ကိုယ်တစ်ယောက်ပဲ ရှိ တယ်။ ကိုယ့်ရှေ့မှာ စာရေးတဲ့လူတစ်ယောက်တော့ ရှိတယ်။ ရွှေဝှစိုးမြင့်ခင် ဆို တာ။ သူက သိပ်ကျယ်ကျယ်ပြန့်ပြန့် မရေးဘူးထင်ပါရဲ့။ ထားပါတော့။ ဒီလို ကိုယ့်မြို့က စာရေးတဲ့လူမရှိတဲ့အတွက် ကိုယ်က ကိုယ့်မြို့နာမည်နဲ့ပဲ ရေးရမယ်။ တက္ကသိုလ်နာမည်တပ်တဲ့ စာရေးဆရာတွေက အများကြီးရှိတယ်ဟုတ်လား"





"အေးဟဲ့ ... တချို့လည်း တက္ကသိုလ်ရောက်တာမဟုတ်ဘဲ။ နာမည် မှာ တက္ကသိုလ်တပ်ကြတယ်။ ဥပမာဟာ တက္ကသိုလ်နိုး တဲ့၊ တက္ကသိုလ်မြကြီး တဲ့"

"ဟုတ်ပါရဲ့။ ကြူကြူသင်းကလည်း တက္ကသိုလ်ရောက်တော့ တက္ကသိုလ်ကြူကြူသင်းတဲ့။ မြောင်းမြခွာဖြူကလည်း တက္ကသိုလ်ရောက်တာနဲ့ တက္ကသိုလ်ခွာဖြူ ဖြစ်။ ယူပြောသလို တက္ကသိုလ်မရောက်တဲ့လူကလည်း တက္ကသိုလ်နာမည်တပ်"

"အဲဒါပြောတာပေါ့။ ဒါကြောင့် ကိုယ်တော့ အုတ်ဖိုမလွမ်းမူပဲဟေ့"

နှင်းနှင်းက လက်မထောင်ပြပြီး ဂုဏ်ပြုလိုက်သည်။

"မိုးရွာမလားပဲ။ ထီးယူခဲ့ရမလား"

သော့တွဲကိုလှမ်းယူရင်း မလွမ်းမူက မေး၏။

"တောက်လျှောက် စင်္ကြံလမ်းက သွားမှာပဲ။ မလိုပါဘူး"

နှစ်ယောက်သား အခန်းသော့ခတ်ပြီး အနောက်ဘက် လျှောက်ကြသည်။ အစည်းအဝေးက သိပ္ပံအဆောက်အအုံအခန်း (၂) မှာ လုပ်မည်ဖြစ်၏။ ရတနာက သွားလျှင် နောက်ဖေးဘက်စင်္ကြံမှ ထွက်၊ ရူပဗေဒခန်းမကြီးဘေး ရောက်၊ ထိုကမှ သိပ္ပံခန်းမကြီး၊ ၄င်းနောက် သိပ္ပံအခန်းများ။

ရူပဗေဒခန်းမကြီးဘေးမြေကွက်လပ်မှာက ရက္ခဗေဒဌာနမှ ပြုစုထားသော သစ်ပင်ပန်းပင်တွေ ရှိသည်။ ဗုဒ္ဓသရဏံပင်တွေသာ များသဖြင့် ရက္ခဗေဒပန်းခြံ အစား ဗုဒ္ဓသရဏံပန်းခြံဟု နာမည်ပြောင်ဖြင့်ခေါ်ကြ၏။ သည်ပန်းခြံနား စင်္ကြံ ဆောင်များ၊ ရူပဗေဒခန်းမကြီးထောင့်ရှိ လှေကားထစ်များပေါ်မှာကား ချစ်သူစုံတွဲ များ ရှိတတ်လေသည်။

"မိချွေ မကြည့်နဲ့နော်။ ကိုယ် ရှက်တယ်"

နှင်းနှင်းက အောက်ငုံ့လျှောက်ရင်း တိုးတိုးပြော၏။

မလွမ်းမူက နှင်းနှင်းကို တံတောင်ဆစ်ဖြင့် တွက်လိုက်ပြီးမှ ...

"ကြည့်တာ ဘာဖြစ်လဲ။ ဗဟုသုတပေါ့"

"အယ်... ရှက်စရာကြီး"

"ဟယ် ... တကယ်နမ်းတယ်တော့"

မိချွေက ခိုးခိုးခစ်ခစ် ရယ်သည်။

နှင်းနှင်းမှာ ကြက်သီးတွေ တဖြန်းဖြန်းထလို့။



www.burmeseclassic.com

*ဘယ်လိုက ဘယ်လို ပေါ်တီကိုဘက် ထွက်လာခဲ့မိမှန်းသိ။*

“ဟဲ့ ... S-2 ကို သွားရမှာ။ ကျော်လာပြီ”

နှစ်ယောက်သား နောက်ဘက်ပြန်လျှောက်ရ၏။

S-2 အသွားစင်္ကြံမှာတော့ စုံတွဲတစ်တွဲ ရန်ဖြစ်နေကြတာနှင့် ဆုံသည်။

“ရှီး... တွေ့လား။ ချစ်တယ်ဆိုပြီး ရန်ထောင်နေလိုက်တာ”

“အဲဒါပေါ့ဟဲ့။ ချစ်သဝန်ကြောင် ဆိုတာ”

“ဒွေကော။ ချစ်သူနဲ့ ရန်ဖြစ်ဖူးလား”

“ဂရိုး ဂရိုးပေါ့”

“ဟယ်... ဟုတ်တယ်”

“မိနှင်း နင် မှတ်ထား။ ချစ်လေ ရန်ဖြစ်လေပဲ”

နှင်းနှင်းက မိမိထက် အတွေ့အကြုံကြွယ်သောသူအဖြစ် မလွှမ်းမှူစကားကို မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်ရ၏။

“မိနှင်း။ နင် ဟိုက်စကူးတုန်းက ရည်းစားမထားခဲ့ဘူးလား”

“ဟော့အေး... ဘယ်ကလာအချိန်ရှိလို့လဲ”

“ဟား ဟား... အလိုက်တာဟယ်။ ရည်းစားထားတာ အချိန်ကို အသုံးချလို့ ရတယ်ဟဲ့”

“အချိန်ပိုကုန်တာ မဟုတ်ဘူးလား”

“ဒီလိုလေဟယ်... ကိုယ် ကျောင်းပြေးထားတာတွေအတွက် လွှတ်သွားတဲ့စာတွေ သူ့ကို ပြန်ကူးခိုင်းရတာပေါ့”

“ဟင်... အဲလိုလား”

“အခု ယူနီဗာစတီကျ ပိုတောင်အသုံးတည့်သေး။ ညဘက် ထမင်းဆာရင် စားဖို့ဆိုပြီး ထမင်းကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် ပူပူနွေးနွေး စားရအောင် သူက လှည်းတန်းထိပ်သွားဝယ်ပြီး ဒရဝမ်ကတစ်ဆင့် ပို့ပေးတယ် ဟုတ်လား။ အဲဒါ ရည်းစားကို အသုံးချမှု”

နှင်းနှင်းက မလွှမ်းမှူကို မနာအောင် ထုလိုက်၏။

မလွှမ်းမှူက သည်လိုပျော်စရာစကားတွေပြောပြီး ပျော်ပျော်နေတတ်သည်။ အသားညိုစိမ့်စိမ့်ကြားက ဖေါ်လီလုံးလို ဖြောင်လက်တောက်ပသောမျက်လုံးလေးများကား မိန်းမအချင်းချင်းကိုပင် ချစ်ခင်စေနိုင်သည်ဟု နှင်းနှင်း တွေးမိသည်။ ဒါကြောင့်လည်း သူ့ လူချစ်လူခင်ပေါတာ ဖြစ်ပါလိမ့်မယ်။



“*မော့... ညကြာ ညကြာ*”

S-2 ရှေ့မှာ တံခါးဖွင့်ပြီး ကြိုနေသူကား မောင်သက်ဝေ(တောင်ငူ) ပင်။

“ဒါ အတ်ဖိုမလွှမ်းမှူလေ။ ဒါက ကိုသက်ဝေ”

“ဟုတ်ပြီဗျာ။ ကျွန်တော် မနေ့က ရတနာရောက်ပါတယ်။ နှင်းခိုင်လွှင်ဆီ ဒိတ်စာပေးခဲ့ရတယ်။ မလွှမ်းမှူ အပြင်သွားတယ်ဆိုလို့”

“ကြာဆံကြော်”

နှင်းနှင်းက နောက်မည်ပြုပြီးမှ မသင့်ဟု ထင်ပြီး ဘရိတ်အုပ်၏။

“ကြာဆံကြော် သွားစားကြတာလား။ လှည်းတန်းက ရွှေဗဟိုက နာမည်ကြီးပဲ”

မောင်သက်ဝေကား နာမည်နှင့်လိုက်အောင် စကားကို ရွှန်းရွှန်းဝေအောင် ပြောတတ်ပါပေသည်။ အမူအရာကလည်း ယဉ်ကျေးဖော်ရွေလွန်းသဖြင့် တစ်ဖက်သားမှာ ရှိုးတိုးရှန့်တန့်ပင် ဖြစ်ရတတ်သည်။

“ဒါက တွဲဖက်အတွင်းရေးမှူး မောင်ဆွေတင့်”

“ဟုတ်ကဲ့။ တွေ့ရတာ ဝမ်းသာပါတယ်”

“ဒီဘက်က ဥက္ကဋ္ဌကေတုဝင်းတင့်။ ဒီဘက်က ဒုဥက္ကဋ္ဌ ကိုပုည။ ကိုဝင်းတင့်က အင်္ဂလိပ်နီးယားရင်းဖိုင်နယ်လ်။ ကိုပုညက မြန်မာစာဂုဏ်ထူးတန်း နောက်ဆုံးနှစ်။ ဒီဘက်က တက္ကသိုလ်ပွင့်ဦး၊ သူက ဘီအေပထမနှစ်၊ ဒါက မြင့်မွန်၊ ဘီအေဖိုင်နယ်လ်၊ မင်းမင်း(ဆင်ပေါင်ဝဲ) နဲ့ ဆေးသိပ္ပံထွန်းထွန်းတို့ နှင့်တိုင်ထားတယ်။ ဟော... အခုကြွလာတာက အလျှဉ်းမလျှော်တဲ့ မင်းမော်။ တက္ကသိုလ်မင်းမော်ပါပဲ”

မောင်သက်ဝေက ဝေနေအောင် စကားတွေနှင့် မိတ်ဆက်သည်။

နှင်းနှင်းစိတ်ထဲ နန္ဒမူလိုဏ်ဂူထဲ ရောက်နေသလား ထင်မိ၏။

အားလုံး သူချစ်ခင်လေးစားသူတွေပါပဲ။ ဒီလူတွေနှင့် တစ်ဖွဲ့တည်း အလုပ်လုပ်ရမှာဆိုတာ ဘယ်လောက်ဝမ်းသာဖို့ ကောင်းပါသလဲ။

“ကျွန်တော်က ထီးတန်းတာဝန်ခံ ထီလာစိုးမြင့်ထယ်ပါ”

“အဲ... သိတယ် သိတယ်။ တိုင်းရင်းမေမှာ ပန်းအလှပြင်နည်း ရေးတာ”

မလျော်ကန်သော နှင်းနှင်းစကားကြောင့် မလွှမ်းမှူက နှင်းနှင်းပေါင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သည်။ ပြီးတော့ ပြုံးပြလိုက်ပြီး...

"စိုးမြင့်ထယ်က တကယ့်ကဗျာဆရာပါ" ဟု ဖာဖာထေးထေး ပြော လေသည်။

"သူတို့က သင်းအောင်နဲ့ ပြည်ဘုန်းမြင့်"

သည်တစ်ခါ နှင်းနှင်းက ပြုံးရုံပဲပြုံးပြလိုက်ရသည်။

"ကြူကြူလည်း မရောက်သေးဘူး"

"လာပြီ လာပြီ။ ဟိုမှာ မိုးဝါနဲ့"

အခန်းထဲဝင်လာသူနှစ်ဦးကို ကြည့်ရ၏။

မိန်းကလေးက ဖြူဖြူ ပိန်ပိန်လေး။

ယောကျာ်းလေးကလည်း ဖြူဖပ်ဖြူရော် ပိန်ပိန်လေး။

နှစ်ယောက်လုံး ရွှေကိုင်းမျက်မှန်တွေနဲ့လေ။

"တက္ကသိုလ်မိုးဝါနဲ့ တက္ကသိုလ်ကြူကြူသင်းပါ"

"သိပါတယ်။ တိုင်းရင်းမေကဗျာရှင်တွေ"

မလွမ်းမူက နှုတ်သွက်လျှာသွက်။

"ကြိုင်သင်းရော။ မောင်ဇေယျာလည်း ကျန်သေးတယ်"

"လာလိမ့်မယ်။ တကာသမှာ လက်ဖက်ရည်သောက်နေတာ မြင်ခဲ့တယ်။ သွားနှင့် တဲ့"

သင်းအောင်က ဖြေသည်။

ပြည်ဘုန်းမြင့်ဆိုသူက စာပဲ ငုံ့ဖတ်နေသည်။

"ကဲ... အစည်းအဝေး စနှင့်မယ်ဗျာ။ တက်ရောက်သူဦးရေ ၇၅%"

မောင်သက်ဝေက နေရာယူရင်း ပြော၏။

ဥက္ကဋ္ဌနှစ်ယောက်က စားပွဲထိပ်မှာ ပြောင်းထိုင်ကြသည်။

ရှေ့ဆုံးတန်းမှာ ခပ်စောင်းစောင်းထိုင်သူကား တက္ကသိုလ်မင်းမော်။ မောင်ဆွေတင့်ကမူ ဒုတိယတန်းခုံမှာ ထိုင်နေရာက နေရာမပြောင်းချေ။

"ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးဖို့ အစီအစဉ် ၂ ခုရှိပါတယ်။ တစ်ခုက ပုလဲပန်းစာစဉ်ထုတ်ဝေရေး။ နောက်တစ်ခုကတော့ ကလောင်သင်းရန်ပုံငွေအတွက် စကားရည်လုပွဲ လုပ်ဖို့ပါ။ ကဲ ... ပုလဲပန်းတာဝန်ခံ ကိုမင်းမော် စဆွေးနွေး ဗျာ"

အတွင်းရေးမှူး မောင်သက်ဝေက တည်ကြည်လေးနက်သော လေသံဖြင့်





ောင်ပြောကြားသည်။ မလွမ်းမူက မှတ်စုစာအုပ်ကလေးထုတ်ပြီး ရေးမှတ်ဖို့ င်သည်။ နှင်းနှင်းကား ဘာစာအုပ်မှမပါခြင်းအတွက် နောင်တရ၏။ စိတ်နဲ့ပဲ တ်ရုံပေါ့ဟု ဖြေလိုက်ရသည်။ ကြူကြူသင်းက တိုင်းရင်းမေဂျာနယ်ကဗျာ ျက်နှာများကို ကြည့်နေရာမှ မောင်သက်ဝေထံ အာရုံစိုက်လိုက်၏။

တက္ကသိုလ်မင်းမော်က သူ၏ ပြာနှမ်းနှမ်းနှုတ်ခမ်းများကို လျှာဖြင့် သိမ်း သပ်သည်။ မျက်ခုံးများကို မြှင့်လိုက်သည်။ ပြီးတော့မှ ...

"အထွေအထူး ဘာမှမရှိပါဘူး။ နှစ်တိုင်းလိုပဲပေါ့။ ပုလဲပန်းကို သပ်သပ် ရပ် လုပ်မယ်။ စာမူတွေ ရေးကြ။ ဒီနှစ် ဝမ်းသာစရာတစ်ခုကတော့ ဆရာ ကြီးက 'ဗေဒါလမ်း' ကဗျာတွေ စရေးနေတယ်။ အဲဒါတွေ ပြီးသလောက် ပုံနှိပ်ထည့်မယ်"

တက္ကသိုလ်မင်းမော်ကား ဆရာဇော်ဂျီကို ဦးထိပ်ပန်ဆင်သူတည်း။ ဆရာ ဇော်ဂျီက တက္ကသိုလ်စာကြည့်တိုက်ကြီးမှာ ဦးသိန်းဟန်အဖြစ် အကြီးအကဲတာဝန် ယူနေသည်။ မင်းမော်သည် ဦးသိန်းဟန်အမည်ထက် ဆရာဇော်ဂျီဟု ခေါ်ရခြင်း ကို မြတ်နိုးသည်။ ဆရာဇော်ဂျီ စီကုံးသမျှ ကဗျာအားလုံးကို စွဲလမ်းနှစ်ခြိုက်လေ သည်။

အမှန်က တက္ကသိုလ်မင်းမော်သည် ယခုလို ဘီအက်စီနောက်ဆုံးနှစ်မှာ သင်နေဖို့မဟုတ်ချေ။ သူသည် ဆရာဝန်ဖြစ်ဖို့ ရည်မှန်းခဲ့သူဖြစ်၏။ ဥပစာ နှစ်တန်းမှာ အမှတ်မီ၍ လမ်းမတော်ဆေးကောလိပ်သို့ ဝင်ခွင့်ရခဲ့ပြီးလည်း ၏။ သို့သော် ဆေးကောလိပ် ဒုတိယနှစ်အကြီးတန်းတွင် အမှတ်မမီတော့ ဆေးသိပ္ပံဆက်တက်၍ မရတော့။ ဤတွင် ပင်မတက္ကသိုလ်သို့ ပြန်လာကာ တ်စီ (ဘိုင်အို) တန်း တက်ရလေသည်။ သူ့ကိုကြည့်လျှင် အရာရာကို ပ်ဖြစ်နေသည်ဟု ထင်ရလောက်အောင် မျက်နှာထားတင်းနေတတ်၏။

ယခုလည်း သူသည် မျက်နှာထားတင်းတင်းဖြင့် စကားပြောနေသည်။

မူသည် တက္ကသိုလ်မင်းမော် ဟူသော ကလောင်မည်ကို တိုင်းရင်းမေ ရှေ့ နာကဗျာရှည်ကြီးများကတ္တာ၌ တွေ့နေကျမို့ ခင်မင်ချင်လှ၏။ ယခုတော့ သူ့ နာတင်းတင်းကြီးကိုကြည့်ပြီး ကြောက်သလိုလို ခံစားရသည်။ နှင်းနှင်းကမူ က္ကသိုလ်မင်းမော် တာဝန်ခံတည်းဖြတ်မည့် ပုလဲပန်းဆိုသော စာစောင်ကို မြင် နေသည်။ 'ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျော့၊ ငါကန်တော့၏' ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် သင်ဖူးသည်။ အခု ကလောင်သင်းက



www.burmeseclassic.com

www.burmeseclassic.com



'ပုလဲဝန်း' ဆိုတော့ သည်စကားလုံးကို ယူထားခြင်းဖြစ်ရမည်ဟု တွေးနေသည်။ ပုလဲဝန်း ဟူသော စာစဉ်အမည်သည် တိုင်းရင်းမေ၊ ရှုမဝ၊ သွေးသောက်၊ အိုးဝေ ဆိုသော စာစောင်အမည်များနှင့်ယှဉ်လျှင် နားထဲမှာ ရှင်ကြည်၍နေလေသည်။

ကိုယ့်အတွေးနှင့်ကိုယ်မို့ အစည်းအဝေးမှာ ဘယ်ကဏ္ဍရောက်သွားပြီမသိ။ ကိုမင်းမော်က စာသင်ခုံကို လက်သီးနှင့် ထုလိုက်သံကြောင့် နှင်းနှင်းလန့်သွားလေသည်။

''ကျုပ်ပြောတာ သတင်းစာအကြောင်းဗျ။ သတင်းစာဟာ ရုပ်ရှင်ထက် ပြည်သူကို မြန်မြန်နဲ့ များများ အကျိုးပြုတယ်။ ရုပ်ရှင်က တစ်ကားထွက်ဖို့ အကြာကြီးစောင့်ရတာ''

''အေးလေ။ ဒီတော့ ဆရာသုခဟာ ရုပ်ရှင်ဘက်က နေရမယ်''

''မဟုတ်ဘူး။ စာပေဘက်ကပဲ နေရမယ်။ သုခဆိုတာ စာရေးဆရာ။ စာရေးဆရာဘဝနဲ့ တက်လာတာ။ ရုပ်ရှင်က နောက်မှလုပ်တာ။ မူရင်းက စာရေးဆရာပဲ''

''ဘာလဲ။ ဆရာသုခပါတဲ့ဘက်က နိုင်မှာမို့ စာပေဘက် ပါစေချင်တာလား''

''လုံးဝမဟုတ်ဘူး။ ကျုပ်က ဘယ်သူနိုင်ရမယ်မဟုတ်ဘူး။ သုခဆိုတာ ဘဝသံသရာသီချင်းကို စပ်တာကိုကပဲ အဲဒါ စာရေးဆရာ''

အလိုလေး... သူတို့ ရန်ဖြစ်နေကြပါပေါ့လား။

တက္ကသိုလ်မင်းမော်က လက်သီးလက်မောင်းတန်းနေပြီ။

တက္ကသိုလ်မိုးဝါနှင့် နောက်တစ်ယောက်က အကျောက်အကန်ငြင်းနေကြသည်။ ဥက္ကဋ္ဌနှစ်ဦးကား ဘာမျှဝင်မပြော။

''တော်ကြပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ်''

''လိုရင်း ပြောကြပါ။ ဘောင်လွတ်ကုန်ပြီ''

အတွင်းရေးမှူးမောင်သက်ဝေက လက်ကားယား ခေါင်းတယမ်းယမ်းနှင့် ဖျန်ဖြေသည်။ မိုးဝါတို့က ငြိမ်သွား၏။ မင်းမော်က မကျေမချမ်းနှင့် အစည်းအဝေး ကို မျက်နှာပြုရာက ဘေးဘက်လှည့်နေလေသည်။

နှင်းနှင်းက ကြူကြူသင်းကို ကြည့်၏။

ကြူကြူသင်းက မျက်မှန်ထဲက မျက်လုံးပြူးပြူးဖြင့် ဟိုကြည့်လိုက် ဒီကြည့်လိုက် လုပ်နေလေသည်။



မမြမှုနှင့် တက္ကသိုလ်ပွင့်ဦးတို့ကား ဘာမှမဖြစ်သလို အေးအေးဆေးဆေးပဲ။ ချွေးပြန်လာသဖြင့် မောင်ဆွေတင့်က မျက်နှာကို လက်ကိုင်ပဝါဖြူဖြင့် သုတ်နေသည်။ သူလည်း ဘာမျှဝင်မပြော။

ခဏကြာမှ ဥက္ကဋ္ဌကိုဝင်းတင့်က ပြုံး၍ပြောသည်။

''အားလုံးကောင်းချင်လို့ ငြင်းကြတယ်ဆိုတာ သိပါတယ်။ လေးစားပါတယ်။ ကိုမင်းမော်ပြောတာလည်း မှန်ပါတယ်။ မိုးဝါတို့ ဆွေးနွေးတာလည်း မှားပါဘူး။ အခု ကျွန်တော်တို့ရွေးထားတဲ့ စကားရည်လုပွဲခေါင်းစဉ်က 'သတင်းစာများသည် ရုပ်ရှင်ထက် တိုင်းပြည်အကျိုး ပိုမို၍ပြုနိုင်သည်' ဆိုတော့ သတင်းစာဘက်က ဆရာဇဝနနဲ့ ဆရာစိန်ခင်မောင်ရီက ဟုတ်ပြီ။ ရုပ်ရှင်ဘက်က ဦးဉာဏ နဲ့ ဦးသုခ။ အဲဒါ ဦးသုခက စာရေးဆရာလည်း ဖြစ်၊ လောလောဆယ် 'ဘဝသံသရာ' ဇာတ်ကားနဲ့ နာမည်ကြီးနေတာဆိုတော့ ရုပ်ရှင်ဒါရိုက်တာလည်းဖြစ်နေတယ်။ ဒီတော့ ဒီလိုလုပ်ရအောင်လား။ ဦးသုခရဲ့သဘောကို မေးမယ်ဗျာ။ ဆရာ ဘယ်ဘက်က ပါချင်လဲလို့''

''ဖွတ် ဖွတ်''

''သက်စ် သပ္ပိုင့်''

ဘယ်သူတွေအသံမှန်း မသိ။

S-2 တစ်ခန်းလုံး စီစီညံသွားတော့၏။

''ကဲ ကဲ... ဒီအပတ် ဒါလောက်နဲ့ နားရအောင်ဗျာ။ ကျွန်တော် လက်မှတ်တွေ ရိုက်နေတယ်။ လူစာရင်းအတည်မပြုရသေးလို့။ အဲ... အရေးအကြီးဆုံးက နောက်အပတ်အစည်းအဝေး မပျက်ကြစေချင်ဘူး။ လက်မှတ်တွေ ဘာသာနဲ့ယူပြီး ရောင်းပေးကြရမယ်။ အဆောင်လိုက်ရယ်၊ ကျောင်းက အတန်းလိုက်ရယ်ပေါ့။ ပြီးတော့ ကျွန်တော်တို့လူစုခွဲပြီး လက်မှတ်ရောင်းထွက်ရမယ်။ ဘိုင်နန်းရှင်တွေ၊ မြို့ထဲက ကုမ္ပဏီကြီးတွေဆီမှာ ရောင်းရမယ်။ စရိတ်ကျေပြီး အမြတ်ရမှ ပုလဲဝန်းအတွက် သုံးနိုင်မှာ''

မောင်သက်ဝေက လေပြည်လေးနှင့် ရှင်းပြနေသည်။

အားလုံး စာရွက်တွေသိမ်းပြီး ပြန်ဖို့ပြင်ကြ၏။

မောင်ဆွေတင့်က နှင်းနှင်းရှေ့ ရောက်လာသည်။ ခပ်ညင်ညင်သာသာပြော သည်။

''နှင်းနှင်း... ရတနာကို ကျွန်တော်လိုက်ပို့မယ်''

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ဟု ရင်ထဲမှာ အထိတ်တလန့်ဖြစ်သွားရသည်။

ရတနာဆောင်ဆိုတာ သိပ္ပံအဆောက်အအုံနှင့် ကျောချင်းကပ်လျက်ပဲ။ အလာတုန်းက လမ်း။ မိချွေနှင့် နှစ်ယောက်သား လမ်းလျှောက်လာတာ အမိုးတွေအောက်မို့ ထီးပင်မလို။ ဒါကို သူက သူ့ကားနှင့် လိုက်ပို့မလို့တဲ့။

"မလွမ်းမူပါပေါ့နော်။ ကျွန်တော် လက်စသိမ်းလိုက်ဦးမယ်။ ကားထဲ သွားနှင့်ကြပါလား"

ပြောပြီး ထွက်သွားသည်။

နှင်းခိုင်လွင် ဘာပြန်ပြောရမှန်းမသိခင် မလွမ်းမူက နှင်းလက်ကိုဆွဲပြီး ထူသည်။ သွားကြမယ်ပေါ့။ အေးလေ သွားပေါ့။ မောင်ချွေတင့်ကားက သိပ္ပံအဆောက်အအုံ S-2 ရှေ့နား မြေကွက်လပ်မှာပါပဲ။ အခန်းထဲကပင် မြင်နေရသည်။ အပြာရောင်လေး။ ရှုရှားလုပ် မော့စ်ဗစ်ချ် တဲ့။

(ရှုမဝဦးကျော်သည် သူ့သားကြီးသြရသကို အတော်ချစ်ပုံရ၏။ သူ့သားကြီး အင်္ဂလိပ်မက်သဒစ်စ်မှ မက်ထရစ်အောင်ပြီး ရန်ကုန်တက္ကသိုလ်တက်ရတော့မည်ဆိုသောအခါ သားကြီး ကိုယ်တိုင်ကားမောင်းပြီးကျောင်းတက်ဖို့ သည်ကားလေးကို ဝယ်ပေးတာဟု နောင်အခါ သိရ၏။)

ကဲ... ဘယ်လိုပဲဖြစ်ဖြစ် နှင်းနှင်းတို့နှစ်ယောက်တော့ ကားပြာလေးနှင့် ရတနာဆောင်ကို ပြန်ရတော့မည်။ အဆောင်ကလူတွေမြင်လျှင် ဘာပြောကြမလဲ။ မမမြင့်ကြီးများ စိတ်ဆိုးနေဦးမှာလား။

မလွမ်းမူ ဆွဲခေါ်ရာ ပါလာခဲ့၏။

မော့စ်ဗစ်ချ်ကားပြာလေးက ငြိမ်သက်စွာ ကြို့နေသည်။

ကဲ... နှစ်ယောက်ဆိုတော့ အနောက်ခန်းတံခါးကို ဖွင့်မယ်ပေါ့။

ဟင်... ဖွင့်လို့လည်း မရပါလား။

နှင်းနှင်းက အားစိုက်ပြီး တံခါးကို ဆွဲဖွင့်၏။ မပွင့်ချေ။

မလွမ်းမူက ဝင်ပြီး တံခါးကို ဆွဲခါ၍ ကလပ်သည်။ မရချေ။

ဟော... မိုးဖွားလေးတွေ ကျလာပြီ။

"လုပ်ပါဟယ်... မြန်မြန်။ မိုးစိုတော့မယ်"

"မပွင့်ဘူးဟ။ ဒုက္ခပါပဲ"

အခြေအနေက အတော်ဆိုးနေပြီ။

အဝေးကပင် မြင်နိုင်လောက်လေသည်။





မိုးမရွာလို့ကတော့ ဘေးမှာ ခပ်အေးအေးရပ်နေ၍ရသည်။

ခုတော့ မိုးက သည်းလာပြီ။ နှစ်ယောက်သား တံခါးဖွင့်၍မရဖြစ်နေပုံက အတော်ပုံးကွယ်ရခက်နေပြီ။

အတော်ကြာသွား၏။ အင်္ကျီတွေပင် စိုလာပြီ။

မောင်ချွေတင့် ပြေးလာလေသည်။ အခန်းထဲမှ လှမ်းမြင်သည်ထင်ရဲ့။

သူပြေးလာပြီး တံခါးဂျက်ကို နှင်းနှင်းတို့ဖွင့်သလို ဆွဲမဖွင့်ဘဲ အလယ်က အဝိုင်းလေးထဲ လက်ညှိုးထည့်ပြီး ဖိလိုက်၏။ သည်အခါ တံခါးက အလိုလို ပွင့်ကျလာလေသည်။ ဩော် ... ဒီလိုအဝိုင်းလေးကို ဖိရတာမှန်း ကိုယ်တွေမှ မသိတာ။

မောင်ချွေတင့်က ရယ်နေ၏။

နှင်းနှင်းရှက်မည်ထင်လျှင် မှားပါသည်။

ကားတံခါးမဖွင့်တတ်တာ ရှက်စရာဟု မခံစားချေ။ ကိုယ့်ကားမှ မဟုတ်တာပဲနော်။ ရယ်ချင်တာပဲ ရှိသည်။ မလွမ်းမူနှင့် နှစ်ယောက်သား ရယ်၍မပြီးနိုင်။ ရတနာဆောင်ရှေ့ရောက်သည်အထိ ရယ်တုန်း။

❐



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## S & R

## (သဟာယနဲ့ စာဖတ်သင်း)

ကိုရင်မောင်က အင်ဂျင်နီယာကျောင်းသားဖြစ်၏။

အင်ဂျင်နီယာအတန်းကြီးကျောင်းသားများ၏အဆောင်ကား ရာမညတည်း ရာမညက ပြည်လမ်း၊ လှည်းတန်းအဝိုင်းနှင့် အနီးဆုံး။ အမရဆောင်နှင့်ဆိုလျှင် ဘေးချင်းကပ်လျက်။ အဆောင်ရှေ့မှာ နဂါးဘတ်စ်မှတ်တိုင်ရှိ၏။ ဤမှတ်တိုင်မှ မြို့ထဲဘက်စီးလျှင် လိုင်းပေါက်၊ ထို့နောက် စိုက်ပျိုးရေး။ စိုက်ပျိုးရေးမှတ်တိုင်မှာ အင်ဂျင်နီယာကျောင်းသားများ ဆင်းရာနေရာဖြစ်၏။ ဤမှတ်တိုင်အနီး ပုတ်နှင့် တကောင်းဆောင်များနှင့်တစ်ဆက်တည်းမှာ အဆောင်သစ်ကြီး ထီးထီးမတ်မတ်ရှိ၏။ ဤအဆောင်ကား ဗိသုကာလက်ရာလည်း ဆန်းကြယ်သည်။ ချစ်ကြည်ရေးအထိမ်းအမှတ် ဆိုဗီယက်ရုရှားက လွှတ်တော်ဆောင်အဖြစ် ဆောက်ပေးခဲ့ခြင်းဖြစ်ပေသည်။ ဤအဆောင်မှ ရာမညအင်ဂျင်နီယာကျောင်းသားများ ကျောင်းတက်ရသည်။

"ဟေး... ကိုရင်မောင်။ S & R ရဲ့ ခွင်များကို ရွေးထားတယ်ဗျ"

ကျောင်းမှအပြန် ကားပေါ်မှာပင် ရာမညဥက္ကဋ္ဌ ကိုလေးသန်းက ပြော၏။ S & R (Social and Reading) သဟာယနှင့် စာဖတ်အသင်းများကို အဆောင်တိုင်းတွင် ဖွဲ့ထားသည်။ အားလုံးသည် တက္ကသနှင့် တွဲချိတ်ထားကြ၏။ တစ်နည်း အဆောင်တိုင်း၏အဖွဲ့များသည် တက္ကသမှ ညွှန်ကြားသောကျောင်းသားလှုပ်ရှားမှုများကို လုပ်ကြရလေသည်။

သဟာယနှင့် စာဖတ်သင်းများ၏ ထူးခြားသောအစဉ်အလာတစ်ခု ရှိ၏





မှာ မောင်နှမဖွဲ့ခြင်းဖြစ်၏။ ပင်မတက္ကသိုလ်တွင် ယောကျ်ားလေးအဆောင် များအပြား ရှိသော်လည်း မိန်းကလေးဆောင်က ၄ ဆောင်ပဲ ရှိသည်။ TTC ကို ထည့်တွက်မှ ၅ ဆောင်။ TTC ကိုတော့ သိပ်ပြီးစိတ်မဝင်စားကြချေ။ ဆရာကြီးဆောင်ဟု ခေါ်သည်။ ဘီအေအောင်ပြီးမှ ဘီအီးဒီ သွားတက်ကြတာမို့ ဆရာကြီးတွေ ဖြစ်သွားကြပြီပေါ့။

ဖရက်ရှာဆောင်ကို အားလုံးစိတ်အဝင်စားဆုံးဖြစ်သည်။ ရတနာကား ဖရက်ရှာဆောင်။

ယောကျ်ားလေးဆောင် သဟာယအဖွဲ့များသည် မောင်နှမဖွဲ့ဖို့ မိန်းကလေး ဆောင်များကို ချဉ်းကပ်ကြရ၏။ မိန်းကလေးဆောင်က TTC ပါမှ ၅ ဆောင် ဆိုတော့ မိန်းကလေးတွေမှာ ရွေးချယ်စရာ များနေသည်။ ချဉ်းကပ်ထားသူတွေ လည်း ရွေးခံရမရကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြရ၏။

သည်နှစ် ရာမညသည် ဖရက်ရှာဆောင်၏ရွေးချယ်ခြင်းကို ရရှိခဲ့သည်။ ရတနာက သူ၏မောင်နှမဆောင်အဖြစ် ရာမညအင်ဂျင်နီယာအစ်ကိုများကို ရွေး ချယ်ခဲ့သည် ဆိုပါစို့။

ဤသို့ မောင်နှမများ ဖြစ်လာကြပြီဆိုလျှင် အဆောင်၏ကိစ္စဝိစ္စ၊ ကျန်းမာရေး၊ လူမှုရေး စသည်တို့ကို တိုင်ပင်နိုင်သည်။ အကူအညီတောင်းနိုင် သည်။ ရာမညသားများသည် ရတနာသို့ အချိန်မရွေး ဝင်ထွက်နိုင်ကြလေသည်။

ယခုနှစ် လှုပ်ရှားမှုအဖြစ် ရာမညအစ်ကိုကြီးများနှင့် ရတနာညီမလေး များ တိုင်ပင်ထားသောကိစ္စကား ရတနာနှင့် ရာမည စကားရည်လုပွဲလုပ်ရန်ဖြစ် သည်။ ထို့ကြောင့် ရာမညဥက္ကဋ္ဌ ကိုလေးသန်းက ကိုရင်မောင်ကို ပြောခြင်းဖြစ်၏။

"စိန်လိုက်ဗျို့။ ညီမလေးတွေနဲ့ စကားစစ်ထိုးဖို့ဟုတ်လား"

"အေးဗျ။ ခင်ဗျား ကြားပြီးပြီကိုး"

"ကျွန်တော့်ရှမ်းမိတ်က အတွင်းရေးမှူးပဲ။ သိတာပေါ့"

"ကျွန်တော်တို့ဘက်က ကိုရင်မောင်ရယ်၊ နောက် တတိယနှစ်(လျှပ်စစ်) က ကိုဝင်းကိုရယ်၊ ဖိုင်နယ်လ်က ကိုတိုးနိုင်ရယ်"

"ဟား... စပယ်ရှယ်တွေချည်းပဲ။ ဖရက်ရှာလေးတွေ သနားပါတယ်"

"ဟိတ်... အဲလောက် အထင်မသေးနဲ့ ကိုယ့်လူ။ ဖရက်ရှာဆိုပေမဲ့ စာရေးဆရာမ ပါသတဲ့ မောင်ရင်ရေ"

"ဗျာ... ဖရက်ရှာထဲမှာ စာရေးဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ပဲဗျို့။ ဖရက်ရှာသာ ဆိုတယ်။ စာရေးဆရာမဖြစ်နေပြီဆိုတဲ့ မိန်းကလေးပါသတဲ့။ ရတနာ့ဥက္ကာ့မှ မခင်အေးနဲ့ မနေ့က တွေ့ပြီးပြီ။ နောက် တစ်ခုက သူတို့က နယ်ကလူတွေဆိုတော့ ပွင့်ပွင့်လင်းလင်းနဲ့ ပိုပြီးရဲတင်းကြ သတဲ့ဗျ"

"မဟုတ်တာဗျာ။ တောသူတွေ ဘာနားလည်မှာလဲ"

"နားလည်လို့ပဲ စာရေးဆရာမတောင် ဖြစ်နေပြီ"

"ဖြစ်ပစေဗျာ။ ကျုပ်နဲ့ တွေ့မယ်"

"သက်သက်ညာညာတော့ လုပ်ပါဗျာ။ ကိုယ့်ညီမလေးတွေပဲဟာ"

နှစ်ယောက်သား ကားပေါ်က ဆင်းပြီး အဆောင်ထဲ ဝင်ခဲ့ကြ၏။

ပေါ်တီကိုတွင် ကိုဝင်းကိုနှင့် ကိုတိုးနိုင်ကို အဆင်သင့်တွေ့ရသည်။

"အတော်ပဲ ကိုရင်မောင်ကို မျှော်နေတာ"

ကိုရင်မောင်က လက်မထောင်ပြရင်း ...

"ဘာမှမကြောက်နဲ့။ ကျွန်တော် ရှိတယ်"

လေးယောက်သား ရယ်လိုက်ကြ၏။

ကိုလေးသန်းက မျက်နှာကို ပြင်လိုက်ပြီးမှ ...

"လျှော့တော့မတွက်နဲ့ ကိုယ့်လူတို့။ ကောင်မလေးတွေက ကြိုးစားတယ် ဗျ။ အခု မခင်အေးက ပြောလိုက်တယ်။ သူတို့လူတွေကို အစိမ်းသက်သက် စင်တင်မှာမဟုတ်ဘူး။ ဒဂုံဆောင် ဦးလှရွှေဆီမှာ သင်တန်းတက်ကြဦးမှာတဲ့"

"ဦးလှရွှေဆီမှာ ဟုတ်လား"

ဆရာဦးလှရွှေကား ရုပ်ရှင်ရေးရာ၌ နာမည်ကြီးဆရာဖြစ်သည်။ မြန်မာ ဌာနတွင် ကထိကဖြစ်၏။ ဦးလှရွှေသင်သောအခန်းများ လူပြည့်လူလျှံဖြစ်မြဲဖြစ် သည်။ ဦးလှရွှေ စာသင်နာမည်ကြီးသဖြင့် နားထောင်ချင်သော အခြားဘာသာရပ် မှ ကျောင်းသားများပင် လာရောက်နားထောင်ကြကြောင်း ကြားဖူးသည်။

"ကျုပ်တို့အင်္ဂလိပ်ဘာသာတွေက ပုံပဲ ဆွဲတတ်တာ"

ကိုတိုးနိုင်က မျက်နှာကို ရှုံ့ပြီးပြောနေသည်။

"ခင်ဗျားကလည်း စစ်မရောက်ခင် မြားကုန်နေပြန်ပြီ။ သူတို့က ဦးလှရွှေ ဆီ သင်ရင် ကျုပ်တို့လည်း ဦးကျော်ရင်ဆီ သင်မှာပေါ့"

ကထိကဦးကျော်ရင် ဆိုလျှင်လည်း ရန်ကုန်တက္ကသိုလ်မှာ နာမည်ပေါက် ရုံမက ပြင်ပမဂ္ဂဇင်းတွေမှာလည်း ဆရာ့မြန်မာမှုဆောင်းပါးတွေ ဖတ်နေရသည်။





ဆရာ့တပည့်များဖြစ်သော လက်ထောက်ကထိကများပင် မြန်မာ့စာဂုဏ်ကျော်မြင့်၊ မြန်မာ့စာဂုဏ်တင်မောင်မြေး စသဖြင့် ငွေတာရီ၊ မြဝတီ မဂ္ဂဇင်းများမှာ ရေးနေကြ သည်။ စာရေးဆရာတွေမို့ စကားကြွယ်ကြခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာအစ်ကို ကြီးများ မောင်နှမပွဲ မှားပြီထင့်။

"နေပါဦး။ ခင်ဗျားစောစောကပြောတာ စာရေးဆရာမဘယ်သူ"

"နှင်းတော့ ပါတယ်။ နှင်းဘယ်သူ ဆိုလား"

"ကျွန်တော်သိတာက အုတ်ဖိုမလွှမ်းမှုပါ"

"အေးဗျ ဟုတ်တယ်။ နောက်ရှိသေးတယ်။ ပဲခူးမြင့်လေးတဲ့"

"တက္ကသိုလ်ပွင့်ဦးကတော့ မာလာမှာပါ"

"ဘာဖြစ်ဖြစ်ဗျာ။ ရှုံးတာ နိုင်တာ အဓိကမဟုတ်ပါဘူး"

"ခေါင်းစဉ်ကို ကျုပ်က သဘောကျတာ။ အမြဲတမ်းငြင်းခုံခဲ့ကြတာ ဘာ မိန်းကလေးတွေက သူတို့ကောင်းကြောင်း၊ ယောကျ်ားလေးတွေကလည်း သူတို့တော်ကြောင်းပေါ့။ အခုဟာက 'အမျိုးသားများသည် အမျိုးသမီးများထက် တိုင်းပြည်တာဝန် ပိုမိုထမ်းဆောင်နိုင်ကြသည်' ဆိုတဲ့အဆိုကို မိန်းကလေးဘက် က တင်သွင်းမယ်ဆိုတော့ ပြောင်းပြန်ပြောရမှာဗျ"

"မှန်တယ်။ သူတို့က ကျွန်မတို့ မတော်ပါဘူး။ ရှင်တို့ပဲ ပိုတတ်ပါတယ် လို့ သက်သေပြရမှာ။ ကျွန်တော်တို့ကလည်း ဟဲ ဟဲ... ကျွန်တော်တို့ ညံ့ပါ တယ်၊ ခင်ဗျားတို့က ပိုတော်တာပါလို့ သာဓကဆောင်ရမှာ"

"ဘာပြောပြော ပျော်စရာကောင်းမှာ သေချာတယ်"

"ရုံဝင်ကြေး ၂၅ ပြားကတော့ နည်းသဗျာ"

"လူတိုင်း ဝယ်နိုင်အောင်ပေါ့ဗျ"

"နေဦး။ ကျွန်တော်တို့ဘက်က ဖလိုးစပိကာဘယ်သူတွေ ရှိလဲ"

"ဒါက ပွဲကျမှ ပေါ်မှာပါ။ အမှတ်ပေးမှာမှ မဟုတ်ဘဲ။ ကြိုပြီးရွေးထား စရာ မလိုဘူးလေ"

"ဟုတ်ပါပြီ"

"ကျွန်းမာရေးတော့ ဂရုစိုက်ကြဗျာ"

"မပူပါနဲ့ဗျ။ နေ့တိုင်း ဝိတ်မနေတာ"

ကိုရင်မောင်က သူ့လက်မောင်းပိန်ပိန်လေးကို မြှောက်ပြလေသည်။

စကားရည်လုပွဲမီးတော့ ကျောင်းနံရံတွေမှာ ကြော်ငြာတွေ ပလူပျံနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရာမညနှင့် ရတနာ စကားစစ်ထိုးပွဲတဲ့။ ရတနာညီမလေးများနှင့် ရာမည အစ်ကိုတော်များတဲ့။ တိုင်းပြည်ကို အကျိုးပြုတာ အမျိုးသားလား၊ အမျိုးသမီးလားတဲ့။ နှင်းခိုင်လွင်၊ ခင်ခင်ထွေး၊ ခင်သန်းမြင့် နှင့် ကိုရင်မောင်၊ ကိုဝင်းကို ကိုတိုးနိုင် အပြိုင်ကြဲကြမည်တဲ့။ စုံတာကာစေ့နေသည်။ ရေးလည်းရေးနိုင်ကြပါပေရဲ့။

သည်အချိန်တွင် သတိရှိရှိနှင့်လှုပ်ရှားနေသူများကား ကိုဘလေးနှင့် ကိုနိုင်ဦးတို့တည်း။ စကားစစ်ထိုးပွဲသည် တကသ၏ စည်းရုံးရေးစစ်မျက်နှာတစ်ခုဖြစ်သည်။ တကသ ဟူသည် ကျောင်းသားထုတစ်ရပ်လုံးကို ဦးဆောင်နေသူဖြစ်ကြောင်း မြင်သာစေရမည်။

တကသမှာက ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဟောင်း ကိုဗဆွေလေးရှိသည်။ သည်နှစ် ပြန်လည်အရွေးခံရဖို့လိုသည်။ ကိုဗဆွေလေးဆိုလျှင် ကျောင်းဝင်းတစ်ခုလုံး မီးသေပြီးဖြစ်သည်။ ပြီးတော့ ကျောင်းသားခေါင်းဆောင် ကိုလှရွှေ၊ ကိုတင်မောင်ဝင်း၊ ကိုတင်အောင်မြင့်၊ ပြီးတော့ ကိုသာဘာန်း၊ သည်လူကြီးတွေက အတွေ့အကြုံရင့်သည်။ သူတို့ကို ကိုဘလေးတို့က ဝိုင်းရံကြရလိမ့်မည်။ သူတို့လူကြီးတွေက နေရာတကာလျှောက်သွား၍ မတင့်တယ်ချေ။ ကိုဘလေးတို့လိုလူတွေက လျှောက်သွားပြီး သတင်းစုကြ၊ စည်းရုံးရေးဆင်းကြရသည်။ ယခု စကားရည်လုပွဲသည် ကိုဘလေး၏ စည်းရုံးမှုပင်။ ရတနာက မခင်အေးနှင့် မေဘယ်လ်ကို ကိုဘလေး ပြောဆိုခဲ့ရ၏။ ခုတော့ ကိုဘလေးတို့မျှော်မှန်းသလို အုန်းအုန်းကျက်ကျက် စည်ကားမည့်ပွဲကြီးကို ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပနိုင်တော့မည်။ ဤကား တပ်ဦး၏အောင်ပွဲတစ်စိတ်တစ်ဒေသ။

*

ရတနာမှာလည်း လှုပ်ရှလှုပ်ရှဖြစ်နေသည်။

ခင်စန်းမြင့်က ထိပ်ဆုံးမှ မြူးကြွနေ၏။

"ဟော့ ... နှင်းနှင်း။ တို့ရတနာက နိုင်မှဖြစ်မှာနော်"

အိုင်ရင်းက ဘယ်တုန်းကမှ မတက်ကြွစဖူး တက်ကြွနေ၏။

"ဒီမှာ ငါက ငါတို့ဘော်လီဘောအသင်း ရှုံးထားတာ အဖတ်ဆယ်ချင်တယ်။ ဒီဘိတ်မှာ ရတနာက နိုင်အောင်လုပ်"

စန်းစန်းဆင်ကလည်း စကားဝိုင်းထဲဝင်လာသည်။





"ကိုယ်ကတော့ အဲဒီအင်္ဂလိပ်ကျားတွေကို အပြတ်နှိပ်စေချင်တာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ အင်ဂျင်နီယာကျောင်းကသူ့ရည်းစား သစ္စာဖောက်သွား[illegible]"

"ဝေး... ဟေးဟေး"

ရတနာဆောင်၏ ဘယ်ဘက်တောင်ပံမှာ ညံနေလေသည်။ နှင်းနှင်းနှင့် [illegible]စီ၏အခန်းနံပါတ် ၅၄၊ ခင်စန်းမြင့်၊ မမြကြည်၏ အခန်း ၄၄၊ ခင်လှမြင့်၊ [illegible]ယဉ်၏အခန်း ၄၁၊ အိုင်ရင်း၏ ၆၁၊ မကြွင်ယုံ၏ ၄၅၊ မအေးယဉ်၏ ၄၀၊ [illegible]လုံး ဝရန်တာမှာ စုမိကြသည်။ ပါဝင်စကားစစ်ထိုးရမည့်သူကား နှင်းခိုင်လွင်။

"နှင်းနှင်းကို ဘာ့ကြောင့်ရွေးသလဲ သိလား"

မမြကြည်က ခပ်ယုံ့ယုံ့ဆိုသည်။

"ချောလို့"

နှင်းနှင်းက ခပ်ကျယ်ကျယ်ဖြေလေသည်။

"နိုး နိုး... ရတနာဖရက်ရှာဒင်နာတုန်းက ကျုပန်းပြောတာကို မခင်အေး[illegible] ကြိုက်သွားတာ"

ဟုတ်ပါလိမ့်မည်။

အဲသည်ညက နှင်းနှင်းသည် သီချင်းလည်း ဆိုခဲ့၏။ ကျုပန်းစကားပြောပွဲ[illegible]သည်း ပြောခဲ့၏။ ဒါက ကိုယ့်ဝါသနာတွေပေပဲ။ အထက်တန်းကျောင်းမှာ[illegible]တည်းက ပွဲပေါင်းများစွာ နွှဲခဲ့ဖူးသည်လေ။

"နေဦး ခင်သန်းမြင့်ကိုကော"

"မသိဘူး။ ကိုယ်က မလွှမ်းမှုကို ရွေးမယ်ထင်တာ"

"နောက် ... ထွေးထွေး ဝါးခယ်မထွေးကြီး"

"သူက တော်ပါတယ်။ ပြောနိုင်မှာပါ"

"ဒါနဲ့ နှင်း... မင်းတို့ ဒဂုံဆောင်မှာ သွားသင်ရတယ်ဆို"

"ဟုတ်တယ်။ မခင်အေးတို့ စီစဉ်တာ"

"ဆရာဦးလှရွှေနဲ့ဆိုတော့ အရမ်းရယ်ရမှာပဲ"

"အေးကွယ့်။ ဆရာက သိပ်တော်တာ။ ကိုယ်တို့ကို တစ်ယောက်ချင်း ပြောနိုင်းတယ်။ စာနဲ့ရေးထားတာကို ပြန်မကြည့်ရဘူးတဲ့။ ပြောရင်း စဉ်းစား တဲ့။ ပရိသတ်ကို အမြဲကြည့်တဲ့။ ပရိသတ်ကိုမကြည့်ရင် ပရိသတ်က ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်စိတ်ဝင်စားမလဲတဲ့"

"ဟုတ်တယ်။ နောက် အမူအရာသင်သေးလား"

"အမူအရာကျတော့ အိုတာမဖြစ်စေနဲ့တဲ့။ ပရိသတ်ကို လှူစွာ မလုပ်မိစေနဲ့တဲ့။ ပရိသတ်ရယ်နေရင် အကြာကြီး ရယ်ခွင့်မပေးနဲ့တဲ့။ လက်လေးနဲ့ကာပြီး ရယ်နိုင်းတဲ့။ အချိန်မရမှာ စိုးလို့ပေါ့"

"ဆရာက သိပ်တွေးနိုင်တာပဲနော်"

"နောက် ရှိသေးတယ်။ ကိုယ့်ဟာကိုယ် ပြော၊ ကိုယ့်ဟာကိုယ် ရယ် မလုပ်ရဘူးတဲ့။ ဒါ အရေးကြီးတယ်"

"ဒါနဲ့ ၃ ယောက် ဘယ်လိုဝတ်ကြမှာလဲ"

"မခင်အေးတို့ စီစဉ်နေတယ်။ ဇင်းမယ်ပိုးလုံချည်တွေ ရမယ်တဲ့။ အင်္ကျီက ရင်ဖုံးလက်ရှည်တဲ့"

"ဂရေ့စီအင်္ကျီ နှင်းနှင်းနဲ့ တော်မှာပါ"

ဂရေစီက ကြင်နာစွာ ဝင်ပြော၏။

နှင်းနှင်းမှာ ရင်ဖုံးအင်္ကျီကောင်းကောင်းမရှိတာကို အခန်းဖော်မို့ ဂရေစီ သိပြီးသား။

"ဖိနပ်ကော"

စိတ်ပူပြီးမေးသူက ခင်စန်းမြင့်။

"ဂရေစီ့ပုံတော်ဖိနပ်နဲ့ တော်မှာပါ"

ဂရေစီကပင် ပြောသည်။ သူ့မှာ မစီးရသေးသော ကတ္တီပါပုံတော်ရှိ၏။ နှင်းနှင်းက ကျောင်းဖွင့်စက မိုးရေခံဖိနပ်လေးတစ်ရန် ဝယ်ဖြစ်ပြီး ယခုထိ ထပ် မဝယ်နိုင်။ ဒါကိုလည်း အခန်းဖော် ဂရေစီက နားလည်ပြီးသား။

"မိတ်ကပ်တော့ မမမြင့် တာဝန်ယူတယ်"

ခင်စန်းမြင့်က ဝင့်ကြွားစွာ ပြောသည်။

"ငါ့စိန်လက်စွပ် ဝတ်ကြည့်စမ်း"

ဌေးဌေးက သူ့လက်စွပ်ကို ချွတ်၏။

နှင်းနှင်းက ငြင်းသည်။

နှင်းနှင်းမှာက ပုလဲနှစ်လုံးနှင့်လက်စွပ်လေးကို လက်သူကြွယ်မှာ ဝတ်ထား၏။ သည်လက်စွပ်လေးက အမှတ်တရပေပဲ။ နှင်းခိုင်လွင်ဆိုသည့် ကလေး အမည်နှင့် ပထမဆုံးရသော စာမူခငွေ ၁၅ ကျပ်နှင့် ပုလဲနှစ်လုံး ဝယ်ခဲ့၏။



သည်ပုလဲနှစ်လုံးကို အလိမ်ပုံသွင်းပြီး ရွှေလေးတစ်ပဲသားနှင့် လုပ်ခဲ့ခြင်းပါ။ ဘာပဲ ဖြစ်ဖြစ် နှင်းနှင်း တန်ဖိုးထားသည်။

"လုပ်ပါဟယ်... ငါက ပုလဲကြိုက်လို့ပါ"

ဌေးဌေးက ဇွတ်တရွတ်။

ခင်စန်းမြင့်ကလည်း မျက်ရိပ်ပြနေသည်။

စင်ပေါ်မှာ လက်ဟန်ခြေဟန်နှင့် စကားပြောသောအခါ နှင်းနှင်းလက်ကို စိန်လက်စွပ်က ပိုမိုထွန်းတောက်စေမည်ဟု ယုံကြည်ကြဟန်တူလေသည်။

မမြကြည်နှင့် ခင်လှမြင့်က ဘေးက ထောက်ခံမဲပေးနေကြ၏။

သို့ဖြင့် ...

နှင်းနှင်းလက်သူကြွယ်မှာ စိန်ခြယ်လက်စွပ် ရောက်လာလေသည်။

ဪ... စိန်လက်စွပ်နဲ့တဲ့လား။

နှင်းနှင်း ငိုချင်လာသည်။

ဘာကြောင့်မှန်းလည်း မသိ။

မျက်ရည်တွေ ဝိုင်းလာ၏။

"ဟဲ့ ... ပျော်ရမှာ ပျော်ရမှာ"

ခင်စန်းမြင့်က ကိုယ်တိုင်ရယ်ပြသည်။

နှင်းနှင်း ပြုံးလိုက်၏။

"ရှာလိုက်ရတာ နှင်းရာ"

အမောတကောနှင့် တက်လာသူကား ဝါးခယ်မထွေး။

"လာ... ထွေး။ ဒီမှာ တို့များတိုင်ပင်နေတာ"

ထွေးထွေးက ဝရန်တာမှာ မှီ၍ရပ်သည်။ ပြီးမှ ...

"ညက သိပ်ပျော်တာပဲ"

"စကားပြောသင်ရတာကိုလား"

"မဟုတ်ဘူး။ ညဘက်ကြီး အဓိပတိလမ်းမှာ လျှောက်ရလို့"

"ပြောပါဦးဟယ်"

"ဟုတ်တယ်လေ။ ငါတို့က ၆း၀၀ နာရီဆို သံတံခါးပိတ်ပြီး နေခဲ့ရတာ ဗုတ်လား။ လသာလည်း ထွက်မကြည့်ရ၊ စားချင်လည်း ထွက်မစားရ။ ညကတော့ အုံဆောင်က ပြန်တာ ၉ နာရီ ထိုးနေပြီ။ တကသအစ်ကိုတွေ လိုက်ပို့တယ်။ အဓိပတိလမ်းမကြီးက ညဘက်မှ ပိုလှတာကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ထွေးက ခွေးခွေးမြည့်မြည့် ပြောနေသည်။

"လကလည်း သာနေတယ်။ လေညင်းလေးလည်း တိုက်နေတယ်။ လေညင်းနဲ့ လရောင်အောက်မှာ အဓိပတိလမ်းနံဘေးက ကန့်စွန်းပန်းပြာပြာလေးတွေက အို... လှလိုက်တာများလေ ရွှန်းစိုနေတာပဲ။ အဲဒါမျိုးမြင်ရဖို့ ဘယ်လောက် ခဲယဉ်းလဲနော်"

"ဟုတ်ပြီ။ အခုမှ ကဗျာဆရာမဖြစ်တော့မယ်"

ထွေးထွေးက မျက်နှာလေးညှိုးပြရင်း ...

"ထွေးလည်း ကဗျာဝါသနာပါပါတယ်နော်။ နှင်းတို့လောက် မကြိုးစားလို့ပါ။ ဝတ္ထုတော့ ထွေး မရေးချင်ဘူး"

"ခုနက ကန့်စွန်းပန်းလေးတွေအကြောင်း ဆက်ပြော။ ကဗျာပဲ"

"ကန့်စွန်းပန်းလေးတွေက ဟမ်းဘားလ်ဖြစ်တယ်။ ဗမာလို ဘယ်လို ပြောရမလဲ"

"ဗမာလို မပြောတတ်ရင် ဘင်္ဂါလီလိုပြော"

စန်းစန်းဆင့်အပြောကြောင့် ကုလားဆင်မျက်နှာနှင့်ထွေးက ရှက်တက်တက်ဖြစ်သွားသည်။ ခင်လှမြင့်က ကြားကအားနာသဖြင့် ဝင်ပြီးဖြေရ၏။

"ဟမ်းဘားလ်ဖြစ်တယ်ဆိုတာထက် ဒဲလီးကိတ်ဖြစ်တယ်ပြောရမှာပေါ့။ နူးညံ့တယ်။ စင်ကြယ်တယ်။ ပြီးတော့ လန်းဆန်းသစ်လွင်တယ်"

"ကဲပါ ကဗျာဆရာမ မမြင့်မွန်(ပဲခူး) က ကဗျာပန်းတွေ ပွင့်နေပြီပြီ။ ထွေးကြီး..., ညက လသာတဲ့အကြောင်း ဆက်ပြော"

ထွေးထွေးက မျက်လုံးကြီးများကို မိုးပေါ်လှန်ကြည့်ရင်းက ...

"လမင်းကြီးကလေ ဘွဲ့နှင်းသဘင်ခန်းမကြီးခေါင်မိုးကနေ သစ်ပုပ်ပင်ကြီးရဲ့အကိုင်းတွေဆီ ခရီးနှင်နေတာ"

"နဂါးဘတ်စ်နဲ့လား"

အိုင်ရင်းက ဝင်နှောက်၏။ ထွေးထွေးက ဂရုမစိုက်ဘဲ...

"အဲဒီလမင်းရဲ့ခရီးစဉ်မှာ လေညင်းလေးက ကူညီပေးတယ်ပေါ့"

"အဲတော့ နင်တို့ဘာဖြစ်လဲ"

"ဘာဖြစ်လဲဆိုတော့ ရင်ထဲမှာ အေးမြပြီး အဲ ... တကသကိုဘလေးလည်း လိုက်ပို့တဲ့အထဲ ပါတာကိုး"

"ဘာဆိုင်လဲဟဲ့"





"ဆိုင်တာ ပြောမယ်လေ။ တကသကိုဘလေးဆိုတာ တပ်ဦးရဲ့ထိပ်တန်းညီးရုံးရေးမှူး။ တက္ကသိုလ်မှာ ကျောင်းခွေးလှူခွေးနေပြီး ကျောင်းသားများကောင်းစားရေးပဲ လုပ်နေတဲ့လူ"

"ဟုတ်ပါပြီ။ အဲဒါတွေ အသာထားစမ်းပါ။ လသာတော့ ဘာဖြစ်လဲ"

"အဲဒီလမင်းကြီးရဲ့အရောင်က ကန့်စွန်းပန်းလေးတွေအပေါ် ပက်ဖျန်းတော့ တကသကိုဘလေးတောင် နိုင်ငံရေးစကား မပြောတော့ဘူး"

"ဘာစကားပြောလဲ"

"ညဘက် လသာသာမှာ အဓိပတိလမ်းမကြီးတစ်လျှောက် လမ်းလျှောက်ကြရတာဆိုတော့ တကယ်ဆို ရည်းစားစကားပြောဖို့ကောင်းတယ်"

အားလုံး နားစွင့်နေကြ၏။

အမြဲနှောက်တတ်သော အိုင်ရင်းပင် ငြိမ်နေသည်။

ရတနာ၏ညနေခင်းကလည်း ငြိမ်လို့။

ရတနာဆောင် ဘယ်တောင်ပံ ဝရန်တာမှာ လေတိုက်သံပင် မကြားရ။ အရှေ့ဘက် စိန်ပန်းဝါပင်ပေါ်က စိန်ပန်းဝါဝါလေးများကလည်း လှုပ်ခတ်မနေကြ။

"မထွေးထွေး၊ နှင်းခိုင်လွင်၊ ခင်သန်းမြင့် ဧည့်သည်"

ကြည့်စမ်း။ အရေးထဲ ဒရဝမ်ဦးကြီးက လှေကားထိပ်မှာ ပေါ်လာသည်။ ဦးကြီးလက်ထဲမှာ ဧည့်သည်မှတ်တမ်းစာအုပ်လေးနှင့်။

"ဘယ်သူလဲ ဦးကြီး"

"S & R များ ရာမညတဲ့"

ဟုတ်ပြီ။ ရာမညက အစ်ကိုကြီးတွေပေါ့။ အုပ်စုလိုက် လာတတ်ကြသည်။ ထွေးထွေးတို့ ၃ ယောက်လုံးကို ခေါ်တယ်ဆိုတော့ စကားရည်လုပွဲကိစ္စဖြစ်မည်။ ခင်စန်းမြင့်က လက်မြှောက်ပြပြီးမှ ...

"ကဲ ... သွားကြ။ ညီမလေးတို့ S & R အစ်ကိုတွေ ဘာစားစရာယူလာလဲလို့ မေး။ စားစရာမပါရင် မလာရဘူးလို့ ပြော"

"အခန်း ၄၆ က ဝါးခယ်မခင်စန်းမြင့်က မှာတာလို့ ပြောလိုက်မယ်နော်"

"အမယ်လေး ... မတော်မတရား။ ဘုရားကြည့်မနေပါနဲ့"

ခင်စန်းမြင့်က ဝရန်တာကိုပုတ်ပြီး ရယ်နေသည်။

ထွေးက နှင်းနှင်းလက်ကို ဆွဲခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် … ဓာတ်လမ်းကောင်းခါစရှိသေး။ ရာမည S & R ဈေး ရည်းစား မရကြပါစေနဲ့"

အိုင်ရင်း၏ ရေရွတ်သံပါ။

❐

(၁၁)

# စကားရည်လုပွဲ

မန္တလေးဆောင်သည် လှုပ်လှုပ်ရှားရှားဖြစ်မနေပေ။

သို့သော် မန္တလေးဆောင်၏အခန်းနံပါတ် ၆၅ မှာကား ဆူဆူဝေနေလေသည်။

"ဒါလောက်ဆို တော်ပြီလား"

သိုက်ထွန်းသည် ဘရိုင်းလ်ခရိမ်းကို စေးပိုင်အောင်လိမ်းပြီး ဘိုကေကို အကျအနခွဲရင်း စပ်ဖြဲဖြဲနှင့် လှမ်းပြောနေလေသည်။ ၁ ပေ ပတ်လည် ကြည့်မှန်သေးသော စာအုပ်စင်ပေါ်မှာဖြစ်၏။ မှန်ထဲမှာ သူ့မျက်နှာကိုမြင်ရဖို့ သိုက်ထွန်းက ဒူးနှစ်ဖက်ကွကြီး လုပ်နေရသည်။ သူ့အရပ် ကလန်ကလားနှင့် ကိုးရိုးကားရားပုံကို ခုတင်ပေါ်မှာ ခေါင်းအုံးကို ကျောမှီရင်းထိုင်နေသော စိုးပိုင်က ခေါင်းတယမ်းယမ်း လုပ်သည်။ ပက်လက်ကုလားထိုင်မှာထိုင်နေသော ကိုအောင်နိုင်ကတော့ ပြုံး၍ နေ၏။

"မနာလိုမဖြစ်နဲ့ မောင်။ ဒီကောင်က ဒီဘိတ်တာရဲ့မိတ်ဆွေ"

"သူ သွားနှုတ်ဆက်လို့ ရမှာကျနေတာပဲ"

"မရ ဘာဖြစ်လဲ။ ဖလိုးကနေ အားပေးရမှာပေါ့။ ဟိုနေ့က ကျုပ်ကို နှုတ်လှန်ပုံကတော့ အကွက်စေ့တယ်ဗျို့။ အခု ဒဂုံဆောင်အဆောင်မှူး ဆရာဦးလှရွှေနဲ့ လက်ထပ်သင်ထားပြီဆိုတော့ ပေါလစ်ရှိဖြစ်မှာ သေချာတယ်"

"နေပါဦး။ ခင်ဗျားက အနိုးကပ်ရမှာမဟုတ်ဘဲ။ ဘာဖြစ်လို့ ဒါလောက် အမွှေးအကြိုင်တွေ လုပ်နေရတာတုံး။ ကျုပ် ဘရိုင်းလ်ခရင်တစ်ဘူးလုံး ကုန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးပိုင်က စိတ်ဆိုးဟန်ဖြင့် ပြော၏။ သိုက်ထွန်းကား ပန်းနှင့် ပေါက်သည်ဟု သဘောထားသည်။

"ဗျို့ . . . ကိုအောင်။ ခင်ဗျားရဲ့ ပြင်သစ်ပြည်ရဲ့ညနေခင်းလေး တဆိတ် ထုတ်လိုက်ပါဦး"

ကိုအောင်နိုင် ပြုံးသည်။

"ကုန်သွားပြီ"

စိုးပိုင်က ဝင်ဖြေလေသည်။

"လုပ်ပါဗျ ခင်ဗျားကလည်း။ ဘယ်တုန်းကမှ ကပ်စေးမနဲဖူးပဲနဲ့"

သိုက်ထွန်းက ရုပ်အင်္ကျီကော်လာကိုထောင်ရင်း ဆို၏။

စာအုပ်စင်မှာ မွှေ၏။ နောက်တော့ မှန်နောက်မှာ သွားတွေ့လေသည်။

"ရပြီ ရပြီ။ ပြင်သစ်ပြည် ရောက်စေသတည်း"

သိုက်ထွန်းက ရေမွှေးပုလင်းအပြာလေးကို အဖုံးဖွင့်ပြီး သူ့ရင်ဘတ်မှာ၊ ပခုံးမှာ၊ လက်ဖျားမှာ နေရာအနှံ့ ဆွတ်ဖြန်းတော့၏။

ကိုအောင်နိုင် ဘာမှမပြောဘဲ အတွေးနက်နေသည်။

ဒီည ၇း၀၀ နာရီမှာ ရာမညနှင့် ရတနာကို မြင်ရတော့မည်။ ရာမညဆိုတာက ကိုအောင်နိုင်တို့ထက်ပင် အတန်းကြီးသော အင်ဂျင်နီယာလောင်းများ၏ ဖရက်ရှာလေးတွေ ဒုက္ခပဲဟု တွေးပူနေသည်။

မိုးသည်းသောတစ်ရက်က သီပွဲအဆောက်အအုံတွင် ခဏပန်းမိတ်ဆက် ခွင့်ရခဲ့သော မိန်းကလေး။ အသားအရေ ညိုစိမ့်စိမ့်။ ကိုယ်လုံးကိုယ်ထည် တစ်တစ် ရစ်ရစ်နှင့် ဟန်ပန်ဖျတ်လတ်သော ထိုကောင်မလေးသည် ကိုရင်မောင်တို့အုပ်စုကို ယှဉ်နိုင်ပါ့မလား။ စိတ်ထဲမှာ လေးလံနေလေသည်။ ဘာကြောင့် ဒီလောက် လေးလံ ရပါလိမ့်ဟုတော့ မသိ။

"ပွင့်ဖူးစအရွယ် ××× ပန်းတော်ဝင်မာလာရယ် ××× ခါခါကွယ် ကရုဏာ ထား ××× မေတ္တာပွားမိတယ် ××× ညီမလေးရယ် ××× ညီမလေးရယ် ××× ငယ်ရွယ်နုနယ် စဉ်းစားဆင်ခြင်ကင်းလှတယ် ××× မေပွင့်လွှာမိုးဝယ် ကြွေလွင့် မှာပဲ စိုးမိပါတယ်ကွယ်"

ကုလားထိုင်သေးက တယောကို ကောက်ယူပြီး ကြိုးများပေါ်တွင် ဘိုးတံ ကို တို့ကစားရာက သီချင်းတစ်ပိုင်းတစ်စ ညည်းမိ၏။ စိုးပိုင်က စီးကရက်တစ် လိပ် မီးညှိသည်။ ကိုအောင်နိုင် တယောထိုးလျှင် သူက စီးကရက် မှိန်းရင်း





နားထောင်ခဲ့စမြဲ။

"ဟော့လူတွေ လုပ်ကြဗျာ။ ခင်ဗျား ညီမလေးနဲ့ တွေ့ရတော့မယ်လေ"

သိုက်ထွန်းက တယောကို လုယူရင်း ပြောသည်။

"ပွဲက ၇း၀၀ နာရီမှ စမှာဟုတ်လား"

"အခု ၅ နာရီ ၄၅ ဗျ။ လမ်းလျှောက်မှာနဲ့ ဟိုကျ ရှေ့ဘက်ရအောင် နေရာဦးရဦးမယ်လေ။ နောက်ဘက်ကျလို့က အရှုံးပဲ"

သိုက်ထွန်းကား အစဉ်တက်ကြွသူ။

စိုးပိုင်က အစဉ်သတိရှိသူ။

ကိုအောင်နိုင်က ငြိမ်သက်သူ။

မတူသောလူသား ၃ ဦးသည် ဘယ်တော့မှလည်း မခွဲချေ။ သည်နေ့ ကားရည်လုပွဲအတွက် လက်မှတ်တွေ ဝယ်လာကြပြီး သိုက်ထွန်းက တက်ကြွ သလောက် ကိုအောင်နိုင်က ငြိမ်နေသည်။ စိတ်ထဲမှာ တစ်စုံတစ်ရာကို စိုးရိမ် နေသည်။

"ဟော . . . ကိုကျော်သန်း လာဗျာ။ ကိုစိုးမြင့်ထယ်ပါ ပါလာတာ ကိုး"

အခန်းဝမှာ ကိုကျော်သန်းနှင့် ထီလာစိုးမြင့်ထယ် ရောက်လာသည်။ ငါးယောက်လုံး စိုးပိုင် ခုတင်ပေါ် ဝင်ထိုင်ကြ၏။ စိုးမြင့်ထယ်ထံမှ ဂိုယာရေမွှေး နံ့က သင်းပျံ့နေလေသည်။

"ဟင်း . . . ခင်ဗျားတို့ဟာက ကိုယ်တိုင်များ စင်ပေါ်တက်ရရင် ရေမွှေး နံ့ထဲများ ဆင်းစိမ်ကြမလားမသိဘူး"

စိုးပိုင်က စီးကရက်တိုကို ပြာခံခွက်မှာ ဖိချေငြိမ်းရင်း ပြော၏။

သူတို့ ဘာမှပြန်မပြောကြ။ ပြောချင်ရာပြောဟု သဘောထားပုံရလေ သည်။

"သီချင်းဆိုရင်လည်း ဆက်ဆိုဗျာ"

စိုးမြင့်ထယ်က ကိုအောင်နိုင့်ကို ပြောသည်။

သိုက်ထွန်းက ခြေကားရား လက်ကားရားလုပ်ရင်း . . .

"မမြှောက်ကြပါနဲ့ဗျာ။ ဒီကောင့်အသည်းက နုနုလေး"

"စောစောက ကြားလိုက်လို့ပါ။ ညီမလေးရယ် ××× စိုးရိမ်မိသေး တယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးမြင့်ထယ်က သံစဉ်လိုက်ပြီး သီချင်းကို ဆိုလိုက်၏။

''ကိုင်း... ခင်ဗျားတို့ နေရစ်ကြ။ ကျုပ်က တကယ်စိုးရိမ်လို့ သွားတော့မယ်''

သိုက်ထွန်း စိတ်ဆိုးချင်ယောင်ဆောင်တော့မှ အားလုံး နေရာမှ ထကြ၏။ အဝတ်အစားလဲပြီးသားများဖြစ်၍ အခန်းတံခါးပိတ်ဖို့ပဲ ကျန်သည်။

မန္တလေးဆောင်ရှေ့ ပေါ်တီကိုအောက် ရောက်သောအခါ သူတို့လိုပင် ခွဲသွားမည့်သူတွေကို တွေ့ရ၏။ သီချင်းဆိုပွဲလည်း မဟုတ်၊ အငြိမ့်ပွဲလည်း မဟုတ်၊ ပြဇာတ်ရုပ်ရှင်လည်း မဟုတ်ပါဘဲနှင့် စိတ်အားတက်တက်ကြွကြွ ရှိလှချေသည်။

အဓိပတိလမ်းတစ်လျှောက်မှာလည်း ဘွဲ့နှင်းသဘင်သို့ ဦးတည်သွားနေကြသည်။ ညာဘက်က တကသအဆောက်အအုံထဲက လူအချို့လည်း ထွက်လာကြသည်။ ဒီညနေကား စကားရည်လုပွဲ၏အရသာကို အားလုံးစားသုံးကြတော့မည်။

အခန်းထဲရောက်တော့ တစ်ဝက်ပြည့်နေပြီ။

အလယ်လောက်မှာ ထိုင်စရာနေရာ ရကြ၏။

အခမ်းအနားမစမီ တေးဂီတဖွင့်လှေမရှိ။ အချင်းချင်း စကားစမြည်ပြောရင်း စင်မြင့်ကို လှမ်းမျှော်ကြမြဲဖြစ်၏။ စင်မြင့်ပေါ်က နောက်ခံစာလုံးကြီးများကား ကိုဘလေးတို့လက်ရာ 'တပ်ဦးစာလုံး' များတည်း။ စကားရည်လုပွဲခေါင်းစဉ်က 'အမျိုးသားများသည် အမျိုးသမီးများထက် တိုင်းပြည်တာဝန် ပိုမိုထမ်းဆောင်နိုင်သည်'။ ရာမညနှင့် ရတနာ။ ရာမညဘက်မှ အမည်များကို ညာဘက်မှာ တန်းစီရေးထားသည်။ ရတနာဘက်မှအမည်များက လက်ဝဲဘက်မှာ တန်းပြီးရေးထား၏။ အလယ်မှာ သဘာပတိစားပွဲ။ ပန်းအိုးလှလှနှင့်။ ညာဘက်စားပွဲရှည်မှာ ရာမညလူများ ထိုင်ရန်၊ ဘယ်ဘက်စားပွဲရှည်မှာ ရတနာသူများ ထိုင်ရန်။

၇း၀၀ နာရီထိုးပြီ။

အခမ်းအနားမှူး ဝင်လာသည်။

မိတ်ဆက်စကား ပြောသည်။

ရတနာသူများကို စတင်ဖိတ်ခေါ်သည်။

ထို့နောက် ရာမညမှ လူများ။

သိုက်ထွန်းတို့ မျက်တောင်ပင် မခတ်အားချေ။

ရတနာသူ ၃ ဦးလုံးက ခင်းမယ်လုံချည်ဆင်တူနှင့်။ ဆံပင်ပုံစံဆင်တူ





နှင့်။ ဘယ်သူဘယ်ဝါမှန်းပင် ခွဲရခက်သွားပြီ။

ရာမညမောင်များကလည်း စတစ်ကော်လံ၊ တိုက်ပုံမီးခိုးရောင်ဆင်တူနှင့်။ ပုဆိုးက ရွှေတောင်ပိုးတွေပဲ။ ကြည့်စမ်း။ ဘယ်ဇာတ်အဖွဲ့ကများ သွားအလာကြပါလိမ့်ဟု သိုက်ထွန်းက ရေရွတ်လေသည်။

'အမျိုးသားများသည် အမျိုးသမီးများထက် တိုင်းပြည်တာဝန် ပိုမိုထမ်းဆောင်နိုင်သည်'

သည်အဆိုကို အမျိုးသမီးများက တင်သွင်းကြရန်ဖြစ်၏။

အဆိုပြောင်းပြန်ဖြစ်နေခြင်းက ပွဲကို ထူးခြားစေလေသည်။

အဆိုဘက်မှ စတင်အဆိုတင်သွင်းသူကား နှင်းခိုင်လွင်။

ကိုအောင်နိုင်သည် ငြိမ်ငြိမ်လေး ထိုင်နေသော်လည်း ရင်ဘတ်မှာ နာနေသည်။ တစ်ခုခု မှားမှဖြင့်။

သို့သော် သူတို့စိုးရိမ်သလိုမဟုတ်ပေ။

နှင်းခိုင်လွင်သည် သက်သက်သာသာစတိုင်လေးဖြင့် ပြောသွားသည်။

သူ့ရသောအချိန် ၁၀ မိနစ်သည် ဘာမျှမကြာလိုက်။

''အားကစားဘက်မှာ ကြည့်မယ်ဆိုရင် အမျိုးသားတွေ အားကစားလုပ်ရာက ကုန်ထုတ်စွမ်းအားမြင့်မားဖို့။ ကျွန်မတို့မိန်းကလေး အားကစားလုပ်တယ်ဆိုတာက ၃၆၊ ၂၄၊ ၃၆ ဖြစ်ချင်ကြလို့ပါ''

နှင်းခိုင်လွင် ခဏနားသည်။

ပရိသတ်ကို အကဲခတ်သည်။

''တီး... တီး... လက်ခုပ်တီး''

သိုက်ထွန်းကား မြူးကြွနေသည်။

သူကိုယ်တိုင်လည်း လက်ခုပ်တီးသည်။

အနားကလူတွေကိုလည်း တီးခိုင်းသည်။

လက်ခုပ်သံတွေ ညံနေ၍ နှင်းခိုင်လွင်က လက်ဖဝါးလေးနှင့် ကာပြသည်။ ကျေးဇူးတင်ပါတယ်ပေါ့။ သူ့ အချိန်မရမှာစိုးလို့ ပြောပါရစေဦးပေါ့။ သို့သော် သိုက်ထွန်းကား လက်ခုပ်တီးရာမှ ...

'နှင်းခိုင်လွင်ကွ' ဟု အော်လိုက်လေသည်။

ကိုကျော်သန်းက ကြောင်သွား၏။

ကိုအောင်နိုင်က အားနာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက်ထွန်း လက်ခေါက်မှုတ်မည်လုပ်၍ စိုးပိုင်က ဆွဲဖိရ၏။

ပွဲတစ်လျှောက်လုံး စိုပြည်နေလေသည်။

ရတနာဘက်မှ ခင်သန်းမြင့်နှင့် ခင်ခင်ထွေးတို့ကလည်း မခေပေ။ ဆရာဦးလှရွှေတာပည့်များ ပီသစွာ တည်တည်ငြိမ်ငြိမ် စကားစစ်ထိုးသွားကြသည်။

ရာမညမှလူများကား ဘာကြောင့်မသိ။ ယောင်တိယောင်န ဖြစ်နေကြ၏။ မထင်ဘဲ တစ်ဖက်မှထိုးလာသောစစ်ကို မခံနိုင်ကြ။ သူတို့ပြန်ပြောပုံတွေက ကိုယ့်ကိုး ကိုယ်သွင်းသလို။ အဆို ၃ ဦး၊ အချေ ၃ ဦး ပြီးသောအခါ ပထမအဆိုရှင်က နောက်ဆုံး ၅ မိနစ် ပြန်ချေရ၏။ နှင်းခိုင်လွင် အောင်ပွဲခံသွားခဲ့ပြီ။ အားလုံးယူဆထားသည့်အတိုင်း ရတနာဘက်က နိုင်သည်။ နှင်းခိုင်လွင် စကားပြောအကောင်းဆုံးဆုကို ဆွတ်ခူးသွားခဲ့ပြီ။

ဝမ်းအသာဆုံးလူကား သိုက်ထွန်း။

စိတ်အေးသွားသူက ကိုအောင်နိုင်။

စိုးပိုင်ကား ထုံးစံအတိုင်း မျက်မှန်ထဲက ပြုံးလျက်။

ကိုကျော်သန်းနှင့် စိုးမြင့်ထယ်တို့လည်း ကွန်ဂရက်ကျူလေးရှင်းဟု လှမ်းပြီး အော်ကြသေးသည်။ ဘွဲ့နှင်းသဘင်ခန်းမကြီးသည် ပျော်ရွှင်ဖွယ်ညတစ်ညကို မွေးဖွားပေးနိုင်ခဲ့သည်ပဲ။

ဝမ်းသာသူများတွင် နောက်ကွယ်မှ ထမ်းတင်ခဲ့ကြသော တပ်ဦးကျောင်းသားများ ပါသော်လည်း သူတို့က မျက်နှာမှာ မဖော်ပြကြချေ။

ညသည် လရောင်ထဲမှာ အေးနေ၏။

သူတို့တစ်စု မန္တလေးဆောင်ဘက် ပြန်လာချိန်မှာ ရတနာအုပ်စုကားအင်းလျားလမ်းတစ်လျှောက် ပတ်တုတ်မရလောက်အောင် ညံညံစီနေခဲ့သည်။ ခင်ခင်သောင်း ဦးဆောင်သော ကျောင်းသူများက နှင်းခိုင်လွင်တို့သုံးယောက်ကို မြေမကျအောင် ထမ်းခေါ်ခဲ့ကြ၏။ အဆောင်မှူး မမကြည်လည်း ဝမ်းသာဂုဏ်ယူမဆုံး။ သဟာယအသင်းဥက္ကဋ္ဌ မခင်အေးတို့လည်း အောင်ပွဲခံ၍မဆုံး။ ဒီညတော့ ရတနာ စားပြီ။

သည်ည ရတနာမှာ စည်ကားဆူညံနေသလောက် မန္တလေးဆောင်ကား ဆိတ်ငြိမ်နေလေသည်။ လေကလည်း ငြိမ်နေသည်။ အဆောင်ရှေ့က တောင်ပိန္နဲပင်ကြီး၏အရွက်များပင် လှုပ်လှုပ်ခတ်ခတ်မရှိ။ ပကတိငြိမ်သော ည။

လူက ငြိမ်နေသလောက် ရင်ထဲမှာ မငြိမ်သူကား ကိုအောင်နိုင်ပါ။





အခန်းရှေ့ ဝရန်တာမှာ ပက်လက်ကုလားထိုင်လေးခင်းပြီး ထိုင်နေခဲ့သည်မှာ နာရီဝက်လောက်ရှိရော့မည်။ သိုက်ထွန်းတစ်ယောက် အစွမ်းကုန်သောင်းကျန်းပြီး သူ့အခန်းသို့ ပြန်သွားတာပင် ကြာပြီ။ အခန်းဖော်စိုးပိုင်က စာအုပ်တစ်အုပ်နှင့် ကျန်ရစ်သည်။ ကိုအောင်နိုင်က အိုက်သည်ဟု အကြောင်းပြပြီး ဝရန်တာ ဒေါ်တီကိုမှာ လာထိုင်နေခဲ့၏။ တကယ်လည်း ရင်ထဲမှာ ပူလောင်နေသည်။ ဘွဲ့နှင်းသဘင်ခန်းမမှအပြန် တစ်စုံတစ်ရာသည် သူ့ရင်ထဲမှာ ဝင်ရောက်တပ်စွဲသွားခဲ့ပြီ။ ဆုတ်ခွာမည့်ပုံမဟုတ်။

ဘေးမှာချထားခဲ့သော တယောပြားလေးကိုလည်း ကောက်မယူဖြစ်ပေ။ ညောင်လတ်သွက်လက်မှုနှင့် ပွင့်လင်းရိုးသားမှု ပေါင်းစပ်ထားသော ထိုရွက်ကြမ်းရေကျိုမိန်းကလေးကို ဘာ့ကြောင့်များ တွေးနေမိပါလိမ့်။ တကယ်ဆို သည်နှင်းခိုင်လွင်ဆိုသော မိန်းကလေးသည် အဝေးကကြည့်ကြည့်၊ အနီးကကြည့်ကြည့် လှလှချည်ရဲ့ဟု ပြောရမည့်သူမဟုတ်။ ဘာကများ ထူးခြားနေလို့လဲ။

'၃၆၊ ၂၄၊ ၃၆ ဖြစ်အောင် လုပ်နေကြတာပါ' ဟု ရဲရဲဝံ့ဝံ့ ဖွင့်ချရဲသော သူ့သတ္တိက ထူးခြားတာလား။

စီစီညံသော လက်ခုပ်များကို လက်ဖဝါးလေး ကာပြပုံက ထူးခြားတာလား။ တစ်တစ်ရစ်ရစ်ကိုယ်လုံးလေးက စွဲမက်ဖွယ်ရှိနေတာလား။

မီးရောင်အောက်မှာ စူးရှပြောင်လက်သောမျက်လုံးတွေကြောင့်လား။

အဲ. . . အသံ။

ဟုတ်တယ်။ သူ့အသံက ထူးခြားတာ။

အင်္ဂလိပ်လိုတော့ Microphonic ဖြစ်သည်ဟု ဆိုကြသည်။ အပြင်မှာ ကြားရသောအသံမျိုးထက် နက်ရှိုင်းပီသကြည်လင်ပြီး နူးညံ့စူးရှလျက် ညှို့ယူတတ်သောအသံပဲ။ သူ့အသံသည် မိုက်ထဲမှာ ထူးခြားစွာ ဆွဲငင်နိုင်စွမ်းရှိလေသည်။

သည်မိန်းကလေးကို ရင်ထဲမှာ သိမ်းထားဖို့ နေရာပေးချင်နေတာ။ အတော်ထူးဆန်းသည်ဟုလည်း ကိုအောင်နိုင် တွေးသည်။

"ဘယ်လိုလဲဗျ။ မအိပ်ချင်သေးဘူးလား"

စိုးပိုင်ရောက်လာပြီး ရှေ့က ခွေးခြေခုံပုလေးမှာ ဝင်ထိုင်၏။

"မင်းကော မအိပ်နိုင်လို့လား"

"ဘာမှမဖြစ်ပေါင်ဗျာ။ စာဖတ်ရတာ ညောင်းလို့ ဟဲ ဟဲ"

ဘာမှရယ်စရာမရှိပါဘဲနှင့် စိုးပိုင်က ရယ်သည်။ သူ့ရယ်လျှင် တစ်ခုခုကို



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ခြင်းဟု အချင်းချင်း နားလည်သည်။ ကိုအောင်နိုင့်ရင်ထဲက တစ်စုံတစ်ရာကို သူ မြင်တွေ့သွားပြီများလား။

"မရယ်နဲ့လေကွာ"

"မရယ်ပါဘူး"

"ခုနက မင်းရယ်လိုက်ပါတယ်"

"အခု မရယ်တော့ပါဘူး"

"ပြီးရောပေါ့"

"ဘယ်ပြီးမလဲဗျာ။ မန်းတက္ကသိုလ်မယ် ရှိသေးတယ်လေ"

"နေစမ်းပါကွာ"

ကိုအောင်နိုင် စိတ်ရှုပ်သွားသည်။

စိုးပိုင်ကိုတော့ စိတ်မဆိုးပါ။ ငယ်သူငယ်ချင်းမို့ မတော်တာရှိ ဝေဖန်နိုင်သည်ပေါ့။

မန်းတက္ကသိုလ်မယ်ဆိုတာ ခင်ခင်ယုပါ။

ကိုအောင်နိုင်တို့နှင့် တစ်မြို့တည်းသား။

သို့သော် သူက လမ်းအရေးပိုင်သမီး။

လမ်းအရေးပိုင်သမီးနှင့်မှ ချစ်သူဖြစ်ရခြင်းကို ဘယ်တုန်းကမှ ဝမ်းမသာခဲ့။ တစ်နေ့နေ့မှာဟု သံသယက ရင်မှာ ရှိနေသည်။

မန္တလေးတက္ကသိုလ်ပထမနှစ်မှာပင် ရွှေမန်းဆောင်မှ စာတစ်တန်ပေတော်တန်နှင့်ခေါ်၍ ကိုအောင်နိုင် သွားခဲ့ရ၏။ ဈေးချိုမှာ ဆေးဝယ်ပေးပါဦး၊ သဘောဆိပ်မှာ ပစ္စည်းကြိုပေးပါဦးကအစ ကိုယ့်မြို့သားအချင်းချင်းဆိုသောစိတ်နှင့် ကူညီခဲ့ရသည်။ နောက်တော့လည်း အညောင်းပြေလမ်းလျှောက်ရအောင်ဆိုပြီး ဈေးမြောင်းဘေး ရောက်ခဲ့ရာက သူတကာအမြင်မှာ စုံတွဲပေါ့၊ ရည်းစားပေါ့။ မန္တလေးတောင်တို့၊ ရုပ်ရှင်ရုံတို့ဆီ မရောက်ခဲ့တာကတော့ ကိုအောင်နိုင် ပိုက်ဆံမသုံးနိုင်တာလည်း ပါသည်။ ခင်ခင်ယုသည် ကိုအောင်နိုင့်ကို ခိုင်းကောင်း၍တွဲခဲ့တာလည်း ဖြစ်နိုင်သည်။ သူ မန်းတက္ကသိုလ်မယ် ရပြီးသောအခါမှာတော့ သူ့အနားမှာ ယောက်ျားလေးတွေ ဝိုင်းနေပြီ။ ကိုအောင်နိုင်က ပြုံးပြီး ခင်ခင်ယုလက်ကို ဆွဲယူသည်။ ခင်ခင်ယုက ဂုဏ်ယူဝင့်ကြွားစွာ ကိုအောင်နိုင့်နောက် လိုက်ခဲ့၏ ဒါပါပဲ။ ပြောရလျှင် သက်တော်စောင့်ပေါ့။

"ငါတို့ ရန်ကုန်ပြောင်းတော့ သူ လိုက်မပြောင်းချင်ဘူးဆိုကတည်းက





သူ့အချစ်ကို ငါ တိုင်းတာလို့ ရသွားခဲ့ပြီပဲ စိုးပိုင်ရာ"

ကိုအောင်နိုင်က ကုလားထိုင်လက်တန်းကို လက်ဖျားနှင့် ပွတ်ရင်းပြောသည်။ စိုးပိုင်က စီးကရက်ညှိရင်း ...

"ခင်ဗျားဘက်ကကော သူ့ကို ပါအောင်ခေါ်လို့လား"

"ဒါတော့ သူ့အိမ်ရဲ့သဘောထားလည်း ရှိသေးတာကိုး။ ဘာပဲဖြစ်ဖြစ် ငါက အလိုလိုပေါ်ပေါက်တဲ့အချစ်ပဲ ဖြစ်စေချင်တယ်"

"အခု အလိုလိုပေါ်ပေါက်နေပြီလား"

"မင်းကလည်းကွာ"

ဒါပဲ ကိုအောင်နိုင် ပြန်ပြောဖြစ်သည်။

တယောကို ကောက်ကိုင်သည်။ ဘိုးတံကို အသာအယာပွတ်သည်။

"ဒီည ခင်ဗျား ညီမလေးရယ် စိုးရိမ်မိတယ်ကို မတီးဘူးဆိုရင် ကျွန်တော် ပြောချင်တယ်"

"အံမာ... မင်းက"

"အဟုတ်ပြောတာ။ အဲဒီသီချင်းမတီးဘူးလို့ ပြောလေ"

"မင်းကလည်းကွာ"

"ဟား ဟား ဟား"

စိုးပိုင် ခပ်ကျယ်ကျယ် ရယ်လိုက်သည်။

ကိုအောင်နိုင်က တယောကြိုးများအပေါ် ဘိုးတံကို ဆွဲယူနေသည်။ အစတော့ ဘာသီချင်းမှန်းမသိ။ နောက်တော့ ညီမလေးရယ် စိုးရိမ်မိတယ် ဖြစ်နေသည်။ စိုးပိုင်က မနေနိုင်ယှက်တော့။ သူရသောနေရာတွင် စာသားကို လိုက်ဆိုသည်။

"အပျိုသင်စ ××× ငှက်ကလေးပမာနယ် မရောရာသေးတယ် ××× ဘြော်××× လောကအလယ် ××× မင်းမသိတာရှိသေးတယ် ××× ညီမလေးရယ်××× မင်းမသိတာ ရှိသေးတယ် ××× ကျယ်ဝန်းတဲ့ဟောဒီကမ္ဘာအလယ် ××× အဃောင်အကောင်တွေနဲ့ တွေ့မှာစိုးလှတယ်"

ညသည် နက်ရှိုင်း၍လာ၏။

တောင်ဆီမှ လေတစ်ချက် ပြင်းပြင်းဝှေ့လာသည်။

တောင်ပိန္နဲပင်အကိုင်းများ လှုပ်သံပေါ်လာ၏။

ပုစဉ်းရင်ကွဲတစ်ကောင် အိပ်ရာမှ နိုးလာသလားမသိ။ အဖော်ရှာသော



www.burmeseclassic.com

www.burmeseclassic.com



ပုစဉ်းအော်သံက ရင်ကွဲမတတ်။

ရှေ့နားရှိ တကာသအဆောက်အအုံဘက်မှ သံချောင်းခေါက်သံ ၂ ချက် ပေါ်လာသည်။ နာရီပြန် ၂ ချက်တောင် ရှိသွားပြီပဲ။

"အိပ်ကြစို့ဗျာ။ အေးလာပြီ" စိုးပိုင်အပြော ...

"နက်ဖြန် ကျောင်းပိတ်တာပဲ" ကိုအောင်နိုင် ဖြေသည်။

"ဒါဆို ကျွန်တော်တော့ သွားအိပ်တော့မယ်။ ခင်ဗျားတစ်ယောက်တည်း ညီမလေးအတွက် စိုးရိမ်နေပေတော့။ အဲ အဲ ... ခင်ခင်ယုကိုရော မစိုးရိမ်ဘူးလား"

"သူက သူ့ဒွေးသမီးပဲကွာ"

"အေးလေ ... ပြီးရော"

စိုးပိုင် ထသွားသည်။

ကိုအောင်နိုင်တစ်ယောက်တည်း ကျန်ရစ်၏။

မိုးညလေပြည်ကတော့ ကိုအောင်နိုင်ကို အဖော်ပြုနေပါသည်။

တယောကို မျှင်းမျှင်းလေးထိုးရင်း မျက်လုံးများကို မှိတ်ထားလိုက်၏။ သည်ပက်လက်ကုလားထိုင်ပေါ်မှာတင် တယောတန်းလန်းနှင့် အိပ်ပျော်သွားတော့လည်း ဘာဖြစ်သေးလဲ။

ဘဝမှာ မလုပ်သင့်တာတွေ ရှောင်ရ၊ လုပ်သင့်တာတွေ လုပ်ရနှင့် မော လှသည်။ တယောကို ရင်ဘတ်ပေါ်တင်ပြီး မျက်စိကို မှိတ်ထားလိုက်၏။ မျက်စိထဲမှာ...။

ဘွဲ့နှင်းသဘင်ခန်းမစင်မြင့်ကြီးကို မြင်နေသည်။

'အမျိုးသားများသည် အမျိုးသမီးများထက် တိုင်းပြည်အကျိုး ပိုမိုထမ်းဆောင်နိုင်သည်' ဟူသော စာတန်း။

ပြီးတော့ ... ရာမညနှင့် ရတနာ စကားရည်လုပွဲ

ပြီးတော့ ... ကိုရင်မောင်နှင့် အဖွဲ့

ပြီးတော့ ... နှင်းခိုင်လွှင်နှင့် ... နှင့် ...

နှင်းခိုင်လွှင်တဲ့လေ။

❑



# (၁၂)

# တကာသရွှေးကောက်ပွဲ

ဒွေးရေ ...

မောင်တို့ သိပ်အလုပ်များနေတယ်။ ဒွေးဆီ နေ့စဉ်လာဖို့အချိန်မပေးနိုင်တာ ခွင့်လွှတ်နော်။ ဒွေးက မောင့်ကို ချစ်တယ်ဆိုရင်မောင့်အလုပ်ကို ကူညီပါ။ မောင့်အလုပ်ဆိုတာလည်း နိုင်ငံအတွက်ပါ။ မောင့်ကိုယ်ကျိုးမဟုတ်ပါဘူး။ လူလူချင်း ခေါင်းပုံမဖြတ်ဖို့၊ တန်းတူညီမျှဖို့၊ လာဘ်မစားဖို့၊ ဆင်းရဲသားဝါဒတည်ဆောက်ဖို့ အစရှိ တာတွေ မောင်တို့ လှုံ့ဆော်ရမယ်။ နောင်တစ်ချိန် တိုင်းပြည်တာဝန်ကို မောင်တို့ ပခုံးပြောင်းလွှဲယူတဲ့အခါ အတွေးအခေါ် မှန်ကန်ပြီးသား၊ စည်းကမ်းကျပြီးသား၊ ကျင့်ဝတ်မှန်ကန်ပြီးသားလူတွေ ဖြစ်လာရမယ်။ ဒါ မောင် အပေါ်ယံပြောတာ။ ဒွေးကူညီဖို့က ဒွေးဝန်းကျင်က ကျောင်းသူ မှန်သမျှ မောင်တို့ 'တပ်ဦး'ကို မဲထည့်ဖို့ ပြောပါ။ ဖြောင်ပဲပြောပါ။ ဘာမှကြောက်စရာမရှိပါဘူး။ အရင်းရှင်လက်ပါးစေ S.D.O ဆိုတဲ့ လူတွေ စကားနားမယောင်မိဖို့ အရေးကြီးတယ်။ မောင်တို့အောင်ပွဲခံရမှာပါ။ ဒွေး စိတ်မကောက်နဲ့နော်။

ဒွေးကိုချစ်သော
မောင်

"ဟိတ်လူ ခင်ဗျား နည်းနည်းတော့ လွန်တယ်ဗျာ"

"ဘာတုံးဗျ။ စာရေးလို့ ပြီးပါတော့မယ်"

"လူတိုင်း စက္ကန့်နဲ့အမျှ အလုပ်ရှုပ်နေတဲ့အချိန် ခင်ဗျားက ငြိုးစာစာ



www.burmeseclassic.com

www.burmeseclassic.com



ရေးဖို့ အချိန်ရသေးတယ် ဟုတ်လား''

ကိုတင်မောင်ဆွေက မောင်သိန်းတန်ပခုံးကို ပုတ်၍ရယ်နေသည်။

မောင်သိန်းတန်က ရေးပြီးသောစာရွက်ကို သပ်သပ်ရပ်ရပ်ခေါက်ပြီး စာအိတ်ထဲ ထည့်သည်။ စာအိတ်ကိုပိတ်ပြီးမှ အပေါ်မှာ လိပ်စာရေးသည်။

သို့

ခင်ဒွေးဒွေး

အခန်း (၄၄)

ရတနာဆောင်

ရန်ကုန်တက္ကသိုလ်

သည်စာကို တက္ကသိုလ်စာတိုက်မှ ထည့်ရဦးမည်။ မနက်ထည့် ညနေ ရောက်မှာမို့ သည်ည သည်စာကို ဒွေးဒွေး ဖတ်ရလိမ့်မည်။ ဤအခါ ညနေဘက် သူ့အဆောင်သို့ ခြေမလှမ်းနိုင်သောသူ့ကို နားလည်ပါလိမ့်မည်။

''ဒီလိုဗျ ကိုတင်မောင်ဆွေရ''

မောင်သိန်းတန်က ရှင်းပြဖို့ နှုတ်ခမ်းပြင်သည်။

ကြီးမားသောနွားပိုင်ရှင် အလေးမသမားလည်းဖြစ်သော ကိုတင်မောင်ဆွေ က သူကျယ်ပြန့်သောနဖူးမှ ချွေးကိုသုတ်ရင်း...

''လျှောက်လွှဲမနေပါနဲ့ဗျာ။ ရည်းစားကို ချော့ရတာ အလုပ်ပိုလို့၊ ကျွန်တော် ခုထိ ရည်းစားမထားဘူး''

''ဒါက ကိုတင်မောင်ဆွေ့အမြင်ကိုး''

''မောင်ရင့်အမြင်က ဘာတုံး''

''ဒါ စည်းရုံးရေးဗျ''

ကိုတင်မောင်ဆွေ ရယ်သည်။

လက်ထဲမှ စုတ်တံကို ခဏချသည်။

သူ့ရေးလက်စ Wall Poster နံရံကပ်ကြော်ငြာများကို စီသည်။

''ဟော ... ဆာနေကြလား''

ကြည့်စမ်း။ မကလယ်ရာကြီး။ ဘယ်လောက်ချစ်ဖို့ကောင်းလဲ။ လက်ထဲ မှာ အထုပ်တွေ တိုးလို့တန်းလန်းနဲ့။ ကောက်ညှင်းပေါင်းတို့၊ အကြော်တို့ ဖြစ် နိုင်သည်။ တစ်ခါတလေ အိမ်က ငွေပို့တာနှင့် ကြုံလျှင်တော့ ရွှေဗဟိုက ခေါက်





ဆွဲကြော်၊ ကြာဆံကြော်တွေပေါ့။ မကလယ်ရာနှင့်အတူ မေဘယ်လ်ကိုကြီးနှင့် ဒေါ်လီကိုကြီး ပါလာသည်။ သူတို့ညီအစ်မတွေက အမောခံများ။

''ရော့ ... တစ်ထုပ် ယူထား။ အပေါ်ထပ် ပို့လိုက်ဦးမယ်''

မကလယ်ရာက ကိုတင်မောင်ဆွေ့လက်ထဲ အထုပ်တစ်ထုပ်ချပြီး ပြော သည်။

''နေပါဦးဗျ။ ရတနာအခြေအနေ ဘယ်လိုလဲ''

''ရှူးဝါး ရှူးဝါး''

''ဘင်တန်နဲ့ အင်းလျားကော''

''ကောင်းပါတယ်။ မကောင်းတာက ...''

''အဘွားကြီးဆောင်လား''

''အဲ ... အဘွားကြီးတွေက ဆန့်ကျင်ဘက်သားတော့ မဟုတ်ဘူး။ သူတို့က မကြာခင် ဘွဲ့ယူပြီး ကျောင်းဆရာမ သွားလုပ်ကြတော့မှာမို့လား မသိ ဘူး သိပ်စိတ်အားမထက်သန်ကြဘူး။ အခန်းအောင်း စာကျက်ဖို့ပဲ စဉ်းစားနေ ကြတာ''

ဒေါ်လီက ရွှံ့ရှုံ့မဲ့မဲ့နှင့် ပြောသည်။

''ဒါပေမယ့် မပူပါနဲ့။ ဒေါ်လီတောင် ဒိုးပတ်အက ကျင့်နေပြီ''

တပ်ဦးအောင်ပွဲခံလျှင်ဟု ဆိုလိုသဖြင့် မောင်သိန်းတန်က လက်မထောင် ပြလိုက်သည်။ မေဘယ်လ်က အပြုံးဖြင့် နှုတ်ဆက်သည်။ သုံးယောက်လုံး လှေကားဆီ သွားတော့မှ ကိုတင်မောင်ဆွေနှင့် မောင်သိန်းတန်တို့လည်း လက် ဖက်ရည်ဆိုင်ဆီသို့ ဦးတည်လိုက်ကြသည်။ မနက်စောစော လက်ဖက်ရည်တော့ သောက်ပြီးပြီ။ အကြော်ကောက်ညှင်းပေါင်းနှင့် မြည်းဖို့ ရေနွေးအိုးတောင်းရတော့ မည်။

''ဟာ... အတော်ပဲ။ ကျုပ်တို့ ဆောလစ် ဘာမှမစားရသေးဘူး''

ဆိုင်မှာရှိနေကြသော ကိုမောင်မောင်တင်နှင့် ကိုကျော်လွင်တို့က ဆီးကြို နှုတ်ဆက်ပေးကြ၏။

''ကလယ်ရာတို့ဒါနဗျ''

''ဒီက လှမ်းမြင်တယ်လေ။ ဒါကြောင့် စောင့်နေတာ''

''အေးဗျာ... နိုင်ငံရေးလုပ်ရတာလည်း အတော်တော်အပြတ်ပြတ်''

မောင်သိန်းတန်က အနည်းငယ် ညည်း၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကမှ မောရင် ရတနာပြေးပြီး အအေးသောက်လို့ရသေး"

ကိုကျော်လွင်က ဆို၏။ ကိုမောင်မောင်တင်က ...

"ဟုတ်တယ်။ ကိုယ်လည်း အမောပြေ ဖန်ပြာခွက်လေး ရှာဦးမှထင်တယ်"

"အလကား အပူမရှာစမ်းပါနဲ့ဗျာ"

"ဘယ်ဟုတ်မလဲဗျ။ ကျွန်တော်တို့ဗိုလ်ချုပ်အောင်ဆန်းတောင် ..."

"ဗိုလ်ချုပ်အောင်ဆန်းက တကသမှာတုန်းက လုံး၀ လုံး၀ ရည်းစားမရှာအားခဲ့ဘူးနော်။ ဒေါ်ခင်ကြည်နဲ့ တွေ့တာတောင် ဆေးရုံတက်ရလို့ နို့မဟုတ်ရင် လူပျိုကြီးဘ၀နဲ့ပဲ"

"ကဲပါဗျာ ... အဲဒါတွေ ထား။ ကိုတင်မောင်ဆွေ ဒါပြီး ခင်ဗျား ဘယ်လဲ"

"ရန်ကင်းဗျ။ ရန်ကင်းမှာ အင်အားသိပ်အားမရလို့"

"ကျွန်တော် လိုက်မယ်"

ကိုမောင်မောင်တင်က ရုပ်အင်္ကျီကို လက်ခေါက်ရင်း ဆို၏။

"ဆေးသိပ္ပံရော"

"အဲဒီမှာ ထွန်းထွန်း (ဆေးသိပ္ပံ) ရှိနေတာပဲ။ စိတ်ချရပါတယ်"

"အဲဒီလူက စာရေးဆရာပေါက်စဆိုပေမယ့် စကားနည်းပြီး လူတွေ သိပ်မရောဘူး။ ဟော ... ကိုသက်ဝေ လာဗျ။ ဒီမှာ အကြော် ရှိသေးတယ်"

မောင်သက်ဝေ ဆင်းလာသည်။

"အပေါ်မှာ စားခဲ့ပြီးပြီ။ ရေနွေးကြမ်း သောက်ချင်လို့"

မောင်သိန်းတန်က မောင်သက်ဝေအတွက် ရေနွေးငှဲ့ပေးသည်။

"အခြေအနေအားလုံးကောင်းတယ်"

ရေနွေးကြမ်းပန်းကန်ကို လှမ်းယူရင်း မောင်သက်ဝေ ခပ်တိုးတိုးပြောသည်။ လက်ဖက်ရည်ဆိုင်အတွင်းရှိလူများကို အကဲခတ်သည်။

"မြို့ထဲအနေအထားရော"

"ကောင်းပါတယ်။ ကျွန်တော်တို့ တကယ်အလုပ်လုပ်ပြနိုင်ရမယ်။ ... ဖို့ လိုတယ်။ မအိပ်ရ ဘာဖြစ်လဲ။ အကြွေးစာရင်း မှတ်ထားပေါ့"

"ဒါနဲ့ပဲ ကိုယ့်လူ။ ဒီနှစ် ဘီအေဖိုင်နယ် ကျဦးမှာလား"

"အမေက တောင်ငူမှာ ကော်ဖီကုန်သည်မို့ပေါ့ဗျာ။ ရန်ကုန်မှာ အင်...





...ပို့ကုမ္ပဏီသာဆိုရင် ကျုပ် ဒီကျောင်း၀င်းထဲ ဆယ်နှစ်နေချင်တယ်"

"ဟုတ်တယ်။ ကျွန်တော်က စိတ်ကိုမချတာ"

ကိုမောင်မောင်တင်က အလေးအနက်ပြော၏။

"ဖရက်ရှာတွေကို များများလေ့ကျင့်ပေးရမယ်"

"တလောတုန်းက စကားရည်လုပွဲလိုပေါ့"

"အင်း... ဟောပြောပွဲတွေလည်း လုပ်ပေးရမယ်ဗျ။ နောင် ကက်ဘိနက်...မယ့်လူတွေဟာ ကိုယ့်လူတွေချည်းဖြစ်ရင် ကိုယ်ပြဋ္ဌာန်းချင်တဲ့ ဥပဒေတွေ ...နိုင်မယ်။ အထူးသဖြင့် မာ့စ်ဝါဒကိုလက်ခံလာကြဖို့ပဲ။ နေရှင်ဝါဒ ကျဆုံး...ယ်။ နေရှင်တွေကို အပြီးတိုင် ချေမှုန်းရမယ်။ အခုပဲ ကြည့်။ ဆိုဗီယက်နဲ့ ...ကြည်ရေးလမ်းပွင့်တော့ ပြည်လမ်းမှာ ကျောင်းဆောင်တစ်ခု ဆောက်ပေးပြီး ...ကြို့ကုန်းမှာ အင်ဂျင်နီယာရင်းအတွက် အတော်ပြီးနေပြီ။ ဒါတွေဟာ ချစ်...ည်ရေးရဲ့ ရလဒ်။ တစ်နည်းပြောရရင် လက်ဝဲရဲ့ ကျေးဇူး။ ဒီအကြောင်း...တွေကို ကျွန်တော်တို့ကျောင်းသားတွေ သဘောပေါက်အောင် ရှင်းပြရမယ်။ ... ကိုရီးယားမှာ အမေရိကန်က လူပါး၀နေတယ်။ ဒီကျူးကျော်စစ်ကို ရပ်ပစ်...င် အမေရိကန်ကို ဆန့်ကျင်ရမယ်။ အမေရိကန်ကို ဆန့်ကျင်နိုင်တဲ့စွမ်းအား...ဖို့ ဆိုဗီယက်သံရုံးကို မဟာမိတ်ပြုရမယ်"

ရေနွေးကြမ်းတွေ အေးစက်ကုန်ပြီ။

စကားလက်စသိမ်းပြီး အလုပ်လုပ်ရန် ထကြရ၏။

အပြင်မှာ မိုးသည်းနေသည်။

တကသမြက်ခင်းပြင်ထိပ်ရှိ ဗိုလ်အောင်ကျော်အမှတ်တရကျောက်တိုင်...င် မိုးရေဖြင့် မှုန်းနေလေသည်။ အဓိပတိလမ်းဘေးတစ်လျှောက်က ရေတမာ...ားလည်း ရွှဲရွှဲစိုနေကြသည်။ တကသဘေးရှိ သစ်ဖြူပင်ကြီးပင် ဘယ်ညာ...နေသည်။

အဓိပတိအဝင်ဝက အဝိုင်းလေးမှာ ကားအဝင်အထွက်များလာသည်။ ...ချင်းဆိုင်ရှိ တက္ကသိုလ်စာတိုက်နှင့် တက္ကသိုလ်စာအုပ်ဆိုင်မှာလည်း လူ...နေသည်။ ကျောင်းဖွင့်ရက်မို့ ကျောင်းကိုလာသော နေ့ကျောင်းသားများက ...ာတ်စ်ကို အဝိုင်းလေးမှတ်တိုင်မှာ ဆင်းလေ့ရှိကြ၏။

မောင်သိန်းတန်က သူ့စာအိတ်ကလေးကို တက္ကသိုလ်စာတိုက်ရှေ့က ...တိုက်ပုံးမှာ သွားထည့်လိုက်သည်။ ၁၀း၃၀ မှာ စာသိမ်းမည်။ ၂း၀၀ ...မထိုး



www.burmeseclassic.com

www.burmeseclassic.com



မီ ဤစာသည် ရတနာဆောင်သို့ ရောက်လိမ့်မည်။ သို့မှသာ ၃း၃၀ ချေ့သည်... မှာ မောင်သိန်းတန် မလာနိုင်ခြင်းကို ဌေးဌေး ခွင့်လွှတ်မည်ဖြစ်၏။

*

ရွေးကောက်ပွဲနေ့တွင်ကား စာသင်ခန်းများ မပိတ်ဘဲနှင့် ကျောင်းမတ... ဘဲ နေကြလေသည်။ မဲထည့်ရမည့်နေရာမှာ ဂျပ်ဆင်ခန်းမကြီး၌ ဖြစ်၏။ ဂျပ်... အဝင်ဝမှာ မိမိတို့ကျောင်းသားကတ်ပြားများ ပြကြရ၏။ စိစစ်သူများက VOTE... ဟု တံဆိပ်ရိုက်လိုက်ကြသည်။ မဲဆန္ဒပေးပြီးကြောင်း အမှတ်အသားဖြစ်၍ နော... တစ်ချိန် ထပ်ပေး၍မရတော့ချေ။

တပ်ဦးကျောင်းသားများကား ဣန္ဒြေရရပင်။

ဤနေ့သည် ပျာယာခတ်ရမည့်နေ့မဟုတ်။

သူတို့ရက်ပေါင်းများစွာ စည်းရုံးခဲ့ကြပြီးပြီ။ တက္ကသိုလ်ကျောင်း... ကျောင်းသားများသည် နားဝေးသူများမဟုတ်။ တာဝန်သိသိဖြင့် မဲဆန္ဒပေး... လိမ့်ဟု ယုံကြည်သည်။ အဆောင်အသီးသီးမှ စည်းရုံးရေးမှူးများက အဆော... တိုင်းတွင် မဲဆန္ဒသွားထည့်ကြဖို့ အဆောင်မှာပင် လှုံ့ဆော်လိမ့်မည်။ မဲဆန္ဒပေးဆော... ခန်းမကြီးအနီးတွင်ကား အားလုံးသိက္ခာရှိရှိ လေးလေးနက်နက် တည်တည်... ငြိမ်။

ခင်စန်းမြင့်တို့တစ်သိုက်လည်း မဲထည့်ဖို့ စောစောလာကြသည်။ မဲထ... ခြင်းအလုပ်ကို လုပ်ရသည်မှာ တက္ကသိုလ်ကျောင်းသူပီသခြင်းဟု ခံယူကြသည်... တစ်နည်းအားဖြင့် မိမိတို့ပညာသင်ကြားရေး၌ တက္ကသိုလ်အာဏာပိုင်များထံ မိ... တို့အခွင့်အရေးများ တောင်းဆိုဖို့ ကိုယ်စားလှယ်လွှဲအပ်ရခြင်းဖြစ်ရာ ဤဟာလော... အရေးကြီးတာ ရှိပါဦးမလား။

မောင်သိန်းတန်ကား ဌေးဌေးကို မျက်ရိပ်ပြပြီး ထွက်သွားသည်... ကိုဘလေးနှင့် ကိုမောင်မောင်တင်တို့က အဓိပတိဘေးခုံတန်းလျားတွင် ထိုင်လို... ထလိုက်။ သူတို့ရင်ထဲမှာ လာသမျှလူအားလုံး တပ်ဦးကို မဲပေးမည်ဟု ယုံကြည်... စေကာမူ အလုပ်ရှုပ်သည်ဆိုကာ မလာလိုသူများလည်း ရှိနေသေးသည်ကို ခွဲ... ချင်စိတ် ဖြစ်နေကြ၏။

တကာသအဆောက်အအုံအပေါ်ထပ်မှာလည်း လှုပ်ရှားနေသည်။ မဲဌေး... ရေတွက်လျှင် မမှားရအောင် စောင့်ကြည့်ဖို့ တာဝန်ယူထားသူများကို အသေးစိ... သတိပေးနေရသည်။ မသမာမှုမရှိရေးသည် အဓိက။





အားလုံး ဘွဲ့နှင်းသဘင်ခန်းမရှေ့ မြက်ခင်းမှာ စောင့်နေကြ၏။

မဲဆန္ဒပေးပွဲ၏ရလဒ်ကို ဂျပ်ဆင်ခန်းမမှ ကြေညာမည်ဖြစ်သည်။

ညနေ ၄း၀၀ နာရီ မဲပုံးများ သိမ်းသည်။

ညနေ ၆း၀၀ နာရီမှာ အောင်ပွဲခံပြီဟူသော တပ်ဦးကျောင်းသားများအသံ ...ပါလာသည်။ တစ်ခဲနက် အော်ဟစ်သံတွေ ပေါ်လာသည်။ ဤတွင် သစ်ပင် ...၌ အဆင်သင့်စောင့်နေခဲ့သော ဒိုးပတ်ဝိုင်းက စည်စည်ဝေအောင် တီးတော့...

ဒိုးပတ်ဝိုင်းသည် မြက်ခင်းပြင်မှာ နေရာယူ၏။

ကြည့်နေသူပရိသတ်ထဲမှ စိတ်ပါသူများ ဝင်ကကြသည်။

သိုက်ထွန်း ဝင်ကချင်သလိုလိုဖြစ်နေသည်။

စိုးပိုင်က လက်ကာထား၏။ မကစေချင်၍မဟုတ်။ သူ့အရပ်ကလန် ...ားနှင့် ပွဲမလှမှာစိုး၍ဖြစ်၏။ ချင်းတွင်းမှ ကျော်ခိုင်မြိုင်ဦးစီးသော ဒိုးပတ်ဝိုင်း ...း မြိုင်၍နေသည်။ အားလုံးမြူးပျံ၍နေသည်။ သည်ကပြီးလျှင် အဆောင်တိုင်း ...သွားတီးကြမည်တဲ့။ ရတနာဆောင်ကို ညမှောင်မှ ရောက်မည်။ ဖယောင်းတိုင် ...များဖြင့် ကြိုဖို့ ပေါ်တီကိုမှာ အဆင်သင့်ပြင်ထားရန် မခင်အေးက ပြောနေ ...သည်။

တကယ်တမ်း သူတို့ရောက်လာချိန်က ည ၉ နာရီ ထိုးနေပြီ။

အင်းလျားလမ်းဘက်မှ တောက်လျှောက်တီးရင်း လမ်းလျှောက်လာကြ ...ကို ကြားရ၏။ ပေါ်တီကိုအပေါ်ထပ်မှာ ဖယောင်းတိုင်မီးတွေ တလက်လက် ...။ ဒိုးပတ်ဝိုင်းက အဆောင်ရှေ့သံတံခါးမှာ နေရာယူသည်။ အဆောင်သို့ လှမ်း ...ပြောကြသည်။ ကျေးဇူးတင်ပါတယ် ညီမလေးများ။

ပေါ်တီကိုကြမ်းပြင်မှာ စားပွဲသုံးလုံး ဆက်ခင်းထားကြ၏။

သူတို့လည်း အဆောင်ရှေ့ရောက်၍ နှုတ်ဆက်ရော ကကြယောဟု နှိုးဆော် ...ပေါ်လာသည်။ စားပွဲပေါ်သို့ အရင်ရောက်သွားသူက ဒေါ်လီ။ ဒေါ်လီက အနု ...ညာအသင်း အကသင်တန်းဆင်းမို့ ခြေချိုးလက်ချိုး အကွက်ညီ၏။

"ဌေးဌေး... နှင်းနှင်း ကပါဟော့"

ခင်စန်းမြင့်က အော်ရင်း ဌေးဌေးနှင့် နှင်းနှင်းကို တွန်းတင်လိုက်သည်။ ...င်းနှင်းတို့ မငြင်းချေ။ ဒိုးပတ်သီချင်းနှင့် လိုက်မလိုက်မသိ။ ပီတိဖြာဖြာဖြင့် ...ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းဆိုပါ"

ဟု အောက်က တောင်းဆိုသောအခါ လက်ခုပ်တီးပြီး ဆိုကြသည်။ ကျေကောင်းသော သီချင်း။ လှတိုင်းရသော သီချင်း။

"မြန်မာ ××× နေညိုညိုရစ်ကာသမ်းတော့ ××× ရွှေမန်းတောင်ရိပ် ×××တူတူခိုမယ်ပျိုမြူတွေရယ် ××× ပျော်ခင်းလေးသာပါဘိတယ် ×××"

ထိုညက တကယ်ပင် ပျော်ခင်းသာခဲ့ပါပေသည်။

□



# (၁၃)
# အပျိုမြူ ငယ်ကကျွမ်း

နှင်းနှင်းရေ ...

နင့်လိပ်စာရတာ ကြာပြီ။ စာရေးချင်တာလည်း ကြာပြီ။ မရေးဖြစ်အောင် နေခဲ့တာလည်း ကြာပြီ။ ခု ရေးလိုက်တာက မရေးရမနေနိုင်တော့လို့ပေါ့။ တောထဲမှာနေရတော့ တစ်ခါတစ်ခါ စိတ်တူကိုယ်တူ စကားပြောဖော် လိုချင်တယ်လေ။ အဲဒါကြောင့် 'လူချင်းတွေ့သလို ပြောလိုက်ပါရစေ' နော်။

ငါ အောင်ခိုင်ပါ။

မေမြို့ သစ်တောကျောင်းမှာ ၂ နှစ်တက်ပြီး အရှေ့ကသာခရိုင် သစ်တောမှာ တာဝန်ကျခဲ့တာ ခုဆို ၁ နှစ်တောင် ကျော်ပြီ။ အမေ့ဆီ မရောက်ဖြစ်လို့ ရွှေကူက သတင်းတွေလည်း မသိရဘူး။ မိုးဦးတုန်းက အိမ်ပြန်ခွင့်ရတော့မှ နင် ရန်ကုန်တက္ကသိုလ်သွားတက်နေပြီဆိုတာ သိခဲ့ရတယ်။

နှင်းနှင်းရယ် ... နင် တက္ကသိုလ်တက်ရတာကို ဝမ်းသာဆုံးလူဟာ အောင်ခိုင်ဖြစ်လိမ့်မယ်လို့ပြောရင် နင်ယုံနိုင်လား။ နင်တို့၊ ငါတို့ ဖခင်မဲ့ ကလေးတွေအဖို့ ဆယ်တန်းဆိုတာ ဂိတ်ဆုံးပဲ။ ဆယ်တန်းကို နှစ်ချင်း ပေါက်အောင်ရင်ပဲ နင်တို့၊ ငါတို့အမေတွေ ရွာရိုးလျှောက်ကြွားနိုင်ပြီ။ ခေါ်ချင်ပြောချင် သားမက်တော်ချင်တဲ့လူတွေနဲ့ဟာ သိလား။ အမယ်... နင်က ဘာပြုံးတာလဲ။ တကယ်ပြောတာ။ မြို့မအလယ်လမ်းက ဒေါ်နုစိုး ဆိုင်ပိုင်ရှင်ကြီး ဒေါ်ရွှေကြူ သိတယ်ဟုတ်လား။ အေးဗျာ... အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ကြီးက ငါ့အမေကို ရေးမှာတွေ့တော့ အတင်းလက်ဆွဲပြီး နှုတ်ဆက်သတဲ့။ အောင်နိုင်က အခု သစ်တောကျောင်းတက်နေပြီဆို။ ကျောင်းဆင်းရင် သစ်တောအုပ်ဖြစ်မှာပေါ့။ လိမ္မာရင် သစ်တောဝန်ထောက်အထိ တက်လမ်းရှိတယ်။ ကျောင်းပိတ်လို့ပြန်ရင် ငါ့အိမ် အလည်လွှတ်လိုက်။ အိမ်က အလတ်မနဲ့ဆို ဘယ့်နှယ်လဲလို့ ပြောင်ပြောင်တင်းတင်းကြီး စပ်သတဲ့ဗျ။ အမေလည်း ရယ်ချင်တာနဲ့ပြုံးနေရသတဲ့။ ဘယ့်နှယ်ကွာ... ငါတို့ငယ်ငယ်က သူ့ဆိုင်မှာ ဆီလေး ဆပ်ပြာလေး အကြွေးဝယ်ရင် မျက်နှာထားကြီးနဲ့။ ခုကျမှ သားမက်တော်ချင်နေလိုက်တာ။

ဒါပေမဲ့ အမေက ပြောတယ်သိလား။ ငါ့မှာ သားလေးတစ်ယောက်တည်းရှိတာ။ ယောက္ခမနိုင်စားခံရမှာ ကြောက်သတဲ့။ ပိုက်ဆံရှိသားသမီးနဲ့ မပေးစားချင်ဘူးတဲ့။ ကိုယ်လိုသူလို ဘဝတူချင်းပဲ ကောင်းတယ်တဲ့။ ငါ့သား နှစ်သက်တဲ့လူရှိရင်လည်း ပြောထားတဲ့။

မပြုံးနဲ့လေ။ အမေက ငါ့အကြောင်းသိလို့ ပြောတာ။ ငါက မုန့်တီကြိုက်တယ်။ ခေါက်ဆွဲကြော်နဲ့ လဲမလားဆို ခေါင်းခါတဲ့ကောင်။ ကဲ ဒါ ထားပါစို့။ နှင် စာလိုက်နိုင်လား။ ကျောင်းစာနဲ့ဝေးပြီး ၃ နှစ်မှ သွားရတာဆိုတော့ စာတွေ စိမ်းနေမှာပေါ့။ ဒါပေမယ့် နှင်းခိုင်လွင်ဆိုတာ ဘယ်တော့မှ ဖွဲ့မလျှော့တတ်ဘူးဆိုတာ ငယ်ငယ်တုန်းက ဧရာဝတီမြစ်ထဲ ရေကူးပြိုင်ကြကတည်းက ငါ ယုံပြီးသားပါ။ အဲဒီတုန်းက ငါ အလျှော့ပေးလိုက်တာ နှင့်ကို သနားလို့။

နှင်းနှင်းရေ ... လသာနေတယ်။

ဘာဆိုင်လဲဟလို့ မမေးနဲ့။

ငါတို့ စာမေးပွဲအောင်စာရင်းထွက်တဲ့ညက လသာနေတယ်လေ။ တို့အိမ်ရှေ့က ဧရာဝတီမြစ်ပြင်မှာ လရောင်လေးတွေ လက်လက်ထလို့ရယ်။ နှင် ငိုတော့ ငါ နှင့်ကိုထွေးပိုက်ပြီး ချော့ချင်ခဲ့တယ်။ ဒါပေမဲ့ မချော့ဘဲနေတာ ပိုကောင်းတယ်လို့တွေးပြီး ဒီအတိုင်း ငြိမ်ကြည့်ခဲ့တာပါ။ နှင်က သတ္တိရှိတဲ့လူပဲ။ နှင် ဖြစ်ချင်တာကို မမိုတ်မသုန်လုပ်လိမ့်မယ်ဆိုတာ သိပြီးသားပဲ။

သူငယ်ချင်းရေ ... တို့တောထဲမှာ သစ်ခွတွေ အရမ်းပေါတယ်။ သူများတွေက မြို့ကို သယ်ကြတယ်။ ငါတော့ တစ်ခါမှ မသယ်ဖူးသေး





ဘူး။ မိုးတွင်းဆို အင်ကြင်းပန်းတွေ တစ်တောလုံး နီရဲနေတယ်။ အင်ကြင်းပင်ကို တို့ရှုံးအခေါ် သစ်မာတဲ့။ ကျွန်းကတော့ အင်ကြင်းထက် တန်ဖိုးရှိတာကိုး။ ကျွန်းကို သီးသန့်ထုတ်ရတယ်။ ရွှေဦးဆိုရင် ကျွန်းပင်တွေ ခုတ်လောက်တဲ့အရွယ် ရှိမရှိ စစ်ဆေးရတယ်။ လုံးပတ် ဘယ်နှပေပေါ့။ ပေမီပြီဆိုတော့မှ အဲဒီအပင်ကို တံဆိပ်ရိုက်ရတယ်။ မခုတ်ရသေးဘူးနော်။ နောက်မှ အဲဒီတံဆိပ်ရိုက်ထားတဲ့အပင်တွေကို သင်းသတ်ရတယ်။ သစ်သင်းရာသီပေါ့။ သင်းတယ်ဆိုတာ အောက်ခြေပတ်ပတ်လည်ကို ၂ လက်မလောက် လှီးပစ်တာ။ အမြစ်က အစာရေစာ ပင်စည်ကိုမပို့နိုင်အောင်ပေါ့။ ကြာတော့ အဲဒီအပင် အစာမရလို့ သေသွားတယ်။ အရွက်တွေ ကြွေတယ်။ အဲသလိုဖြစ်တော့မှ အဲဒီအပင်တွေကို ရွေးပြီးခုတ်ရတာလေ။ ကျွန်းသစ်ထုတ်တဲ့နေရာမှာ တို့များ ကသာခရိုင်က အတော်များတယ်။ ကျွန်းကွက်က ကျယ်လို့ အရှေ့ကသာ၊ အနောက်ကသာဆိုပြီးတောင် ခွဲထားရတာ။ အနောက်ကသာက ဗန်းမောက်တို့၊ အင်းတော်တို့ပေါ့။ အရှေ့ကသာကတော့ မိုးတားတစ်လျှောက်ပဲ။ မိုးတားဆိုတာ အထင်မသေးနဲ့။ မိုးတားဦးထွန်းရှိန် ဆိုတဲ့ လက္ခဏာဆရာကြီးရှိတယ်။ အဲဒီ မိုးတားဦးထွန်းရှိန်က အင်္ဂလိပ်စကားမွှတ်နေတာပဲ။ သူ့မိဘတွေက သစ်ကုန်သည် မျိုးရိုး အင်္ဂလိပ်ခေတ်က သစ်သူဌေးတွေ။ သူတို့ရဲ့သားကို မေမြို့ဘိုကျောင်း ပို့ပြီး ကျောင်းအိပ်ကျောင်းစား ထားခဲ့တာ။ အဲဒီခေတ်က မျက်နှာဖြူတွေမှ နေနိုင်တဲ့ မေမြို့ဘိုကျောင်းကို မြန်မာထဲက ပို့နိုင်ခဲ့တာဟာ တကယ်တော့ ကျွန်းသစ်ရဲ့ ကျေးဇူးပဲ။

တို့တောထဲမှာ အမဲပစ်လို့လည်း သိပ်ကောင်းတာ။ တို့စခန်းမှာ ချေသား၊ ဆတ်သား မပြတ်ဘူး။ မနက်ဆို ဆတ်သားခြောက်ဖုတ်။ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်းပေါ့။ ရေနွေးကြမ်းထဲ ခတ်တဲ့ လက်ဖက်ခြောက်က ပုလင်းထဲ ထည့်ထားတာမဟုတ်ဘူး။ တင်းဝါးထဲ ထည့်သိပ်ပြီး အဲဒီဝါးကို မီးနဲ့သင်းတယ်။ အထဲမှာ မွှေးနေတဲ့ လက်ဖက်ခြောက်က ကျစ်ခဲနေတယ်။ ရေနွေးထဲ ခပ်တော့မယ်ဆို ဒီအတိုင်း ထုတ်လို့မရဘူး။ ဓားနဲ့ ပါးပါးလှီးရတယ်။ မွှေးတာက အလွန်ပဲ။

တစ်ခုတော့ ဆိုးတယ် သူငယ်ချင်း။ ခြင် အရမ်းပေါတယ်။ အကောင်ကြီးပြီး အင်နိုဖီးလစ် ဆိုတဲ့ ခြင်တွေ။ တဝီဝီနဲ့လာရင် အသံကြားရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးထစရာကောင်းတယ်။ အကိုက်ခံရတာများရင် ငှက်ဖျားပေါ့။ အဲဒီ ငှက်ဖျားကို ခုခံနိုင်တဲ့ဆေးက ကချင်အရက်ပဲ။ မီးခြစ်နဲ့တို့ရင် မီးထတောက်လို့ မီးတောက်အရက်လို့ ခေါ်တယ်။ ငါလည်း ငှက်မမိအောင် အဲဒီဆေးကို မှီဝဲနေရတယ်။ မူးပြီး အိပ်ပျော်သွားတော့လည်း ကျန်းမာတာပေါ့ကွာ။

ကဲ... နင့်ကို ငါ့လိပ်စာ မပေးတော့ဘူး။ နင် စာပိုနေမယ်။ ငါ့ဆီ စာမပြန်နဲ့။ ငါကပဲ ခုလို အဖော်မဲ့အလွမ်း ခံစားနေရတဲ့အခါ ရေးပါ့မယ်။ ဒီစာကိုလည်း လဆန်းရက် ကသာခရိုင်ရုံးကို လစာထုတ်ဖို့သွားမှ ထည့်ဖြစ်မှာပါ။ နင်... ပျော်ရွှင်ပါစေ။

ငယ်ပေါင်း

အောင်ခိုင်

(ကသာတောတွင်းတစ်နေရာ)

"စာက အရှည်ကြီးပဲ"

ခင်လှမြင့်က စာရွက်ထပ်ကို ဘေးချရင်းပြောသည်။

"အေးလေ"

နှင်းနှင်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဒါ... ရည်းစားစာလား"

ခင်လှမြင့်က တွေးတွေးဆဆ ဆိုသည်။

"ချစ်တယ်ဆိုတဲ့ စကားလုံးမပါတော့ ရည်းစားစာလို့ သတ်မှတ်လို့ မရဘူး။ ဒါပေမဲ့ ..."

"သူပြောသလို ဖော်မဲ့အလွမ်းစာပေါ့လေ"

"အရက်မူးပြီးရေးတာလည်း ဖြစ်နိုင်သေးတယ်"

နှင်းနှင်းက ပြောပြီးရယ်သည်။

ရယ်သံကမူ ခြောက်ကပ်ကပ်။

"ချစ်တယ်ဆိုတာ ဖွင့်ပြောမှလား"

ခင်လှမြင့်က သူ့လက်သည်းရှည်များကို ပွတ်ရင်း ပြောသည်။

"ဟုတ်တယ်။ ဖွင့်မပြောရက်လောက်အောင်လည်း ဖြစ်နိုင်တယ်။ ဖွင့်ပြောလိုက်ရင် ပြန်မချစ်ဘဲ ရှောင်သွားမှာကြောက်လို့"





"နင်ကော သူ့ကိုချစ်လား"

"ငါလား"

နှင်းနှင်းက မျက်စိကို မှိတ်ထားလိုက်၏။

အောင်ခိုင်။

အရုပ်ပျုပ်ပျုပ် အသားလတ်လတ် မျက်နှာတင်းတင်း။

အတန်းထဲမှာ ဘယ်သူ့ကိုမှ ဟက်ဟက်ပက်ပက် စကားမပြော။

သူ့မှာ ဒဏ်ရာတစ်ခုခုရှိနေသလို ထင်ရသည်။

နှင်းနှင်းကိုတော့ စာကူကျက်သည်။ နှင်းနှင်း မုန့်ယူလာလျှင် တောင်းစားသည်။ အိမ်နီးချင်းဟူသော သံယောဇဉ်ပဲ ထင်ရဲ့။

"ငါ သူ့ကို မချစ်ဘူး"

"ဟင်"

"ဟုတ်တယ်။ လူတစ်ယောက်ကို ချစ်မချစ် ဘယ်လိုသိနိုင်လဲ"

"အိပ်ရာဝင်တိုင်း သူ့အကြောင်းတွေးမိရင် အဲဒါ သူ့ကိုချစ်တာ"

ခင်လှမြင့်က တွေးတွေးဆဆ ဆိုသည်။

"သေချာတယ်။ ငါ အိပ်ခါနီး အောင်ခိုင့်ကို မတွေးမိဘူး"

"သနားပါတယ်ဟယ်"

ခင်လှမြင့်က အောင်ခိုင့်စာအိတ်ကလေးကို ဖတ်သည်။ ရေစွတ်ကြီးလုပ်ထားသော စာ။

သို့

နှင်းခိုင်လွင်

အခန်း (၅၄)

ရတနာဆောင်

ရန်ကုန်တက္ကသိုလ်။

မှ

ဒု-တောအုပ် ဦးအောင်ခိုင်

သစ်တောရုံး

ကသာအရှေ့ပိုင်းခရိုင်၊

ကသာမြို့။

"မသနားပါနဲ့။ သူ့ကိုယူမယ့် သူဌေးသမီးရှိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ချစ်ဦးမှကိုး"

"ခင်လှမြင့်ရာ ... နင်ကော ချစ်ဖူးလို့လား"

"အေး... ဟုတ်တယ်။ ငါလည်း ဘယ်သူမှ သိပ်မစွဲလမ်းဖူးသေးဘူး"

"ကိုယ် ထင်တယ်။ သူချစ်ဆိုတာ ပျင်းစရာကြီး။ ကိုယ်တော့ ကိုယ်တိုင်ချစ်မိတဲ့လူကိုပဲ ဘဝကို ပုံအပ်ချင်တယ်"

"မင်းတစ်ယောက်ယောက်ကို ချစ်နေပြီလား"

နှင်းနှင်း ငြိမ်သွားသည်။

"တစ်ယောက်ယောက် ..."

နှုတ်ကနေ ထုတ်ပြီးရေရွတ်လိုက်၏။

"ဥပမာ မော့စ်ဖစ်ချ်ကားပြာလေး"

နှင်းနှင်း ခေါင်းရမ်းသည်။

"ကိုဆွေတင့်ကို စာရေးသူအချင်းချင်းစိတ်ပဲ ရှိပါတယ်"

"အေးပါ"

"တစ်ခုတော့ ရှိတာပေါ့။ ခင်တယ်ဆိုတာလေ တခြားလူတွေထက်တော့ ခင်တာမျိုး"

"ဝါသနာတူရင် ဒါမျိုးဖြစ်တတ်မှာပေါ့"

"အရေးကြီးတ ကနင် ဘာဖြစ်လို့ သင်းအောင်ကို ပြန်မချစ်တာလဲ"

ခင်လှမြင့် ငြိမ်း ...းသည်။

ရတနာဆောင်၊ အခန်း ၅၄ ၏ မျက်နှာကြက်ဖြူဖြူကို ငေးကြည့်သည်။

"သင်းအောင်က နင့်ကို အတော်ချစ်ရှာတာ"

"အင်း ... ကိုယ်လည်း အားနာပါတယ်"

"အင်းလေ ... ကိုယ်တောင် ကြားက စိတ်မကောင်းဘူး"

နှစ်ယောက်သား စကားဆက်မပြောဖြစ်ချေ။

"အင်းလျားထဲ သွားကြမယ်" ဟု နှင်းနှင်း စပြောသည်။

ခင်လှမြင့်က ပြေကျနေသော သူ့ဆံပင်ရှည်ကို ဘီးဖြင့် ပြင်ပတ်သည်။

"အေးဟာ" ဟု သဘောတူလိုက်သည်။

နှင်းနှင်းအခန်းဖော် ဂရေစီက ရန်ကင်းက ပြန်မရောက်သေး။

ပိုက်ဆံအိတ်လေး ချိုင်းကြားညှပ်၊ အခန်းတံခါး သော့ခတ်ပြီး ထွက်ကြ၏။





အဆောင်မှာ လူရှင်းဆဲ။

အသီးသီး အနားယူ အိပ်စက်နေကြဆဲ။

ခင်လှမြင့်က နှင်းနှင်းကို လက်တွဲပြီး အောက်ထပ်ဆင်းသည်။

"ဘယ်လဲ ဒီနှစ်ယောက်"

ကျောင်းစောင့်ဦးကြီးက ပြုံးပြုံးကြီးနှင့် နှုတ်ဆက်၏။

"အင်းလျားထဲ ဦးကြီး"

"အေး အေး... ညနေသည်လာရင် ဘာပြောရမလဲ"

"လာမယ့်လူမရှိပါဘူး ဦးကြီးရာ"

ဦးကြီး ရယ်၍ကျန်ရစ်သည်။

သူငယ်ချင်းနှစ်ယောက် အင်းလျားကန်ခြံတံခါးဝမှ ဆင်းကြသည်။

လက်ယာဘက်မှာ အခေါ်ကြီးအကြော်ဆိုင်။ လူရှင်းဆဲ။

ခင်လှမြင့်တို့က ရေစပ်သို့ ဆင်းသည်။

"အင်းလျားကြောင်း ကဗျာတစ်ပုဒ်မှ မရေးသေးဘူး"

ရေစပ်သစ်ပင်ရင်းမှာ ဖိနပ်ခုထိုင်ပြီးမှ ခင်လှမြင့်က ဆိုသည်။

"ဟယ်... ဟိုမှာ မေဝင်းမြင့်တို့အတွဲတော့"

နှင်းနှင်းက မျက်လုံးပြူးပြီးပြော၏။

"အသာနေ။ မမြင်ချင်ယောင်ဆောင်မှ"

"တို့များ မိန်းကလေးချင်းတွဲတာပဲ အေးပါတယ်"

နှင်းနှင်းအပြော ခင်လှမြင့်က ရယ်ရင်း...

"ရည်းစားမှ မရှိတာ" ဟု ဆိုသည်။

"အားတော့ ကျသလိုလို ရှိသား"

နှင်းနှင်းက ပြော၏။

ခင်လှမြင့်က အလယ်ကျွန်းဆီမှ ငှက်ဖြူဖြူလေးများကို လှမ်းကြည့်ရင်း...

"ငါတို့ ပဲခူးပြန်ရင် နင်တို့ လိုက်လည်ပါလား"

"မဆီမဆိုင်ဟယ်"

"သတိရတုန်း ပြောတာ"

"ဟုတ်ပြီ။ ပဲခူးမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းကို သတိရတာဟုတ်လား"

ခင်လှမြင့် စကားမပြန်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ။ အခု အဖြေရပြီ"

"ဘာအဖြေလဲ"

"သင်းအောင်ကို နင် ဘာလို့ပြန်မချစ်နိုင်လဲဆိုတာပေါ့"

စကားမဆက်ဖြစ်ကြ။

အင်းလျားထဲမှာ လှေလှော်နေသူများကို ငေးနေကြ၏။

"အချစ်ဆိုတာ နီးစပ်ရာက ဖြစ်တာများလား"

နှင်းနှင်းက အကြာကြီး တွေးပြီးမှ ပြောသည်။

"နီးစပ်တိုင်းဖြစ်ရရင် ..."

ခင်လှမြင့်က ခဲလုံးလေးတစ်လုံးကို ရေထဲ ပစ်ချနေလေသည်။

"အေး... ဟုတ်တယ်။ ငါ အောင်ခိုင့်ကို မချစ်တာပဲ ကြည့်"

"အေးဟယ်"

ပုစ္ဆာအဖြေမထုတ်တတ်သဖြင့် ငြိမ်သွားကြပြန်သည်။

"ဟိုးမှာ ဟိုးမှာ ... မိဒွေးဒွေးတို့"

ခင်လှမြင့်ကား မျက်စိလျင်လှ၏။

အင်းလျားကန် မြေနီလမ်းအတိုင်း လျှောက်သွားသော အဝေးကြီးမှ ဒွေးဒွေးနှင့် မောင်သိန်းတန်ကို မြင်ဖြစ်အောင် မြင်လေသည်။

"သူတို့အတွဲက ငယ်ချစ်တွေပဲ"

နှင်းနှင်းက ချမ်းချမ်းမြေ့မြေ့ပြော၏။

"နင်ပြောသလိုဖြင့် ကောလိပ်မှာ ချစ်သူမရှာဘဲ နေရမလိုပဲ"

"အဲလိုတော့လည်း မဟုတ်ပါဘူး။ ကိုယ်ပြောတာက ငယ်ငယ်ကတည်းက ချစ်လာကြတဲ့လူတွေဟာ သံယောဇဉ်ပိုကြီးတယ်"

"မဟုတ်သေးပါဘူး"

ခင်လှမြင့်က ခေါင်းရမ်းသည်။

"သံယောဇဉ်ဆိုတာက ငယ်ငယ်မှာမှ ရှိရတာလား"

"မဟုတ်ဘူးလေ"

"ဆေးသိပ္ပံက မမေရီအောင်နဲ့ သူ့လူကြီးဆို ငယ်ပေါင်းမဟုတ်ဘူး။ ဆေးသိပ္ပံကျမှ တွေ့တာ။ အရုပ်အမောင်းကအစ သိပ်လိုက်တာပဲ။ ဘာသာယူတာလည်း တူတယ်။ ဘယ်တော့မှ ခွဲစရာမမြင်တော့ဘူး"

"အဲဒါကျ နတ်ဖက်တဲ့အတွဲပေါ့"





ခင်လှမြင့်က ပြောရင်းပြုံးလိုက်၏။

"ဘာပြုံးတာလဲ"

"နောက်ထပ် နတ်ဖက်တဲ့အတွဲရှိနေလို့"

"ပြောစမ်းပါဦး"

ခင်လှမြင့်က ရယ်နေပြန်သည်။

"နေဦး နှင်းရဲ့။ ကိုယ်ဝတ္ထုတစ်ပုဒ် ရေးမလို့ စဉ်းစားနေတယ်"

"လုပ်လေ မမြင့်မွန်(ပဲခူး) ပဲဟာ"

"ဝတ္ထုက သံယောဇဉ်တစ်ခုအကြောင်း၊ ဇာတ်လိုက်ကောင်လေးနဲ့ ကောင်...လေးက အိမ်နီးချင်းတွေ၊ ကျောင်းနေဖက်တွေ"

"အေး... ကျောင်းနေစဉ် မေတ္တာမျှစဉ်ကပေါ့"

"ကျောင်းနေစဉ်ကတော့ မေတ္တာမမျှသေးဘူး။ သူငယ်ချင်းပေါ့ဟယ်"

"ကျောင်းသွားဖော်ညီမလေးပေါ့လေ"

"ညီမလေးလည်း မဟုတ်ဘူး။ ရွယ်တူ"

"ကဲပါအေ... ထားပါ"

"ဆယ်တန်း အတူတူအောင်ကြတယ်။ ဒါပေမဲ့ တစ်ယောက်က ...တောကျောင်းတက်ရပြီး။ တစ်ယောက်က ဆရာဖြစ်တက်ရတယ်"

"ဟေး... တော်တော့။ ငါက ဒီအောင်ခိုင့်ကို မချစ်ပါဘူးဆို"

"ဒါပေမဲ့ အောင်ခိုင်က ချစ်နေတယ်။ နောက်တော့ ကောင်မလေးက ...ဏ္ဏသိုလ်ရောက်ပြီး အောင်ခိုင်နဲ့ နာမည် ဆင်တူတစ်ယောက်နဲ့ ချစ်ရော"

"ဟယ်... နင့်ဥစ္စာကလည်း"

"နေဦးလေ။ ငါ့ဝတ္ထုမပြီးသေးဘူး"

"ဟယ်... ဟိုမှာ ကိုယုကြီးတော့"

ဘူးသီးကြော်ဆိုင်ဘက်မှ မောင်ကိုယု။

ဆံပင်ဘုတ်သိုက်။ မျက်မှန်ဝင်းဝင်းနှင့်။

"လာ လာ... ဘူးသီးကြော် သွားစားရအောင်"

"တခြားလူတွေ ပါတယ်ဟ"

"ခင်မြမူပါဟာ။ တို့စားလည်း ရပါတယ်။ အဲ... ဆေးသိပ္ပံထွန်းထွန်း...ည်း ပါတယ်။ ပျော်စရာကြီး"

"နေဦးလေ။ ကိုယ့်ဝတ္ထုခေါင်းစဉ်တပ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''အေးပါ။ ကဲ... ပြော''

''အပျိုဖြူ ယယ်ကကျွမ်း''

''ထပ်ဆက်လိုက်ဦး။ လွမ်းဖွယ်စခန်း လို့''

''အေး... ကောင်းတယ်။ အပျိုဖြူ ယယ်ကကျွမ်း လွမ်းဖွယ်စခန်း''

□



## (၁၄)
## တက္ကသိုလ်ထဲက တန်ဆောင်တိုင်

''သီတင်းကျွတ်ပွဲတော်ကြီးပြီးတော့ ××× တန်ဆောင်မုန်း တန်ဆောင်တိုင် ဆီမီးက မြိုင် ××× မသိုးအလှ မြတ်သက်န်းကပ်ဖို့ ××× ရွှေတိဂုံကုန်းတော်မှာ ပြိုင် ×××''

သိုက်ထွန်းတစ်ယောက် ပျော်မြူးနေသည်။

ကိုမြကြီး၏ မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် သီချင်းကို ရေချိုးခန်းထဲ အော်ဆိုရင်း အပြတ်ကြေးချွတ်နေ၏။ သူဆို၍ သံပြိုင်အရောက်မှာ ''မြိုင်မြိုင်ဆိုင်ဆိုင် ××× လတန်ဆောင်တိုင်'' ဟု အပြင်ဘက်က လိုက်ဆိုသံကို ကြားရသည်။ ဘယ်သူ့အသံဟု မမှတ်မိ။ သို့သော် ဒါ အရေးမကြီးပါ။ ညကျပျော်ပျော်ပါးပါး စားပွဲသောက်ပွဲ၊ မိတ်ဆက်ပွဲ၊ သည့်ထက် အခွင့်အရေးကောင်းသွင် ချစ်သူခင်သူများပင် မျှော်လင့်နိုင်သေးသည်။

တက္ကသိုလ်မှာက မိန်းကလေးအဆောင်အားလုံးသို့ ညနေ ၃း၃၀ မှ ၆း၀၀ အထိသာ ဧည့်သည်အဖြစ် သွားခွင့်ရှိ၏။ တစ်နှစ်တစ်ခါကျင်းပသော တန်ဆောင်တိုင်ည (အဖိတ်နေ့ည) မှာကား ကျောင်းသူအဆောင်များက စတုဒိသာကျွေးမည်ဖြစ်ပြီး ည ၁၀း၀၀ နာရီအထိ ဧည့်ခံခွင့်ရှိပေသည်။ သည်လိုအခွင့်အရေးကို ကျောင်းတော်သားတွေ ဘယ်လက်လွှတ်လိမ့်မလဲ။

''ထွက်ပါတော့ဗျို့''

အပြင်မှ အော်နေသဖြင့် သိုက်ထွန်းထွက်ခဲ့ရ၏။

မျက်မှန်နှင့်ကျောင်းသားက သိုက်ထွန်းကို ပြုံးပြသည်။ သိုင်းကျူးဟုဆိုရင်း ရေချိုးခန်းထဲ ဝင်သွားသည်။ သိုက်ထွန်း သူ့ကို ကိုယ်ချင်းစာပါ၏။ သူ

www.burmeseclassic.com



လည်း ကျောင်းသူအဆောင် သွားဖို့ လောနေရှာပေမည်။

"ကိုကျော်သန်း မပြီးသေးဘူးလား"

"ဒါပဲလေ"

"ခင်ဗျားက ချစ်သူမှ မရှိဘဲကိုး"

"ခင်ဗျားက ရှိတာကျနေတာပဲ"

အခန်းထဲမှာ စိတ်အေးလက်အေး ထိုင်နေသော ကိုကျော်သန်းကို မကျေနပ်။

"အင်းလျားက မြမြရှိန်းတို့၊ အင်ဒီနီတာတို့က ကျွန်တော်တို့ ဖန်းမော်ဒယ်တွေ။ သူတို့အဆောင်ကဗျာ မုန့်လုံးရေပေါ်တဲ့"

"ကျုပ်တော့ မုန့်လုံးရေပေါ်လည်း စားမှာပဲ။ ရေမပေါ်လည်း စားမှာပဲ"

သိုက်ထွန်းကို ကိုကျော်သန်းက နားလည်စွာ ပြုံးကြည့်နေသည်။

"သီရိဆောင်က ကြာဆံချက်ကမှ နိပ်ဦးမယ်"

"မာလာကဗျာ... ကြုံကြုံဖန်ဖန် မုန့်ဟင်းခါးတဲ့။ ကျုပ်တို့ရွာမှာ မုန့်ဟင်းခါး ဆိုတာ အသုဘမှာမှ ကျွေးတာဗျ"

သိုက်ထွန်းက ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောရင်း ခေါင်းစိုစိုကို မျက်နှာသုတ်ပဝါဖြင့် သုတ်နေ၏။

"အကောင်းဆုံးကတော့ ရတနာပေါ့ဗျာ။ ရွှေရင်အေး"

"အေးဗျ။ ဆောင်းဝင်စဆိုပေမယ့် ပူသေးတယ်။ ရွှေရင်အေးသောက်ချင်တယ်"

"ဒီတော့ ဒီလိုလုပ်ရအောင်။ ပထမဆုံး မုန့်ဟင်းခါး စား။ တစ်ဆက်တည်း ကြာဆံချက် ဝင်တွတ်။ မုန့်လုံးရေပေါ် ထန်းလျက်ချိုချိုလေး မြည်းပြီး အဆုံးသတ်ကျမှ ရွှေရင်မှာ အေးရအောင် ဟဲ ဟဲ... ရတနာသူလေးတွေဆီ"

သိုက်ထွန်း အူမြူးနေပုံကိုကြည့်ပြီး ကိုကျော်သန်းပင် ပျော်လာသည်။

"တစ်ခုတော့ ရှိတယ်ဗျ"

"ဘာတစ်ခုတုံး"

"ကုန်သွားပြီဆိုတာနဲ့ မတွေ့ဖို့"

"အဲဒါကြောင့် စောစောလုပ်နေရတာ"

"အရမ်းစောလို့လည်း မရဘူး။ ဂိတ်တွေက ၆ နာရီမှ စဖွင့်မတဲ့"

"ဟောလူတွေ မပြီးသေးဘူးလား"



စိုးပိုင်နှင့် ကိုအောင်နိုင် ရောက်လာသည်။

အမယ်... သူတို့ကလည်း ဘိုကေတွေ ဘေးခွဲလို့၊ ဆီတွေ ရွှဲလို့။ ကိုအောင်နိုင်ကဆို မြောက်ပြင်မင်္ဂလာလေးပိုးလုံချည်နဲ့။

"မွေးတယ်ဗျ။ ကျုပ်လည်း ပေးစမ်းပါဦး"

"ဟာ... ရေမွှေးပုလင်းက အခန်းထဲမှာ"

"ဒုက္ခပါပဲ"

စိုးပိုင်တို့နှစ်ယောက်အခန်းထဲက ခုတင်တွေပေါ်မှာ ဝင်ထိုင်ကြ၏။ စိုးပိုင်က ခေါင်းရင်းက စာအုပ်တစ်အုပ်ကို ဆွဲယူဖတ်ကြည့်သည်။ တက္ကသိုလ်ဘုန်းနိုင်၏ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဖြစ်သည်။

"ပွင့်ဖူးစအရွယ် ××× ပန်းတော်ဝင်မာလာရယ် ××× ခါခါကွယ် စာနာဖွားဖွား ကရုဏာပွားမိတယ် ××× ညီမလေးရယ် ××× ငယ်ရွယ်နုနယ်စဉ်းစားဆင်ခြင်ကင်းလှတယ် ××× မြေပွင့်လွှာမိုးဝတ် ××× ကြွေလွင့်မှာလည်း စိုးမိပါတယ်ကွယ်"

စိုးပိုင် ဆွေးဆွေးမြည့်မြည့် သီချင်းညည်းသည်။

ကိုအောင်နိုင်က ဒူးခေါင်းပေါ် လက်များဖြင့်ပုတ်၍ စည်းလိုက်သည်။

"ဟိတ်... တော်ဗျာ ဒီအလွမ်းအဆွေးတွေ။ ဒီည ပျော်ရမှာဗျ။ မြိုင်မြိုင်ဆိုင်ဆိုင် ××× လတာန်ဆောင်တိုင် ××× ကထိန်ပွဲကျင်းပတဲ့ လတာန်ဆောင်တိုင် ××× မြူး ××× ထူး"

လေးယောက် ပြိုင်တူအော်ဆိုဖြစ်ပြီ။

"တို့လည်း ပါမယ်ဗျို့"

အခန်းပြင်မှ ကိုခင်မောင်မောင်နှင့် ကျော်ကျော်ဝင်းတို့ ဝင်လာကြသည်။ သူတို့ကလည်း ကိုယ်ရောင်ကိုယ်ဝါတွေ တောက်ပလို့။

"အရေးကြီးတာက အသိရှိမှဗျ"

ခင်မောင်မောင်က ဆိုသည်။

"စတုဒိသာဆိုတာ ပျော်ပွဲစားရုံလို မှာတိုင်း မရဘူး။ ညှော်ခံတဲ့လူထဲမှာ ကိုယ့်အသိရှိမှ ရဖို့သေချာတာ"

"သီရိမှာ ကိုယ့်ညီမရှိတယ်"

ကျော်ကျော်ဝင်းက လက်မထောင်၏။

"မာလာမှာ... ဘယ်သူမှမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



သိုက်ထွန်းက ပြောသည်။

"အင်းလျားမှာ ငါတို့ဇန်းမော်သူတွေ ရှိတယ်"

ကိုကျော်သန်းက ဂုဏ်ယူဝင့်ကြွားလိုက်သည်။

"ဟုတ်ပြီ။ ရတနာမှာ ..."

ကိုအောင်နိုင်က တုံ့ဆိုင်းဆိုင်း။

စိုးပိုင်က ခပ်ပြုံးပြုံး။

သိုက်ထွန်းက ကိုအောင်နိုင့်ကို မေးငေါ့၏။

"ကိုအောင်နိုင် တာဝန်ယူဗျာ"

သိုက်ထွန်းက မျက်လုံးပြူးပြီး ပြောလေသည်။

"ဟုတ်တယ်။ ကိုအောင်နိုင်ရဲ့ညီမလေး"

ကိုကျော်သန်းက အတည်ပြု၏။

"ယူပါတယ်။ နှင်းခိုင်လွင်ကို ကျွန်တော် နှုတ်ဆက်မယ်။ ခင်ဗျားတို့ အစားဖို့သာ ပြင်ကြပေတော့"

ဘာကြောင့်ပေလဲ မသိ။

ဘာက တွန်းပို့လေသလဲ မသိ။

ကိုအောင်နိုင်ပါ ပျော်နေသည်။

နှင်းခိုင်လွင်က ရတနာမှာ S & R အမှုဆောင်ပဲ။ သူ ညှော့ခံနေမှာ [illegible] ချာသည်။ တစ်ကြိမ်တိတို တွေ့ဖူးခဲ့သူမို့ မှတ်မိမှာပါ။ ပြီးတော့ သူ နှင်းခိုင်လွင်က သွက်လက်ဖော်ရွေသူပဲ။ ကိုအောင်နိုင် ယုံသည်။

"စိတ်ချ။ ဘယ်သူမှ မငတ်စေရဘူး။ ကျွန်တော် နှုတ်ဆက်မယ်"

"အခု အစမ်းနှုတ်ဆက်ခေါ်လေး ခေါ်ကြည့်စမ်းပါ"

သိုက်ထွန်းအသံ။

"နေစမ်းပါဗျာ"

"အကောင်းပြောတာ။ အဟဲ... နေ နေ... ကျုပ် ခေါ်ကြည့်မယ် အဟင်းဟင်း ... အိုး ဒီဘက်က နှမငယ်လေး"

"မင်းဟာ အငြိမ့်မင်းသမီးခေါ်တာ ကျနေတာပဲ"

"ဒါဖြင့် ခင်ဗျားပဲ ခေါ်"

"နှင်းခိုင်လွင်ပေါ့ဗျာ"

"မရဘူးလေ။ တစ်ခုခု ... လုလုလေး"





"သူ့အိမ်နာမည်က နှင်းနှင်းတဲ့"

"ဒါဆို နှင်းလို့ပဲ တစ်လုံးတည်းခေါ်ရင်ကော"

"နေဗျာ ... အသေချာဆုံး ဒီလိုခေါ်"

"ဘယ်လိုလဲ"

"ရွှေရင်အေးငါးပွဲ"

*

နှင်းနှင်းက အင်္ကျီချုပ်၍မပြီးသေး။

အမှုဆောင်ဆိုတော့ ညှော့ခံပွဲမှာ အင်္ကျီအဖြူလက်ရှည် ဝတ်ရမည်တဲ့။ [illegible]ချည်ကိုတော့ မခင်အေးတို့ ဝယ်ခဲ့ကြသည်။ ပိုးပျော့အပြာဖြောင်။ မိုးပြာရောင် [illegible] ကျသင့်ငွေ ၁၁ ကျပ်ကို လကုန်မှ ပေးတဲ့။ အင်္ကျီပိတ်စကို စနေနေ့မနက် [illegible] ဗိုလ်ချုပ်ဈေးမှာ သွားဝယ်ခဲ့ရ၏။ သူများတွေက အပ်ချုပ်ဆိုင်မှာ အမြန် [illegible]နှင့် ချုပ်ကြသည်။ နှင်းနှင်းက ချုပ်ခ အကုန်မခံနိုင်ပေ။ အင်္ကျီတစ်ထည် [illegible] စုံကျပန်းကျမဖြစ်သော်လည်း ဝတ်၍ဖြစ်အောင်တော့ နှင်းနှင်း ချုပ်တတ်ပါ[illegible]သည်။ ချုပ်ခသက်သာဖို့ အရေးကြီးသည်လေ။ ထို့ကြောင့် ယခု အင်္ကျီကို [illegible]ချုပ်နေရ၏။

"သက်တံ့ပေါ်မှာ ကစားမယ် ××× မိုးကုပ်စက်ဝိုင်းဝယ် ××× တူတူ [illegible]မယ်"

အဆောင်ဘေးကွက်လပ်မှာ စားပွဲတွေ ခင်းနေကြပြီ။ စိန်ပန်းဝါပင်ထိပ် [illegible]မှာ အသံချဲ့စက်အော်လံကြီး ဆင်ထားပြီး ဓာတ်ပြားတွေတောင် ဖွင့်နေပြီ။

"ဟော ... မိလှမြင့်။ ဟိုဘက်က ကိုင်စမ်းပါဟယ်"

နှင်းနှင်းက အင်္ကျီရှေ့ခြမ်းနှင့် နောက်ခြမ်းကို အပ်ပြန်ပေါက်နည်းဖြင့် [illegible]ထိုး အဖျားတစ်ဖက်ကို ကိုင်ထားခိုင်းရ၏။

"နင်က ချုပ်ခံ့ပေါ့"

ခပြောရင်း ရယ်သည်။

"နင့်ဟာကမှ တကယ့်မသိုးသကန်း"

ခင်လှမြင့်က အင်္ကျီအဖျားကို ကိုင်ပေးရင်း ပြောလေသည်။

"အေးလေ ... နို့ ကိုယ့်မှာ အင်္ကျီလက်ရှည်အဖြူမှ မရှိတာ"

"အသာလေး သီချုပ်ထားရင်ကော"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ဟယ်။ ညှော်ခံရင်း ဟိုဝိုင်းသွား၊ ဒီဝိုင်းသွားနဲ့ မြန်းခနဲ ဂွ သွားတော့မှ မဟာအရှက်တော်ကွဲမှာ"

ခင်စန်းမြင့် ဒေါက်ဖိနပ်သံတဖွပ်ဖွပ်နှင့် ရောက်လာသည်။

"ဘာလုပ်နေကြတာလဲ"

"အင်္ကျီချုပ်တာ မပြီးသေးလို့"

"အခုဝတ်ဖို့လား"

"အင်းလေ"

"အံမာလေး ... မိရွှေနှင်းရယ် သတ္တိကောင်းပါဘိ"

ခင်စန်းမြင့် ထိုင်ချသည်။

"ခုမှ ဘေးစပ်ပြီးသေးတယ်။ ကြယ်သီးလည်း မတပ်ရသေးဘူး။ အောက်မှာ ပွဲက စတော့မှာ"

"ဟီး... နှင်းက ပင်အပ်နဲ့ တွဲမလားလို့"

"ဘုရားရေ ... အပ်ပြုတ်ကျတော့မှ ဒုက္ခ"

ခင်စန်းမြင့် ဝင်ပြီး တစ်ဖက်စကို ယူလျက် နိုပ်သီးကို အပ်တစ်ချောင်းနှင့် ချုပ်၏။ ရေလည်း မချိုးရသေး။ ချွေးတွေ ပြန်နေပြီ။

ခင်စန်းမြင့်နှင့် နှင်းခိုင်လွင်က S & R မှာ အမှုဆောင်များမို့ ဝတ်စုံဆင်တူဝတ်ပြီး ညှော်ခံရမည့်တာဝန်ရှိသည်။ ကျောင်းသူရိုးရိုးများက ဘာတာဝန်မှမရှိ။ ညှော်သည်ထဲမှာ ကိုယ့်အသိပါလျှင် ကြိုဆိုပြီး လွတ်သည့်ဝိုင်းသို့ ခေါ်နိုင်သည်။ ညှော်သည်တိုင်းကို စေ့ငုအောင် ညှော်ခံကျွေးမွေးဖို့က အမှုဆောင်များတာဝန်။ အဖြူ အပြာဝတ်၊ ဖဲပြားအပြာနှင့် ရတနာမမလေးများတာဝန်။

"မုန့်ဆီကြော် ××× ကိုယ်တိုင်လုပ်တဲ့မုန့်ဆီကြော်"

သီချင်းက ပျံ့ဝဲနေပြီ။

"ကမ်းခြေဖေယျာဦးဝယ် ××× လွမ်းနေနေပါဘူးကွယ် ××× ကမ်းခြေဖေယျာဦးဝယ် ××× လွမ်းနေနေပါဘူးကွယ် ×××"

"ဘုရားမြတ်ထံပါးဝယ် လျှောက်လည်ကြတယ် ××× နှစ်ယောက်သားတွဲလို့ ရင်ပြင်ပေါ်ဝယ်"

သီချင်းဓာတ်ပြားတွေ လေးငါးပုဒ်ပြီးမှ နှင်းနှင်း၏အင်္ကျီချုပ်ခြင်းလုပ်ငန်း အပြီးသတ်လေသည်။ ချွေးသုတ်ပြီး ရေချိုးခန်းပြေးသည်။

ခင်စန်းမြင့်က စုတ်သပ်ရင်း...



"နှင်းကို အဲဒါတွေ ငါ သနားတာ" ဟု ညည်း၏။

အခန်းဖော် ဂရေစီက ...

"ဂရေစီ့မှာလည်း အဖြူအင်္ကျီက ဟောင်းနေလို့"

"အေးပါ။ မမမြင့်ဆိုင်မှာ ပေါင်းအပ်လို့ရသားနဲ့ နှင်းက ..."

"နှင်းက အရမ်းချွေတာရှာတယ်"

"အင်းပေါ့။ သူ့ခမျာ အိမ်ကို လခပြန်ပို့ပေးနေရတာကိုး"

ငါးမိနစ်အတွင်း ရေချိုးခန်းက ပြန်လာသည်။ ရေမှ ထိခဲ့ရဲ့လားမသိ။ သနပ်ခါး ကပျာကယာလိမ်း၊ မက်စ်ဖက်တာခရိမ်းပတ် ရိုက်၊ မက်စ်ဖက်တာ နှုတ်ခမ်းနီ ဆိုးပြီးသောအခါ နှင်းနှင်း အဆင်သင့်ဖြစ်ပြီ။ ဆံပင်က နေ့လယ်ကတည်းက ကျစ်ဆံမြီးနှစ်ခု ခွဲကျစ်ထားသဖြင့် ဘီးကလေးဖြင့် အသာအယာ သပ်ပေးရုံပင်။

အောက်မှာ လူစည်နေပြီ။

အပေါ်ထပ်က ခင်ခင်သောင်းတို့အုပ်စု ဆူဆူညံညံနှင့် ဆင်းလာသည်။

အောက်ဆုံးထပ်က မလွမ်းမှုပင် ညှော်သည်နှင့် စကားပြောနေပြီ။ ရွှေရင်အေးကတော့ အော်ဒါမှာထားသည်မို့ ဘာမှလုပ်စရာမလိုပေ။ မုန့်သည်များက ဒန်းကန်ထဲ ထည့်ပေးကြသည်။ ဒါကို အမှုဆောင်များက ညှော်သည်စားပွဲများဆီ သယ်ပေးရုံပါပဲ။

မှောင်ရီပျိုးစကတည်းက ရတနာမြက်ခင်းမှာ တအုန်းအုန်းထနေခဲ့၏။ ညဘက် ဘယ်တုန်းကမှ မနေခဲ့ရဖူးသမျှ အတိုးချပြီး လာကြရော့သလား။ သူ့အသိ ကိုယ့်အသိ တွေ့အောင်ရှာရတာ အမောပ။ စားပွဲလွတ်မှာ ပြေးပြေးလွှားလွှား နေရာယူကြရ၏။ ထိုင်မိလျှင်တော့ မထကြေး။ ည ၁၀ နာရီအထိ ခွင့်ပေးထားသည်ပဲ။ ချစ်သူစုံတွဲများအဖို့ တန်ဆောင်တိုင် ဆီမီးရောင်အောက်မှာ ကိုယ့်ချစ်သူကို တဝကြီးရှုစားနိုင်ကြလေသည်။

မီးပုံးရောင်စုံတွေက တစ်ဆောင်လုံး ဖိတ်ဖိတ်လက်လို့။

အဆောင်မှူး မမကြည်ကလည်း ကြိုးကြိုးချိတ်လုံချည်နှင့် ပဝါရှည်ကြီးနှံချလို့ ညှော်ခံနေ၏။ မမကြည်၏အချစ်တော် ဘုတ်ဆံုကလေးအဖို့လည်း ဒီည အစွမ်းကုန် သောင်းကျန်းနေသည်။ ဟိုစားပွဲပြေး၊ သည်စားပွဲပြေးနှင့်။ တချို့မမတွေက ညှော်သည် ပြောင်းသွားကြသေးသည်။ ဟုတ်တာပေါ့လေ။ ညှော်သည်တွေကလည်း အဆောင်လေးဆောင် လှည့်စားကြတာကလား။

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းက ဒေါက်ဖိနပ်စီးထားသည်။

စီးနေကျမဟုတ်၍ သတိထားရ၏။

ရတနာမြက်ခင်းမှာက ခဲလုံးတွေရှိသည်။ ချော်လဲမလို ခဏခဏဖြစ်၍ မနည်း ဟန်ချက်ကို ထိန်းရသည်။ လက်နှစ်ဖက်လုံးမှာ ရွှေရင်အေးပန်းကန်ကို ကိုင်လာရတာမို့ လုံချည်တုပ်လျှင်လည်း ဆွဲထိန်းဖို့ လက်မအားချေ။ ပြီးတော့ အပေါ်ပိုင်းမှာသာ မီးလင်းပြီး သစ်ပင်ရိပ်များဘက်ကျသော စားပွဲဆိုလျှင် လူတွေကို ကောင်းကောင်းမမြင်ရ။ ကိုယ်က ဧည့်ဝတ်ကျေဖို့အတွက် စေ့၍ပြုံးပြရသည်။

"ခုလိုလာကြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အားလုံးပဲ အားရပါးရ စားကြပါနော်"

"အများကြီး ရှိပါတယ်။ ထပ်ယူပါဦးလား"

ရွှန်းရွှန်းဝေအောင် ပြောရသည်။

မီးရောင်မလဲ့တလဲ့အောက်မှာ မျက်နှာတွေကို ဘယ်သူဘယ်ဝါမမှတ်မိ။

"ကျေးဇူးတင်ပါတယ်။ ချိုးမြှင့်တဲ့အတွက် ဝမ်းသာပါတယ်"

"ဟုတ်ကဲ့။ ဝပါပြီလားရှင် ထပ်ယူပါဦး"

ပြေးလိုက် ပြောလိုက်။

ဒေါက်ဖိနပ်ကို ထိန်းလိုက်။

တန်ဆောင်တိုင်ညမှာ ချွေးပြိုက်ပြိုက်ကို ကျလို့။

*

"တောက်... ရှက်တယ်ဗျာ"

ကိုအောင်နိုင် မျက်နှာတွေ နီရဲနေသည်။

သိုက်ထွန်းက လမ်းဘေးမှာတွေ့သော ခဲလုံးကို လှိမ့်ကန်ရင်း ...

"သောက်ခွက်ကို ရှဲတာပဲ" ဟု ရေရွတ်လေသည်။

စိုးပိုင်တစ်ယောက်သာ စီးကရက်ခဲရင်း ငါ သိသားပဲ ဒီလိုဖြစ်မယ်ဆိုတာဟူသော စတိုင်ဖြင့် ပြုံးမြမြလေး ပြုံးနေ၏။

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်တို့စားပွဲကို သူမမြင်တာ၊ ရောက်မလာတာဆို ဖြေသာပါဝယ်။ လူများလို့ မမြင်ဘူးပေါ့။ ခုတော့ဗျာ"

ကိုအောင်နိုင် ချွေးသုတ်သည်။

တန်ဆောင်တိုင်၏ဆောင်းညမှာ ပူအိုက်နေ၏။



"ခုတော့ဗျာ ... ကိုယ့်စားပွဲကို တန်းတန်းမတ်မတ် မှန်ပွဲလာချတယ်။ သူ့ကိုမြင်လို့ လာတာလို့ ဝမ်းသာနေတုန်း ကိုယ်နှုတ်ဆက်မလို့လုပ်တာကို တစ်ဝိုင်းလုံး ဖြန့်ကြည့်ပြီး အားလုံး အားရပါးရစားကြပါနော် ဆိုပြီး လှည့်ပြန်သွားတယ်။ ရှက်တယ်။ ခင်မောင်မောင်တို့ ဟားသွားကြပြီ။ ခင်ဗျားတို့ အသိဆိုတဲ့၊ မျက်နှာကို လှီးပစ်ချင်တယ်"

သည်လို ရှက်ရသည့်ကိစ္စတွင် ကိုကျော်သန်း မပါချေ။ သူက အင်းလျားဘေး မခွာချင်ဖြစ်နေခဲ့၏။ သူတို့ဗန်းမော်သူတွေနှင့် စကားတွေ လိုင်ဘောလယ်ပြီး ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေသည်။ ကိုအောင်နိုင်တို့က သူ့ကို ထားခဲ့ပြီး နှင်းခိုင်လွင်အားကိုးနှင့် ရတနာကို အပိုင်ဆိုပြီး လာခဲ့သည်။ ခုတော့ အားလုံး အားရပါးရစားကြပါနှင့် ထားသွားခဲ့လေခြင်း။

*

ည ၁၀ နာရီ ထိုးတော့မည်။

၉ နာရီကတည်းက မုန့်ကုန်၍ ပွဲပြီးခဲ့သည်။

ကျောင်းသူတွေ နားသူ နား၊ တခြားအဆောင် သွားသူ သွား။

ချစ်သူစုံတွဲများက သူ့အတွဲနှင့်သူ လမ်းထွက်ကြနှင့်။

မော့စ်ဗစ်ချ်ကားပြာလေး ရတနာဂိတ်ဝ ရောက်လာ၏။

"ဟောတော့ ... ကိုဆွေတင့်။ နောက်ကျလိုက်တာ။ ဘာမုန့်မှ မရှိတော့ဘူး"

နှင်းနှင်း အားနာသွားသည်။

ကားနားကပ်သွားလိုက်၏။

မောင်ဆွေတင့်က ကားတံခါးဖွင့်ဆင်းလာသည်။

"အားနာလိုက်တာ ကိုဆွေတင့်ရယ်။ ဘာမှမရှိတော့ဘူး"

မျက်နှာပြောင်ပြောင်နှင့်ပဲ ရယ်ကျဲကျဲပြောရသည်။

"ကိစ္စမရှိပါဘူး။ ဒါနဲ့ ဟိုဘက် လမ်းလျှောက်ရအောင်"

"ရှင်"

နှင်းနှင်း ငယ်ထိပ်ပူသွားသည်။

သူ့ကိုကြည့်တော့ ပကတိ အေးအေးချမ်းချမ်း။

လရောင်အောက်မှာ သူ့မျက်လုံးများက ကြည်လင်လျက်။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်းဟုပြောရမှာ အားနာလှသည်။ ဘာမှလည်း မကျွေးရဟုတ်လား။

"ခဏလေးနော်။ ခင်လှမြင့်ကို ခေါ်လိုက်ဦးမယ်"

နှင်းနှင်းသည် ရတနာဆောင်အလယ်ထပ်ကို ပြေးတက်၏။ လက်ဝဲတောင်ပံရှိ အခန်းနံပါတ် ၄၆ ရောက်တော့ မောနေပြီ။

"မိလှမြင့် မြန်မြန်။ ဟိုမှာ ကိုဆွေတင့်ရယ် ခုမှရောက်လာတယ်။ ဘာမှလည်း ကျွေးစရာမရှိတော့ဘူး။ အဲဒါ သူက လမ်းလျှောက်ရအောင်တဲ့။ နင်.. နင် လိုက်ခဲ့"

"အေး... အေး"

ခင်လှမြင့်က တစ်စုံတစ်ရာ ဘာမျှမဆို။

သူ့ဆံပင်ရှည်ကြီးကို ဘီးနှင့် ပတ်လိုက်ပြီး လိုက်လာသည်။

သုံးယောက်သား အင်းလျားလမ်းအတိုင်း ပြည်လမ်းဘက် မျက်နှာမူပြီး လျှောက်ကြ၏။ အင်းလျားကန်ဘက်မှလာသော လေညင်းက တန်ဆောင်တိုင်ည၏ အလှဘွဲ့ကို ရတုစပ်၍ တင်ပြနေလေသည်။

လရောင်က လင်း၍လင်း၍လာ၏။

တိမ်ခြေရှင်းကာ နက္ခတ်စုံသောည တဲ့။

သုံးယောက်လုံး စကားများများ မဆိုဖြစ်ကြချေ။

တိတ်ဆိတ်သော ညဥ့်ယံမှာ ပုစဉ်းအော်သံပင် မကြားရ။

ကားတစ်စီးတလေမှအပ လမ်းမကလည်း ရှင်းနေသည်။

ပြည်လမ်းဘက်မှ လှည့်ပြန်ပြီး ရတနာရှေ့ရောက်ခါနီးတွင်တော့ မောင်ဆွေတင့်က ခင်လှမြင့်ကို စကားတစ်ခုပြောသည်။

"နှင်းက ကျွန်တော့်ကိုမယုံလို့တဲ့ ခင်လှမြင့်ရယ်" တဲ့။

နှင်းနှင်း အားနာလိုက်သည်မှာ ပြောစရာမရှိ။

ခံစားတတ်သောနှလုံးသားပိုတတ်သည့် စာရေးသူအချင်းချင်း ဘာများမယုံရမှာလဲ သူငယ်ချင်းရယ်ဟု ရှင်းပြချင်သော်လည်း နှင်းနှင်း ငြိမ်နေခဲ့၏။

၁၀ နာရီ ထိုးပြီ။

ရတနာရှေ့က ကုံကော်ရိပ်မှာ ကားပြာလေး ရပ်နေသည်။

တံခါးကို ညင်သာစွာဖွင့်ပြီး လက်ပြ၍နှုတ်ဆက်သည်။

ခေါင်းညိတ်၍ တုံ့ပြန်နှုတ်ဆက်ရ၏။

ခင်လှမြင့်လက်ကိုတွဲပြီး အဆောင်ပေါ် ပြန်တက်လာသောအခါ တန်ဆောင်



တိုင် လဝန်းကြီးက စိန်ပန်းဝါပင်ထိပ်မှ ငုံ့ကြည့်နေလေပြီ။

လမင်းကြီးရေ ...

ဟု တီးတိုးနှုတ်ဆက်လိုက်သည်။

သူငယ်ချင်းနှစ်ယောက် စကားမပြောမိကြ။

တန်ဆောင်တိုင်ညကား တစ်စုံတစ်ရာကို ဖမ်းစားနိုင်စွမ်း ရှိဟန်တူပေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)
## အားကစားမောင်မယ်များ

ကိုတင်မောင်ဆွေက မျက်နှာသုတ်ပဝါအသေးလေးဖြင့် မျက်နှာမှ ချွေးများ ကို သုတ်လိုက်၏။ လည်ပင်းပတ်လည်မှစီးကျသော ချွေးတို့ကား ရင်ဘတ် တစ်ဆင့် ရင်အုံနှစ်ခုအကြားသို့ စီးဆင်းသွားကြ၏။ ကြီးမားသော ရင်အုပ်ကြီး အလေးမသမားဖြစ်ကြောင်း ဖော်ပြနေကြပေသည်။

ပေါင်ရင်းအထိ လိပ်တင်ထားသော ဘောင်းဘီတိုကို ဖြေချရင်း ခုံတန်း ပေါ် ထိုင်ချလိုက်၏။ ခုံပေါ်မှာ အေးအေးဆေးဆေးထိုင်နေသော မောင်အောင်မွန် က ပြုံးပြရင်း...

''ဘယ်လိုလဲဗျ။ ကျောက်ဘီလူးတင်မောင်ဆွေ အတော်နာမည်ထွက်နေ ပါလား။ ဟဲဗီးဝိတ်တန်းအလေးမမှာ ချန်ပီယံဘွဲ့ကို သူများအတွက် လွှဲမပေး တော့ဘူးလား'' ဟု ဆိုသည်။

ကိုတင်မောင်ဆွေက မောင်အောင်မွန်လက်မောင်းကို ပုတ်လိုက်၏။

''ခင်ဗျားတို့ တက္ကသိုလ်အားကစားသတင်းထောက်တွေရဲ့ ကလောင်များ မှာသာ ကျောက်ဘီလူးတင်မောင်ဆွေ ရှိတာပါ။ ကမ္ဘာမကျော်ပါဘူးဗျာ''

''ဟာ... အဲဒါ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် လျှော့တွက်တာ။ ကျွန်တော် တို့လူတွေ ဘာဖြစ်လို့ ကမ္ဘာမကျော်ရမှာလဲဗျ''

တက္ကသိုလ်အလေးမအားကစားရုံဘေးမှ နှင်းစက်များက လေနှင့်အတူ ဝေ့ပြီး ဝင်လာကြ၏။ ဆောင်းနှင်းသည် အမောပြေပါဘိ။ သထုံဆောင်ဘက် သစ်တောအုပ်များဆီက ဖြတ်တိုက်လာသောလေမို့ ကရဝေးနံ့မွှေးနေလေသည်။

''ရေကူးမှာ အရှေ့တောင်အာရှချန်ပီယံဟာ ကျွန်တော်တို့ ရန်ကုန်





တက္ကသိုလ်ထွက်ပဲ ဟုတ်လား''

''အင်း... တင်မောင်နီက ကြိုးစားတယ်''

''သူက ၅၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရောက်ပြီး ဘာကြာလဲဗျာ။ မအကြိမ် အရှေ့တောင်အာရှပွဲမှာ သရဖူဆွတ်ခူးပေးခဲ့တာ''

''ရေကူးတင်မောင်နီတို့ နာမည်ကြီးပုံများ ကျောင်းမှာ ကျူတိုရီရယ်လ် ခြဲတော့ ဟော ... တင်မောင်နီလားတဲ့။ ကူးတာ ကူးတာ စာကူးချတာ''

မောင်အောင်မွန်က လေသံပျော့ပျော့လေးနှင့် ဟာသပြောတတ်သူဖြစ် သည်။ သူက တက္ကသိုလ်အားကစားသတင်းထောက် အလုပ်လုပ်သော်လည်း နှလုံးသား၏အလုပ်ကား သရော်စာရေးခြင်းတည်း။ သူ နားလည်သော အား စားနည်းများကို အခြေခံပြီး လူတွေကို ပုံဖော်လျက် ဝတ္ထုများအဖြစ် ဖန်တီး တတ်၏။ သူ့ဝတ္ထုများမှာ လူ့သဘော လူ့သဘာဝကို လှောင်ပြောင်သရော်သံများ ဖြင့် တန်ဆာဆင်ထားလေသည်။

ကိုတင်မောင်ဆွေကတော့ ဝါသနာနှင့် စာနှင့် တစ်ထပ်တည်းပင်။ သူက အားကစားဆောင်းပါးတွေ ရေးသည်။ ဆောင်းပါးရေးသော ဝင်ငွေနှင့် ကျောင်း နိုင်လောက်သည်။ သို့သော် သူက ကျောင်းထွက်ရမှာ စိုးရိမ်သလားမသိ။ ၄ နှစ်ထက် ကြာကြာနေဖို့ ကြိုးစားနေလေသည်။

''ခင်ဗျား ပြီးပြီလား''

ရောမဝိတ်ပြားကြီးများကို ချလိုက် မလိုက် လုပ်နေသူများကို တစ်ချက် ငဲ့ကြည့်ပြီးမှ မောင်အောင်မွန်က မေး၏။

''အင်း ... ကလေးတွေ လူသစ်တန်းကို ထရိန်နင်ပေးတာ ဒီနေ့ပြီး ပါပြီ။ တကာသမှာ လက်ဖက်ရည်သွားသောက်မယ်လေ''

တိုင်ပင်ထားသလို နေရာမှ ထလိုက်ကြ၏။

မောင်အောင်မွန်က ကင်မရာကို လွယ်လိုက်သည်။

ကိုတင်မောင်ဆွေက အားကစားဘောင်းဘီရှည်နှင့် ဂျာကင်ကို ထပ်ဝတ် လိုက်သည်။

သူတို့နှစ်ယောက် တကာသအောက်ထပ် လက်ဖက်ရည်ဆိုင်ထဲ ဝင်လျှင် ဆိုင်တွင်းမှ လက်ယပ်ခေါ်နေသူကား မောင်ကိုယု။ ပြီးတော့ သူ့ဘေးမှာ နန်းထွန်း(ဆေးသိပ္ပံ) နှင့် မောင်လင်းယုန်(ရှမ်းပြည်)။

''ပဲပြုတ်နဲ့ နံပြားရရင် စားချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



မောင်အောင်မွန်က ခပ်တိုးတိုးပြောလိုက်၏။

"ခေါ်ခင်ကြည်တော့ မရှိဘူး မောင်"

မောင်ကိုယုက သူ့သွားခေါခေါများကို လှစ်ပြပြီး ဆိုသည်။

"ဒါနဲ့ ကိုအောင်မွန်။ ခင်ဗျား ဒီတစ်ခါ အားကစားဝတ္ထုရေးရင် ဂရေစီကားကို ရေးဗျာ"

ထွန်းထွန်းက သူ့နှုတ်ခမ်းပြာနှမ်းနှမ်းတွေကို လျှာဖြင့်သိမ်းပြီးပြော၏။

"ဂရေစီကား ဟုတ်လား"

"အေးဗျ။ ကျွန်တော် ဒီရက်ပိုင်းမှာ အဲဒါတွေးမိလို့။ ဂရေစီကား ရန်ကုန်တက္ကသိုလ်ကို ၅၄ က ရောက်တာဗျ။ ကျွန်တော်နဲ့ တစ်နှစ်တည်းပဲ။ သူက တန်းကျော်ပြေးပွဲ ဗိုလ်စွဲတာဟုတ်လား။ အာစီယံမှာ ဂရေစီကားကို ဘယ်သူမှ မယှဉ်နိုင်ဘူး"

"ဆိုပါဦး။ အဲဒါကို ဘယ်လိုဝတ္ထုရေးရမှာလဲ"

"တန်းကျော်ပြေးပွဲဆိုတာ အခက်အခဲကျော်ရတာ ဟုတ်လား။ အခက်အခဲက တစ်ခုတည်းမဟုတ်ဘူး။ တစ်ကြိမ်တည်း မဟုတ်ဘူး။ မထိအောင်လည်း ခုန်ရ၊ နောက်တစ်ခုကျော်ဖို့ ထပ်ပြေးရ ... အဲဒါ ဘဝဗျ"

"ဟုတ်ပြီ ဆက်ပြော"

"လူ့ဘဝမှာ အခက်အခဲတွေ ဒုနဲ့ဒေးဗျာ။ ကျုပ်တို့ဆေးရုံမှာ သေမင်းနဲ့ ပြိုင်ရတာ လောင်းကြေးက အသက်ဗျ။ မဟုတ်ဘူးလား။ နိုင်ရင် ရှင်မယ်၊ ရှုံးရင် သေမယ်။ ကျော်လွှားနိုင်ရင် ဗိုလ်ပဲ"

"လက်ခံတယ်ဗျာ။ လူ့ဘဝအခက်အခဲတွေကို ဂရေစီကားရဲ့တန်းကျော်ပြေးပွဲနဲ့ သရုပ်ဖော်ဖို့ဟုတ်လား"

"ခင်ဗျားက ရေးတတ်တယ်လေ"

မောင်အောင်မွန် ပြုံးနေသည်။

မောင်လင်းယုန်က စီးကရက်ကို သဲသဲမဲမဲဖွာနေ၏။

ကိုတင်မောင်ဆွေက မောင်ကိုယုကို ဘာတွေတိုးတိုးပြောနေသည်မသိ။ သူတို့ချစ်သူတွေက မာလာမှာချည်းမို့ အတူတူသွားဖို့များ တိုင်ပင်နေကြရော့လား။

"ဒါနဲ့ ဒီသီတင်းပတ် ဘာထူးလဲဗျ ကိုအောင်မွန်"

မောင်လင်းယုန်က မျက်လုံးစွေကြည့်ပြီး မေးသည်။

"ကျောက်ဘီလူးတင်မောင်ဆွေ လူသစ်တန်းအလေးမသင်တန်းပေးတယ်"



"ကောင်မလေးတွေအကြောင်းကော"

မောင်လင်းယုန်က တမင်ငေါ်ပြီးပြောမှန်းသိ၍ မောင်အောင်မွန်က လက်ခါပြ၏။

"ခင်ဗျားရဲ့ ဟောဇယ်အကြောင်း ဘာထူးလဲ"

မောင်ကိုယုက မောင်လင်းယုန်ကို မေးသည်။

မောင်လင်းယုန်၏ပြဇာတ် 'သိပ်ပါတယ် ဟောဇယ်လ်ရယ်' ကို ညွှန်းခြင်း။

မောင်လင်းယုန်ကား ရှမ်းသွေးဖြစ်၏။

မြန်မာမှုကို မြတ်နိုး၏။ ကဗျာရေး၏။

ဘိုဆန်သောမိန်းကလေးများကို သရော်သည့် 'ဟောဇယ်လ်' မှာ သူ၏ ကျော်ကြားသောလက်ရာဖြစ်သည်။

"ဒါနဲ့ ကိုနေဝင်းတို့ တက္ကသိုလ်ဘောလုံးသင်းကော"

"လေ့ကျင့်ဆဲပေါ့ဗျာ။ အခု ကျွန်တော် သတင်းတစ်ခု ကြားတယ်"

"ကိုနေဝင်းအကြောင်းလား"

"ဟုတ်တယ်။ တက္ကသိုလ်လက်ရွေးစင်ဘောလုံးသင်း ကပ္ပတိန်ကိုနေဝင်းက ရုပ်ရှင်ရိုက်မလို့ ဆိုလားပဲ"

"ဟိုက်"

မောင်ကိုယုက သူ့နဖူးကျယ်ကြီးကို လက်ဝါးဖြင့် ရိုက်၏။

"ကြဲကြဲဖန်ဖန် ခင်ဗျား ဘယ်က ကြားလဲ"

မောင်အောင်မွန်က သတင်းထောက်ဟန်အပြည့်ဖြင့် ...

"ဒီလိုတဲ့ဗျ။ ကိုနေဝင်းက အခု မန္တလေးဆောင်မှာပဲ ဆက်နေနေတာ ဟုတ်လား။ သူ့ဆရာ ဆရာငြိမ်းဆီကို ရုပ်ရှင်ဒါရိုက်တာနာမည် မေ့နေတယ်။ အဲဒါက လာပြောသတဲ့။ သူတို့က ဇဝနရဲ့ ကောလိပ်ဂျင်ကို ရုပ်ရှင်ရိုက်ချင်တယ်။ ကောလိပ်ဂျင်ထဲက 'သိန်းဖေ' က လူပျော်ကြီး ဟုတ်လား။ အဲဒါ ကောလိပ်ကျောင်းသားအစစ်နဲ့ ရိုက်ချင်တယ်။ ကောလိပ်ရည်ဝပြီး သွက်သွက်လက်လက် သည်လည်ပတ်ပတ် လူလိုချင်တယ်လို့ ပြောသတဲ့။ ဒီအခါ ဆရာငြိမ်းက သူ့ တက်ရင်းတပည့်ကြီး ကိုနေဝင်းကို ပြလိုက်ရော။ ကိုနေဝင်းကလည်း ခပ်တည်တည်နဲ့ ဟာသလုပ်တတ်တဲ့လူ။ အဆင်ပြေသွားတယ် ပြောတယ်"

"ဒါဖြင့် တို့ကျောင်းက ဘောလုံးလက်ရွေးစင်အသင်းက ကပ္ပတိန်က ကောလိပ်ဂျင်နေဝင်း ဖြစ်သွားတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကျောက်ဘီလူးတင်မောင်ဆွေကိုရော ရိုက်ချင်တဲ့လူရှိလား"

ကိုတင်မောင်ဆွေက သူ့ရင်အုံကြီးကို ဖွင့်ပြပြီး ရင်ကော့၍ပြောလေသည်။ မောင်အောင်မွန်က ရေနွေးကြမ်းကိုင်လက်စကို မသောက်သေးဘဲ ကိုတင်မောင်ဆွေကို ထက်အောက်အပြန်ပြန် ကြည့်လိုက်သည်။ ပြီးမှ ...

"ကျွန်တော် စပ်ပေးမယ်"

"အားကိုးပါတယ် ဆရာ"

"ရုပ်ရှင်ရိုက်မှာနော်"

"ဟုတ်ပါပြီ"

"ဘယ်သူ့ကို စပ်မှာလဲ"

"ဘာလဲဗျာ ... သိုက်သမိုင်းကားတွေ ရိုက်တဲ့ ဒါရိုက်တာလေ"

"သိပြီ သိပြီ။ ဦးလွန်းပြေ"

"ဟုတ်တယ်။ ဒါရိုက်တာဦးလွန်းပြေကို စပ်မယ်"

"ဘာကားရိုက်မှာတုံး ပြောဦးမှပေါ့"

"ဟိုကားဗျာ ... သောနုတ္တရမုဆိုးပါတဲ့ဟာ"

"ဟင်... သောနုတ္တရမုဆိုးက သိုက်သမိုင်းလား"

"သိဘူးလေ။ ခင်ဗျားဗလကြီးနဲ့ လိုက်လို့"

"ဟော့လူ ... တော်။ သိုက်မှန်း၊ ဇာတ်တော်မှန်း မခွဲတတ်ဘဲနဲ့။ ဒါနဲ့များ သတင်းထောက်လုပ်နေသေး"

မောင်ကိုယုက ကိုတင်မောင်ဆွေဘက်မှ ဝင်ကူပြောသည်။ ငြိမ်နေသော ထွန်းထွန်း(ဆေးသိပ္ပံ) က ...

"အဲဒါ မရိုက်ချင်ရင်လည်း သိပ္ပံကား ရိုက်ပါလားဗျ"

"လာပြန်ပြီ တစ်မျိုး"

"အကောင်းပြောတာ ကိုတင်မောင်ဆွေဗလနဲ့ အံကိုက်ပဲ"

"တော်ပါပြီဗျာ"

ကိုတင်မောင်ဆွေ နေရာမှ ထသည်။

နောက်ဘက်ရှိ ရေအိမ်သို့ဖြစ်၏။

"ဒါနဲ့ ကိုယုရေ ..."

မောင်လင်းယုန်က လေသံနိမ့်နိမ့်ဖြင့် ပြော၏။

"သရော်စာကို မောင်ရင် ပိုပိုင်တယ်"



"ဆိုပါဦး"

"နောင် အနာဂတ် မြန်မာပြည်မှာ အားကစားမောင်မယ်တွေ များများပေါ် အောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာ သရော်စာနဲ့ ပြဇာတ်ရေးရင် ကောင်း မယ်"

"ဒါက မောင်ရင်တို့အဆောင်ဒင်နာကျရင် စင်တင်ပြဇာတ်လုပ်ပေါ့"

"ဟုတ်ပြီ။ ကိုယ်ပြောချင်တာက အားကစားဟာ တိုင်းပြည်ထူထောင် ရေးမှာ ဘယ်လောက်အရေးပါတယ်ဆိုတာ ထင်ပေါ်ဖို့။ တချို့ စတန့်ထွင်ပြီး အားကစားလုပ်တာတွေကို သရော်ဖို့"

"မယ်တက္ကသိုလ်ရွေးပွဲတွေ ပိတ်ပစ်ဖို့လား"

"ဟာ... မလုပ်ပါနဲ့၊ မလုပ်ပါနဲ့။ အဲဒါတော့ များများလုပ်လေ ကြိုက်လေ"

လေးဦးသား သဘောညီညွတ်စွာ ရယ်ကြလေသည်။

"မယ်တက္ကသိုလ်ရွေးပွဲက တကယ်လိုအပ်ပါတယ်။ အဲသလို ဆုချီးမြှင့် ထေးမှ အားကစားလုပ်ချင်စိတ် ပေါ်ကြမှာ။ မိန်းကလေးတွေ ဒီအတိုင်း ဝိတ်မကြ ဆို ဘယ်သူမှ လာမှာမဟုတ်ဘူး"

"မယ်တက္ကသိုလ်တွေ ပြန်စုပြီး ထပ်ပြိုင်ရင် ဘယ်လိုနေမလဲ"

"မရနိုင်ဘူး။ အသက်တွေ ကွာသွားပြီ"

"ဟုတ်တယ် အသက်။ မောင်လင်းယုန် ခင်ဗျားဒီအသက်နဲ့ဆိုရင် မယ်တက္ကသိုလ်တစ်ယောက်မှ ချိန်းလို့မရနိုင်တော့ဘူး"

"အန်... ငါလား"

မောင်လင်းယုန်က မျက်လုံးမှေးလျက် အဝေးသို့ ခွေးဟန်ပြလေသည်။ မောင်အောင်မွန်က တကသရှေ့ အဓိပတိလမ်းပေါ်မှ လူတစ်ယောက်ကို လက်ပြ နှုတ်ဆက်၏။ ထိုလူက တစ်စုံတစ်ရာ အမှုအရာပြသဖြင့် ထ၍လိုက်သွားသည်။ သူတို့ရှေ့ရှိ လက်ဖက်ရည်ပန်းကန်များကား အအေးခဲလုလု။

□

www.burmeseclassic.com

www.burmeseclassic.com

# (၁၆)
## ဉာဏ်ကြီးရှင်ဖြေဆိုပွဲ

သဟာယနှင့် စာဖတ်သင်းများ စုပေါင်း၍ လှုပ်ရှားမှုများ ပြုလုပ်ကြရာတွင် 'ဉာဏ်ကြီးရှင်ဖြေဆိုပွဲ' သည် ကျောင်းသားများ သည်းခြေကြိုက်သော ပွဲတစ်ပွဲ ဖြစ်လေသည်။ ကျောင်းသားကျောင်းသူတိုင်း မေးခွန်းမေးခွင့်ရှိကြ၏။ စာဖြင့် ကြိုတင်ပို့ရသည်။ ထိုမေးခွန်းများကို အမှုဆောင်အဖွဲ့မှ စိစစ်ပြီး စင်ပေါ်တွင် တင်ပြကာ ဖြေဆိုမည့်သူများကို ရွေးချယ်ပေးအပ်ရ၏။ ဤတွင် အခမ်းအနားမှူး (ပရက်ဇင်တာ) လုပ်သူအရေးကြီးသည်။ သူက အာဝဇ္ဇန်းရွှင်ပါမှ ပွဲကပျော်စရာဖြစ်သွားသည်။ ထိုနေ့ညက ပြုလုပ်သောပွဲတွင် အခမ်းအနားမှူးမှာ မောင်သက်ဝေ(တောင်ငူ) ဖြစ်၏။

စင်ပေါ်တွင် 'ဉာဏ်ကြီးရှင်ဖြေဆိုပွဲ' ဟူသော စာတန်းကြီးက ဖိတ်ဖိတ်လက်နေသည်။ ထိုကတ္တီပါနောက်ခံတွင် ကုလားထိုင်ဆိုဖာများ ချထား၏။ ဆိုဖာများပေါ်တွင်ကား ဖြေဆိုကြမည့် ဉာဏ်ကြီးရှင်ဆရာကြီး၊ ဆရာမကြီးများ ထိုင်လျက်ရှိကြလေပြီ။

ညာဘက်ဆုံးတွင် ဆရာကြီးဦးစံထွန်းရှိ၏။ ဆရာကြီးကား ကျောင်းသားရေးမှူးတည်း။ ကျောင်းသားများထဲတွင် အရေးတစ်စုံတစ်ရာပေါ်လျှင် မကျေနပ်မှုများရှိလျှင် ဆရာကြီးထံ တိုင်တန်းနိုင်ကြ၏။ ဆရာကြီးက ကျောင်းသားများကိုသာ အတွက်သာဖြစ်ပြီး ကျောင်းသူများအရေးအတွက်ကား ကျောင်းသူရေးမှူးရှိ၏။ ဆရာမကြီး ဒေါ်ကြင်စိန်တည်း။ ဒေါ်ကြင်စိန်က စည်းကမ်းတင်းကျပ်သည်။ ကျောင်းသူတွေ ဝီခေါ်အောင် ကြောက်ရသည်။ ဆရာကြီးဦးစံထွန်းကိုကား ကျောင်းသားအများစုက မကြောက်ကြချေ။ သို့သော် ချစ်ကြ၏။ ဆရာကြီးကို





အသဖွယ် သဘောထားပြီး ဆိုးချင်နွဲ့ချင်ကြသည်။ ဆရာကြီးက ပျော်ပျော်နေတတ်သူမို့ ကျောင်းသားတွေနှင့် ရောရောထွေးထွေး ရှုတ်လိုက်နောက်လိုက် နေတတ်သည်။ အခုပင် စင်မြင့်ပေါ်တွင် ထိုင်နေသော ဆရာကြီးဦးစံထွန်းမျက်နှာမှာ ပြုံးစစနှင့် ခင်မင်စရာရှိသည်။

ဆရာ၏ဘေးမှာက ပထဝီပါမောက္ခ ဒေါက်တာဒေါ်သင်းကြည် ထိုင်နေသည်။ ရန်ကုန်တက္ကသိုလ်တွင် Ph.D ခေါ် ပါရဂူဘွဲ့ရပြီး ဘာသာရပ်တစ်ခုတွင် ပါမောက္ခအဖြစ်ခန့်အပ်ခြင်းခံရသည့် အမျိုးသမီးကြီးဟူ၍ ဒေါက်တာဒေါ်သင်းကြည် တစ်ဦးသာ ရှိသေးသည်။ ဒေါ်သင်းကြည်ကား ကိုယ်လုံးဝဝဖိုင့်ဖိုင့်၊ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်း၊ ဆံထုံးကို မြင့်မြင့်ထုံးနှောင်ထားရာ ကျက်သရေရှိလှသည်။ ဝိုးခင်းမယ်ထဘီ၊ နိုင်လွန်အင်္ကျီနှင့် ပဝါကို စုံချထားသည်။ မေးချင်တာမေး၊ ဖြေမယ် ဟူသောသတ္တိနှင့် စင်ပေါ်မှာ နေရာယူထားခြင်းက ဒေါ်သင်းကြည်၏ မိမိကိုယ်မိမိ ယုံကြည်စိတ်ချခြင်းကို ဖော်ပြလျက်ရှိလေသည်။

အလယ်တည့်တည့်မှာ မိန့်မိန့်ကြီးထိုင်လျက် လက်နှစ်ဖက်ကို ဆိုဖာလက်တန်းများပေါ် တင်ထားသူကား ပါမောက္ခချုပ်ဒေါက်တာမောင်မောင်ခ ဖြစ်ပါသည်။ ဒေါက်တာမောင်မောင်ခကို အားလုံးက 'ဆရာကြီး' ဟု မခေါ်ကြမူဘဲ 'ဆရာခ' ဟု ခေါ်ကြ၏။ ဆရာခ ဆိုလျှင် ပါမောက္ခချုပ်ကိုခေါ်ခြင်း ဖြစ်သည်။

ဆရာခကား သေးသေးညှက်ညှက် လူဖလံလေးဖြစ်၏။ အသားညိုညို၊ အရပ်ပျပ်ပျပ်။ အဝေးမှကြည့်လျှင် လူလုံးပေါ်သော ထောင်ထောင်မောင်းမောင်း လူမျိုးမဟုတ်စေကာမူ ဆရာခအသံက စည်၍ကြည်လှသည်။ ဆရာခကား စာသင်ကောင်းခြင်းဟူသော ဂုဏ်ထက် ကျောင်းတစ်ကျောင်းလုံးက ဝိုင်းပြီး ကြည်ညိုချစ်ခင်ခြင်းခံသူအဖြစ် ဂုဏ်သတင်းကျော်ကြားသူဖြစ်၏။ ဆရာခ ဆိုလျှင် ရိုသေပြီးသား၊ နာခံပြီးသား၊ နွေးထွေးလုံခြုံပြီးသားဖြစ်သည်။ ကွယ်ရာမှာ အတင်းပြောခံရသူလည်းဖြစ်သည်။ ဆရာခသည် တရားသဖြင့်အုပ်ချုပ်သောမင်းဟုပင် ပြောဆောက်ပေသည်။

ယခု စင်ပေါ်က အလယ်ဗဟိုတွင် ဆရာခ ပြုံးပြုံးလေးထိုင်နေ၏။ အောက်ကြမ်းပြင်က တပည့်များကို လှမ်းကြည့်နေပုံမှာ ဖြိုးအက်သောကောက်နှံများကို ခြုံလွှမ်းကြည့်ရှုနေသည့် လယ်သမားကြီး၏မျက်နှာမျိုးတည်း။ ဆရာခမျက်နှာပေါ်က ပီတိအရိပ်များကို ဆရာခ၏မျက်လုံးအစုံတွင် တွေ့မြင်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဘက် ခုံနှစ်လုံးပေါ်မှာကား မြန်မာစာဌာနမှ ကထိကဆရာဦးလှရွှေနှင့် မြန်မာစာဌာနမှူး ပါမောက္ခဦးမောင်မောင်ကြီးတို့ ထိုင်နေကြ၏။ သည်ဆရာကြီးများကား မြန်မာစာပို့ချမှုတွင် အပြောအဟောကောင်း၊ ရယ်စရာမောစရာများဖြင့် မှတ်သားဖွယ်၊ စိတ်ဝင်စားဖွယ် ပြောတတ်လွန်းသဖြင့် အခြားအတန်းများမှပင် လာရောက်နားထောင်ကြရသည်အထိ ကျော်ကြားသူများဖြစ်သည်။

သည်ည မည်သည့်မေးခွန်းများကို မည်သည့်ဆရာကြီးက မည်ကဲ့သို့ဖြေဆိုမည်နည်းဟူသော မျှော်လင့်ချက်များက ဘွဲ့နှင်းသဘင်ခန်းမကြီး လျှံနေအောင်နေရာယူထားကြသည့် ကျောင်းသားကျောင်းသူအသီးသီး ရင်မှာ ပြည့်နေလေသည်။ မေးခွန်းကို အခုမှကြားရပြီး လျှပ်တစ်ပြက်ဖြေဆိုကြရမည်ဖြစ်ရာ ဆရာများကိုယ်တိုင်လည်း ရင်ခုန်ဖွယ်ရှိလိမ့်မည်။

ဘွဲ့နှင်းသဘင်ခန်းမကြီးအောက်ထပ်တစ်ပြင်လုံးနှင့် အပေါ်ထပ်မှာ ကျောင်းသူကျောင်းသားများ အစောကြီးလာရောက်နေခဲ့ကြသည်။ ဗဟိုဆောင်များဖြစ်သော ရွှေဘို၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ဒဂုံ ဆိုသည့် အဆောင်ဟောင်းများအပြင် ၁၉၅၄ ခုနှစ်ကမှ ဆောက်လုပ်ပြီးစီးခဲ့သော မန္တလေး၊ တောင်ငူ၊ အမရပူရ၊ ရာမညဆောင်များမှ ကျောင်းသားများကား အဆောင်တွင် ကျောင်းစောင့်ဒရဝမ်ကိုသာ ထားခဲ့ကြသည်။ အဆောင်မှူးများ၊ လက်ထောက်အဆောင်မှူးများပါ ဘွဲ့နှင်းသဘင်ခန်းမရှေ့တန်းမှာ ရောက်နေကြ၏။ ပါမောက္ခချုပ်ကိုယ်တိုင် ဖျော်ဖျော်ပါးပါး ဆင်နွှဲမည့်ပွဲ ကြွချပါဘိခြင်း။

မိန်းကလေးဆောင်များဖြစ်သည့် အင်းလျား၊ သီရိ၊ မာလာနှင့် ရတနာမှ ကျောင်းသူများလည်း ဤကြွတောင့်ကြချဲ ပွဲသို့ အားခဲလာခဲ့ကြ၏။ သောကြာညများမှာရှိတတ်သော သီချင်းဆိုပွဲများလို မကြာခဏ နားထောင်နိုင်ရတာမှ မဟုတ်ဘဲ။ ဗဟုသုတလည်း ရမည်။ ဖျော်စရာလည်း ကောင်းသတဲ့။

သည်ပွဲတွင် အမိကဇာတ်ဆောင်ဖြစ်သော မောင်သက်ဝေကား အတွေ့အကြုံရင့်ကျက်ပြီးသားမို့ တည်တည်ငြိမ်ငြိမ် လှုပ်ရှားနေသည်။ လွန်ခဲ့သည့်အပတ်တစ်ပတ်လုံး မေးခွန်းဖိတ်ခေါ်ခဲ့ရ၏။ မျှော်လင့်သည့်အတိုင်း မေးခွန်းတွေတစ်ပြုံကြီး ရပါ၏။ သို့သော် အရေးကြီးသည်မှာ စိစစ်ခြင်းတည်း။

ဗဟုသုတဖျော်ပွဲရွှင်ပွဲဖြစ်၍ မလျော်ကန်တာတွေ မပါစေရ။ အထူးသဖြင့် အဖြေရှင်များကို မစော်ကားရ။ လေးစားစွာ ဖျော်ရွှင်ရေးသာ ဖြစ်၏။





အချို့မေးခွန်းများက စိတ်ပျက်စရာကောင်းသည်။

'သည်နေ့ဆရာများ ဘာလုပ်နေကြသလဲ' ဆိုတာမျိုး။

'ဘယ်ဆရာမက ဘယ်ဆရာကို ကြိုက်ပြီးနောက်ပိုးနေတယ်' ဆိုတာမျိုး။

ဟုတ်တာ မဟုတ်တာ ထား။ လွတ်လပ်စွာ ရေးသားမေးမြန်းနိုင်ကြစေဘာမူ တစ်ဖက်သား၏ဂုဏ်သိက္ခာကိုထိခိုက်ခြင်း လုံးဝမဖြစ်စေရ။ နောက်တစ်ခုမှာ မိမိမမေးပါဘဲလျက် မိမိအမည်ကို အလွဲသုံးပြီးမေးတာမျိုး မဖြစ်အောင်ပြုသမှာရှောင်ဖို့ လိုသည်။ ထို့ကြောင့် မေးခွန်းရှင်များအမည်ကို နာမည်ဝှက်တွေပြောင်းရသည်။ သည်အခါ...

'အင်းလျားက မင်းသား'

'စစ်ကိုင်းက နားထိုင်း'

'ပင်းယက မင်းနမ'

စသဖြင့် ရယ်စရာဟာသတွေအဖြစ် ပြောင်းသွားကြသည်။ အမေးကို အဖြေခင် အမေးကိုယ်တိုင်က ဖျော်ဖြေခြင်းသဘော (ရသ) ပါရန် ကြိုးစားရသည်။ ခါချို့ မောင်သက်ဝေက အလွန်ဖျော်၏။ မေးခွန်းတွေကို မအိပ်မနေ ပြန်လည်ပြုစုသည်။ ဘယ်မေးခွန်းကို ဘယ်ဆရာကြီးလက်ထဲ ထည့်ရမလဲဟူသော အဆုံးအဖြတ်ကိုလည်း မောင်သက်ဝေက သူ့မတူအောင် တတ်မြောက်ပါပေသည်။ ထို့ကြောင့်လည်း သူ့ကို သူနေသော ဒဂုံဆောင်မှ အဆောင်မှူးကထိကဦးလှရွှေက အစ၊ ဆရာခကိုယ်တိုင်အထိ ယုံကြည်ချစ်ခင်လေသည်။

ည ၇း၀၀ နာရီတိတိတွင် အချိန်တိကျစွာပွဲစ၏။

"ကြွရောက်ချီးမြှင့်အားပေးကြတဲ့ ကျောင်းတော်သူကျောင်းတော်သားများခင်ဗျား။ ခုချိန်ကစပြီး ကျွန်တော်များ သဟာယနဲ့ စာဖတ်သင်းများက စီစဉ်တင်ဆက်တဲ့ ဉာဏ်ကြီးရှင်များကို ပထမမိတ်ဆက်ပေးပါ့မယ်။ ဟောဒီ စင်မြင့်ရဲ့ လက်ယာဘက်ဆုံးမှာ ပြုံးပြုံးကြီးထိုင်နေတဲ့ ဆရာကြီးကတော့ ..."

မောင်သက်ဝေ ခေတ္တနားသည်။

ဒါက အထာဖြစ်၏။

သူ သိသည်လေ။ ဆရာကြီးဦးစံထွန်းဆိုတာ မိတ်ဆက်ပေးဖို့လိုသည့်လူမှ မဟုတ်ဘဲ။ သူထင်သည့်အတိုင်း ကျောင်းသားများက တုံ့ပြန်ကြလေသည်။

"အဘ ကျွန်တော်တို့ရဲ့ဘဘ" တဲ့။

မောင်သက်ဝေက ရပ်စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးစံထွန်းက လက်ဝါးထောင်ပြ၏။ နှုတ်ဆက်ခြင်းအထိမ်းအမှတ်လည်း ဖြစ်၊ မင်းတို့ သတိထားနှင့်ကြဟု ဆိုရာလည်း ကျ၏။ ကျောင်းသားပရိသတ်က လက်ခုပ်သြဘာ တီးကြလေသည်။

ဦးစံထွန်းပြီးသော် ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်ကို မိတ်ဆက်၏။ မည်သူမျှ တုတ်တုတ်မလှုပ်ရဲကြချေ။

ဒေါ်သင်းကြည်ပြီး ဆရာ့အလှည့်မှာလည်း လက်ခုပ်တီးကြသည်။ ဆရာဦးလှရွှေနှင့် ဆရာဦးမောင်မောင်ကြီးကို မိတ်ဆက်သောအခါမှာလည်း လက်ခုပ်သံမစဲချေ။

မိတ်ဆက်ခြင်းအစီအစဉ်ပြီးသောအခါ မေးခွန်းလွှာများကို စတင်ဖတ်ကြားလေသည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျား။ အခု ပထမဆုံးရရှိခဲ့တဲ့ မေးခွန်းကတော့ ဒဂုံဆောင်က ငနဲမောင်တဲ့။ ဆရာကြီးများခင်ဗျာ ... မသိရင်မေး၊ မစင်ရင်ဆေး ဆိုတဲ့စကား ရှိတဲ့အတိုင်း မသိ၍မေးလိုက်ပါရစေ။ မိန်းကလေးများကို အသက်မေးရင် မကြိုက်ကြပါ။ အထူးသဖြင့် ဆရာမများက ပိုပြီးမကြိုက်ပါ။ ကျွန်တော်တို့ကလည်း အသက်ကို ခန့်မှန်းရတာ ပညာသားပါလွန်းလို့ စိတ်ဝင်စားနေကြတာပါ။ မိန်းမများ၏အသက်ကို ဘယ်လိုမှန်ကန်အောင် ခန့်မှန်းနိုင်ပါသလဲခင်ဗျာ တဲ့။ ဟုတ်ကဲ့။ ဒီမေးခွန်းက အမျိုးသမီးများနဲ့ ပတ်သက်နေတာမို့ ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည် ဖြေကြားပေးပါရန် မေတ္တာရပ်ခံပါတယ်ခင်ဗျာ"

လက်ခုပ်သံများ ညံသွားသည်။

လက်ခေါက်မှုတ်သံများပင် ကြားရ၏။

တက္ကသိုလ်ကျောင်းသားတွေ အပျော်လွန်ပြီး ရူးမြစ်ရောက်နေကြပုံရလေသည်။

မောင်သက်ဝေက မေးခွန်းစာရွက်ကို ဆရာမကြီးဒေါက်တာဒေါ်သင်းကြည် လက်ဝယ်သို့ ရိုသေစွာ သွားရောက်ပေးအပ်လေ၏။ ဆရာမကြီးက ထိုင်ရာမှထပြီး စကားပြောမိုက်ကရိုဖုန်းရှိရာသို့ လျှောက်ရ၏။ စာရွက်ကို ဖြန့်၍ဖတ်၏။ စဉ်းစားဟန်ပြု၏။ ပြီးတော့မှ ...

"အင်း... ဒဂုံဆောင်က ငနဲမောင်တဲ့။ ဒီကိစ္စက ငနဲမောင်မပြောနဲ့။ လူလည်တွေတောင် ခံရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်ကြီးက ပြောင်းလာပြီ။





ဆေးအဆန်းတွေ ပေါ်တယ်။ နည်းနာတွေ ပေါ်တယ်။ ဒီအခါ မအိုချင်ဆိုတာတွေလည်း ပေါ်ပေါက်နေတယ်။ ဒီတော့ သမီးမှတ်ပြီး နောက်က လိုက်တာ၊ ချည်ကြည့်မှ အမေဖြစ်နေလို့ ပြေးပေါက်မှားရတဲ့ ဇာတ်လမ်းတွေလည်း ရှိသပေါ့။ ဒါကော ဆရာမ ဖတ်ဖူး၊ မှတ်ဖူးတဲ့ ဗဟုသုတအရ ပြောရရင် မိန်းကလေးတွေက သူတို့ကိုယ်သူတို့ အမြဲတမ်း ၁၀ နှစ်ခန့်ငယ်ပြီး နုပျိုအောင် လုပ်နေကြတာမို့ အသက်အမှန်သိဖို့ ပထမ မိမိစိတ်ထဲက ထင်မြင်တဲ့အသက်ကို တွက်ပါ။ ပြီးရင် ဆယ် နှစ်တိတိ ထပ်ပြီးပေါင်းလိုက်ပါ။ အဲဒါ အသက်အမှန်ပါပဲ တဲ့။ ကျေနပ်ကြသလား"

ပြောပြီး နေရာတွင် ထိုင်သည်။

ပရိသတ်ကား လက်ခုပ်တဖြောင်းဖြောင်းနှင့် အသံမစဲချေ။

အားလုံးငြိမ်သက်သွားပြီဆိုမှ မောင်သက်ဝေနေရာမှ ထလေသည်။ "ဟုတ်ကဲ့ ခင်ဗျား။ မိန်းကလေးတွေရဲ့အသက်အမှန်တွက်နည်း ဖြေကြားပေးသွားတဲ့ ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်ကို ကျေးဇူးတင်ပါတယ်။ အခုဆက်လက်ပြီး မေးခွန်းတစ်ခု တင်သွင်းပါမယ်။ မေးခွန်းက မိန်းကလေးလက်ရေးခင်ဗျ။ ဆရာကြီးများရှင့် တဲ့။ ကျွန်မတို့ အင်းယားဆောင်ကို ဘာဖြစ်လို့ အင်းလျားဆောင်လို့ စာလုံးပေါင်းတာပါလဲတဲ့။ အလျားလိုက်ရှိလို့လား။ ဒါမှမဟုတ် ယားတယ်ဆိုတာ မလျော်ကန်တဲ့ အဓိပ္ပာယ်ကြောင့်ပါလား။ သိလိုပါသည်။

အင်းလျားမှ အလှမယ်တစ်ယောက်တဲ့ခင်ဗျ။ ဟုတ်ပေတာပေါ့ဗျာ။ သူတို့ခမျာများ နေရတဲ့အဆောင်ရဲ့အဓိပ္ပာယ်ကို သိချင်တာမမှားပါဘူး။ ဒီမေးခွန်းကိုတော့ မြန်မာစာကိစ္စဖြစ်လို့ ဆရာကြီးဦးလှရွှေ ဖြေကြားမယ်ဆိုရင် သင့်တော်မယ်ထင်ပါတယ်ခင်ဗျာ"

လက်ခုပ်သံများ ပေါ်လာသည်။

မောင်သက်ဝေက မေးခွန်းစာရွက်ကို ဆရာဦးလှရွှေထံ ကမ်းလိုက်၏။ ဆရာက စာရွက်ကိုယူရင်း မောင်သက်ဝေကို တစ်ခုခုပြော၏။ ဘာမှန်းမသိကြရ။ မောင်သက်ဝေ ရယ်နေသည်။

ဆရာဦးလှရွှေက မိုက်ကရိုဖုန်းကို ဆွဲယူပြီးမှ ...

"အေးကွယ့်။ မေးမယ်ဆိုလည်း မေးစရာပေပ။ ယားနဲ့ လျား။ အင်းကတော့ အင်းပေါ့ကွာ။ အင်းဆိုတာ အိုင်ထက်ကြီးတဲ့ ရေကန်ကြီးကြီးပေါ့။ ဒီအင်း ကရှိတဲ့ အင်းက ဝိုင်းဝိုင်းလေး မဟုတ်ဘူး။ ခပ်ရှည်ရှည်မျောမျော။ အလျားရှည်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် အင်းလျား။ စာနဲ့ရေးတော့ လကို ယပင့်ပြီး လျားလို့ ရတယ်။ လကို ယပက်လက်နဲ့ပင့်လို့ ယပင့်လို့ ခေါ်တယ်။ အဲဒီအပင့်ကိုပဲ မယ်။ အရှေ့က 'လ' ကို အသံဖျောက်လိုက်မယ်။ ဒီတော့ 'ယား' ဖြစ်သွားမ ရှင်းပြီလား''

''ရှင်းပါပြီရှင်''

ယောက်ျားလေးတစ်ယောက်၏အသံ။ 'ရှင့်' ဟု ပီပီသသ အော်လိုက်သ ကို သဘောပေါက်ပြီး ရယ်ကြလေသည်။

မောင်သက်ဝေ မတ်တတ်ရပ်သည်။

''ကျေးဇူးတင်ပါတယ် ဆရာခင်ဗျား။ ခုတစ်ခါ လက်ခံရရှိခဲ့တဲ့မေး ကို တင်ပြခွင့်ပြုပါ။ ဆရာကြီးဦးစံထွန်းခင်ဗျား တဲ့။ ဆရာကြီးကို အမည် ထားတဲ့မေးခွန်းပါ။ ဆရာကြီးတို့ခေတ်က မိန်းမနောက်ပိုးနည်းများကို သိလို သည်တဲ့။ တပည့်များ နမူနာယူနိုင်ရန် တစ်ခုနှစ်ခုလောက် မျှဝေပေးပါခင်ဗျာ တောင်ငူဆောင်က နတ်သျှင်နောင်ဆိုပဲ''

ကျောင်းသားများ ဝါးခနဲ ရယ်ကြသည်။

ဦးစံထွန်းမျက်နှာ ပြုံးစေ့စေ့ဖြစ်နေသည်။

မောင်သက်ဝေထံမှ စာရွက်ကို ဆွဲယူရင်း ...

''ဒါများအလွယ်လေး'' ဟု ဆိုသည်။ ပြီးတော့မှ ...

''ပပဝတီကို မင်းကုသပိုးတဲ့နည်းက တစ်ခု ...''

ကျောင်းသားများ တခွီခွီဖြစ်နေကြ၏။ စကားထက် အမူအရာကို သ ကျနေကြခြင်းဖြစ်လေသည်။ ဆရာက ခြေဟန်လက်ဟန် ပိုင်သည်။

''တောင်ငူဆောင်က နတ်သျှင်နောင်မေးခွန်းထဲမှာ အဖြေပါတယ် ကိုယ့်ထက် ၁၉ နှစ်လုံးလုံး ကြီးပြီး မုဆိုးမလည်းဖြစ်၊ အရီးတော်လည်းဖြစ် ရာဇဒေဝီကလျာကို ဘယ်လိုပိုးခဲ့သလဲ။ နတ်သျှင်နောင်က ကျေးစေတယ်။ တို့က ကိုမြသန်းကို စေကြပေါ့။ လွယ်လွယ်လေး''

ဟု ပြောပြီးထိုင်လေသည်။ ကိုမြသန်းဆိုသူကား ရန်ကုန်တက္ကသို စာတိုက်မှ စာပို့သမားတည်း။

''ဒီတစ်ခါ မေးခွန်းကတော့ 'မြန်မာအစ တကောင်းက' ဆိုတဲ့ 'မြန်မာအစ ကျောက်ဆည်' က ဆိုတဲ့စာ ဘယ်ဟာပိုပြီးမှန်ပါသလဲတဲ့။ ဆောင်က မြန်မာစာမြတ်နိုးသူ တဲ့။ ဆရာဦးမောင်မောင်ကြီးဖြေရင် သင့်မယ်





တယ်''

ဆရာဦးမောင်မောင်ကြီးကား ဖြူဖြူချောချောဖြစ်၏။

မီးရောင်အောက်တွင် ရင့်ကျက်စွာရပ်လျက် ...

''ဒီလို ဗဟုသုတမေးခွန်းတွေ မေးဖော်ရတာ ဆရာ အလွန်ဝမ်းမြောက် ပါတယ်။ တကောင်းတည်တဲ့နှစ်နဲ့ ကျောက်ဆည်ကတူးဖော်ရရှိတဲ့ အသုံးအဆောင် ပစ္စည်းတွေကို ယှဉ်ကြည့်တဲ့အခါ ဒါ အဆုံးအဖြတ်ပါပဲ။ ဒီထက်ပြောရရင် ဘာနယ်ကရတဲ့ အရိုးစုတွေဟာ မက်ဆိုပိုတေးမီးယားက အရိုးစုတွေနဲ့ တူတယ် ပြောလာကြပြန်တော့ ယောက ပိုပြီးရှေးကျတယ်ဖြစ်နိုင်ရော။ အမှန်ကန်ဆုံး ဆိုတာ နောက်ထပ် တွေ့လာမယ့် သုတေသနအဖြေတွေမှာ မူတည်ပါတယ်။ ဆိုင်းဆိုတာ ဒီလိုပါပဲ။ အဟောင်းအဟောင်းတို့ ပျက်ပြီး အသစ်အသစ်တွေ ဖြစ်ပါတယ်''

ဆရာဦးမောင်မောင်ကြီးအဖြေကို ပရိသတ်က ငြိမ်၍စဉ်းစားနေကြ၏။

မောင်သက်ဝေက မတ်တတ်ရပ်ပြန်သည်။

''ခုတစ်ခါ မေးခွန်းလေးတစ်ခု မေးခွင့်ပြုပါ။ ဒါကတော့ ဘီအေဂုဏ်ထူး တန်းက မောင်ပုညက မေးတာပါ။ ရှေးတုန်းက တက္ကသိုလ်ပြည်မှာ ပညာသင် ကြတဲ့အခါ အတော်ဆုံးတပည့်ကို ဒီသာပါမောက္ခဆရာကြီးက သ္မီးနဲ့ လက် ဆက်ပေးတဲ့ထုံးစံရှိကြောင်း လေ့လာသိရှိရပါတယ်တဲ့။ အခုကော ဒီထုံးစံအတိုင်း ကျင့်သုံးမှာပါလားတဲ့ခင်ဗျာ။ ဟဲ ဟဲ ... ပါသေးတယ်။ ရှေးထုံးမပယ်လိုသူ တဲ့''

ပရိသတ်ကား ပတ်တုတ်မရအောင် ဆူသွားသည်။

''ဝေး... ဝွတ်... ဘဲရီး ဘဲရီး ဝွတ်''

အသံတွေ ထွက်လာသည်။

မောင်သက်ဝေက ပရိသတ်ငြိမ်အောင်စောင့်ပြီးမှ စပ်ဖြဲဖြဲလေးဖြင့် စာရွက် ကို ဘယ်သူ့ပေးရအံ့ဟု စဉ်းစားမရဟန် အမူအရာလုပ်၏။ ပရိသတ် ရယ်ကြ ပြန်သည်။ နောက်ဆုံးမှ စာရွက်ကို ပါမောက္ခချုပ်ဆရာခထံ တုန့်တုန့်ချည့်ချည့်ဖြင့် ဆအေပ်လိုက်လေ၏။

''ဆရာခ''

''ဆရာခ''

ကျောင်းသားများက အပြတ်အားပေးကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာခ မနေသာချေ။

နေရာမှ ဖြည်းဖြည်းထရ၏။

ခက်ပုံက ဆရာခမှာ သမီးချောရှိကြောင်း ကျောင်းသားတိုင်း သိနေ
တည်း။

ဆရာ ဘယ်လိုရှောင်ထွက်မည်လဲ။

ဆရာခက တော်တော်နှင့် အသံထွက်မလာ။

အတော်ကြာမှ ...

"ဒီနေ့က လွတ်လပ်ရေးခေတ်၊ မော်ဒန်ခေတ်။ ဒါကြောင့် ဆွေးမြည့်
ဟောင်းနွမ်းတဲ့ အယူသီးမှုတွေ အားလုံး ပယ်စေ"

အမိန့်တော်ပြန်ဟန် ပြောလိုက်လေ၏။

ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုလုံး မိုးပွင့်မတတ် မြည်ဟည်းလေပြီ။
မည်သူမျှ ထိန်းမရပြီ။

မီးလုံးတွေပင် ယိမ်းထိုးနေကြ၏။

အပူအပင်ကင်းသော ...

ချစ်ခင်ကျွမ်းဝင်သော ...

ယုံကြည်နွေးထွေးသော ...

ဆရာတပည့်မေတ္တာပန်းများ ပွင့်လန်းသော ...

ငါတို့တက္ကသိုလ်ကြီးပေတကားဟု ဘွဲ့နှင်းသဘင်ခန်းမကြီးကိုယ်တိုင်
သြဘာပေးနေလေတော့သည်။

❒

# (၁၇)

# ပျော်ပွဲစားများ

ညနေသည် အေးမြ၏။

ဆောင်းလေသည် မြောက်ဘက်မှလေအေးများကို သယ်ယူလျက် လောက
...ကို အေးချမ်းရန် ကူညီနေသည်။

အင်းလျားကန်မှလာသောလေသည် ရတနာအတွက် မြောက်လေပင်ဖြစ်
...

ထို့ကြောင့် အင်းလျားလေသည် အေးမြငြိမ်းချမ်းနေလေသည်။

"မြောက်လေအပြန် ××× ယောမာန် ဆောင်းရာသီ ×× လေပြည် လေညင်း
...တွေ ×× ဖျန်းပက်နေတော့သည် ×× တစ်ယောက်မေအထံ ××× မောင်
...ဆောင်းအမီ ××× လာစေချင်လွန်းလို့သာ ခွန်းဆင့်ကာ တေးစီ ×××
...ကျေးလေး အာနီ ×××"

ရတနာဆောင်အလယ်ထပ်ဝရန်တာတွင် အင်းလျားဘက် မေးရင်း ဂရေစီ
... သီချင်းညည်းနေသည်။

"ရှစ် ××× ရှစ် ××× ရှစ်တာ သူ့ကို ××× ပစ်ပစ်မရပါ သူ့ကို ×××"

မအေးရင်က သူ့အခန်းဝမှာထိုင်ရင်း သီချင်းဆိုသည်။

သူက 'ချစ်' ဆိုသော စကားလုံးကို ပီအောင်မဆိုနိုင်ချေ။ ချစ်တာသူ့ကို
သီချင်းကိုလည်း သူ အလွန်နှစ်သက်၏။ ဒီတော့ သူ့သီချင်းသံကို သူငယ်ချင်းများ
... ဝိုင်းပြီးခွင့်လွှတ်နားဆင်ကြရလေသည်။

"ကဲပါဟာ ... ရှစ်ကာတွေ အသာထား၊ နင်တို့ဘာဖြစ်လို့ ဒါလောက်
...ိုလေ့ကျင့်နေကြတာလဲဆိုတာ တို့ သဘောပေါက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်စန်းမြင့်နှင့် ခင်လှမြင့် ရောက်လာပြီး ခင်စန်းမြင့်က မှတ်ချက်ချ၏။

"အေး… ဟုတ်တယ်။ နင်တို့ထင်တဲ့အတိုင်းပဲ။ ပစ်ကနစ်ထွက်ရာသီရောက်ပြီ။ ပစ်ကနစ်ထွက်ရင် သီချင်းမဆိုတတ်တဲ့လူ မစွံဘူးဟ"

မအေးရင်က ခင်စန်းမြင့်ကို နေရာပေးရင်းပြောသည်။

ခင်လှမြင့်က မအေးရင်စားပွဲပေါ်မှ ရေအိုးကိုဖွင့်၏။

မအေးရင်ရဲ့ရေက အမြဲအေးတယ်ဟုပြောရင်း ရေတစ်ခွက်ယူသောက်သည်။

"ဒီနှစ် ငါတို့ပဲခူးသင်းက သာခုကန်တဲ့ဟ"

"ကောင်းသားပဲ။ နည်းနည်းဝေးတယ်"

"ဝေးတော့ ကားစီးရတာ ပျော်စရာကောင်းတာပေါ့"

"နင်တို့ ကချင်ပြည်နယ်ကရော ဂရေစီ"

"သိပါဘူးဟယ် … နင်းပြောတာတော့ ကြက်ကျွန်းဆိုလား"

"ဟင်… ဒီနားလေးတင်"

"ပဲခူးသွားဖို့ကောင်းတာ။ ဒါမှမဟုတ် သန်လျင်"

"နှင်းခိုင်လွင် ၅၄ ဧည့်သည်"

လေကားထိပ်တွင် ဒရဝမ်ဦးကြီး ပေါ်လာ၏။ ဗလာစာအုပ်ကလေးကြည့်ရင်း အော်နေလေသည်။ ဟုတ်သားပဲ။ ညနေ ၃ နာရီ ခွဲနေပြီ။ ဧည့်သည်လာချိန်ပဲ။

ဂရေစီက ဦးကြီးကိုကြည့်ပြီး မေးရ၏။

"နှင်းခိုင်လွင်အပေါ်ထပ်မှာ တင်မိုးဖြူဆီသွားတယ်။ ဧည့်သည်နာမည်က ဘယ်သူလဲ ဦးကြီး"

ဦးကြီးက စာရင်းစာအုပ်ကို ပြန်ဖတ်ပြီးမှ …

"ကျော်သန်း။ မန္တလေးဟောတဲ့ သမီး"

"ဟာ… ကိုကျော်သန်းကြီးပဲ။ နှင်းခိုင်လွင်ကို ခေါ်ပေးပါ့မယ်လို့ ပြောလိုက်ပါ"

ဦးကြီး ဆင်းသွား၏။

ခင်စန်းမြင့်က နမူးရှုံ့ရင်း …

"ကိုကျော်သန်း ဟုတ်လား"

"သူတို့ ကချင်ပြည်နယ်ကျောင်းသားသမဂ္ဂအမှုဆောင်အချင်းချင်းပါ။ သမဂ္ဂကိစ္စနဲ့ လာတာဖြစ်မှာပေါ့"





ဂရေစီက ဖြေရင်း အပေါ်ထပ်သို့ တက်သွား၏။

"ကဲ ကဲ … သီချင်းပြန်ကျင့်ကြမယ်။ ဟိုသီချင်းကွာ သံပြိုင်ဆိုလို့ကောင်းတဲ့ဟာ"

"စာကျက်ဖို့ကျ မတက်ကြွဘူး"

"စာက ညတိုင်း ကျက်ရတာ။ အပတ်တိုင်း ဖြေနေရတာ။ နှစ်ဝက်စာမေးပွဲလည်း အောင်တယ်။ စာမေးပွဲကြီးက ၃ လတောင် လိုသေးတယ်။ အခုလို ဒီဇင်ဘာလမှာတော့ ပျော်စရာတွေအားလုံး ပျော်ထားမှ။ ဖေဖော်ဝါရီဆန်းတာနဲ့ အခန်းအောင်းရတော့မှာ"

မအေးရင်က တွေးတွေးဆဆနှင့် ပြောလေသည်။

"နှင်းခိုင်လွင် ဧည့်သည်လာတယ်။ မန္တလေးဟောက ကိုကျော်သန်း"

ဂရေစီက တင်မိုးဖြူအခန်းက ကြားလောက်အောင် လေကားထိပ်မှ အော်၏။

"နှင်းခိုင်လွင် ဧည့်သည်လာတယ်။ မန္တလေးဟောက ကိုကျော်သန်း"

လေကားထိပ်အခန်းရှိ ခင်ခင်သောင်းက ဂရေစီ့အသံအတိုင်း ပဲ့တင်ပေးလိုက်လေသည်။

နှင်းခိုင်လွင် ထွက်လာ၏။

အခန်းပြန်ပြီး ဆံပင်အနည်းငယ် သပ်။ အင်္ကျီနှင့် ထဘီ အသင့်အတင့်ဖြစ်ပြီး အောက်ထပ်သို့ ဆင်းသည်။ ဧည့်ခန်းထဲမှာ ဧည့်သည်အချို့ရှိနေကြပြီ။ အထူးသဖြင့် အောက်ဆုံးထပ်မှ မြင့်မြင့်မာနှင့် သူ့ဆရာ (ကျူတာကိုလေးမောင်) တို့အတွဲက ထိုင်နေကျနေရာမှာ နှစ်ခုံကပ်ပြီး တီးတိုးဆိုနေကြပြီ။ ဆရာလေးကိုလေးမောင်ကား ရတနာဧည့်သည်စာရင်းတွင် အမြဲတမ်းနံပါတ် ၁ ဖြစ်၏။ သူ့ကို ဘယ်သူမှမကျော်နိုင်ကြချေ။ သူက သူ့'မြင့်'ကို ငုံထားမတတ်ချစ်ပုံရသည်။ သူတို့အတွဲ ရန်ဖြစ်သည်ကို တစ်ခါမှ မမြင်ကြရချေ။

နှင်းနှင်းက ဧည့်ခန်းထဲမှာ ကိုကျော်သန်းကို မရှာပါ။ ပေါ်တီကိုအောက်လောက်ပဲ ဖြစ်နိုင်သည်ဟုတွေးပြီး အလယ်ပေါက်သို့ လျှောက်သည်။ ဤတွင် အလယ်လေကားကြီးဘေးနံရံပေါ်မှ နို့တစ်ဘုတ်ကို အားရပါးရဖတ်နေသော ကိုကျော်သန်းကို မြင်ရလေသည်။

နှင်းနှင်းအနားရောက်သွားမှ ကိုကျော်သန်းက လန့်ဖျပ်သလို မော့ကြည့်၏။ ကိုကျော်သန်း ဘာမှမပြောမီ …



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ … နှင်းခိုင်လွင်က ကျွန်တော့်ကိုမမှတ်မိမှာစိုးလို့ ကိုကျော်သန်းကို ပို့ခိုင်းရတာ"

ခုမှ သတိပြုမိ၏။

ကိုကျော်သန်း ဘာမျှမပြောခင် သူ့ဘေးမှလူက ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောလေသည်။

ထိုလူကို နှင်းနှင်းမြင်ဖူးသလိုတော့ ရှိ၏။ ဖြူဖွေးစင်ကြယ်သော ရှပ်အင်္ကျီလက်ရှည်နှင့် ချည်ချောလုံချည်ကွက်စိပ်လို ဝတ်ထားသည်။ သူ့မျက်နှာက ကြည်လင်ပြုံးရွှင်သဖြင့် နှင်း ပြန်၍ပြုံးပြမိသည်။

သည်တော့မှ ကိုကျော်သန်းက ထုံးစံအတိုင်းလက်ကားရားဖြန့်ပြီး…

"အေးဟေ့ နှင်းခိုင်လွင်ရေ … ဒါ ကိုအောင်နိုင်။ အင်ဂျင်နီးယားရင်းမှာ ပထမနှစ် တို့ဘန်းမော်နားကပဲလေ အင်းရွာက။ နှင်းခိုင်လွင်ကိုတော့ ကိုအောင်နိုင် သိပြီးသား"

"နှင်းခိုင်လွင်လည်း ကိုအောင်နိုင်ဆိုသူနှင့် ကိုကျော်သန်းကို ဆက်တိုက်များ ဆီသို့ ဖိတ်ခေါ်ရသည်။ ဧည့်သည်ကို ဧည့်ခံရမည့်ဝတ္တရားအရပေါ့။

"ပြောရဦးမယ်ခင်ဗျ။ တစ်နေ့က တန်ဆောင်တိုင်ညက ကျွန်တော်တို့ လာတယ်"

ကိုအောင်နိုင်က နှင်းခိုင်လွင်ကို ပြုံး၍ပြော၏။

"ဟုတ်လား။ ဝဝလင်လင်ဖြစ်ရဲ့လား"

နှင်းခိုင်လွင်က ဖော်ဖော်ရွေရွေပြန်ပြောရသည်။

"အဲဒါက ကိစ္စမရှိပါဘူး။ ဟို … ပြဿနာက ဒီလိုပါ။ ကျွန်တော်က ရတနာစတုဒိသာ သွားကြမယ်ဆိုတဲ့ သူငယ်ချင်းတွေကို ရတနာမှာ ကျွန်တော် အသိရှိတယ်၊ S & R အမှုဆောင်ပဲ ဆိုပြီး ခေါ်လာတာ"

"ဟုတ်ကဲ့"

"အဲဒါ နှင်းခိုင်လွင်က ကျွန်တော့်ကို နှုတ်မဆက်ဘူး"

"ရှင်"

"ဟိုလေ မမြင်လို့ဆို တော်သေးတယ်။ ခုတော့ ကျွန်တော်တို့ဝိုင်းကို ရောက်လာပြီး အားလုံးကိုပဲခြုံပြီး ပြောသွားတာဆိုတော့ ကျွန်တော့်မှာ …"

"ဟုတ်လား"

ဤတွင် ကိုကျော်သန်းက ဝင်ပြောသည်။





"ကိုအောင်နိုင်က နှင်းခိုင်လွင်ကို လျှောက်လွှာတင်တဲ့နေ့ကတည်းက သိုက်ထွန်း မိတ်ဆက်ပေးလို့ သိခဲ့တာတဲ့"

"အို … ဟုတ်ပါရဲ့။ အားနာလိုက်တာရှင်"

နှင်းခိုင်လွင် တကယ်စိတ်မကောင်းပါ။

"အဲဒါကြောင့် နောက်တစ်ခါမှတ်မိအောင် အခု လာတာပါ"

ကိုအောင်နိုင်က သည်တစ်ခါ အမူပိုပိုလေးနှင့် ပြောဖြစ်လေသည်။

နှင်းခိုင်လွင် ခေါင်းမော့ရယ်လိုက်ရင်း …

"ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ။ မှတ်မိပါပြီ။ နောက်ဆို အမြဲခေါ်ပါ့မယ်"

သည်အခါမှပဲ ကိုအောင်နိုင်လည်း နေသာထိုင်သာဖြစ်ရသည်။ ယခုလိုမှ အဆင်ပြေပါ့မလားဟု ကိုအောင်နိုင် စိတ်ပူသဖြင့် နေရာတကာ ရှုတ်နောက်နောက်ထုပ်ဖို့ တွေးနေတတ်သော သိုက်ထွန်းကိုပင် အသိမပေးရဲခဲ့ပေ။ အစစအရာရာ တိုင်ပင်နေကျ စိုးပိုင်ကိုတော့ ပြောပြခဲ့သည်။ မင်း မလိုက်နဲ့ဦးဟု တားထားခဲ့သည်။ စိုးပိုင်က မျက်မှန်ထဲက မျက်လုံးဝင်းဝင်းများဖြင့် စုံထောက်ဟန်ပြုရင်း နှုတ်ခမ်းလေးက ခင်ခင်ယုဟု ခပ်ဆဆပြောဖြစ်အောင် ပြောခဲ့သေးသည်။ ခင်ခင်ယု ဟုတ်တယ်။ ခင်ခင်ယု ရှိသေးတယ်။ သို့သော် ကိုအောင်နိုင် နှင်းခိုင်လွင်ကို တွေ့ချင်နေသည်။ စကားပြောချင်နေသည်။

"ကိုကျော်သန်း လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်"

ကိုအောင်နိုင်က နှင်းခိုင်လွင်ရှေ့မှာပင် ကိုကျော်သန်းကို ပြောသည်။

"ရပါတယ်ဗျာ။ နှင်းခိုင်လွင်နဲ့ ကျွန်တော်တို့က တစ်နယ်တည်းသားတွေ။ မကျထရစ်အောင်တော့ တစ်နှစ်တည်းအတူတူ။ သူက ဆရာမလုပ်နေလို့ ဒီနှစ်မှ ရောက်တာ။ နို့မို့ရင် ကျွန်တော်နဲ့ အတန်းတူပဲ"

စကားပြောရတာ နွေးနွေးထွေးထွေးဖြစ်လာသည်။

အထူးသဖြင့် ဟန်ဆောင်မှုကင်းသော နှင်းခိုင်လွင့်မျက်နှာနှင့် ပွင့်ပွင့်လင်းလင်းစကားများက ကိုအောင်နိုင့်ရင်ကို အေးချမ်းစေသည်ဟု ကိုအောင်နိုင် ထင်သည်။

"ဒါနဲ့ ကိုကျော်သန်း။ ကျွန်မတို့ ကချင်ပြည်နယ်အသင်း ပစ်ကနစ် ဘယ်အပတ်လဲ"

နှင်းခိုင်လွင်က ကိုကျော်သန်းဘက် လှည့်ပြော၏။

"လက်မှတ်တွေ ရိုက်နေပြီ။ တစ်ပတ်ကျော်လိုသေးတယ်။ အဲဒီနေ့တွ



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နိုင်တို့ကိုလည်း လက်မှတ်ရောင်းရမယ်''

''ဟာ ... ဝယ်မှာပေါ့ ကိုကျော်သန်း။ ကျွန်တော်တို့ ၃ စောင် ဝယ်မယ်''

''၂ စောင် မဟုတ်ဘူးလား''

အများအားဖြင့် သမီးရည်းစားစုံတွဲများ ပါတတ်သဖြင့် နှင်းနိုင်လွင်က နောက်လိုက်ခြင်းဖြစ်ပါသည်။ ကိုအောင်နိုင်ကလည်း ပါးနပ်ပါသည်။

''၂ စောင် မဝယ်ရသေးပါဘူးဗျာ။ သူငယ်ချင်း ၃ ယောက်အတွက် ၃ စောင်ပါ။ ကျွန်တော်ရယ်၊ စိုးရယ်၊ သိုက်ထွန်းရယ်လေ''

*

ကားများ နံနက် ၆ နာရီ မန္တလေးဆောင်ရှေ့မှ ထွက်မည်။ ကျောင်းနေ ပျော်၍ စာတော်ရမည်။ လက်မှတ်ထဲပါသည့်အတိုင်း နဂါးဘတ်စ်ကားအနီများ ကား မန္တလေးဆောင်ရှေ့ အဓိပတိလမ်းမဘေးတွင် တန်းစီနေလေသည်။

နှင်းတွေက မှိုင်းမှိုင်းဝေနေသည်။

မြောက်ပြန်လေသည် နှင်းပွင့်များကို မနိုင်မနင်း သယ်နေရ၏။

အဓိပတိလမ်းမကြီးထိပ်မှ ဘွဲ့နှင်းသဘင်ခန်းမကြီးပင် ချမ်း၍ငြိမ်နေရ ရသည်။ သစ်ပုပ်ပင်လည်း ဆီနှင်းပေါက်များဒဏ်ကို အလိုက်သင့်ခံလျက်ငြိမ် နေလေသည်။ ရန်ကုန်ဆောင်းသည် ဒီဇင်ဘာတစ်လသာ လှလှကြီးအေးသဖြင့် အနွေးထည်ရှိသမျှ ထုတ်ကြွားရချိန်ဖြစ်၏။

နှင်းနှင်းက ကုတ်အင်္ကျီနှင့် မာဖလာကို ဆင်သည်။

ဂရေစီက ယုန်မွေးဆွယ်တာကို ထုတ်ဝတ်၏။

ခင်လှမြင့်၊ မကြင်ယုံ၊ ခင်စန်းမြင့်နှင့် ဌေးဌေးတို့ကား နိုင်လွန်အင်္ကျီ အရောင်လှလှတွေ မပေါ်မှာစိုး၍ဆိုပြီး လိုက်ကုတ် ခေါ် အပေါ်ဝတ်အင်္ကျီ ပေါ့ပေါ့ ပါးပါးများကိုသာ ဝတ်ကြ၏။

တင်မိုးဖြူ၊ အိုင်ရင်း၊ စန်းစန်းဆင်၊ အချို့ စသော ဗန်းမော်အုပ်စုက အစောကြီးထသွားကြပြီ။ သူတို့က အင်းလျားဆောင်မှာ မြမြရှိန်နှင့် အယ်နီတာ ကို ဝင်ခေါ်ကြမည်။ သီရိက အဝင်းနှင့် မမြကြင်က မန္တလေးဟောရှေ့က စောင့် မည်တဲ့။

လက်မှတ်များကို တစ်စောင် ၄ ကျပ်နှင့် ရောင်းထားသည်။ ကားအကြို



အပို့နှင့် နေ့လယ်စာ ဒံပေါက်ကျွေးမည်။ လိမ္မော်ရည်တစ်ပုလင်း ရမည်။ နံနက် ၁၀ နာရီထွက်။ ညနေ ၆ နာရီ ပြန်ရောက်မည်။ တစ်နေ့ကုန်ပျော်ကြပေရော့။

နှင်းနှင်းတို့ မန္တလေးဆောင်ရှေ့ရောက်တော့ ကားတစ်စီးဘေးမှာ ကိုအောင်နိုင်နှင့် သိုက်ထွန်း ကြိုရောက်နေတာ မြင်ရသည်။ ထိတ်ခနဲ ရင်ဝမှာ ဆော့သွားတာကို နှင်းနှင်း ကိုယ့်ဘာသာ သတိထားမိပါ၏။

''လာ... လာ... အင်းလျား ရောက်မယ်၊ မင်္ဂလာဒုံရောက်မယ်၊ ထောက်ကြံ့ရောက်မယ် တစ်ယောက် တစ်မတ်ပဲ''

သိုက်ထွန်း အော်နေသည်။ ခင်စန်းမြင့်က ...

''ကြံ့တော မရောက်ဘူးလား'' ဟု မေးသည်။

''ဟာ... သွားချင်ရင် ပို့ပေးပါ့မယ်''

သိုက်ထွန်းက ငုံ့မခံချေ။

''ကဲ... ကဲ... နှင်းတို့ တက်။ နေရာဦးထားတယ်''

ကိုအောင်နိုင်က နှင်း ဆိုပါလား။

ရှိန်းခနဲ မျက်နှာပူသွား၏။

နှင်းတွေကြားမှာ နှင်း မျက်နှာပူသွားရပြီ။

ခင်လှမြင့်က နှင်းနှင်းကို အသာလက်ကုတ်လေသည်။

ခင်စန်းမြင့်က အရှေ့မှ လွှားခနဲ ကားပေါ်တက်လိုက်၏။

ကားတွေက အားလုံးပေါင်း ၉ စီး၊ ၁၀ စီး ထင်ပါရဲ့။

အားလုံး လူအပြည့်။

ကိုအောင်နိုင်တို့ နေရာယူဦးထားပုံက နှင်းနှင်းတို့ခြောက်ယောက်အတွက် နှစ်ယောက်ထိုင်ခုံ ၃ တန်း။ အဲသည်နောက်မှာကပ်လျက်က သူတို့သုံးယောက်။ ဟုတ်လေသည်။

''လူစုံပြီ ထွက်မယ်''

ကချင်ပြည်နယ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုသန်းအောင် (ဂရေစီ့ ဦးလေး) က ဆော်ဩနေလေသည်။

နှင်းတွေမပြယ်ခင် ကားတန်းကြီးထွက်လာသည်။

ပြည်လမ်းမကြီးပေါ် ရောက်သောအခါ မြောက်ဘက်သို့ ဦးတည်မောင်း ကြ၏။

''နှောင်... နှောင်...''

www.burmeseclassic.com

www.burmeseclassic.com



မောင်းအသေးစားလေးကိုထုသံ ပေါ်လာ၏။

ကားရှေ့ခန်း ဒရိုင်ဘာဘေးမှာ ဘရန်ဆိုင်းပဲ။ သူက ကချင်မောင်းလေးကို ထုနေခြင်းဖြစ်သည်။

''ဗွမ်း... ဗွမ်း... ဗွမ်း...''

ဒါက လင်းကွင်းကြီးကြီးနှစ်ခု ရှပ်တီးသံ။

ဘရန်ဆိုင်းဘေးတွင် ကိုဘလေးက လင်းကွင်းကြီးနှင့်ပါလား။

ကိုဘလေးတို့ တပ်ဦးကျောင်းသားများသည် ကျောင်းသားလှုပ်ရှားမှုတိုင်းကို အလွတ်မပေးကြ။ သို့သော် နိုင်ငံရေးစကားမပြော။ ကျောင်းသားတွေကြားမှာ ပျော်ပျော်ပါးပါး။

''ထုံ... ထုံ... ထုံ...''

ခုမှ ပြည့်စုံတော့သည်။

မြစ်ကြီးနားသား တူးဂျာ။

သူက ကချင်အိုးစည်ကြီး လွယ်လို့။

''မနောကကို လူတိုင်း စိတ်ဝင်စားကြတယ်။ ခရိုင်သင်းတိုင်း ပစ်ကနစ်ထွက်ကြပေမယ့် ကချင်ပြည်နယ်အသင်းက အစည်ဆုံးပဲ။ အဲဒါကတော့ မနောအကကို လူတိုင်း ဝင်ကကြရလို့လေ''

ကိုကျော်သန်းက နှစ်ကြီးသမားပီပီ နှင်းခိုင်လွင်တို့ကို ရှင်းပြနေ၏။

''စမ်းရေအိုင် ××× ရေအိုင် ××× ရေအိုင် ×××

ကိုကိုရေ ××× သွားရောက်လို့ ထိုင် ×××

ပျိုပျိုမေ ××× သေးပေါက်ဖို့ ထိုင်''

''ဝါး... ဟား... ဟား''

စချေပြီ။

ကားအလယ်ကောင်မှာ မစန်းရီ။ သူက ဆေးကျောင်းသူပါ။ အမ်ဘီအကြီးတန်း နောက်ဆုံးနှစ်ပင် ရောက်နေပြီ။ အဆောင်မှာ ခေါင်းမဖော်တမ်း စာကြည့်တတ်သူ။ အခုတော့ အတီးချပြီး လွှတ်နေလေ၏။

သိုက်ထွန်းနှင့် ကိုကျော်သန်းတို့က မစန်းရီတို့ တင်မိုးဖြူတို့အနား သွားပေါင်းကြ၏။ လက်ခုပ်တီးကြ၏။ ကားပြတင်းပေါက်နားကပ်လျက်ထိုင်နေသူများကမူ လက်ခုပ်မတီး။ လက်သီးဆုပ်ဖြင့် ကားနံရံကို အပြင်ဘက်မှ ထုတုပြီး စည်းလိုက်ကြလေသည်။





နှင်းနှင်းတို့ကျောနောက်မှ ကိုအောင်နိုင်နှင့် စိုးပိုင်က စကားပြောလာကြသည်။ တစ်ချက်တစ်ချက် ရှေ့ကလူများကို လှမ်းပြောသည်။

''ကဲ... တို့လည်း သီချင်းဆိုကြမယ်''

ဘယ်သူက စလိုက်သလဲမသိ။

ကားနောက်ပိုင်းမှာ သီချင်းဆိုသော အဖွဲ့တစ်ဖွဲ့ တိုးလာသည်။

စိုးပိုင်က သူ့အသံသြသြကြီးဖြင့် ဦးဆောင်၍ဆိုနေသည်။

သူတို့က မစန်းရီတို့လို အပြောင်အပျက် သီချင်းများ မဆိုကြ။

* ညီမလေးရယ် စိုးရိမ်မိတယ်
* သံသရာတစ်ကွေ့ဝယ်
* သက်တံပေါ်မှာ ကစားမယ်
* ရှိုင်းတဲ့ဇင်ယော်
* ကမ်းခြေဧယျာဦးဝယ်

ဖိလင်သီချင်းတွေချည်း။

ခင်လှမြင့်မှာက သီချင်းစာအုပ်ပါလာသည်။

သူက ညနေတိုင်း ရတနာဆောင်ညှော်ခန်းရှိ ရေဒီယိုမှာ သောတရှင်လိုရာကို နားထောင်သူဖြစ်၏။ ရေဒီယိုမှလွှင့်သော သီချင်းကို ကမန်းကတန်း ခဲတံနှင့် လိုက်ရေးသူဖြစ်၏။ ပြီးတော့ သူသည် အဆိုတော် တုပ်ကြွပ်ကြီးလှမြင့်ကိုလည်း ချိတ်ဆက်စာရေးခဲ့သူဖြစ်နေသေးသည်။

နှင်းနှင်းကတော့ မေသစ်၏ 'ဖိုးသာအောင်'။ မေချစ်၏ 'ဗွေးတုတ်'။ လှမြိုင်၏ 'စိမ့်လဲ့ကန်သာ' စသောသီချင်းတွေပဲ ရသည်။ နှင်းနှင်းအမေ့အိမ်မှာ ရေဒီယိုမှမရှိဘဲလေ။ ဘုရားပွဲများမှာဖွင့်လေ့ရှိသော အသံချဲ့စက်မှ ဓာတ်ပြားဖွင့်မှသာ သီချင်းတွေ နားထောင်ရတာပါ။ သည်တော့ ခင်လှမြင့်လို သီချင်းစာအုပ်မရှိ။

ဟော ...

ခင်လှမြင့်သီချင်းစာအုပ်ကို နောက်က တောင်းနေသည်။

မောင်ကြည်တိုး၏ 'ကလောအလွမ်းတစ်ဘုတ်' ကို ဆိုနေကြပြီ။

''ရတဲ့သီချင်းတွေလည်း ကူးထည့်ပေးနော်''

ခင်လှမြင့်က စိုးပိုင်ကို ပြောသည်။

''စိတ်ချ။ အဆောင်ကိုပေးလိုက်။ အများကြီး ထပ်ရေးပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟင်း . . .

နှင်းနှင်း သက်ပြင်းချလိုက်၏။

ငါ့မှာ သီချင်းစာအုပ်မရှိလေခြင်း။

ဝမ်းနည်းသလိုလိုကြီး။

ပြီးတော့ အားငယ်သလိုလို။

ခင်လှမြင့်ကိုတောင် မနာလိုသလိုလို။

ရင်ထဲမှာ ငြိမ့်ခနဲ ငြိမ့်ခနဲ ခံစားနေရလေသည်။

*

သာခုကန်ကား ပျော်မွေ့ဖွယ်အတိ။

ရှင်းသန့်သောမြေပြင်ဝယ် စခန်းချကြသည်။

ကိုယ့်အစုနှင့်ကိုယ် ထိုင်ကြ . . .။

ကိုယ့်အတွဲနှင့်ကိုယ် လေ့လော်ကြနှင့် . . .။

နေ့ခင်း ၁၂ နာရီတိတိ ထမင်းကျွေးမည် . . .။

၁ နာရီမှ စပြီး ဂိမ်းကစားကြမည် . . .။

၃ နာရီမှာ မနောဒန့်စ် ကကြမည် . . .။

၄ နာရီခွဲမှာ ပြန်လည်ထွက်ခွာမည် (ကိုယ့်ကားနံပါတ်မှာ ကိုယ်စီးရန်)။

မည်သူမျှမကျန်ရစ်အောင် ဂရုစိုက်ကြရန် . . .။

အသင်းဥက္ကဋ္ဌကိုသန်းအောင်က အသံချဲ့စက်ဖြင့် အော်နေသည်။

လူသည် လေထဲမှာ မျောပါနေသည်ဟု ခံစားရ၏။

သောကတွေ၊ ဒေါသတွေ၊ ကင်းစင်လွန်းနေ၏။

အရာရာသည် ပျော်မွေ့ဖွယ်။

ဘယ်လိုကြောင့်ဟု မပြောတတ်။ အုပ်စုပွဲရင်းပွဲရင်းနှင့် ဂရေစီ၊ ခင်လှမြင့်၊ ခင်စန်းမြင့်နှင့် နှင်းနှင်းတို့က ကိုအောင်နိုင်နှင့် စိုးပိုင်တို့နှစ်ယောက်နှင့် တွဲနေ၏။ ကာ ဒွေးဒွေးက သူ့မောင်သိန်းတန်နှင့်၊ စန်းစန်းဆင်တို့က ကိုမြင့်ဆွေတို့နှင့် စသဖြင့် တွဲဖြစ်သွားသည်။

ထမင်းထုပ်တွေ ဝေတော့ . . .။

နှင်းနှင်းအတွက် ကိုအောင်နိုင်က ယူလာသည်။

ခင်စန်းမြင့်က မျက်စပစ်လေပြီ။





ထမင်းစားအပြီး ဂိမ်းမစခင်မှာ ပျော်ပွဲစားဘုရင်မ (Queen of Picnic) ရွေးသည်။ ဘီအေနောက်ဆုံးနှစ်မှ ကက်သရင်းမေကို တစ်ခဲနက် မဲပေးကြလေ၏။ ကက်သရင်းကား ဖြူဖြူတောင့်တောင့်၊ စမတ်ကျကျ လျောက်တတ်သူ ဖြစ်သည်။

ပါဆယ်ဂိမ်းကစားတော့ နှင်းနှင်းလက်ထဲ အထုပ်ကျရာ သီချင်းဆိုပြသည်။ ဖိုးသာအောင်ကို ဆိုလိုက်သည်။ လက်ခုပ်သံအကျယ်ဆုံးတီးသူကား ကိုအောင်နိုင်။

သိုက်ထွန်းလက်ထဲ အထုပ်ရောက်တော့ မျောက်က ကခိုင်းသည်။ သိုက်ထွန်းကား မျောက်ကကို ပြောင်မြောက်စွာကပြသွား၏။

မနောကကို မြေပြင်မှာ ထုံးဖြင့် အဝိုင်းကြီးကာပြီး ကကြသည်။ ရှေ့ဆုံးမှာ တူးဂျာက အိုးစည်၊ သူ့နောက်မှာ ကိုဘလေးက လင်းကွင်း၊ သူ့နောက်မှာမှ ဘရန်ဆိုင်းက မောင်းကလေးဖြင့် စည်းချက်ညီညီ ယိမ်းယိုင်ကကြသည်။ ကျန်လူများက နောက်က တန်းစီပြီး ရှေ့ဆုံးခေါင်းဆောင် ကသည့်အတိုင်း လိုက်ကကြရ၏။ မိန်းကလေးများက လက်ကိုင်ပဝါလေးတွေ ဝှေ့ယမ်းလို့။

တစ်ချက်တစ်ချက်မှာ 'ဝူး ဝူး' ဆိုသော အော်သံများကြောင့် ကိုယ့်အချင်းမြေကို ပြန်ရောက်နေသည်ဟု ခံစားကြရသည်။ ဒါ့အပြင် ကချင်ပြည်နယ်သူဖြစ်ရခြင်းအတွက်လည်း မိမိကိုယ်မိမိ ကျေနပ်နေမိသည်။ ပြီးလျှင် . . .

ဓာတ်ပုံတွေရိုက်ကြ . . .။

မိတ်သစ်တွေဖွဲ့ကြ . . .။

လိပ်စာတွေပေးကြ . . .။

"အဲဒါပေါ့ လူဆိုတာ လွတ်လပ်ဖို့ အဓိကပဲ။ လွတ်လွတ်လပ်လပ် နေရရင် ပျော်တယ်။ ပျော်ရင် ဘာလုပ်လုပ် တော်လာမှာပဲ"

ကိုဘလေးက မောင်သိန်းတန်ကို မှတ်ချက်ပေးနေလေသည်။

အပြန်မှာ ထောက်ကြံ့စစ်သချိုင်းသို့ ဝင်ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်၌ ကျဆုံးခဲ့ကြသော ဗြိတိသျှစစ်သားများအတွက် ရည်စူး၍ အထိမ်းအမှတ်ပြုလုပ်ခဲ့ခြင်းတဲ့။ စစ်သချိုင်း၏လှမ်းဖွယ် အဆောက်အအုံကို နောက်ခံထားပြီး အုပ်စုလိုက် ဓာတ်ပုံရိုက်ကြသည်။ ရှေ့တန်းမှာ ဂရေစီ၊ ခင်လှမြင့်၊ တင်မိုးဖြူ၊ နှင်းနှင်း။ နောက်တန်းမှာ ကိုဘလေး၊ တိုကျော်သန်း၊ ကိုအောင်နိုင်၊ စိုးပိုင်နှင့် သိုက်ထွန်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဪ… သည်စာတတ်ပုံလေးကို နောင်နှစ်ပေါင်းများစွာ အမြတ်တနိုးသိ ထားရလိမ့်မည်ဟု တွေးတတ်ခဲ့လျှင် …။

*

ကားများအားလုံး တာကသရှေ့ မန္တလေးဆောင်နားမှာပင် ပြန်ရပ်ပေး

"လာလည်မယ်နော်"

အနားကပ်ပြီး ပြောဖြစ်အောင် ပြောလိုက်သည့် ကိုအောင်နိုင်စကားသံ ရတာနာဆောင်၊ အခန်း ၅၄ ထဲ ရောက်သည့်တိုင် ပဲ့တင်ထပ်နေခြင်းမှာ တစ် တစ်ရာကို ဦးတည်နေသည်ဟု မတွေးတတ်ခဲ့။ ဒါက နှင်းခိုင်လွင် ငယ်သေး နေမှာပါ။

❐



## (၁၈)

## ညဥ့်ဦးယံ၌

ဦးကြီး၏ခေါင်းလောင်းသံ မြည်လာသည်။

ဤအသံကား ညေ့သည်အပေါင်းတို့ ပြန်ကြကုန်လော့ဟု သတိပေးသံ ည်း။

ညေ့ခန်းဆောင်တွင်းမှ စုံတွဲများ မခွဲရက်ရက် ခွဲကြရ၏။ မပြန်ရက်ရက် ကြရ၏။ အပြင်ဘက်ပေါ်တီကိုအောက်မှာ မိုးတိုးမတ်တတ်ရပ်၍ စကားပြော ကြသော အပေါင်းအသင်းများလည်း နှုတ်ဆက်ကြရ၏။ ထို့အတူပင် အဆောင် တံ့ကော်ပင်အောက်၌ ပြောမဆုံးပေါင်ဖြစ်နေကြသူများလည်း မိန်းကလေးဖြစ်သူ ခြံဝင်းထဲ ဝင်ရသည်။ အဆောင်ဝင်းတံခါးကြီး ပိတ်တော့မည်။ ခဏကြာလျှင် ာ့ အဆောင်၏တံခါးမသံတံခါးကြီးကိုပါ အပြီးပိတ်လေတော့မည်။ ည ၆ မှ မနက် ၆ နာရီအထိ အဆောင်ထဲမှ မထွက်ရတော့ပေ။

တို့ဘဝကလည်း မိန်းမထောင်ကျနေတာပဲဟု အပြစ်တင်ပြောဆိုသူရှိ ာ်လည်း ဒါက မိန်းကလေးတွေအတွက် လုံခြုံရေးပဲဖြစ်သည်။ အဆောင်တွင်း အရွယ်ရောက်သောယောကျ်ားဟူ၍ တစ်ယောက်မှမရှိရ။ သည်တော့ အားလုံး အားကိုးရာသည် သော့ခလောက်ပဲ ဖြစ်၏။

ဒရဝမ်ညစောင့်အဘက အဆောင်ရှေ့ကင်းတဲလေးမှာ တစ်ညလုံး နေ သည်။ အဘ၏ဖနီးကြီးတော်က အဆောင်ဘေးတဲကလေးမှာ ချက်ပြုတ်ပြီး ိုင်းကျလျှင် အဆောင်သူများကို ချင်းသုပ်၊ လက်ဖက်သုပ် ရောင်းတော့ ၏။ ီးတော်၏လက်ဖက်၊ ချင်းသုပ်များက တစ်ထုပ်လျှင် တစ်မတ်ဖြစ်ပြီး နှစ် ာက်တော့ ကောင်းကောင်းစားလောက်သည်။ ခင်စန်းမြင့်တို့အုပ်ကား ညစဉ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းလက်ဖက် ၄ ထုပ် ဝယ်သည်။ ညစာ ထမင်းစားရင်း ထမင်းကြမ်းများကို လူမမြင်အောင်ဝှက်ပြီး တင်ထားရသည်။ ရေနွေးခတ်ဘူးများဖြင့် ရေနွေးကြမ်း နှပ်ထားကြသည်။ ဤသို့ဖြင့် ညတိုင်း လက်ဖက်ဝိုင်း ပြည့်စုံပြီဖြစ်၏။

စုရပ်ကား အခန်း ၅၄။ နှင်းနှင်းတို့အခန်းဖြစ်သည်။

၅၄ က အလယ်ထပ်၊ လှေကားထိပ်မှာ ဖြစ်၏။ အလယ်ဗဟိုဆိုတော့ ၄၄ နှင့် ၄၆ က ခင်စန်းမြင့်တို့၊ ခင်လှမြင့်တို့လည်း လာ၍လွယ်သည်။ ၆၆ နှင့် ၆၈ က အိုင်ရင်းတို့၊ စန်းစန်းဆင့်တို့လည်း လာ၍လွယ်သည်။

တကယ်ကျတော့ ၅၄ သည် ၆၁ နှင့် နီး၏။ ၆၁ မှာက ဟောလ်ကျူတာ မမလှ ရှိသည်။ မမလှကား ဟောကျစ်မှာ နည်းပြဖြစ်ပြီး မဟာဝိဇ္ဇာတက်နေသူ ဖြစ်၏။ အသားဝါဝါ၊ ကိုယ်လုံးသေးသေး။ အလွန်စည်းကမ်းကြပ်လွန်းသဖြင့် သည်အုပ်စုနှင့် အဆင်မချောလှ။ သည်လူတွေက အမြဲဆူညံနေတတ်သူများ အပြင်ဘက်မှာ မမလှက တံခါးကို ခဲတံနှင့် ၃ ချက် ခေါက်ပြီး ငြိမ်ကြဖို့ သတိ ပေးနေရသည်။ ခဏပါပဲ။ ပြန်ဆူကြပြန်သည်။

၇း၀၀ နာရီမှာတော့ Roll Call ခေါ်သည်။ လူစုံမစုံစစ်ခြင်းပေါ့။ အားလုံး အောက်ထပ်ဧည့်ခန်းထဲ ဆင်းကြရသည်။ အဆောင်မှူးမကြည် အခါအားလျော်စွာ ဩဝါဒပေးတတ်၏။ အများအားဖြင့် မမလှ သို့မဟုတ် အပေါ် ထပ်ထောင့်ခန်းမှာနေသော ဟောလ်ကျူတာ မမသီက နာမည်ခေါ်လေ့ရှိ၏။ နာမည်ခေါ်လျှင် အခန်းနံပါတ်နှင့် တွဲခေါ်မြဲ။ 'ပရဲဆင့်' ဟု မှောင်ထဲမှ ထူးလိုက် လျှင် ပြီးသည်။ သည်တော့ ပရဲဆင့်ထူးဖို့ လူနှစ်ယောက်၊ သုံးယောက်ပဲ သွား ပြီး ကျန်လူများက အခန်းတွင်းမှာ အပျင်းဖြေနေတတ်ကြ၏။ ပရဲဆင့်ထူးသူ အနေနှင့် အသံအပြောင်းအလဲလုပ်တတ်ဖို့တော့ လိုလေသည်။

နာမည်စစ်ပြီးလျှင် ဧည့်ခန်းမှာ ဆက်နေ၍ရသည်။ ရေဒီယိုနားထောင် ခွင့် ရှိသည်။ ချိုင်းနီးချက်ကာတို့၊ ဖယ်ခံတို့ ကစားခွင့်ရှိသည်။ ည ၈ နာရီထိုး လျှင်တော့ ခေါင်းလောင်းရှည်ကြီး တီး၏။ Study Bell ခေါ် စာကျက်ခေါင်း လောင်း ဖြစ်ပါသည်။ ဤခေါင်းလောင်းတီးပြီးလျှင်မူ ဘယ်သူမျှ ဧည့်ခန်းမှာ မနေရ။ ကိုယ့်အခန်းကိုယ်ပြန်ပြီး စာကျက်ကြပေတော့။

ခင်စန်းမြင့်တို့ကား စာကျက်ခေါင်းလောင်းကျမှ လက်ဖက်ထမင်းဝိုင်း စကြလေသည်။ ခတ်ဘူးတွေ သယ်ကြ၊ ထမင်းအုပ်တွေ သယ်ကြ။ ညစာ ၅း၀၀ နာရီက ညစာစားထားပါလျက် ၈ နာရီမှာ ပြန်ဆာလောင်နေကြပြီ။ လက်





ဖက်ထုပ် ၄ ထုပ်က Roll Call သွားရင်း ဝယ်ခဲ့ပြီးပြီ။ ၁ ကျပ်ဖိုး လေးထုပ်ပေါ့။ အုပ်စုက တစ်ခါတစ်ရံ ၇ ယောက်။ အနည်းဆုံး ၄ ယောက် ရှိ၏။ ထမင်းနှင့် ဆိုတော့ စား၍ဝကြမြဲပါ။ စားရင်း၊ စကားပြောရင်း၊ အကျယ်ကြီးရယ်မိလျှင် မမလှကို သတိရပြီး ပြန်ငြိမ်ရင်း ည ၉ နာရီတော့ ရောက်မြဲ။ ည ၉ နာရီမှ စာ ကျက် ၁၁ နာရီ၊ ၁၂ နာရီထိ။ ဤသည်မှာ သူတို့အုပ်စု၏အချိန်ဇယားပင်။

တစ်ခါတစ်ရံ ဘယ်သူက စလိုက်မှန်းမသိ။

မျှာလိပ်နှတ်ပင့်ကြ၏။

သင်ဖြူးဖျာကိုလိပ်ပြီး ထဘီအင်္ကျီအစစ်တွေ ဝတ်ပေးရသည်။ ပန်းပန်ပေး ရသည်။ အမွှေးနံ့သာ ဖျန်းရသည်။ လူ ၂ ယောက်က ထိန်း၍ကိုင်ရသည်။ မျှာ လိပ်က ယိမ်းလာတော့ မအောင်ဖြူဝင်ပြီဆိုပြီး တစ်ယောက်တစ်ပေါက် မေးကြ တော့၏။

"တနင်္ဂနွေသမီး မအေးရင် ရည်းစားရှိရင် ဘယ်ဘက်ယိမ်းပြပါ"

"စနေသမီးမှာ ရန်သူရှိရင် ညာဘက်ယိမ်းပြပါ"

"ကျွန်မချစ်သူနဲ့ ပေါင်းရမယ်ဆို ငြိမ်ပါ"

စုံတကာစေအောင် မေးကြ။

လက်ကိုင်သူတစ်ယောက်ယောက်က တမင်ယိမ်းလိုက်သည်ကို အဟုတ် ထင်ပြီး လက်အုပ်ချီသူချီပေါ့။

သည်လိုနှင့် တရုန်းရုန်း တအုံးအုံး။

မမလှ တံခါးလာခေါက်လျှင်တော့ မီးကို ရေနှင့် ငြိမ်း။

ည ၉ နာရီမှာ ကင်းတဲက သံချောင်းခေါက်သည်။

ကြိုးစားပြီး လူစုခွဲရသည်။

စာမဖတ်၍မဖြစ်။

အပတ်စဉ်ကျူတိုရီရယ် ဖြေရသည်။

၆ လပတ်စာမေးပွဲမှာ အမှတ်ကောင်းဖို့လိုသည်။

ပျော်တာလည်း ပျော်ပေါ့။ စာမေးပွဲကျလို့တော့ မဖြစ်။

သည်လို လူစုခွဲတော့မယ်ဆိုကာမှ ဖုန်းမောင့်တစ်ပြုံကြီးအဖွဲ့ ရောက်လာ လေသည်။ သူတို့က အဆောင်ရှေ့ ကုံကော်ပင်အောက်မှာ စတည်းချကြပြီး 'ဖုန်းမောင့်တစ်ပြုံကြီး' သီချင်းကို စဆိုသည်။ ပြီးတော့ 'ကျွန်တော်လူပျိုသိုး' သီချင်း၊ 'စိန်အိုးစည်' သီချင်းများ ဆိုကြသည်။ သူတို့က ပျော်တတ်သူများချည်း



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ထားသောအုပ်စုဖြစ်၏။ အဆောင်တွင်းမှ ပျော်တတ်သူဒေါ်လီတို့အကြိုက်မျိုး

သူတို့အုပ်စု အင်းလျားဆောင်ဘက် ရွှေ့လျားသွားပြီး မယ်ဒလင်အဖွဲ့ ရောက်တတ်သည်။ ဒီအဖွဲ့က ၂ ယောက်၊ ၃ ယောက်ပါပဲ။ တစ်ယောက်က မယ်ဒလင်လို ဒိုင်ခံတီးပြီး ကျန် ၂ ယောက်က တစ်ယောက်တစ်လဲ ဆိုကြ၏။

"ဟော ... ကမ်းခြေဖေယျာဦး တောင်းရအောင်"

"သံသရာတစ်ကွေ့ဝယ် လုပ်ပါဟာ"

စာရွက်ကလေးတစ်ရွက်မှာ 'သောတရှင်လိုရာသီချင်း'တောင်းခြင်းဖြစ်၏။ ကိုယ်ကြိုက်သောသီချင်းနာမည်ရေးပြီး ညစောင့်ဘကြီးကို တီးတိုးခေါ်ပေးရသည်။ ဘကြီးက သဘောကောင်းသည်။ ကျောင်းသူများပေးသောစာကို ကုံကော်ပင်မှ လူများထံ ပို့ပေး၏။ သူတို့က မီးခြစ်ခြစ်ပြီး စာဖတ်၏။ ရလျှင် ဝမ်းသာစွာ ဖြင့်။

"ညီမလေးသက်သက် တောင်းဆိုလိုက်တဲ့ သံသရာတစ်ကွေ့ဝယ် သီဆိုပါမယ်။ နားဆင်တော်မူကြပါခင်ဗျား"

ဟု ကြေညာသေးသည်။

အောက်ထပ်က သီချင်းတောင်းသူမရှိလျှင် ခင်လှမြင့်တို့က တောင်းကြသည်။ တပ်ကြပ်ကြီးလှမြင့်၏ 'ပန်းသစ္စာ'ကား ခင်လှမြင့်အသည်းစွဲဖြစ်လေသည်။ အများအားဖြင့်တော့ သူတို့ဖျော်ဖြေသမျှ အကြိုက်ချည်းပါပဲ။

သည်လိုနှင့် ည ၁၀ နာရီ နီးတော့ သူတို့ပြန်၏။

စာကျက်ရင်းတန်းလန်းမို့ စိတ်ထဲကပဲ နှုတ်ဆက်ကြပါသည်။

မနေ့ကတော့ ခင်လှမြင့်က နှင်းနှင်းကို ပြောသည်။

'အတော်ထူးခြားတဲ့ အဆိုရှင် ရောက်တယ်' တဲ့။

"ဘယ်လိုထူးခြားတာလဲ"

"နင်က ၁၀ နာရီအိပ်တော့ ဘယ်ကြားမလဲ။ ကိုယ်က ၁၂ နာရီကျော်မှ အိပ်တာမို့ ကြားရတာ"

"အေး... ပြောပါဦး။ ဘယ်လိုထူးခြားတာလဲ"

"သူက တစ်ယောက်တည်းကွယ့်"

"ဟုတ်ပြီ"

"ပြီးတော့ ၁၂ နာရီခွဲမှ လာတယ်"

"စာကျက်ပြီးမှ ထလာတာနေမှာပေါ့"





"ဆန်းတာက သူ့အသံ အက်ကွဲနေတယ်"

"ချမ်းလို့ ထင်ပါတယ်ဟယ်"

"ဘယ်ကလာ ... ရင်ထဲမှာ ကြေကွဲနေတဲ့အသံ"

"အမယ် ... နင်က"

"အဟုတ်ပြောတာ။ ပိုပြီးထူးခြားတာက သူက ဟိုးမိုးလေဝသတိုင်းတဲ့ အဆောက်အအုံဘက်က ဖြည်းဖြည်းလေးလျှောက်လာတာ။ သီချင်းကို အေးအေး ဆေး ညည်းလာတာ။ သူ ညည်းတဲ့သီချင်းက ကိုစိန်ဝင်းရဲ့ 'အသည်းစကား'။ ကြားထဲမှာ ဘာမှမဆိုတဲ့ ကုံကော်ပင်အောက်က အုတ်ခုံမှာ ဝင်ထိုင်တယ်။ နောက် တော့ ထပြန်သွားရင်း ရွှေလုံပါလေးရဲ့ 'ဘွဲ့မကူတမ်း' ကို ဆိုသွားတာ"

"ဟုတ်လား။ သေသေချာချာ အကွက်ချဆိုတာပေါ့။ ဒါဆိုရင် တို့ရတနာ မှာ သူရည်ရွယ်တဲ့လူ ရှိရမယ်"

"ဟုတ်တယ်။ ကိုယ်လည်း အဲဒါစဉ်းစားတာ"

"ငါများဖြစ်နေမလား"

"နောက်မနေနဲ့။ သူ့အသံက နောက်ရက်စရာမရှိဘူး။ တကယ့်အဆွေး အစားကြီး"

"ဒါလောက်တောင်ပဲလား။ ဒီည သူလာရင် ငါ့ကိုနှိုးနော်"

ဆောင်းညသည် အေးလွန်းစွ။

ညဉ့်နက်လေလေ အအေးကဲလေလေ။

ရတနာရှေ့ရှိ စိန်ပန်းပွင့်လေးများပင် အိပ်ကြပြီ။

လေက ခပ်ရမ်းရမ်းတိုက်နေ၏။

စာကြိုးစားသော ဆေးကျောင်းသူမရင်မေ မျက်နှာသွားသစ်တာ မြင် ရသည်။ အိပ်မငိုက်အောင် မျက်နှာသစ်လေ့ရှိသော မရင်မေပေါ့။

နှင်းနှင်းက ကျောင်းမှာကတည်းက အပြီးကျက်လာလေ့ရှိသည်။ ညဘက် ဆို အအိပ်မက်သဖြင့် သူများလို ညဉ့်နက်မခံနိုင်ချေ။

အခုလည်း ခင်လှမြင့် ညွှန်းလွန်းသဖြင့် ၁၂ နာရီခွဲ၌ ရောက်လာမည်ဆို သော တေးသံရှင်ကိုစောင့်ရင်းပင် စားပွဲပေါ်မှောက်ပြီး အိပ်မက်ထဲရောက်သွား ပြီ။ နှင်းနှင်းအိပ်မက်ထဲမှာ သူငယ်ချင်းအောင်ခိုင်သည် သစ်ခွပန်းတစ်ခိုင်ကို ကိုင်၍လျှောက်လာ၏။

"ချစ်သူကိုရည်စူး ခူးတဲ့လို့ခွေ ××× ကိုယ်တိုင်လှရာသို့ရွေး ×××



www.burmeseclassic.com

www.burmeseclassic.com



ဆင်မပေးရ ဆံမြညာကေ" ဟူသော နတ်သျှင်နောင်သီချင်းကိုများ ဆိုနေသေ ၏။ နှင်းနှင်းက အောင်နိုင့်ကိုကြည့်ပြီး ရယ်ချင်နေသည်။ သူကများ ပန်းချေ ဘာတွေ ယူလာပေးနေလိုက်တာ။

"ဟိတ်... နှင်းနှင်း။ ထ ထ... သူလာပြီ"

စေ့ထားသောတံခါးမှ ခင်လှမြင့်ဝင်လာပြီး စားပွဲပေါ်မှာ မျက်နှာမှောက် လျက် အိပ်နေသူကို လှုပ်နှိုးလေသည်။

"ဟုတ်လား"

နှင်းနှင်းက ယောင်တိယောင်နနှင့်။

"ရှူး... နားထောင်။ လာ လာ ... ဝရန်တာ သွားရအောင်။ ကိုယ် ဝရန်တာမီး ပိတ်ထားတယ်။ ဘယ်သူမှ မမြင်ပါဘူး"

ခင်လှမြင့်က တီးတိုးပြောရင်း ဆွဲခေါ်လေသည်။

မျက်စိကိုပွတ်ရင်း နားကိုစွင့်လိုက်၏။

ဟုတ်ပါသည်။ အသည်းစကားပါပဲ။

"အသည်းနှလုံးမှ ပေါက်ဖွားချစ်ခဲ့တာပင် ××× တကယ်မြတ်နိုးလွန်း ပင် ××× မဖွံ့တတ်အစဉ် ××× အမြဲသဝဏ်လွှာတွေကိုပဲ ဆင့်ကာပင် ××× အသည်းစကားနဲ့သာ ဆိုမယ်ခင် ××× ချစ်တဲ့သူ ခင်သက်ထားပျိုစင်"

ဟုတ်ပါရဲ့။ သူ့အသံက ထူးခြားလိုက်တာ။ နှလုံးသားစစ်စစ်ထဲမှ ကြေ အန်ကျလာခဲ့တဲ့ပုံပါပဲ။ ဆိုဟန်ကလည်း နှုတ်မှပွင့်တယ်ဆိုရုံလေး။

ခင်လှမြင့်လက်မောင်းကို ဆုပ်လိုက်မိ၏။

သူက နှင်းနှင်းလက်ကောက်ဝတ်ကို ပြန်၍ဖျစ်ညှစ်သည်။

တေးသံရှင်သည် ရတနာရှေ့ ကုံကော်ပင်ရိပ်သို့ ရောက်လာပြီ။

အုတ်ခုံမှာ ဝင်၍မထိုင်ဘဲ ကုံကော်ပင်စည်ကို မှီလိုက်၏။ ပြီးတော့ ရတနာဆောင်ဘက် မျှော်ငေးနေလေသည်။

"အသည်းထဲက ချစ်လာရင် မေတ္တာအစဉ် ချစ်ကမ္ဘာတွင် ××× ထာဝ အမြဲနေချင် ××× သို့ပေမဲ့လည်း သို့ပေမဲ့ ခင် ××× ဟင် ××× အသည်းချ ထာဝစဉ် နီးနောကြမှပင် ××× တစ်ဦးကိုတစ်ဦး သိနားလည်မယ်ထင် ××× မောင့်သက်ပိုင်ဦးသို့သာ ညွှန်းမယ်ခင် ××× အမြဲလို ထာဝစဉ် ××× သံသရာ ထဲတွင် ××× ဖန်လာပုံအပြစ်မမြင် ××× အစဉ်အမြဲ ××× အသည်းထဲတွ ××× နိုင်နိုင်မြဲစွဲမြဲထင် ××× ချစ်သဝဏ်လွှာတင် ××× သံသရာဆုံးတိုင် ×××



မောင့်အသည်းစကားပါခင်"

သီချင်းက ဆုံးသွားပြီ။

အတီးမပါ ဗလာသက်သက်။

ဆွေးမြည့်အက်ကွဲသော ဝန်းကျင်။

လဝန်းက မှိန်မှိန်လေး သာနေသည်။

ညဥ့်ငှက်ကလေးတစ်ကောင်က အဖော်ကို ခေါ်နေ၏။

သူ့ထံမှ ဘာသံမှ ထွက်မလာ။

အို... သူ ဘာလို့ဒါလောက်ဆွေးနေတာလဲ။

သူချစ်သောမိန်းကလေးက ဘယ်သူပါလိမ့်။

သည်လို ကြင်နာတတ်သောအသံရှင်ကို ဘာလို့များဆွေးစေခဲ့တာလဲ။

သူယယ်ချင်းနစ်ယောက် တုတ်တုတ်မျှမလှုပ်။

အသက်ရှူသံချင်း ကြားရလောက်အောင် ဆိတ်ငြိမ်နေသည်။

အဆောင်ညာဘက်နံဘေးမှ တရုတ်စကားပွင့်များထံမှ လေရှေလာ၏။

ညဥ့်လေထဲဝယ် တရုတ်စကားနံ့သင်းနေ၏။

ရတနာဆောင်တစ်ဆောင်လုံး အိပ်ပျော်နေကြတာတော့ သေချာသည်။

ဘယ်ထောင့်ကမှ လှုပ်ရှားသံမကြားရ။

တေးသံရှင်သည် ဘယ်သူ့ကို သဝဏ်စေနေတာပါလဲ။ ကူညီချင်စမ်းပါရဲ့။

ဆောင်းညသည် ငြိမ်လွန်းစွ။

"ဟော..."

ခင်လှမြင့် တီးတိုးဆိုသည်။

"သူ သွားတော့မယ်"

ဟုတ်ပါလိမ့်မည်။

ကုံကော်ပင်ခြေရင်းမှအရိပ်သည် လှုပ်၍သွား၏။

ပြီးတော့ လမ်းမီးတိုင်မှိန်မှိန်ကို ကျော်ပေးရင်း အနောက်ဘက် သူလာ လမ်းသို့ တစ်လှမ်းချင်းလျှောက်လေသည်။ သည်အခါမှာပင် သူ့ထံမှ တေးသံ လွင့်လာ၏။

"××× ဘွဲ့ပဲရယ်လို့ ××× မကူတမ်းလိုက်ပါ့မယ် ××× မြေလှိုင်းဘ ဘွဲ ××× ရေနက်သမုဒ္ဒရာထဲ ××× ခင့်ကိုသာပဲ"

"အဲသလိုပဲ ဘွဲ့မကူတမ်းနဲ့ ပြန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်လှမြင့်က တိုးတိုးဆို၏။

ဝေး၍ဝေး၍သွားသော လူသဏ္ဌာန်နှင့် ...

ဝေး၍ဝေး၍သွားသောတေးသံသည် ညဦးယံမှာ လွင့်ပျံ့လျက်။

"လွမ်းစရာကောင်းလိုက်တာ"

နှင်းနှင်းက စကားစပြောသည်။

"အဲဒါကြောင့် ကိုယ်ပြောတာပေါ့ ထူးခြားတယ်လို့"

ခင်လှမြင့်က ပင့်သက်ရှူရင်း ပြန်ပြော၏။

"ဒါနဲ့ သူ ဘယ်သူ့ကိုကြွေနေလဲမသိဘူးနော်"

"တစ်ယောက်ယောက်ပေါ့။ ကိုယ်သိချင်တာက တစ်မျိုး"

"ဘာကိုလဲ"

"သူ ဘယ်သူလဲဆိုတာကိုပါ"

"တို့ကျောင်းထဲကပဲ နေမှာပေါ့"

"ဟုတ်ချင်မှဟုတ်မယ်။ တိုက်ရိုက်ဖွင့်မပြောနိုင်လောက်အောင် ဆွေးနေ ပုံကြည့်ရင် အလွှာမတူလို့ ဖြစ်ကောင်းဖြစ်မယ်"

"ဟင်း ... ဘာကိုဆိုချင်တာလဲ"

"ဟိုလေ... သူဟာ ကျောင်းသားဖြစ်ချင်မှဖြစ်မယ်"

"ဟင်"

"အေးလေ... ဖွင့်မပြောရဲလို့ မှောင်ထဲကနေ လာလာသီချင်းဆိုနေရတာ ဟာ နည်းတဲ့ဒုက္ခမှမဟုတ်ဘဲ"

"အေးဟယ်"

ဘာမှထပ်မပြောတတ်တော့ပေ။

ညဦးလေက ပို၍အေးနေလေသည်။

❑



## (၁၉)

## နှစ်လည်ညစာစားပွဲများ

ဒီဇင်ဘာ ဆန်းပြီဆိုလျှင် ...

ကျောင်းသူကျောင်းသားများ၏နှုတ်ဖျားတွင် Anual Dinner ဆိုသော အသံတွေ တာစားလာလေပြီ။ ဤပွဲကား ဤစာသင်နှစ်အဖို့ နောက်ဆုံးပျော်ပွဲ ရွှင်ပွဲလည်းဖြစ်သည်။ နှစ်လည်ညစာစားပွဲတွေ အဆောင်အသီးသီးမှာ ကျင်းပကြ သည်။ ဤပွဲပြီးလျှင်တော့ စာမေးပွဲကြီးဟူသောအသိက တစ်ကိုယ်လုံးကို ချုပ် ကိုင်တော့မည်။ မတ်လဆန်းလျှင် တစ်နှစ်လုံးကစာတွေ စစ်ဆေးခံရတော့မည်။ သည်တော့ ဒီဇင်ဘာ ၃၁ ကစပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လဆန်းရက်များတွင် ဆိုင်းဗြီးဖို့ပင် အနိုင်နိုင်။ စာနှင့် နပန်းလုံးကြရပေတော့မည်။

တက္ကသိုလ်အာဏာပိုင်များသည် Dinner ဟူသော ညစာစားပွဲဓလေ့ကို အင်္ဂလိပ်လူမျိုးများ၏ ယဉ်ကျေးမှုမှ လက်ဆင့်ကမ်းသယ်ယူလာဟန်တူပါ၏။ အဆောင်တိုင်း ကျင်းပကြသည်။ အဆောင်ရှေ့မြက်ခင်းပြင်မှာ တခမ်းတနား ဆိုင်းဗွဲ့၊ စင်တင်ဂီတဖျော်ဖြေပွဲများဖြင့် ညလုံးပေါက်နီးပါး ပျော်ရွှင်နိုင်ကြသည်။ လက်မှတ်များရောင်းပြီး ဧည့်သည်ဖိတ်ခွင့်လည်း ပေးထားသည်။ ဤတွင် ချစ်သူ များ၏ မဟာအခွင့်အလမ်းကြီး ဖြစ်လာလေတော့သည်။ အထူးသဖြင့် ယောကျ်ား အဆောင်များသို့ မရောက်ဖူးသော၊ ရောက်ခွင့်မရှိသော ကျောင်းသူများအနေနှင့် ရောက်ခွင့်ရခြင်းသည် အခွင့်ထူးတစ်ခုဟု ဆိုနိုင်သေးသည်။

ဤပွဲများကို အဆောင်သဟာယနှင့် စာဖတ်သင်း (Social and Reading Club) က ကြီးမှူးကျင်းပရကား အဆောင်အချင်းချင်း ချစ်ကြည်ရေးအဖြစ် အဆောင်တိုင်းမှ အမှုဆောင်နှစ်ဦးကို မေတ္တာလက်မှတ်ဖြင့် ဖိတ်ကြားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှုဆောင်များက ဘယ်သူ ဘယ်အဆောင်သွားရန်ဟု ညှိနှိုင်းတာဝန်ပေး...
သည်။

ခင်စန်းမြင့်နှင့် နှင်းနှင်း တာဝန်ကျသောအဆောင်မှာ ပင်းယဖြစ်... သူတို့နှစ်ယောက်က အမှုဆောင်တွေဖြစ်သဖြင့် အုပ်စုထဲမှာ ဝင့်ကြွားနိုင်ကြလေသည်... 'တို့နှစ်ယောက် ပင်းယခင်နာသွားရမယ်' ဟု ဆိုတော့ မမြကြည်က သွားရည်ကျ... သည်။ ဌေးဌေးကိုတော့ မောင်သိန်းတန်က သူတို့ဒဂုံဆောင်ဒင်နာအတွ... ဖိတ်ထားပြီး ဖြစ်၏။ ဤအခါ အချိန်မီ ရည်းစားထားလိုက်ရကောင်းမလား... ခင်လှမြင့်က ကြုံးဝါးနေလေသည်။

အဆောင်ဒင်နာတိုင်းက ဖိတ်မည့်သူရှိနေသူကား မလွှမ်းမှုပါ။ သူ... လူချစ်လူခင်ပေါသည်။ အားလုံးကို အလွှမ်းသင့်အောင် ပေါင်းတတ်သည်။ သည်... တော့ သူက သောကြာ၊ စနေ ညနေတိုင်း ဒင်နာတွေ သွားနေရလေသည်... အိုင်ရင်းနှင့် ဂရေစီကမူ ဒါကို အားမကျချေ။ သူတို့က လွှတ်လပ်ရေးပွဲ... အားကစားပြိုင်ဖို့ အကြိတ်အနယ်လေ့ကျင့်နေကြ၏။ အေးအေးလေးနေသူ... မအေးရင်နှင့် မကြင်ယုံ။

မအေးရင်က 'ရှစ် ××× ရှစ် ××× ရှစ်တာ သူ့ကို' သီချင်းဆိုနေ... မကြင်ယုံက ဝတ္ထုတစ်အုပ်နှင့် လှဲနေတတ်သည်။

"ပင်းယဒင်နာက ကောလိပ်မြိုင်အငြိမ့်တဲ့"

သတင်းယူလာသူက မလွှမ်းမှု။

ဤတွင် ခင်စန်းမြင့် မြူးကြွသွားသည်။

အငြိမ့်မကြည့်ရတာ ကြာမှပဲ။ ကောလိပ်မြိုင်ဆိုတာ မင်းပွဲစိုးပွဲတွေမှာ... မြင်ရတာဟု ကြားဖူးသည်။ ပင်းယက အမှုဆောင်တွေ ကောလိပ်မြိုင်ကို ရအောင်... ငှားနိုင်တာ ချီးကျူးရမည်။

"မာလာကတော့ အမောစိန်တဲ့ဆရာ"

"ဟယ်..."

ဌေးဌေး မြောက်တက်သွားသည်။

"ကြည့်ချင်တယ် ကြည့်ချင်တယ်"

"ဖိတ်မယ့်လူမှ မရှိတာ"

အားလုံး ငိုင်သွားကြသည်။

"နေပါဦး။ ညည်း မောင်သိန်းတန်တို့အဆောင်က ဘာတဲ့လဲ"



BURMESE CLASSIC .com



"သူတို့ဟာသူတို့ ပြဇာတ်ကကြမှာတဲ့"

"ဟင်... ကပ်စေးနဲတယ်"

"ဘယ်ဟုတ်မလဲ။ အဲဒါက အဖိုးတန်တာ။ ဒါရိုက်တာက မြတ်လေး"

"နေကြပါဟယ်။ အရေးအကြီးဆုံးက တို့ သေချာပေါက်ကြည့်ရမယ့် ...နာဒင်နာပဲ။ မမမြင့် ရတနာက ဂီတလုလင်မောင်ကိုကိုဆီ လိုက်နေတာ ...တဲ့လား"

"မသေချာသေးဘူး။ သီရိနဲ့ တိုက်နေတယ်"

"မောင်ကိုကိုဆိုရင် ချိုပြုံး ပါမယ်၊ ထား ပါမယ်။ ပြီးတော့ ..."

ခင်လှမြင့်က တပ်ကြပ်ကြီးလှမြင့်ဟု တိုးတိုးဆိုသည်။ ကျယ်ကျယ်မပြော ...သောအကြောင်းက နှင်းနှင်းနှင့် အိုင်ရင်းကြောင့်ပါ။ တပ်ကြပ်ကြီးလှမြင့်ကို ...တ်ဆက်ပြီး အဆောင်ကို အလည်လာမည်ဆိုတော့ နှင်းနှင်းက ကန့်ကွက်ခဲ့ ...သည်။ အနုပညာကိုပဲ တွယ်တာဖို့လိုသည်။ လူကိုတွေ့ဖို့မလိုတဲ့။ တကယ်လာ ...သောနေ့က ဂျစ်ကားလေးကို ကုံကော်ပင်အောက်ရပ်ပြီး ခင်လှမြင့်က ဆင်း ...တွေ့၊ အဆောင်ဝရန်တာမှနေပြီး 'ခင်လှမြင့် ပြန်လာခဲ့။ မမ ခေါ်နေတယ်" ...တုန်းအော်ခဲ့ကြသူများမှာ နှင်းနှင်းနှင့် အိုင်ရင်းလေ။ ခင်လှမြင့်က စိတ်မဆိုး ...ပါ။ သည်တစ်ခါပဲဟု ပြောရှာသည်။ အခု ဒင်နာပွဲ မောင်ကိုကိုအဖွဲ့မှာ တက် ...ကိုယ်ကြိုက်သည့်အဆိုတော်ရှိလျှင် လက်မှတ်နှင့် ဖိတ်နိုင်သော်လည်း နှင်းနှင်း ...မျက်နှာထားကြီးကြောင့် ခင်လှမြင့်က မဖိတ်တော့ချေ။

"မန္တလေးဟောကရော ဘာသံကြားလဲ"

ဌေးဌေးက နှင်းနှင်းကို မေးငေါ့၍မေး၏။

မန္တလေးဟောက ကိုအောင်နိုင်တို့နှစ်ယောက်တွဲ၊ သုံးယောက်တွဲတွေ ...နာကို မကြာမကြာ ခြေချနေသဖြင့် မေးခြင်းဖြစ်သည်။ နှင်းနှင်းက ဌေးဌေး ...ကို မကြည့်ဘဲ ...

"ဘယ်သိမလဲ" ဟု ဖြေသည်။

တကယ်လည်း မှန်သည်။ ကိုအောင်နိုင်က နှင်းနှင်းကို ဒင်နာဖိတ်မည် ...ဟု မပြောသေးချေ။

"ကဲ... ထားပါလေ။ အရေးကြီးတာ မှာမယ်။ ပင်းယသွားတဲ့လူတွေ ...င်းသမီးအကထက် လူရွှင်တော်ပြက်လုံး မှတ်လာခဲ့။ ပြန်လုပ်ပြရမယ်"

နောက်ဆုံး မမြကြည်က အမိန့်ထုတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ပင်းယဆောင်သွားမည့်နေ့တွင် နှင်းနှင်းက နာစေးနေသည်။ မြက်ခင်းပြင်မှာထိုင်လျှင် နေမကောင်းဖြစ်မည်။ သို့သော် တာဝန်ဖြစ်သဖြင့် ဆွယ်တာဝတ်သွားမည်ဟု အားတင်းလိုက်၏။ ခင်စန်းမြင့်ကား ဆံထုံးလှလှလေး ထုံးဖို့ လေ့ကျင့်နေသည်။ အဝတ်အစားအတွက် ဗျာများရန်မလို။ အဆောင်အမှု ဆောင်ဝတ်စုံ အဖြူနှင့် အပြာပဲ ဝတ်ရမည်ဖြစ်၏။

ပင်းယဆောင်ကား သိပ္ပံအဆောက်အအုံစာသင်ခန်းဆောင်များနှင့် အနီးဆုံး အဆောင်တည်း။ အဓိပတိလမ်းမကြီးကို မျက်နှာမူထားသည်။ ကျယ်ပြန့်သော မြက်ခင်းပြင်ရှိသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက အဆောက်အအုံမို့ ထူထဲကြံ့ခိုင်သည်။ လှပခမ်းနားသည်။ အဆောင်အဝင်ဝမှစပြီး ရောင်စုံမီးလုံးတွေ ဖြာနေသည်။ သစ်ပင်များပေါ်မှာလည်း မီးလုံးများ သီးနေကြ၏။ ပွဲလုပ်မည့် မြက်ခင်းပြင်ပေါ်တွင် စားပွဲများ ချထားသည်။ ပရိသတ် ၈၀၀၊ ၁၀၀၀ ခန့် ရှိမည်။ မြက်ခင်းထိပ်မှာတော့ ဇာတ်စင်။

အငြိမ့်စင်က ထည်ထည်ဝါဝါ ရှိလှ၏။

ကောလိပ်ကျောင်းသားများသည် အငြိမ့်ကို စွဲကြမြဲဖြစ်သည်။

အငြိမ့်ပွဲမရမှသာ အဆိုတီးဝိုင်းများနောက် လိုက်တတ်ကြသည်။ အငြိမ့်မှာပင် အမာစိန်က နံပါတ်တစ်ဦးစားပေး။ ကောလိပ်မြိုင်က အနည်းငယ် အရွယ်ရင့်ပြီ။ သို့သော် လူရွှင်တော်အင်အားတောင့်သဖြင့် ပွဲရနေဆဲ။ အငြိမ့်ဆိုလျှင် ကောလိပ်ကျောင်းသားများက အားပေးဖို့အသင့်။

"ဟောတော့ ... အဲဒါမှဒုက္ခ"

ပင်းယဆောင်ဝင်းတံခါးအဝင်ဝအရောက် ခင်စန်းမြင့် ခလုတ်တိုက်နင်းမိသည်။ စီးလာသော ဒေါက်ဖိနပ်ကြိုး ပြတ်သွားပြီ။

"ဟယ်... ဘယ့်နှယ်လုပ်ကြမလဲ"

အနားကမြင်ရသူ နှင်းနှင်းကလည်း အထိတ်တလန့်။

ခင်စန်းမြင့်မျက်နှာက ငိုတော့မလို။ မကြံတတ် မစည်တတ်။ မျက်နှာမှာ မိတ်ကပ်အဖွေးသား၊ နှုတ်ခမ်းနီပါးနီတွေနှင့်။ ဖိနပ်မပါလို့ကတော့ မဟာအရှက်။

"ဘယ့်နှယ်လုပ်မလဲ"

နှင်းနှင်းက ခင်စန်းမြင့်လက်မောင်းကိုကိုင်ရင်း ဒါပဲ ထပ်ပြောနေသည်။

"ရှပ်တိုက်စီးလို့ရမလား"



"ဟော့အေး... ခေါင်ထိပ်က ပြတ်တာ"

ခင်စန်းမြင့်မျက်နှာပျက်ပျက်နှင့် ဟိုသည်အကူအညီ ရလိုရငြားကြည့်သည်။

"ဟော ... ကြွပါခင်ဗျာ။ ဟင်... ဘာဖြစ်လို့လဲ"

ပင်းယအမှုဆောင်ကိုဌေးမောင် ထွက်ကြိုရင်း ခင်စန်းမြင့်အဖြစ်ကို မြင်သွား၏။

"ကျွန်မ ကျွန်မ ပြန်မှထင်တယ်"

ခင်စန်းမြင့်က ငိုမဲ့မဲ့။ အသံတိမ်တိမ်နှင့် ပြောသည်။

ကိုဌေးမောင် ခဏခေါင်းကုတ်လေသည်။

"ဟာ... ရတနာက ညီမတွေ။ လာကြလေ"

ပင်းယသဟာယဥက္ကဋ္ဌကိုလှိုင်မြင့်က ရပ်နေသူများကို လှမ်းခေါ်နေ၏။ ဝင်လာမဆဲ့ညှိသည်များကတော့ သတိထားမိကြပုံမရချေ။

"ဒီလိုလုပ်ဗျာ ညီမတို့နှစ်ယောက် ဒီဝင်းတံခါးနား ခဏစောင့်။ ခဏနေပါနော်။ ကျွန်တော့်အခန်းက အောက်ထပ်တင်ပါ"

ကိုဌေးမောင် လျှပ်စီးလက်သည့်နှယ် လှည့်ထွက်သွားသည်။

နှစ်ယောက်သား ဝင်းတခါးသံတိုင်ကို အားပြုရင်း ဘာမှုမဖြစ်သလို ရပ်နေကြရ၏။

"မမြင့်ဟာ တိုက်ခွေးကြီးနဲ့တူတယ်"

နှင်းနှင်းက အားမလိုအားမရ ဆိုသည်။

ခင်စန်းမြင့်က မျက်လုံးပြူးပြပြီး ...

"ဘယ်ကလာ... မမြင့်ဝယ်ထားတာ ၃ နှစ်ပဲ ရှိသေးတယ်"

"ဟင်... ၃ နှစ်"

"အေးလေ။ ၃ နှစ်တည်း ရှိသေးတာ။ ပွဲရှိမှ ထုတ်စီးတာ"

"ဩော် ဩော် ... ၃ နှစ်တည်းကိုး"

နှင်းနှင်းက မအောင့်နိုင်၍ အသံထွက် ရယ်လိုက်၏။

"နင် မရယ်နဲ့လေ ကောင်မလေး။ ငြိမ်ငြိမ်နေ"

"အင်းပါ ငြိမ်ပါတယ်။ ရယ်ချင်တာတော့"

ခင်စန်းမြင့်ပါ လိုက်ရယ်သည်။

"အတော်ဒုက္ခပေးတဲ့ဖိနပ်"

www.burmeseclassic.com

www.burmeseclassic.com



"နေဦး။ ဟိုလူ ဘာသွားလုပ်လဲမသိဘူး"

"ပင်အပ်တို့၊ တွယ်ချိတ်တို့ သွားယူတာ ဖြစ်မှာပေါ့။ ဖိနပ်ပြန်တွဲဖို့"

"လာပြီ။ ပြန်လာပြီ"

ကိုဒွေးမောင် အမြန်နှုန်းနှင့် ရောက်လာသည်။

သူ့လက်ထဲမှာ မြမာလာတံဆိပ် စက္ကူအိတ်တစ်ခု။

"ရော့ ရော့ ဒီဖိနပ် စီး။ အသစ်ကြီးပဲ။ ဝယ်ထားတာ မကြာသေးဘူး"

ပြောရင်း အိတ်ထဲကဖိနပ်ကို ချခင်းပေးလေသည်။

"အို အို... ငရဲတွေ ကြီးကုန်ပါ့မယ်"

"ဟင်... ယောကျ်ားစီးဖိနပ်ကြီး"

ခင်စန်းမြင့်ရော၊ နှင်းနှင်းပါ သူ့ဖိနပ်ကို မယူရဲကြ။

"စီးပါ။ နည်းနည်းကြီးနေတာ ဘယ်သူမှ သတိမထားကြပါဘူး။ ကဲ... ညီမ ဒေါက်ဖိနပ်ကို ဒီစက္ကူအိတ်ထဲ ထည့်။ နက်ဖြန်ကျ ကျွန်တော် ရတနာကို ပြန်ပို့ပေးမှာပေါ့။ စီးလေ ... စီးမှဖြစ်မှာ"

ကိုဒွေးမောင်က အဆက်မပြတ်ပြောရင်း ကိုယ်တိုင်စီးပေးမလိုလုပ်နေ

ရွေးစရာလမ်းမရှိတော့ချေ။

သူ့ဖိနပ်ကို စီးလိုက်ရ၏။

ကတ္တီပါသား နုနုလေးမို့ စီး၍ကောင်းပါသည်။ မှောင်ထဲမှာဆိုလျှင်တော့ ဖနောင့်သားထက် ၁ လက်မခန့်ကြီးနေတာ မြင်ကြမှာမဟုတ်ပါ။ ဂူနွေတော့ ရသွားပြီ။ ကိုဒွေးမောင်က ခင်စန်းမြင့်ဒေါက်ဖိနပ်နှစ်ခုကို ဇတ်ခနဲ ကောက်ပြီး စက္ကူအိတ်ထဲ ထည့်လိုက်သည်။

"အို... အစ်ကို မကိုင်နဲ့လေ။ ကျွန်မ "

"ရတယ်။ အခန်းထဲ သွားထားလိုက်မယ်။ ညီမတို့ သွားကြတော့။ နံပါတ်ရှာရဦးမှာနဲ့။ ကဲ ... သွားသွား။ ဩော်... ဒါနဲ့ ကျွန်တော့်နာမည် ဒွေးမောင်ပါ၊ ပင်းယအခန်း ၁၅။ ဖိနပ်အတွက် မပူနဲ့နော်။ နက်ဖြန်လာပို့မယ်"

ပြောပြောဆိုဆို သူ ထွက်သွားပြီ။

ခင်စန်းမြင့်က နှင်းနှင်းကို ကြည့်၏။

နှင်းနှင်းက လက်မထောင်ပြလိုက်သည်။

"အိုကေ ... သွားကြမယ်"

ပွဲခင်းထဲ ရောက်တော့လည်း ဖိနပ်ကိစ္စကို မေ့သွားသည်။



အဆောင်သဟာယဥက္ကဋ္ဌက ဆီးကြိုနေသည်။

နေရာမှာထိုင်လိုက်မိသောအခါ အတော်စိတ်သက်သာသွားပြီ။

အစီအစဉ်တွေ တစ်ခုပြီးတစ်ခု။

အဆောင်မှူးဩဝါဒ။

သဟာယအသင်းအစီရင်ခံချက်။

ဆုပေးပွဲ။

ပြီးမှ အကျွေးအမွေး၊ ဒံပေါက်နှင့် ရေခဲမုန့်။

အကျွေးအမွေး စတင်စဉ်မှာပင် အငြိမ့်စင်ကို စဖွင့်လေသည်။

ဩော် ... အငြိမ့်ဆိုတာ တကယ့်မြန်မာ့ယဉ်ကျေးမှုအစစ်ပေပဲဟု သည်ရ၏။ လူရွှင်တော်သုံးဦးထွက်လာပြီး ခွန်းထောက်ဆိုတာ နားထောင် သည်နှင့်ပင် အတော်ကြည်နူးဖွယ်ကောင်းလှပြီ။

တက္ကသိုလ်ကြီး၏ဂုဏ်ကို ဖွဲ့ဆိုတတ်ကြပါပေသည်။

ဒါကြောင့်လည်း အငြိမ့်သဘင်သည် တက္ကသိုလ်မှာ နေရာရနေခြင်း ထင် ရဲ့။

လူရွှင်တော်များ နှုတ်ခွန်းဆက်ပြီးသောအခါ ရေ့ထွက်မင်းသမီး နှစ်ပိုဒ်၊ ပိုဒ် ကသည်။ ကျောင်းသားများက ဆုတော်ငွေ ချကြသည်။ နာမည်အတည် လည်း ဖြစ်နိုင်ပြီး နာမည်ဝှက်တွေလည်း ပါနိုင်သည်။

ကောလိပ်မြိုင်အလှည့်မှာတော့ တည်ငြိမ်သောအနုပညာစစ်စစ်ကို မြင်တွေ့ ကြ၏။ ရေးနန်းတွင်းအပျိုတော်မထွေးလေးအမွှေမှ စပြီး မြခြေကျင်းမငွေမြိုင်၊ တျာဒေါ်ဩဘာသောင်း စသဖြင့် စီကာစဉ်ကာ ပြောကာဆိုကာ ကပြအသုံး တ်ခံသွားပုံမှာ သူ့သမ္မာကို လှစ်ပြခြင်းပင်တည်း။

လူရွှင်တော်ပြက်လုံးတွေက ကျောင်းသားများလက်ခုပ်သံကို တဖြောင်း ဖြောင်း မြည်စေပါသည်။ ည ၁၁း၃၀ ပွဲသိမ်းမှာမို့ အော်ပရာတွေ၊ ထိုးဇာတ်တွေ ပါဘဲ အငြိမ့်ချည်းသက်သက် တင်ဆက်သွားခဲ့လေသည်။

အပြန်မှာ အသင်းအတွင်းရေးမှူးနှင့် ကိုဒွေးမောင်က ရတနာအထိ လမ်း လျှောက်လိုက်ပို့၏။ ကိုဒွေးမောင်က ဖိနပ်အကြောင်းတစ်ခွန်းမှ မပြော။ အဓိပတိ မ်းမအတိုင်း အင်းဝလမ်း၊ အင်းလျားလမ်းဘက် လျှောက်ကြရ၏။

အဓိပတိလမ်းမကြီးပေါ်မှာ လမင်းတစ်ဝက်သာ နေသည်။

အင်းဝလမ်းမှာတော့ ကုံကော်တောများက မှောင်ရီရီနှင့်။ လမ်းတိုင်များ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ပုရစ်တွေ ပျော်မြူးနေကြ၏။

"ညီမတို့ အငြိမ့်ကတာ သဘောကျရဲ့လား"

ဥက္ကဋ္ဌက မေး၏။

"ညီမတို့က လူပြက်တွေကို စွဲသွားတာ"

နှင်းနှင်းက ပွင့်ပွင့်လင်းလင်း ဖြေသည်။

"ဟုတ်တယ်။ အငြိမ့်ရဲ့ဆွဲဆောင်မှုဟာ လူရွှင်တော်ပဲ။ ဒါကြောင့် ထင် တယ်။ လူရွှင်တော်တွေက အငြိမ့်ဆရာဖြစ်နေတတ်တယ်။ အငြိမ့်ထောင်ဆရာ တော့ ငွေရှင်ပေါ့လေ"

"ဟုတ်ကဲ့။ အငြိမ့်မင်းသမီးတွေကို တချို့က တစ်မျိုးမြင်ကြတယ် အခု ကသွားတဲ့ ကောလိပ်မြိုင်ကတော့ အတည်အခန့်ပဲနော်။ အနုပညာလည်း ပြည့်ဝတယ်ထင်တယ်"

"ဟုတ်တာပေါ့။ အငြိမ့်ထဲမှာလည်း အနုအရင့်ရှိမှာပေါ့လေ။ နတ်ပွဲ တွေကျတော့ တခြားနည်းနဲ့ ဆွဲဆောင်ကြတာပေါ့"

အင်းဝလမ်းမှ ထွက်သောအခါ အင်းလျားလမ်းပေါ် ရောက်ကြ၏။ ... တွင် ရှေ့မှသွားနှင့်သော အင်းလျားအမှုဆောင်ကျောင်းသူနှစ်ဦးနှင့် လိုက်ပို့ ... ပင်းယအမှုဆောင်များကို မီကြလေသည်။ အုပ်စုနှစ်စုပေါင်းပြီး စကားပြောဖြစ် ... ၏။ အငြိမ့်အကြောင်းပါပဲ။

အင်းလျားဆောင်သူများ အဆောင်ထဲ ဝင်ပြီးသောအခါ ကပ်လျက် ရတနာ ဆောင်သို့ ပင်းယသားအားလုံး လိုက်ပို့ကြသည်။

အောက်ထပ်ဧည့်ခန်းမှာ မမြကြည်၊ ဌေးဌေးနှင့် ဂရေစီတို့ မအိပ် ... စောင့်နေကြ၏။ စာဖတ်လိုက်၊ အဝင်ဝကို မျှော်လိုက်နှင့်။ ၁၂ နာရီတိတိကျ ... ညစောင့်တံခါးဖွင့်သံကြားရပြီး ခင်စန်းမြင့်တို့ ဝင်လာကြ၏။

"ငါတို့ မအိပ်ဘဲ စောင့်နေကြတာ။ လူပြက်တွေရဲ့ပြက်လုံး ပြောပြ"

မမြကြည်က သူ့အခန်းဖော် ခင်စန်းမြင့်ကို ချွဲ၏။

ခင်စန်းမြင့်က ဧည့်ခန်းထဲ မျက်စိကစားလိုက်ပြီး မည်သူမျှမရှိကြောင်း တွေ့ရတော့မှ ...

"အေးဟော့ ... ဟီးနိုးအက သိပ်ရယ်ရတယ်သိလား။ ဟီးနိုးကာ ... တွေ စပြီးပေါ်တော့ စပယ်ယာက မိန်းကလေးတွေကိုး။ ဟီးနိုးရဲ့စည်းကမ်း ... ရှေ့က တက်ပြီး နောက်ပေါက်က ဆင်းရတယ်ဟုတ်လား။ အဲဒါ လူပြက် ...



... ဘီလေး ဝတ်သလိုဝတ်ပြီး ဟောသလို သီချင်းဆိုတာ ...

'××× ဟီးနိုး ဆယ့်ခွန်နှစ် ××× ထွက်လာပြီ ××× လူပြည့်ပြီ ×××

××× ဟီးနိုး ဆယ့်ခွန်နှစ် ××× ထွက်လာပြီ ××× လူပြည့်ပြီ ×××

ရှေ့က တက်ပါရှင့် ××× ဂျိန်းဂျိန်း ××× ဂျိန်းဂျိမ်း ××× တပ် ×××

ရှေ့က တက်ပါရှင့် ××× ဂျိန်းဂျိန်း ××× ဂျိန်းဂျိမ်း ××× တပ် ×××

နောက်က ဆင်း' ဆိုပြီး ကနဲချလိုက်တာ"

ဧည့်ခန်းတစ်ခုလုံး ဝုန်းခနဲမြည်အောင် ရယ်ပစ်လိုက်ကြသည်။ ဧည့်ခန်း ... အဆောင်မှူးအခန်းနှင့် ဝေးသဖြင့် တော်တော့၏။

"နောက်တစ်ခေါက် ပြန်ကပြပါဦး"

ခင်စန်းမြင့် ဆိုရကရပြန်သည်။

မမြကြည်တို့ရယ်ရင်း မောသဖြင့် ရေထသောက်ကြရ၏။

ခဏကြာမှ နှင်းနှင်းက သတိရလာဟန်ဖြင့် ...

"ဟေး... အရေးကြီးတဲ့သတင်း ထုတ်ပြန်မယ်"

"ဟုတ်လား ဆိုစမ်း"

"တို့မမြင့်ကြီး အဆက်ရခဲ့ပြီကွ"

"ဟယ်... ဟုတ်လား။ ပြောစမ်း ပြောစမ်း။ ဒင်နာဖူးစာပေါ့"

ခင်စန်းမြင့်က ရှက်စနိုးဖြင့် နှင်းနှင်းကို ထု၏။

"ဟုတ်ပြီဟော့။ နှင်းခိုင်လွှင် ဆက်ပြော"

နှင်းနှင်းက အနည်းငယ်ချေးကိုင်ပြီး ရေသောက်သည်။

"ပြော ... ဆိုနေ။ ဘယ်အဆောင်ကလဲ အင်ဂျင်နီယာလား၊ မယ်ဒီကယ် ..."

"ဘာမှန်းတော့ မသိသေးဘူး။ နာမည်က ကိုဌေးမောင်တဲ့"

"ဟယ်"

အားလုံးက ခင်စန်းမြင့်ကို ဖက်ကြ၏။

ခင်စန်းမြင့်က ရှက်ချင်ယောင်ဆောင်ပြီး မျက်နှာကို လက်ဖြင့်ကွယ် ... သည်။

နှင်းနှင်းက ဖြစ်စဉ်ကို အကျယ်ပြောပြလိုက်၏။

သည်တော့မှ ခင်စန်းမြင့်ခြေထောက်မှ မြမာလာဖိနပ်ကို ငုံ့ကြည့်ကြရာ ... ကျားစီးကြီးဖြစ်နေရကား ပတ်တုတ်မရအောင် ရယ်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်စန်းမြင့်က ခေါင်းမဖော်ရဲသလိုနှင့် စပ်ဖြဲဖြဲလုပ်နေ၏။

(ဩော် ... သည်ညကတည်းက ခင်စန်းမြင့်ဆိုတာ နောင် ငါးနှစ်ကြာလျှင် ဗိုလ်ကြီးဒွေးမောင်ကတော် ဖြစ်လိမ့်မည်ဟု ဗေဒင်ဟောမည့်လူများရှိခဲ့လျှင် မှန်လိုက်တာဟု ပြောမိကြမှာ ကေန်ပင် ဖြစ်ပါလိမ့်မည်။)

*

"ဟောတော့ ... သွားပါပြီ"

နှင်းနှင်းအသံ။

"ဘာဖြစ်တာလဲ"

"ငါ့လက်စွပ် ဟိုဒင်း ... ပုလဲတစ်လုံးမရှိတော့ဘူး"

နှင်းနှင်းက သူ့ဘယ်ဘက်လက်သူကြွယ်ကို ကြည့်နေ၏။ မျက်နှာမှာ ဖြူဖပ်ဖြူရော်။

"အေး... ဟုတ်ပါရဲ့။ ပုလဲတစ်လုံး မရှိတော့ဘူး"

"အသွားတုန်းက ပါလို့လား"

"ပါတာပေါ့။ ငါတောင် သနပ်ခါးပေလို့ လက်ကိုင်ပဝါနဲ့ ပွတ်ခဲ့သေးတယ်"

"နင် ဘာလုပ်မိလဲ"

"လူရွှင်တော်ပြက်လုံးတွေ သဘောကျရင် လက်ခုပ်တီးတာပေါ့"

"ဟုတ်ပြီ။ ဒါကြောင့် ပုလဲကျွတ်သွားတာ"

"မနက်ကျ သွားပြန်ရှာမလား"

"မြက်ခင်းထဲမှာဟာ ဘယ်ရပါတော့မလဲ"

"ငါ ပထမဆုံးရတဲ့ စာမူခလေးနဲ့ ဝယ်ခဲ့တဲ့ ပုလဲလေး"

နှင်းနှင်းက မျက်ရည်ဝိုင်းနေသည်။

အားလုံး ငြိမ်သွား၏။

စောစောက ရယ်သံများနှင့် ဆန့်ကျင်ဘက်။

အကြာကြီးနေမှ မမြကြည်က ဆိုသည်။

"အေးဟယ် ... တစ်ယောက်ယောက် ကောက်ရပြီး ပြန်လာပေးရင် ကောင်းမှာ"

"နင့်လင်ကြီး... ပုလဲလုံး ကောက်ရတယ် ထား။ နှင်းခိုင်လွင်ဟာဖြင့်





ဘယ်သူက သိမှာလဲ"

"ဟီးဟီး ... ငါက တွေးလိုက်တာပါ။ ပုလဲပြန်ပေး၊ နှင်းနှင်းက အေးဆုံးတင်၊ ချစ်သူတွေ ဖြစ်"

မမြကြည်ကို နှင်းနှင်းက ထု၏။

အခန်း၀မှာ မမသီ ပေါ်လာပြီ။

မီးကလေးတွေ တော်လောက်ပြီဟု မျက်ရိပ်ပြလေသည်။

အားလုံးကုပ်ကုပ်ကလေး ဖြစ်သွားပြီး အလယ်ထပ်သို့ တက်ကြရ၏။

ရတနာ၏သန်းခေါင်ယံကား ပကတိဆိတ်ငြိမ်လျက်။

*

"ဒီနေ့ ရတနာဒင်နာဗျာ"

သောကြာညနေ။

မန္တလေးဟောမြက်ခင်းမှာ တွေ့တွေ့ချင်း ကိုအောင်နိုင့်ကို သိုက်ထွန်းက ပြော၏။

"ကျွန်တော် သိပါတယ်"

"မဖိတ်ဘူးနော်"

"ဖိတ်ရမယ့်လူမဟုတ်လို့ပေါ့ကွာ"

ကိုအောင်နိုင့်အသံက ခြောက်ကပ်ကပ်။

သိုက်ထွန်းပင် ကိုအောင်နိုင့်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားရ၏။

"နှင်းခိုင်လွင်က ရည်းစားမရှိသေးတာတော့ သေချာပါတယ်"

သိုက်ထွန်းစကားကို မကြားသလို နေလိုက်သည်။

ဘာ့ကြောင့်မှန်းမသိ။ ကိုအောင်နိုင်စိတ်တွေ တိမ်းပါးနေပြီ။

နှင်းခိုင်လွင်ကို သွားတွေ့ခဲ့တာ သုံးလေးကြိမ်မကတော့ပေ။ တစ်ယောက်တည်းကား မဟုတ်။ သူတို့က ၃ ယောက်သွားဖူးသလို နှင်းခိုင်လွင်တို့ကလည်း သုံးလေးယောက် ဆင်းတွေ့ခဲ့ကြသည်။ သူငယ်ချင်းတစ်ခု စကားဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါး ပြီးတော့ ပေါ့ပေါ့ပါးပါး။ ဒင်နာကျဖိတ်မလားဟု မေးရန် သတိရသည်။ အဖြေကို မကြားရဲသဖြင့် မမေးဖြစ်ခဲ့။ ခုမှ စိတ်ထဲ မချင့်မရဲဖြစ်နေသည်။

မန္တလေးဆောင်မှ သဟာယအမှုဆောင်များအဖြစ် ကိုကျော်သန်းနှင့်

www.burmeseclassic.com



ကိုအေးကို တို့သွားမည်ဟု သတင်းရ၏။ ကိုကျော်သန်းက စပ်ဖြဲဖြဲမျက်နှာနှင့် လာကြွားသွားခဲ့သည်။ ပိုစားခဲ့ပေါ့ဟု ပြောလိုက်ရ၏။ မောင်ကိုကိုအဖွဲ့နှင့် ညှိမ်းမည်ဆိုပဲ။ နားထောင်ချင်လိုက်ပါဘိ။

"စောစောကတည်းက ပွင့်ပွင့်လင်းလင်း ပြောခဲ့ရင် အားနာပြီးဖိတ်မှာ"

သိုက်ထွန်းက တွေးတွေးဆဆနှင့် ပြောလေသည်။

"နေပါစေတော့ကွာ"

မန္တလေးဟောဘေးရှိ သစ်တိုပင်ကြီးပေါ်မှ ဥဩတွန်သံ ပေါ်လာသည်။ ဆောင်းတောင် မကုန်သေးဘူး ... အလွမ်းသီချင်း လာဆိုနေပြီလား ဥဩရေ

ရတနာဆောင်တစ်ဆောင်လုံး တက်ကြွနေကြပြီ။

ရေချိုးခန်းကို အလုအယက် ယူကြရသည်။

ရည်းစားသနာ မရှိသူများပင် အလှဆုံးပြင်ဖို့ စိတ်ကူးနေကြ၏။

ရည်းစားကိုဖိတ်ထားသူများကား သည်ည ရင်ခုန်၍မဆုံးနိုင်တော့။

အားကစားဆု၊ ကဗျာဆု၊ စကားပြောပွဲဆု စသဖြင့် ဆုရသူများက စင်ပေါ်မှာ ဆုတက်ယူကြရမှာမို့ ပိုပြီးတက်ကြွနေကြ၏။ ရတနာဆောင်ဘေးကွက်လပ် မြက်ခင်းပြင်မှာ စင်မြင့် ထိုးထားပြီး အသံချဲ့စက်တပ်နေကြသည်။ ဂီတလုလင် မောင်ကိုကိုအိမ်မှ ဂျာမနီလုပ် စန္ဒရားကြီးကိုလည်း သယ်ခဲ့ကြရသည်။ စန္ဒရားကြီးကို ကြည့်ရုံနှင့်ပင် ရင်တွေခုန်လှပေ့ါ။

ပြီးတော့ အဆိုတော်တွေ လာကြမတဲ့။

ထား ဆိုတာ အသံငြိမ့်ငြိမ့်လေးနှင့် မျက်နှာပြုံးချိုချိုလေး။ အခု လူကိုယ်တိုင် မြင်ဖူးရတော့မည်။ ထား၏ 'နက်ဖြန် သို့မဟုတ် ဘယ်သောခါ' ကို ဆိုပေးဖို့ တောင်းဆိုရမည်။ 'သက်တံပေါ်မှာ ကစားမယ်' ဟု ကလေးသံလေးနှင့် ဆိုတတ်သော အဆိုတော်ပေါက်စလေးလည်း ပါမည်ဆိုပဲ။

အမျိုးသားအဆိုတော်တွေထဲက ကိုမင်းနောင်တဲ့။ ကိုကျော်ညွန့်တဲ့။ မောင်ကြည်တိုးတဲ့။ အသည်းစကား ကိုစိန်ဝင်းနှင့် သံသရာတစ်ကွေ့ဝယ် ကိုတင်ထွဋ်တို့ ညီအစ်ကိုလည်း ပါမှာတဲ့။

ရေဒီယိုမှာ သီချင်းကူးရသော ခင်လှမြင့်က အပျော်ဆုံးဖြစ်နေသည်။ သူတို့ရသော စားပွဲခုံနံပါတ်ကို ပြေးကြည့်ရသည်။ စင်မြင့်ကို မြင်ရပါ့မလား ဝေးနေရင် အခက်။ ခင်လှမြင့်က သူ့မိတ်ဆွေအဆိုတော်ကို ဖိတ်ချင်သေးသော်လည်း သူငယ်ချင်းတွေကြောင့် မဖိတ်ဖြစ်ချေ။ သဟာယဉက္ကဋ္ဌမခင်အေးကတော့





တစ်ဆောင်လုံးကို ပြောထားပြီးသား။ အဆိုတော်အသိရှိရင် ဖိတ်ကြပါ။ မေတ္တာလက်မှတ် ထုတ်ပေးပါမည်တဲ့။

ဘယ်သူဖိတ်လိုက်မှန်းမသိ။ 'လေထဲက ဖူးစာ' မင်းသားချောမြင့်အောင် လာမည်ဟု သတင်းအတိအကျရလေသည်။ ဤသတင်းအတွက် အပျော်ကြီးပျော်သွားသူကား နှင်းခိုင်လွင်ပါ။ သူက လေထဲက ဖူးစာမှာ မြင့်အောင်ကို အစွဲကြီးစွဲခဲ့ပြီးပြီ။ ရုပ်ရှင်မျက်မှန်ဂျာနယ်ထဲပါသမျှ မြင့်အောင်ဓာတ်ပုံတွေကို ကတ်ကြေးနှင့်ဖြတ်ပြီး စာအုပ်ထဲမှာ ညှပ်ထားခဲ့သည်။ အခု လူကိုယ်တိုင် မြင်ရတော့မည်။ ရင်ထဲမှာ လှိုက်၍ဝမ်းသာနေရပြီ။

နှင်းခိုင်လွင်က အမှုဆောင်မို့ ဧည့်ခံရမှာလေ။ 'မြင့်အောင်လာလို့ကတော့ အပြေးအလွှား ဧည့်ခံလိုက်မယ်'ဟု ကြုံးဝါးလေသည်။ ဒါကို ခင်စန်းမြင့်က 'ခိုနှင်း အမြင်မတော်အောင်တော့ မလုပ်နဲ့နော်' ဟု စိုးရိမ်စွာ သတိပေး၏။ 'ကြိုက်တာကိုး မမမြင့်ရဲ့' ဆိုတော့ ဌေးဌေးက 'မောင်သိန်းတန်နဲ့ လဲပါလား' ဟု ပြောသေးသည်။

ဂရေစီနှင့် အိုင်ရင်းကတော့ အင်္ဂလိပ်သီချင်း နားထောင်ချင်တာပါ။ ဘယ်သူများ အင်္ဂလိပ်သီချင်း ဆိုပါ့မလဲမသိ။ မာရီလင်မွန်ရိုး၏ 'ပြန်လမ်းမရှိသောမြစ်' သီချင်းကို ဆိုမည့်သူပါလျှင် ကောင်းမှာပဲဟု တိုင်ပင်ကြလေသည်။ ပြီးတော့ အဲလ်ဗစ်ပရက်စလေ။ ဘယ်သူတွေက အရူးချေးပန်းဟုပြောပြော အိုင်ရင်းကတော့ ပရက်စလေဂစ်တာတီးပြီး သီချင်းဆိုနေပုံများကို ရနိုင်သမျှဖြတ်ယူပြီး သူ့အခန်းနံရံမှာ တန်ဆာဆင်ထားသူပဲ။

ခင်ခင်သောင်းတို့အဖွဲ့ကား အဆိုတွေ၊ အတီးတွေ စိတ်မဝင်စားပေ။ အဆောင်မှာ ဟင်းမကြိုက်၍ ထမင်းစားမကောင်းတာ ကြာပြီမို့ ဒီည ဒံပေါက်အဝစားပြီး ရေခဲမုန့် အချိုတည်းရမှာကို စိတ်စောနေကြ၏။

တကယ်တမ်း ပွဲစသောအခါ နှင်းခိုင်လွင်တို့ ထိုင်နေချိန်မရှိ။ ခုံနံပါတ်တွေ လျှောက်ပြပေးရ၊ ဧည့်သည်နှင့် အိမ်ရှင် ရှာပေးရ၊ ဆီးကြိုပြုံးပြရနှင့် မျက်နှာညောင်းညာရ၏။

မြင့်အောင် ရောက်လာပြီ။

နှင်းခိုင်လွင် အပြေးကြိုခဲ့၏။

အနုပညာရှင်များ သီးသန့်စားပွဲရှည်သို့ ခေါ်ခဲ့၏။

နှင်းခိုင်လွင်က မြင့်အောင်ကို မီးရောင်မှာ အနီးကပ် သေသေချာချာကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ တော်တော်ချောတဲ့လူပဲဟု ဩချနေ၏။ အသားအရေက ဖြူတာ မဟုတ်။ ဝင်းပြီးဝါကာ နုညက်နေသေးသည်။ အထူးသဖြင့် နဖူးပေါ်မှာ ဝဲလိုက် ယိမ်းလိုက်လုပ်နေသော သူ့ဆံပင်တွေ။ အိုး ... သူ့မျက်တောင်တွေကလည်း လှလိုက်တာ။ မျက်ရစ်ပီပီလှလှ ဝိုင်းရဲထားသော မျက်လုံးကြီးများကိုတော့ ရှုံး ပင် ရင်မဆိုင်ရဲပါလား။

"စားပါဦး သုံးဆောင်ပါဦး"

နှင်းခိုင်လွင် တခြားဝိုင်းသို့ မကူးတော့ပေ။

မြင့်အောင်တစ်ယောက်တည်းကို အချိန်ယူဧည့်ခံနေမိတာ ကိုယ့်ဟာကိုယ် သတိမထားမိ။ စားပွဲပေါ်က ပန်းကန်ပြားထဲမှာ လိမ္မော်သီးတွေ အမြွာခွာပြီးသား နှင်းခိုင်လွင်က အမြွာပေါ်က အမျှင်လေးတွေကို တစ်ခုချင်းဖယ်ရှားပြီး မြင့်အောင် လက်သို့ ထည့်သည်။ မျက်နှာချင်းဆိုင်ဆိုတော့ အဆင်ပြေပါသည်။

မင်းသားချောမြင့်အောင် သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေပါရန်ဟု အခမ်းအနားမှူး ဖိတ်ခေါ်သောအခါ မြင့်အောင် ပြုံးရွှင်စွာ စင်ပေါ်တက်သည်။ သို့သော် 'ကျွန်တော်က သီချင်းမဆိုတတ်ဘူး။ ကပြပါ့မယ်' ဆိုပြီး ကလိုက်တာ တကယ့် မင်းသားအတိုင်းပါပဲ။

အချိန်တန်၍ ပွဲပြီးတော့မှ ရတနာသူတွေမောပြီး ကျန်ရစ်သည်။

"ငါတော့ ဒီည ဧည့်ခံရတာ သိပ်ကျေနပ်တာပဲ" ဟု နှင်းခိုင်လွင် မမေ့မလျော့ ပြောဖြစ်သည်။

"မကြည်က စိတ်ပူနေတာ။ မာလာဒင်နာလို ဖြစ်မှာစိုးတာ"

မခင်အေးက ခုမှ ဟင်းချနိုင်သည်။

မာလာဒင်နာက လွန်ခဲ့သည့်အပတ်က ဖြစ်၏။

အမာစိန်အငြိမ့်ငှားသည်။

မာလာဆောင်ကား ပြည်လမ်းမကြီးဘေး၊ လမ်းမနှင့်ကပ်လျက်ဖြစ်၏။ အရှေ့မှာ ကမာရွတ်၊ စံရိပ်ငြိမ်ရပ်ကွက်ရှိသည်။ မာလာမှာ အငြိမ့်ရှိသည်ဆိုတော့ ရပ်ကွက်ထဲက လူတွေ ထွက်လာကြသည်။ မာလာခြံဝင်းက သံတိုင်များ ကာထားရာ အပြင်မှနေပြီး မြက်ခင်းပြင်ရှိ စင်ပေါ်ကို မြင်နိုင်သည်။ သို့သော် အရပ်သားထဲမှာက လူအမျိုးမျိုး။ သံတိုင်ကိုကျော်တက်ချင်သူတွေ ရှိသည်။ အထဲမှာ လုံခြုံရေးစောင့်သူများက မာလာနှင့် မောင်နှမဖွဲ့ထားသော ဒဂုံဆောင်မှ ကျောင်းသားများ။





ညည့်နက်လာလေလေ လူများလာလေလေ။

သံတိုင်များကို ဖိနေကြသည်။

နှုတ်က ဝေး ဝါး အော်နေကြသည်။

အမာစိန်ကလည်း အမာစိန်ပါ။

နနရွရွ၊ လှလှငြိမ့်ငြိမ့်၊ သိမ့်သိမ့်လေး ကရင်း...

"အဟင့်... အစ်ကိုတို့က အဲလိုအော်နေတော့ အမာ ဘယ်လိုကရမှာတဲလို့"

ဟု ညုသည်။ ညုတာ ခရာတာက အငြိမ့်ရဲ့သဘာဝပဲလေ။ အစ်ကို ဘာလသားများ အပြင်မှာနေရတာ သည်းမခံနိုင်။ သံတိုင်ကိုကျော်၍ ဝင်ကြလေသည်။ ဤတွင် လုံခြုံရေးကောလိပ်ကျောင်းသားများနှင့် ထိပ်တိုက်တွေ့တော့၏။

ပွဲကို မနည်းထိန်းခဲ့ရသည်။

နောက်ဆိုရင် အငြိမ့်မထည့်ရဟုပင် ဆုံးဖြတ်ခဲ့ကြရသတဲ့။

ရတနာကတော့ ရပ်ကွက်နှင့် မနီးချေ။

ပတ်ဝန်းကျင်မှာ အင်းလျားကန်ကြီးပဲ ရှိသည်။

အပြင်လူများ အနှောင့်အယှက်မှ ကင်းဝေးပေသည်။

အားလုံး ငြိမ်းငြိမ်းချမ်းချမ်း၊ သိက္ခာရှိရှိ ပြီးဆုံးခဲ့၏။

တစ်ခုတော့ ရှိ၏။

နောက်နေ့ညနေမှာ စိုးပိုင်တို့ ရောက်လာသည်။

"နေစမ်းပါဦး။ ရုပ်ရှင်မင်းသားမြင့်အောင်ကို လိမ္မော်သီးအမျှင် နွာကျွေးတယ်ဆို" ဟု စွဲချက်တင်တော့သည်။

"ဟယ်... အဲဒါ ကိုစိုးပိုင်တို့ ဘယ်လိုသိလဲ။ သတင်းကလည်း မြန်လိုက်တာ"

စိုးပိုင်ကပြုံးပြီး သိုက်ထွန်းက စုပုပ်ပြသည်။

ကိုအောင်နိုင်ကတော့ အေးချမ်းစွာပြုံးနေ၏။ ခွင့်လွှတ်ပြုံး။

နှင်းနှင်းက ခုမှတွေးပြီး ရှက်မိသည်။

သတင်းပေါက်ပွားလောက်အောင် လုပ်မိလေခြင်း။

ဒါပေမယ့် ...

နှင်းခိုင်လွင်က "ဧည့်ခံတာပါ" ဟု ချော့ကပ်လဲလိုက်သည်။

"အခု ဧည့်ခံလေ။ အကြော်စားချင်တယ်" ဟု ဘယ်သူကမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ကောင်းပါပြီ စားပါ။ နေဦး။ ပိုက်ဆံတက်ယူဦးမယ်" ဆိုတော့ "ပါပါတယ်" ဟု တစ်ယောက်က ပြောသည်။

အားလုံး ရယ်ရယ်မောမော အင်းလျားထိပ်က သရက်ပင်အောက် အကြော်ဆိုင်သို့ သွားဖြစ်သည်။

သရက်ပင်ပေါ်မှ သရက်ဖူးလေးတွေ ကြွေနေကြပြီ။

ဥသြလေးတစ်ကောင်က နှုတ်ဆက်သည်။

သြော်... ဆောင်းကုန်တော့မယ်။

ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း

မပီတတ်သေး၊ ဝိုးဝါးတွေးခဲ့။

❒

## (၂၀)
## သံယောဇဉ်လူသားများ

ထွန်းထွန်း(ဆေးသိပ္ပံ) က လမ်းမတော်ဆေးသိပ္ပံကျောင်းဆောင်မှာ နေသည်။ ဆရာမင်းယုဝေနှင့် ဆရာထင်လင်းတို့က ကဗျာဆရာမငွေတာရီကို ဂုဏ်ပြုသည့်အနေဖြင့် ငွေတာရီကဗျာ ၁၀၀ စာအုပ်ထုတ်ပြီး ငွေတာရီမဂ္ဂဇင်း ဆိုပြီး ထုတ်ဝေဖို့ စီစဉ်ကြသည်။ နီးစပ်ရာမှာ စာမူတောင်းပြီး ထည့်ကြသည်။ နီးစပ်သူများတွင် ထွန်းထွန်း(ဆေးသိပ္ပံ) ပါသဖြင့် ငွေတာရီမဂ္ဂဇင်းအမှတ် (၁) မှာပင် ထွန်းထွန်းဝတ္ထုပါလာ၏။ ဝတ္ထုအတွက် စာမူခ ၃၀ ကျပ် ရလေသည်။

ဤငွေသည် နည်းနည်းနောနောမဟုတ်။ ခါတိုင်း ကဗျာလေးတွေပါလျှင် ငါးကျပ်ပဲ ပေးကြ၏။ ဝတ္ထုပါလျှင် ၁၅ ကျပ်ပဲ ရ၏။ ခုတော့ ၃၀ ကျပ်တောင်။ ထွန်းထွန်းတစ်ယောက်တည်း သုံးမပစ်ရက်ချေ။ ဝမ်းသာပီတိတွေကို ဝေမျှချင်သည်။

ပင်မတက္ကသိုလ်သို့ ဘတ်စ်ကားစီးပြီး လာခဲ့၏။

ဒဂုံဆောင်မှာ မောင်သက်ဝေကို ဝင်ခေါ်သည်။

နောက် မောင်ကိုယု၊ မောင်လင်းယုန်(ရှမ်းပြည်)၊ ထီလာစိုးမြင့်ထယ်၊ သထုံဆောင်မှ မောင်အောင်မွန်တို့ကို ပတ်ပြီးခေါ်သည်။ ပြီးတော့ မာလာမှ ခင်မြမှု(ပဲခူး)၊ တက္ကသိုလ်ပွင့်ဦးတို့ကို ဖိတ်ကြားခေါ်ငင်လျက် နောက်ဆုံး ရတနာမှ မလွှမ်းမှုနှင့် နှင်းခိုင်လွင်တို့ကို ခေါ်လေသည်။ သူငယ်ချင်းတွေ အတော်စုံတော့ အင်းလျားကန်ထိပ်၊ သရက်ပင်ရိပ်မှ အကြော်ဆိုင်သို့ သွားကြသည်။

တစ်လမ်းလုံး ခုန်ဆွခုန်ဆွနှင့် ပျော်လာသူက မလွှမ်းမှုဖြစ်၏။ စကားတွေ ပြောလိုက် ရယ်လိုက်။ နှုတ်အဆိတ်ဆုံးကား ပွင့်ဦး ဖြစ်လေသည်။ မျက်ခုံးထင်း

www.burmeseclassic.com

www.burmeseclassic.com



ထင်း၊ မျက်လုံးလှလှ၊ အသားဝါဝါ၊ ဆံပင်အပြောင်ဖြီးပြီး တင်နေအောင် ထုံးဖွဲ့လေ့ရှိသူ၊ ပွင့်ဦးသည် အစဉ်သဖြင့် ငြိမ်သက်နေလေ့ရှိ၏။ မမြမှုကား ထွန်းထွန်းကို မျက်စောင်းထိုးလိုက်၊ မောင်ကိုယုကို မျက်စောင်းထိုးလိုက် လုပ်၏။ မောင်ကိုယုတို့ကလည်း မမြမှုဆိုလျှင် စရ နောက်ရမှ။ သူတို့က ပဲခူးသားများ။ ဟိုက်စကူးမှာကတည်းက ကျောင်းနေဖက်များ။

အင်းလျားထိပ် တောင်ကမူလေးကား ကြည်နူးဖွယ်ဖြစ်သည်။

မကျဉ်းမကျယ် မြေကွက်လပ်ရှိသည်။

သရက်ပင်အိုကြီးများ ရှိသည်။

အကြော်သည်အဒေါ်ကြီးမိသားစုသည် ဤသရက်ပင်ရိပ်၌ ဝမ်းစာရှာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုလောက် ရှိရှေ့မည်။

နီးဖျာအကြမ်းကို မြေပြင်မှာ ခင်းထား၏။

အလယ်မှာ ခုံဝိုင်းလေး ချထား၏။

ဖျာပေါ်မှာ ထိုင်လိုက ထိုင်။ ခွေးခြေပုလေးတွေနှင့် ထိုင်လိုက ထိုင်။ လူအသစ်ရောက်၍ ဖယ်ပေးစရာမလို။ ဝိုင်းအသစ် ခင်းသည်။ အကြော်စားရင်း စကားလက်ဆုံပြောမကုန်သူများ အားမနာကြေး ထိုင်နိုင်ပေသည်။ ငှက်ပျောကြော်၊ ဘူးသီးကြော်၊ ပဲကြော်၊ ပုစွန်ဆိတ်ကြော်၊ မြင်းခွာရွက်ကြော်။ စားချင်တာစား အကြော်တစ်ခုကို ၁၀ ပြား။ တစ်ကျပ်ဖိုး ၁၀ ခုဆိုလျှင် ကွေ့ရေသုတ် ထမင်းပန်းကန်ပြားကြီး အပြည့်အမောက်။

ဆလတ်ရွက်နှင့် နံနံပင်က မကုန်ခင် လာချပေးသည်။ ကြိုက်သလောက်စား။ အချဉ်ရည်ကလည်း အစပ်ကည့်လှ၏။

"ကဲ ... ကြိုက်သလောက် စားကြ။ ငွေတာရီက ပထမဆုံးရတဲ့ စာမူခ ၃၀ ကျပ် ပါတယ်။ ကိုယ်တစ်ယောက်တည်း မျိုမကျလို့"

ထွန်းထွန်းက နှုတ်ခမ်းပြာပြာကို လက်ကိုင်ပဝါဖြင့် သပ်ရင်း ပြော၏။

အကြော်စုံတစ်ပန်းကန်သည် တစ်ယောက်တစ်ခု နှိုက်ရုံဖြင့် ပြိုက်ခနဲ မလွှမ်းမှုနှင့် နှင်းခိုင်လွင်က ငှက်ပျော်ကြော်တစ်ခုကို လုနေကြသဖြင့် မောင်ကိုယုက နှစ်ပိုင်းခွဲပေးလိုက်သည်။

"ရည်းစားကိုတော့ အဲလိုခွဲယူလို့မရဘူး"

ဟု မောင်အောင်မွန် ကြုံတုန်း မှတ်ချက်ပေး၏။

ထိုစဉ် ဝိုင်းနားသို့ တက္ကသိုလ်မင်းမော်နှင့် ကြိုင်သင်း ရောက်လာသည်။





"ဟ... ဘယ်က သတင်းရခဲ့လဲ"

"မင်းပြေးလို့ ဘယ်တွန်းက လွတ်မှာလို့လဲ"

ခရီးရောက်မဆိုက် တက္ကသိုလ်မင်းမော်က ခွပ်၏။ တက္ကသိုလ်မင်းမော်က သူ့ထုံးစံအတိုင်း ခါးထောက်၊ လက်နောက်ပစ်ပြီး မျက်ခုံးကိုရှုံ့၍ပြောနေသည်။

ထွန်းထွန်းက နေရာပေးရင်း 'ကြွတော်မူ' ဟု ဆိုလေသည်။

"ဆလတ်ရွက်များများယူခဲ့ပါ ဒေါ်ကြီး"

"ဘူးသီးကြော်များများ"

"ပုစွန်ကြော် ... ပုစွန်ကြော်"

"စာကလေးကြော် ... ဆင်ကောင်လုံးကြော်"

တစ်ယောက်တစ်ပေါက်နှင့် ဗွေမယူတမ်း အော်ရသည့်အရသာကို အော်သူများကသာ သိပါလိမ့်မည်။

သရက်ပင်ပေါ်က သရက်ဖူးလေးတွေ ကြွေကျလာကြ၏။

နှင်းခိုင်လွင်က သရက်ဖူးများကိုကောက်ပြီး လက်ကိုင်ပဝါနှင့် သုတ်လျက် အချဉ်ရည်တို့ပြီး စားသည်။ သရက်ဖူးစားတော့ အမေ့ကို လွမ်းရ၏။ အမေသည် နှလို သရက်ဖူးပေါ်ချိန်ဆိုလျှင် သရက်ဖူးများကို အခိုင်လိုက် တံချူနှင့် ချူပြီး ငါးပိရည်နှင့် နယ်စားတတ်သည်။ သရက်ဖူးနံ့သင်းသင်းက ဟင်းမလိုလောက်အောင် ထမင်းမြိန်စေလေသည်။

"ဒါနဲ့ နှင်းခိုင်လွင်။ နှင်းရဲ့မောင်က လှသလားဟင်"

တက္ကသိုလ်မင်းမော်က နှင်းခိုင်လွင်ကို တည့်တည့်မေး၏။

နှင်းခိုင်လွင့်ကဗျာထဲမှာ 'သက်လျာမောင်လှ' ဟု ထည့်ရေးခဲ့ခြင်းကို သရော်ကြောင်း နှင်းခိုင်လွင် သိ၏။ ကာရန်ရှားပါးလှသော ကိုယ့်အဖြစ်ကို သူက အချက်ကျကျပြောလိုက်ခြင်းပေ။ နှင်းခိုင်လွင် ရှက်ရက်နှင့် တက္ကသိုလ်မင်းမော်၏လက်မောင်းကို လက်သီးနှင့် ပြင်းပြင်းထိုးပစ်လိုက်သည်။ သည်လိုဆိုတော့လည်း မင်းမော်က နာဟန်မပြ။ သူက သည်လိုလူ။

"နှင်းခိုင်လွင်မှာ မောင်ရှိပြီလား"

မောင်သက်ဝေက အဆင်းတွန်းပြန်သည်။

"ရှိသားပဲ။ ဒီနှစ် သုံးတန်း အမကမှာ"

မောင်အောင်မွန်က ဖြေသည်။

နှင်းခိုင်လွင်က ရှက်ပြီးရင်း ရှက်လာရာက ...



www.burmeseclassic.com

www.burmeseclassic.com



“သူများကိုပဲ လိုက်စနေကြတယ်။ ကိုမြင့်ဦးကြီး ပြောပါဦး”

ကိုမြင့်ဦးကြီးဆိုသူမှာ မောင်လင်းယုန်(ရှမ်းပြည်) ဖြစ်၏။ သူက စီးကရက် ခဲနေရလျှင် အားလုံးကို မေ့သူ။

“ဘာဖြစ်တယ်”

နားကလည်း ခပ်လေးလေးမို့ မောင်လင်းယုန်က အူကြောင်ကြောင်ပုံဖြင့် ပြန်မေးသည်။

“သြော်... နှင်းခိုင်လွင် ရေချိုးပြီးပြီလားမေးတာ”

ကြိုင်သင်းက အပြော မောင်လင်းယုန်က နှင်းခိုင်လွင့်အင်္ကျီလက်များကို စမ်းကြည့်ပြီး ...

“အသစ်ကြီးပါဟ။ မနံပါဘူး” ဟု ပြောလေသည်။

“တော်ပြီ။ အဲလိုဆို ပြန်မယ်”

နှင်းခိုင်လွင် စိတ်ကောက်ဟန်ပြမှ ခင်မြမူက နှင်းခိုင်လွင့်ပခုံးကို ဖက် လျက် ...

“အေးလေ။ တို့ညီမလေးကို မပြောကြပါနဲ့” ဟု ချော့သည်။

“ဒါနဲ့ စပ်မိတုန်း မေးရဦးမယ်”

ခင်မြမူက မောင်ကိုယုကို ကြည့်ပြီးပြော၏။

“ဘာလဲ မေး”

မောင်ကိုယုက သူ့ရှေ့သွားကြီးတွေပေါ်အောင် ရယ်ရင်းဖြေသည်။

“ဟိုလေ ... တိုင်းရင်းမေမှာ ဝတ္ထုတစ်ပုဒ်တွေ့တယ်။ ရေးတဲ့လူက ‘အု’ တဲ့။ အဲဒါ ကိုယုဆို”

“ဟုတ်တယ်လေ။ တို့ကလောင်ခွဲ”

“ဟင် ... မိန်းမနာမည်ကြီး”

“ဟ... အုဆိုတာ ယောကျ်ားဟာမဟုတ်လား”

“သွား ... သွား”

မိန်းကလေးတစ်စု ခေါင်းငုံ့ပြီး အသံမထွက်အောင် ရယ်ကြ၏။ အကျယ် ဆုံးရယ်သူကား စိုးမြင့်ထယ်ဖြစ်သည်။

သူတို့ဆယ်ယောက်ဝိုင်းကအသံကြောင့် အခြားဝိုင်းများကပင် လှမ်းကြည့် ကြ၏။ အကြော်သည်အဒေါ်ကြီး၏ယောကျ်ားမှာ ရေနွေးအိုးထပ်ချရင်း ကလေးတွေ ပျော်နေလိုက်ကြတာဟု ပြောသွားသည်။ မလွှမ်းမူ ရေနွေးသောက်ရင်း ရယ်တာ





အောင့်နိုင်၍ ရေနွေးတွေ ဖိတ်ကျသည်။ ကလေးခေါ်လာမိတာ အဲလိုပဲဟု မောင်အောင်မွန်က ပြောတော့ မလွှမ်းမူ ငိုဟန်ဆောင်ပြီး မျက်ရည်သုတ်ဟန်ပြု၏။

“ကဲပါဟာ ... ကြုံတုန်း တစ်ခုဆွေးနွေးချင်တယ်”

ထွန်းထွန်းက ခပ်တည်တည်ဆိုသဖြင့် အားလုံး နားစွင့်ကြ၏။

“ဒီလိုပါ။ အဟိထဲမှာ နှင်းခိုင်လွင်က ဒီကလောင်နာမည်နဲ့ပဲ ဟာသတွေ ရေးတော့ အဲဒါ ကိုယ်တော့ သိပ်ဘဝင်မကျဘူး”

အားလုံး ငြိမ်သွား၏။

ဟုတ်သည်။ သော်တာဆွေ၏ ‘အဟိ’ စာစောင်တွင် နှင်းခိုင်လွင်က သည် ကလောင်အမည်ဖြင့်ပင် ဟာသဝတ္ထုတွေ ရေးနေသည်။ ကောလိပ်ကျောင်းသား တွေက နှင်းခိုင်လွင်ကို ဟာသရေးတဲ့ကောင်မလေးဟု သိနေသည်။ တိုင်းရင်းမေ ထဲက နှင်းခိုင်လွင်ဆိုခြင်းထက် အဟိကြောင့် ပိုသိကြသည်။

“ကဲ... မိနှင်း ပြောလေ”

မောင်လင်းယုန်က အပြော။

နှင်းခိုင်လွင်က မျက်နှာကိုမော့ပြီး အသက်ရှူပြီးမှ ...

“ဒီဟာ... နှင်းနှင်း စဉ်းစားပြီးမှ ဒီနာမည်သုံးတာပါ။ အမှန်အတိုင်း ပြောရရင် နှင်းနှင်းဆယ်တန်းအောင်ပြီးစက ရှုမဝကို ဝတ္ထုရှည် ပို့ဖူးတယ်။ တစ်လအတွင်း ပြန်ပို့ခဲ့တယ်။ ရှုမဝမှာ ဝတ္ထုရှည်မဆိုနဲ့ အတိုတောင် ပါဖို့မလွယ် ဘူး။ သိပ်အားငယ်သွားတယ်။ နောက်တော့ ၅၈ မှာပေါ့။ ရှုမဝထဲမှာ ‘အဟိ အတ္တ’ ဆိုတာ ပါလာတယ်။ ရယ်စရာအတိုလေးတွေ ရေးလို့ရတယ်။ နှင်းနှင်း အဲဒါ ရေးပို့တယ်။ ရှုမဝမှာပါရင် ပြီးရောပေါ့လေ။ ပါတာပါပဲ။ ဒါပေမဲ့ ၅၉ ကျတော့ အဟိက သီးသန့်ခွဲထွက်သွားတာ။ နှင်းခိုင်လွင်လည်း အဲဒီထဲ ပါသွား တာ”

“အေးပေါ့လေ ဒီလိုဆိုတော့ ...”

“ပြန်ပြင်ဖို့လည်း မစဉ်းစားပါဘူး။ အဟိထဲမှာ မမြင့်မွန်ဆိုရင် မြင့်လေး ဆိုပြီး ပြောင်းရေးတယ်။ ခင်လေးမြင့်(မြစ်ကြီးနား) က မစံလှပိုင်းနိုင် တဲ့။ မိန်းမနာမည်နဲ့ရေးတဲ့ ခင်ပွမ်းဝို ဆိုတာ ရေတပ်က တပ်ကြပ်ကြီးပဲ။ ဘယ် မိန်းကလေးမှ ပင်ကိုနာမည်နဲ့ ဟာသမရေးကြပါဘူး။ ဒါကို နှင်းနှင်း သိသိကြီးနဲ့ ဘာလို့ရေးလဲဆိုတော့ စိတ်ကြိုက်မြန်မာစာမှာ သင်ရတယ်ဟုတ်လား။ ဒါပေမှာ ရသ ၉ ပါးရှိတယ်။ ဟာသဆိုတာ ‘ဟဿရသ’ တဲ့။ ရှင်မြုံးမှုတ်အရသာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရသ ၉ ပါး အပါအဝင်ပေါ့။ နောက်တစ်ခုက ဟာသဆိုတာ ညစ်ညမ်းတာတွေ ပြက်လုံးထုတ်ဖို့မဟုတ်ဘူး။ ဒီလို ရိုးရိုးလေးနဲ့ ဟာသလုပ်လို့ရတယ်ဆိုတာ ပြချင်တာလည်း ပါပါတယ်။ ဒါပေမဲ့ နှင်း ရှုံးပါတယ်။ အခု နှင်းတစ်ယောက်တည်း လမ်းလျှောက်ရင် နောက်ကနေ 'အဟိ'လို့ စကြတယ်။ နှင်းမှားတယ်''

နှင်းခိုင်လွင် စကားအရှည်ကြီး ပြောလိုက်ရ၍ မောသွားသည်။

ခင်မြမူက ရေနွေးကြမ်းငှဲ့ပေးသည်။

ရှုတ်နောက်တတ်သော မောင်ကိုယုပင် ငေးသွား၏။

အင်းလျားရေပြင်မှတိုက်လာသော လေညင်းက အေးမြပါသည်။

ကုံကော်ပွင့်တွေ စပြီးဖူးငုံကြပြီမို့ ကုံကော်ဝတ်ဆံရနံ့လေးပင် တစ်ချက်တစ်ချက် ပါလာသည်။ သရက်ဖူးနံ့ကတော့ ဝဲယာမှ မွှေးပြီး နှုတ်ဆက်နေလေသည်။

အင်းလျားရေပြင်ပေါ်မှာတော့ ရွက်လှေရောင်စုံလေးများ ရွက်လွှင့်နေပြီသည်။ ဘောင်းဘီတို၊ အင်္ကျီတိုနှင့် အမျိုးသမီး အမျိုးသားစုံတွဲတွေက ရွက်ကြိုးကို ကိုင်လျက်။ သူတို့ဘဝကား အပူအပင်ကင်းစွ။

လှေလှော်သင်းမှ လှေလှော်လေ့ကျင့်သူတွေကလည်း အင်တိုက်အားတိုက်လှေလှော်နေကြသည်။ ဟိုကမ်းအဝေးသို့ လှော်ကြတုန်း။

လှည်းတန်းဘက်မှာ အစာရေစာရှာပြီး ပြန်လာကြသည့် ကျီးကန်းအုပ်ကား အင်းလျားအလည်ကျွန်းမှာ အိပ်တန်းတက်ရန် ဦးတည်ပျံနေကြလေပြီ။ ညနေခင်း၏သခင် နေဝန်းက အနောက်ဘက်တောအုပ်ထဲ ဝင်စပြုနေပြီ။ အင်းလျား၏ကောင်းကင်မှာ လိမ္မော်ရောင်သန်းစပြုပြီ။ မကြာမီ နေဝင်တော့မည်။

ပွင့်ဦးက လက်ပတ်နာရီကို ငုံ့ကြည့်၏။

''၅း၃၅ ရှိပြီ။ လမ်းလျှောက်ရမှာနဲ့''

ခင်မြမူနှင့် ပွင့်ဦးက မာလာပြန်ရမည်မည်မို့ စကားစဖြတ်သည်။

''ကဲ... တကာတော်ထွန်းထွန်းကို ဆုပေးဦးလေ''

မောင်လင်းယုန်က ဆော်သြ၏။

မောင်သက်ဝေက ဆုပေးဖို့ပြင်သည်။

''ဤသို့ပြုရ၊ ကုသလကြောင့်၊ ကိုင်း ... မောင်အောင်မွန်ဆက်ကွာ''

''အေး ... ဤသို့ပြုရ၊ ကုသလကြောင့်၊ နမ္မရင့်ရော်၊ တော်တောစေသား၊ စိုးမြင့်ထယ်။ မိုးဝါ ... ဆက်''





''အင်း... ဘာတဲ့။ ဤသို့ပြုရ၊ ကုသလကြောင့်၊ နမ္မရင့်ရော်၊ တော်တောက်စေသား၊ ပဲခူးသားခများ၊ မြာလည်းမမြင်၊ လင်လည်းမဟူ၊ ...''

''တော်ကွာ တော်တော့။ ဗျို့ ... ဦးကြီး အကြော်ဖိုးရှင်းတော့မယ်''

ထွန်းထွန်းက တစ်ဆယ်တန်သုံးရွက်ကို ကမ်းလင့်၏။

ဦးကြီးက သူ့အကြော်တွေကို တွက်ချက်ပြီးဖြစ်သဖြင့် အကြော်ဖိုးရှိရာကိုသွားပြီး ကျပ်တန်သုံးရွက် ယူလာ၍အမ်းသည်။

အားလုံး ဖုတ်ဖက်ခါ၍ ထကြသောအခါ အနောက်ဘက်တောအုပ်၌ နေဝင်သွားပြီဖြစ်၏။

အင်းလျားလမ်းပေါ်မှာ ကားအသွားအလာ ရှင်းနေပြီ။

လမ်းလျှောက်ပြန်သော ရတနာသူများ ဝင်းတံခါးသို့ ပြန်ရောက်ကြပြီ။

မိန်းကလေးများကို ယောကျ်ားလေးများက ချစ်ခင်စွာ နှုတ်ဆက်ကာ ခွဲခွာကြသည်။ တို့ တော်တော်နဲ့ ဆုံဖြစ်မှာ မဟုတ်ဘူး။ စာမေးပွဲကြီး နီးလာပြီမယ်ဟု စိတ်ထဲမှာ ပြောနေမိကြသည်။ သည်အတွေးများကား အားလုံးကို ဆွေးဆိတ်စေတော့၏။

*

အခန်းပြန်ရောက်၍ နားမည်ကြံခါရှိသေး အိုင်ရင်းတစ်ယောက် ဒေါနှင့်မောနှင့် ဝင်လာလေသည်။

''နှင်းခိုင်လွင် ... ငါ နင်တို့ဇေယျာနဲ့ ပြဿနာတက်လာတယ်''

အိုင်ရင်းက ကုလားထိုင်တစ်ခုဆွဲထိုင်ရင်း ဒေါသဖြင့် စကားဆို၏။ သူ့လက်ထဲမှာ ထရက်စုံ ခေါ် အားကစားဝတ်စုံဝတ်ထားသည်။ အိုင်ရင်းက ရန်ကုန်တက္ကသိုလ်၊ ဘော်လီဘောလက်ရွေးစင်အားကစားသမားဖြစ်၏။ သူတို့ ဒီဇင်ဘာတစ်လလုံး ကွင်းဆင်းလေ့ကျင့်နေခဲ့ကြသည်။ ဇန်နဝါရီ ပထမပတ်မှာ ကန်တော်ကြီး ကနေဒီကျွန်း၌ လွတ်လပ်ရေးပြေပွဲပြိုင်ပွဲများ ကျင်းပသည်။ အိုင်ရင်းတို့ ဘော်လီဘောအဖွဲ့ ယှဉ်ပြိုင်မည်ဟု သိထားသည်။ ယခု ဘာပြဿနာနည်း။ ဇေယျာဆိုတာ နှင်းခိုင်လွင်တို့ ကလောင်အသင်းမှ ကဗျာဆရာမောင်ဇေယျာ (ရန်ကုန်တက္ကသိုလ်) ဖြစ်၏။ အိုင်ရင်းနှင့် မောင်ဇေယျာက ဥပစာသိပ္ပံအပိုင်း(ခ)မှာ အတန်းတူသည်။

''ကဲ... ပြောပါဦး။ ဘာပြဿနာလဲ''



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းက မောမောနှင့် အိပ်ရာပေါ် ပစ်လှဲရင်း ပြောရ၏။

"ငါတို့ ကနေ့ဒီမှာ ဒီနေ့ ဆီမီးဖိုင်နယ်ကစားတယ်"

"အင်း... အဲတော့"

"ငါတို့ နိုင်တယ်၊ ဖိုင်နယ်တက်ပြီ"

"ဟုတ်ပြီ"

"အဲဒါ မောင်ဇေယျာတို့တစ်သိုက် လာအားပေးကြတယ်"

"ကောင်းတာပေါ့"

"ဘာကောင်းရမှာလဲ။ ပွဲပြီးတော့ ငါတို့ မောမောနဲ့ အအေးသွားသောက်မယ်ဆိုပြီး ဈေးဆိုင်တန်းကို လျှောက်ကြတယ်"

"အင်း..."

"အဲဒါ နောက်က သူတို့လိုက်လာပြီး ပွဲခင်းထဲမှာ ဘောင်းဘီတွေ လျှောက်ရလားတဲ့။ ဘောင်းဘီက အတိုတောင် မဟုတ်ပါဘူး။ သရီးကွာတာတွေပါ။ အခု ဝတ်ထားတဲ့ဟာ။ အဲဒါ ဘာဖြစ်လဲ။ မရဘူး။ သူတို့က နောက်ကလိုက်လာပြီး အမိတက္ကသိုလ်ရဲ့ဂုဏ်ကို ထိခိုက်စေတယ်တဲ့"

"အမယ်... မယ်"

"ဒါတော့ တို့ ဘယ်ခံမလဲ။ မစန်းကလည်း ပြန်ပက်တာပေါ့။ အဲ နောက် သူ ဘာပြောတယ်မှတ်လဲ"

"ဘာပြောလဲ"

"ခင်ဗျားတို့ နှင်းခိုင်လွင်ကိုလည်း မကြောက်ဘူးတဲ့"

"အောင်မယ် ... ငါ့ကို သူက မကြောက်ဘူး"

"အေး... နင်နဲ့ ငါတို့ အဖွဲ့တူမှန်း သိတာကိုး။ နောက်ပြီး ပြောသေးတယ်။ နှင်းခိုင်လွင်နဲ့ ကျုပ်နဲ့ 'ရေးပုံချင်းလည်း မတူဘူး' တဲ့"

"ဘာ"

နှင်းခိုင်လွင် အော်လိုက်သည်။ အိပ်ရာမှ ထလိုက်သည်။

"ဘာရယ်... ပြန်ပြောစမ်း"

"နှင်းခိုင်လွင်နဲ့ ကျုပ်နဲ့ ရေးပုံချင်းလည်း မတူဘူးတဲ့"

"ဒါ သက်သက် ငါ့ကိုစော်ကားတာ။ ငါ ဟာသရေးတာကို နှိမ်တာ"

နှင်းခိုင်လွင် တောက်ခေါက်သည်။

အင်္ကျီလက်ကို ပင့်တင်သည်။





အိုင်ရင်းက ရေ ငုံ့သောက်လေသည်။

"တွေ့မယ် ငါနဲ့တွေ့မယ်။ ဟင်း ... လူနားမလည်အောင် ကဗျာရေးတဲ့လူကများ"

နှင်းခိုင်လွင် စိတ်တိုလိုက်သည်မှာ ပြောစရာမရှိ။ နှင်းခိုင်လွင့်အော်သံကြောင့် ဝရန်တာမှာ စာကျက်နေသော ခင်လှမြင့်နှင့် မကြည်တို့ ပြေးဝင်လာကြသည်။ ဘာဖြစ်လို့လဲဟူသောအမေးကို နှင်းခိုင်လွင် မဖြေနိုင်။ အိုင်ရင်းက အကိုချုံးပြီး ရှင်းရ၏။

"အေးဟယ်... နင် အဟီမှာရေးတဲ့ကိစ္စ လူတွေ သိပ်နားမလည်ကြဘူးနော်"

ခင်လှမြင့်က တွေးတွေးဆဆ ပြောနေသည်။

"ဘာပဲဖြစ်ဖြစ် မောင်ဇေယျာ ငါ့ကိုစော်ကားတယ်၊ စာပေကိုလည်း စော်ကားတယ် တွေ့မယ်။ တွေ့ဆို နက်ဖြန် တွေ့မယ်"

နက်ဖြန်ဆိုသည်မှာ တနင်္ဂနွေနေ့ဖြစ်၏။

ယခုလိုလများတွင် တနင်္ဂနွေသည် အဖွဲ့လိုက် ဓာတ်ပုံရိုက်ကြသောနေ့ဖြစ်သည်။ ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ ခရိုင်အသင်းများ၊ ဤစာသင်နှစ်၌ ဤလူတွေ ရှိခဲ့ကြောင်း မှတ်တမ်းတင်ကြခြင်းဖြစ်သည်။

ဓာတ်ပုံရိုက်လေ့ရှိသောနေရာကား တက္ကသိုလ်စာကြည့်တိုက်ရှေ့ မြက်ခင်းပြင်တွင် ဖြစ်၏။ တက္ကသိုလ်စာကြည့်တိုက်ရှေ့မှာ ဘာအပင်မှ မရှိပေ။ အမိပတိသင်္ကေတကို မျက်နှာမူထားသော စာကြည့်တိုက်အဆောက်အအုံကြီးကား ကျက်သရေအဆောင်နှင့် ပြည့်စုံသည်။ တက္ကသိုလ်၏ဂုဏ်သိက္ခာကို လှစ်ပြနေသည်။ ဤအဆောက်အအုံကြီးကို နောက်ခံပြုကာ အဖွဲ့လိုက် ဓာတ်ပုံမှတ်တမ်းတင်ခြင်းသည် ရန်ကုန်တက္ကသိုလ်မှာဖြစ်ကြောင်း အလိုလိုဖော်ပြပြီးသားဖြစ်၏။ ထို့ကြောင့် ခရိုင်အသင်းများ၊ ဘာသာရပ်ဆိုင်ရာအသင်းများအားလုံး ဤနေရာတွင် လာရောက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြခြင်းဖြစ်ပေသည်။

ယခု ရန်ကုန်တက္ကသိုလ် ကလောင်အသင်းကလည်း နက်ဖြန်တနင်္ဂနွေနေ့ ၇း၀၀ နာရီမှာ ချိန်းထားသည်။ အမှုဆောင်အဖွဲ့မှတ်တမ်းတင်ဓာတ်ပုံရိုက်မည်ဆိုတော့ မောင်ဇေယျာ(ရန်ကုန်တက္ကသိုလ်) လာမည်။ ကျားနှင့် ဆင် မြက်ခင်းပြင်မှာ တွေ့ကြတော့မည်။

ထိုညတစ်ညလုံး နှင်းခိုင်လွင် အိပ်မပျော်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဟာသရေးမိခြင်းအတွက် လုံးဝ နောင်တမရပါ။

ဟာသဆိုတာ ဒီလိုယဉ်ယဉ်ကျေးကျေး ရေးရသည်ဟု ရှေ့နေလိုက် ခဲ့သည်။ သို့သော် လူတွေက ကိုယ့်ကို 'ဟားစရာကောင်မလေး' ဟု အထင် သွားခဲ့ပြီ။ ကဗျာတွေကို စာဖတ်သူ ရှုပ်ထွေးသွားအောင်ရေးမှ လူတော်ဟု ထင် ကြသူများလည်း ရှိနေသည်။ မောင်ဧယျာနှင့်တွေ့စဉ် 'ကိုဧယျာ ဟိုကဗျာ ကျွန်မ နားမလည်လို့' ဆိုတော့ မောင်ဧယျာက ရှပ်အင်္ကျီလက်ကို ပင့်တင်လိုက် ပြီး 'ဒါက ဒီလိုဗျ' ဆိုပြီး ရှင်းလင်းဟောပြောလေတော့သည်။

ယခုတော့ သူက နိုပ်ကွပ်နေပြီ။

ရေးပုံချင်းလည်း မတူကြဘူးတဲ့။

သူက တန်ဖိုးကြီးသောစာပေတွေ ထုတ်လုပ်ပြီး ကိုယ်ကတော့ တန်ဖိုး သော၊ သိက္ခာမရှိသော၊ အလေနတောစာတွေပဲ ရေးနေတယ်ပေါ့။ နှင်းခိုင်လွင် တိုင်းရင်းမေထဲမှာ ကြိုးစားပမ်းစား ရေးခဲ့သည့် သင်ခန်းစာပေးဝတ္ထုတွေကို သတိ မရတော့ဘူးလား။

ညက အိပ်မရပေမင့် မနက်မှာ နိုးနိုးကြားကြား ဖြစ်နေသည်။ ရေ အေး ချိုးပြီး အားရှိအောင် လုပ်ရသည်။ ဒီမနက် ၇ နာရီမှာ တက္ကသိုလ်စာကြည့်တိုက် ရှေ့၌ စီးချင်းထိုးရတော့မည်။

ရတနာဆောင်နောက်ဘက်လမ်းမှနေ၍ မလွှမ်းမှုနှင့်အတူ ထွက်လာခဲ့ကြ ၏။ နှင်းတွေက ဝေနေသည်။ သစ်ရွက်တွေပေါ်မှာလည်း နှင်း။ မြက်ခင်းပေါ်မှာ လည်း နှင်း။ ရှုလေတိုင်းမှာ နှင်းဆိုမှ နှင်း။

စာကြည့်တိုက်ရှေ့ကွင်းပြင်မှာ သူတို့ ရောက်နေကြပြီ။

လူစုစုကို အဝေးက လှမ်းမြင်ရ၏။

ဥက္ကဋ္ဌကိုဝင်းတင့်၊ အတွင်းရေးမှူးမောင်သက်ဝေ၊ တွဲဖက်အတွင်းရေးမှူး မောင်ဆွေတင့် စသဖြင့် ခေါက်ကုလားထိုင်များ စီခင်းနေရာချနေကြသည်။ အဲသည် လူတွေထဲမှာ ကလန်ကလားနှင့်၊ ဆံပင်ဘုတ်သိုက်နှင့်လူ။ သေချာပါသည်။ မောင်ဧယျာ(ရန်ကုန်တက္ကသိုလ်) ပေါ့။

တွဲလာသော မလွှမ်းမှုလက်ကို ဖြုတ်လိုက်သည်။

ခပ်တင်းတင်းဝတ်ထားသောထဘီကို တိုတို ပြန်ပြင်ဝတ်လိုက်သည်။

အင်္ကျီလက်ကို လက်မောင်းဘက် ဆွဲတင်လိုက်သည်။

သွားပြီ တစ်ရှိန်ထိုး။





''ဒီမယ် ကိုဧယျာ၊ ရှင် ဘာလုပ်ချင်လဲ''

ရုတ်တရက်မို့ ကိုဝင်းတင့်တို့က နားမလည်ဟန် လှမ်းကြည့်ကြသည်။

''မနေ့ညက ကနေဒီကျွန်းမှာ ကျွန်မသူငယ်ချင်းတွေကို ဘာပြောလိုက် ...လဲ''

ကာယကံရှင်မို့ မောင်ဧယျာက ချက်ချင်းသဘောပေါက်သည်။

ရှုသိုးသိုးမျက်နှာကို ပိုရှုံ့မှုပုပ်လိုက်ပြီး ...

''ခင်ဗျား ဘာလုပ်ချင်လဲ'' ဟု ထိုးစစ်ပြန်ဆင်သည်။

ဘာတွေ ဘယ်လိုပြောမိလဲ နှင်းခိုင်လွင် မမှတ်မိတော့။

အတော်ကျယ်ကျယ်လောင်လောင် ပြောကြသည်။

မောင်ဧယျာကို မောင်သက်ဝေက ဆွဲထားသည်။

နှင်းခိုင်လွင်ကို မောင်ဆွေတင့်က အနူးအညွတ်တောင်းပန်နေသည်။ ဘေး ...နက်စောစော လမ်းလျှောက်သူတွေနှင့်မို့ ကလောင်သင်းက လူတွေ ရန်ဖြစ်နေ ...ည်ဆိုတာကို အမြင်မခံနိုင်ကြချေ။ ရန်ပွဲကို ခပ်မြန်မြန်ပြီးအောင် ဆွဲကြ၊ ချွဲကြ၊ ...တောင်းပန်ကြ။

ကြောက်တတ်သော တက္ကသိုလ်ပွင့်ဦးနှင့် ခင်မြမှုက ခပ်ဝေးဝေးမှာ ...ငူးရပ်နေကြ၏။ မလွှမ်းမှုနှင့် ကြူကြူသင်းလည်း ဝင်မဖျန်ရဲပေ။ မတော် ...မောင်ဧယျာ လက်ဖြင့် ရမ်းမိကာ ကြားထဲက လဲသွားနိုင်ပေသည်။

''မရဘူး။ မိန်းကလေးဆိုပြီး အညံ့ခံမယ်မထင်နဲ့။ မကြောက်လို့ ရွှေကူ ...တစ်ယောက်တည်း လာခဲ့တာ''

နှင်းခိုင်လွင် ဒေါသနှင့် အော်၏။

မောင်ဧယျာ ရှူးရှူးရှားရှား အော်ပြန်သည်။

''နှင်းနှင်းရယ် ... ကျွန်တော် တောင်းပန်ပါတယ်''

မောင်ဆွေတင့်က နှင်းခိုင်လွင်လက်ကို ကိုင်မလိုလုပ်ရင်း နှုတ်က တဖွဖွ။

''သူ ကျွန်မကို စော်ကားတာ။ ဟာသရေးတာကို နှိမ်တာ။ ဒီမယ် ရှင့် ...ဗျာလိုမျိုးတော့ အပုဒ် ၁၀၀ တစ်ထိုင်တည်း ရေးနိုင်တယ်''

''ခင်ဗျား ကျုပ်ကို''

''ကိုဧယျာ တော်ပါပြီဗျာ။ ကြည့်မကောင်းပါဘူး''

''ယော့လူ ကျုပ်ကို မဆွဲနဲ့''

မောင်ဧယျာ ပိုကဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတဲ့လူရှိလို့ပဲလား မသိ။

လမ်းဘေးကလူတွေ သတိထားမိကြပြီ။

ခတ်ပုံရိုက်မည့် ကင်မရာမင်းကလည်း ကင်မရာကို မချိန်နိုင်သေး

တန်းစီထားသော ခေါက်ကုလားထိုင်များကလည်း မညီမညာ ကိုးရိုးကားရားဖြ

ကုန်ပြီ။

ကလောင်သင်းက လူတွေ ရန်ဖြစ်ကြတာ။

ယောကျ်ားလေးနဲ့ မိန်းကလေး။

မိန်းကလေးကလည်း အာဂပါလား။

ယောကျ်ားလေးကလည်း တိုက်ပုံအင်္ကျီကျွတ်ကျသွားပြီ။

ဘေးကလူတွေဝိုင်းပြီး ဝေဖန်ကြလေပြီ။

ဟုတ်သည်။

မောင်ဇေယျာဝတ်လာသော တိုက်ပုံအင်္ကျီက တစ်ဝက်ကျွတ်သွား

သူ့ကိုယ်ခန္ဓာကိုင်းကိုင်းရှည်ရှည်ပေါ်မှာ တိုက်ပုံအင်္ကျီကြီးက ဝဲပျံလှုပ်ရှားနေ

သည်။

နှင်းခိုင်လွင်ရော။

သူက နဂိုက စစ်ပြင်လာသူ။

ထဘီကို အထူးခိုင်အောင် ဝတ်ထားသူ။

ဘာမှပူစရာမရှိ။ မောင်ဇေယျာကို ကုတ်ဆွဲဖို့ အသေအလဲ ရုန်းကန်

သည်။ တိရစ္ဆာန်ရုံထဲမှ ကျားပေါက်စတစ်ကောင်လို ကသောင်းကနင်

ကမူးရှူးထိုး။

အတွင်းရေးမှူးမောင်သက်ဝေခမျှာ ဟိုကာရ၊ သည်ကာရနှင့် မျက်

ကလည်း ပျက်လှပြီ။

ဥက္ကဋ္ဌကိုဝင်းတင့်ကလည်း စိတ်ညစ်နေလေပြီ။

နောက်ကျပြီးရောက်လာကြသော ထီလာစိုးမြင့်ထယ်၊ ပြည်ဘုန်း

သင်းအောင်၊ အင်းလေးမောင်ရွှေနှယ်၊ မောင်လင်းယုန်(ရှမ်းပြည်) တို့က တ

ကား ကြားဖြတ်ကြည့်ရသလို နားမလည်နိုင်ကြ။

"ရှင် ဘာမှ ကျွန်မသူငယ်ချင်းတွေကို ပြောဖို့မလိုဘူး။ ကိုယ့်ဘာသာ

ဟာသရေးတာ ဘယ်သူ့ကို နစ်နာစေသလဲ။ ကဗျာရေးတဲ့ ရှင်ကသာ ..."

နှင်းနှင်း ကမူးရှူးထိုး အော်နေဆဲ ...





မောင်ဇေယျာက တိုက်ပုံကို ချွတ်ပစ်လိုက်သည်။

ဘေးမှာကြောင်ပြီးရပ်နေသော သင်းအောင်ကို ပစ်ပေးလိုက်သည်။

အပြတ်ထိုးစစ်ဆင်တော့မည်ဟန်။

ပြီးတော့မှ မောင်ဇေယျာက လက်မထောင်ရင်း ...

"ဟောဒီမှာ ကျုပ်က ဟောဒီအမိပတိလမ်းမကြီးမှာ ပုဆိုးချွတ်ပြီး လမ်း

လျှောက်ရဲတယ်"

"ဟင်"

မထင်မှတ်ထားသောတိုက်ကွက်။

ကြားကြားချင်း နှင်းခိုင်လွင် ကြောင်သွားသည်။

ဘုရားရေ ... ငါ ဘာပြန်ပြောရပါ့မလဲ။

ကျွန်မလည်း သူ့လို သတ္တိရှိကြောင်း ဘယ်လိုလုပ်ပြောမလဲ။

နောက်တော့ ...

နှင်းခိုင်လွင် ရယ်ချလိုက်လေသည်။

အားလုံး စိုးရိမ်စွာကြည့်ဆဲ။

"ဟင် ... ဟုတ်လား။ ဟီးဟီး ... ကျွန်မတော့ ရှင့်လိုမလျှောက်ရဲ

ဘူး"

ဟု ပြတ်ပြတ်သားသား ကြေညာရတော့၏။

မောင်ဇေယျာ ငြိမ်သွားသည်။

သူ့ကိုဆွဲနေသော မောင်သက်ဝေနောက် မပါချင်သလိုလိုနှင့် ပါသွား

သည်။ ခုမှပဲ အားလုံး ဟီးချနိုင်တော့၏။

နှင်းခိုင်လွင်လည်း နီးရာခေါက်ကုလားထိုင်မှာ ထိုင်ချရင်း အမောဖြေရ

တော့သည်။

"ကဲ ကဲ ... ငြိမ်ကြ။ နေရာယူကြ။ ဓာတ်ပုံရိုက်ကြစို့"

ဥက္ကဋ္ဌက မဟာတတ်ရပ်ပြီး ဆော်သြ၏။

ကင်မရာမင်းကလည်း ယခုမှပဲ သူ့သုံးချောင်းထောက်ကင်မရာကို

နေသားတကျ ထောင်နိုင်တော့သည်။

"မိန်းကလေးတွေ ရှေ့မှာထိုင်"

"အလယ်တည့်တည့်မှာ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌ"

"ဟုတ်ပြီ။ ဒီဘက်မှာ ကြူကြူသင်း၊ မလွမ်းမှု၊ နှင်းခိုင်လွင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ... ဥက္ကဋ္ဌရဲ့ညာဘက် နှစ်ခုံက ပွင့်ဦးနဲ့ ခင်မြမူ"

မောင်သက်ဝေက ခုမှ စိတ်ချလက်ချ နေရာစီစဉ်နေသည်။

"ဒီဘက်မှာ နှစ်ခုံ။ ဒါက အတွင်းရေးမှူးနဲ့ တွဲဖက်အတွင်းရေးမှူး"

"ဟုတ်ပြီ။ ကျန်တဲ့အမျိုးသားတွေက နောက်တန်းမှာ မတ်တတ်ရပ်ပြီး စီကြ။ မိုးဝါ၊ မောင်ဇေယျာ၊ မောင်ရွှေနွယ်၊ စိုးမြင့်ထယ်၊ သင်းအောင် ပြည်ဘုန်းမြင့် အဲ... ထွန်းထွန်းနဲ့ မောင်အောင်မွန်က ပျက်ကွက်ပေါ့"

အတော်ကြာအောင် တန်းစီကြရ၏။

ကင်မရာမင်းက ရိုက်နေကျဆိုသော်လည်း စောစောက ရုတ်ရုတ်သဲသဲ ရန်ပွဲကြောင့် အနည်းငယ်သွေးလန့်နေသလားမသိ။ သူ့ကင်မရာသုံးချောင်းထောက် ကို ခဏခဏရွှေ့နေရရှာလေသည်။

"ရိုက်မယ် ရယ်ဒီ"

ဤတွင် နှင်းခိုင်လွင် သတိရသွားသည်။

ဓာတ်ပုံထဲမှာ မလှမှာ စိုးသည်။

စိတ်ဆိုးပြီး မျက်နှာထားဆိုးနေပါက ဓာတ်ပုံမှတ်တမ်းထဲမှာ ကိုယ့်ရုပ် က ဆိုးနေမှာသေချာသည်။ ဒီလိုတော့ ရုပ်ဆိုးမခံနိုင်ပါ။ လှမှဖြစ်မည်။ ကိုယ့် ကိုယ်ကိုယ်လည်း သိသည်။ နှင်းခိုင်လွင်က အားရပါးရရယ်လိုက်လျှင် ပါးစုံလေး နှစ်ဖက် မို့တက်ပြီး ချစ်စရာကောင်းသည်တဲ့။ ထို့ကြောင့် ရယ်ဒီဆိုခဏ၌ နှင်းခိုင်လွင် အားရပါးရ ပြုံးရယ်လိုက်သည်။ လှဖို့။ ဓာတ်ပုံထဲမှာ လှဖို့။

မောင်ဇေယျာကား ဘယ်လိုနေမည်လဲ။

သူက နဂိုကပင် ရှုသိုးသိုး။

ခုလို ဒေါသဖြစ်နေတော့ ပိုဆိုးမှာ သေချာလှ၏။

(တကယ်ပင် နောက်တစ်ပတ် ၁၂ လက်မပုံကြီးတွေ ထွက်လာသော အခါ နောက်တန်း၌ မောင်ဇေယျာ ဆံပင်ဘုတ်သိုက်နှင့် မျက်နှာက အောက်စိုက် ပြီး စိတ်ဆိုးနေလိုက်တာ ... အရုပ်ဆိုးပါဘိ။ နှင်းခိုင်လွင်လား။ နှင်းခိုင်လွင်က သတိထားပြင်ဆင်လိုက်သည်မို့ လှလှနုနုလေး၊ ပျော်ပျော်ရွှင်ရွှင်လေး၊ ပေါ့ပေါ့ ပါးပါးလေး။ ခြုံပြောရရင် ချစ်စရာကောင်းမလေးပေါ့။ သည်ပုံကိုမြင်တိုင်း မောင်ဇေယျာတော့ စိတ်ပို၍တိုနိုင်ပေသည်။

*





ဓာတ်ပုံရိုက်ပြီး ရတနာ ပြန်ရောက်သောအခါ ...

အဆောင်ရှေ့ ကံ့ကော်ပင်ရိပ်မှာ ...

ကိုအောင်နိုင်ရယ် ...

စောင့်နေလိုက်တာ မိနစ်လေးဆယ်ရှိပြီတဲ့။

"အားနာလိုက်တာ ကိုအောင်နိုင်ရယ်။ ကိစ္စအထူးရှိလားဟင်"

ဆိုတော့ ...

"နှင်းခိုင်လွင်ဆီ ကိစ္စအထူးရှိမှလာရမှာလားဗျာ။ ခုတလော အအေးဓာတ် ပိုတာလို့ ညဘက် စာကျက်ရင်း အအေးမိပြီးဖျားမှာပူလို့ သတိပေးဖို့လာတာပါ"

တဲ့။

အင်းလျားထဲက သရက်ပင်အောက်မှာ ဘူးသီးကြော် စားရအောင်ဟု ပြောမည်ကြံ့ဆဲ ...

"နှင်း ဆာနေမှာပေါ့။ အကြော် သွားစားရအောင်" တဲ့။

ကံ့ကော်ပင်ထိပ်က ကံ့ကော်ဖူးလေးတွေ ပွင့်စပြုကြပြီ။

❐



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

## တရာသီ

"နင့်ခေါင်းအုံးကြီးကလည်းဟယ်"

ခင်စန်းမြင့်က စိတ်ပျက်လက်ပျက် ပြောသည်။

ဒွေးဒွေးက မျက်တောင်ရှည်ကြီးများကို ပုတ်ခတ် ပုတ်ခတ် လုပ်ရင်း အမူပိုလိုက်၏။

"ဟင့် ... မမြင့်ကလည်း၊ ညီမလေးက နောက်ကျော တက်တယ် လို့ပါ"

"အေးပါ ... အေးပါ၊ သူများမြင်ရင် နင် အရှက်ကွဲမှာစိုးလို့"

ဟုတ်တော့လည်း ဟုတ်သည်။

အင်းလျားကန်စောင်းက သစ်ပင်ရိပ်မှာ စာသွားကျက်တာ၊ ဖျာလိပ်နှင့် ခေါင်းအုံး သယ်သွားသည်ဆိုတာ မြင်သူ ရယ်ဖွယ် ဖြစ်လိမ့်မည်။ သို့သော် ဒွေးဒွေးက ဘယ်သူရယ်ရယ် ညောင်းလာလျှင် သူ ကျောခင်းရဖို့ အရေးကြီး၏။

သူ့ကိုယ်သူ အိပ်ရေးပျက်လှပြီ၊ ညောင်းညာလှပြီဟု ယူဆသည်။ သည် တော့လေ ခေါင်းအုံးလေး သယ်သွားမှ။

မမြကြည်ကတော့ လျှက်ဆားပုလင်း၊ မြေပဲ ကြက်သွန်လှော်ပုလင်း လက်ဖက်စုံ တစ်ဘူးနှင့် ရေနွေးကြမ်း နပ်ပြီးသား ဓာတ်ဘူးကြီးတစ်ဘူးကို အရအမိ သယ်သည်။

ခင်ခင်ငြိမ်း ဆိုသော ဟိုဘက်ခြမ်းမှ ကောင်မလေးကလည်း မမြကြည် တို့ဆီ လာပေါင်းပြီး စာကျက်နေသည်။ သူက မမြကြည်နှင့် လောကျစ်ယှဉ်တာချင်း တူသဖြင့် မမြကြည်နှင့် ပူးပေါင်းလာခြင်းဖြစ်၏။



ခင်စန်းမြင့်နှင့် ခင်လှမြင့်ကား အနောက်တိုင်းသမိုင်းကို အတူ အော် ကျက်ကြသူများ ဖြစ်ရာ အဆောင်ထဲက မအေးရင်နှင့် ထိပ်တိုက်တွေ့လေသည်။ ခင်စန်းမြင့်တို့က အော်ကျက်ချင်သည်။ မအေးရင်က နားဆူလျှင် စာထဲ အာရုံ စူးစိုက်၍ မရ။ သည်တော့ ... ခုလို ကျောင်းပိတ်ရက်မှာ သူတို့ စိတ်ရှိလက်ရှိ အော်ဟစ် ဆွေးနွေးနိုင်ဖို့ အင်းလျားကန်စောင်းက ကျွန်းပင်ကြီးများအောက်ကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်လေသည်။

သူတို့ ငါးယောက် သစ်ပင်ရိပ် ရောက်သောအခါ သစ်ကိုင်းများပေါ်မှ ဥသြငှက်က ဆီးကြိုကြွေးကြော်ခံပေသည်။

ခင်စန်းမြင့်က မြက်ပျာလေးကို ဖြန့်ခင်းရာက ...

"ဥသြကို မြန်မာလူမျိုးတွေမှ ချစ်တာ မဟုတ်ဘူး၊ အင်္ဂလိပ်တွေလည်း ချစ်ကြတယ်" ဟု ဆိုသည်။

"မမြင့် အကိုးအကား ပြနိုင်လား"

ခင်ခင်ငြိမ်း ခပ်အေးအေး မေး၏။

"တို့များ မက်ထရစ်မှာ သင်ခဲ့ရတဲ့ The Golden Gate က ကဗျာ ခေါင်းချုပ်ထဲမှာ ပါတယ်လေ။ To The Cuckoo ဆိုတဲ့ ကဗျာပေါ့"

"သူတို့ဆီမှာ အဲဒီ ဥသြငှက် ရှိတယ်ပေါ့"

"ဟင့်အင်း စာအုပ်ထဲမှာ သေသေချာချာ ရှင်းထားတယ်။ ဥသြဆိုတာ အရှေ့တိုင်းမှာ ရှိတဲ့ ငှက်တဲ့။ နွေဦးရာသီကျမှ ရောက်လာတာတဲ့။ အသံ အင်မတန် သာယာတယ်တဲ့။ ကြည်ကြည်လင်လင်ကြီး ကြားနိုင်ပေမယ့် ငှက်ကိုယ်တိုင်ကို တွေ့ရမြင်ရဖို့က အလွန် ခဲယဉ်းတယ်တဲ့"

ခင်စန်းမြင့်က ဆရာမ လုပ်ဖူးသူပီပီ ဆရာမလေဖြင့် ရှင်းပြနေ၏။ ကျန်လူများက မျက်စိ ပေကလပ်ဖြင့် နားထောင်ကြသည်။

"ဆက်ပြောပါဦး မမြင့်၊ သူတို့လည်း ငှက်ကို မမြင်ရဘူးဆိုတာ ဘုနေတယ်"

"အေးကွဲ့၊ အသံပဲ ကြားရတာ။ အသံကလည်း တစ်ခုခုကို တမ်းတ ရှမ်းဆရာဖွေနေတာလို့ ခံစားရတယ်။ ဒါကြောင့် အဲဒီအသံကို Wandering Voice တဲ့။ အသံတောလေပေါ့နော်"

"အသံတောလေ ... တောလေငှက်ပေါ့လေ"

"အဲဒါ ... ဒီ ဥသြ တွန်သံကို ကဗျာဆရာက ငယ်ငယ်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့ရတာတဲ့။ သူက မြက်ခင်းပေါ်မှာ လဲလျောင်းနေတုန်း ဒီအသံ ကြားရတော့ အသံဟာ တောင်တန်း တောင်ကုန်းလေးတွေကို ဖြတ်သန်းလာသလို နီးလိုက် ဝေးလိုက်နဲ့''

''လွမ်းစရာလေးပေါ့''

''သူက ပြောသေးတယ်။ ဥဩ တွန်သံ ကြားရတော့ သူငယ်ငယ်တုန်း ကို သတိရမိသတဲ့''

''ဒီစိတ်ကူးက မြန်မာဆန်တယ်''

''ကဗျာဆရာချင်းတူလို့ နေမှာပေါ့ကွယ်၊ ဒီလို ဥဩတွန်သံ ကြားရင် ငယ်ငယ်တုန်းက ဘဝကို ပုံပြင်တစ်ပုဒ်လို သတိရတာတဲ့''

''အံမယ် ... ပုံပြင်တစ်ပုဒ်လို ... ဟုတ်လား''

ဌေးဌေးက ခေါင်းထောင်ပြီး မေးသည်။

''အေးကွဲ့၊ Thou brings to me a tale ... တဲ့၊ မမြင့် မှတ်မိတယ်''

''အားလုံး အလွတ်ရလားဟင်''

မမြကြည်က မေးပြန်သည်။ ခင်စန်းမြင့်က မျက်နှာရှုံ့ရင်း ...

''ဘယ်ရနိုင်မလဲ စကားလုံးတွေက ခက်တယ်တဲ့၊ ရှေးအင်္ဂလိပ် အသုံး အနှုန်းတွေ။ ဒီတော့ အဓိပ္ပာယ်ကိုပဲ ငုံမိအောင် ကျက်ထားရတာပေါ့။ သိပ်လှတဲ့ စကားလေး ရှိသေးတယ်။ ဥဩကို "darling of the Spring" တဲ့။

''အဲဒါ ဘာလဲဟင်''

''နွေဦးရဲ့ အချစ်တော်ပေါ့''

''အယ် ... ကောင်းလိုက်တဲ့ စကားလုံး''

''ပြီးတော့ ပြောသေးတယ်။ မင်းဟာ ငါ့အတွက် 'ငှက်' မဟုတ်ဘူးတဲ့။ မမြင်ရတဲ့ အရာ၊ အသိရခက်တဲ့ အသံပဲတဲ့''

''ဟုတ်သားပဲ''

''ငါဟာ မင်းကို အမျိုးမျိုး ရှာခဲ့ဖူးတယ်တဲ့၊ တောအုပ်ထဲမှာ၊ မြင်ခင်းပြင် မှာ။ ဒါပေမဲ့ ဘယ်တော့မှ မတွေ့ခဲ့ရဘူး။ ဒီကမ္ဘာမှာ မင်းမရှိရင် မပြည့်စုံဘူး။ ဒီနတ်သမီး ပုံပြင်ထဲက မြေကမ္ဘာဟာ မင်းအတွက်တော့ အိမ်အဖြစ် သင့်တော်ပါ ပေတယ်' တဲ့''

ခင်စန်းမြင့် နားပြီး ရေနွေးသောက်သည်။

''ဒါနဲ့ ... ကဗျာရေးတဲ့ ကဗျာဆရာက ဘယ်သူ ...''





''ဝီလျံဝပ်စ်သပ်သ် ... နာမည်ကြီးပဲလေ။ The Brook တို့ ဘာတို့ ရေးတဲ့လူ။ ၁၇၇၀ ကနေ ၁၈၅၀ အထိ နေသွားတာ။ ၁၈ ရာစုနဲ့ ၁၉ ရာစု နှစ်စုတောင် လူ့ဘဝက နေသွားတာ။ အခု ၂၀ ရာစုမှာ သူ့နာမည် ရှိဆဲပဲ''

အားလုံး ငြိမ်သွားကြ၏။

သစ်ပင်ထက်မှ ဥဩ မြည်လာ၍ ဖြစ်သည်။

''အံ့ဩဖို့ ကောင်းတာက ဥဩရဲ့ လွမ်းသံပဲ။ ဘယ်အချိန်ပဲ အော်အော် ဘယ်ဥဩပဲ ဖြစ်ဖြစ် လွမ်းလွမ်းဆွေးဆွေး အသံနဲ့ အလွမ်းရသက အပြည့်ပဲ''

''ဟုတ်ကဲ့၊ မြန်မာစာ ပါမောက္ခ ဒေါ်ဌေးဌေးရှင့် ဆက်ပြီး ရှင်းပြပါဦး''

''ဟုတ်တယ်လေ တကယ်ဆို ငှက်တွေ အများကြီးပဲ။ ဥဩငှက်က တစ်ကောင်တည်းမှ မဟုတ်တာ။ ဒါပေမယ့် အော်တဲ့ အသံက တစ်မျိုးတည်းပဲ။ အပိုအလို မရှိ။ အတက်အဆင်း တစ်ညီတည်းပဲ။ အဲဒါကို အံ့ဩတာ''

''ဒီတော့ ... ဥဩရဲ့ သမိုင်းဟာလည်း မှန်နိုင်တာပေါ့''

''မိခင်ပျောက်လို့ မှုဝိုး ... မှုဝိုးဆိုပြီး အော်တယ်ဆိုတာ ဖြစ်နိုင်တယ်။ သူ့အသံထဲမှာ အားငယ်နေတာတွေ၊ တမ်းတနေတာတွေ၊ ကြေကွဲဝမ်းနည်းနေတာ တွေ အားလုံး ရောနေတယ်''

တစ်ယောက် တစ်မျိုး ပြောရင်း စာအုပ်ကို မကိုင်နိုင်ကြသေးပေ။

သစ်ကိုင်း တစ်နေရာမှာ ပုန်းရင်း တွန်ကျူးနေသည့် ဥဩကို မရအရ ကြည့်ကြ၏။ မည်သူမျှ မတွေ့။ အတော် ထူးဆန်းသော ကိစ္စဟု လက်လျှော့လိုက် ကြ၏။

''လက်ဖက် အရင် စားရင် ကောင်းမယ်ထင်တယ်''

ဌေးဌေးအသံ။

''အေး ... ထောက်ခံတယ်''

ခင်လှမြင့်အသံ။

ခင်စန်းမြင့်က ခါးထောက်လိုက်ပြီးမှ ...

''ဟင် ... မိန်းမတွေ ... စာကျက်ဖို့ လာတာလား။ ပျော်ပွဲစား ထွက်လာတာလား''

''နှစ်မျိုးလုံးပါ ဆရာမ''

ဌေးဌေး၏ ချွဲနွဲ့သံ။

''နို့ ... မမမြင့်ကော မစားချင်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



မမြကြည်က အမေး။

"နင်တို့ စားမှတော့ ငါလည်း ကူညီရုံပေါ့"

"ဝေး ဟေး ဟေး"

ငါးယောက်သား ဘူးတွေ ဖွင့်ကြ၏။

ခတ်ဘူးကို ဖွင့်၍ ရေနွေးကြမ်း ပန်းကန်ထဲ ထည့်ကြ၏။

ခင်ခင်ငြိမ်းက စက္ကူအိတ်တစ်အိတ်ကို အသာအယာ ဖြေသည်။

အထဲမှ ဝင်းဝါနေသော မန်ကျည်းသီးတောင့်များ ထွက်လာလေ၏။

"ဟယ် ... အဲဒါ ... ဘာတွေလဲ"

ခင်စန်းမြင့်က မယုံသလို မေးသည်။

"မြင်တဲ့အတိုင်းပဲလေ"

ခင်ခင်ငြိမ်းက ဖြေ၏။

"မန်ကျည်းသီးတွေဟဲ့"

ခင်စန်းမြင့်က အံ့သြဆဲ -

"အဲဒါ ... မန်ကျည်းကြက်ဆူလို့ ခေါ်တယ်။ မန္တလေးတက္ကသိုလ်မှာ သိပ်ပေါတယ်"

"ဟင် ... အဲဒါလေ ..."

"အဲဒါ ... မချဉ်ဘူး။ ချိုမြမြလေးရယ်။ အိပ်ချင်ပြေတယ်"

"ဒါ ... ဘယ်ကနေ ဘယ်လို"

"မမြင့်ရေ ... ခင်ခင်ငြိမ်း ရည်းစားက မန္တလေးတက္ကသိုလ်မှာ"

"သြော် ... ဒီလိုလား၊ သဘောပေါက်ပြီ"

"သူ့ချစ်သူ စာကျက်ရင်း အိပ်ငိုက်ရင် စားရအောင်လို့"

"အမယ်လေးဟယ် ... သူများ ရည်းစားတွေများ တော်လိုက်တာ"

ခင်ခင်ငြိမ်းက မရယ်ချေ။

သူ့မျက်လုံးထဲမှာ မျက်ရည်စတွေနှင့်။

"အလို ... ခင်ငြိမ်း လွမ်းနေတယ်ပေါ့"

ပြောကာမှ ခင်ခင်ငြိမ်းပါးပြင်ပေါ် မျက်ရည်တစ်ပေါက် လိမ့်ကျလာသည်။

"ဘာဝမ်းနည်းစရာရှိလဲဟယ်၊ သူက ကိုယ့်ကို ချစ်တာပဲဟာ"

ခင်စန်းမြင့်က ဖြေစရာ ပြော၏။

ခင်လှမြင့်က မန်ကျည်းသီးတစ်တောင့်ကို ဖဲ့ယူပြီး စားသည်။





"ဟဲ့ ... မီလှမြင့် ... ဘာလို့ စားတာလဲ၊ ဟိုက သူ့ရည်းစားဆီ အားတာ၊ ပီယဆေးတွေ ပါနေမှဖြင့် ..."

ခင်စန်းမြင့် ပြောတော့ ခင်လှမြင့် လန့်ပြီး မန်ကျည်းသီးကို ဂွတ်ချ လေသည်။

ခင်ခင်ငြိမ်းက မျက်ရည်ကြားမှ ပြုံးရင်း ...

"မဟုတ်ပါဘူးကွယ်၊ မပါပါဘူး စားပါ။ ဒါမှ မောင်လည်း ကုသိုလ် မှာ"

"အဟုတ် ... မောင်ဆိုပါလား"

မမြကြည် အသံပြာပြာနှင့် ဆိုသည်။

"ငါလည်း ခေါ်ကြည့်ချင်တယ်"

ခင်စန်းမြင့်က မန်ကျည်းသီးမှည့် တစ်တောင့်ကို ကိုင်လျက် တစိမ့်စိမ့် ကြည့်နေရာမှ ...

"မောင် ... မောင်က သိပ်အရသာရှိတာပဲကွယ်။ ရော့ ... မမြကြည် ကြည့်"

ဟု ပြောပြီး မန်ကျည်းသီးတောင့်ကို မမြကြည် ပါးစပ်နား ထိုးပေးလေ သည်။ မမြကြည်က 'ဝေါ့' ခနဲ တံတွေး ထွေးရ၏။

ဌေးဌေးက သူ့လေအိတ် ခေါင်းအုံးပေါ် လှဲအိပ်သည်။

ဌေးဌေး ပေါင်ပေါ်သို့ ခင်စန်းမြင့်က လှဲချသည်။

"သတိ ... အားလုံး ... အိပ်ချိန်"

ဘယ်သူ့အသံမှန်း မသိတော့။ ထွေးလုံးပြီး ရယ်လိုက်ကြ၏။

"ဒါနဲ့ပဲ စာမကျက်ဖြစ်ဘဲ နေတော့မယ်။ ထ ... ထ ... ပြီးအောင် ကြ"

နှိုးဆော်သူကား စာကြမ်းပိုး မမြကြည်တည်း။

လက်ဖက်ဘူး၊ မြေပဲလှော်ဘူးတွေ ကြဲကြဲမခံပေ။

လူငါးယောက်၏ လက်ငါးချောင်းက အလုပ်မပြတ်။

ရေနွေးပန်းကန် မလောက်၍ စောင့်သောက်ရ၏။

"ဒါနဲ့ နတ်သျှင်နောင် ရတုတွေအကြောင်း ဆရာဦးမြင့်ကြည် င်တော့ နတ်သျှင်နောင် သစ္စာ မဖောက်ဘူးလို့ ပြောသွားတယ်နော်။ တော့ နတ်သျှင်နောင်က 'ကံနည်းသူ' ပါ"

www.burmeseclassic.com



မမြကြည်က 'နတ်သျှင်နောင်ရတုပေါင်းချုပ်' ကို ဖွင့်၍ ပြောသည်။

"ဒါပေမဲ့ဟယ် … သူမို့လို့ ကိုယ့်ထက် ၁၉ နှစ်ကြီးတဲ့လူ ကြိုက်တယ်လို့ပဲ"

"ဒါတော့ ရာဇဓာတုကလျာက တအား ချောတာကိုး"

"ချောဆို ဘုရင့်နောင် မင်းတရားကြီးရဲ့ သမီးလေ"

"ခေတ်တော်တွေ ဌာပနာတဲ့နေ့ မွေးလို့ ဓာတုကလျာတဲ့။ ဘုရင့်နောင်လည်း ကဗျာဆန်တာပဲ"

"ဖွဲ့လည်း ကောင်းတယ်လေ၊ နောင်ရီးစစ်ပွဲ"

"နတ်သျှင်နောင်က အသည်းပျော့တယ်၊ ဒါ့ကြောင့် သူမှားတာ"

"မမှားပါဘူး၊ သူက သူ့နိုင်ငံကို ပြန်ရချင်တယ်။ ထီးနန်း ပြန်ရဖို့ဆိုရန်သူကို နိုင်အောင် နည်းပေါင်းစုံ သုံးရမှာပဲ။ အားမတန်လို့ သန်လျင်မှာ အဖမ်းခံခဲ့ရတာ"

"အဲဒီအချိန်မှာ သူချစ်တဲ့ ဓာတုကလျာလည်း သေပြီလေ"

"အေး … တို့မိန်းမတွေဟာ ယောက်ျားတွေအတွက် ခွန်အားကိုယ် မရှိတော့တာနဲ့ သူတို့မှာလည်း အားပျော့သွားရော"

ဌေးဌေးက ခေါင်းအုံးထက်မှာ မျက်လုံး မှေးနေ၏။

ခင်ခင်ငြိမ်းနှင့် မမြကြည်က ဦးဆောင်ဆွေးနွေးကြသည်။ တကယ်တော့ စိတ်ထင်သလို စကားပြောခွင့်ရခြင်းအတွက် သူတို့ ကျေနပ်နေကြခြင်း ဖြစ်သည်။ အခန်းထဲမှာသာ ခုလောက် စကားကျယ်ကျယ် ပြောလျှင် တစ်ဖက်ခန်းမှ တောက်တောက်နှင့် ခေါက်မည်။ မရလျှင် ဟောလ်ကျူတာကို တိုင်မည်။

'ဟောလ်ကျူတာကို တိုင်မည်' ဆိုတော့ ခင်စန်းမြင့်တို့က ရယ်ကြသည်။ ဒီဇင်ဘာ ၃၁ ညတုန်းကပေါ့။

နယူးယီးယား … နှစ်သစ် ကူးကြမည်၊ မအိပ်တမ်းဆိုပြီး ည ၁၂ နာရီကို ထိုင်စောင့်ခဲ့ကြ၏။ ဌေးဌေးချစ်သူ သိန်းတန် ကျွေးဖူးဖြင့် လှည်းတန်းရွှေဗဟိုမှ ခေါက်ဆွဲကြော်၊ ကြာဆံကြော်ထုပ်တွေနှင့်၊ အောက်မှ ဒရဝမ် အဒေါ်ကြီး လက်ဖက်သုပ်၊ ချင်းသုပ်တွေနှင့်၊ ပြင်သစ်ကော်ဖီ၊ ရှားမီးကိတ်မုန့် ပင် ပါသေးသည်။ ည ၁၀း၀၀ နာရီကတည်းက စားကြ ပြောကြ ထုံးစံအတိုင်း နှင်းနှင်းတို့ အခန်းမှာပေါ့။

နာရီကို ခဏ ခဏ ကြည့်ရင်း …





၁၂း၀၀ နာရီ ဒေါင်ဆိုသောအခါ …

ဟက်ပီး … နယူးယီးယား …ဟု တစ်ပြိုင်နက် အော်ရင်း တွေ့ရာ လူနီးရာလူကို ဆွဲဖက်ခဲ့ကြလေသည်။ ပြီးတော့ အိုင်ရင်း ကြိုတင်စီစဉ်ထားချက်အရ ရေချိုးခွက် (ဒန်ခွက်) တွေကို တုတ်နှင့် ခေါက်ရင်း ဟက်ပီးနယူးယီးယား သီချင်းကို အဆောင်ပတ်၍ ဟစ်ကြွေးခဲ့ကြသည်။

သိပ်မကြာချေ။

မမလှ ရောက်လာပြီး မအော်ဖို့ တားလေ၏။

ဒါဟာ နှစ်သစ်ကူးညပဲ ပြောလည်း မရ။ အဆောင်စည်းကမ်း။ မဆူ ရ။ ပြောမရလျှင် ကျောင်းသားရေးမှူးထံ တိုင်မည်တဲ့။

စောစောက အပျော်တွေ ကုန်သွားပြီ။

ပွစိ ပွစိနှင့် ဝရန်တာမှ ထိုင်ကြ၏။

ထိုစဉ်မှာပင် … အိုင်ရင်းက အကြံပေးသည်။

"အဲဒီ မမလှဟာ ပိန်လိုက်တာ ညောင်ခြောက်ရုပ် ကျနေတာပဲ။ ညောင်ခြောက်မ သူ့ကို ပိုစတာတိုက်ပွဲ ဆင်ရမယ်"

ပြောပြောဆိုဆို ဂရေ့စီ စားပွဲပေါ်က မက်စ်ဖက်တာ နှုတ်ခမ်းနီတောင့်ကို ယူပြီး ရေချိုးခန်းဘက် သွား၏။ နှင်းနှင်းက စိတ်မချ၍ လိုက်သွား၏။ ရေချိုးခန်း သွားသော စင်္ကြံနံရံက ဖွေးနေသည်။ ထိုအုတ်နံရံ ဖွေးဖွေးပေါ်မှာ နှုတ်ခမ်းနီတောင့်ကို ကလောင်သဖွယ် လုပ်ပြီး …

"ညောင်ခြောက် …Room 51 …" ဟု ရေးလိုက်လေသည်။

"ကောင်းတယ် …ပွတ်၊ နေဦး … နင့် 5 … က 3 … နဲ့ ...တယ်" ဆိုပြီး နှင်းနှင်းက အိုင်ရင်းလက်ထဲမှ နှုတ်ခမ်းနီတောင့်ကို ယူကာ ...ဘို ပီသအောင် ပြင်ပေးခဲ့သေးသည်။

နောက်နေ့ …

ထီးတန်းကောလိပ်မှ အပြန် …

အဆောင်မှာ ပြဿနာ တက်နေလေပြီ။

ညကကိစ္စ … မမလှက အဆောင်မှူး မမကြည်ထံ ကော့စ် တက် ...ပြီ။ မမကြည်က အားလုံးကို ခေါ်တွေ့သည်။ နံရံကစာ ဘယ်သူရေးသလဲဟု ...သည်။ အားလုံး 'ဘူး' ခံကြ၏။ သို့သော် မရချေ။ သည်အုပ်စုပဲဟု အမိန့်ချ ...သည်။ တောင်းပန်လွှာရေးပြီး ညလုံးစစ်ချိန်တွင် အများရှေ့၌ တောင်းပန်ရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရေးသာရေးလိုက်ပါကွာ"

အိုင်ရင်းက စကားနည်း ရန်စဲ။

"နှင်းနှင်း ... နှင် စာစီကွာ ... နှင်က စာရေးဆရာမပဲ"

"အောင်မာ ... နှင် ရေးတာ နှင်ပဲ ပြန်ရေးပေါ့"

"နှင်က ... ၁ ကို မပီလို့ ပြင်သေးတယ်လေ"

"ဟီး ... ဟီး ... ဟုတ်သားပဲ"

"ရေးပါဟာ ... ဖတ်တော့ ငါ ဖတ်ပါ့မယ်"

အိုင်ရင်းက ပြောရှာသည်။

သို့ဖြင့် ... နှင်းနှင်းက တောင်းပန်လွှာ စာစီကုံးရလေသည်။

ည ၇း၀၀ နာရီ နာမည်ခေါ်သောအခါ အိုင်ရင်းက မတ်တတ်ရပ်၍ ဖတ်ရ၏။ အဆောင်မှူးထံ စာလွှာ အပ်နှင်းရ၏။ အပေါ် ပြန်တက်ပြီး အခန်း ပြန်ရောက်တော့ အိုင်ရင်းသည် သူ့ဘယ်ဘက်လက်ကို ခါပြရင်း ...

"ဘယ်ရမလဲ၊ ငါက အီးကုံးတဲ့လက်နဲ့ ပေးလိုက်တာ" ဟု ပြောသည်။

သည်ကတည်းက နှင်းနှင်းတို့ အုပ်စုကို ဟောလ်ကျူတာ မမလှက မျက်ခြည်မပြတ် စောင့်ဖမ်းခဲ့လေသည်။

အခုတော့ ... အင်းလျားကန်စပ်မှာ ကြိုက်သလောက် ဆူ၍ ရပြီ။

"ဟယ် ... ဟိုမှာ ... နှင်းနှင်းတို့ ပြန်လာပြီ"

သူတို့ စာကျက်အုပ်စုထဲ မပါနိုင်သော နှင်းနှင်းက စမ်းစမ်းဆင်နှင့် တင်မိုးဖြူတို့နှင့်အတူ ကချင်ပြည်နယ် အားကစားပြိုင်ပွဲကို သွားနေခဲ့သည်။ နှင်းနှင်းက ဖယ်တောက်ခုံပြိုင်ပွဲဆိုပဲ။ ကျား + မ စုံတွဲတဲ့။ ဖန်းမော်က ကိုစောလွင်ဆိုသူနှင့် တွဲပြီး ပြိုင်ရမတဲ့။ စမ်းစမ်းဆင်နှင့် တင်မိုးဖြူက မ-နှစ်ယောက်တွဲ ထင်ပါရဲ့။

ဒီဇင်ဘာ တစ်လလုံး အားကစားတွေ လုပ်ခဲ့ပြီး အိမ်တွင်းကစားနည်း တစ်ခုဖြစ်သော ဖယ်ခုံတစ်မျိုး ကျွန်နေ၍ ဇန်နဝါရီထဲ ရောက်ခဲ့ခြင်းပါ။ အမှန်က ဇန်နဝါရီဆိုသည်မှာ စာ ... စာနှင့် မြည်နေရသော ကာလပဲ။

နှင်းနှင်းတို့က ခင်စန်းမြင့်တို့ကို စ၍ မြင်ပုံရသည်။

သုံးယောက်သား စပ်ဖြဲ စပ်ဖြဲနှင့် အပြေး လျှောက်လာကြ၏။

"နှင်တို့ စာကျက်လို့ အိပ်ငိုက်နေပြီလား၊ ရယ်စရာ ပြောမလို့"





စမ်းစမ်းဆင်က စပြောသည်။

"ငါတို့မှာဟယ် ... ဒီနေ့ ဘာနက္ခတ်နဲ့ ယှဉ်လဲ မသိပါဘူး၊ ဟိုဟာတွေနဲ့ပဲ တိုးနေခဲ့တယ်"

"ဘာဟိုဟာတွေလဲဟ"

"မပြောချင်ပေါင်ဟယ်၊ နှင်းနှင်း ပြောပြလိုက်"

နှင်းနှင်းက ရေနွေးဓာတ်ဘူးကို အရင်ငှဲ့သည်။

လက်ဖက်ဘူးထဲမှ အကပ်အသပ်လေးများကို လက်ညှိုးဖြင့် ပွတ်ယူပြီး လျှာပေါ်တင်သည်။

"ပြောလေဟာ အစားကလည်း ငမ်းသေး"

"အေးပါဟဲ့ ... ဒီလို ဒီလို ... ဟိုဟာတွေဆိုတာ ... ရွံစရာကြီးပါဟာ"

"ရွံစရာကြီးဆို မပြောနဲ့တော့"

"ပြောပါစေဟာ၊ ရယ်ရအောင်"

"ကဲ ... ပြောတော့မယ်နော်၊ ဒီလိုဟဲ့ ... ငါတို့က မနက် အစောကြီး အားကစားရုံ သွားရမှာ မဟုတ်လား၊ အဆောင်ရှေ့ ရောက်တော့ ကုံကော်ပွင့်ဦးတွေ ပွင့်နေပြီ"

"ဟုတ်တယ် ဟုတ်တယ်၊ ကုံကော်တွေ ပွင့်လို့ မောင်သက်တင်က ခူးပြီး မေရီကို လာပို့တာ၊ ဆရာဘုန်းနိုင် ဝတ္ထုထဲမှာ"

"အယ် ... ရောကုန်ပြီ။ မောင်သက်တင် ခူးတာက ပိတောက်ပါ"

"အေး ... ဟုတ်သား"

"ကဲ ... ထားတော့။ ခူးတာက အဓိကပဲ။ ဘာပန်းဖြစ်ဖြစ်ပေါ့။ ခူးတတ်တာက ယောက်ျားလေးတွေ ဟုတ်လား။ ဒီတော့ တို့မိန်းကလေးတွေက ရည်းစားရှိမှ ကုံကော်ပန်း ပန်ရတာ"

"မှန်တယ် ... ဥပမာ ... ဒွေးဒွေးကို မောင်သိန်းတန် ခူးပေးခြင်း"

"အေး ... ဒါပေမဲ့ ... ငါတို့က မိန်းမညံ့ညံ့တွေ မဟုတ်ဘူး။ ကုံကော်ပန်း ခူးပို့မယ့် ရည်းစား မရှိ ဘာဖြစ်လဲ။ ကိုယ့်ဟာကိုယ် ခူးမယ်ပေါ့။ ဦးကြီးတို့တဲမှာ တံချူရှိတယ်။ အဲဒါ သွားငှားလိုက်တယ်"

"ဒီတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နှင်းနှင်းက သစ်ပင် ကျွမ်းကျင်သူပဲ။ ကံ့ကော်ပွင့်ကို တံချူနဲ့ ချူတာများ ခက်ခက်ခဲခဲ လုပ်လို့ ..."

"ဟုတ်ပါပြီ"

"ဒါပေမဲ့ ... သူငယ်ချင်းတို့ရေ၊ ငါ ထွက်ပြေးရတယ်။ တံချူ ဝါးလုံးကြီး ကိုင်လို့"

"ဘယ်လို ... ဘယ်လို"

"ပန်းခူးမလို့ သစ်ပင်ပေါ် မော့ပြီး တံချူနဲ့ ချိန်တာ။ ဟီး ... ဟီး ... သစ်ပင်ပေါ်မှာက လူတစ်ယောက် ရောက်နေတယ်ဟဲ့"

"ဟုတ်လား ... သူက ဘာလုပ်မလို့လဲ"

"ပန်းခူးဖို့ပေါ့"

"ဒီတော့ ..."

"ငါက မော့ကြည့်တာ၊ ကံ့ကော်ပန်း မမြင်ဘဲ သူ့ပန်း ... အဲ ... အဲဒီလူက အတွင်းခံဘောင်းဘီ မပါဘူး"

မိန်းကလေး ရှစ်ယောက်၏ ရယ်သံသည် အင်းလျားရေပြင်ကို လှုပ်ရှားစေ၏။ ဖျိုင်းဖြူဖြူလေးတွေ ပျံပြေးကြလေ၏။

"အဟင်း ... အဲဒါက ... မနက်ကအဖြစ်"

"နောက် တွေ့သေးလို့လား"

မရဲတရဲ မေးသူက ခင်စန်းမြင့်။

နှင်းနှင်းက ချက်ချင်း မဖြေသေးဘဲ ...

"ဟင်း ... ခုလေးတင် တွေ့ခဲ့တာက တင်မိုးဖြူ နင်ပြောဟယ်"

တင်မိုးဖြူက ဆေးကျောင်းသူ ရွှေကူသူပါ။

သူ့အရပ်က (၆)ပေ ကျော်သဖြင့် 'ကပ်မလိုက်နဲ့၊ ပုသွားမယ်' ဟု ကျောင်းသားများ အသိအမှတ်ပြု ခံရသူ ဖြစ်သည်။ တင်မိုးဖြူက သူ့နှုတ်ခမ်း ခရမ်းရောင်ကို လျှာဖြင့် လိမ်းလိုက်၏။

"ဘာဖြစ်တာလဲ၊ သွားရည်ကျလို့လား"

စမ်းစမ်းဆင်က အလွတ်မပေးဘဲ ဆိုသည်။

"နေစမ်း၊ သွားရည်ကျတာ မဟုတ်ဘူး၊ ရွံလို့ ..."

အားလုံး စိတ်ဝင်စားသွားကြ၏။ ဘာကြီးများ မြင်ခဲ့ပါလိမ့် ...။

"ဒီလိုကွဲ့ ... တို့သုံးယောက် ကစားပွဲက ပြန်တော့ ကန်စပ်မှာ





ဒိုက်စကကရင်သည်ကြီး တွေ့လို့ သွားစားကြတာ။ ရေစပ်မှာပဲ ထိုင်စားကြတာ။ ဒီလို စားရင်း ... ရေစပ်စပ် မြက်ထုပ်တွေနဲ့ ငြိနေတဲ့ဟာ ဘာလဲ သိလား"

ဘယ်သူမှ မဖြေနိုင်ကြ။

"သားရေခွပ်ကလေးဟဲ့"

"ဘာလေးလဲဟင်"

"သားရေခွပ်ပါဆို။ ပူဖောင်းလိုဟာမျိုး"

စမ်းစမ်းဆင်က ထပ်ပြောသည်။

ခင်ခင်ငြိမ်းက ဝေ့ခနဲ တံတွေးထွေးသည်။

"ဘာလုပ်တဲ့ဟာမို့လဲ"

မမြကြည်က စူးစမ်းသော အသံနှင့်

"ဘာလုပ်တာလဲ၊ နင့်ဟာနင် တွေးကြည့်လေ"

တင်မိုးဖြူက ဆရာဝန်လေဖြင့် ပြောနေသည်။

"ကဲ ... မဖြေနိုင်ရင် ငါ အစဖော်ပေးမယ်။ ဘာလုပ်တဲ့ဟာလဲ ဆိုတော့ စောစောက နှင်းနှင်း ကံ့ကော်ပင်ပေါ်မှာ တွေ့ခဲ့ရတဲ့ ပန်းကို ... ဟို ... စွပ်တဲ့ဟာ ..."

"အီး ... ရွံလိုက်တာ"

ရှစ်ယောက်သော မိန်းကလေးများ ကိုတ်၍ ရယ်သံသည် သစ်ပင်ပေါ်မှ သစ်ရွက်ခြောက်များကိုပင် လန့်စေသလား မသိ။

ဆောင်းလေက ရွက်ဝါများကို ခြွေနေသည်။

ရွက်ဝါများက မြေပြင်ပေါ်မှာ ဝဲလျက် ...။

ငှက်ဥဩက အဖော်ကို မျှော်ရင်း အော်နေဆဲ ...။

*

ည ၈း၀၀ နာရီ။

Study Hour ခေါ် စာကျက်ချိန်။

ကိုအောင်နိုင်တစ်ယောက် Social Science ခေါ် လူမှုရေးသိပ္ပံ စာကြည့်တိုက်သို့ ရောက်နေပြီ။ မန္တလေးဆောင်မှာ စာကျက်ရတာနှင့်စာလျှင် သည်မှာက အေးချမ်းငြိမ်သက်သည်။ ထို့ကြောင့် ညစဉ် သည်နေရာသို့ လမ်းလျှောက်၍ လာရသည်။ သည်အခန်းမှာတော့ အားလုံး စာကျိုးတွေချည်း။



www.burmeseclassic.com

www.burmeseclassic.com



ခုလို ဇန်နဝါရီရက်များမှာ သိုက်ထွန်းပင်စာတွေ လျှောက်စုနေသည်။ သူ ကျောင်းပျက်ထားသမျှ စာကြွေးတွေ လျှောက်ကူးနေ၏။ ခါတိုင်းလို ရွှတ်လိုက် နောက်လိုက် သိပ်မလုပ်အား။ သီရိဆောင် သွားပြီး ကောင်မလေးတွေ ခိုင်းတာ လုပ်ပေးဖို့လည်း အချိန် မပေးနိုင်။ မန္တလေး တက္ကသိုလ်မှာ ပထမနှစ် တက်တော့ စာမေးပွဲ ကျခဲ့သည်။ တက္ကသိုလ် စာမေးပွဲကို ခပ်လျော့လျော့ လုပ်၍ မရမှန်း သိခဲ့သည်။ နှစ်ကျဟူသော ဝေါဟာရကား ရှက်စရာကောင်းကြောင်း သိခဲ့ရပြီ။ အခု ရန်ကုန်တက္ကသိုလ် ရောက်တော့ ပျော်စရာတွေက ပိုများနေရာ ပျော်မိပြန်သည်။ ဒီနှစ်ကျရင် ကျောင်းဆက်မထားတော့ဘဲ ပွဲရုံမှာ ထိုင်နိုင်းမည်ဟု အဖေက တစ်ချက်လွှတ် အမိန့် ထုတ်ခဲ့သည်။ ပွဲရုံတော့ သိုက်ထွန်း မထိုင်ချင်။ ပေသီး တတောက်တောက်နှင့်၊ တယ်လီဖုန်း တဂွိဂွိနှင့်၊ ဖုန်လူးသော ငွေစက္ကူတွေ တကိုင်ကိုင်နှင့် သိုက်ထွန်း မပျော်ရွှင်နိုင်။ သိုက်ထွန်းက 'လူ' တွေနှင့် နေရတာကို ပျော်သည်။ လူတွေကြား စကားပြောချင်သည်။

လူတွေသည်သာ ဘဝ၏ အရေးပါသော အရာများဟု ယုံကြည်သည်။ သည်လို လူတွေကြားနေဖို့ အသက်မွေးဝမ်းကျောင်း အလုပ်သည် ပွဲရုံ မဖြစ်နိုင်။ အထူးသဖြင့် မုံရွာက မြေပဲ၊ စားတော်ပဲ၊ မတ်ပဲများ သိုလှောင်ဖြန့်ဖြူးသော ပွဲရုံ မဖြစ်နိုင်။ ကျောင်းဆရာ အထူးသဖြင့် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများကို စာသင်ပေးရသော တက္ကသိုလ်ဆရာ ဖြစ်ချင်သည်။ ကျူတာပဲ ဖြစ်ဖြစ်ပေါ့။ နောက်ဆုံး ပါမောက္ခအထိ ဖြစ်လည်း ကောင်းတာပါပဲ။ သည်တော့ ကျူတာဖြစ်ဖို့ အမှတ်ကောင်းကောင်း ရရေး သိုက်ထွန်း ကြိုးစားရပေတော့မည်။

စိုးပိုင်တစ်ယောက်ကတော့ သိုက်ထွန်းလောက်လည်း စာအတွက် ပူပာယာမခတ်။ ကိုအောင်နိုင်လို သမာဓိ မကောင်း။ သူက ကျသလို နေတတ်သည်။ အမေ အဖေ မရှိတော့သော ဘဝမှာ အတွားက အစစ အလိုလိုက်ခဲ့သည်။ အစ်မများက ဖူးဖူးမှုတ်ကြ၏။ စာမေးပွဲ ကျလည်း ဆက်ထားမှာပဲ။ သူတို့ခေတ်မှာ (၂)ခါကျ စနစ် မရှိသေး။ ခပ်အေးအေး နေ၍ ရသည်။ ငွေလိုလျှင် စာပို့သမားကို မျှော်ရန်မလို။ ရွှေတောင်တန်းထိပ်က ရွှေဆိုင်မှာ လက်မှတ်ထိုးလိုက်ရုံပဲ။ အကြောင်းပြချက်တော့ ပေးရသည်ပေါ့။

အကြောင်းပြချက်ပေးခြင်းအကြောင်း စဉ်းစားမိတော့ အင်းလျားဟောလ်က တင်မိုးဖြူ အကြောင်းပြချက်ပေးပုံကို သတိရမိသေးသည်။ တင်မိုးဖြူက ရွှေကူသူ၊ ဆေးကျောင်းသူ ဖြစ်၏။ သူ့မိဘတွေက မြေပဲကုန်သည်များ





ဆိုပဲ။ သမီးလေး တစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖို့ ဆေးကျောင်းသူ ဆရာဝန်မလောင်းဆိုပြီး ခွေမျိုးတွေ အလယ်မှာ ဂုဏ်ယူ၍ မဆုံးကြ။ တင်မိုးဖြူ သည်း ငွေသုံးရာမှာ ပထမတမ်း။ သူက အဝတ်ကောင်း ကြိုက်သည်။ အစား ကောင်းလည်း ကြိုက်သည်။ သည်တော့ ပိုက်ဆံ မလောက်။ အိမ်က မိဘများက လည်း ပိုက်ဆံ တောင်းလျှင် ဘယ်ဟာ ဘယ်လောက်ဆိုပြီး စာရင်း ပြရမည်တဲ့။ တင်မိုးဖြူ ရယ်လိုက်ပြီး စာရင်းတွေ ရေး၏။ ဆေးစာအုပ်ကြီးတွေ အမည်၊ ကော်လိပ်လို ဆိုတော့ ရွှေကူက ပဲကုန်သည်တွေ ဘယ်ငြင်းနိုင်မလဲ။ အဲဒါနှင့် မလောက်သေး။ Lip Stick တဲ့။ ဒါကို နှုတ်ခမ်းနီဆေးတောင့်မှန်း ဘယ်သိ ကြရှာမတုံး။ ဆေးကျောင်းက ဝယ်ခိုင်းသော တစ်ခုခုပဲ ထင်ကြရှာသည်။ တင်မိုးဖြူက အဲသလို ဆိုးသည်။

စိုးပိုင်ကတော့ တင်မိုးဖြူလောက် မဆိုးဟု ဆိုနိုင်သည်။ လက်ဖက်ရည်ဖိုးနှင့် စီးကရက်ဖိုးများကို ဆေးဖိုးဟု ပြင်ပြရတာပဲ ရှိသည်။ သူက ငယ်ငယ်က ပန်းနာရင်ကျပ်ရောဂါရှိခဲ့တာ အတော်ဟန်ကျသား။ ပန်းနာ ထသည်ပေါ့။ ဆေးဝယ်ရမည်ပေါ့။

သည်လို ခပ်အေးအေး စာကျက်သူမို့ ကိုအောင်နိုင် စာသွားကျက်သော လူမှုရေးသိပ္ပံ အဆောက်အအုံသို့ ညဖက်မှာ လိုက်မသွားပေ။ အဆောင်မှာပဲ ပက်လက်ကုလားထိုင်ပေါ် ဇိမ်နှင့် စာဖတ်လေသည်။

ညက တဖြည်းဖြည်း အေးအေးစာတ် ပိုလာသည်။

မှန်တံခါးများ ဖွင့်ထားသဖြင့် အဓိပတိလမ်းဘက်မှရော၊ အင်းလျား လမ်းဘက်နှင့် ဘွဲ့နှင်းသဘင်ဘက်မှပါ လေအေးများ ဝင်နေသည်။ မီးချောင်းများ အများအပြား ဖွင့်ထားသဖြင့် အခန်းသည် လင်းကျင်းလှ၏။ စားပွဲခုံပေါ်တွင် စာအုပ်ကို တင်ပြီး ကုလားထိုင်ပေါ်မှာ ခြေတင်ပြီး နေသည့်တိုင် အောက်ပိုင်းမှ စိမ့်၍ အေးလာလေသည်။

''ဗျို့ ... ဆရာ ... လက်ဖက်ရည် သွားသောက်စို့လား''

ဘေးခုံမှ ကိုကျော်သန်းက စပြောသည်။

ကျောင်းပရဝုဏ်အတွင်းမှာ ညဘက်ပါ ဖွင့်ထားသော လက်ဖက်ရည် ဆိုင် ရှိ၏။ ပိုင်ရှင် ဦးချစ်ကို အစွဲပြုပြီး ဦးချစ်ဆိုင်ဟု ခေါ်ကြသည်။ သည် ဆိုင်က လက်ဖက်ရည်ကောင်းခြင်း အရည်အချင်းအပြင် စိတ်ရှည်သည်းခံခြင်း ၌ နာမည်ကြီးသည်။ လက်ဖက်ရည်တစ်ခွက် သောက်ပြီး တစ်နေကုန် တစ်



www.burmeseclassic.com

www.burmeseclassic.com



နေခင်း ထိုင်နိုင်သည်။ ရေနွေးကြမ်းအိုးမှာ အားမနာတမ်း မှာသောက်နိုင်သည်။ အထူးသဖြင့် ဧည့်သည်စောင့်လိုလျှင် အားမနာတမ်း ထိုင်စောင့်၍ ရပေသည်။

"အေးတယ်ဗျ … ရေနွေးကြမ်းပူပူ သောက်ချင်တယ်"

ကိုကျော်သန်းက ထပ်ပြောသဖြင့် ကိုအောင်နိုင် စာအုပ်ကို ပိတ်သည်။ အားနာတတ်သော ကိုအောင်နိုင်က ကိုကျော်သန်းကို အလိုလိုက်သည့် အနေနှင့် နေရာမှ ထလိုက်၏။ တခြားလူတွေကို ကြည့်တော့ အားရပါးရ စာကြည့်ကြဆဲ။

နှစ်ယောက်သား အသံမထွက်ဘဲ လူမှုရေးသိပ္ပံ အဆောက်အအုံထဲမှ ထွက်လာခဲ့ကြ၏။ အပြင်တွင် လတစ်ခြမ်းပဲ့လေးက ရေးတေးတေး သာနေလေသည်။ အဓိပတိလမ်းပေါ်မှာ လူသူ ရှင်းနေ၏။ လမ်းဘေး ကန်စွန်းနွယ်ပန်း ပြာပြာလေးများက တိုးတိတ်စွာ နွတ်ဆက်ဖော် ရကြပါ၏။ မြက်ခင်းထဲမှ မြေကြွက်တစ်ကောင် ခုန်ထွက်သွားသည်။ ညဥ့်သည် အသံဗလံ တိတ်လွန်းစွာ။

လက်ဖက်ရည်ဆိုင်တွင်းမှာတော့ နှစ်ဝိုင်း သုံးဝိုင်း ထိုင်နေတာ တွေ့ရ၏။ ထုံးစံအတိုင်း တကာသမှ ကိုဘလေးနှင့် အဖော်တစ်ယောက် ရှိနေသည်။ သူတို့က ကျောင်းနွေး လူနွေး နေမည့်သူများပဲ။ ကိုဘလေးက (၂)နှစ် တစ်တန်းတော့ အောင်သည်။

"လာကြဗျို့ … ကိုကျော်သန်းနဲ့ ကိုအောင်"

ကိုဘလေးက ဖိတ်ခေါ်သည်။

ကိုကျော်သန်းက လက်ထောင်ပြပြီး အနီးက စားပွဲမှာ ဝင်ထိုင်သည်။ သူတို့ဘာသာ လွတ်လွတ်လပ်လပ် ဆွေးနွေးပါစေ ဟူသည့် သဘော။ ကိုအောင်နိုင်ကတော့ အားနာတတ်သူပီပီ ကိုဘလေး စားပွဲဆီ သွားချင်နေသည်။ နောက်တော့ နှစ်ယောက်အတူ မျက်လုံးချင်း တိုင်ပင်လိုက်ပြီး ကိုဘလေးတို့ စားပွဲမှာ ဝင်ထိုင်ဖြစ်သည်။

"SS က လာကြတာလား"

ကိုဘလေးက မေး၏။

"ဟုတ်တယ်၊ စာကျက်ရင်း ချမ်းလာလို့။ ဦးလေးချစ် … ပူပူလေး နှစ်ခွက်"

ကိုကျော်သန်းက လက်ဖက်ရည် မှာသည်။

ကိုအောင်နိုင်က ကိုဘလေးကို ပြုံးပြလျက် …



"ကြုံတုန်း မေးချင်တယ်။ ဗိုလ်ချုပ်အောင်ဆန်း ဗကသ ဥက္ကဋ္ဌဖြစ်တာ ဘယ်နှခုနှစ်ကလဲဗျ"

ကိုဘလေး၏ အဖော်က ပြုံးသည်။

သူ့အပြုံး၏ အဓိပ္ပာယ်ကို ကိုအောင်နိုင် မသိပါ။

ကိုဘလေးကတော့ ရင့်ကျက်သူ ပီသ၏။

"အေးဗျ … ကိုအောင်နိုင် မေးတာ ကောင်းတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို ဖဆပလ ခေါင်းဆောင်၊ ကျောင်းသား ခေါင်းဆောင်ဆိုတာ အားလုံး သိကြတယ်။ ဘယ်နှစ်ကလဲ ဆိုတာ သိဖို့လည်း အရေးကြီးတယ်။ ဒီလိုဗျ … ၁၉၃၆ ဒုတိယ တက္ကသိုလ် ကျောင်းသားသပိတ်ကိုတော့ အားလုံး မှတ်မိကြတယ်။ ၃၆ သပိတ်။ ပထမသပိတ်က ၁၉၂၀ ကိုး"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"အဲဒီ ၃၆ သပိတ်အပြီး မေလမှာ ရန်ကုန်မှာ ကျင်းပတဲ့ ကွန်ဖရင့်က 'ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ' ဖွဲ့ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီတော့ ၁၉၃၇-၃၈ နဲ့ ၁၉၃၈-၃၉ စာသင်နှစ်တွေမှာ ကိုအောင်ဆန်းက ဥက္ကဋ္ဌ လုပ်ခဲ့တယ်"

ကိုအောင်နိုင်က ကျေးဇူးတင်ကြောင်း ပြောလိုက်ပြီးမှ …

"ဗကသကို အစိုးရ ဆန့်ကျင်ဖို့၊ တော်လှန်ဖို့ လှုံ့ဆော်တယ်လို့ တချို့က စွပ်စွဲတယ်။ ဒီတော့ ဗကသဖွဲ့ရခြင်း ရည်ရွယ်ချက်ကို တစ်ကျောင်းလုံး ဖြန့်ဖို့ ထိုမယ် ထင်တယ်"

"ဟုတ်ပါတယ်။ အမှန်က ဗျူရိုကရက် အစိုးရရဲ့ ထိုးနှက်ချက်တွေပါ။ အကယ်တမ်း ဗကသရဲ့ ရည်ရွယ်ချက်က ကျောင်းသူ ကျောင်းသားများရဲ့ အခွင့်အရေး ကာကွယ်ဖို့ပါ။ ကိုလိုနီ ပညာရေးကို တိုက်ဖျက်ပြီး သခင် ပညာရေးစနစ် ထူထောင်ဖို့ ချမှတ်ခဲ့တယ်။ ဒီထက်ပို ပြောရရင်တော့ နယ်ချဲ့စနစ် ဆန့်ကျင်ရေးနဲ့ အမျိုးသား လွတ်မြောက်ရေးပဲ ခင်ဗျ။ ၁၉၂၀ နောက်ပိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှာ 'အမျိုးသားအောင်ပွဲနေ့' ကို ဗကသ-က ဦးဆောင်ကျင်းပတယ်။ ဦးဝိစာရ ပုံလွန်တော်မူတဲ့ နေ့ကို အမှတ် တရ ကျင်းပတယ်။ ကျောင်းသား သံမဏိတပ် ဖွဲ့စည်းတယ်။ အဲဒါတွေဟာ နိုင်ငံရေး နိုးကြားမှုဖြစ်အောင် လုပ်တာ။ ဒါကြောင့်လည်း ၁၃၀၀ ပြည့် အရေး တော်ပုံမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေ ဦးဆောင်နိုင်ခဲ့တာပေါ့"

ကိုဘလေးက တရားဟောသလို ဖြစ်မှာပူပြီး စကားကို ရပ်လိုက်သည်။

"စာတွေ အတော် ကာဗာ ဖြစ်ကြပြီလား" ဟု စကားလမ်းကြောင်းလွှဲသည်။

"ဘတစ်ပြန် ကျားတစ်ပြန်ပဲ" ဟု ကိုကျော်သန်းက ဖြေ၏။

အတော်လေး နွေးသွားကြပြီမို့ ကိုကျော်သန်းကပင် ပြန်ဖို့ အဖော်ညှိသည်။ ကိုအောင်နိုင်က ကိုဘလေးတို့ကို နှုတ်ဆက်ပြီး မန္တလေးဆောင်သို့ လျှောက်ကြသည်။

လရောင်အောက်တွင် …

တကာသ အဆောက်အအုံ နီနီသည် ဣန္ဒြေကြီးနှင့် ရှိနေသည်။

သူ့ရှေ့မျက်နှာစာရှိ ဗိုလ်အောင်ကျော် ကျောက်တိုင်က ငြိမ်နေသည်။

"ကျွန်တော်တို့ တစ်ကိုယ်ကောင်း ဆန်နေလား မသိဘူးနော်"

သက်ပြင်း ရှူရင်း ကိုအောင်နိုင် ပြော၏။

ကိုကျော်သန်းက ကိုအောင်နိုင့် ပခုံးကို ဖက်လိုက်ပြီးမှ …

"သိပ်လည်း အတွေး မခေါင်ပါနဲ့ဗျာ … ကျွန်တော်တို့ စာမေးပွဲအတွက် စာကျက်နေတာဟာ တစ်ဦးချင်း တာဝန်ပဲ မဟုတ်လား။ ကျွန်တော်တို့ ပညာသင်စားရိတ်ကို မိဘကပေးသလို၊ အစိုးရကလည်း ကျခံထားတယ်။ ဒါကို ကျေးဇူး တုံ့ပြန်ဖို့ ကျွန်တော်တို့ တာဝန်က စာကြိုးစားဖို့ပေါ့"

မန္တလေးဆောင်သည် လရောင်အောက်၌ အိပ်မောကျနေလေပြီ။

❐



## (၂၂)
## သူငယ်ချင်းဟူသည် …

ဘယ်လိုလုပ်ပြီး ရတနာဆောင်၊ အခန်း ၅၄ ကို ပြန်ရောက်မှန်း မသိ။

ဘယ်လိုလုပ်ပြီး အင်းလျားလမ်းတစ်လျှောက် ပြေးလွှားခဲ့မှန်း မသိ။

ဘယ်လိုလုပ်ပြီး နဂါးဘတ်စ်ပေါ်မှ အင်းလျားမှတ်တိုင်မှာ ဆင်းခဲ့မှန်း မသိ။

ဘယ်လိုလုပ်ပြီး ဆေးရုံကြီးရှေ့ နဂါးမှတ်တိုင်မှ ကားပေါ် ပြေးတက်ခဲ့မှန်း မသိ။

ဘယ်လိုလုပ်ပြီး ရန်ကုန်ဆေးရုံကြီးပေါ်က ပြေးဆင်းခဲ့မှန်း မသိ။

မသိ …။

မသိ …။

နှင်းနိုင်လွင် ဘာမှ မသိတော့။

ငိုချင်တာပဲ သိသည်။

ငါ … ငိုနေတာပါလား ဆိုတာပဲ သိသည်။

နောက်က ပြေးလိုက်ရသော ဂရေစီမှာ ဖတ်ဖတ် မောနေပြီ။

အခန်းတံခါး ဖွင့်ပြီး ခုတင်ပေါ် မှောက်ချ ပစ်လှဲလိုက်သော နှင်းနိုင်လွင်ကို နားလည်စွာ အသာ ထားလိုက်၏။

"ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

ရေချိုးခန်းဘက်မှ ပြန်လာပုံရသော မအေးရင်နှင့် မကြင်ယုံက အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား မေးမေးသည်။ ဂရေစီ ပြန်မဖြေနိုင်ချေ။

''ဟဲ့ ... နှင်းနှင်း ... ဘာဖြစ်လာလဲ မသိဘူး''

မကြင်ယုံ သတင်း ဖြန့်ချက်ဖြင့် ဘယ်တောင်ပံတစ်လွှားက ခင်စန်းမြင့်တို့ တစ်အုပ်လုံး ပြေးလာကြလေသည်။

ခုတင်ပေါ်မှာ ကန့်လန့်ဖြတ် မှောက်လျက်ကြီးနှင့် ရှိုက်ကြီးတငင်ငိုနေသော သူငယ်ချင်းကို ဘယ်ကို ကိုင်၍ ဘာပြောရမှန်း မသိကြ။ အဆွေ သွားခဲ့သော ဂရေစီကိုသာ မျက်ရိပ်မျက်ခြည်ဖြင့် မေးကြရ၏။

''သူ့အမေ ယောက်ျားယူသွားလို့''

ဂရေစီ အဖြေက တိုးတိုးလေး ဖြစ်ပါလျက် ကြားရသူများအဖို့ ဗုံးပေါက်သံနှယ် ကျယ်လောင်သွားလေသည်။ နှင်းခိုင်လွင်၏ သိမ့်သိမ့်တုန်နေသော နောက်ကျောကို ဘာလုပ်ပေးရမှန်းမသိ ငေးကြည့်ကြရသည်။

ပထမဆုံး စတင်လှုပ်ရှားသူက ထုံးစံအတိုင်း ခင်စန်းမြင့်ပါပဲ။

''ညီမလေး နှင်းနှင်း ... စိတ်လျှော့လိုက်''

ပြောသာပြောရသည်။ ပြောသူ၏ အသံမှာလည်း ငိုသံတွေနှင့်။ အားလုံး သိပြီးသားပဲလေ။ နှင်းခိုင်လွင်ဆိုတာ မုဆိုးမအမေကြီးကို လုပ်ကျွေးနေသော အလယ်တန်းပြ ဆရာမလေး။ မောင်နှမတစ်တွေအတွက် ရင်ကို ကော့လျက် တိုက်ပွဲ ဝင်နေသော မိန်းကလေး။ ပြည်နယ် ပညာရေးဌာနက ပေးထားသည့် လစာ ၁၃၅/- ထဲမှ ၃၅/-ကို မမလေးတို့ မီးဖိုချောင် ကုန်ခြောက်ဝယ် နှင်းနှင်းက ၁၀၀/- နဲ့ နေပါ့မယ်ဆိုပြီး ရန်ကုန်တက္ကသိုလ်ကြီးမှာ ပညာ ရှာနေသော အသက်နှစ်ဆယ် မပြည့်သေးသည့် အပျိုလေး။ ကျောင်းစရိတ် စုစုပေါင်း ၈၀/- နှုတ်ပြီး ၂၀/-ကို မှန့်ဖိုး လုပ်နေသူ။ သူငယ်ချင်းများအားလုံး သိပြီးသား ရွှေကူသူချင်း အတူတူ တင်မိုးဖြူက ၂၀၀/- ပို့တာ မလောက်၍ စာရင်းပြပြီး တောင်းနေသည်။ နှင်းခိုင်လွင်မှာက စာရင်း တင်ပြရမည့်သူ မရှိ။ ဒီမှာ ဥပစာ အောင်ပြီးလျှင် အထက်တန်းပြ ဆရာမအဖြစ် ရာထူးတိုးတော့မှာမို့ အမေနှင့် မောင်ညီမများ အတွက်ဟု အားခဲထားခဲ့သည်။ ခုတော့ ... အဲ့သည် အမေက မောင်ညီမတွေကို ပစ်ထားခဲ့ပြီး ... ပစ်ထားခဲ့ပြီး ...

နှင်းခိုင်လွင် ဘယ်လိုလုပ် ဖြေလို့ရပါ့မလဲ။

တစ်ပင်လဲမှ တစ်ပင်ထူတာ မဆန်းပေမယ့် နှင်းခိုင်လွင်ရဲ့ အမေက ထူစရာလား။ နှင်းခိုင်လွင် ကိုးနှစ်သမီးကတည်းက အဖေဆုံးပြီး အမေ့အနားမှာ





ထမ်း ပုံထမ်းခဲ့တာ နှင်းခိုင်လွင်လေ ...။

ဆရာမလေးဖြစ်တော့ အဖေ့ အိမ်အိုကြီးကို ပြင်ဆောက်ခဲ့တာ နှင်းခိုင်လွင်လေ ... ပြီးတော့ မီးနေခန်းထဲမှာ နေစဉ်က ဒီသားလေးကြီးတဲ့အထိ ... နေရမှာ မဟုတ်ဘူး။ ရှင်မပြုနိုင်ရင် သူများတော့ မပေးပါနဲ့၊ ကန်တော့ပွဲ တစ်ပွဲနဲ့ ဖြစ်ဖြစ် ရှင်ပြုပါဟု မှာခဲ့သည်ဆိုသော အဖေ့စကားအရ မောင်လေး ၁၀ နှစ် အရွယ် နှင်းခိုင်လွင် ၁၇ နှစ်သမီးမှာ ရသမျှ လစာကို တစ်ဝက်ပဲ ... ပြီး စုဆောင်း ရှင်ပြုပေးခဲ့တာလေ။ အဲဒါ နှင်းခိုင်လွင် မဟုတ်လား။ တက္ကသိုလ်ကို (၂)နှစ်ပဲ သွားရမှာပါ။ ပြန်လာရင် အထက်တန်းပြ ဖြစ်မှာမို့ ... တိုးတော့ အမေနဲ့ ဒီမိသားစုအတွက်ပဲလို့ ပြောထားခဲ့တယ်လေ။

အမေ မစောင့်နိုင်ဘူးလား။

အမေ ... အမေ ... လင်မယူဘဲ မနေနိုင်ဘူးလား။

သတင်းအစအန ကြားလို့ အမေ့ကို ဖွင့်ပြောခဲ့ပြီးပြီ။ ဒီလူကြီးကို ... ယူပါနဲ့ အမေရဲ့။ ဒီလူကြီးက မိန်းမယူတိုင်း မိန်းမတွေ သေသတဲ့။ အမေ ... သလိမ့်မယ်။ သူ့ကိုယူတော့ ဘာအားကိုးရမှာလဲ။ သူက ရောဂါမြစ်ကြော ... ငါးဖမ်းတဲ့ တံငါသည်ကြီး။ သူ့ကို ယူရင် အမေ ငါးစိမ်းသည် လုပ်ရလိမ့်မယ်။

အို ... နှင်းခိုင်လွင် ပြောတတ်သမျှ စကားလုံးတွေနဲ့ အမေ့ကို ပြောခဲ့ပြီးသား။ အမေ အဲဒီလူကြီးကို ယူရင် သမီးက မောင်လေးနဲ့ ညီမလေး ... ကို လက်ဆွဲပြီး ဆင်းသွားမယ်လို့တောင် ခြိမ်းခြောက်ခဲ့ပြီးပြီ။ သမီး စကားကို ... အမေ နားမထောင်လေခြင်း။

ရက်စက်တယ်၊ အမေ ရက်စက်တယ်။

မောင်လေးနဲ့ ညီမလေးတို့ မမလေးတို့ကို ထားခဲ့ပြီ။ ဟိုလူကြီးဆီ ... လိုက်သွားပြီ။ အောင်မယ်လေး အမေ မရှိတော့ဘူး။ အမေ့ကို နှမြောလိုက်တာ။

နှင်းခိုင်လွင် ရင်ထဲမှာ ပူလောင်သော အပူက အရည်ပျော်ပြီး မျက်ရည် ... အဖြစ် စီးဆင်း၍ မခန်းနိုင်တော့။

''ဘယ်လို သိလာခဲ့တာလဲ''

ခင်လှမြင့်က ဂရေစီကို တီးတိုးမေးလေသည်။

''တို့က ဆေးရုံမှာ လူမမာ သွားမေးတာ''

''အဲဒါ တို့သိတယ်လေ ရွှေကူကလူ ကင်ဆာဖြစ်လို့ဆို''

''ဟုတ်တယ်၊ တို့နဲ့ အိမ်နီးချင်း။ ရန်ကုန်လာတော့ သူတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တည်းပြီးမှ ဒီအဆောင်ကို ရတာ။ အဲဒါ မမအိပေါ့။ မမအိ ယောက်ျား ကင်ဆာ ဖြစ်တာ။ အဲဒါ သတင်းသွားမေးကြတာ။ ဟိုကျတော့ မမအိ အမေ ရွှေကူကနေ လာတာလေ။ တွေ့ရော၊ တွေ့တော့ ရှေးလူကြီး ထုံးစံပေါ့ ဟိုပြော ဒီပြောနဲ့ နှင်းခိုင်လွင်ကို 'နှင့်အမေကလည်း ယောက်ျားယူဖို့ မသင့်ဘူး' လို့ ပြောချလိုက်တာ။ 'ဟင် ... ကျွန်မလည်း ဘာမှမသိ' ဆိုတော့မှ သိပြီးသား ထင်လို့တဲ့။ ယူလိုက်တာ (၃)လတောင် ကျော်ပြီတဲ့။

''အို ... နှင်းနှင်း သနားပါတယ်''

''သူ့အစ်မတွေက ဖုံးထားတာ။ စာရေးရင် စာကြိုးစားဖို့ပဲပါတာ''

''အေးပေါ့ ... နှင်းနှင်းက ဒီကနေ ဘာလုပ်လို့ ရတာမှ မဟုတ်တာ''

''အဲဒါပါပဲကွာ အဲဒီသတင်းလည်း သိရော ချာခနဲ လှည့်ပြီး ပြေးဆင်းတာ။ ဆေးရုံကြီး အလယ်ထပ်ကနေ တစ်ချိုးတည်း ပြေးတာ။ ငါမှာလည်း မလိုက် လို့ မဖြစ်တော့ သူ့နောက် ပြေးလိုက်ရတာ သေလုရော''

''အေးဟယ်''

ခုမှတော့ 'အေးဟယ်' ဆိုတာက လွဲပြီး ဘာပြောနိုင်ကြမှာလဲ။

နှင်းခိုင်လွင်က ငိုရတာ မောသွားပုံ ရသည်။

အမေ ... အမေ ဆိုတာလောက်ပဲ တိုးတိုး ရေရွတ်နေ၏။

အားလုံး ငြိမ်နေမိကြသည်။

ဘယ်က သတင်းရမှန်း မသိ။ မမလှ ရောက်လာသည်။ လက်ထဲမှာ ရေဆွတ်ထားသော မျက်နှာသုတ်ပဝါလေး ပါလာသည်။ 'ရော့ ... သူ့မျက်နှာကို ဒါနဲ့ သုတ်ပေး' ဟု ပြောပြီး ပေးလေသည်။ ခင်စန်းမြင့်က မမလှ လက်ထဲမှ ရေစိုအဝတ်ကို ယူပြီး 'သိုင်းခရူး' ဟု ပြောရ၏။ မမလှ ပြန်ထွက်သွားသည်။

ခင်စန်းမြင့်က နှင်းနှင်းမျက်နှာကို မ-တင်ပြီး ရေစိုအဝတ်နှင့် တယုတယ သုတ်၏။ ယုယကာမှ ဝမ်းနည်းလာပြန်ပြီး မျက်ရည်ပူတွေ ကျလာပြန်သည်။

''ငိုလိုက် ... ညီမလေး ... ငိုသာငို ...''

ခင်စန်းမြင့်က ဆို့နင့်နင့်နှင့် ပြောနေသည်။

''မောတာပေါ့ မမြင့်ရယ်၊ နှင်း ... နင်မငိုနဲ့တော့လေ''

ဌေးဌေးက နှင်းခိုင်လွင် နဖူးပေါ်မှ ဆံပင်များကို သပ်တင်ပြီး ပြော၏။ နှင်းခိုင်လွင်က မျက်ရည်ပြည့်လျှံနေသော မျက်လုံးများကို မှိတ်ထားသည်။





''ငါ ... ငါ ... ဝမ်းနည်းလွန်းလို့ပါ သူငယ်ချင်းတို့ရယ်''

လှုပ်ခါနေသော ရင်ကို လက်ဖြင့် ဖိပြီး နှင်းခိုင်လွင် ဆိုသည်။

''အေးပေါ့ ... တို့လည်း ဘယ်စိတ်ကောင်းပါ့မလဲ''

ခင်လှမြင့်က အသံကို ထိန်းလျက် ပြောသည်။

''တကယ်ဆို ငါက တက္ကသိုလ်မှာ ရည်းစားတောင် မထားဘူး''

နှင်းနှင်း ကြေကွဲမှုကို မမြကြည်က ထောက်ခံ၏။

''အေးလေ ... ရန်ကုန်တက္ကသိုလ် သွားတဲ့သူက ချစ်သူတွေ့တယ် ဆို သဘာဝကျသေး''

''ဒါနဲ့ ... နှင်း အမေက အသက် ဘယ်လောက်ရှိပြီလဲ''

နှင်းခိုင်လွင်က လက်ငါးချောင်း ဖြန့်ပြသည်။

''ငါးဆယ် ဟုတ်လား၊ သွေးဆုံးရောပေါ့''

''ဘာဆိုင်လဲဟ နင်ကလည်း ...''

ဂရေစီနှင့် မကြင်ယုံ ငြင်းကြသည်ကို မအေးရင်က လက်ကုတ်၏။

''အေးလေ ... ငါးဆယ်အရွယ်လည်း မိန်းမဆိုတာ အားကိုးစရာ လိုမှာပေါ့''

ဝုန်းခနဲ နှင်းခိုင်လွင် ထထိုင်သည်။

''ဘာ ... ဘာအားကိုးစရာလဲ၊ တံငါသည်ကြီး၊ ငါ့အမေ ငါးစိမ်းသည် ဖြစ်တော့မယ်''

ပြောရင်း သံတလင်းပေါ် လဲကျသွားသည်။

''ဟဲ့ ... ဟဲ့ ... လုပ်ကြပါဦး၊ မေ့လဲသွားတာ''

နှင်းခိုင်လွင် ပါးစပ်စေ့ပြီး သွားနှစ်တန်း စေ့နေလေသည်။

ပါးစပ်မှ အာရေတွေ စီးကျသည်။

မျက်လုံးများကား စုံမှိတ်လျက်။

ရင်သားထွားထွားများက နိမ့်လိုက်၊ မြင့်လိုက်။

''ခြေမကို ချိုး''

''ဘဝင်ကို ဖိ''

''မမကြည်ကို ခေါ်မှ ထင်တယ်''

တင်မိုးဖြူ ပြေးဝင်လာသည်။

သူက တတိယနှစ် ဆေးကျောင်းသူမို့ ပိုနားလည်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မဖိနဲ့၊ ပါးစပ်ဟထားပေး၊ ပါးစပ်နဲ့ရှု"

ခြေထောက်များကို ဆန့်လိုက်ပြီး ခြေဖဝါးနှင့် ခြေသလုံးများ ဌွေးဌွေးက နှိပ်သည်။

တင်မိုးဖြူက လည်ချောင်း ရှင်းလိုက်ပြီးမှ …

"ဒီမှာ … နှင်းနှင်း … နင်လည်း ၁၈ နှစ် ရှိပြီ။ အချစ်ဆိုတာ နားလည်မှာပေါ့။ လူမှာ ဖိစာတ် မစာတ်ဆိုတာ ဒီကမ္ဘာကြီး တည်မြဲဖို့ သဘာ တရားက ဖန်တီးထားခဲ့တာ။ အဲဒီ ဖိုနဲ့မ စုံမက်တဲ့ အရာသာ မရှိရင် ကမ္ဘာ ပျက်တာ ကြာပေါ့။ နင်တို့ ငါတို့တောင် လူဖြစ်လာမှာ မဟုတ်ဘူး။ ဒီတော့ အရွယ် မလွန်သေးတဲ့ မိန်းမ ယောကျ်ားတိုင်းဟာ ဖိုက မကို အလို ရှိတယ် မကလည်း ဖိုကို လိုချင်တယ်။ အဲဒါ တားလို့ မရဘူး။ တစ်ခုရှိတာက နှင်း အမေဟာ နှင်းတို့ ကလေးဘဝတုန်းက နောက်အိမ်ထောင်ပြုရင် နှင်း မောင်နှမတွေ ပထွေးနဲ့ နေရမှာပေါ့။ ခုတော့ … နှင်းရော မမရော အလုပ် လုပ်နိုင်ပြီမို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ကြပြီ။ မောင်လေးနဲ့ ညီမလေး ကိုလည်း စောင့်ရှောက်နိုင်ပြီ။ အမေ မရှိလည်း နေလို့ ဖြစ်ပြီလေ"

တင်မိုးဖြူက လူကြီးတစ်ယောက်သဖွယ် အေးဆေးစွာ ပြောနေ သည်တော့မှ ခင်စန်းမြင့်က နှင်းခိုင်လွင် လက်ကို ဖျစ်ညှစ်ကာ …

"ဟုတ်သားပဲ ကလေးရယ်၊ တင်မိုးဖြူ ပြောတာ မှန်တယ်။ အရွယ် ယူတာ တော်သေးတာပေါ့။ ငယ်ငယ်ကသာဆို ပထွေးနဲ့ နေရမှာ ခုမှ ယူတော ကျေးဇူးတင်ရမယ်"

"နောက်တစ်ခုက နှင်းနှင်းလည်း တစ်နေ့ ယောကျ်ား ယူမှာလေ"

ဘယ်သူ့အသံမှန်း မသိ။ ဝင်ပြောသည်။

နှင်းခိုင်လွင် ပြုံးလိုက်၏။

"ပေါက်ကရ မပြောနဲ့"

"အမှန်တရားကို ပြောတာ၊ အဲဒီအခါ ကိုယ်ချင်းစာမှာပဲ"

"ဒါပေမယ့် … အမေက အသက်ကြီးပြီ။ ငါတို့ လုပ်ကျွေးတော ထိုင်စားလေ"

"ဟုတ်ပါတယ်၊ မယူရင်တော့ အေးတာပဲ"

"နေဦးဟ ငါကြားဖူးတာ တစ်ခု ရှိတယ်"

မမြကြည် ငြိမ်နေရာက ပြော၏။





"မိန်းမတွေဟာ အသက် ၅၀ မှာ ပြန့်ပြီး အဲ … ဘာခေါ်သလဲ ဦးသင်းပေါ့ … ဟိုမုန်း … အေး … ဟုတ်တယ်၊ ဟိုမုန်းတွေ ပွားသတဲ့"

"မဟုတ်က ဟုတ်က"

တင်မိုးဖြူက ဟန့်တားလိုက်မှ မမြကြည် ဇက်ပုသွား၏။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီအခြေအနေက လက်မခံလို့မှ မရတော့တာ။ သတ်ခံ လိုက်ရမှာပဲ။ လက်မခံချင်ဘူးဆိုရင် ကိုယ်ပဲ ရင်ပူရမယ်။ ဒီတော့ နှင်းလွှတ်လိုက်ပါ သူငယ်ချင်းရယ် …"

နှင်းခိုင်လွင် ခေါင်းခါသည်။

"ငါ ကောလိပ်တက်ဦးမယ်ဆိုတာ ငါတစ်ယောက်တည်း ကောင်း စားရေး မဟုတ်ဘူး"

"အေးပါ မှန်ပါတယ်၊ ခက်တာက …"

"ခက်တာက … ဟိုမုန်းတွေ …"

"လာပြန်ပြီ ဒီဟိုမုန်း"

မမြကြည်ကို ဌွေးဌွေးက ထုရိုက်ပစ်လိုက်သည်။

"နားလည်း မလည်ဘဲ ဝင်ဝင်ပြော"

ခင်စန်းမြင့်ကလည်း ဝင်၍ နှိမ်သည်။

"ထားပါကွာ … သေချာတာက တို့တစ်တွေ စာမေးပွဲကြီး ဖြေဖို့ ရက်ပေါင်း ၅၀ ပဲ လိုတော့တယ်။ အဲဒါအတွက် အာရုံပျက်လို့ မရဘူး။ ကဲ — နှင်းနှင်း ထကွယ်၊ ရေလေး ဘာလေးချိုး၊ လန်းဆန်းသွားအောင်"

"ဘာလုပ်ရမှန်း မသိရင် တစ်ခုခု ထလုပ်လိုက်တဲ့၊ ဘယ်သူကလည်း မသိ ပြောဖူးတယ်"

"ဟင် … သူပြောမှပဲ ရှင်းတော့တယ်"

ခင်လှမြင့်က စားပွဲပေါ်က ဘီးကို ယူသည်။

နှင်းခိုင်လွင် ဆံပင်ရှည်ကို အလိုက်သင့် ဖြီးပေးသည်။

ဂရေစီက မျက်နှာသုတ်ပဝါကို ကမ်း၏။ ရေချိုးလိုက်ရင် … ဟု ပြောရင်း ရေတစ်ခွက် တိုက်၏။ နေ့လယ်ခင်းသည် ပျော်ဖွယ် မရှိ။

*

"နှင်းခိုင်လွင် ၅၄ ဒည့်သည်"



www.burmeseclassic.com

www.burmeseclassic.com



အဆောင်စောင့် ဦးကြီးသည် လှေကားထိပ်မှ အော်နေသည်။

"ဒုက္ခပဲ၊ စိတ်ညစ်ရတဲ့အထဲ ဧည့်သည်က ဘယ်သူလဲ ဦးကြီး"

"အင်း … မန္တလေးဟောလ် အောင်နိုင်တဲ့"

နှင်းခိုင်လွင် ရင်ဖိုသွားရ၏။

ကိုအောင်နိုင် … တဲ့။

ဂရေစီက အဓိပ္ပာယ်ပါပါ ပြုံးနေသည်။ ပြီးတော့ သီချင်း တစ်ပိုင်း တစ်စ …

"ကိုအောင်နိုင်တဲ့ ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ် ဝဲတယ်"

နှင်းခိုင်လွင်က မကြားဟန် ပြုလိုက်၏။

"မျက်နှာကို ပတ်ဖ်လေး ဘာလေး ရိုက်သွားဦးလေ"

သူပဲ စိတ်ပူစွာ သတိပေးပြန်သည်။

ဘာပတ်ဖ်မှ ရိုက်ချင်စိတ် မရှိ။ ငိုထားသော မျက်လုံးတွေက မို့အမ်း နေသည်။ အမှန်ပြောရလျှင် ဧည့်ခံချင်စိတ် မရှိ။ ဘယ်သူနှင့်မျှ စကား မပြောချင်။ သို့သော် ကိုအောင်နိုင် ဆိုတော့လည်း ပြန်မလွှတ်ရက်။

"ဂရေစီပါ လိုက်ခဲ့ပါလား"

"မလုပ်ပါနဲ့၊ ပဲလှော်ကြားကဆား"

"သူ ဘာကိစ္စရှိလဲ မသိဘူး။ ခဏ ဆင်းတွေ့လိုက်မယ်လေ"

ဆံပင်ကို လက်နှစ်ဖက်ဖြင့် အသာအယာ ပင့်သပ်ရင်း ဆင်းခဲ့၏။

လှေကားထစ်များကို နှင်းစဉ် ရင်ထဲမှာ နွေးလိုက် အေးလိုက် ဖြစ်နေ သည်။ အောက်မှာ တက်လာသော ခင်သန်းမြင့် ပြုံးပြ နှုတ်ဆက်သည်ကို ပြန်မပြုံးပြမိ။ ကိုယ်ဆင်းတာ နှေးနေ၍ ဘေးမှ ပြေးဆင်းသွားသော ဒေါ်လီကို လမ်းမဖယ်ပေးမိ။ စိတ်နှင့် ခန္ဓာကိုယ်သည် လေထဲမှာ သီးခြားစီ လွင့်နေကြ လေသည်။

အလယ်လှေကားကြီးရှေ့ နံ့တစ်စ်ဘုတ်နားမှာ ကိုအောင်နိုင် စောင့် ကြည့်နေသည်။ နှင်းခိုင်လွင်ကို လက်နှစ်ဖက်ဖြင့် လှမ်းတွဲတော့မလို … သူ့ အမူအရာများက စိုးတထိတ်ထိတ်။

"ခင်စန်းမြင့်တို့နဲ့ အင်းလျားလမ်းထောင့်မှာ တွေ့ခဲ့လို့"

ကိုအောင်နိုင်က ဆီးပြောသည်။

ခင်စန်းမြင့်တို့ လမ်းလျှောက်ထွက်ရင်း လမ်းမှာ ဆုံလာပြီး အထူး



အကြောင်း ပြောလိုက်ပုံ ရပေသည်။

"ထိုင်ပါလား"

ဧည့်ခန်းအဝင်ဝမှ ဆက်တီသို့ ဖိတ်လိုက်သည်။ ကိုအောင်နိုင်က ခေါင်းညိတ်ပြီး ဝင်ထိုင်သည်။ ဘေးမှာ နှင်းခိုင်လွင် ထိုင်၏။ ဘာမှ မပြောဖြစ်။ ကြမ်းပြင်ကို ငုံ့ကြည့်ရင်း ကိုအောင်နိုင် စီးလာသည့် ကတ္တီပါသဲကြိုးကို ငေးနေ သည်။ ပြီးတော့ အကွက်စိပ်စိပ် ပုဆိုးအပြာရောင်။

သူကလည်း ဘာမျှ မပြော။

နှစ်ယောက်လည်း နှုတ်ဆိတ်နေကြဆဲ။

ဧည့်ခန်းထဲမှ တခြား ဧည့်သည်အိမ်သည်များက စကားတွေ ဖောင်လို့။

နှင်းခိုင်လွင်ကမူ ငိုင်နေဆဲ။

"နှင်း အရမ်း စိတ်မကောင်း ဖြစ်နေတယ်လို့ ပြောတယ်။ ကျွန်တော် နှင်းကို နားလည်နိုင်တယ်။ ကျွန်တော် ငယ်ငယ်ကလည်း နှင်းလို ခံစားခဲ့ရတာကိုး"

"ရှင်"

"ဟုတ်တယ် နှင်း၊ ကျွန်တော့်အမေလည်း နောက်အိမ်ထောင် ပြုသွား တာ၊ ကျွန်တော် ခုနစ်တန်း နှစ်ကတည်းက …"

နှင်းခိုင်လွင်က ကိုအောင်နိုင်ကို မော့ကြည့်သည်။

တည်ငြိမ် လေးနက်သော မျက်လုံးများ …

အထူးသဖြင့် … နှုတ်ခမ်းမွေး စိမ်းစိမ်း ရိတ်ပြီးခါစ မေးရိုးခိုင်ခိုင်များ။ အင်းရင်းခိုင်မာသော မေးရိုးများက စိတ်ဓာတ် ခိုင်မာတိကျကြောင်း ပြောနေကြ သည်။ တိရိလုပသော နှုတ်ခမ်းများသာ ထူနေခဲ့လျှင် သူ ဤမျှ နူးညံ့မည် မဟုတ်ပေ။ ခုတော့ သူ့နှုတ်သားများက သူ့မျက်နှာကို ပျော့ပျောင်းစေလေသည်။

"ဟင် … ကိုအောင်နိုင်လည်း အဲလို ကြုံခဲ့တယ် ဟုတ်လား"

နှင်းခိုင်လွင် အသံ အနည်းငယ် တိုးနေသည်မှအပ တုန်တုန်လှုပ်လှုပ် ဖြစ်၏။ ကိုအောင်နိုင်က သူ့လက်ဖဝါး နှစ်ဖက်ကို ပွတ်လိုက်ရင်း …

"ဟုတ်ပါတယ်၊ အဖမဲ့ရာမှ အမိပါ သူတစ်ပါး ရင်ခွင်ထဲ ပြေးဝင်တာ မြင်ရတာလောက် ကြေကွဲစရာ ကောင်းတာ ဘယ်ရှိပါ့မလဲ"

နှင်းခိုင်လွင် မျက်ရည် ပေါက်ပေါက်ကျသည်။

"ဒါပေမယ့် နှင်း … ဤအရာကား တားဆီး၍ မရပါ ဆိုသလိုပဲ။ ဒါတာ နိယာမကိုး။ လူတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်ကိုး။ နှင်းတို့ ကျွန်တော်တို့အ

www.burmeseclassic.com

သားသမီးဆိုတော့ မလွှမ်းမိုးနိုင်ဘူး။ ဒါကို လက်ခံလိုက်ပါ။ ကျေကျေနပ်နပ် လက်ခံကြည့်ပါ။ အနုတ်လက္ခဏာ နှစ်ခု မြှောက်ရင် အပေါင်းလက္ခဏာ ဖြစ်သလိုပေါ့။ တစ်ခြမ်းပဲ့ ဘဝနှစ်ခု ပူးပေါင်းခြင်းဟာ ပြည့်စုံတဲ့ဘဝ ဖြစ်သွားတယ်လေ။ အဲဒါကို ကျွန်တော်တို့ ဝမ်းသာရမှာပေါ့။ အမေ ပျော်နေတာ မြင်ရရင် ကျွန်တော်တို့လည်း မပျော်သင့်ဘူးလား။ စဉ်းစားလေ …၊ ဒါဟာ .. အပေါင်း လက္ခဏာ''

ကိုအောင်နိုင့်အသံက တိုးတိတ်ညင်သာလှသည်။ ကြီးစိုးလွှမ်းမိုး သည်။

နှင်းနှင်းက သူ့ကို မော့မကြည့်ဘဲ ကြမ်းပြင်ကိုသာ ငုံ့ကြည့်ပြန်သည်။

သူ့ခြေဖမိုးများက ပြည့်ပြည့်ဖြိုးဖြိုး။ ကတ္တီပါသဲကြိုး အရောင် နက်ပြာ ကြားမှာ ခြေဖမိုးများက ဖြူဖွေးပြည့်ဖောင်းလို့။ ပြီးတော့ ခြေချောင်းများ။ ညီညီ ညာညာ တိတိရိရိ ဖြတ်ထားသော ခြေသည်းများ။

သူ့ခြေချောင်းလေးများကို ငေးကြည့်ရင်း ကိုယ့်ခြေချောင်းလေးများကို ပြန်ကြည့်မိတော့ နှင်းခိုင်လွင် ရှက်သွား၏။ ကိုယ့်ခြေဖမိုးများက ပြည့်ပြည့်ဖြိုးဖြိုး မဟုတ်။ ခြေချောင်းတွေကလည်း မညီညာ။ ခြေသည်းတွေကိုလည်း မလှီးမဖြတ် ဖြစ်တာ ကြာပြီ။ မညီမညာ မလှမပ။ ပြီးတော့ အလျင်စလိုနှင့် စီးလာခဲ့သော ဖိနပ်က ရော်ဘာဖိနပ်။ ရေချိုးခန်းစီး ဖိနပ်။

ရှက်သွေးတွေက မျက်နှာကို တက်လာကြသည်။

ကိုအောင့်နိုင့်ကို မော့မကြည့်ရဲ။

ဆက်တီလက်တန်းပေါ် တင်ထားသော မိမိ လက်ဖမိုးကိုပဲ ကြည့်နေ ရ၏။

''နှင်း''

နှင်း …တဲ့။

တစ်လုံးတည်း …။

သူ့ခေါ်သံက လှိုက်လှဲနေသည်။ ရင်ထဲမှ လာသော အသံ။

''ရှင်''

ပြန်ထူးမိသော ကိုယ့်အသံက အက်နေ၏။ ကြည်ကြည်လွှင်လွှင် မရှိ။

''ကျွန်တော် ပြောတာ သဘောပေါက်ပါတယ်နော်။ နှင်းကို ဆရာ



ဆိုတာ မဟုတ်ပါဘူး။ နှင်း စာမကျက်နိုင်မှာစိုးလို့ပါ။ ခင်စန်းမြင့် ပြောသွား တယ်။ နှင်း သိပ်ယူကျုံးမရ ဖြစ်နေတယ်တဲ့။ အမှန်ကတော့ နှင်းရယ် လောက ကြီးက သူဖြစ်ချင်သလို ဖြစ်နေတာ။ ကိုယ်က လွှမ်းမိုးလို့ မရဘူး။ မပိုင်ဘူး။ သူများကို မပြောပါနဲ့။ ကိုယ့်ကိုယ်ကိုတောင် ပိုင်လို့လား။ ခေါင်းမကိုက်ချင်ဘဲ ကိုက်တယ်။ မဖျားချင်ပေမယ့် ဖျားတယ်။ ဒါတွေက ရှောင်လို့ မရတာတွေ။ အရေးကြီးတာက သူဘယ်လို လာလာ၊ ကိုယ်က ဆီးပြီး ခံနိုင်ရမယ်။ အပြောက် အပြောင်းတွေ ဘယ်လောက် ကြီးမားပါစေ၊ ကိုယ့်ဘက်က ခံတပ်က ခိုင်လုံရင် ချ မဝင်နိုင်ဘူးပေါ့။ ကိုယ့်ခံတပ် ခံနိုင်ဖို့ အဓိကပဲ။ ကိုယ်ခံအား ကောင်းရင် ဘက်ရုံရောဂါပိုးဟာ ကျွမ်းပြန်သွားတာပဲ။ နောက် ကျွန်တော်တို့ ဗုဒ္ဓက ဟော ထားတယ် မဟုတ်လား၊ 'အတ္တာဟိ အတ္တ နော နာထော' တဲ့။ မိမိကိုယ် မိမိပဲ အားကိုးရမယ်''

အေးစိမ့်သော စမ်းရေစီးသံနှယ် သူ့စကားများက ငြိမ်းချမ်းလှသည်။ ချောင်းညွတ်သော စကားလုံးများနှင့် ညင်သာသော ဟန်ပန်ကြောင့် နှင်းခိုင်လွင် ရင်ထဲ နေရ ထိုင်ရ သက်သာလာလေသည်။

ကိုအောင်နိုင်ကို မော့ကြည့်လိုက်၏။

သူ့မျက်နှာမှာ ကြင်နာရိပ်တွေ ထင်နေသည်။

အသားလတ်လတ်၊ နဖူးကျယ်ကျယ်၊ မျက်လုံးလင်းလင်း၊ မေးရိုးက ထက်ချိုင်မာပြီး ရိတ်ပြီးစ နှုတ်ခမ်းမွေး စိမ်းစိမ်းလေးများက ကျန်းမာသော ယောက်ျားတစ်ယောက်၏ ပုံအပြည့်။ ပြီးတော့ ဘာရယ်ဟု နှင်းခိုင်လွင် မခွဲခြား တတ်သော ရနံ့တစ်ခုသည် သူ့ရင်ဘတ်မှ ပျံ့လွင့်နေသည်။ နှင်းခိုင်လွင်ကို မှိန်းသိမ့်ချော့မော့နေသည်။ သည်ရနံ့မျိုး အစ်ကိုအရင်းဆီကလည်း မရဖူးခဲ့။ သူငယ်ချင်း ယောက်ျားလေးများဆီကလည်း မရဖူးခဲ့။ ခုမှပဲ ထူးထူးခြားခြား။

''ကျေးဇူးတင်ပါတယ် အစ်ကိုအောင်နိုင်''

ဘယ်လိုက ဘယ်ပုံ အစ်ကိုအောင်နိုင်ဟု ခေါ်မိမှန်း မသိ။

သူ့ကို အစ်ကိုတစ်ယောက်လို နှလုံးသားက အားထားသွားခြင်းပဲ ဖြစ် သည်။ ကိုအောင်နိုင်က ပြုံး၏။

ဆက်တီ လက်တန်းပေါ်ရှိ နှင်းခိုင်လွင်လက်ခုံကို အုပ်ကိုင်မည် ပြုပြီးမှ သဘောအယာ ရုပ်လိုက်သည်။

www.burmeseclassic.com



"ကျွန်တော့်ကို သူငယ်ချင်းလို အစ်ကိုလို သဘောထားနော်။ အာ ပြဿနာပဲ ရှိရှိ ပွင့်ပွင့်လင်းလင်း တိုင်ပင်နိုင်ပါတယ်။ အကူအညီ တောင်းနိုင်ပါ တယ်။ ကျွန်တော်က နှင်းခိုင်လွင်ဆိုတဲ့ ရိုးသားပွင့်လင်းပြီး အနုပညာဆန်တဲ့ စိတ်ဓာတ်ကို မြတ်နိုးတာပါ။ နှင်းခိုင်လွင်ကို မကျဆုံးစေချင်ဘူး။ အရှုံးမပေး စေချင်ဘူး။ နောက်တစ်ခုက နှင်းနဲ့ ကျွန်တော်နဲ့က နယ်ချင်း စပ်နေတာပဲ ရပ်ဆွေ ရပ်မျိုးပေါ့ ဟုတ်ဖူးလား"

ဒီလိုဆိုတော့လည်း ရင်ထဲမှာ အားတွေ ခွန်တွေ ပြည့်လာသည်။

သူ့ကို တည့်တည့်ကြည့်ပြီး အားရပါးရ ပြုံးပြလိုက်မိ၏။ ပြန်လည် ပြုံးပြသော သူ့အပြုံးကလည်း …

×× အပြုံးနဲ့ × ဆုံတွေ့ရခြင်း နိဒါန်းအစမှာတော့ ×× အမုန်းဆိုတာ မကြားလိုပါတယ် ×× မေတ္တာသင်္ကေတနဲ့ × သီကုံးနှုန်းဖွဲ့ရင်ဖြင့် ×× အကြောင်းကံလို့ပဲ ထင်တယ် × ချစ်တဲ့သူရယ် ×× မမျှော်လင့်ဘဲ တွေ့ဆုံရတဲ့ အဖြစ်မို့လည်းကွယ် ×× မယုံနိုင်လောက်အောင်သာပဲ ချစ်ရသူပါကွယ် ×× ပြန်လည်ဆုံတွေ့ကြရာဝယ် ×× အမှန်တကယ် ဘုံဝေ့ ဘဝမှာကွယ် ×× သံသရာ တစ်ကွေ့ တွေ့ကြရာဝယ် ××

ရေချိုးခန်း မင်းသမီးတစ်ယောက်၏ လှိုက်လှိုက်လှဲလှဲ သီဆိုလိုက် သော တေးသံက ရတနာ ဧည့်ခန်းဆောင်ထဲသို့ပင် လွင့်ပျံလာလေသည်။ နှစ်ယောက်လုံး နားလည်စွာ ပြုံးမိကြ၏။ ရင်ထဲမှာ လှိုက်မောမှုများ ကိုယ် နှင့် …

ကိုအောင်နိုင်က သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

"ကဲ … နှင်း … အနားယူလိုက်ဦး။ ကျွန်တော် ပြန်မယ်နော်။ အရေးကြီးရင် စာထည့်လိုက်၊ နေ့ချင်း ရောက်တာပဲဟာ"

သူ့ကို ခေါင်းညိတ်ပြရ၏။

ခေါင်းညိတ်သည့် ပုံစံက ကလေးလေးတစ်ယောက် ပုံမျိုး။

သူပြန်သွားသည်ကို ဝင်းတံခါးဝအထိ လိုက်ပို့ဖြစ်သည်။

ပြန်ခါနီး နှုတ်ဆက်တော့လည်း ကလေးလေးလိုပဲ ခေါင်းညိတ်ပြမိ သည်။ ပြန်လှည့်လာသောအခါ လှေကားထိပ်မှာ ခင်လှမြင့်နှင့် ဂရေစီ။

ကိုယ့်ကို နောင်ပြောင်ကြတော့မည်ဟု ထင်သည်။





မဟုတ်ချေ။

နှင်းနှင်းကို ဂရုတစိုက် လာတွဲပြီး 'ထမင်းစားရအောင် တို့စောင့်နေ တာ' ဟု ပြောသည်။ ထမင်းစားရမည်။ ဟုတ်သည်။ လူသည် အာဟာရ လိုအပ်သည်။ အလုပ်လုပ်နိုင်ဖို့ အစာစားရမည်။ အတ္တာဟိ အတ္တနော နာထော ဟု သူပြောသွားခဲ့တာပဲ။

တိတ်ဆိတ်စွာ သူငယ်ချင်းများနောက် လိုက်ခဲ့၏။

□



www.burmeseclassic.com

www.burmeseclassic.com

# (၂၃)
# စာမေးပွဲကြီး

"လာဟယ် … စာတွေ ဒစ်စ်ကပ်စ် လုပ်ရအောင်"

သူငယ်ချင်းတွေက ခေါ်သည်။ နှင်းက စာအုပ်ကို မကိုင်ချင်။

စာအုပ်ကို ဖွင့်လိုက်သည်နှင့် ရှေ့မျက်နှာမှာ ရေးထားသော စာကို မြင်ရမြဲ။

"သတိ အမေနှင့် သားသမီးများအတွက်" တဲ့။

နှင်းခိုင်လွင် စာကြိုးစားဖို့ ကိုယ့်ဘာသာ ရေးထားသော စာတန်း။

ကိုယ့်မှာဖြင့် အမေ့အတွက် မောင်လေး ညီမလေးတွေအတွက် ငွေ့ညှာ လိုက်ရတာ။ တစ်လလုံးလုံး အိတ်ဆောင်ငွေ ၂၀/- နှင့် နေသော ကောလိပ် ကျောင်းသူဆိုလို့ နှင်းခိုင်လွင်တစ်ယောက်သာ ရှိလိမ့်မည်။ တစ်ခါတစ်ရံ တစ်ခါ တလေမှာ စာမူခလေး ရတော့လည်း စာအုပ် ဝယ်ချင်တာ။ နှင်းခိုင်လွင် အနှံ့ တဲ့ မခံတာက နှစ်ခုပဲ ရှိသည်။ နွတ်ခမ်းနီတောင့်နှင့် အီးဗနင်းအင်ပဲရစ်ပေါ့။ မက်စ်ဖက်တာ နွတ်ခမ်းနီဘူးက နှစ်ကျပ်ခွဲ၊ အီးဗနင်းအင်ပဲရစ်က ဗိုလ်ချုပ်ဈေး တက္ကသိုလ် သမဝါယမမှာ ငါးကျပ်ခွဲ။ တက္ကသိုလ် သမဝါယမ သွားလျှင် ရှေ့ ရှင်းကောင်တာမှာ အဆိုတော် စန္ဒရားဘိုကြီး (တင်တင်မြ၏မောင်) ကို တွေ့ရ သေးသည်။

ဆိုတော့ကာ အိတ်ကပ်ငွေ ၂၀/- ဆိုတာ ပြတ်လပ်အောင် မဖြစ်ပါ။ ကျောင်းမှာ မုန့်ဟင်းခါး ပဲကြော်နှင့် ၂၅ ပြား၊ ခဲရေသုပ် ခွက်ကြီးနှင့် ၂၅ ပြား တစ်နေ့မှ ပြား ၅၀ ပဲ ကုန်သည်။ ညနေ ကျောင်းက ပြန်တိုင်းမှာတော့ ကျောင်းကားပေါ်က ဆင်းသည်နှင့် ဒွေးဒွေးက လက်ဆွဲခေါ်ခဲ့မြဲ။ အင်းလျား



ကန်စောင်း အဝင်ဝမှာ အထမ်းသည်ကြီးက ကြာဆံဟင်းခါးလေ။ တစ်ပွဲ ၂၅ ပြားပါပဲ။ နှစ်ယောက် အတူသောက်ပြီး ဒွေးဒွေးက ဒိုင်ခံရှင်းမြဲ။ မရှင်းရလျှင် စိတ်ဆိုးမြဲ။ ဟင်းခါးသည်ကြီးက သဘောကောင်းသည်။ ပန်းကန်ထဲမှာ ကြာဆံ နည်းနေလျှင် အဖတ် နည်းနည်းပေးပါဟု တောင်းကြ၏။ ပြီးတော့ အရည် ပေး ဦးဦးဟု တောင်းကြသည်။ သည်ကလေးမလေးတွေဟာလေ ဆိုပြီး ဟင်းခါး သည်ကြီးက ဖောက်သည်ကို အလိုလိုက်မြဲ။ နှင်းနှင်း အကြိုက်ဆုံးက ဆီချက် ခေါက်ဆွဲပါ။ သူက တစ်ပွဲ ပြား ၅၀ မို့ အိမ်က ငွေရောက်သော ရက်မှသာ စားဖြစ်ပါသည်။

နှင်းနှင်းမှာ ငွေအတွက် အပူအပင် မရှိ။ ပူလို့လည်း မဖြစ်တဲ့ ဘဝကိုး။ ဒွေးဒွေးတစ်ယောက်ကတော့ သူ့အိမ်မှာ အငယ်ဆုံးမို့ အဆိုးဆုံးဆိုပဲ။ တစ်ရက်မှာ ငါးခယ်မက သူ့အစ်ကို ကားနှင့် ရောက်လာပြီး ဒွေးဒွေးအတွက် မုန့်ဖိုး ၂၀၀/- ပေးတာကို နင်တို့ ၂၀၀/- ဘာလုပ်ရမှာလဲ ဆိုပြီး အင်းလျားလမ်း ကတ္တရာ လမ်းမပေါ် ပစ်ကြဲပစ်ခဲ့၏။ နှင်းနှင်းမှာ နမြောစွာ ပြေးလွှားကောက်ခဲ့ရသည်။ သြော် … ဒွေးဒွေးက ဆေးလိပ်ခုံပိုင်ရှင် သူဌေးသမီး။ အငယ်ဆုံး အထွေးဆုံး အချောဆုံးလေး။ သူ့ဘဝက အကျိုးပေး ကောင်းသည်။

ကိုယ့်မှာတော့ အမေက အားလုံးကို ထားခဲ့ပြီးပြီ။

မျက်ရည်သည် ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။

စာအုပ်ကို ကောက်ကိုင်လိုက်တိုင်း စာကို မမြင်။ မျက်ရည်တွေက အွှယ်နေ၏။

"ဟေ့ … နှင်းနှင်း၊ မမြင့်တို့ အနောက်တိုင်းသမိုင်း ကျက်တာ ဆူရေရေနေတယ်။ လာပါဟယ် … ဒုတိယ ကမ္ဘာစစ် ဖြစ်ရခြင်း အကြောင်းရင်း ရှင်းပြစမ်းပါ။ နှင်းနှင်း ရှင်းပြရင် တို့က ပြန်ကျက်စရာ မလိုဘူး၊ စွဲသွားတာပဲ"

ခင်စန်းမြင့်က ရေနွေးကြမ်း ဓာတ်ဘူးတစ်လုံးနှင့် လာခေါ်သည်။ သမိုင်းဘာသာ အတူယူကြသော ဒွေးဒွေး၊ မမြကြည်နှင့် ခင်လှမြင့်တို့က အနောက်ဘက် ဝရန်တာမှာ သင်ဖြူးဖျာလေး ခင်းပြီး စောင့်နေကြလေသည်။

"ဒုတိယ ကမ္ဘာစစ်က ၁၉၃၉ ခုနှစ် စဖြစ်တာ။ စစ်ဖြစ်ရခြင်း အကြောင်းရင်းတွေ အများကြီးထဲမှာ 'ရုတ်တရက်ဖြစ်ရခြင်း အကြောင်း' ဆိုတာ အရေးကြီးတယ်။ တခြား အကြောင်းရင်းတွေ ရှိနေရာက ချက်ချင်း မီးဆို ဆတိုက်ကြဖို့၊ စစ်ကြေညာဖို့ ဖြစ်ရတဲ့ကိစ္စ၊ အဲဒါ … ရုတ်တရက် စစ်ဖြစ်

www.burmeseclassic.com



ရသော အကြောင်းရင်း ...''

သူတို့ကို ကိုယ်နားလည်သမျှ ပြန်ပြောပြတော့ သူတို့က မျက်နှာလေး လေးတွေနှင့် နားထောင်ကြရသည်။ နှင်းနှင်းက သည်တစ်ခု ကံကောင်း၏ ဘယ်စာပဲ ဖြစ်ဖြစ် တစ်ကြိမ် ဖတ်လိုက်တာနှင့် တစ်ခါတည်း မှတ်မိသွားသည်။ အချက်အလက်တွေကို မျက်စိမှိတ်ပြီး စဉ်းစားလျှင် စာမျက်နှာအလိုက် မြင်၏ သည်။ ဥပမာ ... ဘိန်းစစ်ပွဲ စာချုပ် အချက် ၁၀ ချက် ဆိုလျှင် နံပါတ် (၈) က ဟိုဘက်စာမျက်နှာ ကူးသွားတာကအစ မြင်နေသည်။ သည်တော့ သူများ တွေလို စာကျက်ချိန် များများ မသုံးရပေ။ ဉာဏ်ကောင်းတယ် ဆိုတာ ဒါပဲ ဖြစ်ပါလိမ့်မည်။ ဉာဏ်ထိုင်းပုံကို နှင်းနှင်းဖြင့် နားမလည်ခဲ့ပေ။ ဒုတိယတန်း တုန်းကပေါ့။ အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာ ရှာနည်း သင်သည်။ 'နေထွက်ရာဘက်သို့ မျက်နှာမူပြီး လက်နှစ်ဖက်ကို ဆန့်တန်းပါ။ မျက်နှာမူရာ အရပ်သည် အရှေ့၊ နောက်ကျောဘက်သည် အနောက်၊ လက်ယာ ဘက်သည် တောင်၊ လက်ဝဲဘက်သည် မြောက်' တဲ့။ တစ်ခေါက် သင်ရုံနှင့် မှတ်မိ၏။ ညာဘက်က တောင်၊ ဘယ်ဘက်က မြောက်၊ ဆရာ ဆိုနိုင်းတော့ လွယ်လွယ်လေးနှင့် ဆိုပြ၏။

ဒါကို မခင်လှဆိုသော ကောင်မလေး၊ ဘယ်လိုမှ ဆိုနိုင်း၍ မရပေ မတ်တတ်ရပ်ပြီး ဆိုနေတာ မျက်နှာမူရာ အရှေ့နှင့် ကျောဘက်မှာ အနောက် ဆိုတာတော့ ဟုတ်ပါရဲ့။ လက်ယာဘက် တောင်၊ လက်ဝဲမြောက်ကို ဘယ် လိုမှ မှန်အောင် မဆိုနိုင်ချေ။ လက်ယာက မြောက်ဖြစ်လိုက်၊ လက်ဝဲက တောင် ဖြစ်လိုက်။ ဆရာက ဒေါသဖြစ်နေသည်။ ဒါလေးမှ မရဘူးလား။ ခုံပေါ်တက် မတ်တတ်ရပ်။ ကဲ ... ဆို ... နေထွက်ရာ အရပ်သည် ...

မခင်လှ မျက်ရည် ကျနေသည်။ ဆရာက ကြိမ်လုံးနှင့် ရိုက်သည် မရ။

နှင်းနှင်းက အံ့သြ၍ နေ၏။

ဘယ့်နှယ်ကြောင့် ဒါလေးကို အလွတ် မဆိုနိုင်ပါလိမ့်။ ဉာဏ်ထိုင်း သည်ဆိုတာ ဒါပဲ ဖြစ်လိမ့်မည်။ ထို မခင်လှသည် လေးတန်း မအောင်ဘဲ ကျောင်းထွက်သွားခဲ့ရ၏။ သူ့အိမ်မှာ အိုးလုပ်သည့် အလုပ်ပဲ လုပ်နေလေတော့ သည်။

နှင်းနှင်းက စာကျက်၍ မှတ်မိလွယ်ခြင်းအတွက် အဖေနှင့် အမေ



ကို ကျေးဇူး တင်နေမိ၏။ နှင်းနှင်း ဘယ်စာမေးပွဲမှ မကျခဲ့ဖူးပေ။ ခုတော့ နှင်းနှင်း မှတ်ဉာဏ် ကောင်းမှုသည် သူငယ်ချင်းများအတွက်ပင် အထောက်အကူ ဖြစ်နေသည်။ နှင်းနှင်း ရှင်းပြရင် နားလည်သွားတယ်ဟု သူတို့ ပြောကြသည်။ နှင်းနှင်း စားဖို့ လက်ဖက်သုပ်ပေးသည်။ ကော်ဖီ ဖျော်ပေးသည်။ နှင်းနှင်း စာတွေ ကြိုဖတ်၊ ပြီးရင် တို့ကို ရှင်းပြတဲ့။ သည်တော့ နှင်းနှင်းက စာကို အာရုံ သွင်းရသည်။ ကိုယ်မဖတ်လို့ မဖြစ်တော့။ သူငယ်ချင်းတွေအတွက် ...။

သည်လို လုပ်ရင်း မျက်ရည်ကျဖို့ အခွင့်အလမ်း နည်းပါးသွားခဲ့၏။ ဒါဟာ သူငယ်ချင်းများရဲ့ တမင်ဖန်တီးမှုဟု နှင်းနှင်း မသိချေ။

''ခင်လှမြင့်တဲ့ ဧည့်သည်''

ညနေ ဧည့်သည်ချိန် ဝရန်တာမှာ စုပြီး စာကျက်ဆဲ ဦးကြီး လာခေါ် သည်။

''ဘယ်သူပါလိမ့်''

''သင်းအောင်တဲ့''

''ကဲ ... ကြွပေတော့''

''နှင်းနှင်း ... လိုက်ခဲ့ပါလား''

''ကိုယ့်ဟာကိုယ်ပဲ သွားပါအေ ... စာအုပ်တွေ ပါလာရင်သာ ကိုယ့်ကိုမျှပေး''

ဟုတ်သည်။ သင်းအောင်က လာတိုင်း စာအုပ်တွေ ယူလာတတ်သည်။ အထူးသဖြင့် အင်္ဂလိပ်လို ရေးထားသော စာအုပ်များ ဖြစ်၏။ နှင်းနှင်းသည် သင်းအောင် ယူလာမှပဲ ရာဘင်ဒြာနာသ်တဂိုး၏ ''ဂီတဉ္ဇလီ'' တို့ ''သစ်သီးခူး'' တို့ကို ဖတ်ဖူးသည်။ သင်းအောင်က ကျောင်းမှာ အင်တာ (B)သာ ရှိသေးပေမယ့် ကိုယ်ပိုင် စာကြည့်တိုက် ရှိသည်။ သူက လှည်းကူးသား ဖြစ်၏။ ရန်ကုန် တက္ကသိုလ် ကလောင်သင်းမှာ အမှုဆောင်ဖြစ်ပြီး သူ သံယောဇဉ် ဖြစ်မိသူကား ကလောင်သင်းထဲက မဟုတ်၊ ကလောင်သင်း၏ ဘဏ္ဍာရေးမှူး နှင်းခိုင်လွင်နှင့် တွဲသော မမြင့်မွန် (ပဲခူး) ကလောင်မည်နှင့် ကဗျာရေးသည့် ခင်လှမြင့်တည်း။

ခင်လှမြင့် အောက်ဆင်းလာသောအခါ သင်းအောင်က စာအုပ်တွေ ပိုက်လျက် ပေါ်တီကိုမှာ ငြိမ်ငြိမ်လေး ရပ်နေသည်။ ခင်လှမြင့်က သူ့အနား မှာပင် လက်ပိုက်လျက် ရပ်သည်။

''ဘာစာအုပ်တွေပါလဲ''

www.burmeseclassic.com

www.burmeseclassic.com



သင်းအောင်က စာအုပ်တစ်အုပ်၏ မျက်နှာဖုံးကို ပြ၏။

The Old Man and the sea … တဲ့။

ပင်လယ်ပြာနှင့် အဘိုးအိုပေါ့။

စာရေးဆရာကား အမေရိကန် စာရေးဆရာကြီး Earnest Heming way ဖြစ်သည်။

"အဲဒါတွေ သိပ်ဖတ်နိုင်မှာ မဟုတ်ဘူး"

ခင်လှမြင့်က ရိုးရိုးလေး ပြောသည်။

"စာမေးပွဲကြောင့်လား"

"မဟုတ်ပါဘူး … အဲဒီစာအုပ်က ခက်မယ်ထင်လို့"

"သိပ်ခက်တယ် မဟုတ်ပါဘူး၊ မသိတဲ့ဟာ ကျော်ဖတ်လို့လည်း ဖြစ်တာပါပဲ။ အဓိက အချက်က ဘဝကို တေတေပေပေနဲ့ အရှုံးမပေးတဲ့ စိတ်ဓာတ်၊ လူဆိုတာ အသက်ရှင်နေနိုင်သေးရင် ဘာမှ တွေးမနေနဲ့၊ လုပ်လို့ရတဲ့ဟာ အရင် လုပ်ဆိုတဲ့ အချက်ပဲ။ စိတ်ဓာတ် ကြံ့ခိုင်ရေးပေါ့ …"

"ဟုတ်လား ဖတ်ကြည့်မယ်လေ"

"ကဗျာတွေကော ရေးဖြစ်သေးလား"

"စာကျက်နေရတယ်"

"ဟုတ်ပါရဲ့၊ စာကျက်ရမယ်။ ကျွန်တော်ကတော့ စာမေးပွဲ ကျရှုံးလို့ နောက်ထပ် ကျမှာ မကြောက်ဘူး"

ခင်လှမြင့် ရယ်လိုက်သည်။

သင်းအောင်က တမေ့တမော ငေးနေပြီးမှ …

"ကျွန်တော် ပြန်တော့မယ်" ဟု ဆိုသည်။

ခင်လှမြင့်က … "ဟုတ်ကဲ့" ဟု ပြောပြီး သင်းအောင် လက်ကမ်းသော စာအုပ်ကို လှမ်းယူသည်။

တိတ်ဆိတ်စွာ သင်းအောင် ပြန်သွားသည်။

ရတနာဆောင်သည် ငြိမ်သက်စွာ ကျန်ရစ်၏။

ကံ့ကော်ပင်ပေါ်မှ ကံ့ကော်ဝတ်မှုန်များ နွေဦးလေနှင့် ရောပြီး ဝဲကျလာသည်။ ကံ့ကော်ရနံ့က မသိမသာလေး မွှေးပျံ့နေသည်။ အင်းလျားကန်ဘက်ရှိ သစ်အုပ်များဘက်မှ ဥသြတွန်သံလေး ပေါ်လာပြန်သည်။ တမ်းတမ်းတတ ဆွေးဆွေးလျူလျူနှင့် ဖော်မဲ့သော ဥသြသည် အင်းလျားလမ်းအတိုင်း အရှေ့ဘက်





အင်းဝဆောင်ဘက် လျှောက်သွားသော သင်းအောင်အတွက် လမ်းဖော်လွမ်းဖက် ဖြစ်နေပေရော့မည်။

ရတနာဆောင်ရှေ့မှာ လူရှင်းနေ၏။

ယခုတလော ခွေးသည် အလာကျဲနေပြီ။

စာမေးပွဲနတ်သည် ချစ်သူများကိုပင် ခေတ္တ ခွဲခွာကြပေဦးဟု ဩဇာ ပေးနိုင်၏။ စာမေးပွဲ … စာမေးပွဲ ဆိုသော အသံက အချိန်စာရင်းတွေ ကြေညာလိုက်ကတည်းက စီစီ ညံနေသည်။ မတွေ့ချင်၍ မရ။ မမြင်ချင်၍ မရ။ မတွေးချင်၍ မရ။ ဘီအေအောင်လျှင် အထက်တန်းပြ ဆရာမ လုပ်မလား၊ မြို့ပိုင်လေး လုပ်မလား။ အလုပ်တွေက ကြိုဆိုနေမြဲ။ သည်တော့ … သည်စာမေးပွဲကို ကျော်ဖြတ်၍ မဖြစ်ချေ။ မိဘက ချို့တဲ့ခံပြီး မဖြစ်မနေ ပို့ထားသော သူများ ဆိုလျှင် ပြောဖွယ်မရှိ။ သည်စာမေးပွဲကို ဘယ်နည်းနှင့်မျှ အကျမခံနိုင်။

သည်လို အကျမခံနိုင်သူများတွင် နှင်းနှင်းက အဆိုးဆုံး။ သူများတွေက ကျလျှင် ငွေရှာပြီး ကျောင်းပြန်လာနိုင်ဦးမည်။ နှင်းနှင်းမှာက ပထမနှစ် ကျတာနှင့် အလယ်တန်းပြ ပြန်လုပ်ရမည်။ ကျောင်းဆက် မထားတော့။ ရာထူး လည်း မတက်ပေးတော့ဟု ကချင်ပြည်နယ် ပညာရေးဌာနက အမိန့်ထုတ်ပြီး ဖြစ်သည်။ နှင်းနှင်းလို ပညာရေးဌာနက ပညာတော်သင် လွှတ်သူများထဲတွင် မြစ်ကြီးနားမှ မေမေသော် ဆိုသော ဆရာမလေးက ဥပစာ နှစ်နှစ် အောင် သွားသဖြင့် အထက်တန်းပြ ဆရာမ ဖြစ်သွားပြီ။ ဒေါ်ခွန်ဆိုသော ဆရာမကား မန္တလေးတက္ကသိုလ်တွင် ပထမနှစ်မှာပင် စာမေးပွဲ ကျခဲ့သဖြင့် ဗန်းမော် အ . ထ . က (၁) မှာ အလယ်တန်းပြ ပြန်လုပ်နေရကြောင်း သိရသည်။

သည်တော့ နှင်းနှင်း စာမေးပွဲ ကျ၍ မဖြစ်။

ရာထူးလည်း မတိုး၊ ပြီးတော့ … အမေ တစ်ယောက်လုံး ဆုံးရှုံး ခံထားရသည်မို့ ထပ်၍ အရှုံးလည်း မခံနိုင်။

ဒါ့အပြင် …

တက္ကသိုလ်ကို နှင်းခိုင်လွင် သံယောဇဉ် တွယ်ခဲ့ပြီ။

ရန်ကုန်တက္ကသိုလ် ဆိုသော စကားလုံးကအစ မြတ်နိုးဖွယ်ဟု ခံစားနေပြီ။ ရန်ကုန်တက္ကသိုလ်မှာ နေရသလောက် နေပြီး ရနိုင်သမျှ ဗဟုသုတတွေ စုဆောင်းချင်သည်။ ရန်ကုန်တက္ကသိုလ်ထွက် ဟူသော ဂုဏ်ကို လိုချင်သဖြင့် ပညာရေးဌာနက မန္တလေးတက္ကသိုလ်သို့ ပို့တာကို ရန်ကုန် လဲခဲ့ခြင်းသော



www.burmeseclassic.com

www.burmeseclassic.com



အမိန့်စာထဲမှာ 'မန္တလေး တက္ကသိုလ်သို့ ပညာသင်ရန် စေလွှတ်လိုက်သည်။ အကယ်၍ ရန်ကုန်တက္ကသိုလ် သို့ တက်ရောက်လိုပါက မန္တလေးမှ ရန်ကုန်သို့ ရထားခ ခရီးစရိတ်ကို မိမိဘာသာ ကျခံရမည်' တဲ့။ မန္တလေး - ရန်ကုန် ရထားခမှာ ၁၇/၊ ပြား ၅၀ ပါ။ ဒါလေးလောက်တော့ နှင်းနိုင်လွင်က ပြုံးပြုံးလေး စိုက်လိုက်တာပေါ့။ သည်လို ရင်ကော့လာခဲ့ပြီးခါမှ …

အကယ်၍ ပထမနှစ်မှာပင် စာမေးပွဲကျ၍ အလုပ် ပြန်လုပ်ရသည် ဆိုလျှင် နှင်းနိုင်လွင် ရှက်၍ သေလိမ့်မည်။

သည်တော့ …

စာကျက်မှ … စာကျက် … စာကျက်။

*

ကြည်ကြည်ထွန်းဆိုသော ကျောင်းသူက ရတနာဆောင် အပေါ်ဆုံး ထပ်မှာ နေသည်။ သူက အတွေ့တွေ ဂုဏ်ထူးတန်း တက်ခွင့်ရဖို့ ရည်မှန်းထား သည်။ ဂုဏ်ထူးတန်း တက်ရမှ တက္ကသိုလ်မှာ ဆရာမ ဖြစ်ဖို့ သေချာသည်။ အများအားဖြင့်က ဝိဇ္ဇာဘွဲ့ ရပြီးမှ ကျူတာအလုပ် လျှောက်ကြ၏။ စာမေးပွဲ သပ်သပ် ဖြေကြရ၏။ ကျူတာ ဖြစ်တော့မှ မဟာဝိဇ္ဇာတန်း တက်ဖို့ ကြိုးစား ရသည်။ မဟာဝိဇ္ဇာ ဝင်ခွင့်ရပြီး မဟာဝိဇ္ဇာ တက်ရပြီ ဆိုတော့မှ လက်ထောက် ကထိက ရာထူးကို မျှော်မှန်းနိုင်မည်။ အကယ်၍ မဟာဝိဇ္ဇာတန်း မတက်နိုင်ဘူး ဆိုပါက ကျူတာဘဝနှင့် အရိုးထုတ်ရမည်။

သည်တော့ တက္ကသိုလ်မှာ ပဝါနှစ်စ အသာချပြီး ဆရာမလုပ်ဖို့ အသေချာဆုံးက ဂုဏ်ထူးတန်း တက်ရမှ ဖြစ်မည်။ ဂုဏ်ထူးတန်း အောင်လျှင် တော့ ကျူတာစာမေးပွဲ ဖြေရန် မလို။ ကျူတာ တန်းဖြစ်လေသည်။

ထို့ကြောင့် တက္ကသိုလ် ဆရာမကြီး လုပ်ချင်သော ကြည်ကြည်ထွန်း တို့လို ကျောင်းသူများကား ဥပစာ (ခ) တန်းမှာ အသေအကျေ ကြိုးစားရခြင်း ဖြစ်၏။ ကြည်ကြည်ထွန်း၏ နမူနာ ကျောင်းသူ ခင်ခင်လတ် ဆိုသူကား စာမေးပွဲကြီး နီး၍ ခေါင်းမဖြီးဘဲ စာကျက်ခဲ့သည်တဲ့။ စာမေးပွဲ ပြီးသောအခါ သူ့ဆံပင်များကို ဘီးဖြင့် ဖြီး၍ မရတော့ပေ။ အရင်းမှ နေပြီး ကတ်ကြေးနှင့် ဖြတ်ခဲ့ရသည်ဆိုပဲ။ ကြည်ကြည်ထွန်းလည်း သူ့ဆံပင်ကို သည်လိုပဲ ဥပေက္ခာ ပြုထားလိုက်ပြီ။ ခေါင်းတုံးပင် တုံးရစေဦး။ ဂုဏ်ထူးတန်း တက်ခွင့်ရဖို့ အဓိက။





ရုပတ်ဆိုသော ကျောင်းသားက ဥပစာ (ခ) တန်း စာမေးပွဲကို မဖြေချေ။ သာမ တစ်ဘာသာ သူ ဖြေခဲ့သည်။ စိတ်တိုင်းကျ မဖြေနိုင်။ အောင်မှတ်လောက်ပဲ ရနိုင်သည်။ သည်တော့ နောက်ပိုင်းဘာသာတွေ ဆက်ဖြေပြီး အမှတ်များများ ရသည့်တိုင် သူတက်လိုသော ဂုဏ်ထူးတန်းကို ဝင်မည် မဟုတ်။ ထို့ကြောင့် သည်နှစ် အကျခံလိုက်မည်။ နောက်နှစ်ကို သေချာအောင် ပြင်ဆင်မည်။ ဂုဏ်ထူး တန်း မတက်နိုင်ဘဲ ရိုးရိုးသိပ္ပံဘွဲ့ဖြင့် သူ မကျေနပ်နိုင်။

အင်ဂျင်နီယာ မဟာဌာနနှင့် ဆေးသိပ္ပံ သွားချင်သူများလည်း ဤဥပစာ (ခ) သည် အဆုံးအဖြတ် ဖြစ်၏။ ဥပစာသိပ္ပံ (ခ)မှာ သတ်မှတ်ထားသော အမှတ် ရရှိပါမှ သင်္ချာ + ရူပ + ဓာတု ယူသူများက ဘီအက်စီ အင်ဂျင်နီယာသို့ သည်းကောင်း၊ ဇီဝ + ရူပ + ဓာတု ယူသူများက ဆေးသိပ္ပံသို့ လည်းကောင်း ဝင်နိုင်ကြမည်။ အားလုံးသည် သူ့လမ်းနှင့်သူ ဒုန်းစိုင်းနေကြရပြီ။

ပန်းဝင်ခါနီးအချိန်သည် အမောဆို့နိုင်သော်လည်း အရိုက်လျှော့၍ မဖြစ်။ အမောလုံအောင် ထိန်းရင်း ပန်းတိုင်သို့ မျက်စိဖွင့်လျက် မမိုတ်မသုန် ကြည့်နေရ သည့် အချိန်တည်း။

ပြက္ခဒိန်စာရွက်ကလည်း တစ်နေ့ပြီးတစ်နေ့ မြန်လွန်းလှ၏။

သစ်ပုပ်ပင်ကြီးကလည်း တစ်ပင်လုံး အရွက် ခြွေချပြီး သတိပေးခဲ့ပြီ။

ဣန္ဒြေကြီးသော ဘွဲ့နှင်းသဘင် ခန်းမကြီးကတော့ မိခင်ပီပီ ငြိမ်သက် အေးချမ်းစွာ နှစ်သိမ့်နေမြဲ။ အမိ ရင်ခွင်တွင် များပြားလှသော မယ်တို့ မောင်တို့ကို ဘွဲ့ဝတ်ရုံ နှင်းအပ်ပေးခဲ့ပြီးပြီ။ လုပ်ငန်းခွင် အသီးသီးတွင် အလုပ်ကြီး အကိုင်ကြီး လုပ်နေကြပြီ။ ကြိုးစားကြ၊ လိမ္မာကြ၊ သတိရှိကြ၊ အောင်မြင်ရမယ် … ဟု ပြောနေလေသည်။

အနုပညာအသင်း တည်ရှိရာ အခန်းလည်း သရဲခြောက်မတတ်ပါပဲ။

တစ်နှစ်လုံးနီးပါး ဤအခန်းမှာ စောင်းသံ၊ ပတ္တလားသံ၊ မုံသံ၊ ပတ်သံ ဆူညံခဲ့၏။ ထံတျာတေရှင် … တွင်တွင် ဆိုခဲ့ကြ၏။ ကဗျာလွှတ်အစ ဆိုးဒယား သမင်လိုက်အလယ် ရာမဇာတ်တော်ကြီးကိုပင် တင်ဆက်ခဲ့ကြ၏။ အနုပညာအသင်း၏ ဖျော်ဖြေပွဲကို ဘွဲ့နှင်းသဘင်မှာ ကျင်းပစဉ် တစ်ကျောင်းလုံး ချီးအုံးကျက်ကျက် အားပေးခဲ့ကြ၏။ ယခုတော့ အားလုံး တိတ်ဆိတ်လို့ …။

စာမေးပွဲသည် စိတ်မချရ။

ဘယ်စာမေးပွဲကမှ အားလုံး အအောင်ပေးမည်ဟု မပြော



www.burmeseclassic.com

www.burmeseclassic.com



သင်ရိုးညွှန်းတမ်း တစ်နှစ်စာလုံးကို စစ်မေးမည် ဖြစ်သည်။ အောက်တန်း ဘာတုန်းက ဖြေခဲ့ရသော နှစ်ဝက် စာမေးပွဲအမှတ်ကို ကြည့်မည်ဟု ပြောသူလည်း ရှိ၊ ဖိုင်နယ်လ် အမှတ်ပဲ ကြည့်မှာဟု ဆိုသူလည်း ရှိ။ ဒီစာမေးပွဲ အမှတ်ကိုအား အားထားရလို့ များနေသည်။ တစ်မှတ်မှ အလျှော့ခံ၍ မဖြစ်။ သည်တော့ တစ်နာရီမှ အချိန်ဖြုန်း၍ မဖြစ်။ အချိန်မဖြုန်းနိုင်ပုံများ ကိုပုညက တစ်ညနေ ရောက်လာ သည်။ မလွှမ်းမှုနှင့် နှင်းခိုင်လွင်ကို ခေါ်ပြီး ကူလ်ဖီးလ် ရေခဲမုန့် ဝယ်ကျွေးသည်။ စာကျက်ကြနော်၊ စာမေးပွဲ ဖြေနိုင်အောင်လုပ်၊ ကျွန်းမာရေးလည်း ဂရုစိုက်၊ စာမေးပွဲ ပြီးတဲ့ ရက်ကျ တစ်ခါလာပြီး မုန့်ကျွေးမယ်ဟု ပြောကာ နာရီဝက်မျှ မနေဘဲ ပြန်သွားခဲ့သည်။

တစ်ပတ်တစ်ခါ မော့်စ်ဖစ်ချ် ကားပြာလေးနှင့် လာတတ်သော ရွှေ မောင်ဆွေတင့်လည်း ဖန်နဝါရီဆန်းကတည်းက ပေါ်မလာတော့။ အခန်းဖြစ်ပြီး စာကျက်နေပေရော့မည်။ သူက ဥပစာ (ခ) မို့ ရွှေခရီး အဆုံးအဖြတ်ပဲ။

တက္ကသိုလ်ဆေးရုံမှာလည်း လူစည်နေသည်။

အိပ်ရေးပျက်၍ မူးလေသူများ ...

အစားပျက်၍ အားနည်းသူများ ...

စာမေးပွဲ နီးခါမှ ဆေးရုံ ပြေးနေကြရ၏။

အိပ်မပျော်၍ စိတ်ကြောင်နေရသူတွေ အကြောင်းလည်း ကြားနေရသည်။ ရှက်ကြွေတောမှာ ကသောကမျော စကားပြောရသော ချစ်သူတွေလည်း ခပ်ပါး ပြန်တွေချည်း များသည်။ ဧည့်ခန်းမှာ လူမရှိ။ ရေဒီယို ဖွင့်မည့်သူ နည်းပါး ဖယ်ခုံများလည်း ဖုံတက်နေကြလေပြီ။

ကိုဘလေးတို့ ကျက်စားရာ တကာသ အဆောက်အအုံမှာလည်း ချွေးနွေးငြင်းခုံပွဲများအစား ကျောင်းစာအုပ်များ နေရာယူနေကြသည်။ သည်နေရာမှာ ဆက်လက် နေနိုင်ဖို့က တစ်နှစ်တစ်တန်း မဟုတ်တောင် နှစ်နှစ် တစ်တန်းတော့ အောင်မှ အိမ်ကလည်း ကြည်ဖြူလိမ့်မည်။

ကိုဘလေးက ကိုတင်အောင်ဝင်းနှင့် အတူ စာကျက်၏။

ကိုဘလေးက ရေဝတီတိုင်းသား။

ကိုတင်အောင်ဝင်းက ခရမ်းသုံးခွသား။

နှစ်ယောက်ပေါင်းပြီး တကာသ အောက်ထပ်မှာ စာကြည့်ကြ၏။ ကိုတင်အောင်မြင့်နှင့် ကိုတင်မောင်ဆွေက အပေါ်ထပ်မှာ။ သူတို့လည်း ဗိုလ်တန်း





နောက်ဆုံးနှစ် ကျောင်းသားများမို့ ကျောင်းစာ ပိနေသည်။ အထူးသဖြင့် တစ်နှစ်လုံး ကျောင်းပျက်ထားသဖြင့် မှတ်စုစာအုပ်တွေက အလွတ်များနေသည်။ သူတို့ကို သံယောဇဉ် ရှိသော မာလာက ညီမတော်များက စာအုပ် ငှားသဖြင့် ကျေးဇူး တင်ရ၏။ ညနေဘက် စာအုပ် ပြန်ပို့ဖို့ ဆိုပြီး မာလာဆောင် သွားကြသူများတွင် သူတို့နှစ်ယောက်အပြင် မောင်ကိုယုလည်း ပါသည်။ မောင်ကိုယု၏ သံယောဇဉ် ညီမနှင့် ကိုတင်အောင်မြင့်၏ သံယောဇဉ်ညီမတို့က အရေးထဲ နာမည် တူနေသေး သည်။ မြင့်မြင့် ... တဲ့။ သူတို့ စာအုပ် ငှားတာက တော်တော်နှင့် မပြီးပေ။ မာလာဆောင်မှ ဒရဝမ် မောင်စိန် ခေါင်းလောင်းတီး၏။ ခွေးတွေ အူထွက်လာမှ ပြန်ဖြစ်ကြ၏။ ဤအဖြစ်ကို မောင်ကိုယုက ကြံဖန် ဂုဏ်ယူသေးသည်။ တို့က ခွေးအူသံတွေနဲ့အတူ ပြန်တာတဲ့။

ဘာလိုလိုနှင့် သန်ဘက်ခါ စာမေးပွဲ စတော့မည်။

*

ကျူတာ ဆိုသော ဆရာပေါက်စများသည် ကျောင်းသားစိတ် ပျောက်သေးသူများ ဖြစ်၏။ ကျောင်းသားဘဝမှ အသွင် ကူးပြောင်းလာခါစမို့ ကျောင်းသားစိတ် ရှိနေဆဲ ဖြစ်၏။ အခု စာမေးပွဲကြီး ဆိုသော အချိန်တွင် ကျူတာတို့လည်း ရင်ပူကြသည်။ ငါတို့ တပည့်တွေ ဖြေနိုင်ကြပါ့မလား။

ကိုယ်စောင့်ရသည့် အခန်းမှာ ကိုယ့်တပည့်တွေနှင့် ဆုံလျှင်တော့ အတတ်နိုင်ဆုံး အခွင့်အရေး ပေးကြမည်။

စာမေးပွဲ ဖြေရင်း ရေအိမ်သွားချင်သလား။ သွားပါစေ၊ လိုက်မစောင့်။

စာမေးပွဲ မေးခွန်းလွှာမှာ မမှတ်ရဆိုတာ မှတ်ပါစေ။

လက်ဝါးပြင်မှာ ပေါင်မှာ ကူးစရာ ပါသလား။ ကူးကြပါစေ။

ကွက်လပ်ဖြည့်တာ လေးမျိုး စကားလုံး ရွေးရတာ လေးမျိုးများဆိုလျှင် အဖြေမှန်ကို လမ်းလျှောက်ရင်း လက်ညှိုးလေးနှင့် ထောက်ပြလိုက်သေးသည်။

သည်လိုနှင့် လေး ငါး ဆယ်မှတ်ဖိုးလောက် ကူညီနိုင်သည်။

အောင်စေချင်လွန်းလို့ပါ။ တက္ကသိုလ်စာမေးပွဲဆိုတာ အထာကြီး လွန်းလို့ပါ။ တချို့ ဘီအေ အောက်တန်းမှာ သုံးလေးနှစ်။ ဖိုင်နယ်မှာ တစ်နှစ် သူတွေ တစ်ပြုံကြီး။ ဥပစာမှာတုန်းက အတန်းတက်ဖော်များသည် မိမိတို့ ကျူတာအဖြစ် ပြန်သင်နေရသော အတန်းမှာ ရှိနေဆဲ။ သည်တော့ ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



ရမည်ပေါ့။

ခင်လှမြင့်နှင့် ခင်စန်းမြင့်ကား ကံကောင်းဆုံးသူများတည်း။

သူတို့ ဖြေရသော အခန်းမှာ ကျူတာ ဦးထွန်းသန်း စောင့်သည်။

ဦးထွန်းသန်းက အင်္ဂလိပ်စာဌာနက ဆိုသော်လည်း အင်္ဂလိပ်စာ မေးခွန်းသာမက မြန်မာစာရော၊ သမိုင်းရော၊ ပထဝီပါ မကျန် သူမေးလာသည်။ ဖြေ၍ ရနိုင်သလောက် သယ်လာသည်။ သူတပည့်များကို တစ်မှတ်ပဲရရ ကူညီနေလေသည်။ ဟုတ်တယ်လေ။ တစ်နှစ်လုံး ပင်ပင်ပန်းပန်း ကျောင်းတက်ကြရတာ။ ခေါင်းထဲ မှတ်ခဲ့ရတာ နည်းနည်းနောနောမှ မဟုတ်တာ။ ဒီသုံးနာရီထဲမှာ ဆုံးဖြတ် ခံရမယ်ဆိုတာ ရင်တုန်စရာကြီးပဲ။ ဒီတော့ နှစ်မှတ် သုံးမှတ်လောက် ပိုရသွားလည်း မနည်းဘူးဆိုပြီး ကျွန်တော်တော့ ပြောနိုင်သလောက် ပြောတာပဲဟု ဦးထွန်းသန်း က ပြောတတ်၏။

စာမေးပွဲ ပြီးသောနေ့ ...

ထောင်က လွတ်သောနေ့ပါပဲ။

"စာမေးပွဲ ပြီးတဲ့နေ့ကျရင် ..."

ဤခေါင်းစဉ်ဖြင့် အစီအစဉ် ဆွဲကြသူတွေချည်း။

ချစ်သူတွေက စာမေးပွဲ ပြီးသည့် ညနေမှာ လာခေါ်ပြီး တစ်နေရာ သွားဖို့။

သူငယ်ချင်းတွေက စာမေးပွဲ ပြီးသည့် ညနေမှာ အင်းလျားကန် သွားဖို့။

ဆွေမျိုး မိဘတွေက စာမေးပွဲ ပြီးသည့် ညနေမှာ ကားနှင့် လာခေါ်ဖို့။

ရုပ်ရှင်ကြည့်ဖို့တော့ မမီပေ။ ရုပ်ရှင်က (၃)နာရီခွဲပွဲကို မမီနိုင်။

(၆)နာရီခွဲပွဲလည်း ကြည့်၍မရ။ သည်တော့ တစ်နေရာမှာ တစ်ခုခု စားဖို့ပါပဲ။

နှင်းနှင်းက ကိုအောင်နိုင်နှင့် ချိန်းထားသည်။

ချစ်သူစုံတွဲ မဟုတ်ပေမယ့် ရင်းနှီးသူချင်း၊ ပြီးတော့ ရည်ရွယ်ချက်တူလေ။ မြေနီကုန်း ရှမ်းကုန်းလမ်းမှာ စောင်းဆရာကြီး မောင်ဌေးအောင်အိမ် ရှိသည်။ နှင်းနှင်းက တက္ကသိုလ် ရောက်ခါစတုန်းက မြန်မာ့အသံ ဦးနေဝင်းနှင့် အသိဖြစ်ပြီး သီချင်းဆိုဖို့ ကြိုးစားခဲ့သေးသည်။ ဦးနေဝင်းက သီချင်းဆိုဖို့ ဝါသနာပါရင် အခြေခံကစပြီး သင်ပါဆိုပြီး ဦးဌေးအောင်ထံ အပ်ပေးခဲ့၏။ အဆိုသင်တန်းခ ၁၅/-ပါ။ နှင်းနှင်း မတတ်နိုင်။ တစ်လပဲ တက်ခဲ့သည်။





ဆံကျာ၊ သီတာ၊ သာယာ၊ ဝေဘာ ... လေးပုဒ်တက်ပြီး ကျောင်းစာ များသည်ဟု အကြောင်းပြကာ သင်တန်း ဖျက်ခဲ့၏။

ကိုအောင်နိုင်ကလည်း ဦးဌေးအောင် တပည့် ဖြစ်နေသည်။

ဦးဌေးအောင်က တက္ကသိုလ် အနုပညာအသင်းမှာ စောင်းနှင့် အဆိုနည်းပြ ဖြစ်၏။ ကိုအောင်နိုင်က တယောနှင့် အဆိုသင်တန်း နှစ်မျိုး တက်ခဲ့၏။ အဆိုကို ဦးဌေးအောင်နှင့် သင်ပြီး အနုပညာအသင်းက ပြုလုပ်သော အဆိုပြိုင်ပွဲမှာ ဒုတိယဆု ရခဲ့သည်။ ကျောင်းစာမေးပွဲ နီးသဖြင့် အနုပညာကိစ္စတွေ ဖြတ်ခဲ့ရသည်။

တစ်လောတုန်းက စကားစပ်မိသဖြင့် စာမေးပွဲ ပြီးလျှင် ဆရာဦးဌေးအောင်ကို သွားကန်တော့ နှုတ်ဆက်ကြမယ်ဟု တိုင်ပင်ခဲ့ကြ၏။ သည်တော့ ... စာမေးပွဲကြီး ပြီးသည့် ညနေမှာ နှင်းနှင်းလည်း အများနည်းတူ ရေချိုးအလှပြင်ခဲ့သည်။

"ကိုအောင်နိုင် လာခေါ်မယ်၊ ဆရာ့အိမ် သွားမလို့"

သည်စကားကို အားလုံးက ပြုံးပြီး သဘောတူကြသည်။

"နှင်းနှင်းတော့ ကိုအောင်နိုင်နဲ့ ပါသွားပြီ" ဟု လေသံ လွှင့်ကြသည်။

ဘာပဲပြောပြော ရေချိုးတော့လည်း ပျော်လို့၊ သနပ်ခါး လူးတော့လည်း ပျော်လို့။

မိုးပြာရောင် ပိုးပြောင် လုံချည်လေး ရွှေးစဉ်မှာလည်း ပျော်လို့။

"ခင်လှမြင့် ညှော်သည်"

"ဂရေစီ ညှော်သည်"

"ခင်စန်းမြင့် + မမြကြည် + မဌေးဌေး ညှော်သည်"

အပေါင်းအသင်းတွေ အားလုံးနီးပါး ဆင်းသွားကြပြီ။

သူတို့က သူငယ်ချင်းတွေနှင့် ချိန်းထားကြသူများ ဖြစ်သည်။

နှင်းခိုင်လွင် ညှော်သည် ခေါ်သံ မကြားရသေး။

(၃)နာရီခွဲမှာ ရောက်ဖို့ ချိန်းထားတာ။ အခု (၄)နာရီပင် ကျော်နေပြီ။

ကိုအောင်နိုင်ဆိုတာ ဒီလို အချိန် မလေးစားတဲ့ လူလား၊ ကတိမတည်တဲ့ လူလား၊ ပြီးတော့ နှင်းခိုင်လွင်ကို အထင်သေးတာလား၊ ချိန်းမိတာ မှားသွားပြီလား၊ ပြီးတော့ ပြောရရင် သူက နှင်းနှင်း ရည်းစားလည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရှက်သည်၊ စိတ်တိုသည်၊ ဒေါသ ဖြစ်လာသည်။

ကိုယ့်ရည်းစားဆိုလျှင်တော့ ရင်ဘတ်ကို ထုပစ်ချင်သည်။

အခုတော့ သူက ကိုယ့်ရည်းစားမှ မဟုတ်ဘဲ။

မျက်ရည်က တစိမ့်စိမ့် ကျလာပြီ။ သနပ်ခါးတွေ ပျက်ပြီ။ မလှရေး အထဲ ...။

နာရီကို ငုံ့ကြည့်တော့ ... (၄) နာရီခွဲ။

"နှင်းခိုင်လွင် ၅၄ ချည်သည်"

ဦးကြီးအသံက ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှ၏။

နှင်းခိုင်လွင် မှန်ကို ကမန်းကတန်း ယူကြည့်၏။

မျက်ရည်စီးကြောင်းများကို တို့ပတ်ပဝါနှင့် ဖို့ရ၏။ ခရိမ်းပတ်မြင် မှုမှု ရိုက်ရ၏။ မက်စ်ဖက်တာ နှုတ်ခမ်းနီတောင့်ကို ပြန်ဖွင့်ရ၏။ အဲ ... ကြာနေ လို့ မကောင်းဘူး။ ငါ အလုပြင်နေတယ်လို့ ထင်သွားရင် ရှက်စရာကြီး ...။

ကမန်းကတမ်း ပြေးဆင်းသည်။

အလယ်လှေကားနား နို့တစ်ခ်ဘုတ်ရှေ့မှာ ကိုအောင်နိုင်ရယ် ဟင် ... သူ့အနားမှာ သိုက်ထွန်းကြီးနဲ့။

စိတ်ဆိုးလိုက်တာ။

ကိုအောင်နိုင်နဲ့ သွားမလို့ဟာ။ ဒီသိုက်ထွန်းက ဘာလို့ ပါလာရတာလဲ။

မျက်နှာက ပျက်သွားသည်။

ပြုံးပြနှုတ်ဆက်သော ကိုအောင်နိုင်ကို ပြုံးမပြနိုင်။

"စောင့်နေတာ ကြာပြီ၊ အရမ်းနောက်ကျတယ်" ဟု ပြောလည်းပြော စိတ်လည်းဆိုး။ ဘာလုပ်လို့ လုပ်မိမှန်းမသိ။ (နောင် သိုက်ထွန်းက သူ့အဆောင်မှာ ပြန်ပြောသတဲ့။ ကိုအောင်နိုင်နဲ့ နှင်းခိုင်လွင် မရိုးတော့ဘူး။ ကိုအောင်နိုင် နောက်ကျလို့ ဆိုပြီး နှင်းခိုင်လွင်က ခြေဆောင့် စိတ်ကောက်တယ် ဆိုပဲ။)

သိုက်ထွန်းက လုပ်ကြံဖန်တီး ပြောဆိုခြင်း မဟုတ်တန်ရာ။ နှင်းခိုင်လွင် သတိလွှတ်သွားခြင်းပဲ ဖြစ်လိမ့်မည်။ နှင်းခိုင်လွင်ဆိုတာ ရင်ထဲမှ ခံစားချက်ကို ဖုံးကွယ်တတ်သူမှ မဟုတ်ဘဲ။

ကိုအောင်နိုင်ကတော့ ထွေထွေထူးထူး ဘာမျှ မထင်ပါ။ နှင်းခိုင်လွင်ကို နားလည်စွာ ပြုံးပြရင်း "သိုက်ထွန်းက သူလည်း လိုက်မယ်ဆိုလို့ နောက်ကျသွား





တာ" ဟု ဖြေရှင်းသလို ပြော၏။ အဲသည်မှာ နှင်းခိုင်လွင် ပိုပြီး ဘဝင်မကျ ဖြစ်ရသည်။ သိုက်ထွန်းကို နှင်းခိုင်လွင် မမုန်းပေ။ သို့သော် သူနှင့်အတူ သွားလျှင် နောက်လိုက် ပြောင်လိုက်တွေ လုပ်မည်။ ကိုယ်က အနုပညာကိစ္စ သွားမှာ အေးအေးငြိမ့်ငြိမ့်လေး သွားချင်တာ။ ကိုအောင်နိုင်နဲ့ပဲ နှစ်ယောက်တွဲ သွားချင် တာမျိုး မဟုတ်။ ခုတော့ ဆံပင်စုတ်ဖွား၊ မျက်မှန်တကားကားနှင့် လွတ်အိတ် လွယ်သိုင်း လူတစ်ဦးက ဘေးက ပါလာဦးမည်တဲ့။ မျက်နှာမှာ မနှစ်သက်သော အရိပ်အယောင်တွေ ဘယ်လောက်များ ပြမိလဲ မသိ။ သိုက်ထွန်းက ကျွန်တော် လိုက်တော့ဘူးဟု ဆိုလေသည်။

ကိုအောင်နိုင်က အလိုက်သင့် ပြုံးပြသည်။

နှင်းခိုင်လွင် ဝမ်းသာသွားမှုကို မဖုံးတတ်ချေ။

သုံးယောက်သား ရတနာဆောင်ရှေ့ ထွက်ခဲ့ကြ၏။ လမ်းမပေါ် ရောက်သောအခါ သိုက်ထွန်းက အရှေ့ဘက်သို့ လျှောက်သည်။ ကိုအောင်နိုင် နှင့် နှင်းခိုင်လွင်က အနောက်ဘက်သို့ လျှောက်ကြသည်။ အင်းလျားလမ်း ဆုံးလျှင် ပြည်လမ်းမကြီး၊ အဲသည်က တံတားဖြူ မှတ်တိုင်မှ ဘတ်စ်ကား စီးကြမည်။ ဆရာ ဦးငွေအောင်အိမ် ရှိရာ မြေနီကုန်းသို့ ...။

လမ်းမှာ ဘာစကားမျှ ထွေထွေထူးထူး မဆိုဖြစ်ကြ။

တံတားဖြူမှတ်တိုင် ရောက်တော့ အဆင်သင့် ထိုးစိုက်လာသော ဘတ်စ်ကားပေါ်သို့ ကိုအောင်နိုင်က အရင်မတက်ဘဲ နှင်းခိုင်လွင်ကို စောင့်သည်။ နှင်းခိုင်လွင် ကားပေါ်တက်ပြီးမှ သူက နောက်က လိုက်တက်သည်။ ဘတ်စ်ကား အပြစ် ဆယ်ပြားစေ့ နှစ်စေ့ လက်ထဲမှာ အသင့် ကိုင်ထားသည်။ စပယ်ယာကို ပေးရင်း ဆန်းသီရိဟု ပြောသည်။ မြေနီကုန်း ဆန်းသီရိ ရုပ်ရှင်ရုံ မှတ်တိုင်မှာ ဆင်းရမည်။ နှင်းခိုင်လွင်က နေရာလွတ်တစ်ခုမှာ ဝင်ထိုင်တော့၊ နေရာမရသော သူက နှင်းခိုင်လွင်နားမှာ မတ်တတ်ရပ်ပြီး ခေါင်းပေါ်က လက်တန်းကို ကိုင်သည်။ သော ... သူ လက်ဆန့်တန်းတော့မှ သူ့ထံမှ အရင်တစ်ခါ ရဖူးသော ထူးဆန်း သည့် ရနံ့က နှင်းခိုင်လွင်ထံ နှုတ်ဆက်လာပြန်သည်။

ခက်လိုက်တာ ...

သည်ရနံ့ကို ရှူရှိုက်ရတိုင်း မူးမေ့ချင်သည်။

နှင်းခိုင်ခွင် ခေါင်းငုံ့နေလိုက်၏။

ခေါင်းငုံ့ခါမှ သူ့ခြေဖမိုး ဖွေးဖွေးနှင့် ကတ္တီပါ နက်ပြာရောင် ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်ကို မြင်ရပြန်သည်။ သန့်ပြန့်သပ်ရပ်သော ယောကျ်ားတစ်ယောက် တော်ပါသေးရဲ့။ သည်နေ့တော့ နှင်းခိုင်လွင် သတိထားပြီး ခြေချောင်းတွေ ခြေသည်းတွေကို ဆပ်ပြာနှင့် အသေအချာ တိုက်ချွတ်လာခဲ့သည်။ သနပ်ခါး ခြေဆုံး ခေါင်းဆုံး လူးရ ကောင်းမလား တွေးခဲ့သေးသည်။ သနပ်ခါး သွေးရ ကျောက်ပျဉ်တစ်ချပ်ရတော့ လက်က ညောင်းလာပြီ။ နောက်ထပ် ဆက်မသွေး ချင်တော့။ နှင်းခိုင်လွင်တို့ မိန်းမ မပီသလိုက်ပုံများနော် ...။

"ရောက်ပြီ"

သူပြောမှ နေရာမှ ထလိုက်ရ၏။

ဟုတ်ပါရဲ့။ ဘတ်စ်ကားက ဟံသာဝတီ အဝိုင်းကို ကျော်လာပြီး မဟာမြိုင် မှတ်တိုင်ကပင် ထွက်ခဲ့ပြီ။ ရှေ့မှာ ဆန်းသီရိ မှတ်တိုင်။

ကားရပ်သောအခါ ကိုအောင်နိုင်က အရင်ဆင်းပြီး အောက်မှရပ်၍ နှင်းခိုင်လွင် ဆင်းလာသည်ကို ကြိုနေသည်။ အို ... ဒီလို ဂရုစိုက်တဲ့ လူပါလား ကိုယ့်ဘဝမှာ ဒီလို တစ်ခါမျှ ဂရုစိုက် မခံခဲ့ရဖူးသဖြင့် နှင်းခိုင်လွင် ရင်ဖိုနေသည်။ လက်ကို ဆွဲမယူပေမယ့် ဆွဲယူသလို ခံစားရသည်။ စိုးရိမ်စွာ စိုးမိုးကြည့် နေသော သူ့ ဟန်ပန်များကြောင့် ကိုယ့်ကိုယ်ကို ကျေနပ်နေမိတာဟာ ဘာလဲ

စိန်ဗင့်ဆင့်လမ်းထဲ ဝင်တော့မှ သူက စကားစပြောသည်။

"ဆရာ ဒီအချိန် အိမ်ပြန်ရောက်လောက်ပါပြီ"

"ဟုတ်ပါရဲ့။ ကြိုပြီးလည်း အကြောင်းမကြားရဘူး"

"ဆရာ့အိမ်မှာ ဖုန်းမှ မရှိဘဲကိုး"

"အနုပညာသမားတွေဟာ ဘဝကို ဒီလိုပဲ ကျေနပ်ကြတယ် ထင်ပါရဲ့"

"အိမ်တောင် အိမ်ငှားပဲ။ ဆရာက ပိုက်ဆံ ချမ်းသာဖို့ မကြိုးစားဘူး စိတ်ချမ်းသာဖို့ပဲ ကြိုးစားတယ်လို့ ပြောဖူးတယ်"

"ဆရာ့ဇနီးက စန္ဒရား ဆရာမ ဆိုပေမယ့် ..."

"အေးလေ ... စန္ဒရား ဆရာမကလည်း သူများ ဆရာမတွေလို ပိုက်ဆံရအောင် လျှောက်သင်တာမှ မဟုတ်တဲ့။ 'ဒေါ်မြမြ ဂီတသင်တန်းကျောင်း' ဆိုပြီး ဆိုင်းဘုတ် တပ်ထားတာ။ စန္ဒရား လာသင်တဲ့လူ နည်းပါတယ်။ ဆရာ့ဆီ စောင်းသင်တဲ့လူနဲ့ မဟာဂီတ သင်တဲ့လူ များတယ်"

"ဘာဖြစ်လို့ ... ဆရာ ဦးဌေးအောင် စောင်းသင်တန်းလို့ မတပ်တာ





သောင်"

"တပ်လို့ မရဘူးလေ၊ ဆရာက ကဲဘဲ့ ဆရာအတတ်သင်မှာ ဂီတ တက်ထောက်ကထိက အစိုးရ အမှုထမ်းဆိုတော့ ..."

"ဪ ... ဒီလိုလား"

ဆရာ့အိမ်ရှေ့ ရောက်လာသည်။

လှေကားသုံးထစ်ဖြင့် တက်ရသော တစ်ထပ်အိမ်ကလေး ...။ ည့်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ သံဆန်ခါနှင့် ...။ ရေဝတီတိုင်းမှာ ဆောက်လေ့ ရှိသော ရှေးပုံစံ။ သည်အိမ်ကို နှစ်ခန်း ခွဲပြီး ဆရာတို့က တစ်ခန်းနေသည်။ ည့်ခန်းကျဉ်းကျဉ်းထဲမှာ ရေအမ စန္ဒရားကြီးတစ်လုံး။ ပြီးတော့ ... စောင်းကောက် လွှက သုံးလေးလုံး ...။

ဆရာ့ကို စောင်းကြိုး ညှိနေဆဲ တွေ့ရ၏။

"ဟာ ... မောင်အောင်နိုင်ပါလား၊ နှင်းခိုင်လွင်လည်း ပါလာတာကိုး"

ဆရာက ဝမ်းပန်းတသာ ဆီးကြိုပါသည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့က ဆရာ့ဆီမှာသာ မဆုံတာ ကျောင်းမှာ ဆုံနိုးကြပါတယ်။ အခု စာမေးပွဲကြီး ပြီးလို့ ပြန်ခါနီး ဆရာ့ကို လာနှုတ်ဆက် ကြတာပါ"

ကိုအောင်နိုင်က ပြေပြေပြစ်ပြစ် ပြောလို့။

နှင်းခိုင်လွင်က တုံ့နိုဘာဝေနှင့်။ ပြုံး၍သာ ပြနေမိ၏။

"ကဲ ... ဟောဟိုမှာ ရေနွေးကြမ်း သောက်ကြ၊ မြမြရေ ... မောင်အောင်နိုင်တို့ လာတယ်၊ လက်ဖက်လေး လုပ်ပါကွယ်"

ဆရာက ဧည့်ဝတ် ကျေနေသည်။

နှင်းခိုင်လွင်တို့က ကန်တော့စရာ ဘာမှ မပါ၊ အားနာလှ၏။

စကားစမြည် ပြောပြီး ပြန်ခါနီးမှာတော့ ဗုဒ္ဓဘာသာ သားသမီးများပီပီ ဆရာ့ကို ထိုင်ကန်တော့ ဖြစ်လေသည်။ အဲသည်မှာ ဆရာက ဘယ်လိုများ အဓိပ္ပာယ် ကောက်ယူသွားလဲ မသိ။ ဆုပေး ဩဝါဒက အရှည်ကြီး ...

"အိမ်ထောင် ပြုတယ်ဆိုတာ ... ဝါသနာတူဖို့ လိုတယ်။ ဆရာနဲ့ ဆရာမဆိုရင် ဘဝမှာ ဘာအခက်အခဲမှ မကြောက်ဘူး။ ရန်လည်း ဘယ်တော့မှ မဖြစ်ဘူး။ နှစ်ယောက်စလုံးက ဂီတမှာ ဖက်တွယ်ကြပြီး ဂီတကို သံယောဇဉ် ရှိတဲ့လူအချင်းချင်း ဆိုပြီး တခြား လိုချင်တာ ဘာမှ မရှိဘူး။ အဲဒါ ...



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာတူချင်း ပေါင်းသင်းလို့ပဲ''

ဪ ... ဆရာရယ် နှင်းနှင်း မျက်နှာတွေ ပူလိုက်တာ။

ဆရာက ကိုအောင်နိုင်နဲ့ နှင်းနှင်းကို ချစ်သူစုံတွဲလို့ ယူမှတ်လိုက်ပြီကိုး။

ကိုအောင်နိုင့် မျက်နှာကို လှမ်းမကြည့်ရဲ ...။

အပြန်မှာ လမ်းကို ဘယ်လို လျှောက်မိလဲ မသိတော့။

ကိုအောင်နိုင်က အလိုက်သိစွာ ဘာမျှ မထူးခြားသလို ငြိမ်လျက်။

မှတ်တိုင်နား ရုပ်ရှင်ရုံရှေ့ ရောက်တော့ ...

''လိုင်းမ်ဂျူးစ် သောက်ရအောင် ...'' ဟု ကိုအောင်နိုင် ဆိုသည်။

မျက်နှာတွေပူ၊ ရင်တွေပူမို့ အတော်ပါပဲ။

အအေးဆိုင်မှာ သံပရာရည် သောက်လိုက်မှ နေသာသလို ဖြစ်သွားသည်။

''စာမေးပွဲတွေ ဖြေနိုင်တယ် မဟုတ်လား ...''

ကိုအောင်နိုင် စပြောသည်။

''ဟင်း ... အခုမှပဲ မေးဖော်ရတယ်''

နှင်းခိုင်လွင်က ဇီဇအတိုင်း နည်းနည်းဆိုးချင်သား။

ကိုအောင်နိုင်က သံပုရာရည်ခွက်ကို ရေခဲတုံးပျော်အောင်လှုပ်ရင်း ...

''ဟုတ်ပါရဲ့ ... စောစောက မေးဖို့ မေ့နေတယ်'' တဲ့။

နှစ်ယောက်သား အသံထွက် ရယ်လိုက်ကြ၏။

ခုမှ အတွင်းအပြင် ရင်ချောင်ပြီး ပေါ့ပါးသွားသည်။

''ဆရာက ကျွန်တော်တို့ကို တစ်မျိုးထင်ပြီး ပြောလိုက်တာ''

''အေးလေ ... ရှက်လိုက်တာ''

ကိုအောင်နိုင်က နှင်းခိုင်လွင် မျက်နှာကို လိုက်ကြည့်သည်။

နှင်းခိုင်လွင်က မျက်နှာကို လွှဲသည်။

သူက တမင်လိုက်ကြည့်ပြန်သည်။

ဟင်း ... လူကြီး ရီးပုံရီးလက်နဲ့ ဒါမျိုးကျ သဘော ခွေနေတယ်ပေါ့။ နှင်းခိုင်လွင် ကိုယ်တိုင်ကရော ... အမှန်အတိုင်း ဖြေရလျှင် ရှက်တာက သပ်သပ်၊ ပျော်သလိုလို ရယ်ချင်သလိုလို ဖြစ်နေတာက သပ်သပ်။ ဒီကြားထဲ တကယ် ဖြစ်ရင် ကောင်းမလားဟုလည်း မရဲတရဲ တွေးလိုက်မိသေးသည်။

အို ... မတွေးရဲပါဘူးလေ။

အပြန်မှာ မှောင်စ ပျိုးပြီ။



အဲဒါမှ ဒုက္ခ ...

သံပရာရည် ဝင်သောက်လိုက်တာ ကြာသွားသည်။

အဆောင်ကို ညနေ (၆) နာရီအရောက် ပြန်ရမှာ။

တံတားဖြူ မှတ်တိုင်မှာ ဆင်းပြီး အင်းလျားလမ်းထဲ လျှောက်တော့ နှင်းခိုင်လွင် မျက်နှာပျက်နေပြီ။ နာရီကြည့်တော့ ၆း၁၅ ဖြစ်နေပြီ။ အဆောင် တံခါးပိတ်ပြီပေါ့။ ဘယ့်နှယ်လုပ်ကြမလဲ။ ရှက်လည်းရှက်၊ ကြောက်လည်း ကြောက်။

သူကတော့ ခပ်ပြုံးပြုံးပဲ။

ရယ်ချင်နေသလားတောင် ထင်ရသည်။

သူမှ အဆောင်တံခါး မပိတ်တာဟု ချွဲပြီး ပြောမိသည်။ သူက ထပ်ပြီး ရယ်နေသည်။ ဒါမျိုးဟာ ... ဒါလောက် ကြောက်စရာမှ မဟုတ်တာဟုများ ယူမှတ်လေသလား မသိ။ နှင်းခိုင်လွင် အဖို့တော့ တစ်ခါမျှ မကြုံဖူးသည့် အဖြစ်မို့ ရင်တွေ ပန်းတွေ တုန်လှပေါ့။

''ဟော ... ဟိုမှာ ... မမြင့်ရယ်''

ကိုအောင်နိုင် ပြရင်း ပြောသည်။

ဟင် ... ဟုတ်ပါရဲ့။ အဆောင် ဝင်းတံခါး လူဝင်ပေါက်ကလေးကို ဟပြီး စောင့်နေတာ ခင်စန်းမြင့် ခေါ် မမမြင့်ပဲ။ မျက်နှာက အင်းလျားလမ်း အနောက်ဘက်ခြမ်းကို မျှော်နေသည်။ နှစ်ယောက်ကို မြင်တော့ ... မျက်နှာကို တင်းပစ်ရင်း ...

''လာခဲ့ ... လာခဲ့ ... အရိုက်ခံရမယ်။ ငါ မမကြည်ဆီက သော့ တောင်းပြီး တာဝန်ယူခဲ့ရတာ ...'' ဟု ဆူလေသည်။

နှင်းခိုင်လွင်က အဟင့် ... အဟင့် ဟု နွဲ့သည်။

ကိုအောင်နိုင်က ထုံးစံအတိုင်း မမမြင့်ကို ကျေးဇူးတင် ပြုံးလေး ပြုံးလို့။ မမမြင့်က နှင်းခိုင်လွင်ကို ဆူနေသည့်ကြားက ကျေးဇူးနော် ... ကိုအောင်ဟု ပြောဖြစ်အောင် ပြောလိုက်သေးသည်။

''စာမေးပွဲကြီး ပြီးတာနဲ့ အပျော်လွန်နေကြတယ်ပေါ့၊ တစ်ခါတည်း များ ခိုးရာ လိုက်သွားပြီလားလို့''

မမမြင့် စကားသံကျယ်သဖြင့် နှင်း ရှက်သွားသည်။

တော်ပါသေးရဲ့ ... သူ အရှေ့ဘက်ဆီ ရောက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



အို … နှုတ်တောင် မဆက်လိုက်ရဘူး။ မမမြင့်ကြောင့် …
နှင်းခိုင်လွင်က ခင်စန်းမြင့်ကို ထုနေလေသည်။
နွေလေရူးက တဟူးဟူး အားပေးနေဆဲ …။

❒



## (၂၄)
## အိမ်အပြန်

ညသြတွန်သံက ခါတိုင်းထက်ပင် လွမ်းဖွယ် ဆောင်နေသည်။

အင်းလျားစောင်းက သစ်ပင်တွေလည်း ပင်လုံးကျွတ် အရွက်တွေ ကြွေ ကြပြီ။

ကံ့ကော်ပင်တန်းမှာလည်း ကံ့ကော်ဝတ်မှုန်များက တကြိုင်ကြိုင် ပွင့်လို့။

သည်နေ့ညတော့ နှင်းနှင်း ငိုတာကို ဘယ်သူမျှ မတားကြတော့။

ကျောင်းကြီး ပိတ်လို့ အိမ်အပြန်မှာ "အမေရေ …" လို့ အော်ခေါ်ချင်ပေမယ့် အဲဒီ အမေ အိမ်မှာ မရှိတော့ဘူး ဟူသော အသိလောက် ကြေကွဲ နေရာ ကောင်းတာ ဘာရှိဦးမှာလဲ။

ဘယ်သူငယ်ချင်း ဘယ်လောက် စေတနာ ရှိရှိ။ အမေ့ကို ဘယ်သူမှ အလျော် မပေးနိုင်ကြ။ သည်တော့ သူများတကာ အမေ့အိမ် ပြန်ကြတော့မယ် ဆိုပြီး ပျော်နေသလောက် နှင်းခိုင်လွင်က မျက်ရည် ကျနေရသည်။

ရက်စက်လိုက်တာ အမေရယ် … ဆိုသော စကားကို ဘယ်နှကြိမ် ရေရွတ်မိခဲ့ပြီ မသိ။ သေသွားတာကမှ တစ်လမ်းတည်း ပူရတယ် ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။ အမေ မရှိတော့ပြီ ဖြစ်သော အိမ်ကို ပြန်ပြီး မျက်စောင်းထိုးအိမ်မှာ သွားပျော်နေသည့် အမေ့ကို ဘယ်လိုလုပ် ကြည့်ရမှာလဲ။

အိမ်မပြန်ချင်ဘူး …

အိမ်မပြန်ချင်ဘူး …

အဝတ်တွေ သေတ္တာထဲ ထည့်နေသော အခန်းဖော် ဂရေစီကို ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောကွဲ၍ မဆုံးနိုင်။ ဂရေစီက အိမ်ပြန်လျှင် အဖေလည်း ရှိသည်၊ အမေလည်း ရှိသည်။ အဒေါ် အပျိုကြီးတွေကလည်း စားစရာ အမျိုးမျိုး လုပ်ပေးတတ်သည်။ ဦးလေး နှစ်ယောက်ကလည်း သည်နွေမှာ ကားမောင်း သင်ပေးမယ်တဲ့။ မော်တော်ဆိုင်ကယ် မိန်းမစီးပုပုလေးလည်း ဝယ်ထားပြီတဲ့။ မော်တော်ဆိုင်ကယ်နဲ့ ဖြစ်ဖြစ် အိမ်က အင်္ဂလန်လုပ် ဂျစ်ကားကို မောင်းလို့ပဲဖြစ်ဖြစ်၊ ဂရေစီ ကြိုက်သလို လည်စမ်း၊ သုံးမိုင်အဝေးက ရွှေအုံတော် ဘုရားပွဲကို သွားချင်လား ...မြစ်ကူးပြီး သွားရသည့် ရွှေပေါ်ကျွန်း ဘုရားပွဲကို သွားချင်လား ...ပျော်စရာတွေ တစ်ပုံကြီး။

နှင်းခိုင်လွင်မှာတော့ ...

အမေ့ကို မတွေ့ချင် ...

အိမ်မပြန်ချင် ...

"တို့ ဝါးခယ်မကို လိုက်ခဲ့ပါယ်၊ ကျောင်းဖွင့်မှ ပြန်ပေါ့"

"ဟုတ်တယ် တပေါင်းလ သော်ကဘုရားပွဲနဲ့ အကိုက်ပဲ"

ခင်စန်းမြင့်နှင့် ဒွေးဒွေးက ခေါ်နေသည်။

'သော်ကဘုရားပွဲ' ဆိုသည်ကို ခင်နှင်းယု၏ 'မွေး' ဝတ္ထုမှာ ရင်းနှီးပြီး သား။ သူတို့ ဝါးခယ်မမြို့ဘက်ကနေ ဝါးခယ်မမြစ်ကို လှေဖြင့် ကူးပြီး လယ်ကွင်းတွေကို ဖြတ်ပြီးမှ သော်ကဘုရားကို ရောက်သတဲ့။

မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် မြင်နေသည်။ မွေးတို့ ညီအစ်မ တစ်စု အတွက်တို့နှင့်အတူ သော်ကဘုရားပွဲ သွားကြပုံကို မြင်နေသည်။ အတွက် ဆိုတော့ နှင်းနှင်းသည် ဘာရယ်မဟုတ် အောင်ခိုင့်ကို သတိရပြန်သည်။ အောင်ခိုင် လည်း အတွက်လိုပဲ နှင်းနှင်းအနားမှာ ဆိုးတူ ကောင်းဖက် အဖော် လုပ်ခဲ့သူ ဖြစ်၏။ သြော် ... အောင်ခိုင် နှင်းနှင်းထံ စာမရေးတာတောင် ကြာပေါ့။ အခု ကသာခရိုင် သစ်တောထဲမှာ အရက်ပြင်းပြင်းတွေ သောက်ပြီး အမဲပစ်နေရှာလား။

အို ... အောင်ခိုင်လည်း ကိုယ့်ကို မကူညီနိုင်ခဲ့ပါဘူး။

ပြောရရင် မှဆိုးမချင်း အတူတူ အောင်ခိုင့်အမေက နောက်အိမ်ထောင် မပြု။ အမေဟာ အောင်ခိုင့်အမေလိုပဲ ဆက်နေရင် ဘယ်လောက် ပျော်စရာ ကောင်းမလဲ။ ခုတော့ ...

အမေ ရက်စက်တယ်။

"လိုက်မယ် ဝါးခယ်မကို လိုက်မယ်"

ဆုံးဖြတ်ပြီးတော့မှ လူသည် ပေါ့ပါးသွား၏။





အခန်းထဲက ပစ္စည်းတွေ သိမ်းနိုင်၏။

"နှင်းနှင်း ... နင့်သောက်ရေအိုးလေး ငါ့ပေးပါလား၊ နင်တို့ ရွှေကူ အိုးက သိပ်အေးတယ်ဆိုတာ ငါ့အမေကို ကြွားချင်လို့"

ခင်လှမြင့်က ရေအိုးလေးကို တောင်းနေသည်။

ငါ့အမေကို ကြွားချင်လို့တဲ့။

အေးပေါ့ကွယ် ... နင်က အမေရှိတာကိုး ကြွားပေါ့။

"မမြင့်မှာလည်း အမေ မရှိတော့ပါဘူးကွယ်"

"ဒါပေမယ့် ဖေဖေကြီး ရှိတယ် ဟုတ်လား"

"ကဲပါ တခြား ဘာညာ မတွေးနဲ့။ သော်ကဘုရား ဖူးရမယ်။ ထကောင်းရင် အတွက်နဲ့ တွေ့မယ်"

ပျော်လာသည်။ ဟုတ်ပါရဲ့။ မွေးရဲ့ အတွက်ကို နှင်းခိုင်လွင်တို့ တစ် အုပ်စုလုံး ချစ်ကြ၏။ အတွက်က ပညာတော်သည်တဲ့။ အတွက်က အေးချမ်း သည်တဲ့။ သည်တော့ အတွက်က မွေးကို သံယောဇဉ် ရှိပုံမျိုး တစ်ယောက် ယောက် ရရင် ဆိုပြီး စိတ်ကူးယဉ်မိတာလည်း အမှန်ပါ။

ဘာပဲဖြစ်ဖြစ် ချောင်းနှင့် မြောင်းနှင့် လယ်ကွင်းနှင့် စေတီနှင့် ဒေသ အသစ်ကို မြင်ရခြင်းက အိမ်ကို ကြေကြေကွဲကွဲ ပြန်ရတာနှင့်စာလျှင် နှင်းခိုင်လွင် အဖို့ ပိုပြီး စိတ်ချမ်းသာမှု ပေးမည် သေချာသည်။ အနားမှာ နွေးထွေးသော သူငယ်ချင်းများနှင့်မို့ ဘာမျှ ပူစရာ မရှိ။ ခရီးစရိတ်၊ စားစရိတ်ကို ဒွေးဒွေးက တာဝန်ယူပြီးသား။ ကောင်းပြီလေ ... ငါ ဝါးခယ်မ လိုက်မယ်။ ဟော ...ကိုယ် တောင် ဝါးခမဟု ပြောတတ်နေပြီ။ ဝါးခယ်မသားတွေက ဝါးခယ်မကို ဝါး ခယ်မဟု မခေါ်ကြပေ။ ခပ်မြန်မြန်ပင် ဝါးခမဟု ခေါ်လေ့ရှိကြသည်။ ကဲ ... ငါ လာပြီ ဝါးခမရေ"

*

ဝါးခယ်မသွား သင်္ဘောအမည်က ဗန္ဓုက ဆိုပဲ။ ဗန္ဓုလ ဆိုတာလည်း ရှိသေးသတဲ့။ နှစ်ထပ် သင်္ဘောကြီး။ ရန်ကုန်-ပုသိမ် ညဘက်ထွက်သော ခရီးစဉ် ဖြစ်၏။ ရန်ကုန် ဆိပ်ကမ်းမှ ညနေ (၅) နာရီ ထွက်သည်။ နေရီရီ တိမ်ပန်းချီ ရှုံးတင့်သော မြင်ကွင်းက ကြည်နူးဖွယ် ကောင်းလွန်းသည်။ ရောင်စုံ ပန်းချီ ကားများ ဦးညွှတ်နေသော ကောင်းကင်ထက်ဝယ် ရွှေရောင်ဝင်းပ လင့်တယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မကတင့်တယ်လှစွာသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးကိုလည်း [illegible] မဝနိုင် ဖြစ်ရသည်။ ပြည်ပမှ ရေလမ်း လေကြောင်းလမ်းမှ လာသူတိုင်း [illegible] ပြည် နယ်နိမိတ်သို့ ဝင်ရောက်ပြီဖြစ်ကြောင်း ဤရွှေတိဂုံစေတီတော်ကြီး[illegible] မြင်လျှင် သိကြရသည်ဟု ကြားဖူးသည်။ ကောင်းကင်မှိုင်းမှိုင်းကို နောက်ခံပြု[illegible] ထီးထီးမတ်မတ် ပြက်ပြက်ထင်ထင် မြင်ရသော အရာအားလုံးတွင် ရွှေတိဂုံသည် အထင်ရှားဆုံး။

သင်္ဘောဦးခန်းတွင် ဖျာတွေ ခင်းပြီး မောင်သိန်းတန်တို့က နေရာ [illegible] ထားနှင့်သည်။ ဝါးခယ်မ အုပ်စုတွင် ခေါင်းဆောင်ဖြစ်သော ခင်စန်းမြင့်က ထုံး[illegible] အတိုင်း ဩဇာပေးနေသည်။ လိုက်ပို့သူများထဲတွင် မောင်သိန်းတန် သူငယ်ချင်း[illegible] ဖြစ်သည့် ကိုဘလေး၊ ကိုမြေးကြွယ်နှင့် မောင်မောင်တင်တို့က ရှုတ်နောက်[illegible] မခံချင်သော မမြကြည်တို့က ပြန်ရန်ထောင်ကြနှင့် ဆူညံနေပုံက စိတ်ညစ်[illegible] မဟုတ်ဘဲ ပျော်စရာ ဖြစ်နေသည်။ ဧည့်သည်အဖြစ် လိုက်ပါမည့် နှင်းခိုင်[illegible] တစ်ယောက်သာ ခပ်ငြိမ်ငြိမ်လေး ရပ်ရင်း မမြင်ဖူးသော မြင်ကွင်းကို ခံစား[illegible] လေသည်။

သင်္ဘော ကမ်းမှ ခွာသောအခါ ဘယ်က ပေါ်လာသည် မသိ။ စင်[illegible] တွေ အုပ်လိုက်၊ သင်္ဘောနား ကပ်လာကြ၏။ သင်္ဘောပေါ်က ပေါင်မုန့်၊ ဘီ[illegible] စသဖြင့် ဖဲ့ပြီး ပစ်ပေးကြသည်။

"ကြည့် … ကြည့် ရေထဲ မရောက်ခင် လေထဲမှာတင် ပါးစပ်[illegible] မိအောင် ဖမ်းနိုင်တယ်၊ တော်လိုက်တဲ့ ဇင်ယော်"

"ကျွမ်းကျင်ရာ လိမ္မာရာ ဆိုတာ အဲဒါပေါ့"

"ဟိုးဘက်က ကောင်က ရေပေါ်မှာပဲ လှိုင်းစီးနေတယ်"

"အဲဒါ ငှက်ပျင်း"

"နှင့်လိုပေါ့"

တစ်ယောက် တစ်ပေါက် ပြောရင်း ဗန္ဓုကသည် တွံ့တေးတူးမြောင်း[illegible] ဝင်ခဲ့ပြီ။

"အင်္ဂလိပ်တွေက သိပ်တော်တာပဲနော်"

"ဘာတော်တာလဲ"

ခင်စန်းမြင့် စကားကို မောင်သိန်းတန်က ဆတ်ခနဲ တုံ့ပြန်လိုက်[illegible] အင်္ဂလိပ်တွေ တော်တယ် ပြောမိခြင်းကို နိုင်ငံတော် ပုန်ကန်မှုအလား



"နင်ကလည်းဟယ် လန့်လိုက်တာ၊ အင်္ဂလိပ်တွေ တော်တာပေါ့။ ဒီ [illegible] တွံ့တေး တူးမြောင်းကို တူးပေးခဲ့တာ ၂၂ မိုင်တောင် ရှိတယ်"

ခင်စန်းမြင့်က သမိုင်းဘာသာ ယူသူမို့ အပိုင် ပြောလိုက်၏။

မောင်သိန်းတန်က သင်္ဘောလက်ရန်းကို လက်ဖြင့် ပုတ်လိုက်ပြီးမှ —

"မမြင့်က ကျွန်စိတ် မကုန်ဘူး ပြောရင် နာဦးမယ်"

"ပြောနိုင်ပါတယ်။ ဒါပေမယ့် ကောင်းတာကိုတော့ ကောင်းတယ် [illegible]မှာပဲ"

"အစအဆုံး သုံးသပ်ပြီးမှ ပြောလေ …"

"သုံးသပ်သပေါ့ မောင်သိန်းတန်ရယ် … မင်းလည်း ဟစ်စ်ထရီ [illegible]တယ်၊ မမြင့်လည်း ဟစ်စ်ထရီ ယူတယ်။ မင်းက တစ်တန်း ပိုကြီးတာနဲ့ [illegible]နိုင်ယူချင်လို့ ဘယ်ရမလဲ"

"ကဲ … ပြောပါဦး၊ မမြင့်ရဲ့ အင်္ဂလိပ်ကောင်းကြောင်း …"

"ရှင်းရှင်းလေးပါ။ ဧရာဝတီမြစ်ကြီးက တို့များ မြစ်ဝကျွန်းပေါ် [illegible]ကတော့ ပင်လယ်ထဲ ဝင်ဖို့ မြစ်မြွာတွေ ရေတွက် မကုန်အောင် ခွဲပစ်ပြီး [illegible]သွားပေမယ့် ဟော … မြို့တော်ဖြစ်တဲ့ ရန်ကုန်ကိုကျတော့ ဧရာဝတီ မြစ် [illegible]တက် တစ်ခုမှ လက်လှမ်း မမီဘူး"

"ဟုတ်ပြီ … ဒီအထိ ဟုတ်ပြီ"

"ဆက်နားထောင်လေ။ အဲသလို လက်လှမ်းမမီ ဖြစ်နေတဲ့ ဧရာဝတီ [illegible]တက်ကို ရန်ကုန်ကို ဖြတ်စီးတဲ့ လှိုင်မြစ်နဲ့ တူးမြောင်းတူးပြီး ဆက်ပေးပို့ [illegible]ကူးရခဲ့တာကိုက ချီးကျူးစရာပဲ"

"ဟုတ်ပါပြီဗျာ ချီးကျူးစရာပေပေ"

"အဲဒါ ပြီးပြီလေ … ၂၂ မိုင် အရှည် မြေကြီး တူးရတာ၊ ကမ်းပါး [illegible]ကို နိုင်အောင် လုပ်ရတာ ဘယ်လောက် ကုန်ကျမလဲ။ သူတို့ စိတ်ကူးရပြီး [illegible]တနာနဲ့ လုပ်ပေးခဲ့ပေလို့ တို့ အခုလို လွယ်လွယ်ကူကူ ဆက်သွယ်နေရတာ — သူတို့ မရှိတော့တဲ့အခါတောင် အကျိုး ခံစားနေရတာဟာ ကျေးဇူး တင်စရာ [illegible]တ်ဘူးလား၊ သူတို့ လုပ်မပေးခဲ့ရင် ဘာတတ်နိုင်လဲ၊ မင်းတို့ မြန်မာဘုရင်တွေ [illegible]ပေးနိုင်လို့လား"

မောင်သိန်းတန် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒွေးဒွေးထံမှ ရေပုလင်းကို တောင်းသောက်သည်။

"ရေသောက်ပြီးဟာ တရားဟောတော့မယ်"

မမြကြည်က သားကနေ ဩဘာပေးလေသည်။

မောင်သိန်းတန် ပြုံးလိုက်ရင်း ...

"မမမြင့်ကိုမှ ပြောနေရမှာကို စိတ်မကောင်းပါဘူး။ မမမြင့်... ပညာတတ်လည်း ဖြစ်တယ်၊ ကျောင်းဆရာမလည်း လုပ်ခဲ့တယ်။ အယူ... တစ်ခုကို တည်ဆောက်မယ်ဆိုရင် အပြင်ပန်းထက် အတွင်းသားကို နိုက်... တတ်ရမှာပေါ့"

"ဘယ်လို နိုက်ရမှာလဲ၊ မင်းပဲ နိုက်ပြပါဦး"

မမြကြည် ရယ်သံကြောင့် လိုင်းပေါ်က စင်ရော်တွေတောင် လန့်... လောက်သည်။

ခင်စန်းမြင့်က ခပ်တင်းတင်း မျက်နှာထား။

မောင်သိန်းတန်က ပြုံးတုံ့တုံ့။

"ဒီလိုလေ မမမြင့်ရဲ့၊ အင်္ဂလိပ်တွေက ဇရာဝတီကို ရန်ကု... ရောက်အောင် ဆက်ပေးခဲ့တာ မှန်ပါတယ်။ အပင်ပန်းခံတာလည်း မှန်ပါတယ်... အကုန်အကျ ခံတာလည်း မှန်ပါတယ်။ ဒါပေမယ့် ... ဘယ်သူ့အကျိုး... အဲဒါအတွင်းကျကျ စဉ်းစားရမယ်။ ဒီတူးမြောင်း ဖောက်တာ ဩော် ... မောင်သိန်းတန်လေးတို့၊ ခင်စန်းမြင့်လေးတို့ ရန်ကုန်တက္ကသိုလ် သွားတဲ့... လွယ်ကူပါစေဆိုတဲ့ စေတနာလား"

ခင်စန်းမြင့် နှုတ်ခမ်းစူသည်။

ဒွေးဒွေးက အားနာသလို မောင်သိန်းတန် လက်မောင်းကို လှမ်းကိုင်...

ဘာမှ မပြောဘဲ သဘောကျစွာ ငြိမ်ငြိမ်လေး နားထောင်နေသူ... နှင်းခိုင်လွင် ...။

"ရှင်းရှင်းလေးပဲ မမမြင့်ရာ ... မြန်မာပြည် တစ်နံတစ်လျား မြော... ဘက်တောင်ကုန်းဒေသက စပြီး သူတို့ သိမ်းကျုံး သယ်ဆောင်လာကြတဲ့ မြ... ရတနာ၊ သံယံဇာတ မှန်သမျှကို လွယ်လွယ်ကူကူ သယ်နိုင်ဖို့ လမ်းဖြောင့်အော... လုပ်တာ မဟုတ်လား ...။ တစ်ပြည်လုံးက ထွက်သမျှ ဆန်၊ ကျွန်းသစ်... ကျောက်သံပတ္တမြား၊ မြေပေါ်မြေအောက် သယံဇာတ မှန်သမျှ သူတို့ အလွ... ယူနိုင်ဖို့ ဒီရန်ကုန် ပင်လယ်ထွက်ပေါက်ဆီ အရောက် သယ်ကြတာလေ ...





...ဒါ ဘယ်သူ့အကျိုးလဲ၊ကျွန်တော်တို့ အတွက်လား၊ သူတို့အတွက်လား ..."

"ဟုတ်ပါတယ်၊ မောင်သိန်းတန် ပြောတာ အမှန်ပဲ"

မမြကြည်က အသံပြာလှဲ့လှဲ့ဖြင့် ဝင်ပြောသည်။

ခင်စန်းမြင့်က မျက်နှာထား လျော့မလာသေး ...။

"မမမြင့်က ပတ္တမြားငမောက်ကို မေ့နေတယ် ထင်တယ်။ အဲဒီ ...မောက် တစ်ခုတည်းရဲ့ တန်ဖိုးတောင် ခုထိ ဖြတ်လို့ မရဘူးလေ။ အင်္ဂလန်မှာ ...သူတို့ ဝိတိုရိယ ဘုရင်မရဲ့ သရဖူ အလယ်ကောင်မှာ ထည့်မြှုပ်ထားသတဲ့။ ...ယ်လောက် အသည်းနာဖို့ ကောင်းသလဲ။ ဆန်ဆိုတာများ အဲဒီခေတ်က ...ငံခြားကို ဆန်တင်ပို့တဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ မြန်မာနိုင်ငံဟာ နံပါတ် ...)။ အဲဒါ အင်္ဂလိပ်အစိုးရ အကျိုး၊ သူတို့ရသွားတဲ့ အမြတ်။ ကျုပ်တို့ ဆန် ...တ်တဲ့ ဘဘတွေက ကျော့မွဲသထက် မွဲခဲ့ရတာ ဟုတ်လား ..."

မောင်သိန်းတန် အသံ ကျယ်လာသည်။

လက်သီးလက်မောင်းတွေ ဆန့်တန်းလာသည်။

သူ သတိထားပြီး ထိန်းလိုက်၏။

"အဲဒီတော့ မမမြင့်ရယ် ... ဒီတွံတေးတူးမြောင်းဟာ စစ်အတွင်းက ...ဘက်ရခဲ့တဲ့ ကြေးအမြောက်ကျည်ဆန်လိုပါပဲ။ ကိုယ်က ကြေးအိုးလေး ...ရားပန်းအိုး လုပ်ဖို့ ရပြီဆိုပြီး ဝမ်းသာကြည်နူးနေတယ်။ တကယ်က ဒီကြေး ...ည်ဆန်ဟာ လူသား ဘယ်နှယောက်ကို သတ်ခဲ့ပြီးပြီလဲ စဉ်းစားတတ်ရင် ...ရားပန်းအိုး လုပ်ချင်မှာ မဟုတ်ဘူး"

သူ မောသွားပုံ ရ၏။

ရေ ထပ်သောက်နေသည်။

"ကျွန်မ ... နည်းနည်း ဆွေးနွေးချင်တယ်"

အသံထွက်လာရာ ကြည့်ကြတော့ လက်ရန်းကို ကျောမှီထိုင်နေသော ...ခိုင်လွင်ပါ။

"ဟုတ်ကဲ့ မနှင်း ပြောလေ၊ မမမြင့်ဘက်က ပါမှာလား"

မောင်သိန်းတန်က စသလို ပြော၏။ နှင်းခိုင်လွင်က အောက်နှုတ်ခမ်းကို ...ကိုက်ပြီးမှ ...

"ဘယ်သူ့ဘက်ရယ်လို့ မဟုတ်ပါဘူး။ ကျွန်မ တွေးကြည့်မိပါ... ...င်္ဂလိပ်တွေ သွေးစုပ်တဲ့ကိစ္စမှာ ကိုယ့်မြန်မာတွေ ညံ့တာလည်း ပါတယ်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အမေ ကိုယ်တိုင် မကြာခဏ ပြောဖူးတယ်။ ကျွန်မတို့ အစိုးရဝန်ထမ်း လုပ်
မယ် ဆိုတော့ ပြောခဲ့တာ။ သူ့ဆန်စားရင် ရဲရမယ်တဲ့၊ နာခံရမယ်တဲ့။ ယုတ်
··· ကျွန်မ ဖခင်ဟာ ဘယ်လို နာခံခဲ့ရတယ်ဆိုတာ နမူနာ ပြောပြ
ကျွန်မ ဖခင်က သစ်တော အကောက်စာရေးပါ။ ရွှေကူနယ်မှာတော့
သဘောပဲ။ အင်္ဂလိပ်လက်ထက်ကပေါ့။ အဲ ··· ဗန်းမော်ခရိုင် သစ်တော
လာတော့မယ်ဆိုရင်တော့ အဖေက အားလုံး ပြည့်စုံအောင် ပြင်ဆင်ပေးရ
သစ်တောဝန်က မျက်နှာဖြူပါ။ ပြင်ဆင်ရတဲ့အထဲမှာ အသည်းနာဖို့ ကောင်း
က သူ ရောက်မယ့် ရက်အမီ ရွှေကူနဲ့ (၇)မိုင်မှာရှိတဲ့ ပြည့်တန်ဆာမကို (
တော့နော်) ဒါမှ ရှင်းမှာ။ အဲဒီ (၇)မိုင်မှာရှိတဲ့ ပြည့်တန်ဆာကို အဖေကိုယ်
နွားလှည်းနဲ့ ပေါင်းမိုးကာပြီး သွားခေါ်ထားရသတဲ့။ ဗိုလ်တဲမှာပေါ့နော်။ သစ်
ဝန်က ဗိုလ်တဲမှာ တည်းတာကိုး။ သစ်တောဝန် ပြန်တော့မှ ပြန်ပို့ရသ
တွေးမိတိုင်း ကျွန်မ အရှမ်း ဒေါသဖြစ်တယ်။ အဖေ အဲသလို လုပ်မပေးသင့်
ဒါပေမဲ့ ··· လုပ်ပေးခဲ့ရတယ်''

အားလုံး တိတ်ဆိတ်နေသည်။

သဘော်ကလည်း ငြိမ့်ငြိမ့်လေး ခုတ်မောင်းနေ၏။

ကောင်းကင်ထဲမှာတော့ (၈)ရက်လ တစ်ဝက်ခြမ်းက အေးချမ်း
လင်းနေသည်။ လခြမ်း၏ အရိပ်ကလည်း တူးမြောင်း၏ ကြည်လင်
မျက်နှာပြင်ပေါ်မှာ ထင်းနေသည်။ လရိပ်ပြာဆိုသော စကားကို နှင်းခိုင်
သတိရ၏။ ပြာစင်သော ရေပြင်ပေါ်က လရိပ်ကို ဆိုလိုလေတာများလား ···။

ဩော် ··· လရိပ်ပြာကတော့ အပူအပင် ကင်းပေတာကိုး ···။

သူ့မှာ လူမှုရေးလည်း မရှိ၊ နိုင်ငံ့အရေးလည်း မရှိ။

ဆန်းရမည့်အချိန် ဆန်းလိုက်ရုံပဲ။

ဆုတ်ရမည့်အချိန် ဆုတ်လိုက်ရုံပဲ။

လမင်းကို အားကျလှသည်မို့ နှင်းနှင်း သားလေးများ မွေးရင် လ
လို့ နာမည်ပေးရမယ်ဟုပင် သူငယ်ချင်းတွေနှင့် ပြောဖူးခဲ့ပေသည်။

ကြည့်လေ ··· သူ့အရိပ် ပက်ဖျန်းထားတာနှင့်ပဲ လှိုင်းကြက်ခွပ်
များက ပျော်ရွှင်စွာ ကခုန်ကြလို့ တလက်လက် ထနေပေါ့။

''အေးဗျာ ··· ကျွန်တော်တို့ အားလုံးဟာ တိုင်းပြည်နဲ့လူမျိုး
ချစ်ကြတာချည်းပါပဲ။ တိုင်းပြည် လွတ်လပ်ဖို့ တက္ကသိုလ်ကျောင်းသား ပည



တွေ ဦးဆောင်ခဲ့ကြတယ်။ အခု လွတ်လပ်ရေး ရပြီးတာ ၁၂ နှစ် ရှိပြီ
လွတ်လပ်ခါစ ဆိုတဲ့ စကားလုံးနဲ့ ဆင်ခြင်ပေးနေတဲ့ လူတွေကို ကာတွန်းတစ်ခုက
ရော်ထားတာ မှတ်မိသေးတယ်။ လွတ်လပ်ခါစ ဆိုတဲ့ စကားကို ဆယ်နှစ်
တက် သုံးရရင် တော်ရောပေါ့ ··· တဲ့။ ထိတယ်ဗျာ ··· သိပ်ကောင်းတယ်။
ဒီလို ဖြေပြီး ငေးမနေနဲ့။ ဗိုလ်ချုပ်က ဘာပြောထားလဲ။ ခါးတောင်းမြှောင်အောင်
ကျိုက်ပြီး ကုန်းနေအောင် လုပ်တာတောင် နောက်အနှစ် ၂၀ ကြာရင် သူများကို
မီနိုင်သေးဘူးတဲ့။ ကျွန်တော်တို့က ခါးတောင်းကျိုက်ဖို့ထား ခါးပုံစ သိမ်းတုန်း
···''

မောင်သိန်းတန် အသံက လွမ်းလွမ်းဆွေးဆွေး နိုင်လှသည်။

သဘော်က တွံတေးတူးမြောင်းထဲက ထွက်ခဲ့ပြီ။

မြစ်တစ်မြစ်ထဲ ဝင်နေ၏။

ဘာမြစ်ဟု ဘယ်သူမှ မပြောတတ်ပေ။ ရောဝတီ၏ သားငယ်တွေက
များလှ၏။ နာမည်တွေလည်း မှတ်မိစရာ မရှိ။ ကိုက်လတ်ရောက်တော့ ကိုက်လတ်
မြစ်၊ ဒေးဒရဲ ရောက်တော့ ဒေးဒရဲမြစ်ဟုပဲ လွယ်လွယ် ခေါ်နေကြသည်။ ခရီးသွားဖို့
ရေလမ်းကို သုံးမည် ကြံလျှင်တော့ မျက်စိလည်သွားမည်။ ရေကြောင်းလမ်း
ရွေးတတ်သူများမှာ သွားနေကျ ဒေသကျွမ်းကျင်သူများသာတည်း။ ဒေသ
ကျွမ်းကျင်လျှင် မြစ်ဝကျွန်းပေါ် သဘော်ာ မောင်း၍ မဖြစ်နိုင်ချေ။

''ဆာလာပြီ မမမြင့်ကြီး''

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သူကား ရွှေရွှေ ဖြစ်၏။

''နင်က ဘာမှ မပြောရဘဲ ဆာနေ''

''မမြင့်ရော မဆာဘူးလား''

''ဟီး ···ဟီး ··· ငြင်းခုံရလို့ ဆာသွားပြီ''

''ညှော်သည်ကိုလည်း ကျွေးကြပါဟဲ့''

''နှင်းနှင်းက ညှော်သည် မဟုတ်ပါဘူး''

''လက်ဖက်ဘူးက လျော့နေတယ်၊ ဘယ်သူ ခိုးစားထားလဲ''

''မမြကြည်တို့တော့ မဟုတ်ရပေါင်နော်''

''ဟော ··· ကိုယ့်ကိုယ်ကိုဖော် မသူတော်''

''ထမင်းထုပ် ··· ထမင်းထုပ်တွေဖြေ ငံပြာရည်ကြော်ပုလင်းက
ဒီမှာ ···၊ ငါးခူကြော်၊ ငါးဖယ်ကြော် မှုပြီးထည့်ပေး၊ လာ ··· နှင်းနှင်း ···

www.burmeseclassic.com

www.burmeseclassic.com



တး''

စောစောက စကား အချေအတင်ပွဲသည် ချက်ချင်းပင် ပျော်ပွဲစားလေး ဖြစ်၍ သွားလေသည်။ လုကြ၊ နိုက်ကြနှင့် ကလေးဟန် မပျောက်တပျောက် တစ်ယောက်တစ်လက် ကျောင်းသားလက် ဆိုတာ ဒါပဲ ဖြစ်မည်။ ချသမျှ ခဲ လေးနှင့် ပြောင်တလင်းခါ၍ သွားတော့၏။

ကျိုက်လတ်ကို သဘော်ဆိုက်သည်။

''ကျိုက်လတ်ဆိုတာ မဟာဂီတ ကျမ်းပြုတဲ့ ဦးပြုံးချိုရဲ့မြို့''

ခင်စန်းမြင့်က ရှင်းပြ၏။

''တေဘုမ္မာ ယိုးဒယားကြီး ရေးတာ ဦးပြုံးချိုပေါ့''

နှင်းခိုင်လွင်က လုတတ်လုပ်သည်။

''ဟော့ … ဒဂုန်တာရာဟာ ကျိုက်လတ်သား''

''ဒါရိုက်တာ စာရေးဆရာ သုခလည်း ကျိုက်လတ်သား''

''ဦးသန့် … ဦးသန့်''

''ဦးသန့်က ပန်းတနော်ပါဟ''

''ဟုတ်ပါရဲ့၊ ဒါနဲ့ … တို့များ ဝါးခယ်မက လက်ရှိ ဝန်ကြီးချုပ် ဦးနုကွ''

''ဘာပဲပြောပြော နိုင်ငံရေးနယ်ပယ် ယဉ်ကျေးမှုနယ်ပယ် စာပေ အနုပညာ နယ်ပယ်တွေမှာ တို့ ဧရာဝတီတိုင်းသားတွေ ဦးဆောင်နိုင်ခဲ့တယ်။ ဘယ်သူ ငြင်းနိုင်လဲ''

မောင်သိန်းတန် လက်သီးလက်မောင်း တန်းပြန်သည်။

ရွှေကူသူ နှင်းခိုင်လွင် လက်မှိုင်ချနေရ၏။

''ဒါဟာ ဘာကြောင့်လဲ''

မောင်သိန်းတန် တစ်စခန်း ထပြန်သည်။

''ရန်ကုန်နဲ့ နီးလို့''

ခင်စန်းမြင့်က အော်သည်။

''ဒါဖြင့် ရန်ကုန်သားတွေထဲက ဘာလို့ မထွန်းကားလဲ''

ဤမေးခွန်းကို ဖြေနိုင်သူ မရှိချေ။

အကြာကြီး ကြာတော့မှ မမြကြည် ဝင်ပြောသည်။

''ရန်ကုန်သားတွေက ကြွား''





ရယ်လိုက်ကြသည်မှာ ပတ်တုတ်၍ မရ။

ရန်ကုန်သား တစ်ယောက်မှ မပါတုန်း ပြောရတာဟု ပြောကြသေးသည်။ ဟုတ်ပါရဲ့။ ''မန္တလေး စကား၊ မော်လမြိုင် အစား၊ ရန်ကုန် ကြွား'' ဟူသော စာချိုးကို တီထွင်သူသည် အလွန်တော်၏ဟု ဆိုရပေသည်။ မန္တလေးသူ မန္တလေး သား မှန်လျှင် ရှင်တွေ၊ ဟုတ်ကဲ့တွေ ဝါကျတိုင်း နီးပါး ပါသည်။ မော်လမြိုင် သူများကလည်း ဟင်းချက် တော်ပါပေရဲ့။ ထမင်းသုပ် ပြိုင်ပွဲလုပ်လျှင် မော်လမြိုင်က ဒိုးလ်စွဲမှာ သေချာပါသည်။ ဟော … ရန်ကုန်သားတွေကို ကြွားဆိုတာလည်း သိပ်တော့ လွန်အံ့ မထင်။ ဖိဖိနှိပ်နှိပ် ပြောထားတာ ဖြစ်ပုံမရ။ တစ်ခုတော့ ရှိသည်။ ရန်ကုန်ဆိုတာ စတင် တည်စဉ်ကတည်းက လူ(၆)သိန်း ရှိသတဲ့။ ဧရိယာက ဘာရှိမည်လဲ။ အရှေ့ဘက် လားသော် ရေကျော်၊ အနောက်ဘက် လားသော် အလုံ၊ ကမာရွတ်ဆိုတာ ဆင်ခြေဖုံး။

ရန်ကုန်တက္ကသိုလ်ကြီးကို လူသူ ကင်းဝေးရာ ဆင်ခြေဖုံးမှာ သွား တည်ခဲ့တာပဲ။ အင်းလျားကန်ကြီးကိုပင် ပြုပြင် တည်ဆောက်ပေးခဲ့တာ လူသူ နည်းပါးရာ အရပ်မို့ပေါ့။ သည်လို မြို့လယ်ကျဉ်းကျဉ်းမှာ လူ (၆) သိန်း နေ ကြတာမို့ ရုံးနဲ့ ဈေးနဲ့ စည်ကားရှုပ်ထွေးနေတာများ အလုပ်ကရှုပ်၊ လူက ရှုပ်ဆိုတော့ ဘယ်သူ့ကိုမှ ဘယ်သူကမှ ရှည်ရှည်ဝေးဝေး ဖော်ဖော်ရွေရွေ စကား ပြောနိုင်တာ ဖြစ်ပါလိမ့်မည်။ ရန်ကုန်က စကားပြောလျှင် ခပ်ပြတ်ပြတ်ချည်း။ ဒါ … ကြွားသည်ဆိုတာ စဉ်းစားစရာ ရှိသေးသည်။ ဟုတ်တာပေါ့။ မကြွားလို့ ဖြစ်။ အထင်သေးခြင်းသည် အနိုင်ကျင့်ခြင်း၏ အခြေခံတဲ့။ သည်တော့ လူစိမ်းတွေ ကြားမှာ အနိုင်ကျင့် မခံရရေးအတွက် ကြိုတင်ကြွားကြရတာ ဖြစ်နိုင်ပေသည်။

နှင်းခိုင်လွင် အတွေးနယ် ကျယ်နေဆဲ လက်တစ်ဖက်က သူ့ကို ဆွဲထု သည်။ ခင်စန်းမြင့်ပေါ့။

''ဘာလဲဟင် …''

''ရွှေကူက ဘာလဲ ပြောလေ၊ ပြောသာပြော မကြောက်နဲ့''

နှင်းခိုင်လွင် ရယ်မိသည်။ ဘာပြောရမှန်း မသိ။ နောက်မှ …

''ဪ … ရွှေကူဆိုတာ Golden Cave တဲ့။ ရွှေဂူကြီးပေါ့လေ။ ဂူရဲ့ အနော်ရထာမင်း လက်ထက်မှာ အရှေ့ဘက် ရှမ်းယွန်းတို့နှင့် မရောနှောနိုင် သော ၄၃ နယ်စပ်မြို့ ၄၃ မြို့တည်သည် ဆိုတဲ့အထဲ ရွှေကူက တစ်မြို့အပါ အဝင်ပေါ့။ ရွှေကူမြို့ကို စားရတဲ့လူက ရွှေကူမင်းသမီးတဲ့။ တို့က မကြွားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မယ် ရွှေကူသားတွေက ပုဂံဆက် မင်းမျိုးဟေ့''

လက်မလေး ထောင်လိုက်သည်ကို ဒွေးဒွေးက ယူပြီး ပါးစပ်နှင့် ငုံထေ သည်။

''ငါ့သူငယ်ချင်းက တော်လိုက်တာ'' ဟုလည်း ပြောနေသည်။

ဒွေးဒွေးက နှင်းနှင်းကို နားအလည်ဆုံး သူငယ်ချင်းပေါ့လေ ...။

ဝါးခယ်မမြေမှာ နှင်းခိုင်လွင် ပျော်ခဲ့သည်။

ဘုရားကြီးလမ်းမှာ ရှိသော ဒွေးဒွေးတို့ အိမ်က ဆေးလိပ်ခုံ သူဒွေးရှိ ဘာတစ်ခုမျှ အားနာစရာ မရှိ။ မိုးလင်းတာနှင့် တောင်းကြီး ရွက်ပြီး ဝင်လာ သူကား မုန့်ဟင်းခါးသည်၊ ဝါးခယ်မ မုန့်ဟင်းခါးကို နှင်းခိုင်လွင် စွဲသွားသည်။ ရွှေကူမှာ က မုန့်တီပဲ ရှိတာ။

ရန်ကုန်က မုန့်ဟင်းခါးကလည်း ငှက်ပျောအူနှင့် ပဲတွေ များလှသည်။ အခု ဒွေးဒွေးတို့ ဝါးခယ်မ မုန့်ဟင်းခါးကတော့ ပဲ လုံးဝမပါ။ ငရုတ်သီးအရောင် လုံးဝ မပါ။ ဆန်မှုန့်မွှေးမွှေး စပါးလင်မွှေးမွှေး ငါးကျည်း ငါးခူတွေ ဖော်အော သီသီနှင့် ဘယ်လိုချိုမှန်း မသိ။

ပြီးတော့ ဒွေးဒွေး ပြောထား၍ ထင်ပါ၏။

ဒွေးဒွေး၏ အမေက နှင်းနှင်းကို တအား ဂရုစိုက်သည်။ သူ့သမီးနှင့် တစ်တန်းတည်း ဆက်ဆံသည်။ ဒွေးဒွေးအစ်မက အိမ်မှာ သော့ကိုင်။ အစ်ကိုက အိမ်ထောင်သည်၊ သီးခြားနေသည်။ သည်တော့ ဘုရားလမ်းရှိ (၃)ပင် (၄)ခန်း နှစ်ထပ်အိမ်ကြီးမှာ နှင်းခိုင်လွင်တို့ ကြိုက်သလောက် နေနိုင်ပေသည်။

ခင်စန်းမြင့်က မချမ်းသာပေမယ့် သူ့အိမ်ကို တစ်ရက် ဖိတ်ပြီး နှင်းခိုင်လွင်၏ တောင်းဆိုချက်အရ ကြာဆံဟင်းခါး ပုစွန်နိုင်နိုင်နှင့် ချက်ကျွေး၏ မမြကြည် အိမ်မှာလည်း ထမင်းတစ်နပ် စားရသည်။ ဘာဟင်းတွေမှန်း မသိအောင် စုံလှ၏။ သြော် ... သူတို့ ဝါးခယ်မသူတွေ စေတနာ ကောင်းလိုက်ကြတာ ပီတိ ဖြစ်ရသည်။

သော်ကဘုရား ...

မြေးဝတ္ထုထဲမှာ စိတ်ကူးယဉ်ခဲ့ရသော ဘုရား ...

မှတ်မှတ်ရရ တစ်နေကုန်သွားခဲ့ကြ၏။

ဝါးခယ်မမှ ဒွေးဒွေး သူငယ်ချင်းတွေလည်း ပါသည်။ မောင်သိန်းတန် လည်း ပါသည်။ အဲသည်မှာ ဖြန်းဆို တအံ့တသြ တွေ့ခဲ့ရသူကား ပင်းယ...





...ခင်နာမှာတုန်းက ခင်စန်းမြင့် ဖိနပ်ပြုတ်တော့ သူ့ဖိနပ် ထုတ်ပေးခဲ့သူတည်း။

နာမည်တောင် မမှတ်မိတော့။

နှစ်ယောက်သား အင်း ... အဲနှင့် ပြုံးစိစိ။

''ဟိုလေ ... ဖိနပ် ... ဖိနပ်'' ဟု ခင်စန်းမြင့် ပြောသည်။

''ဟုတ်ပါ့ဗျာ ... ကျွန်တော့်ဖိနပ် လက်ဆောင်ပေးလိုက်တာလေ၊ ...ကော ဖိနပ်က ခိုင်လား၊ မခိုင်ရင် ပြောနော်''

အားလုံး နွေးနွေးထွေးထွေး ဖြစ်သွားပြီ။

ပါလာသော ထမင်းချိုင့်တွေနှင့် ကုက္ကိုပင်အောက်မှာ ဖျာခင်းပြီး ထိုင် ကြ၏။ သြော် ... သာခုကန် ပျော်ပွဲစားကိုတောင် လွမ်း၍ သတိရမိတော့သည်။

''သော်က ဘုရားသမိုင်းကို ဘယ်သူ ပြောနိုင်လဲ''

ပင်းယလူက စ၍ မေးသည်။

ဝါးခယ်မသူ ဝါးခယ်မသားများ ဘယ်သူမှ မဖြေနိုင်ချေ။

ဤတွင် မောင်သိန်းတန်က ဟူးခနဲ လေပူမှုတ်ပြီး ...

''အစ်ကိုရာ ... ဘုရားသမိုင်း ဆိုတာတွေက ဘယ်လောက် ယုံရ ...လဲ''

''ကြိုက်ပြီဗျာ၊ အဲဒါကို လိုချင်တာ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ...စ် ရာဇဝင်တွေ အများကြီး ဖောင်းပွနေတယ်။ ဖောင်းပွလွန်းတော့ အခြေအမြစ် ...ဘူး၊ ယုံနိုင်ဖွယ် မရှိဘူး။ ယုတ္တိ ကင်းမဲ့တယ်။ အဲသလို ဖြစ်လာတဲ့အခါ ... ဘာသာတရားရဲ့ အနှစ်က မှုန်မွှားမွှား ဖြစ်သွားရော''

''မှုန်မွှားမွှား ဖြစ်သွားရုံ ဘယ်ကမလဲ အစ်ကို၊ အထင်သေးစရာတွေ ...သွားတာ''

''ဥပမာနဲ့ ပြောကွယ်''

ခင်စန်းမြင့်က သူ့မောင်သိန်းတန်ကို ပွဲထုတ်လေသည်။

''ဟုတ်တယ် မမြင့်ရေ ... ဘုရားစေတီဆိုတာ ဥဒ္ဒိဿစေတီပေါ့လေ။ ...ရှင်ကို ရည်မှန်းပြီး တည်ထားတာမို့ ကိုးကွယ်ပါ၊ ရှိခိုးပါ၊ ဆုတောင်းပါ၊ ...တယ်။ ဒါပေမဲ့ ဘုရား အလှူငွေ ရအောင်ဆိုပြီး လုပ်ကြံဖန်တီးတာတွေ ...တ်ပစ်ဖို့ ကောင်းတယ်။ ဥပမာ ပြောရရင် နာမည်တော့ မဖော်တော့ပါဘူး ...မှာ နတ်မြွေ စောင့်တယ်ဆိုပြီး ဘုရားနားမှာ စပါးကြီးမြွေကို ချထားတာ ... ...''



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး၊ အဲဒါ … မောင်သိန်းတန် မယုံဘူးလား"

"မမြင့်ရာ … စပါးကြီးမြွေဆိုတာ အစာဝရင် ငြိမ်တယ်ဗျ။ ဘီနဲ့ ကျွေးထားရင် ထိပ်ပုတ်ပုတ်၊ ခေါင်းပုတ်ပုတ် ဘာမှပြန်မလုပ်ဘူး။ သူက အစာ မျိုရုံပဲ မျိုတာလေ။ အဆိပ်ထုတ်ပစ်လိုက်ရင် ဘာကိုမှ အန္တရာယ် မဖြစ်စေနိုင် တော့ဘူး။ အဲသလို မြွေမျိုး ရှာတယ်။ ကြီးလေ ကောင်းလေပေါ့။ ရတဲ့အ အစာ ဝအောင်ကျွေး၊ ဘိန်းကျွေး၊ မွေနေစမ်း။ ဘုရားဖူးလာတဲ့ လူတွေက ဒါမြွေ ဘယ်သိမလဲ။ နတ်မြွေမို့ လိမ္မာတယ်ပေါ့။ လူလို နားလည်တယ်ပေါ့။ မြွေ ကိုယ်မှာပတ်ပြီးတော့ ဓာတ်ပုံ အရိုက်ခံကြသေး။ အလကားဗျာ … သက်သေ အပိုတွေ။ ဒါနဲ့ပဲ မြွေအတွက်ဆိုပြီး အလှူငွေတွေ ထည့်ကြ။ ဘုရားစောင့် လူတွေ ကြီးပွား …"

"အဲဒါကြောင့် ဖြစ်မယ်၊ မြွေသေသွားရင် ထပ်ရှာကြတယ်။ မကြာ သူ့ညီ မြွေမင်းသား ကိုယ်စား ကြွလာပြီတဲ့။ လာစမ်း … အလှူငွေတွေ …"

အားလုံး ငြိမ်ကျသွား၏။

တန်ခူးလေက တဟူးဟူး တိုက်နေသည်။

သော်ကာဘုရားရှိရာ လယ်ကွင်းပြင်က ကျယ်ပြန့်၏။ ရိတ်သိမ်းပြီး ကောက်ပင် ငုတ်တိုများက ထိုးထိုးထောင်ထောင် ရှိနေကြဆဲ။ ကောက်လှိုင်းပုံ တချို့လည်း ရှိနေသေးသည်။ စပါး မယပ်ကြရသေး။ ရောမ ကောက်လှိုင်း ပုံကြီးများ တောက်ပသော နေရောင်အောက်ဝယ် ခံ့ခံ့ထည်ထည် ရှိကြ၏။

ရိတ်သိမ်းပြီး ကောက်လှိုင်းများကို နွားလှည်းဖြင့် တလင်းရှိရာ လာ နေကြသော နှောင်းသူများလည်း ရှိနေသေးသည်။ ကောက်လှိုင်းသိမ်းပြီး ပစ်ထား ခဲ့သည့် လယ်ကွက်များမှာတော့ ကောက်သင်းကောက်သူအချို့ကို မြင်ရ၏။

ကန်သင်းရိုးပေါ်မှ လက်ပံပင်နှင့် ကသစ်ပင်၊ ကုက္ကိုပင်များပေါ်မှာတော့ စပါးနှံ ချီပြီး အမောဖြေနေကြသည့် ငှက်မျိုးစုံ နားနေကြသည်။ သည်ငှက်တွေ ထဲမှာ အသံချိုချိုနှင့် လွမ်းတေး သီတတ်သော ဥဩ မပါပေ။ အများအားဖြင့် စာကလေးများက ကျီကျီကျာကျာနှင့် အစာလုကြ၊ ရန်ဖြစ်ကြ၊ တော်တော် ရယ်စရာ ကောင်းသော ငှက်ကလေးများပေပဲ။ စပါးနှံလေးတစ်ခုအတွက် အော်ကြီး ဟစ်ကျယ် ရန်စွာလိုက်ကြတာ။

"ဒီတော့ ကျွန်တော်တို့ ဘာလုပ်သင့်သလဲ"

ပင်းယလူက မောင်သိန်းတန်ကို ဦးတည်မေးသည်။





မောင်သိန်းတန်က စီးကရက်တစ်လိပ် မီးညှိနေရာမှ ပြည်းပြည်းချင်း မှုတ်မှောင်ကုတ်၍ စဉ်းစားသည်။ အကြာကြီးကြာမှ …

"ဘာလုပ်သင့်သလဲဆိုတော့ ပြည်သူကို မျက်စိ ဖွင့်ပေးရမှာပေါ့ ဒါကို"

"ဆက်ပါဦး … ဘယ်လို မျက်စိဖွင့်ပေးမှာလဲ"

"ဘာသာရေးကို အမှန်အကန် နားလည်အောင် ဟောပြောကြ၊ ရှင်းပြ ပြရမှာပေါ့။ မျက်ကန်း ဗုဒ္ဓဘာသာ၊ မိရိုးဖလာ ဗုဒ္ဓဘာသာ ဘဝကနေ ဗုဒ္ဓ ဘုရားဟောခဲ့တဲ့ ဓမ္မ အနှစ်သာရတွေကို ငုံမိအောင် ပြောပြရမယ်။ နှောင်းလူ တွေ ချဲ့ကား ရေးသားကြတဲ့ စာတွေကို ဖယ်ရှားပစ်ရမယ်။ ဗုဒ္ဓဘာသာဟာ ဆင်ခြင်ခံနိုင်တဲ့ ဘာသာဆိုတာ လက်တွေ့ ပြရမယ်။ 'ဘုံခန်းလည်း မြောက်လွန်း သည်၊ ငရဲခန်းလည်း ခြောက်လွန်းသည်' ဆိုတာ အမှန်ပဲ အစ်ကို"

ဌေးဌေးက သူ့ချစ်သူကို ချစ်မြတ်နိုးစွာ ကြည့်၏။

ငါ့ချစ်သူက သိပ်တော်တာပဲဟု ရင်ထဲမှာ ကြည်နူးလာသည်။

မောင်သိန်းတန်က ဘယ်သူ့မှ မကြည့်။ လယ်ကွင်းပြင်ကြီးကို ငေးကြည့် နေလေသည်။ ဩော် … တို့ရဲ့ ဘိုးဘွားတွေ ထားရစ်ခဲ့တဲ့ သည်မိုး သည်မြေ သည်လယ် သည်ချောင်းသည် တို့အဖို့ ရတနာသိုက်တွေပါလား။ ဒီသိုက်ကို နှစ်ပေါင်း ၁၀၀ ကျော် တိုင်းတစ်ပါးသားတို့ တူးဖော်သွားခဲ့ကြပြီးပြီ။ သည် လယ်မှာ အလုပ်လုပ်သော ကျောမွဲတို့ သည်ဆန်ကို ဘယ်မှာ စားခဲ့ရလို့လဲ။ မောင်သိန်းတန်၏ ဘွားအေသည် ဤသော်က လယ်ကွင်းမှ လယ်ဧက အချို့ကို ပိုင်ခဲ့ဖူးလေသည်။ ဘွားအေက မီးခံသေတ္တာသော့ကို သူ့ခါးမှာ ကြိုးချည်၍ ထား၏။ မီးခံသေတ္တာထဲမှာက ငွေစက္ကူများ၊ လက်ကောက်၊ ခြေချင်းများအပြင် ငွေချေးစာချုပ်များ၊ လယ်အပေါင်ခံသည့် စာချုပ်များ၊ အကြွေးစာရင်းများ ရှိ သည်။ သည်ဘက် မောင်သိန်းတန် မိဘများ လက်ထက်မှာတော့ လယ်ဧက တစ်ဆယ်လောက်ကို ဦးလေးတော်သူက တာဝန်ခံ လုပ်ကိုင်ပေးနေခဲ့၍ မောင်သိန်းတန် ကျောင်းစရိတ်ကို အတန်အသင့် ရနေခြင်း ဖြစ်၏။ မောင်သိန်း တန်သည် သူ ကလေးဘဝက မြင်ခဲ့ဖူးသော အဘွား၏ မီးခံသေတ္တာထဲမှ ပစ္စည်း များကို အိပ်မက်ထဲမှာ မြင်ရတိုင်း တရားခံကို အပြင်းအထန် ရှာခဲ့၏။ သို့သော် သူဘာမျှ မတတ်နိုင်။ အမေကတော့ တရားနှင့် ဖြေပါဟု ရှေ့ပြည်အေးဖျားဝဲ ပြောလေ့ရှိသည်။ မောင်သိန်းတန်ကမူ မှန်တိုင်းထန်ဆဲ …။



www.burmeseclassic.com

www.burmeseclassic.com



ပင်းယက လူသည် မောင်သိန်းတန်ကို ချစ်ခင်စွာ နားထောင်၏။ သူက မောင်သိန်းတန်လို စီးကရက် မသောက်။ လက်ထဲမှာ စာအုပ်တစ်အုပ် ကိုင်ထားခဲ့သည်။ ဖတ်လက်စ ဖြစ်ပါလိမ့်မည်။ သူက ဖျာပေါ်မှာ လာကျ ကုက္ကိုရွက်ဝါလေး တစ်ခုကို ကောက်ယူပြီးတော့ အတွေး နက်နေသည်။

ခင်စန်းမြင့်က တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်၏။

"မောင်သိန်းတန် ပြောတာ မမမြင့် ထောက်ခံတယ်။ နောက်တစ် မမမြင့် မကြိုက်တာတွေ ရှိသေးတယ်"

"ပြောပါ မခင်စန်းမြင့်"

ပင်းယက လူက ထက်ထက်သန်သန် တောင်းဆို၏။

"ကျွန်မတို့ တွေ့နေရတာ အလှူခံတဲ့ ရဟန်းတွေ သီလရှင်တွေ လူစည်တဲ့ စားသောက်ဆိုင်တွေမှာ သူများ စားသောက်နေတုန်း အလိုက်ထ ဆိုး မသိ အလှူ ရပ်ကြတယ်။ ဘုရားရဲ့ အရေတော် သင်္ကန်းကြီးနဲ့ သပိတ် ပိုက်လို့ ဆိုတော့ လှူသင့်တယ်ထင်ပြီး လှူတဲ့လူတွေ ရှိတယ်။ ဒီအပြုအမူ ဗုဒ္ဓရဲ့ ဝါဒနဲ့ မညီဘူးဆိုပြီး ငြင်းပယ်တဲ့ လူလည်း ရှိတယ်၊ အစ်ကို့သဘော သိပါရစေ"

"ချက်ချင်းပဲ ဖြေပါ့မယ်။ ကျွန်တော်လည်း ဘဝင် မကျဘူးခင်ဗျ တခြား ဘာသာဝင်တွေ မြင်ရင် ကျွန်တော်တို့ရဲ့ သာသနာ့ဝန်ထမ်းတွေ ဒီလိုပဲ တောင်းရမ်းစားသောက်နေကြတယ်လို့ ထင်သွားနိုင်တယ်။ ဒါမျိုး ဗုဒ္ဓ မညွှန်ကြားပါဘူးဗျာ"

"စုံတွဲတွေဆို ပိုလှူတတ်တယ်။ အနားက မြန်မြန် ထွက်စေချင်လို့"

"ဟုတ်ပါ့ဗျာ ... သူတို့ကလည်း ဒီအထာကို သိတယ်။ ဒါကြောင့် စုံတွဲ စားသောက်နေတာမြင်ရင် အဲဒါ အမဲပဲ"

"အစ်ကို ခဏခဏ ခံရဖူးတယ် ထင်တယ်"

ခင်စန်းမြင့် နောက်သည်ကို သူက အရေးတကြီး ငြင်းလေသည်။

"မခံရဖူးပါဘူးဗျာ၊ ဖိုင်နယ်အထိ အတွဲမရသေးပါဘူး"

အားလုံး အားမနာ ပါးမနာ ရယ်ဖြစ်ကြလေသည်။

"မနှင်းခိုင်လွင် ငြိမ်လှချည်လား၊ ဆွေးနွေးဦးလေ"

မောင်သိန်းတန်က လှမ်းဆော်၏။

နှင်းခိုင်လွင်က သက်ပြင်းလေး ချပြီးမှ ...



"ကျွန်မ မဆွေးနွေးရဲဘူး"

"ဘာဖြစ်လို့လဲဗျ"

"ကျွန်မ အိမ်ကတောင် ကျွန်မကို ကွန်မြူနစ်လို့ စွပ်စွဲတယ်"

"ဟောဗျာ ... ဖြစ်ရလေ ... လက်ဝဲစာအုပ်တွေ အဖတ်များလို့လား"

"မဟုတ်ပါဘူး၊ ဘုရားမရှိခိုးလို့ပါ"

"ဟုတ်တယ် အစ်ကို၊ နှင်းနှင်းက အဆောင်မှာလည်း အိပ်ခါနီး ဘုရား မရှိခိုးဘူး။ စိတ်ပုတီးတောင် သူ့မှာ မရှိဘူးတဲ့"

အားလုံးက နှင်းခိုင်လွင်ကို ဝိုင်းကြည့်ကြ၏။

နှင်းခိုင်လွင် အောက်နှုတ်ခမ်းကို ကိုက်နေသည်။

"ပြောပါဦး၊ မိဘတွေကရော ဗုဒ္ဓဘာသာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ပြင်းပြင်းထန်ထန် ယုံကြည်ကြပါတယ်။ ကျွန်မ အမြင်မှာတော့ သူတို့ဟာ မျက်ကန်းတွေပဲ"

"ဟာ ... ပြင်းထန်လှချည်လား"

"ကျွန်မ လူမှန်း သိတတ်စက အမေ့ဘုရားစင်မှာ ထားတဲ့ စာအုပ်တွေ ဖတ်ခဲ့တယ်။ အဲဒီမှာ မဖြစ်နိုင်တဲ့ ဇာတ်လမ်းတွေ ဖတ်ရတာ"

"ဘယ်လိုဟာတွေလဲ"

"ကြာဖူးထဲက ကလေး မွေးလာတာ။ ကြီးလာတော့ အဲဒီ မိန်းမက သားတစ်မွေးတယ်ဆိုပြီး ပစ်လိုက်တော့ အဲဒီ သားတစ်က ရဟန္တာငါးရာ ဖြစ်သွားတာ။ Very Impossible လေ။ မဖြစ်နိုင်တာကြီးပဲ"

မည်သူမျှ စကား မဆိုနိုင်ကြ။

နွေလေရူးထဲမှာ စိတ်ကူးတွေ ပျံ့လွင့်လျက်။

စာကလေး နှစ်ကောင်က စပါးနှံ လုရင်း ရန်ဖြစ်နေကြ၏။

ခပ်ဝေးဝေးက လက်ပံပင်ကြီးပေါ်မှာ ချိုးငှက် မောင်နှံကမူ လောကကို အာရုံပ်နေကြပုံ ရ၏။ တကူကူး ...ကူး ...ဟု ငြိမ်းချမ်းစွာ ကူနေကြလေသည်။

"ကျွန်မ ဆွေးနွေးမယ်"

အသံ ပြာလဲ့လဲ့နှင့် မမြကြည်ပါ။

စကားနည်းသလောက် ပြောလျှင်လည်း ပိသသာလေးနှင့် နံ့အော ဆိုတတ်သူ။

"ဟုတ်ပြီ၊ မမြကြည် ဆွေးနွေးပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းတန်က အားရဝမ်းသာ ကြွေးဆို၏။

မမြကြည်က သူ့အင်္ကျီလက်ကို တံတောင်ဆစ်အထိ ပင့်တင်လိုက်ပြီး …

"ရှင်းရှင်းလေးပါ၊ ကျွန်မအဘွားက သင်ထားတယ်။ ကိုယ် နားမလည်တဲ့ ပါဠိတွေ ဘာတွေ ကျက်မနေနဲ့တဲ့။ အဓိပ္ပာယ် မသိဘဲ ပါးစပ်ထဲ ရေရွတ်နေရုံနဲ့ ဘာမှ အကျိုး မထင်ဘူးတဲ့။ အရေးကြီးတာက အနန္တငါးပါးကို ယုံယုံကြည်ကြည် ကိုးကွယ်၊ သစ္စာလေးပါးကို နားလည်အောင် ဆင်ခြင်။ ရှိခိုးရင် နိဗ္ဗာန်ချမ်းသာဆုကို မဂ္ဂင်ရှစ်ပါးကို ကျင့်တဲ့။ ဟုတ်တယ်လေ … ကောင်းစွာကြံစည်ခြင်း၊ ကောင်းစွာ ပြောခြင်း၊ လုပ်ခြင်း၊ အသက်မွေးခြင်း စတဲ့ အလုပ်ရှစ်မျိုးကို ကောင်းကောင်း လုပ်နေမှတော့ ဘယ်ဒုက္ခ ဖြစ်တော့မလဲ။ ဒါဆို အားလုံး ပြည့်စုံပြီ"

ခင်စန်းမြင့်က လက်ခုပ်တီး၍ သြဘာပေးသည်။

ပင်းယမှ လူက မမြကြည်ကို လက်ဆွဲ နှုတ်ဆက်၏။

"ပွဲသိမ်းလှလိုက်တာ" ဟု မောင်သိန်းတန်က မှတ်တမ်း တင်လေသည်။

"ဒါနဲ့ … အစ်ကို ဝါးခယ်မ ဘယ်မှာတည်းလဲ"

ခင်စန်းမြင့်က မေး၏။

"ဘယ်မှာမှ မတည်းဘူးခင်ဗျ"

"ဟင် …"

"ဟုတ်ကဲ့၊ နေ့ချင်းပြန်လာတာပါ။ မခင်စန်းမြင့် လိပ်စာလေး ပေးပါလား။ ကျွန်တော်က ဒီနှစ်ဖိုင်နယ် အောင်ရင် မော်ဘီမှာ ဗိုလ်သင်တန်း တက်မလို့ စိတ်ကူးထားတယ်။ တက်ဖြစ်ရင် မခင်စန်းမြင့်ဆီ စာထည့်လိုက်မယ်လေ။ ကာယကံရှင် ခွင့်ပြုရင်ပေါ့"

ဒွေးဒွေးက မမြကြည်ကို လက်ကုတ်၏။

ခင်စန်းမြင့်က မျက်လုံးလေး စွေပြီး ရှက်ဟန်ပြသည်။

နှင်းခိုင်လွင်က နီးရာခဲလုံးလေး တစ်လုံး ယူပြီး ရှုံ့ဖြစ်နေသော စာကလေး နှစ်ကောင်ကို ပစ်လေသည်။

ယောက်ျားနှစ်ဦးကတော့ ဘာအဓိပ္ပာယ်မှန်း မသိ။ ပြုံးနေကြ၏။

*





"ငါတို့ မအောင်ချင် နေပါစေဟယ်၊ နင် အောင်ပါစေ"

နှင်းခိုင်လွင် ပြန်တော့မည်ဆိုတော့ သင်္ဘောဆိပ် လိုက်ပို့ရင်း ဝါးခယ်မအုပ်စုက ဆုတောင်းပေးကြ၏။

ဝါးခယ်မမှာ တစ်ပတ် ကြာသွားတော့လည်း နှင်းနှင်း ပျင်းလာသည်။ အထူးသဖြင့် မောင်လေးအရွယ် ကလေးများကို မြင်လျှင် အိမ်ကို လွမ်းသည်။ နှင်းခိုင်လွင် ရှောင်ပြေးနေတာ တရားပါ့မလား …။

မောင်လေးက (၅) တန်း ကျောင်းသားလေး …။

ဆောင်းတွင်းတုန်းက (အမေအိမ်မှ ဆင်းသွားခါစ ဖြစ်မည်) အဲသည် ဆောင်းတွင်းတုန်းက မောင်လေးက စာရေးခဲ့သည်။

မမကို လွမ်းတယ်။ ဒါပေမယ့် … မမဟာ မောင်လေးတို့ ကောင်းစားဖို့ သွားနေတာလို့ တွေးမိတဲ့အခါ မောင်လေးရဲ့ မျက်ရည်လေးတွေ ခြောက်သွားပါတယ် … တဲ့။

ဩော် … ရေးတတ်လိုက်တာ။

တွေးတတ်လိုက်တာ။

အမေ မရှိတော့ အစ်မတွေကို ပိုပြီး အားကိုးချင်ရှာမှာပဲ။

နှင်းခိုင်လွင် ပြန်ဦးမှပါလေ။

ရန်ကုန်မှာ ဂရေစီ ၁၀ ရက် ရှိနေဦးမည်။ သူ့ဆွေမျိုးတွေနှင့် မောင်းတော်တို့ မော်လမြိုင်တို့ လည်ကြဦးမည်တဲ့။ အခုနေ ရန်ကုန် ပြန်လျှင် သူတို့ကို အပြန်မီနိုင်သေးသည်။

စိတ်တေလေကို ရင်မှာ ပိုက်ပြီး နှင်းခိုင်လွင် ဝါးခယ်မမှ ပြန်ခဲ့သည်။

ရန်ကုန် ကြည့်မြင်တိုင် အမှတ် (၁) သစ်စက်ဝင်းရှိ မမအိတို့ အိမ်မှာ မျှော်လင့်ထားသည့်အတိုင်း ဂရေစီတို့ ဆွေမျိုးတစ်စု ပြန်ဖို့ ပြင်နေတာနှင့် တွေ့သည်။ ရန်ကုန်မှ မန္တလေးထိ မီးရထား …၊ မန္တလေး ရောက်လျှင် ရောဝတီ သင်္ဘောကြီးနှင့် အေးအေးဆေးဆေး ဆန်တက်ကြမည်တဲ့။

သည်မှာတင် နှင်းခိုင်လွင် စိတ်ရှုပ်ပေါက်ပြန်သည်။

မန္တလေးမှ ရွှေကူအထိ သင်္ဘောစီးလျှင် အင်းရွာကို ဖြတ်ရသည်။ အင်းရွာမှာ အမေ့တူမ မမကွေ ရှိသည်။ အဲသည်မှာ ခဏ သောင်တင်၍ ရသည်။ ဒါ့အပြင် အင်းရွာမှာ ကိုအောင်နိုင် ရှိနေမည်။ သူ ရန်ကုန်ပြန်ဦးမည် မဟုတ်။ အင်းရွာကား ကိုအောင်နိုင့်အမေရွာ။ ဟုတ်တယ်။ စိတ်ပြေ လက်ပျောက်ပေါ့။

www.burmeseclassic.com



တကယ်တော့ အင်းရွာဆိုတာ သစ်ဆိပ်တစ်ခုမျှသာ ဖြစ်၏။

သို့သော် ... ထိုသစ်ဆိပ်လုပ်ငန်းကြောင့်ပင် စည်ကားနေခြင်း ဖြစ်သည်။ အထူးသဖြင့် ကိုယ်အောင်နိုင့်အမေ၏ ထမင်းဆိုင်ရှိသော ကမ်းနားသည် စည်ကားလှ၏။ ကိုအောင်နိုင်က အမေ့ဆိုင်မှာ မထိုင်ပေ။ ရွာလယ်က အိမ်မှာ စာဖတ်နေသတဲ့။ အမေ့တူမ မမကြွေ အိမ်က ရွာဦးမှာပါ။

နှင်းခိုင်လွင်တစ်ယောက် အင်းရွာမှာ ဆင်းနေရစ်ကြောင်း ရွှေကူက မိသားစုကို ပြောလိုက်ပါဆိုပြီး သေတ္တာကို မနိုင့်တနိုင် မပြီး နှင်းခိုင်လွင် ရွာထဲ ဝင်ခဲ့၏။ ကိုအောင်နိုင့်ထံ ဆိုက်ကားသမားနှင့် မှာလိုက်၏။ တစ်နာရီအတွင်းမှာပင် ရွာဦးက မမကြွေအိမ်သို့ ကိုအောင်နိုင် စက်ဘီးနှင့် ရောက်လာသည်။

ဘာကြောင့်မှန်းမသိ ...။

သူ့ကို မြင်တော့ နှင်းခိုင်လွင် မျက်ရည်ကျသည်။

ကိုအောင်နိုင်က အားပေးစကားလည်း မဆို။

နှင်းခိုင်လွင်ကို ငြိမ်ငြိမ်လေး ကြည့်နေသည်။

မမကြွေက ဈေးထွက်နေ၏။ အိမ်မှာ မမကြွေမောင်ပဲ ရှိသည်။ သူက နှင်းခိုင်လွင် အမေကိစ္စ သိပြီးခဲ့ပြီ။ နှင်းခိုင်လွင် ငိုတော့ သူလည်း စိတ်မကောင်း ''ကြီးကြီးက မှားလိုက်တာ'' ဟု တတွတ်တွတ် ပြောနေသည်။

အားရပါးရ ငိုပြီးမှ ''ဆောရီး'' ဟု နှင်းခိုင်လွင် ပြောလိုက်၏။

ကိုအောင်နိုင်က ''ရပါတယ် နှင်း စိတ်ကျေနပ်သလို နေပါ'' ဟု နှမငယ်ကို မောင်ကြီးက အလိုလိုက်သလို ပြောလေသည်။

မမကြွေ ပြန်လာတော့ ''ငါ့ညီမလေး ကြိုက်သလောက်နေ'' ဟု ပြောသည်။

အင်းရွာမှာ အစားအသောက် လတ်ဆတ်သည်။ ကောင်းကောင်းစား ကောင်းကောင်း နားပေတော့-တဲ့။ ကိုအောင်နိုင် သူငယ်ချင်းဆိုတော့လည်း စကား ပြောဖော် ရှိတော့ မပျင်းတော့ဘူးပေါ့-တဲ့။ သူတို့ မောင်နှမက ကမ်းနားမှာ ကုန်စုံဆိုင် ဖွင့်သဖြင့် နေ့ခင်းတစ်ခင်းလုံး အိမ်မှာ လူရှင်းနေသည်။

''နှင်း ... ဘာစာဖတ်ချင်လဲ၊ ကျွန်တော့်မှာတော့ အင်္ဂလိပ်စာအုပ်တွေ များတယ်''

''နှင်းက အင်္ဂလိပ်စာ ဖတ်တဲ့ အလေ့အကျင့် မရှိသေးဘူး ကိုအောင်နိုင် ရဲ့''





''နည်းနည်း စမ်းဖတ်ကြည့်ပါလား၊ စာရေးဆရာမ လုပ်မယ့်သူဆိုတော့ ကျယ်ကျယ်ပြန့်ပြန့် စာဖတ်ရမယ်လေ''

ပထမဆုံးအကြိမ် ကိုအောင်နိုင့်ကို အားထားမိသွားသည်။

ကိုအောင်နိုင် ဆိုတာ ငါ့ကို ဦးဆောင်နိုင်သူပဲဟု ခံစားမိသည်။

''မိန်းမတွေ ယောကျ်ားတွေကို ချစ်တာဟာ အထင်ကြီးတာက စတယ်''

ဘယ်ပညာရှင်၏ အဆိုအမိန့်မှန်း မသိ။ နှင်းခိုင်လွင့် အော်တိုစာအုပ်မှာ သူငယ်ချင်းတစ်ယောက်က ရေးထည့်ခဲ့ဖူးသည်။

ဘုရားရေ ... ဒါဆိုရင် ငါ ကိုအောင်နိုင်ကို ချစ်နေပြီလား။

သည်လို စဉ်းစားမိတော့ ဘယ်ဘက်ရင်အုံက တုန်လှုပ်၍ ပြလေသည်။

မဟုတ်သေးပါဘူး။ ငါ့ဆရာတွေကိုလည်း အထင်ကြီးတာပဲ။ ဘယ်မှာ ချစ်လို့လဲ။ သည်ကြားထဲ ကိုအောင်နိုင်က ပြောသည်။

''နှင်းနဲ့ ကျွန်တော် ဒီနှစ်သင်္ကြန်မှာ တွေ့ကို တွေ့ရမှာ။ ဆရာ ဦးကျော်ရင်တို့ ရခိုင်ခရီးစဉ် ပျက်သွားလို့ မတွေ့ရတော့ဘူး အောက်မေ့တာ၊ ကြည့် အခု ... နှင်းက စိတ်လိုလက်ရ အင်းရွာမှာ နေရစ်တယ်လေ''

ရခိုင် ခရီးစဉ် ဆိုသည်မှာ အနုပညာအသင်း၏ လှုပ်ရှားမှု ဖြစ်၏။ ဤနှစ်က ရန်ကုန်တက္ကသိုလ် အနုပညာအသင်း အတွင်းရေးမှူးက ကိုမြသိန်း ဖြစ်သည်။ သူက ရေဒီယိုမှာ အဆိုတော် ကိုမြသိန်း ဖြစ်နေပြီ။ ဘီအေ အထက်တန်း တက်နေသည်။ သည်နှစ်မှာ အနုပညာအသင်းက ကထိက ဦးကျော်ရင် ခေါင်းဆောင်ပြီး ရခိုင်ပြည်နယ်သို့ ဖျော်ဖြေရေး၊ လေ့လာရေး ထွက်ကြရန် စီစဉ်ထားသည်။ အနုပညာအသင်း၏ ထုံးစံအတိုင်း အပျိုတော်ယိမ်း၊ ဇော်ဂျီယိမ်း၊ ဗျိုင်းအယား တစ်ပင်တိုင်၊ ခေတ်သုံးခေတ် နှစ်ပါးသွား၊ ပြီးတော့ ကနေကျ ရာမ ဇာတ်တော်ကြီး ပါမည်။

ကိုအောင်နိုင်က ဇော်ဂျီယိမ်းမှာ ပါသည်။ သူ ဘွဲ့နှင်းသဘင်ခန်းမပွဲမှာ ဇော်ဂျီယိမ်း ကစဉ် နားရွက်တစ်ဖက် ပြုတ်ကျသည်ကို အမြဲ အမှတ်ထင်ထင် ပြောသူမှာ ခင်လှမြင့် ဖြစ်၏။ နှင်းခိုင်လွင်ကတော့ နားရွက်တစ်ဖက် ပြုတ်ကျသော ဇော်ဂျီသည် ကိုအောင်နိုင်ဟု မသိခဲ့။ ခင်လှမြင့် ပြန်ပြောမှ ကိုအောင်နိုင် ကို ပြန်ပြောပြရသည်။ ဟုတ်သည်တဲ့။

နှင်းခိုင်လွင်က အနုပညာအသင်းမှာ အဖွဲ့ဝင် မဟုတ်ပေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



နှင်းခိုင်လွှင်ကို ကိုမြသိန်းက သိသည်။ သူတို့ ရာမဇာတ်မှာ ရာမအဖြစ် ကနေကျ လှပါပဲ။ ဒဿဂီရိဘီလူးကလည်း ကနေကျ လှပါပဲ။ သီတာဒေဝီကျ ဆေးသိပ္ပံ သိန်းသိန်းနှင့် တီတီစီ သိန်းသိန်း အတော် ရွေးကြရသတဲ့။ ဆေးသိပ္ပံသိန်းသိန်း ကို နောက်ဆုံး ရွေးချယ်ခဲ့ကြသည်။

နှင်းခိုင်လွှင်ထံ ကိုမြသိန်း လာတွေ့သည်။ ရာမဇာတ်မှာ ဝင်ကပေး ရနိုင်လိုက်ခဲ့ဖို့တဲ့။ သီတာဒေဝီ လုပ်ရမှာလား-ဟု နှင်းခိုင်လွှင် အငေါ်တူးတူး ပြောသေးသည်။ သီတာက ဆေးသိပ္ပံသိန်းသိန်း-ဟု ကိုမြသိန်း ဖြေသည်။ ကျွန်မ က မလှလို့ သီတာ မလုပ်ရတာပေါ့-ဟု ဘုတောလိုက်သေးသည်။ ကိုမြသိန်း က ဖွဲ့မလျှော့၊ ဂမ္ဘီလုပ်ပေးဖို့တဲ့။

အိုး ... နှင်းနှင်း စိတ်ဆိုးလိုက်တာ။

အဖျိုတော်ယိမ်းဆို တော်သေးတယ်။

ခုတော့ ... ဂမ္ဘီတဲ့။ ဒဿဂီရိရဲ့ နှမ။ ဘီလူးမပေါ့။

ကျွန်မက အဲသလောက် အရုပ်ဆိုးလို့လား ...ဟု ရန်ထောင်ဖြစ်သည် ကိုမြသိန်းကား အတွင်းရေးမှူး ပီသပါပေ၏။

"မဟုတ်ဘူး နှင်းနှင်းရ၊ ရုပ်ရည်နဲ့ မဆိုင်ဘူး၊ ဘီလူးခေါင်း စွပ်ထား မယ့်ဟာ ဟုတ်သားပဲ ... ဘီလူးနှစ်ယောက်လုံးက ခေါင်းစွပ်နဲ့။ ရာမနှင့် ညီတော် လက္ခဏာလည်း ခေါင်းစွပ်နဲ့ပဲ။ သီတာဒေဝီ တစ်ယောက်ပဲ မျက်နှာ ဖော်ရတာကိုး"

ကိုမြသိန်းက ဆက်ပြောသည်။

"ရုပ်ရည်နဲ့ မဆိုင်ဘူး၊ အဓိက အသံကောင်းရမယ်၊ အပြော ကောင်း ရမယ်၊ ဂမ္ဘီဆိုတာ ဒဿဂီရိရဲ့ နှမ။ သူ့သားလေး နှစ်ကောင်ကို ရာမတို့ မြားနဲ့ ပစ်မိတော့ နှစ်ယောက်မှူး သေတဲ့အခါ အလောင်းပိုက် ခေါ်တာ ဆိုလိုက်၊ ငိုလိုက်၊ လွမ်းလိုက်၊ ဒေါသဖြစ်လိုက်၊ မောင်ကြီးကို ပြေးတိုင်လိုက် ... လက်စားချေဖို့ ကြံစည်တာ ဟုတ်လား၊ အပြောကောင်းဖို့ လိုတယ်"

ဥပစာ (က) စိတ်ကြိုက် မြန်မာစာမှာ "ဦးတိုး၏ ရာမရကန်" ကို မြန်စာဂုဏ် ဦးဖိုးကျော်မြင့် သင်ခဲ့သည်ပဲ။ ရသမြောက်သောအဖွဲ့၊ ကြေကွဲဖွယ်ရာ

"အဲဒါ နှင်းနှင်းက ပင်ကို အသံကောင်းတယ်၊ အပြော ကောင်းတယ် စကားရည် လုပွဲမှာကတည်းက တို့သဘောကျခဲ့တာ။ ဒီတော့ ဂမ္ဘီလုပ်ပါ။ ဂမ္ဘီ ကမှ လုပ်ကွက် ရတာ။ သီတာက အလှအပ၊ အညှာအချွဲပဲ"





နှင်းခိုင်လွှင်ကို ကြာကြာ မစည်းရုံးရချေ။

သဘောတူလိုက်သည်နှင့် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်ခ လက်မှတ် ထိုးပြီး သက်ဆိုင်ရာ မိဘများထံ ခွင့်ပြုချက် တောင်းခံလွှာတွေ ပို့ခဲ့ သည်။ နှင်းခိုင်လွှင်အတွက် မမလေး လက်မှတ် ထိုးပေးခဲ့ပြီးပြီ။

သည်အတောအတွင်း ကိုမြသိန်းက နှင်းနှင်း ငိုချင်းဆိုနိုင်အောင် ခုနစ် ရက်ဆိုလား အဲဒါ အသံမိအောင် လေ့ကျင့်ပေးမတဲ့။ မလေ့ကျင့်ခင် ယခုလက်ရှိ အသံပျောက်သွားတဲ့အထိ ရေချိုးခန်းထဲမှာ သီချင်းအော်ဆိုပါတဲ့။ အသံဝင်ပြီး ပျောက်သွားတော့မှ လိုချင်သည်ကို ကျင့်ယူမတဲ့။

အောင်မယ်လေး ... စာမေးပွဲ နီးရတဲ့ကြားမှာ နှင်းခိုင်လွှင် ရေချိုးခန်း ထဲ သီချင်းအော်ဆိုခဲ့ရတာ သေလုမျောပါး။ ဟိုမှာ ရခိုင်ပရိသတ်က ဘယ်လောက် ရှိသလဲ ဆိုတော့ စင်ပေါ်က ကြည့်ရင် နောက်ဆုံးက မတ်တတ်ရပ်နေတဲ့ လူကို မီးခြစ်ဆံလေးလောက်ပဲ မြင်ရတယ်ဆိုပဲ။

သီချင်းအော်လို့ မပြီးခင်မှာ ...

ခရီးစဉ် ပျက်သတဲ့။

အကြောင်းကတော့ နယ်မြေ မအေးချမ်း၍တဲ့။

"အဲဒီတုန်းက ကျွန်တော်နဲ့ နှင်းနဲ့ ရခိုင်အတူ ပွဲကဖို့ သွားဖြစ်ပြီ ဆိုတာ။ အိမ်က ခွင့်ပြုချက်တွေတောင် ရောက်ပြီ။ ငပလီ မရောက်တာ နှမြောတာပဲ"

ကိုအောင်နိုင်က ပြန်တမ်းတနေသည်။

"အေးလေ ... နှင်းမှာဖြင့် အသံကုန်အောင် အော်ရမယ်ဆိုလို့ အော် ခဲ့ရတာ အသံဝင်သွားတာပဲ အဖတ်တင်တယ်"

ရယ်စရာတွေ ပြောဖြစ်ကြသည်။

ကိုအောင်နိုင်က နှင်းနှင်း ကြိုက်သည်ဆို၍ ဝက်မြေဥပြုတ်တွေကို ယူလာ၏။ နှင်းနှင်းက မမကျွေ ကြောင်အိမ်ထဲက နို့ဆီဘူးကို ယူပြီး ကိုအောင်နိုင် ကို ကော်ဖီ ဖျော်တိုက်သည်။

သင်္ကြန်ရက်များ ရောက်လာ၏။

မမကျွေနှင့် ကိုအောင်နိုင့်အမေက ဥပုသ်စောင့်ဖက်များတဲ့။

တောင်ပေါ်က စေတီလေးနားမှာ ရှိသော ဘုန်းကြီးကျောင်းမှာ သီလ ယူကြမည်။ တစ်နေကုန် တောင်ပေါ်ဇရပ်မှာ နေကြမည်။ ဟိုမှာ ထမင်းလက်ဆုံ



www.burmeseclassic.com

www.burmeseclassic.com



စားမည်။ မောင်အောင်နိုင်ရော နှင်းနှင်းရော လိုက်ခဲ့ကြ။ သီလ မယူလည်း ရတာယ်တဲ့။

မထိမ်မချန် ဝန်ခံရလျှင် ထိုရက်များသည် နှင်းနှင်းအဖို့ ရေခဲမှန် ဆောင်းရက်များပါပဲ။ မပူမပင်ရ၊ ရွှင်လန်းရ၊ ပီတိဖြစ်ရ၊ ခွန်အားတွေ ရဖြစ်ခဲ့ပါသည်။

တောင်ပေါ်က ကြည့်လျှင် မြစ်ကြီး ဧရာဝတီကို ငြိမ့်ငြိမ့်ကလေး စီးနေတာ မြင်ရ၏။ အမှတ်တမဲ့ဆိုလျှင် စီးဆင်းနေသည်ဟု မထင်ရ။ မြစ်ထဲမှာ မျောပါနေသော ဒိုက်ပင်လေးတွေ ရွေ့နေသည်ကို မြင်ရ၍သာ ဖြစ်သည်။ တောင်ဆီသို့ စီးဆင်းနေကြောင်း သိရ၏။

မြစ်ပြင်သည် ကျယ်ပြန့်ပြီး ငြိမ်သက်သည်။ ဤမှာဘက်ကမ်းတွင် မြေပြိုကမ်းပါးများ ရှိပြီး ဟိုဘက်ကမ်း အောက်နားဆီတွင် သဲသောင် ဖြစ်လျက် ရှိ၏။ 'တစ်ဖက်မှာ ကမ်းပြိုခြင်းသည် အခြားတစ်ဖက်မှာ သောင်ထွန်း ဖြစ်သည်' ဟူသော သီဝရီကား မှန်ပေစွ။ ထိုသောင်ထွန်းနေသော ကမ်းမှာ တံငါတို့၏ ခိုနားရာ တစ်ဖက်ယပ် တဲငယ်လေးများ ဟိုတစ်စု၊ သည်တစ်စု ရှိ၏။ တဲအနီး ပိုက်ကွန်များကို ဖြန့်၍ နေလှန်းထားကြသည်။ အချို့တဲများ ရှေ့မှာကား ငါးခြောက် လှန်းထားသော စင်များကို တွေ့ရ၏။ အင်းရွာဆိုသော အင်းများရှိသည့် ရွာဟု အဓိပ္ပာယ် ရှိသလား မသိ။ ငါးအထွက် ကောင်းပြီး ငါးပိ၊ ငါးခြောက် ထွက်သည့် ရွာကြီးလည်း ဖြစ်လေသည်။

"ကိုတံငါ လှေယာဉ်စီးပါလို့ ပိုက်ကြီးကို ရေချလာ"

နှင်းခိုင်လွင်က မြစ်ကမ်းသောင်ခြေအနီး ပိုက်ကွန်ပစ်နေသော လှေကို ကြည့်ရာက ယမုန်နာ ပတ်ပျိုး တစ်ပိုင်းတစ်စကို ခပ်တိုးတိုး ညည်းလိုက်သည်။ ကိုအောင်နိုင်က ဘာမျှ မပြောဘဲ ပြုံးပြီး နားထောင်သည်။

တောင်ပေါ်လေက စိမ့်နေအောင် အေးမြ၏။ တန်ခူးလဆန်း နွေပေါက် ကာလမှာ မြို့ပြတွေမှာ ပူလောင်နေမည် ဖြစ်သော်လည်း ဧရာဝတီ ကမ်းနား တောင်ကုန်းထက်မှာကား ဆွစ်ဇာလန် ရာသီဥတုနီးပါး အေးစိမ့်နေလေသည်။

"အဲဒီ သီချင်းကို နှင်း ရွှေကူမှာ သိပ်ဆိုခဲ့တာပေါ့။ ရွှေကူအနီး ခုလိုပဲ ဧရာဝတီ မြစ်ကမ်းနားမှာကိုး။ ဟိုဘက်ကမ်းမှာလည်း ခုလိုပဲ သဲသောင်ပြင် ရှိတယ်"

"ဟုတ်လား"

"နှင်း လွမ်းတတ်တာဟာ အဲဒီ ဧရာဝတီနဲ့ သဲသောင်ပြင်ကြောင့်များ





လားလို့ တစ်ခါတစ်ခါ စဉ်းစားမိတယ်"

"ရန်ကုန်က တိုက်ခန်းတွေမှာသာ ကြီးပြင်းရင် လွမ်းတတ်မှာ မဟုတ်ဘူး လို့ ပြောချင်တာလား"

"နှင်း တွေးမိတာပါ။ သာဓကတွေလည်း အများကြီး ရှိတယ်။ ဥပမာ … ခုနက ယမုန်နာ ပတ်ပျိုးဆိုရင် ရတနာပုံက လာတဲ့ စာဆို မောင်ကျောက်ခဲ စပ်တာလို့ ကြားဖူးတယ်။ မန္တလေးသားတွေ ဖြစ်တဲ့ ဆရာ မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတင်တို့ ဆိုရင်လည်း စစ်ကြိုနဲ့ စစ်ပြီးခေတ်မှာ ဂီတ သရုပ် ဆောင်းခဲ့သူတွေပဲ။ ဒီလို အနုပညာအရာမှာ မန္တလေးက လူတွေ တော်တာဟာ ပတ်ဝန်းကျင် လှုံ့ဆော်မှု ပါတယ်လို့ နှင်း တွေးမိတယ်။ အထူးသဖြင့် ဧရာဝတီ မြစ်ကြီးရယ်၊ ဒုဋ္ဌဝတီမြစ်ဆုံက သဲသောင်ခုံတွေရယ်၊ စစ်ကိုင်းဘက်ကမ်းက တောင်ပေါ်ဘုရားတွေရယ် ဘယ်လိုပဲ ကြည့်ကြည့်၊ ကြည်နူးဖွယ် အတိနဲ့မို့ ဉာဏ်ရွှင်စေတယ်လို့ နှင်းတော့ ထင်တာပဲ ကိုအောင်နိုင်"

ကိုအောင်နိုင်က နှင်းခိုင်လွင်ကို လက်မ ထောင်ပြသည်။

နှင်းခိုင်လွင် တော်တယ်ဟု အသိအမှတ် ပြုလိုက်ခြင်း …။

ပြီးတော့ ကိုအောင်နိုင်က ဓာတ်ဘူးထဲမှ ကော်ဖီတစ်ခွက် ငှဲ့ပြီး နှင်း ပူပူလေး သောက်လိုက်နော်ဟု တယုတယ ဆိုလေသည်။ သည်အခါ နှင်းခိုင်လွင် ဘယ်ဘက်ခြမ်း ရင်အုံက တုန်လှုပ်ပြ၏။ နှင်းခိုင်လွင်က မသိကျိုးကျွန် ပြုလိုက်ပြီး ဘာမှ မဖြစ်သလို ကော်ဖီကို ယူသောက်လိုက်၏။

"နှင်းပြောတာ ကျွန်တော် သဘောတူပါတယ်။ အနုပညာလို့ ဆိုမှပဲ စိတ်ထဲမှာ နူးညံ့ကြည်လင်နေမှ ဖန်တီးနိုင်မှာပေါ့။ အနုပညာကို ကိုယ်ကျိုး အတွက် ဖန်တီးတာမျိုးတော့ ကျွန်တော် မကြိုက်ဘူး"

"ကိုအောင်နိုင် ဘာကို ဆိုလိုတာပါလိမ့်"

"ဥပမာ နှင်းရယ် … မဲဇာတောင်ခြေကိုပဲကြည့်။ အမတ်ကြီး လက်ဝဲ သုန္ဒရက မင်းပြစ်မင်းဒဏ်နဲ့ မဲဇာတောထဲ ပို့ခံရတော့ ရှင်ဘုရင် အမျက် ပြေပါစေ ဆိုပြီး မဲဇာတောင်ခြေရတုကို ရေးသားဆက်သွင်းရတာ။ အဲဒါ ခံပြင်းစရာပဲ။ ဘုရင်အမျက်ပြေဖို့ အနုပညာပစ္စည်းတစ်ခုကို ဖန်တီးတာ။ ဖန်တီးသူအတွက်လည်း ဂုဏ်မရှိဘူး။ ဒါကို ကြားလို့ အမျက်ပြေသွားတယ်ဆိုတဲ့ ဘုရင် လည်းပဲ ပြောစရာ ခိုင်မာဘူးပေါ့ဗျာ။ အပြစ်ရှိရင် အပြစ်ယူ။ ရတု တင်ဆက်တာနဲ့ ဘာလို့ အပြစ်လွတ်ရမှာတုံး"

www.burmeseclassic.com



နှင်းခိုင်လွင်က ကိုအောင်နိုင့်ဒူးကို လက်ဖျားဖြင့် ပုတ်လိုက်သည်။

ပြီးမှ မသင့်တော်တာ လုပ်မိခြင်းကို နောင်တရသည်။

နှင်းခိုင်လွင် စိတ်အား ထက်သန်လျှင် သည်လိုပဲ လက်ဖျားဖြင့် ပုတ်တတ်သော အကျင့်ကို သတိထား ဖျောက်ပစ်ရဦးမည်။

"ဟုတ်ဖူးလား နှင်း … လုပ်ပိုင်ခွင့် ရှိတဲ့ လူဆိုတာ ဆုံးဖြတ်ချက် ချနိုင်မှာရမှာပေါ့"

"ဟုတ်ပါပြီ အစ်ကိုရယ်"

ဘုရားရေ … ဘယ်လိုက ဘယ်လို သူ့ကို အစ်ကိုဟု ခေါ်မိသွားပါလိမ့်။ ဒီပါးစပ်ကများ ထစ်ထစ်ငေါ့ငေါ့တောင် မဖြစ်။ ရှောရှောရှူရှူ အစ်ကိုတဲ့။ နှင်းခိုင်လွင်က ကိုယ့်အစ်ကိုအရင်းက လွဲပြီး သည်လောကမှာ ဘယ်သူ့ကိုမှ အစ်ကိုဟု မခေါ်ဖူးခဲ့ချေ။ သူများတွေ ရည်းစားကို အစ်ကို ခေါ်ခြင်းကိုလည်း နှင်းခိုင်လွင် ကန့်ကွက်ဖူးသည်။ ဘာလို့ အစ်ကို ခေါ်ရမှာလဲ၊ အိမ်က အစ်ကိုနဲ့ ရောသွားမှာပေါ့လို့။ အခု ကိုအောင်နိုင့်ကို အစ်ကိုဟု ခေါ်မိခြင်းသည် တကယ်ပဲ အိမ်က အစ်ကိုရင်းနှယ် ချစ်ခင်အားကိုးမိခြင်း ဖြစ်ပေလိမ့်မည်။

ကိုအောင်နိုင်ကား ယဉ်ကျေးသူ။

သူ့ကို အစ်ကိုဟု ခေါ်လိုက်ခြင်းကို အထူးအဆန်းဟု မသတ်မှတ်ဘဲ မသိယောင်သာ ဆောင်လိုက်၏။ တချို့ ဒီလိုပဲ အစ်ကိုအရွယ်ကို အစ်ကို ခေါ်ကြတာပဲလေ။ နှင်းခိုင်လွင်က ရန်ကုန် တက္ကသိုလ်မှ တစ်နှစ် ပညာ ဆည်းပူးခဲ့ပြီးပြီမို့ ရန်ကုန်က လူတွေ၏ အသုံးအနှုန်းတွေ တတ်နေတာ ဖြစ်လိမ့်မည်။ (ရွှေကူကတော့ အစ်ကိုရင်းက လွဲရင် သူစိမ်းတွေကို နာမည်ပဲ ခေါ်ကြတာပါ။)

"တစ်ခုတော့ ရှိပါသေးတယ်"

နှင်းခိုင်လွင်က မြေပဲလှော်ပုလင်းကို ဖွင့်၍ ကိုအောင်နိုင့်ဘက် တိုးပေးရင်း …

"ခုနက ပြောသလို အကျိုး တစ်စုံတစ်ရာအတွက် အနုပညာပစ္စည်း ဖန်တီးတာ မဟုတ်ဘဲ ကိုယ်ပိုင် နှလုံးသားမှာ ခံစားရတဲ့ ခံစားမှုကြောင့် ရေးစပ်လိုက်တာဆိုရင်ကော"

"ဥပမာ …"

"မဲဇာတောင်ခြေပဲ ထားပါစို့"

"မျက်ဖြေရတာ မဟုတ်ဘူးလို့ ငြင်းမလို့လား"





"အစ်ကို ပြောသလို မျက်ဖြေရတာပဲ ထားပါ။ ဒါပေမယ့် အဲဒီ အထဲမှာ လူ့နှလုံးသားကိုစွ ပါနေတယ်။ မဲဇာဟာ လက်ဝဲသုန္ဒြကို ဖမ်းစားခဲ့တယ်။ လက်ဝဲသုန္ဒြက ဖမ်းစားခံရတဲ့ ဝေဒနာကို ပြန်ပြီး မျှဝေခဲ့တယ်။ အစ်ကို ပြောသလို ဘုရင်က အမျက်ပြေပြီး ပြန်ခေါ်တဲ့ ရလဒ်နဲ့တင် ပြီးမသွားခဲ့ပါဘူး။ ခေတ်အဆက်ဆက် မဲဇာကို မမေ့နိုင်ကြဘူး။ လက်ဝဲ သုန္ဒြရ မဲဇာကို ရတုနည်းနဲ့ စပ်ဆိုခဲ့တာနော်။ နောက်တေးထပ် လုပ်ပြီးလည်း ဆိုကြသေးတယ်။ အဲဒီနောက်ပိုင်း လှိုင်ထိပ်ခေါင်တင် စပြီး တီထွင်တဲ့ ဘောလယ်ခေတ် ရောက်လာတယ်။ ဘောလယ် အသွားကို သဘောကျလာကြတယ်။ အကြောင်းအရာနဲ့ ပတ်သက်ပြီးရင်တော့ မဲဇာကို မမေ့နိုင်ဘူး။ ဒါကြောင့် မဲဇာထဲက စာသားတွေကို ဘောလယ်အားသွား လုပ်ပြီး ဆိုခဲ့ကြတယ်လေ"

"နှင်းက သတိထားပြီး မှတ်ခဲ့တာနော်"

"ဒါတင် မကသေးဘူး အစ်ကိုရဲ့၊ ဘောလယ်ခေတ်ပြီးတော့ ကာလပေါ်ခေတ် ရောက်တော့လည်း မဲဇာကို ကာလပေါ်တေး သံစဉ်နဲ့ စပ်ပြီး ဆိုကြပြန်ရော။ ဒီတော့ အနုပညာပစ္စည်းတစ်ခုဟာ အနုပညာ မြောက်ရင် ခေတ်အဆက်ဆက် မပစ်နိုင်ကြတော့ဘူးတဲ့ အစ်ကိုရဲ့"

ကိုအောင်နိုင်က နှင်းခိုင်လွင်လက်ကို ဆွဲယူဖျစ်ညှစ်လိုက်လေသည်။

"တော်လိုက်တဲ့ အစ်ကို့ နှမလေး"

ဟု နောက်သလိုလို အတည်လိုလို ပြောသည်။ သူ့မျက်လုံးတွေက ခင်းလဲ့လို့။ နှင်းခိုင်လွင်က လက်ကို ပြန်ရုပ်ပြီး ခေါင်းငုံ့နေမိ၏။ နှင်းခိုင်လွင် ရှက်များသွားသလား။ ဟင့်အင်း … ရှက်တာ မဟုတ်ပါဘူး။ ဘာလို့ ရှက်ရမှာလဲ။ နှင်းခိုင်လွင်ဆိုတာ ရန်ကုန်တက္ကသိုလ်ကြီးမှာ အကောင်းဆုံး စကားစစ်ထိုးနိုင်သူဆုကို ရခဲ့သူပဲ။ အခု ကိုအောင်နိုင်က လက်ဆွဲပြီး ချီးကျူးစကား ပြောလိုက်တာလေးကို ဘယ့်နှယ်ကြောင့် ခေါင်းငုံ့မိပါလိမ့်။

ကိုအောင်နိုင်က စကားလမ်းကြောင်း ပြောင်းသည်။

ရှက်စနိုး နှင်းခိုင်လွင်ကို အလေးအနက် အကြောင်းအရာ ဆွေးနွေးဦးမှဟု သဘောပေါက်သွားသည်။ ထို့ကြောင့် ကိုအောင်နိုင် လည်ချောင်းရှင်းပြီး …

"အကျိုးပြုစာပေဆိုတာ ရှိသလို အကျိုးပြု ဂီတတွေ ရှိကြတယ်။ ဆရာက ပြောတဲ့ မဲဇာက အကြောင်းအရာ ကောင်းလွန်းလို့ မမေ့နိုင်ကြတာ။ ညှိနှိုင်းချက် ကောင်းလွန်းလို့ မမေ့နိုင်တဲ့ ဂီတတွေလည်း ရှိတယ်။ အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



သည် တိုင်းပြည်အတွက် ဆိုတာမှာ ပေါ်လစီတွေကို အတုံးလိုက် အတစ်လိုက် ဇရာမစကားလုံးကြီးတွေနဲ့ ရေးတာမျိုးကို ပရိသတ်က မကြိုက်ဘူး။ ဒီတော့ အကျိုးပြု ဂီတမှာ မသိမသာလေး ထည့်တာမျိုးကို ကြိုက်ကြတယ်။ ဥပမာ ... တိမ်တမန် သိပ်ကောင်းတာပဲ။ ပင်လယ်ကနေ ရိုးမကို ကျော်ပြီး ရောက်လာတဲ့ တိမ်တွေကို လယ်ယာတွေ သီးနှံတွေ ပျက်စီးလောက်အောင် မရွာလိုက်ပါနဲ့ သီးနှံ ဖွံ့ဖြိုးလောက်အောင်သာ ပုလဲကုံး ရွဲလုံးလေးတွေအဖြစ် ရွာပေးပါလို့ မေ ထားတာ တအား လှတာပဲ။ အဲဒါမျိုးမှ ပရိသတ်က အထင်ကြီးတယ်၊ နားထောင် ချင်တယ်။ ကြာကြာခံလိမ့်မယ်၊ နှောင်နှစ်ပေါင်းများစွာ အထိ ရှင်သန်သွားပြီး ဂန္တဝင်ဆိုတဲ့ အဆင့် ရောက်သွားမှာ သေချာတယ်။ အစ်ကိုပြောတာ နှင်း မယုံရင် စောင့်ကြည့်။ ဒီသီချင်းဟာ အစ်ကို သေသွားပြီးတဲ့ အခါမှာတောင် အမြတ်တနိုး သီဆိုနေကြဦးမှာပဲလို့ အစ်ကို ရဲရဲကြီး ပြောချင်တယ်''

နှင်းနိုင်လွင်က ကိုအောင်နိုင့် မျက်နှာကို ရဲရဲ ငေးကြည့်၏။

မေးရိုးကားကား၊ မဟာနဖူးနှင့် ဤလူချောသည် အရွယ်နှင့် မလိုက်အောင် နုံ့စပ်လှပေသည်ဟု တွေးမိသည်။

တန်ခူးလေက တစ်ချက် ပြေးလာ၏။

သရက်ပင်ကြီးပေါ်မှ ...

သရက်ဖူးလေးများ ကြွေကျလာကြ၏။

မွှေးမြသော သရက်ဖူးများက အမေ့ကို သတိရစေသည်။ အသက် ပြင်းပြင်း ရှူရင်း အားတင်းရ၏။

''နှင်းက စာရေးဆရာ ဖြစ်မှာ သေချာတယ်''

ကိုအောင်နိုင့် ချီးကျူးစကားကို နှင်းက ပြုံးပြီး ခံယူရသည်။

''စာရေးတယ်ဆိုတာ ကိုယ်ခံစားရတာတွေကို သူများ ခံစားနိုင်အောင် ရေးပြရတာမို့ ခက်တယ်၊ ဒီကြားထဲ နှင်းတို့ ဆရာတွေက မိမိတို့ ရေးဖွဲ့တဲ့ စာဟာ စာဖတ်သူများကို တစ်ခုခု အကျိုး ရှိစေရမယ်လို့ သင်ထားတယ်။ အကျိုးပြု သင်ခန်းစာ ထည့်ရမယ်တဲ့''

နှင်းနိုင်လွင်က စဉ်းစားရင်း ပြောရ၏။

ကိုအောင်နိုင်က ဧရာဝတီမြစ်ကြီးကို ငေးရင်း ...

''အနုပညာသည် တိုင်းပြည်အတွက် ဆိုတဲ့ အဆိုနဲ့ အနုပညာသည် အနုပညာအတွက်လို့ ပြောတဲ့ အဆိုနှစ်ခုကို ခုထိ ငြင်းကြတုန်းပဲ။ အစ်





ကိုတော့ တိုင်းပြည်အတွက် ဆိုတာကို ထောက်ခံချင်တယ်။ ဒါပေမယ့် စောစောက နှင်း ပြောတဲ့ အကျိုးပြုသင်ခန်းစာဆိုတဲ့ ကိစ္စမှာ တရား ဟောတာကိုတော့ မကြိုက်ဘူး။ စာဖတ်ပရိသတ်တွေထဲမှာ စာရေးဆရာတွေထက် တော်တာ အများကြီး ရှိတယ်။ စာဖတ်ပရိသတ်ကို ကိုယ့်ထက် ညံ့တယ်ထင်ပြီး ဆရာ လုပ်မနဲ့လေ''

''ဟုတ်ကဲ့ပါ ဆရာရယ်''

''အကောင်းပြောတာ နှင်းရဲ့၊ တကယ်တော့ စာရေးတဲ့ လူက ဖန်တီး လိုက်တဲ့ ဇာတ်ကောင်ဟာ သူကိုယ်စားပြုတဲ့ လူတန်းစားရဲ့ ယေဘုယျဟန်တွေ ရှိနေရမယ်။ စာရေးဆရာ ပြောချင်တာတိုင်းကို ဇာတ်ကောင်တွေကို မပြောခိုင်း နဲ့လေ''

''အစ်ကို အတော် စာဖတ်တာပဲ''

''ဖတ်ရပါ။ နှင်းလိုတော့ မရေးတတ်ဘူး''

''မရေးတာပဲ ကောင်းပါတယ်။ စိတ်ပင်ပန်းတယ်''

''အဖော်တော့ ရတာပေါ့''

''အဲဒါ ဟုတ်တယ်။ စာရေးနေရင် တခြား ဘာမှ မတွေးမိတော့ဘူး''

နှင်းက ရေစပ်နားမှာ နှုတ်သီးချင်း ဆက်ပြီး ချစ်ရေးဟန်ရေး ပြနေကြသော ဟင်္သာငှက်နှစ်ကောင်ကို ကြည့်နေမိသည်။ ပြီးတော့မှ ...

''ဟင်္သာဖိုနဲ့ ဟင်္သာမ ဘယ်သူက သစ္စာရှိတယ် ထင်လဲဟင်''

ကိုအောင်နိုင်က ရယ်လေသည်။

''အဲဒါတော့ ကျွန်တော်မျိုးကြီး မလျှောက်တတ်ဘူး''ဟု နောက်သည်။

''အတည်ပြောမယ်။ နှင်းလည်း ဆကာကြီးဆိုတဲ့ မြို့က လူတစ်ယောက် ပြောပြတာ မှတ်ထားတာပါ။ သူတို့က သောင်ပြင်မှာ ပစ်နေကျ ငှက်မုဆိုးတွေဆိုပဲ။

အဲဒါ သူတို့ တွေ့ဖူးတဲ့ အတွေ့အကြုံကို ပြောပြတာပါ။ သောင်ပြင်မှာ ကျက်စားတဲ့ ဟင်္သာတွေ သူတို့ ပစ်ဖူးတယ်တဲ့။ ဟင်္သာဖိုကို မှန်လို့များတော့ ဟင်္သာမမှာ မခွာနိုင်ဘူးတဲ့။ ဟင်္သာဖိုနား ဝဲလာလိုက်၊ ပျံလိုက်။ ပြန်လာလိုက်နဲ့ နောက်ဆုံး သူ့ကိုပါ သေနတ်ထိပြီး သေတာတဲ့''

''ဟုတ်ပြီ၊ ဟင်္သာမက သစ္စာရှိတယ်ပေါ့''

''ဟုတ်တယ်၊ အဲ ... ဟင်္သာမကို အရင် ထိသွားလို့ကတော့ ဟင်္သာဖို



www.burmeseclassic.com

www.burmeseclassic.com



က တစ်ချိုးတည်း လစ်ကရောတဲ့ ဆရာရေ ...''

နှစ်ယောက်သား အားရပါးရ ရယ်ဖြစ်ကြ၏။

ဇရပ်ပေါ်မှာ ပုတီး စိပ်နေကြသူများကို သတိရမှ ခပ်တိုးတိုး ရယ်ရန် သတိထားလိုက်ကြလေသည်။ ကိုအောင်နိုင်က အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပြီး ချွေးသုတ်၏။ ချွေးထွက်အောင် ရယ်မိသောအဖြစ်ကို သူ့ဘာသာသူ သဘောကျသွားပုံ ရလေသည်။ ခဏကြာမှ -

''အင်း ... ဒီစကားရည်လုပွဲမှာ ရှုံးတဲ့လူ ရေလောင်းခံရမယ်။ အစ နှင်းက ဟင်္သာမ သစ္စာရှိကြောင်း အဆို တင်သွင်းတယ်နော်။ အစ်ကိုက အဖိုရော သစ္စာရှိတာကို သာဓက မပြနိုင်ရင် အစ်ကို ရှုံးမယ်။ ဒီတော့ ... အဖိုသတ္တဝါ တွေ သစ္စာရှိပုံ ပြောရမှာပေါ့။ နှင်း သိမှာပါ၊ အမေရိကန် စာရေးဆရာကြီး အားနက်စ်ဟဲမင်းဝေးဆိုတာ ...''

နှင်းခိုင်လွင်က ခပ်မြန်မြန် ခေါင်းညိတ်ရ၏။

ဟဲမင်းဝေးမှ မသိလျှင် ဘာစာရေးဆရာလဲဟု ဝေဖန်ခံရလိမ့်မည်။

''အဲဒီ ဟဲမင်းဝေးရဲ့ နာမည်ကြီး The Old Man and The Sea 'ပင်လယ်ပြာနဲ့ အဘိုးအို' ထဲမှာ ရေးထားတယ်။ အဘိုးအိုရဲ့ အတွေ့အကြုံပေါ့။ အဘိုးအိုဟာ တစ်ခါတုန်းက ငါးအထီးအမ စုံတွဲတွေကို ငါးမျှားရင်း တွေ့ခဲ့ တယ်တဲ့။ သူက ငါးမျှားချိတ်မှာ အစာတပ်ပြီး ချထားတာပေါ့။ ငါး အထီးအမ စုံတွဲ ရောက်လာတော့၊ ငါးထီးက အစာကို မြင်တဲ့အခါ အစ်မကို ဦးစားပေးတဲ့ အနေနဲ့ စားခိုင်းသတဲ့''

''လေဒီးစ် ဖတ်စ်ပေါ့''

''အမှန်ပဲ နှင်းရေ ... အဲသလို အစ်မကို ဦးစားပေး စားစေလိုက် တော့ အစ်မက ငါးမျှားချိတ်မိသွားတာပေါ့။ ငါးမျှားချိတ် မိမှန်းသိတဲ့အခါ အစ်မခမျာ ရုန်းသွပ်လောက်အောင် ရုန်းရှာတယ်။ ဒါပေမယ့် ငါးမျှားချိတ်ဟာ အာခေါင်မှာ ငြိနေပြီ။ ဒီအခါ ငါးအထီးက ဘာလုပ်သလဲ။ သူလည်း ငါးမျှား ချိတ်ကို ဖြုတ်မပေးတတ်ဘူး ဟုတ်လား။ ကူပြီး ရုန်းလို့လည်း မရနိုင်ဘူး ဒီအခါ အန္တရာယ်ကို ကြောက်ပြီး ငါးမကို ရှောင်ခွာစွန့်ထွက် မသွားပါဘူး ရုန်းမတတ် ရုန်းကန်ကူးခပ် နေရရှာတဲ့ ငါးမကို အားပေးတဲ့ အနေနဲ့ ငါးမနားမှာ အနီးကပ်ဆုံး လှည့်ပတ်ပြီး နေရှာသတဲ့''

''တယ်ဟုတ်ပါလား''





''ဒီလိုနဲ့ အဘိုးအိုလည်း ငါးမျှားချိတ်ကို ဆွဲတင်ရတာပေါ့။ ငါးကြီးဟာ အဘိုးအိုရဲ့ လှေနားအထိ ကပ်လာသတဲ့။ ငါးမျှားချိတ်နဲ့တကွ ငါးမကြီးကို လှေပေါ် ဆွဲတင်လိုက်တော့လည်း လှေနားက မခွာဘူးတဲ့။ အဘိုးအိုက ငါးမကြီးကို ငါးမျှား ချိတ်ဖြုတ်၊ ဝါဝင်းနေတဲ့ ခန္ဓာကိုယ်ကြီးကို ကျကျနနထုပ်ပိုး၊ ဈေးကို ပို့ဖို့ အသင့် ဖြစ်အောင် လုပ်နေတဲ့အထိ ငါးထီးဟာ လှေနားမှာ ရစ်ဝဲနေဆဲပဲတဲ့။ နောက်ဆုံးကျတော့မှ အဲဒီ ငါးထီးက ရေပြင်ပေါ်ကနေ လေထဲ ပျံဝဲနိုင်အောင် ခုန်လိုက်သတဲ့။ ရေထဲက ခုန်ထွက်ပြီး လေထဲမှာ သူ့ချစ်သူ ငါးမလေး ဘယ်ဘဝ ရောက်နေရှာပါလိမ့် ... လို့ ဝဲကြည့်သတဲ့။ ပြီးတော့မှ ...''

''နောက်ဆုံးတော့ ပျံသွားရော ဟုတ်လား''

နှင်းခိုင်လွင်က အပိုင် ရိုက်ချလေ၏။

''အသေတော့ မခံပါဘူးနော်'' ဟု နိဂုံးချုပ်ပေးလိုက်သည်။

ကိုအောင်နိုင် နေရာမှ ထကာ သစ်ပင်ခြေရင်းမှာ စင်ကလေးနှင့် ရှိနေသော သောက်ရေအိုးမှ အုန်းမှုတ်ခွက်နှင့် ရေခပ်သည်။ နှင်းခိုင်လွင် ရှက်ပြီး ကြည့်နေစဉ်မှာပဲ ရေခွက်ထဲမှ ရေများကို နှင်းခိုင်လွင့် ပခုံးပေါ်မှာ သွန်ချလေသည်။

''အို ... ရှုံးတဲ့လူက အလောင်းခံရမှာ မဟုတ်ဘူးလား''

နှင်းခိုင်လွင် ငြင်း၏။

ကိုအောင်နိုင်က တဟားဟား ရယ်ရင်း ...

''အစ်ကို ရှုံးလို့ နိုင်တဲ့လူကို ဂုဏ်ပြုပြီး လောင်းတာလေ'' ဟု ဆိုလေသည်။ ဘယ်လိုပဲဖြစ်ဖြစ် အစ်ကို အနိုင်ယူမည် ဆိုတာ အဲဒီတုန်းကတည်းက နှင်းခိုင်လွင် သိခဲ့ရင် သိပ်ကောင်းမှာပဲ။

ခုတော့ ... သူလောင်းသည့် သင်္ကြန်ရေကို ချစ်ရေစင်ဟု ...။

*

''ဘယ်လိုလဲ ... အင်းရွာမှာ ပျော်တယ်ဟုတ်လား''

မမကျွေက အိမ်ပြန်ရောက်သည့် ညနေမှာ နှင်းခိုင်လွင်ကို မေးသည်။

တစ်နေကုန် တောင်ပေါ်ဘုရားမှာ လေကောင်းလေသန့်ရှူ၊ စားစရာ အစုံနှင့် ရေဝတီ မြစ်ပြင်ကို အရသာခံရင်း ကိုအောင်နိုင်နှင့် စကား ပြောနေခဲ့သည်ကို နှင်းခိုင်လွင် မပျော်ဘဲ ရှိပါမည်လား။

မမကျွေ၏ အိမ်က ရွာဦးလမ်းမပေါ်မှာမို့ လမ်းမမှာ သွားလာကြသော



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးများကို အတိုင်းသား မြင်ရ၏။ ညနေ နေဝင်ဖျိုးဖျ မှောင်စပြုသော ဤအချိန်မှာ စက်ဘီးတစ်စီးကို ထင်ထင်ရှားရှား မြင်ကြရ၏။ စက်ဘီးကို ကိုယ်တိုင်စီးလာသော အမျိုးသမီး တစ်ယောက်။ မျက်နှာကို တိတိပပ မမြင်ရသော်လည်း စက်ဘီး ထိုင်ခုံပေါ်မှ ဖွံ့ထွားသော သူ့တင်ပါးဆုံကြီးများ၏ အလှကိုကား သတိမထားမိ၍ မရချေ။ တင်သားလှသော အမျိုးသမီး …။

"အဲဒါ … နှင့်အစ်ကို အောင်နိုင်ရဲ့ ရည်းစားလေ၊ မန္တလေးတက္ကသိုလ်မှာ နေတာ၊ ကျောင်းပိတ်လို့ ပြန်လာတာ"

နှင်းခိုင်လွင် ဦးခေါင်းတစ်ခုလုံး လေထဲ ပျံသွားသည်။

ရောဝတီသည် ပြောင်းပြန် စီးသွား၏။

အင်းရွာဆိုသော အေးချမ်း ဆိတ်ငြိမ်သည့် ရွာကလေးသည် မီးသင့်လွင်ပြင်လို ပူပြင်းတောက်လောင်နေတော့သည်။

"နက်ဖြန်သင်္ဘောအဆန်နဲ့ နှင်း ပြန်မယ် မမကြွေ"

"ဟင် … ဘယ်လိုဖြစ်တာလဲ၊ သင်္ကြန် ဒီမှာ ကျမယ်ဆို"

"အင်း … အိမ်က ကလေးတွေကို သတိရလို့ပါ"

နှင်းခိုင်လွင် အစောကြီး အိပ်ရာဝင်ခဲ့၏။

ဆရာဝန် ပေးခဲ့ဖူးသော စိတ်ငြိမ်ဆေး နှစ်ပြားကို သောက်၏။

နောက်နေ့ မနက်စောစော ဆိုက်လာသော မန္တလေး - ဗန်းမော်အဆန် သင်္ဘောပေါ် တိတ်ဆိတ်စွာ တက်ခဲ့၏။ ရောဝတီသည် နှင်းခိုင်လွင်ကို သယ်ဆောင်ကာ ဆန်တက်နေလေသည်။

ကျွန်မ … ကျွန်မ … ဘာမှ မစဉ်းစားပါရစေနဲ့။

အိမ်ပြန်မယ် … ကျွန်မ အိမ်ပြန်ရမယ်။

❐



## (၂၅)
## နွေလေနှင့်အတူ

"နှင် … သိပ်ခံစားနေရလား နှင်းနှင်း"

အောင်ခိုင့်အသံက အက်ကွဲနေလေသည်။

နှင်းနှင်းက စကားပြန်မဆိုချေ။

နှင်းနှင်းမှာ စကားဆိုနိုင်အား မရှိ။

"ငါ … သိပ်ကံဆိုးတယ်" ဟုပဲ ပြောဖြစ်သည်။

"သူငယ်ချင်းရာ … လူတိုင်းမှာ ကံတရား အလှည့်အပြောင်းတွေနဲ့ ချည်းပါပဲ။ တို့ရဲ့ ရောဝတီမြစ်ကြီးလိုပေါ့။ မေခ မလိခ ပေါင်းပြီး စီးလာကတည်းက ဘယ်မှာ တစ်ဖြောင့်တည်း ရှိလို့လဲ။ တို့ မက်ထရစ်မှာ သင်ခဲ့တဲ့ စမ်းချောင်းလေး ကဗျာမှာလည်း တွေ့ခဲ့ပြီးသားပဲ။ ကျောက်စရစ်မြေကို ဖြတ်ရတဲ့အခါ ရှိတယ်၊ တံတားလေးတွေအောက် ဖြတ်ရတဲ့အခါ ရှိတယ်၊ သီချင်းဆိုရတဲ့အခါ ရှိသလို တီးတိုးစကား ပြောရတဲ့အခါတွေ ရှိတယ်။ အတက်ရှိတယ်၊ အဆင်းရှိတယ်။ မကြုံချင်လည်း ကြုံရမှာပဲ။ အခု နှင့်အမေ အိမ်ထောင် ပြုသွားတဲ့ကိစ္စမှာ တခြား နှင့်အစ်မတွေ အစ်ကိုတွေတောင် ခံနိုင်ရည်ရှိသေးတာပဲ။ နှင်က ဘာဖြစ်လို့ ဒါလောက် တင်းခံနေတာလဲ"

"ငါ မသိဘူး"

"အေးပါ … နှင့်ကိုယ်နှင် မသိပေမယ့် နှင့်ကို ငါ သိပါတယ်။ နှင်က နှင့်အမေကို သိပ်ချစ်တာကိုး။ အနာဂတ်ကို သိပ်မျှော်မှန်းတာကိုး။ နှင့်အစ်မတွေဆို ဘာမှ တွေတွေထူးထူး မတွေးဘူး။ ကိုယ့်စီးပွားရေးလေး ကိုယ်ဆက်လုပ်တယ်။ တရားနဲ့ ဖြေတယ်။ ဒီတော့ မခံစားရဘူးပေါ့။ နှင်လည်း တရားနဲ့ငဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဟာ''

နှင်းခိုင်လွင် နှုတ်ခမ်း မဲ့လိုက်၏။

ဘာတရားနဲ့မှ မဖြေနိုင်ပါဘူး။

အမေ့ကို အလျော်ပေးရင် ကျေမယ်၊ ဒါပဲ။

အိမ်မှာ ညီမလေးနဲ့ မောင်လေး ဘယ်လောက် သနားဖို့ ကောင်းသလဲ

ကိုယ်က ကျောင်းပြန်တက်ဖို့ သွားရဦးမည်။ မောင်လေးက (၅)တန်း

ကလေးလေး။ မိခင် ရင်ခွင်ထဲ တိုးချင်ရှာမှာပေါ့။ ဒါကို ဘာနဲ့ ကုစားမှာလဲ

နောက်တစ်ခု …

နှင်းခိုင်လွင် အစားမထိုးနိုင်သော အရာ။

အစ်ကို အောင်နိုင်ရယ် … သူ့မှာ ချစ်သူ ရှိနေတယ်။ မယ်တက္ကသိုလ်

ဆိုပဲ။

''ဟုတ်ပါတယ် ငါကိုက ခံစားတတ်လွန်းလို့ပါ''

နှင်းခိုင်လွင် ဝန်ခံလိုက်သည်။

အမေ နောက်အိမ်ထောင် ပြုသည့်ကိစ္စ မကျေနပ်ကြတာချင်း အတူ

မမလေးက ခဏတစ်ဖြုတ်ပဲ။ အခုဆို အမေ့အိမ်နှင့် ဟင်းချင်းဖလှယ်နေကြပြီး

အစ်ကိုကလည်း လွယ်ဂျယ်မှာ တာဝန်ကျနေရာက ရွှေကူကို ခဏ တာဝန်နှင့်

လာသောအခါ ထမင်းစားတော့ ထမင်းဝိုင်းမှာ ချဉ်ရည်ဟင်း နှစ်မျိုး ဖြစ်နေတာ

မြင်တော့ မမလေးကလည်း ချဉ်ရည်ဟင်း နှစ်မျိုးတောင် ချက်ရလားဟု မေး

သတဲ့။ ဤတွင် မမလေးက ဒါက တို့အိမ်က ချက်တာ၊ ဟိုဟာက အမေ့အိမ်က

ပို့တာလေ ဆိုတော့ … ဟင် ဘာပြောတာလဲဟု တအံ့တသြဆိုမှ မမလေးက

နင်သိပြီးပြီမှတ်လို့ … လို့ ပြောသတဲ့။ ဒီအခါ အစ်ကိုဟာ ထမင်း ဆက်မစား

ဝုန်းဆို ထတယ်။ သူ့လက်ဆွဲအိတ်ထဲက ခြောက်လုံးပြူး သေနတ်ကို ထုတ်တယ်

သူ့မှာ လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်ရှိတာကိုး။ အဲဒီ ခြောက်လုံးပြူး ကိုင်ပြီး

အမေ ရှိတဲ့ အိမ်ကို ဆင်းသွားရောတဲ့။ မမလေးတို့လည်း ထိတ်ထိတ်ပျာပျာနဲ့

ဒေါသကြီးတဲ့ အစ်ကို့နောက် လိုက်ရပေမယ့် ဝင်လည်း မဆွဲရဲဘူးတဲ့။ အသာလေး

အိမ်ပြင်က ချောင်းကြည့်ကြသတဲ့။ အစ်ကိုဟာ အိမ်ပေါ် တက်သွားပြီး အမေနဲ့

အမေ့ယောကျ်ားကို မျက်နှာချင်းဆိုင် တွေ့တယ်။ သူတို့ရှေ့မှာ ဒူးတုပ်ထိုင်တယ်

ခြောက်လုံးပြူးကို သေးမှာ ချလိုက်တယ်။ ပြီးတော့မှ … အမေရယ် …အိမ်မှာ

ကျွန်တော်လည်း မနေနိုင်ဘူး။ မမလေးကလည်း မလည်ပတ်ဘူး။ ကလေး





တွေချည်းမို့ ပစ်မထားပါနဲ့လို့ ပြောပြီး မျက်ရည်ကျရှာသတဲ့။ ဒီတော့မှ

မလေးတို့လည်း သက်မချခဲ့ကြရသတဲ့။

နှင်းခိုင်လွင်ကတော့ သည်လို မဟုတ်။

သဘောဆိုက်ပြီး အိမ်ပြန် ရောက်ရောက်ချင်း မမကြွေ ပေးလိုက်သည့်

ဖရဲသီးကြီးကို မမလေးက ခွဲသည်။ အိမ်နီးချင်းတွေ လာနှုတ်ဆက်ကြတော့

ကျွေး သည်။ သည်အထဲမှာ အမေ ပါလာသည်။ ဖရဲသီးကို အမေက အသေအလဲ

ကြိုက်၏။ ဖရဲသီးတစ်စိပ် ကောက်ကိုင်သည်။ အမေ့ကို မြင်တော့ နှင်းခိုင်လွင်

စိတ်တွေ ထိန်းမရ၊ စိတ်ဆိုးသည်၊ ဝမ်းနည်းသည်၊ ယူကျုံးမရ ဖြစ်သည်။

ဒါတွေ အားလုံးကို ဘာစကားနှင့် ဖော်ပြရမလဲ မသိ။ နောက်ဆုံး ပါးစပ်က

ထွက်သွားသော စကားမှာ …

''ငါ့ဖရဲသီးကို မစားနဲ့'' ဟူ၍တည်း။

အမေသည် ပါးစပ်နား ရောက်လုလု ဖရဲသီးစိပ်ကြီးကို အသာ ပြန်ချ

ပြီး အိမ်အောက် ဆင်းသွားရှာလေသည်။

နှင်းခိုင်လွင်ကား သောင်းကျန်း၍ ကောင်းလှ၏။

မတ်တတ်ရပ်ပြီး ထခုန်တာ အိမ်က ထုတ်တန်းကို မီလုနီးပါး …

တအား ငိုသည်၊ တအား ခုန်သည်။

ခုန်လွန်း၍ ထဘီ ကျွတ်ကျမှာ ပူပြီး ညီမလေးက နှင်းခိုင်လွင် ခါးကို

ဖက်ထားရသည်။ အားလုံး မျက်ရည်နှင့် မျက်ခွက်။

အဲသည်နေ့ကတည်းက နှင်းခိုင်လွင် အမေ့ကို စကားမပြော။ အမေ

နေသော အိမ်ကို မြင်တိုင်း ငိုသည်။ လမ်းမှာတွေ့လျှင် ရှောင်သည်။ မြစ်ဆိပ်

ဆင်းလမ်းမှာ မျက်နှာချင်းဆိုင် ဆုံစဉ်က အမေသည် ထမ်းပိုးမှာ ရေပုံး နှစ်ပုံးကို

ထမ်းလို့။ အောင်မယ်လေး … အမေရဲ့၊ အမေ ဘယ်တုန်းက ဒီလို ရေထမ်းရ

ဖူးသို့လဲ။ ခုတော့ ဟိုလူကြီးကို ယူလို့ ရေထမ်းနေရပြီဆိုပြီး လမ်းဘေး မြက်ခင်း

မှာ ထိုင်ငိုခဲ့သည်။

''အေးပေါ့ သူငယ်ချင်းရာ၊ ဒါဟာ ဝမ်းနည်းစရာ ဖြစ်ပေမယ့် ဤအရာ

ကား တားဆီး၍ မရပါ၊ ဖြစ်သွားပြီပဲ။ နင် စိတ်လျှော့လိုက်ပါ။ ဒါမှ နင်

သက်သာ မှာပေါ့''

အောင်နိုင်က ပိုပြီး လူကြီးဆန်နေသည်။

သူက မေမြို့ သစ်တောကျောင်းဆင်း၊ ဒုတိယ တောအုပ်ရာထူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



လူတွေကြားထဲ အတော် ကျင်လည်ခဲ့ပြီးလို့ ထင်ပါရဲ့။ လူကြီးဟန် ပေါက်နေ
သည်။ ယခု … နှင်းနှင်းတို့ ထိုင်နေသော ရောဝတီကမ်းထိပ်က ခုံတန်းလျားသည်
ယခင် နှင်းနှင်းတို့ အထက်တန်း ကျောင်းသူဘဝကတည်းက ထိုင်နေကျ
ဖြစ်၏။ ရောဝတီသည် အောက်ဘက်သို့ ငြိမ့်ညောင်းစွာ စီးဆင်းနေသည်။
ဟိုမှာဘက်တွင် သောင်ပြင်ပြန့်ပြန့်က တစ်မျှော်တစ်ခေါ်ကြီး ဖြစ်သည်။
အလယ်မှာတော့ ရေလယ်ကျွန်း ရှိ၏။ ပဒုမ္မာကျွန်းဟု ခေါ်သည်။ အဲသည်ကျွန်း
ပေါ်မှာ ကိုင်းပင်များနှင့် ဆီးပင်များ ရှိသည်။ နှင်းနှင်းတို့ ကျောင်းသူဘဝတ
သူငယ်ချင်းတစ်စု လှေဖြင့် ကူးပြီး ဆီးသီးကို တုတ်ဖြင့် ပစ်ချ၍ စားခဲ့ကြသည်။
အိမ်မှ ငါးပိထောင်း ကြိုတင် ထောင်းပြီး ယူသွားခဲ့ကြသည်။ ဖုတ်ထဲကျသော
ဆီးသီးကို ပုဆိုးနှင့်သုတ်၊ ငါးပိ နှင့်တို့ပေါ့။ ဘာအပူအပင်မှ မရှိ။ ဘယ်လောက်
များ ပျော်ဖို့ ကောင်းလိုက်ပါသလဲ။

"ကလေးတုန်းကပဲ ပျော်စရာ ကောင်းတယ်"

နှင်းခိုင်လွင်က သက်ပြင်း မှုတ်ထုတ်ရင်း ပြောသည်။

အောင်ခိုင်က ဆေးပေါ့လိပ်ကို မီးညှို၏။

"ဟင် … အောင်ခိုင်၊ ဆေးလိပ်သောက်တတ်နေပြီ"

အောင်ခိုင်က ပခုံး တွန့်ပြရင်း …

"လူကြီး ဖြစ်ပြီလေဟာ"

"မဆိုင်ပါဘူး၊ တို့အဖေဆို သေတဲ့အထိ ဆေးလိပ်မသောက်၊ အရက်
မသောက်"

"ကိုယ်ကတော့ ဆေးလိပ်လည်းသောက်၊ အရက်လည်းသောက်"

"ပေါက်ကရတွေ ပြောပြန်ပြီ"

"အဟုတ်ပြောတာ နှင်းနှင်းရ၊ ဆေးလိပ်က ဘာရယ် မဟုတ်ပါဘူး
ပျင်းပျင်းနဲ့ ဖွာတာပါ။ အရက်ကျတော့ …"

"ပျင်းပျင်းနဲ့ သောက်ရောလား"

အောင်ခိုင်က ခြေထောက်ကို ခုံအောက် မြေကြီးပေါ် ချထားရာမှ
ဖိနပ်ချွတ်၍ ခြေထောက်ကို ခုံပေါ်တင်ပြီး တင်ပျဉ်ခွေ ထိုင်လိုက်၏။

"မဟုတ်ဘူးကွ အရက်ကို ကိုယ်က ကြိုက်ကို ကြိုက်တာ"

"ဟင် … နင်ကလည်း"

"ဟုတ်တယ် နှင်းနှင်း၊ ကိုယ်တို့ ကသာခရိုင်မှာ အရမ်းအေးတယ်





နောက်တစ်ခုက ငှက်ဖျားပေါတယ်။ အအေးဒဏ်နဲ့ ငှက်ဖျားဒဏ်ကို ကချင်အရက်
က အတော်အတန် ကာကွယ်နိုင်တယ်"

နှင်းခိုင်လွင်က နှာခေါင်း ရှုံ့လိုက်သည်။

"ဆင်ခြေကတော့ အပြည့်ပဲ" ဟု ရွတ်ချလိုက်သည်။

အောင်ခိုင်က တဟားဟား ရယ်ပြီးမှ …

"နင်မသိလို့ အရက်မူးရတာ ပျော်စရာ ကောင်းတယ်ကွ၊ အရက်
ကလေး ရီဝေရီဝေ ဖြစ်လာတာနဲ့၊ လောကကြီးမှာ ကိုယ်ဖြစ်ချင်တာတွေ အကုန်
ဖြစ်တာပဲ။ မုန်းသူကို စိတ်ထဲမှာ သတ်ပစ်လို့ရတယ်။ ချစ်သူကိုလည်း စိတ်ကူးနဲ့
ချစ်တင်းနှောလို့ ရတယ်လေ"

နှင်းခိုင်လွင် ခေါင်းခါလိုက်သည်။

အောင်ခိုင်က နှင်းခိုင်လွင်ကို ကြည့်ပြီး ရယ်တုန်း။

"ငါက အရက်သမားဆို သိပ်မုန်းတာ"

"ငါ့ကျ မုန်းနိုင်မှာ မဟုတ်ပါဘူး"

"သွားစမ်းပါ … ငါတကယ်ပြောတာ။ ယောက်ျားတွေဟာ နဂိုက
ဘယ်လောက် သဘောကောင်းကောင်း၊ အရက်ဝင်တာနဲ့ လူဆိုးတွေ ဖြစ်ကုန်တယ်။
နင် ကြည့်လေ တို့အိမ် ခေါင်းရင်းအိမ်က ဦးမှိန် အရက်မူးရင် သမီးနဲ့ မိန်းမကို
ပြဿနာ လုပ်တယ်။ အိမ်ရှေ့အိမ်က ဦးမြသွင်ဆို အရက်သောက်ပြီးတာနဲ့ သူ့
မိန်းမဘက်က ပါလာတဲ့ သားနှစ်ယောက်ကို ရန်ရှာတော့တာပဲ။ တစ်ခါ တို့အိမ်
နောက်က ဘိန်းအင်စပက်တာ ဦးမောင်ဆိုလည်း အရက်မူးတိုင်း မိန်းမကို ရိုက်
တာ၊ သူ့မိန်းမ အိမ်က ပြေးရတယ်။ အဲသလိုပဲ တို့ခြေရင်းအိမ်က ဒိုဘီကုလား
လည်း မူးတာနဲ့ ဆဲတော့တာ။ မိန်းမခမျာ ထွက်ပြေးနေရတယ်။ နောက်ဆုံး
ငါတို့အိမ်အောက်ထပ်က ငါ့ခဲအို ဘာထူးလဲ၊ မမူးရင် ဘင်ဂျိုလေး တခေါင်ခေါင်
နဲ့ ချစ်ပင် ချစ်မိုး ချစ်လိုက်ပါတဲ့မေ … ဆိုတဲ့ သီချင်း ဆိုနေတာ။ လခထုတ်
ရက် မူးလည်းလာရော မိန်းမကို ရိုက်တာ၊ ဆဲတာ။ မအေနဲ့ ကိုင်ဆဲတော့
မိန်းအစ်ကိုက ဘယ်ခံနိုင်မလဲ။ ယောက်ဖကို ထိုးမယ် တကဲကဲ။ မနည်း
ဆွဲထားရတယ်။ ဒါတွေ မြင်တော့ ငါဖြင့် အရက်သမားဆို သိပ်မုန်းတာပဲ"

"မုန်းမနေနဲ့၊ တော်ကြာ အရက်သမားနဲ့ ညားနေဦးမယ်"

"အဝေးကြီးပဲဟေ့၊ အရက်နံ့ မခံနိုင်တာ တစ်ခုတည်းနဲ့ …"

"အရက်က မနံဘူးဆိုရင်ကော …"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အရက်မဆို နံတာပဲ"

"မနံတဲ့အရက် ရှိတယ်"

"နံပါတယ်ဟာ ..."

"မနံပါဘူး။ မယုံရင် ငါ့ပါးစပ် နမ်းကြည့်"

"ခွေးသူခိုး ... သွား"

"ဟား ဟား ဟား နှင်းနှင်းရာ၊ နင်ကလေ သိပ်ချစ်ဖို့ ကောင်းတာပဲ"

"အောင်နိုင်နော်"

"အလကား စတာပါ သူငယ်ချင်းရာ၊ နင် စိတ်ညစ်နေလို့ ပျော်စေချင်လို့ပါ။ နင်မကြိုက်ရင် ငါ မသောက်ပါဘူး"

"ဘာဆိုင်လို့လဲ နင့်ဘာသာနင် သောက်ချင်သောက်ပေါ့"

"နင်က မဆိုင်ဘူး ပြောပေမယ့် ငါကတော့ ..."

"ဆက်မပြောနဲ့ အောင်နိုင်"

"မထူးဘူး ပြောတော့မယ်။ နင် အိမ်ထောင်ပြုဖို့ အချိန် ရောက်ပြီဆိုရင် ငါ့ကို ထည့်စဉ်းစားပါနော်၊ ကဲ ... ငါသွားပြီ"

အောင်နိုင်က သိမ်းငှက်တစ်ကောင်လို လှစ်ခနဲ ထွက်သွား၏။

နှင်းခိုင်လွင်က ကြောင်တက်တက်နှင့် ကျန်ရစ်သည်။

မထင်မှတ်ဘဲ ဂိုးသွင်းခံလိုက်ရသော ဂိုးသမားလို နှင်းခိုင်လွင် ခံစားရသည်။ မူလက ထင်ထားလျှင် ပြင်ဆင်ထားနိုင်သား။ ခုတော့ ဘောလုံးက ပိုက်ထဲ ဝင်သွားခဲ့ပြီ။

စိတ်ထဲမှာ မခံချင် ဖြစ်နေသည်။

အောင်နိုင် ... လူပါးဝလိုက်တာ။

အို ... ဒီလိုလည်း မဟုတ်သေးပါဘူး။

အောင်နိုင်ဆိုတာ ငယ်သူငယ်ချင်းပဲ။

ကြီးလာလို့ ဖွင့်ပြောတာ အပြစ်မှ မဟုတ်တာ။

ဟင်း ... အစ်ကို အောင်နိုင်လို ဖွင့်ပြောတော့ မလိုလိုနဲ့ ဘာမှ မပြောဘဲ နှိပ်စက်တာနဲ့ စာရင် ချစ်တာကို ချစ်တယ်လို့ ဖွင့်ပြောတာဟာ ရိုးသားတာပေါ့။

နေစမ်းပါဦး နှင်းခိုင်လွင် ...

အောင်နိုင်က နင့်ကို ချစ်တယ်လို့ ပြောလို့လား။





အို ... ဟုတ်ပါရဲ့။ ဘယ်မှာ ပြောခဲ့လို့လဲ။ 'နင် အိမ်ထောင်ပြုဖို့ အချိန် ရောက်ပြီဆိုရင် ငါ့ကို ထည့်စဉ်းစားပါ' လို့ပဲ ပြောသွားတာ။

ဘုရားရေ ... ယောက်ျားတွေ ငါ့ကို ချစ်တယ်လို့ မပြောကြပါလား။ ရှက်စရာ ကောင်းပါဘိ။ ချစ်တယ်လို့ မပြောဘဲ ယူမယ်လို့ ပြောတာ။ ဒါဟာ တန်ဖိုး မထားတာ။ အောင်နိုင် နင် ငါ့ကို တန်ဖိုး မထားဘူးနော်။ ကိုအောင်နိုင်ရော ဘာထူးလဲ။ ငါ့ကို ချစ်တယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဘူး။

အတွေးထဲသို့ ကိုအောင်နိုင် ရောက်လာတော့ ဘယ်ဘက်ရင်အုံက နာနာ ချင်လာသည်။ မခုန်နဲ့ဟေ့၊ ဘာရင်မှ ခုန်မနေနဲ့။ သူမှ ငါ့ကို မချစ်တာ။ မေတ္တာ ဆိုတာ အသွားအပြန် ရှိတယ်ဆို။ 'ခုတော့ အပြန် ... အပြန် ... အပြန်လားကွဲ့၊ အသွား ... အသွား ... အသွားပါဗျို့' ဆိုတာလိုပဲ။ အသွားချည်းပဲ။ ဘယ်မှာ အပြန် ရှိလို့လဲ။ အစ်ကိုရယ် ... အစ်ကို့အပေါ် စိတ်ကူးယဉ်မိတာ နှင်းခိုင်လွင် မှားပါတယ်။ ပြီးတော့ ... နှင်း ရှက်တယ်။

*

"နင်ရှိတုန်း ပျော်ပွဲစား သွားရအောင်"

စတင် အဖော်စပ်သူက မတင်အုန်းပါ။

အထက်တန်းကျောင်းမှာတုန်းက သူငယ်ချင်းများပေါ့။ သူတို့က ရှစ်တန်း အရောက်မှာ မူလတန်း ဆရာဖြစ် သွားတက်ကြသည်။ မြစ်ကြီးနား ဆရာအတတ်သင်ကျောင်းက မူလတန်း ဆရာများ မွေးထုတ်နေသည်။ အလယ်တန်း ဆရာဖြစ် တက်လျှင်တော့ မန္တလေး သို့မဟုတ် ရန်ကုန်မှာပဲ ရှိ၏။ နှင်းခိုင်လွင်က အမေ့ကို ကူညီဖို့ ရှစ်တန်းမှာကတည်းက မူလတန်း ဆရာဖြစ် တက်ချင်သည်။ အသက် ကန့်သတ်ချက်က ၁၆ နှစ် ပြည့်ပြီး ဖြစ်ရမည်တဲ့။ နှင်းခိုင်လွင်က အဲသည်တုန်းက ၁၄ နှစ် ထင်ပါရဲ့။ သည်လိုနှင့် မူလတန်း ဆရာဖြစ် မတက်ဖြစ်ဘဲ မက်ထရစ်တန်း ဆက်တက်ခဲ့ရသူ ဖြစ်၏။

အခု နွေရာသီ ကျောင်းပိတ်တော့ သူငယ်ချင်း အတော်များများက မူလတန်းဆရာမတွေ ဖြစ်နေကြပြီ။ ၁၂၆ ကျပ် ဆိုသော လစာဖြင့် တစ်လ တစ်လ စားသောက်နိုင်ကြ၏။ မတင်အုန်းတို့တစ်တွေ စက်ဘီးဝယ်ကြသည်။ လက်ဝတ် လက်စား ... နှင့် စုကြသည်။ ခုလို ကျောင်းပိတ်သောအခါ ... ပြီး အပန်းဖြေခရီး ထွက်နိုင်ကြလေသည်။

www.burmeseclassic.com



ရွှေကူနှင့် ဗန်းမော်ကြားမှာ ဒုတိယမြစ်ကျဉ်း ရှိ၏။ ကျောက်တောင် မြင့်မြင့်ကြီးကို မှန်စီမ်းပေါင်း၊ ထက်ခြမ်း လှီးသလို တိတိကျကျ လှီးထားဟန် နတ်မျက်နှာတောင် ခေါ်သော တောင်ကြားမှာ ဧရာဝတီသည် ကျဉ်းကျဉ်းကျပ်ကျပ် စီးဆင်းနေရသည်။ တောင်ထိပ်နှင့် တည့်တည့်အောက်က ကျောက်ဆောင်လေး ပေါ်မှာက … လက်ဆောင်ခံဘုရား ရှိသည်။ စမွာနဂိုပြည်ကို ရန်သူတွေ ဝင်တော့ မိဖုရားကြီးက ကိုယ်ဝန် အရင့်အမာနှင့် ထွက်ပြေးရတယ်ဆိုပဲ။ နတ်မျက်နှာတောင် ထိပ်မှာ ပုန်းရင်း ကလေး မီးဖွားရသတဲ့။ ဝိလာသမင်းသားလေးလို့ ခေါ်သတဲ့။ ရန်သူတွေ နောက်က လိုက်လာသောအခါ ပြေးစရာ လမ်းမရှိတော့ရကား နတ် မျက်နှာတောင်ထိပ်မှ ဧရာဝတီမြစ်ထဲ ခုန်ချရသတဲ့။ ဤတွင် ဘုန်းတန်ခိုး အာနု ဘော်ကြီးသော မင်းသားလေးမို့ သိကြားမင်းက တောင်အောက်ကနေ ကလပ်နှင့် ခံသတဲ့။ မင်းသားလေး မသေဘဲ လွတ်မြောက်သွားရောတဲ့။ ထိုကလပ်နှင့် ခံသည့် နေရာမှာ ဘုရားစေတီငယ်ငယ် (ဉာဏ်တော် ၃-တောင်ခန့်) ကို တည်ခဲ့သတဲ့။ ဟုတ်သည် မဟုတ်သည်ထား၊ ပတ်ဝန်းကျင်နှင့် သမိုင်း ဒဏ္ဍာရီသည် လွမ်းဖွယ်ပင် မဟုတ်ပါလား။

ရွှေကူကနေ လှေဖြင့် ဆန်ခဲ့ရ၏။ ထိုမြစ်ကျဉ်းအဝင်ဝမှာက နောင်ဗိုရွာ ရှိ၏။ သဲသောင်ခုံလေးကို ဖြတ်ပြီးသွားမှ ရွာအခြေကို ရောက်သည်။ ထိုရွာမှာ ခဏ ရပ်ပြီး ကြက်ဝယ်ကြမည်ဟု ဆိုသည်။ အောင်ခိုင်တို့ ယောကျ်ားလေးများ ရွာသို့ တက်သွားကြသည်။ လှေပေါ်မှာ မတင်အုန်းနှင့် မစန်းရီက ကြက်ချက် ခွာကြသည်။ နှင်းခိုင်လွင်နှင့် မဝင်းကြည်က အာလူးခွံ ခွာကြသည်။ သူတို့ တော်တော်နှင့် ပြန်မလာကြ။ ခဏကြာတော့ သောင်ခုံမှာ လှုပ်လှုပ်ရှရှ မြင်ရ၏။ ကြက်က ရှေ့ကပြေး၊ ရွာသားနှစ်ဦးနှင့် အောင်ခိုင်တို့က နောက်က တုတ်တွေနှင့် လိုက်။ စားတောင် မစားရက်တော့ဘူးဟု မတင်အုန်းက ဆိုသည်။ အောင်ခိုင်တို့ ပြန်လာကြ၏။ ကြက်နှစ်ကောင် အသေမိခဲ့သည်တဲ့။

မြစ်ကျဉ်းထဲက နတ်မျက်နှာတောင်နှင့် မျက်နှာချင်းဆိုင်နားတွင် သဲ ကမ်းခြေနှင့် ကျောက်တုံးတွေ ရှိ၏။ ပျော်ပွဲစားချင်စရာလေးဟု လူတိုင်း သဘော တူကြသည်။ ထိုကမ်းမှာ လှေကို ဆိုက်ပြီး ကျောက်တုံးတွေနားမှာ စခန်းချကြ၏။ ယောကျ်ားလေးတွေက ထင်းရှာကြသည်။ မိန်းကလေးတွေက ထမင်းအိုး တည် ကြသည်။

ရေနွေးအိုးက မီးဖိုသပ်သပ်။ ရေနွေးဆူတော့ ကော်ဖီ ဖျော်သောက်ကြ





သည်။ ရေနွေးအိုးထဲ ကြက်အကောင်လိုက် ထည့်ပြီး အမွေးနုတ်ကြသည်။ ဆာစောကပင် အသက်ဘေးအတွက် ထွက်ပြေးနေကြရှာသော ကြက်တွေကို မြင်ခဲ့ရသဖြင့် မိန်းကလေးများ မစားရက်သလို ဖြစ်နေပေမယ့် ယောကျ်ားလေး တွေကတော့ ကြက်ခေါင်းစားရင် မင်းဖြစ်တယ်ဟု ပြောနေကြသည်။ အောင်ခိုင်နှင့် မြင့်မောင်က ကျောက်ဆောင်အကွယ်သို့ ဝင်သွားသည်။ တော်တော်နှင့် ပြန် ထွက်လာကြ။ သူတို့ ဘောင်းဘီအိတ်ထဲမှာ ပုလင်းပြားလေးတွေ ပါတယ်ဟု စန်းရီက ပြော၏။ နှင်းခိုင်လွင်က နှာခေါင်းရှုံ့ပြီး အောင်ခိုင့်ကို မကြိုက်တာတွေ ဦးသွားတော့သည်။

အောင်ခိုင်နှင့် မြင့်မောင် ပြန်လာသောအခါ ငှက်ပျောရွက်တွေ ပါလာ သည်။ ငါတို့ ငှက်ပျောပင် သွားရှာတာဟု လေပြေထိုးသည်။ ဘယ်လိုပင် လေပြေထိုးထိုး သူ့ထံမှ အနံ့ဆိုးက ဖုံးမရ။ အများရှေ့မှာမို့ နှင်းခိုင်လွင် ဘာမျှ မပြော။ ငါနဲ့ ဘာဆိုင်တာမှတ်လို့ …။

ထမင်းဝိုင်းက မြိုင်လှသည်။

သဲသောင်ပြင်ပေါ်မှာ ငှက်ပျောရွက်တွေ အလျားလိုက် ဖြန့်ခင်းပြီး ထမင်းနှင့် ဟင်းကို တစ်စုစီ ပုံပေးထားသည်။ လူ ၁၀ ယောက် ထမင်း ၁၀ ပုံပေါ့။

ယောကျ်ားလေးတွေက ဘောင်းဘီတိုလေးတွေနှင့် မြစ်ထဲ ရေဆင်းချိုး ကြ၏။ မိန်းကလေးတွေက မျက်နှာပဲ သစ်ကြသည်။ လူကြားထဲ အဝတ် မချွတ်ရဲ၊ အဝတ်မလဲရဲ။ ယောကျ်ားလေးတွေက ရေချိုးတုန်း မိန်းကလေးတွေက ထမင်းဟင်း မြင်ခဲ့ကြလေသည်။

"အာလူးကလည်း မာလိုက်တာ"

မြင့်အောင်က အော်သည်။

"ငါ့အပုံမှာ လည်ချောင်းရိုးကြီး"

တင်ထွန်းက ပြဿနာလုပ်၏။

"ဟေ့ အားလုံး မှတ်ထား၊ ယောဒါ … လက်ကီးဘုံးလို့ ခေါ်တယ်။ ကြက်ရင်ညွှန့် အရိုး။ ဒီအရိုးနုလေးက နှစ်ခြမ်း ခွဲလို့ ရတယ်။ နှစ်ယောက်ဆွဲလို့ အရိုးနုလေးက တစ်ယောက်ဘက် ပါသွားရင် အဲဒီလူ ကံကောင်းတယ်တဲ့။ ကဲ — လာ … နှင်းနှင်း နင်နဲ့ငါနဲ့ ဆွဲကြမယ်"

အောင်ခိုင်က အာသွက်လျှာသွက် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ရင်ညွှန့်ရိုးကို လက်က ကိုင်ရင်း တစ်ဖက်ကို နှင်းနှင်းရှေ့ ကမ်းနေလေသည်။ နှင်းနှင်းက နောက်ဆုတ်လိုက်၏။ မရပေ။ သူ ရှေ့တိုးလာသည်။ ရုပ်ပျက်ဆင်းပျက် မဖြစ်စေချင်သဖြင့် အရိုးတစ်ဖက်ကို ကိုင်လိုက်ရသည်။

"ဟုတ်ပြီ …ဆွဲ … ဆွဲ"

အတော်ခိုင်သော ကြက်ရင်ညွှန့်ရိုးပဲ။

"ဟုတ်ပြီ … အောင်ခိုင်ကွ … ဆွဲ … မင်း ကံကောင်းလိမ့်မယ်"

"နှင်းနှင်း … အလျှော့ပေးလိုက်"

"မလျှော့နဲ့ နှင်းနှင်း … အားစိုက်ဆွဲ"

ကျောက်တောင်ကမ်းပါးဘက်မှ ပွဲတင်သံများပင် ထွက်လာသည်။ တဟေးဟေးနှင့် ညာသံပေးပြီး ပျော်ရွှင်နေကြသော လူငယ်တစ်စုကို မြစ်ထဲမှာ ပိုက်ချနေသော တံငါသည် တချို့က အားကျစိတ်နှင့် လှမ်း၍ ကြည့်ကြ၏။ သူတို့ မြို့သားတွေ ပျော်နိုင်လိုက်ကြတာဟု ထင်ကြပုံရသည်။ မှန်သလောက် လည်း မှန်ပါလိမ့်မည်။ ရွှေကူမှာ လစာ ၁၂၆ ကျပ် ရသော မတင်အုန်းတို့ မစန်းရီတို့က စက်ဘီး ဝယ်စီးနေကြပြီပဲ။ လစာ ၃၀၀/– နီးပါး ရပြီး သစ်ကုန်သည် တို့၏ ကန်တော့ပစ္စည်းများ ရလေ့ရှိသော အောင်ခိုင်ဆိုလျှင် ဂျစ်ကားဝယ်ရန် စဉ်းစားနေပြီ။

ညနေ စောင်းလာပြီ။

တောရိပ် တောင်ရိပ်ကြောင့် အအေး ကဲလာ၏။

သဲပေါ်မှာ လှဲအိပ်ကြ၊ သီချင်းတွေ ဆိုကြ၊ နောက်ကြ ပြောင်ကြနှင့် သူငယ်ချင်း ၁၀ ယောက်လည်း ဖုတ်ဖက်ခါထကြရသည်။ အေးချမ်း ပျော်ရွှင်ဖွယ် မြစ်ကျဉ်းမှာ ဘယ်လောက်ပင် နားနေချင်ပေမယ့် အချိန်တန်တော့လည်း အိမ်ပြန် ကြရလေတော့မည်။

လှေက အစုန်မို့ အားစိုက်ပြီး လှော်ရန် မလိုချေ။

ခပ်အေးအေးပဲ ရေစီးနှင့် မျောပါရင်း လိုက်ကြသည်။

နေလုံး နီလဲ့လဲ့က အနောက်ဘက် တောင်ခြေမှာ မေးတင်ရင်း လူသား များကို နှုတ်ဆက်နေလေသည်။

"ကြက်ညီနောင် ရေဝယ်မျောပါလို့

မြကြောမင်းဝံတောင် လဲတော့မရှောင်"

မြင့်အောင်က ခပ်ထွေထွေလေး မပြေတပြေဖြင့် အငြိမ့်ထဲက လူရွှင်





တော် ခွန်းထောက်ဆိုနည်းဖြင့် ဆိုလိုက်သည်။

"ဘယ့်နှယ်ကွယ် … ဟင်းကောင်းကြီး ရေမျောပစ်ရသလဲ"

တင်ထွန်းက မထွေဘဲနှင့် နောက်လေသည်။

စောစောက ကြက်နှစ်ကောင် ရိုက်ပြီး ချက်စားခဲ့ရသည်ကို သတိရသဖြင့် အားလုံး ရယ်မိကြ၏။ ဒါလောက်ကြီး ရယ်စရာ မဟုတ်ပါဘဲနှင့် ဘာကြောင့်များ ရယ်မိနေကြလဲဟု မေးချင်စရာ ရှိသည်။ ဘာကြောင့်တော့ မပြော တတ်။ ကျောင်းနေစဉ်က တဖော်တဖက် သူငယ်ချင်းများ စုမိခြင်း၊ သဘာဝ မြေ တောတောင် … ပြီးတော့ … ပြည့်စုံခြင်း … ထို့နောက် … လွတ်လပ်ခြင်း … ဒါတွေကြောင့် ဖြစ်ပါလိမ့်မည်။

"အဲဒါ ဟင်းကောင်း မဟုတ်ဘူး၊ ဘုရားကို ပြောတာ"

မြင့်အောင်က လှော်တက်ကို အရှိန်သတ်ရင်း ရှင်း၏။

"ဟယ် … ဟုတ်လား၊ ရှင်းပါဦးဆရာ"

အောင်ခိုင်က ရီဝေနေသော မျက်လုံးကို မေးလျက် ထောက်သည်။

"မင်းတို့ကလည်း သိသားနဲ့၊ မြန်မာကဗျာစာအုပ်ထဲ ပါတယ်လေ။ ကြက်ညီနောင်ဆိုတာ ရွှေကြက်ယက်နဲ့ ရွှေကြက်ကျဘုရား၊ စစ်ကိုင်းနဲ့ မျက်နှာ ချင်းဆိုင် ဧရာဝတီကမ်းထိပ် တောင်ကုန်းလေးမှာရှိတယ်။ အင်းဝဘက်ကမ်းပေါ့ —"

"ဟုတ်ကဲ့ … နားလည်ပါပြီ ဆရာ"

အောင်ခိုင် ထပ်များ သောက်ထားလား မသိ။

"ကြက်ညီနောင် ရေဝယ်မျောတယ်ဆိုတာ စောစောက ပြောတဲ့ ရွှေ ကြက်ယက်နဲ့ ရွှေကြက်ကျ စေတီနှစ်ဆူဟာ ဧရာဝတီမြစ်ရေကြီးတဲ့ မိုးတွင်းကာလ ရောက်တော့ မြစ်ရေက အဲဒီ ဘုရားနှစ်ဆူနား ကပ်ပြီး စီးနေတာကိုး"

"အိုကေ … အိုကေ … အိုင်စီး"

အောင်ခိုင် ရွှင်နေလေသည်။

"အဲသလို … ကြက်ညီနောင် ရေကြီးတဲ့အထဲ မျောပါချင် ပါသွား စေ ဟိုးဘက်က မင်းဝံတောင်ကြီးလည်း လဲပြိုချင် ပြိုနိုင်ပါရဲ့။ ဒါတွေဟာ ဖြစ်နိုင်တဲ့ အရာတွေနော်၊ အဲသလို ကြက်ညီနောင် ရေထဲ မျောပြီး မင်းဝံတောင် ကြီးလဲ ပြိုသွားရင်တောင်မှ ခင့်ကို မောင်က မမုန်းပါဘူး၊ မပစ်နိုင်ပါဘူးလို့ သွာစကား ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ … အိုင်လပ်ဗ်ယူ … အန်တီးလ် … သည်တွင်း ချစ်ကင်း ဖလုပ်တင်း … အန် …သည်မင်းဝံမောင်တိန်း … ကလက်ပ် …"

အောင်ခိုင်က အင်္ဂလိပ်လို ဟန်နှင့် မာန်နှင့် မြူးကြွနေလေသည်။

နှင်းခိုင်လွင်ပင် အောင်ခိုင့်ကို ကြည့်ရင်း ရယ်ချင်လာ၏။ ဟိုတစ်နေ့က ရည်းစားစကား ပြောခဲ့ခြင်းကို စိတ်မဆိုးချင်တော့ပေ။ သူငယ်ချင်း ပျော်ပါစေ

နေလုံးက စုံးစုံးမြုပ်သွားပြီ။

မြစ်ပြင်သည် မှောင်ရိပ်ထဲမှာ ပြာလာလေ၏။

အောင်ခိုင်တို့ လှေသမ္ဗန်လေးကား အပူအပင် ကင်းမဲ့စွာ ရေဝတီ ရင်ခွင်မှာ ငြိမ့်ငြိမ့်လေး စုန်နေသည်။

အရှေ့ဘက် ကောင်းကင်မှ ကြယ်တွေ လင်းလက်လာပြီ။

တောင်ဘက်မြစ်ကြောမှ ဆေ့လာသော တောင်လေကြောင့် အေးစိမ့်လာ ၏။ မတင်အုန်းနှင့် မစန်းရီတို့က သူတို့ ဆွဲအိတ်ထဲမှ အပေါ်ဝတ်အင်္ကျီများကို ထုတ်ပြီး ဝတ်ကြ၏။ နှင်းနှင်းမှာက အပေါ်အင်္ကျီ မပါချေ။ နွေရာသီမို့ မြစ်ထဲမှာ သည်လောက် အေးမည် မထင်ခဲ့။ မတင်အုန်းတို့က နောင်မိုမှာ ဆရာမ လုပ်ဖူး သဖြင့် ညအခါ ရေဝတီ အအေးသန်ပုံကို သိကြလေသည်။

နှင်းခိုင်လွင် ချမ်းနေပြီ။

အိမ်နားရောက်ဖို့က လိုသေးသည်။

လက်နှစ်ဖက်ကို ကျုံ့ထားရ၏။

လှေသည် ရွှေပေါ်ကျွန်းကို ပတ်ဆင်းလာပြီ။ ကျွန်းပေါ်မှာ ရှိသော စေတီများကား လရောင်ပျပျကို အားကိုးနေကြ၏။ လျှပ်စစ်မီးများ မရှိသေး ရွှေကူမှာ လျှပ်စစ်ဓာတ်အား မရှိသေး။

"ဟောဒီ ရွှေပေါ်ကျွန်း ကျွန်းတော်ဘုရားတွေက ပိုပြီး သစ္စာပြည့် ကောင်းတာ"

မတင်အုန်းက စေတီများကို ကြည်ကြည်နူးနူး ကြည့်ပြီး ပြော၏။

"တင်လျှောက်စေဗျား"

အောင်ခိုင်က ပွဲထဲက ရှင်ဘုရင်လေသံဖြင့် ဆိုသည်။

"ဟုတ်တယ်ဟ၊ တို့ ရွှေကူသား ဖြစ်ရတာ ဂုဏ်ယူကြ။ ရွှေကူမြို့ ဆိုတာ ဗုဒ္ဓဘာသာ ဘယ်လောက် အရင်ဆုံး ထွန်းကားတယ် မှတ်လဲ။ အိန္ဒိယမှာ အာသောကမင်းကြီး သာသနာပြုတော့ အရုပ်ရှစ်မျက်နှာကို ဗုဒ္ဓရဲ့ ဓာတ်တော်





တွေနဲ့အတူ သာသနာပြုဖို့ လွှတ်တာမှာ တို့ရွှေကူကို ဓာတ်တော် အဆူပေါင်း ၇၇၇၇ ဆူ (၇-၄ လုံး) ပါလာတယ်။ ဟောဒီ ရွှေပေါ်ကျွန်းစေတီကို တည်ပြီး ဌာပနာတယ်။ ဓာတ်တော်တိုက်မှာလည်း အခုထိ အပူဇော် ခံထားတယ်။ ဒီလို ဓာတ်တော်အစစ်တွေ ရှိလို့ တို့မြို့ဟာ ဘယ်တော့မှ သဘာဝ အန္တရာယ် မကျ ရောက်ဘူး။ မီးလောင်တာ မြင်ဖူးလား၊ လျှောင်လှုပ်တာ ကြုံဖူးလား"

မတင်အုန်း ပြောတာလည်း မမှားပေ။

နှင်းခိုင်လွင် တစ်သက် အိမ်တစ်လုံးလုံး မီးလောင်တာကို မမြင်ဖူးသေး သေ။ လျှောင်လှုပ်တာလည်း မကြုံဖူးသေး။ မုန်တိုင်းကျခြင်း၊ ရေကြီးခြင်းလည်း အနည်းအကျဉ်းက လွဲပြီး မကြုံဖူးသေး။ ဒါပေမယ့် … နှင်းခိုင်လွင်က မတင်အုန်း လို ဒါဟာ တန်ခိုးကြီး ဘုရားရှိလို့ဟု မကြားဖူးပေ။

"တို့ ကျွန်းတော်ဘုရား ဘယ်လောက် တန်ခိုးကြီးလဲဆိုရင် ဒီကျွန်းဟာ ဘယ်တော့မှ ရေမနစ်ဘူး"

ဟုတ်တော့ ဟုတ်သား။

သောင်ပြင်ကို ရေနစ်သည်။

ဘုရားစေတီတွေ ရှိသော ကုန်းမြေကိုမူ ရေတစ်ခါမျှ မရောက်ခဲ့။

"စေတီတွေက တစ်တီတွဲ တွန့်ကျူးကျော်၊ ကျွန်းတော် ဘုရားပေါင်း ဆိုတဲ့ အတိုင်း ၇၇၇၇ ဆူ ရှိတယ်။ စေတီကြီးတစ်ဆူအပြင် စေတီသေးသေး လေးတွေက သီးခြား အလှူရှင်တွေပေါ့။ အများအားဖြင့် ရှမ်းတွေပဲ။ ရှမ်းဆိုတာ ဒီ ရွှေကူက မဟုတ်ဘူး။ ဟိုး … မိုးမိတ်က ရှမ်းတွေ။ ဟိုဘက်မှာ မိုးမိတ် ဆောင်းတန်း ရှိတယ် ဟုတ်လား။ သူတို့က ဘုရားပွဲတော်ချိန် ရောက်ရင် ရွာလုံး ကျွတ် ဆင်းလာကြတာ။ သူတို့ ဘိုးဘွားတွေ တည်ခဲ့တဲ့ စေတီတွေကို လာပြီး ပြုပြင်ကြ၊ ရှင်းလင်းကြနဲ့ တကယ် ထက်သန်ကြတာ"

"စကားပုံ ရှိသားပဲ။ တစ်မူးရှိလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင် မှီးလား … တဲ့"

"ဟုတ်တယ် … ရှမ်းတွေက သိပ်ဘာသာတရား ကိုင်းရှိုင်းတာ"

"ငါလည်း ရှမ်းသွေး တစ်မတ်ပါတယ်"

နှင်းခိုင်လွင် လက်မထောင်ပြီး ပြော၏။

"လေးစားပါတယ် ဒေါ်နှင်းခိုင်လွင် ခင်ဗျား"

အောင်ခိုင် အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြစ်လေထဲမှာ သူပိုပြီး မူးနေလား မသိ။

"ဟုတ်တယ် … အမေ ပြောဖူးတယ်။ တို့အဘိုး ပြောခဲ့တာတဲ့။ အဘိုး ဘုန်းကြီးကျောင်းသား ဘဝတုန်းကတဲ့ ဒီကျွန်းတော်ဘုရားကို ထီးတော် တင်တာတဲ့။

"ဟုတ်လား ပြောပါဦး"

"ထီးတော်တင်တော့ အပေါ်မှာ ဝါးနဲ့လုပ်တဲ့ ငြမ်းတွေပဲ ရှိတာတဲ့။ နေပူတယ်ပေါ့နော်။ ထီးတင်ရတာလည်း ကြာမယ်ပေါ့။ အဲဒါ အုံ့ဖြိုးဖို့ ကောင်းတာက ထီးတော် စတင်တယ်ဆိုတာနဲ့ ငှက်တွေ ဘယ်က ဘယ်လို ရောက်လာတယ် မသိဘူးတဲ့။ ဘုရားအထက်မှာ တောင်ပံချင်း ယှက်ပြီး ဝဲနေကြတာ။ ဘုရားကို အရိပ်မထိုးဘူးတဲ့။ ထီးတော်တင်နေတဲ့ အချိန် တစ်ချိန်လုံး တောက်လျှောက် အဲသလိုပဲ ဝဲပြီး အရိပ်မိုးခဲ့ကြတာတဲ့။ ဟော … ထီးတင်လို့လည်း ပြီးရော အသီးသီး ဘယ်ကို ပျံသွားကြမှန်း မသိဘူးတဲ့။ တအား ထူးဆန်းတာ"

နှင်းခိုင်လွင်က မမောမပန်း ပြောသည်။

"ဟုတ်တယ် … ဘာသာတရားမှာ တို့ မသိတာတွေ အများကြီးပဲ"

မစန်းရီက စေတီများဘက် လက်အုပ်ချီရင်း ပြော၏။

"တချို့ ပြောတာ ရှိသေးတယ်။ ဒီကျွန်းကို ကျောက်ကြိုးတွေနဲ့ ဆိုင်းထားသတဲ့။ တစ်ခါက … မိန်းမတစ်ယောက်ဟာ မသိလို့ ကျောက်ကြိုး တစ်ခုပေါ်မှာ ထဘီလျှော်မိလို့ ရေနစ်သေသွားရသတဲ့"

"အဲဒါ … ငါ … မယုံဘူး"

အောင်ခိုင် ထအော်သည်။

"မင်းကလည်းကွာ လှေပေါ်မှာ ငါတို့ ပါနေသေးတယ်။ ပေါက်တတ်ကရ တွေ မူးတိုင်း လျှောက်မပြောနဲ့"

တင်ထွန်း အောင်ခိုင့်ကို လက်ဖြင့် ပုတ်ပြီး ပြောသည်။

အောင်ခိုင်က တဟဲဟဲ ရယ်၏။

လှေက ရွှေပေါ်ကျွန်းကို လွန်လာသည်။

တင်ထွန်းလည်း ခုမှပင် စိတ်အေးသွားလေသည်။

ဘလက်ဝ ဆိုသော ချောင်းဝလေးသို့ ရောက်၏။ ငါးပတ်ကြီးချောင်း ဟုလည်း ခေါ်ကြသည်။ ထိုချောင်းဝကား အဖိုးမဖြတ်နိုင်သော ချောင်းဝတည်း။ အကြောင်းမှာ ရွှေကူမြောက်ဘက် တောင်ကြောတွင် ရွှေကြောကြီး ရှိသည်။ ထို



ရွှေကြောမှာ ရွှေမှုန်ရွှေဖတ်များကို မိုးတွင်းအခါ ရေတိုက်စားပြီး ငါးပတ်ကြီး ချောင်းအတိုင်း မျောပါလာကြ၏။ ဤရွှေမှုန်များသည် ဤနေရာရောက်သော် … မိခင် ဧရာဝတီထံ ခိုဝင်ခစား၏။ ထိုအခါ စီးနေသော အရှိန်က ရပ်တန့် နှေးကွေးသွားရာ ဤမြစ်ဝတွင် ချောင်းဖျားမှ သယ်ယူလာသော ရွှေမှုန် အနည်ထိုင် နေရစ်ကြလေသည်။ ဤသို့ဖြင့် ဤဘလက်ဝ မြစ်ဆုံနေရာသည် ရွှေကျင်သောမြေ ဖြစ်ခဲ့တော့၏။ ယခုလို ဆောင်းနှောင်းနွေ ကာလများတွင် ဤချောင်းဝ၌ ရွှေကျင်သော ရှမ်းလူမျိုးတို့ လာရောက် စတည်းချကြမြဲတည်း။

"ရွှေကူဆိုတာ ရွှေကျင်လို့ ရတာနဲ့ ဆိုင်သလား"

တင်ထွန်းက ပြဿနာ တင်ပြန်သည်။

"ဘာမှ မဆိုင်ဘူး။ ရွှေကူဆိုတာ ရွှေနဲ့လုပ်ထားတဲ့ ဂူကြီးပေါ့။ အရင် က မြို့လယ်ကောင်မှာ ရွှေဂူကြီးဘုရား ဆိုတာ ရှိတယ်။ ရွှေတွေ ဘယ်လောက် ဌာပနာ ထားမှန်းတော့ မသိဘူး။ မြစ်ကမ်းတွေ ပြိုလို့ ဘုရားတွေ ပြိုတော့ ရွှေအိုးရာကြီးတွေ တွေ့ရသတဲ့။ မြစ်ဘက်ကနေ ငှက်လှေနဲ့ သွားကြည့်ကြတာ ပွဲကျနေတာပဲတဲ့။ အဲသလို မဖြိုခင် ညကလည်း တစ်ညလုံး လှည်းတွေနဲ့ ရွှေသယ်တဲ့ အသံ ကြားရသတဲ့"

နှင်းခိုင်လွင်က အမေ ပြောဖူးသော ပုံပြင်ကို ပြန်ပြောနေသည်။

အောင်ခိုင်က မျက်မှောင်ကုတ်ပြီး မေး၏။

"နှင်းနှင်းက ဥစ္စာစောင့်လို့ ဆိုချင်တာလား"

"ဟင့်အင်း … မသိဘူး၊ ငယ်ငယ်က အမေ ပြောပြတာ"

"ဘာပဲဖြစ်ဖြစ် … တို့ရွှေကူဟာ ရွှေထွက်တာတော့ သေချာတယ်"

မတင်အုန်းက မှတ်ချက်ပေးသည်။

"ဟုတ်တယ် ငါ … စာပေ ထုတ်ဝေရေးလုပ်ရင် ရွှေစာပေလို့ နာမည် မှည့်မယ်"

နှင်းနှင်း ခိုင်ခိုင်မာမာ ပြောလိုက်၏။

"ငါ သဘောတူပါတယ်"

အောင်ခိုင် ပြောသည်။

"နင်နဲ့ ဘာဆိုင်လို့လဲ"

နှင်းခိုင်လွင် အော်ပစ်လိုက်၏။

တဟားဟား အော်ရယ်လိုက်သော အောင်ခိုင့်ရယ်သံကြောင့် ငှက်မ

www.burmeseclassic.com

www.burmeseclassic.com



သော လှေပင် လူးသွားလေသည်။

"အေးဟေ့ … နှင်းနှင်းကို ငါတို့လည်း သဘောတူတယ်"

"ဘယ်သူနဲ့လဲ"

"သေချင်းဆိုး … မသာကြီး"

နှင်းခိုင်လွှင် လက်ဖြင့် လှမ်းရိုက်သဖြင့် စောစောက လူးနေသော လှေသည် မှောက်တော့မလို ယိုင်ထိုးသွားလေသည်။

လေက ပိုပြီး သရမ်းလာသည်။

မြစ်ရေထဲမှာလည်း ကြက်ယက်ကလေးများက ငြိမ်မနေကြတော့ပြီး တစ်ဦးကို တစ်ဦး စိန်ခေါ်ပြီး ပြေးတမ်းလိုက်တမ်း ကစားနေကြလေသည်။

"ကြယ်ကလေးတွေ ချစ်စရာ အပြာရောင် ကောင်းကင်မှာ × ×
သူတို့ကို တစ်လုံးချင်း ပြုံးရင်း ကြည့်နေပါ × ×
မကြာခင် ပြန်ကာ ပြုံးလို့ သူတို့လည်း ကိုယ့်ကို ခင်ကာ ×
ပြုံးတုံ့ပြုံးလှယ် ကြည်စယ်ရှာ × ×

အောင်ခိုင်သည် စိတ်လွတ် ကိုယ်လွတ် သီချင်းဆို၏။

လှက လှေဦးမှာ ထိုင်ပြီး လိုက်သူမို့ လှော်စရာ မလို။ မြင့်အောင်နှင့် တင်ထွန်းက လှော်သည်။ မဝင်းကြည်က ငြိမ်ငြိမ်လေး ပဲ့ကိုင်နေသည်။ မြစ်ပြင်ကြောသည် ငြိမ့်ညောင်းဆဲ …။

ည (၈)နာရီ ထိုးတော့မှပင် လှေက နှင်းနှင်းတို့ ရေဆိပ်မှာ ဆိုက်နိုင်သည်။ သည်ရေဆိပ်မှာ ဆင်းမည့်သူက နှင်းနှင်းရယ်၊ အောင်ခိုင်ရယ်ပါ။ ကျန်လူများက မြို့မ ရေဆိပ်ကျမှ ဆင်းကြရမည် ဖြစ်သည်။

"ကဲ …ငါတို့ စိတ်ချမယ်နော်၊ နှင်းနှင်း … အောင်ခိုင့်ကို တွဲပြီး အိမ်အရောက် ပို့လိုက်နော်"

တင်ထွန်းက မှာသည်။

"သေပေစေ … မပို့ဘူး"

နှင်းနှင်းက မျက်စောင်းထိုးလိုက်သည်။

လှေပေါ်က ဆင်းတော့ အောင်ခိုင်က ခပ်တင်းတင်းပါပဲ။

ရေဆိပ်တံတားပေါ်ကျသောအခါ သူ … ရပ်လိုက်၏။

တံတားအစိပ်က မှောင်နေသည်။

ရေဆိပ်သို့ ဆင်းလာသူလည်း တစ်ဦးမျှ မရှိ။





အောင်ခိုင်က နှင်းနှင်း ရှေ့မှာ ပိတ်ပြီး ရပ်သည်။

"ဖယ် … နှင်ဘာလုပ်တာလဲ"

နှင်းနှင်းက သူ့ရင်ပတ်ကို တွန်းလိုက်၏။

နှင်းနှင်း အင်အားလေးနှင့်မို့ တစ်လက်မပင် မရွေ့။

"နှင်း …"

သူ … တိုးတိုးလေး ခေါ်သည်။

"ဖယ်စမ်းပါဟာ"

ပြောသာပြော၊ စိတ်ထဲမှာ စိုးရိမ်သွားသည်။

အောင်ခိုင်က တံတားလက်ရန်းဘက်သို့ နှင်းနှင်းကို တွန်းပို့လိုက်သည်။

နောက်ဆုတ်စရာ မရှိတော့။ တံတားလက်ရန်းနှင့် ကျောထိနေသည်။

"နှင်း …"

သူ တစ်ခါထပ်၍ တိုးတိုးလေး ခေါ်သည်။

သူ့နှုတ်များမှ နှင်းနှင်း မသိသော အနံ့တစ်မျိုး ရသည်။

အရက်ပဲလား … တစ်ခုခုလား နှင်းနှင်း မသိချင်ပါ။

အိမ်ပြန်ရောက်ချင်တာပဲ သိသည်။

"နှင်းကို အောင်ခိုင် လက်ထပ်မယ်"

"မဟုတ်တာ …"

နှင်းနှင်း အော်လိုက်သည်။

သည်လို အနိုင်ကျင့်တာ နှင်းနှင်း မကြိုက်။

သူက နှင်းနှင်း ပခုံးနှစ်ဖက်ကို ဆုပ်သည်။

"နော် …"

သူ ထပ်ပြီး တိုးတိုးပြောပြန်သည်။

"ဖယ်ဟာ ငါ စိတ်ဆိုးတယ်"

နှင်းနှင်း အသံက ကျယ်ကျယ် ထွက်မလာနိုင်။

သည်နေရာသည် လူခြေတိတ်သဖြင့် အသံ ပိုကျယ်သွားနိုင်သည်။ ပြီးတော့ အချိန်က ညဉ့်နေချမ်း (၈)နာရီ ဆိုပေမယ့် လျှပ်စစ်မီး မရှိသေးသော နှင်းနှင်းတို့ အရပ်ထဲမှာ သက်ကြီး ခေါင်းချ ဖြစ်နေပြီ။

"နှင်း … စိတ်မဆိုးပါနဲ့ဟာ၊ အောင်ခိုင်က ငယ်ငယ်ကတည်းက နှင်းကို ချစ်တာပါ။ ငယ်သေးတယ်ဆိုပြီး မပြောတာ။ အခုတော့ တို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံး လူကြီးတွေ ဖြစ်နေကြပြီလေ"

"နှင် ... မူးပြီး လျှောက်မပြောနဲ့"

"မူးလို့ ပြောရတာလေ"

"သွား ... သွား ... အရက်သမား မုန်းတယ်"

"ဟား ... ဟား ... ဟား"

"နှင် ဖယ်ဆိုဖယ်"

"ဒီမှာ နှင်း ... နှင် ငြင်းချင်သလောက် ငြင်းနိုင်တယ်။ ဒါပေမယ့် ... ငါ အဖြေရပြီးပြီ"

"မဟုတ်ဘူး မဟုတ်ဘူး"

"နှင်း မုန်းတာက အရက်ကို မဟုတ်လား"

"ဘာမှ မပြောနဲ့"

"နှင်းက အရက်ကို မုန်းတာပါ။ အောင်ခိုင့်ကို မမုန်းပါဘူး"

သူ ... နှင်းနှင်းကို တင်းတင်းဖက်သည်။

ပြီးတော့ ...

နှင်း မရုန်းနိုင်ခင်မှာ မျက်နှာပေါ် အနမ်းတစ်ခု ကျလာသည်။

နောက်ထပ် ... အနမ်းတစ်ခု ...

ပြီးတော့ ... နောက်ထပ်တစ်ခု ...။

နှင်းနှင်း သည်ထက် ရုန်းလျှင် တံတားပေါ်က ကျနိုင်သည်။

တကယ်ပြောရလျှင် နှင်းနှင်း အသံ မထွက်ရဲ။

ဘေးဘီက ကြားလျှင် အရှက်ကွဲရချေမည်။

အသက်နှင့် အရှက် ...

လူက ချွေးပြန်လာပြီ။

သူ့ဆီက စိမ်းရွှေရွှေအနံ့ကြောင့် မူးနောက်လာသည်။

ဖြစ်နိုင်လျှင် သည်နေရာက ငှက်သွင် ပျံထွက်ချင်၏။

အောင်ခိုင်က နည်းနည်း လျှော့ပေးသည်။

နှင်းနှင်း နှုတ်ခမ်းကို သူ့လက်ညှိုးဖြင့် ဖိလိုက်ရင်း ...

"အောင်ခိုင့်ကို စိတ်မဆိုးပါနဲ့ နှင်းရယ် ... နှင်း အောင်ခိုင့်ကို မမုန်းပါဘူး ဟုတ်လား"

သူ့အသံက ငြိမ့်ငြိမ့်လေး ...





သူ့ ချော့မော့သံက တောင်းပန်သံ ...

အမှောင်ရိပ် မိုးနေသဖြင့် သူ့မျက်နှာကိုတော့ မမြင်ရ။

သူ့ရင်ပတ်တွင်းမှ နှလုံးခုန်သံကိုတော့ အတိုင်းသား ကြားနေရသည်။

ဟင့်အင်း ... နှင်းနှင်း အောင်ခိုင့်ကို မချစ်ပါဘူး။

နှင်းနှင်း ခေါင်းထဲမှာ ကိုအောင်နိုင် ဝင်လာသည်။

နှင်းနှင်း အစ်ကို့ကို သတိရသည်။ အခု ... နှင်းနှင်းကို တောင်းပန်တိုးလျှိုးနေသူသည် အောင်ခိုင်မဟုတ်ဘဲ ကိုအောင်နိုင် ဖြစ်ရင် ဘယ်လောက် ပျော်လိုက်မလဲ။

ဒါပေမယ့် ...

အစ်ကိုက နှင်းကို မချစ်ဘူးလေ။

အစ်ကို့မှာ ခင်ခင်ယုဆိုတဲ့ မန္တလေးတက္ကသိုလ်မယ် ရှိတယ်။ နှင်းကို အကြင်နာတွေ ဘာကြောင့် ပေးခဲ့တာလဲ။ အစ်ကို နှင်းကို ချစ်ရိပ်တွေ ဘာလို့ ပြခဲ့တာလဲ။ အစ်ကို မကောင်းဘူး။ အစ်ကို့ကို စိတ်နာရမယ်။ အစ်ကို့ကို မေ့ပစ်ရမယ်။ အစ်ကို့နေရာမှာ တစ်ခုခု အစားထိုးပစ်ရမယ်။

ရှေးလူကြီးတွေက ပြောခဲ့ပြီးသားပဲ။

ကိုယ်ချစ်ကို မရှာနဲ့၊ သူချစ်ကို ရှာတဲ့။

အောင်ခိုင်က ငါ့ကို ချစ်ရှာတယ်။

နှင်းနှင်း ငြိမ်နေသည်။

အောင်ခိုင်က နှင်းနှင်းကို လွှတ်လိုက်သည်။

"နှင်းနှင်း ... သိပ်စိတ်ဆိုးသွားပြီလား"

နှင်းနှင်း မဖြေပါ။

"နှင်းနှင်း ... အောင်ခိုင့်ကို ခွင့်မလွှတ်ဘူးလားဟင်၊ အောင်ခိုင်က နှင်းနှင်း မကြိုက်ရင် ဘာမှ မလုပ်ပါဘူး။ ခုနက စိတ်နောက် ကိုယ်ပါသွားခဲ့တာ ခွင့်လွှတ်နော် ... နော် သူငယ်ချင်း"

သူငယ်ချင်းဟု ဆိုလိုက်သော အောင်ခိုင့်အသံက ကွဲကြေနေသည်။ နှင်းနှင်း ငိုချင်လာသည်။ ဤလောကကြီးသည် ဤကဲ့သို့ပင် ချစ်သူကို ချစ်ခွင့်မရ။ ကိုယ့်ဆီလာသူကိုမှ လက်ခံရမှာတဲ့လား။

"ပြန်ကြမယ်"

နှင်းနှင်း အသံမှန်မှန်ဖြင့် ပြောလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တာပေါ့ကွယ် … ဒါပေမယ့် … အောင်နိုင့်ကို စိတ်ဆိုးသွားတာကြီးနဲ့ ပြန်ရရင် ဒီည အိပ်ပျော်မှာ မဟုတ်ဘူး။ အို … ဒီညတင် မကပါဘူး။ တစ်သက်လုံး စိတ်မကောင်း ဖြစ်ရမှာ"

အောင်နိုင် … ကြေကွဲနေသည်။

နှင်းနှင်းက အောင်နိုင့်ပခုံးကို အသာ ကိုင်လိုက်၏။

"အောင်နိုင့်ကို တို့ စိတ်မဆိုးပါဘူး"

"ဟယ် … တကယ်နော်"

"အင်း"

"ဒါဖြင့် … နှင်းနှင်း … အောင်နိုင့်ကို …"

"အဲဒါ ထားလိုက်ပါဦး၊ အခု လောလောဆယ် တို့ စိတ်ညစ်နေတယ်"

အောင်နိုင်က နှင်းနှင်း ပခုံးကို အသာအယာဖက်သည်။

"ဘာဖြစ်လို့လဲဟင်"

"ဒီလိုပါပဲ …"

"အိမ်က လူတွေကြောင့်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် … နှင်းနှင်း … ရန်ကုန်မှာ ချစ်သူ ထားခဲ့လို့လား"

အောင်နိုင် …တည့်တည့်ကြီး တွေးတတ်ပါပေသည်။

ဟုတ်တယ် သူငယ်ချင်း … ရန်ကုန်မှာ နှင်းနှင်း ချစ်တဲ့လူ ကျန်ခဲ့တယ်။ ဒါပေမယ့် …သူက နှင်းနှင်းက ချစ်တဲ့လူပါ။ နှင်းနှင်းကို ချစ်တဲ့လူ မဟုတ်ပါဘူး ဟု ပြောပြလိုက်ချင်စမ်းသည်။

ညသည် အမှောင် ကျလာ၏။

တိတ်ဆိတ်ခြင်းက ထိတ်လန့်ဖွယ် ဖြစ်လာသည်။

"ပြန်ကြမယ်ဟာ …"

"အေးပါ၊ နှင်းနှင်း အိမ်ရှေ့အထိ အောင်နိုင် လိုက်ပို့မှာပါ။ စိတ်ဆိုးတာ မဟုတ်ဘူးဆိုလို့ ဝမ်းသာတယ်။ ဒါပေမယ့် … နှင်းနှင်း အောင်နိုင့်ကို မစဉ်းစားတဲ့အတွက် ဝမ်းနည်းတယ်"

"ကဲပါ … ဝမ်းနည်း မနေနဲ့၊ အောင်နိုင် အရင်က ပြောဖူးသလို နှင်းနှင်း အိမ်ထောင်ပြုတော့မယ်ဆိုရင် အောင်နိုင့်ကို စဉ်းစားပါ့မယ်။ အောင်နိုင့်ကိုပဲ ယူဖြစ်ချင် ယူဖြစ်လိမ့်မယ်"





"ဟာ …"

အောင်နိုင် အော်လိုက်သည်။

ဘာမှ ဆက်မပြောနိုင်။

နှင်းနှင်း လက်ကို အကြာကြီး ဆုပ်ထားသည်။

သူ့လက်တွေ တုန်နေကြ၏။

သူ့နှလုံးသား ခုန်သံကိုလည်း ကြားရပါ၏။

"ပြန်ကြစို့ … သိပ်နောက်ကျနေပြီ"

နှင်းနှင်းက အမိန့်ပေးသလို ပြောသည်။ အောင်နိုင်က နှင်းနှင်းလက်ကို မြဲတဲ အိမ်ရှေ့အထိ လိုက်ပို့သည်။ ဘာစကားမှ မဆိုဖြစ်ကြ။

*

"ဟဲ့ နှင်းနှင်း … မိုးချုပ်လိုက်တာ"

မမလေးက မီးခွက်တစ်ခုနှင့် အိမ်ရှေ့ခန်းမှာ မျှော်နေတာ မြင်ရ၏။

နှင်းနှင်းက မျက်နှာပြင်လိုက်ပြီး …

"ဟုတ်တယ် မမလေး … အားလုံး မျှော်နေကြလို့"

"အေးပါ … ငါက … နင် တအားပျော်မယ့်ဟာ ပြချင်လို့ ထိုင်စောင့်နေတာ"

"ဘာလဲဟင် …"

"ရော့ … ကြေးနန်းစာ၊ နေ့လယ်ကတည်းက ရတာ"

ကမန်းကတန်း ဖွင့်ဖတ်ရ၏။

" × × Passed Congratulation! …

Aung Naing …"

"ဟင် … ဒါ … ဒါ … အစ်ကိုအောင်နိုင် ပို့လိုက်တာ။

"နှင်း စာမေးပွဲ အောင်တယ်"

နှင်းနှင်း အော်လိုက်သည်။

"အောင်ပြီ အမေရေ … သမီး စာမေးပွဲ အောင်တယ်"

နှင်းနှင်း လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမလေးက လာပြီး ပွေ့ရှာသည်။

နှင်းနှင်း ... ဘာမျှ မသိချင်တော့။

နှင်းနှင်းလေ ... နှင်းနှင်း ...။

❐

# (၂၆)
# ကြင်နာချင်ရေးငယ်နှင့်

ပုဂံဆောင်သည် အိပ်ပျော်နေဆဲ ဖြစ်၏။

တကောင်းဆောင်ဘက် အဝင်ဝဆီမှ သံချောင်းခေါက်သံ (၄) ချက် ပေါ်လာသည်။ နံနက် အရုဏ်တက်ပြီ။ ကျောင်းစောင့် ဖထီးကြီး၏ အချစ်တော် ကြက်တိန်ညင်လေးလည်း သူ့အသံ စာစာလေးဖြင့် 'အောက် အီး အီး အွတ်' ဟု မပီကလာ တွန်နေပြီ။ အရုဏ်ဦးသည် ကြည်နူးစရာ ကောင်းမြဲ။

ကိုအောင်နိုင်က ခေါင်းရင်းမီးကို ဖွင့်လိုက်၏။

ပုဂံဆောင် အလယ်ထပ်၊ အခန်း ၄၀ ၏ အခန်းမီး လင်းသွားသည်။

ကျောင်းဖွင့်ခါစမို့ အဆောင်မှာ လူမစုံသေး။

အထူးသဖြင့် နောက်အင်ဂျင်နီယာ မဟာဌာနက ပြည်လမ်း လိပ်ခုံးမှ ကြို့ကုန်းသို့ ပြောင်းရန် ပြင်ဆင်နေသည်။ ဆိုပီယက်၏ လက်ဆောင် ကြို့ကုန်း အင်ဂျင်နီယာ မဟာဌာန ရောက်လျှင် အင်ဂျင်နီယာ ကျောင်းသား အားလုံး ကြို့ကုန်း လူနေဆောင်တွေမှာ နေကြရမည်။ ခုနှစ်တစ်နှစ်တော့ ပုဂံ ဆောင်မှာ နေကြရ၏။ လိပ်ခုံးကျောင်း စာသင်ခန်းများဆီ လမ်းလျှောက်ရုံဖြင့် ရောက်နိုင်သည်။ မှလေးဆောင်မှာတုန်းကလို ငါးပြားခရီး ဘတ်စ်ကား မစီးရတော့ချေ။

ပုဂံဆောင်၏ လူသစ်များ မိတ်ဖွဲ့ဖို့၊ မိတ်ဆုံစားပွဲကို ယခု အပတ်ထဲမှာ ကျင်းပမည်။ ကိုအောင်နိုင်သည် ပုဂံဆောင်၊ သဟာယနှင့် စာဖတ်အသင်း အမှုဆောင်အဖြစ် ငြင်းမရ၍ ဝင်လုပ်နေရသည်။ မိတ်ဆုံစားပွဲမှာ အဆို အတီးပေးတွေ အပြင်မှ မငှားဘဲ ကိုယ့်ဘာသာ စုစည်း တင်ဆက်ဖို့လည်း ဆုံးဖြတ်ထားကြ

www.burmeseclassic.com



သည်။ အနုပညာအသင်းမှာ အဆို ဒုတိယဆု ရဖူးသူ ကိုအောင်နိုင်ကား ယခု ပုဂံဆောင် တီးဝိုင်းတွင် ဆရာကြီး ဖြစ်သွားတော့၏။

ဩော် ... နှင်း ...

ကိုအောင်နိုင်က သက်ပြင်းတစ်ချက် ရှူရင်း ... နှင်း ... ဟု တမ်းတမိသည်။ နှင်းကို မတွေ့ရတာ နှစ်လနီးပါး ရှိခဲ့ပြီ။ ကျောင်းပိတ်၍ အိမ် ပြန်သွားကတည်းက နှင်းက စာမရေး။ ကိုအောင်နိုင် စာ (၂)စောင် ရေးတာ ကိုလည်း မပြန်ခဲ့။ ကိုအောင်နိုင်က ရန်ကုန်ကို အစောကြီး ကြိုတင်ဆင်းခဲ့ရ၏။ စာမေးပွဲ အောင်စာရင်းတွေ ထုတ်ပြန်ချိန်မှာ ကိုအောင်နိုင်က ရန်ကုန်မှာ ရှိနေခဲ့ပြီး နှင်း ခုံနံပါတ်ကို အပြေးအလွှား ကြည့်ခဲ့ရ၏။ နှင်းခမျာ ဥပစာ (က) စာမေးပွဲ ကျလျှင် တက္ကသိုလ်သို့ ပြန်လာခွင့်မရှိ။ ထို့ကြောင့် မိမိကိုယ်ထက်ပင် နှင်းကို အောင်စေချင်ခဲ့သည်။ နှင်း ခုံနံပါတ်ကို မြင်တော့ ဝမ်းသာမှုသည် နှင်းနှင့် ထပ်တူပင် ဖြစ်နိုင်သည်။ ချက်ချင်းပင် ကြေးနန်းရိုက် အကြောင်းကြား ပေးခဲ့ ရ၏။ နှင်းက စာမပြန်ချေ။ နှင်း ဘာကိုများ စိတ်ကောက်နေလဲ မသိ။

အခု ... ကျောင်းစဖွင့်ပြီမို့ နှင်း၏ ရတနာဆောင်သို့ သွားရမည် သည်စိတ်နှင့် နံနက်စောစော နိုးနေခြင်းပါပဲ။

နှင်းက ခံစားချက် ပြင်းထန်၏။

ပြီးတော့ သဘာဝ ရေမြေ တောတောင်ကို စိတ်ဝင်စား၏။ တောင်ပေါ် ဘုရား ရင်ပြင်မှာတုန်းက ယမုန်နာပတ်ပျိုး တစ်ပိုင်းတစ်စကို နှင်းက ဆိုပြ သေးသည်။ ပုဂံဆောင် မိတ်ဆုံစားပွဲမှာ နှင်းကို သီချင်းတစ်ခုခု ဆိုခိုင်းရမည်။ နှင်း စိတ်ကောက်နေသည်ပဲထား။ သီချင်း ဆိုပါဟု ပြောလျှင် ငြင်းမည်မထင်။ ဘာသီချင်း ဆိုခိုင်းရ ကောင်းမလဲ။ ပတ်ပျိုးကြီးကတော့ အင်ဂျင်နီယာ ကျောင်းသားတွေနှင့် ကိုက်မည်မဟုတ်။ အချစ်သီချင်း ဆိုခိုင်းရမည်။ အကောင်း ဆုံးက မေတ္တာနုနု စေလိုသူပေါ့။ အဆိုတော် ထား၏ 'မေတ္တာနုနု စေလိုသူ' ကို နှင်းဆိုလျှင် နားထောင်ကောင်းမှာ သေချာပါသည်။

"မေတ္တာနုနု စေလိုသူရှင် × × သင့်တင့်လေးစား တစ်ယောက် အချစ် တစ်ယောက်များ × × ထောက်ချင့်မဖောက်ပြား × × အသည်းသားချင်း နှင်းကပ်ကာပင် × × ကောင်းမြတ်တဲ့ မေတ္တာ စစ်ချင်းယှဉ် × × တသွင်သွင် စီးဆင်းလာသော × စမ်းရေ ဥပမာ × အေးမြကြည်လင် × ×"

သီချင်း တစ်ပိုင်းတစ်စကို ညည်းရင်း ကိုအောင်နိုင် မြူးကြွလာသည်။





ဟုတ်သည်။ သူသည် နှင်းကို မေတ္တာနုနု စေလိုသူ ဖြစ်၏။ အသည်းသားချင်း နှင်းအပ်ကာ အစစ ထောက်ထားလျက် မဖောက်မပြား နေလိုသူ ဖြစ်၏။ ဒါကို နှင်းသိအောင် ပြောပြချင်စမ်းသည်။ နှင်း စိတ်ဆိုးမှာလား။

မသေချာချေ။

နှင်းက စိတ်ကြီးသည်။

သူ့မိခင် အရင်းကိုပင် သူ မကြည့်ချင်အောင် နာတတ်သည်။

နှင်း စိတ်နာသွားမှာကို ကိုအောင်နိုင် မလိုလားချေ။ အခုအတိုင်း အစ်ကိုရေ ... ညီမရေဟု ခေါ်နေရတာက ကြာရှည်နိုင်သည်။ သည်တော့ နှင်းကို မေတ္တာနုနု စေလိုကြောင်း ဖွင့်ပြော၍ မဖြစ်။

စောစောစီးစီးပင် ရေချိုးလိုက်သည်။

ပုဂံဆောင်မှာလည်း ရေချိုးခန်းမင်းသားတွေ ရှိနေသား။

"အပေါင်းလက္ခဏာ တစ်ခုနဲ့ တိုးတက်လာခဲ့သလို ×× အနုတ်လက္ခဏာ တစ်ခုနဲ့ ဆုတ်ယုတ်ပြန်ရသည် ××"

"ဘုရားမြတ်ထံပါးဝယ် ×× လျှောက်လည်ကြတယ် ×× နှစ်ယောက်သား တွဲလို့ ရင်ပြင်ပေါ်ဝယ် × ဘဝသံသရာအဆက်ဆက် × မပျက်တမ်းပေါင်း × ပေါင်းရစေသားလို့ × ဆုပန်ရှုယ်ကြသေးတယ်"

ရေချိုးခန်း နှစ်ခန်းမှ သီချင်းနှစ်ပုဒ် အပြိုင် ထွက်နေကြ၏။

ကိုအောင်နိုင်က အလယ်ခန်းမှာ။

"ပွင့်ဖူးစ အရွယ် × ပန်းတော်ဝင် မာလာရယ် × ခါခါကွယ် စာနာ သနား ကရုဏာပွားမိတယ် ×× ညီမလေးရယ် × ငယ်ရွယ် နုနယ် စဉ်းစား ဆင်ခြင် ကင်းလှတယ် × မြေပွင့်လွှာ မိုးရယ် ×× ကြွေလွင့်မှာလည်း စိုးမိပါ ဘယ်ကွယ် ..."

ဟည်းထွက်သွားသော ကိုအောင်နိုင့် အသံကြောင့် တစ်ဖက်ခန်းမှ သီချင်းရပ်သွားသည်။

"ဘယ်သူလဲဗျ စိုးရိမ်နေတာ"

သီချင်းအစား မေးခွန်း ပေါ်လာ၏။

"ပြောလေဗျာ ကိုအောင်နိုင် ဟုတ်လား"

"ဟာ ... ကိုဖေသိန်း ... ခင်ဗျားလား"

"ဟုတ်ပါ့ အကြည်တော်ရေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အခြားအခန်းမှ အသံပေါ်လာပြန်သည်။

"မောင်မင်းတို့ သင့်ရာ ခစားကြစေဗျား"

"ဟား ... ဟား ... ဘယ်က မင်းသားရှုံးပါလိမ့်"

သုံးယောက်လုံး ထွက်လာကြသောအခါမှ ကိုအောင်နိုင်၊ ဖေသိန်းနှင့် ဂျော်နီတို့ ဖြစ်နေတာ သိကြရ၏။ ဂျော်နီက မျက်နှာသုတ်ပဝါကြီးကို ခြုံရင်း တုန်နေသည်။ ချမ်းလိုက်တာ ... ဟု ဆိုသည်။ ချမ်းမှာပေါ့ သီချင်းတွေ နန်းစတော့ ဆိုနေတာကိုးဟု ဖေသိန်းက ပြောပြီး ရယ်နေသည်။

ကိုအောင်နိုင်က ဘာမှ မပြော။ ပြုံးပြီး ပြန်လာခဲ့၏။ ဖေသိန်းက အေားမှ ယှဉ်လျှောက်သည်။

"ဟေ့လူ ကိုအောင်နိုင် ... မဟုတ်မှလွဲရော၊ ခင်ဗျား စိုးရိမ်နေတာ ရတနာက ကဗျာဆရာမလေး ဟုတ်လား"

ကိုအောင်နိုင် ပြုံးသည်။ ဖေသိန်းဝမ်းထဲ ပုဏ္ဏားလေးပါနေရှာလား သို့သော် ... နှုတ်မှ ဖွင့်ထုတ် ဝန်မခံနိုင်ပေ။

"ကလပ်စ်တွေ စတော့မယ်ဗျ၊ ကိုဖေသိန်း ခင်ဗျား ပြဌာန်းစာအုပ်တွေ ဝယ်ပြီးပြီလား"

"မဝယ်သေးပါဘူးဗျာ၊ ရန်ကုန် ပြန်ရောက်ခါစ ပြတ်နေတဲ့ ရုပ်ရှင်တွေ လျှောက်ကြည့်ဦးမယ်။ ရှိုင်ရယ်မှာ 'သည်ဘရစ်ချ် အွန် သရေးဗားတွေ' ပြနေတယ်။ ကင်းမှာလည်း အီတလီကားဟောင်း ပြန်ဝင်နေတယ်ဗျ။ ဆန်းသီရိ က ကုလားကားလည်း ကြည့်ချင်သေးတာ"

ဖေသိန်းက မျက်နှာကို မျက်နှာသုတ်ပဝါဖြင့် ပွတ်ရင်း ပြောနေ၏။

"အေးပေါ့ဗျာ၊ စာအုပ်က တက္ကသိုလ်စာအုပ်ဆိုင်နဲ့ အားဗားမှာ ကုန်သွားမှာမှ မဟုတ်တာ"

"ဒါနဲ့ ကိုအောင်နိုင်၊ ကျုပ်တို့ ဒီနှစ် တတိယနှစ် တစ်နှစ်ပဲ ဒီပြည်လမ်းမှာ တက်ရမှာနော်၊ စတုတ္ထနှစ် ရောက်ရင် ကြို့ကုန်း ပြောင်းရတော့မှာ"

"အေးလေ ... အင်ဂျင်နီးယားရင်းအတွက် ဆိုဗီယက်က လက်ဆောင် ပေးတာကိုး"

"အဲဒါ ပြောတာပေါ့ဗျ၊ ဦးနုအစိုးရဟာ ဆိုဗီယက်က ပေးလည်း လက်ခံ၊ အေးရှား ဖောင်ဒေးရှင်းက ပေးလည်း ယူလိုက်။ အမေရိကန်ကျတော့ တည့်အောင် မပေါင်းဘူး"





ကိုအောင်နိုင် ရယ်သည်။

"ခင်ဗျား ... ဘာလျှောက်တာလဲ"

"မလျှောက်ပါဘူးဗျာ၊ သဘောကျလို့ပါ။ နေဦးဗျ၊ အဲဒီ လက်ယာတွေ လက်ဝဲတွေ ကျွန်တော် သိပ်နားမလည်ဘူး။ ခင်ဗျား စိတ်ဝင်စားရင် ကျွန်တော့် အစ်ကိုနဲ့ တွေ့ပေးမယ်။ မန္တလေးဆောင်မှာ ကျွန်တော့်အစ်ကို ရောက်လာပြီ"

"ဘယ်က ရောက်လာတာလဲ"

"မန္တလေး တက္ကသိုလ်က ပြောင်းလာတာ။ အစ်ကိုက ကျောင်းတစ်နှစ် နားရတယ်။ မိသားစုကိစ္စကြောင့်ပါ။ အခု သူ ရန်ကုန်တက္ကသိုလ် ရောက်ပြီး ဒီမှာပဲ ယူတယ်။ ဘီအေ ပထမနှစ်ပေါ့"

"အင်တာကို မန္တလေးက အောင်တာလား"

"ဟုတ်တယ်၊ မန္တလေးမှာ အင်တာအောင်ပြီး ခဏ နားတာ"

"အဲဒါနဲ့ ကျုပ်နဲ့ မိတ်ဆက်ပေးတာ ဘာဆိုင်လဲ"

"ကျွန်တော့်အစ်ကိုက ပြင်းထန်သော တော်လှန်ရေးသမားလေ၊ သူ ရန်ကုန် ပြောင်းတာကိုက ပညာသင်ချင်တာက တော်တော်၊ နိုင်ငံရေး လုပ်ချင် တာ"

"ဟုတ်လား"

"အဲဒါကြောင့် ခင်ဗျားနဲ့ တွေ့ပေးမယ်လေ။ အစ်ကိုက ဖဆပလ အစိုးရကို နေ့တိုင်း ဆန့်ကျင်နေတာ"

"ဟာ ... လေးစားတယ်ဗျို့"

"ဟုတ်ပါပြီဗျာ"

"ဒီညနေ သွားမလား"

ကိုအောင်နိုင် ခဏ စဉ်းစားသည်။

"နေဦးဗျ၊ ဒီညနေ ကျွန်တော် အချိန် မရဘူး"

"ရတနာ သွားမလို့ ဟုတ်လား"

"ခင်ဗျား ဝမ်းထဲ ဗေဒင်ဟောတဲ့ စာကလေး ပါတယ်"

"ပုဏ္ဏားပါတယ်ပဲ ကြားဖူးတယ်"

"စာကလေးက ပုဏ္ဏားရဲ့ စာကလေးပဲလေ"

"ကောင်းပါပြီဗျာ၊ တစ်နေ့လုံး ကွဲလာတာ၊ အတိုးချ အလွမ်းသယ် ကြဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပုဂံဆောင် ဘေးမှ ငှက်တစ်ကောင်က အဖော် ခေါ်နေလေသည်။

*

ပုဂံဆောင်မှ ရတနာသို့ လျှောက်ရသည်မှာ ငြီးငွေ့ဖွယ် မရှိ။ ပုဂံဆောင် အနောက်ဖေး လှုဝင်တံခါးလေးမှ ထွက်လိုက်လျှင် ခရေပင်တန်းသို့ ရောက်သည်။ ဤခရေပင်တန်း၏ ညာဘက်မှာ 'ဘီ၊ အို၊ စီ ကောလိပ်' ဟူ၍ အသစ် ရှိနေသည်။ ရန်ကင်း၊ ထီးတန်း ကောလိပ်များကို လွန်ခဲ့သည့် နှစ် ၅၉-၆၀ မှာ အပြီးသတ် ဖွင့်ခဲ့၏။ ထို ရန်ကင်း ထီးတန်း ကျောင်းဆောင်များသည် နဂိုကပင် အထက်တန်းကျောင်းများအဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်၏။ ယခု ထိုဥပစာသိပ္ပံနှင့် ဥပစာဝိဇ္ဇာ (က) တန်းများကို သည်နှစ် ၆၀-၆၁ မှစပြီး ဘီအိုစီမှာ ဖွင့်လှစ်နေသည်။ မနှစ်က စာမေးပွဲကျသောသူများ ဘီအိုစီမှာပင် မောင်မယ်သစ်လွင်များနှင့် အတူ ဥပစာ (က)တန်းကို တက်ကြရသည်။

ခရေပင်ကြီးများကား အိုလှပြီ။ သို့သော် မပြိုကြသေး။ ကြီးမားသော ဤခရေပင်ကြီးများသည် ပုဂံ၊ တကောင်း၊ ပြည်ဆောင်များမှ အလုပ်သမားများ၏ သားသမီးများကို အလုပ်အကျွေး ပြုကြဆဲ၊ ထောက်ပံ့နေကြဆဲ ဖြစ်လေသည်။ ခရေပင်တို့သည် မောပန်းစွာ လမ်းလျှောက်လာသူများကို အရိပ်ပေး အေးမြစေ၍ မကပေ။ ဤအပင်ကြီးများပေါ်မှာ ခရေပန်းပွင့်လေးများက လေဟုန်စီး၍ ဝဲပျံလာပြီး မြေပြင်မှာ အိပ်ပျော်ကြစဉ် အလုပ်သမားများ၏ ကလေးများက ကောက်ယူကြ၏။ ထို့နောက် နီးဖြင့် သီကုံးပြီး ခရေကုံးအဖြစ် ရောင်းကြသော သည်။ ဤသို့ဖြင့် ခရေပင်တန်းသည် တက္ကသိုလ်အမှုထမ်း ရိပ်သာမှ ကလေး များကို ထောက်ပံ့နေကြခြင်း ဖြစ်၏။

ခရေပင်တန်း လွန်သော် ဘယ်ဘက်မှာ တင်းနစ်ကွင်းများကို တွေ့ရ သည်။ တင်းနစ်ကွင်းများကား အကာအရံများနှင့် စနစ်တကျ ရှိနေသည်။ တက္ကသိုလ်မှ ဆရာများ၊ ကျောင်းသားများ ညနေတိုင်း ကစားနိုင်ကြ၏။

ညာဘက်က တက္ကသိုလ် ဘောလုံးကွင်းကမူ နားရသည် မရှိသော မနက်စောစောမှ ညနေမှောင်သည်အထိ ဤကွင်းမှာ လေ့ကျင့်နေကြသည်။ အခြားမြို့နယ်များမှ အသင်းများလည်း လာရောက်၍ ပြိုင်ပွဲများ ဝင်ကြသည်။ ဤကွင်းကား ဆရာဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထုထဲမှ ဇာတ်ကောင်များ အပြင် နောင် ရုပ်ရှင်မင်းသား ဖြစ်မည့် ကောလိပ်ဂျင်နေဝင်းကို မွေးထုတ်ခဲ့၏။





ဤကွင်းကို ဖြတ်၍ အရှေ့ဘက်သွားလျှင်တော့ တက္ကသိုလ် အပျော်တမ်းရင်း ရှိသည်။ တက္ကသိုလ် ကျောင်းသားဘဝမှာကတည်းက စစ်ရေး ဝါသနာ ပါသူများ အတွက် စစ်သင်တန်းကို လေ့ကျင့်ပေးနေလေသည်။

ငှင်းမှ လွန်သော် တက္ကသိုလ် ရေကူးကန်တည်း။

အရှေ့တောင်အာရှ ရေကူးချန်ပီယံ 'တင်မောင်နီ' ကို မွေးထုတ်ခဲ့သော ရေကူးကန် ဖြစ်သည်။ ထို့ပြင် 'မရ ညီအစ်ကိုများ' သည်လည်း ဤရေကူးကန် မှာပင် လေ့ကျင့်ခဲ့ကြ၏။ တက္ကသိုလ်ကို တည်ဆောက်ပေးခဲ့သော ဗြိတိသျှ အစိုးရသည် လိုအပ်သော အားကစား လှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် ဤဘက်ခြမ်း ကို စီမံခဲ့ခြင်းအတွက် ကျေးဇူး မတင်နိုင်ဘူးဆိုလျှင်ပင် ချီးကျူးရပေမည်။ တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်များ ...။

ခရေတန်း ဆုံးသော လမ်းဘေးဝဲယာမှာတော့ အင်္ဂလိပ် ပိတောက်များ ရှိသည်။ မိုးထိခမန်း မြင့်မားပြီး ပင်စည် ဖြောင့်စင်းကြ၏။ ဤလမ်းကို ခပ် လွယ်လွယ် 'ပိတောက်လမ်း' ဟု ခေါ်ကြသည်။ တရားဝင် အမည်ကား သထုံ လမ်းတည်း။ ဤလမ်းသည် သထုံဆောင်ကို ဦးတည်နေ၍ ထင်ပါ၏။

ကိုအောင်နိုင်ကား ပိတောက်လမ်းမှာ စိမ်ပြေနပြေ လျှောက်နေခဲ့၏။ သည်လို နှင်းထဲသွားလျှင် အဖော် မခေါ်ချင်ပေ။ နှင်းကလည်း အဖော် ခေါ်လာ တာကို ကြိုက်ပုံမရ။ မနှစ်က ဆရာ ဦးဌေးအောင်ထံအသွား သိုက်ထွန်းကို ခေါ်သွားမိ၍ နှင်း စိတ်ကောက်ဖူးသည်။ သည်တော့ တစ်ယောက်တည်းပဲ သွားချင်သည်။ တွဲဖက် စိုးပိုင်လည်း ရန်ကုန် ပြန်မရောက်သေး၍ ခုလို တစ်ယောက်တည်း သွားခြင်းအတွက် စကားနာ ထိုးမည့်သူ မရှိ။ သိုက်ထွန်း ကိုတော့ ကြောက်ဖို့ မလိုတော့။ သူက ဘူမိဗေဒ နောက်ဆုံးနှစ် ရောက်ပြီ။ အုံဆောင်မှာ နေရာရသည်။ လူချင်း မတွေ့ရသေး။

ပိတောက်လမ်း ဆုံးသောအခါ တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆုံသည်။ ညာဘက်မှာ 'ချန်မာရီ' ခေါ် တက္ကသိုလ်ဆရာများ အဆောင် ရှိ၏။ တက္ကသိုလ် တည်ဆောက်သူများသည် ဆရာများအတွက် အလွန် တန်ဖိုးထားပြီး စီစဉ်ခဲ့ကြ၏။ အင်းယားလမ်းအထိ လမ်းတစ်လျှောက်လုံး ညာဘက်မှာ ကျောင်းသားဆောင်များ တန်းစီထား သကဲ့သို့ လက်ဝဲဘက်မှာတော့ ဆရာနေအိမ်များကို ဝင်းနှင့်ခြံနှင့် ဆင်ဝင်နှင့် နှစ်ထပ်တိုက်များအဖြစ် ဆောက်ထားခဲ့သည်။ ဆရာဟူသည် ဦးနှောက် သုံးရသော



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်များ ဖြစ်ရာ အေးချမ်းဆိတ်ငြိမ်စွာ နေထိုင်ရဖို့ လိုအပ်သည်။ သီးခြား လွတ်လပ်စွာ ဂုဏ်သရေရှိရှိ ထားဖို့ လိုသည်။ ဤကဲ့သို့ ဆရာများကို မိသားစု ဘဝနှင့် နေထိုင်ရေး စီစဉ်ထားသကဲ့သို့ လူပျိုဆရာများအတွက်လည်း လူပျို ဆောင်အဖြစ် တက္ကသိုလ်ရိပ်သာလမ်းဘေး၌ တည်ဆောက်ပေးခဲ့၏။ ဆရာ များကား ကျောင်းသူဆောင်များတွင်ပင် လက်ထောက် အဆောင်မှူးအဖြစ် နေသူ ရှိပြီး အဆောင် တာဝန် မရှိဘဲ အခန်းတစ်ခန်း သီးသန့် ရသူလည်း ရကြသည်။ ဌာနမှ နေရာ စီစဉ် မပေးနိုင်သော ဆရာ ဆရာမ ကျောင်းသူ ကျောင်းသားဟူ၍ လုံးဝမရှိ။

အေးချမ်းသော ညနေခင်းသည် လမ်းလျှောက်သူများကို လေညင်း လက်ဆောင် ပေးနေလေသည်။ တက္ကသိုလ်ပရဝုဏ်တွင် လမ်းလျှောက်ရတာ တစ်ခုတည်းနှင့်ပင် တက္ကသိုလ်ကျောင်းသား ဖြစ်ရကျိုး နပ်ပေစွဟု ကိုအောင်နိုင်က တွေးမိသေးသည်။

"ဘယ်တုံးဗျ"

အလုပ်သိမ်းလာပုံ ရသော ကိုမြသန်းက စက်ဘီးပေါ်မှ နှုတ်ဆက်၏။

"အဲ … ဟိုဘက်ပါ"

ကိုအောင်နိုင် ရောရောတွေးတွေး ဖြေသည်။

ကိုမြသန်းကား ကျောင်းသူ ကျောင်းသား အားလုံး၏ အချစ်တော် တည်း။ ဘာကြောင့် ချစ်ကြသနည်း … မေးလျှင် အဖြေမှာ ကိုမြသန်းဆိုတာ တက္ကသိုလ်စာတိုက်ရဲ့ စာပို့လုလင်မို့ပါဟူ၍ ဖြစ်လေသည်။ တက္ကသိုလ် စာသင်သား အများစုသည် နယ်မှ လူများ ဖြစ်ရာ စာတိုက်ကိုသာ အားထားနေရသော ဤ ခေတ်တွင် စာများ၊ မန်နီအော်ဒါများကို ယူလာပေးသော ကိုမြသန်းကို မချစ်ဘဲ နေကြပါ့မလား။

တက္ကသိုလ် ရိပ်သာလမ်းကို ဆန့်တက်ပြီးသောအခါ အင်းလျားလမ်းသို့ ရောက်၏။ အင်းလျားလမ်းကို ဆန့်တက်ရသောအခါမှာမူ ရတနာဆောင် ရောက်တော့မည်ဟူသော အသိဖြင့် ကိုအောင်နိုင် ရင်ခုန်ရလေပြီ။

အင်းလျားလမ်းကတော့ ကုံကော်မြိုင်တန်း ဝီပြင်ပါပေ၏။ လမ်းဘေး ဝဲယာမှာ ကုံကော်ရိပ်သည် မွေးမြနေလေသည်။ ဒါ့ကြောင့်ပင် ရန်ကုန်တက္ကသိုလ် ကို 'ကုံကော်တော' ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။

ကုံကော်ပင်တန်း အောက်မှာ အေးချမ်းစွာ လျှောက်ရင်း ညီမလေးရယ်





စိုးရိမ်မိတယ်ကို တီးတိုးညည်းမိပြန်သည်။ ညီမလေး နှင်းကို တကယ်ပဲ စိုးရိမ် ရပြီ။ နွေတစ်နွေလုံး သူ ဘာကြောင့် စာပြန်မရေးပါလိမ့်။ အင်းရွာက ပြန်သွား ကတည်းကလည်း နှုတ်မဆက်ဘဲ ရုတ်တရက် ထွက်ခွာသွားခဲ့၏။ သကြြန်ရေ လောင်းလိုက်တာကို အမျက်သိုရှာသလား။

အင်းလျားဆောင်ကို ဖြတ်ရသည်။

အင်းလျားဆောင်ကား စစ်ကြိုခေတ်က အစ်ကိုတော် အဆောင်များနှင့် ဆင်တူ အနီစွေးစွေးနှင့် ဂူန္ဓေကြီးသော အမိုးကြီးနှင့် တူလေသည်။ နှစ်ထပ် ဆောင်မို့ နိမ့်သလို ထင်ရသည်။ ရတနာဆောင်ကမူ သုံးထပ် အဖြူရောင် လွင်လွင် လှလှလေး။ မယ်သစ်လွင်ဆောင်မို့ အဆောင်သူတွေကလည်း လန်းလန်းလတ်လတ် တွေချည်း။

အင်းလျားဆောင်မှ လွန်သော် စည်းရိုးချင်း ကပ်နေသော ရတနာသို့ ရောက်သည်။ ကုံကော်အုပ်အုပ်များထဲမှ ရတနာဖြူဖြူလှလှကို မြင်ရပြီ။ ကျောင်းသူတွေ အားလုံး စုံကြပြန် မတူ။ အချို့ အခုမှ ကားနှင့် ပစ္စည်းတွေနှင့် ရောက်လာကြတုန်း။ တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်ကြ၊ အော်ကြပေါ့။

"၅၄ နှင်းခိုင်လွင်၊ တွေ့လိုသူ အောင်နိုင် (ပုဂံဆောင်)"

ညှိသည်မှတ်တမ်းစာအုပ်မှာ ရေးဖြည့်ပြီး ပေါ်တီကိုဘက်မှာ ရပ်နေ လိုက်၏။ နှင်းကို မတွေ့ရဲသလိုလိုနှင့် ရင်ဖိုနေသေးသည်။ အို … ငါ ဘာမှ ချွန်ထားတာ မရှိဘဲဟု ဖြေရသည်။ အဖော် ခေါ်မလာမိသည်ကိုလည်း မှန်လေ ဟု တွေးမိသည်။ သိုက်ထွန်းသာပါလို့ကတော့ ပါးစပ်က ပေါက်ကရ ပြောနေ မှာ သေချာသည်။ ဖေသိန်းလည်း အတူတူပါပဲ။ ဖေသိန်းက နှုတ်က ဖွင့်ပြီး တောင် စနေပြီ။ ခင်ဗျား စိုးရိမ်နေတာ ရတနာက ကဗျာဆရာမလေး မဟုတ် လား-တဲ့။

ကဗျာဆရာမလေးဆိုမှ သတိရ၏။

နွေတုန်းက တိုင်းရင်းမေမှာ နှင်းခိုင်လွင် ဝတ္ထုတိုလေး ဖတ်ရသည်။ သူက 'ပစ်တိုင်းထောင်' ဆိုပြီး ရေးထားတာ။ လူဆိုတာ ပစ်တိုင်းထောင်လို ကျရာမှ ထောင်နိုင်ရမယ်တဲ့။ ဒါပေမယ့် … ပစ်တိုင်းထောင် ဖင်စုတ်သွားရင်တော့ အထဲက ခဲလုံးတွေ ထွက်ကျသွားလို့ ထောင်နိုင်မှာ မဟုတ်ဘူးတဲ့။ အတော် ပေါက်ပေါက်ရှာရှာ တွေးတတ်တဲ့ ကောင်မလေး နှင်း …။

"အစ်ကိုအောင်နိုင် ဘာငိုင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ နှင်းအသံ။

လှည့်ကြည့်တော့ ဆံပင် ဘီးကျော်ပတ်နှင့် ကပိုကရို။ လုပ်ရင်း ကိုင်ရင်းက ပြေးဆင်းလာပုံရသည်။ အိမ်နေရင်းဝတ်သော ဘလောက်စ်အင်္ကျီလေးနှင့်။

"နှင်း … နေကောင်းတယ်နော်"

ကိုအောင်နိုင့် အသံမှာ ဆွေးရိရိ။ ဘာ့ကြောင့်များ ဒီလို ဖြစ်ရလဲ မသိ။

"ကောင်းပါတယ် ဒါပေမယ့်"

"ဒါပေမယ့် … ဘာဖြစ်လဲ"

"မာလာ ပြောင်းရမယ်"

"ဟင် … ဘာဖြစ်လို့လဲ"

"ရတနာက ဖရက်ရှာဆောင်ပဲလေ၊ နှင်းကသာ မြို့ထဲမှာ မတည်းချင်လို့ ဒီကို တန်းလာခဲ့တာ။ အခု … အဆောင်စာရင်း ထွက်ပြီ မာလာ … တဲ့"

"ကောင်းတာပေါ့"

"ဘာကောင်းရမှာလဲ"

ဟင် … နှင်းအသံက ငိုသံပါကြီးပါလား။

မိန်းကလေး စိတ်ထိခိုက်နေတာကိုး။

"နှင်းက ရတနာပဲ ကြိုက်တာ၊ နောက်ပြီး မတရားဘူး"

"ဘယ်လို မတရားတာလဲ"

"ထွေးကြီးတို့၊ မိချိုတို့ကျတော့ ဒီမှာပဲ ပြန်ရတယ်"

"စာမေးပွဲကျလို့လား"

"မကျပါဘူး။ သူတို့လည်း ပတ်တ်ဘီပဲ"

"အဆောင်လျှောက်တာ နောက်ကျလို့များလား"

"မသိဘူး၊ မသိန်းအိ၊ မာဂရက်သိန်းမောင်တို့နဲ့အတူ စာရင်းပါတာ"

"အဖော်တွေ ပါသားပဲဟာ"

"သူတို့နဲ့က အတွဲ မဟုတ်ဘူးလေ"

"နှင်းရဲ့ ဝါးခယ်မ အုပ်စုကော"

"တစ်ယောက်မှ မအောင်ဘူး"

"ဟယ် … ဒီလောက်တောင်"



"အင်းလေ … သူတို့က ဆပ်ပလီမင်ထရီ ဖြေရမှာပေါ့"

"ခင်လှမြင့်ရော၊ ပဲခူး"

"သူလည်း ကျတယ်"

"ဖြစ်ရလေ"

"အခု နှင်း တစ်ယောက်တည်း"

ပြောရင်း ဆိုရင်း နှင်း ငိုတော့သည်။

ငိုချင်ရက် လက်တို့။

ကိုအောင်နိုင်ကို တွေ့ရလို့ ဝမ်းသာဝမ်းနည်း ငိုတာလား၊ သူငယ်ချင်းတွေ မပါလို့လား၊ ရတနာကို ခွဲရမှာမို့လား။ နှင်းက ရှိုက်နေသည်။ ကိုအောင်နိုင် ဘာလုပ်ရမှန်းမသိ။ ဆွဲပွေ့ပြီး ရုပ်ရှင်ထဲကလို ချော့ဖို့က မဖြစ်နိုင်။ ပေါ်တီကိုအောက်မှာ ကိုယ့်လို ငေးသူတွေနှင့်။

နှင်းက ခဏအတွင်းမှာပင် ထိန်းလိုက်နိုင်ပါသည်။

ကိုအောင်နိုင်က စကားရှာရ၏။

"ကောင်းတာပေါ့ နှင်းရဲ့၊ အစ်ကိုလည်း ပုဂံ ပြောင်းရတယ်။ ပုဂံနဲ့ မာလာဆို တစ်ဖြောင့်တည်းပဲ ကားစီးလာရင် ခဏလေးပဲ၊ ပိုနီးတာပေါ့"

နှင်းက ခေါင်းရမ်းသည်။

"မာလာက ခုတင်ကို ကြည့်ပြီးပြီ၊ စပလိန်ကြီး"

ကိုအောင်နိုင် အသံထွက် ရယ်လိုက်၏။

နှင်းက မခံချင်စွာ ပြန်ကြည့်သည်။

ကိုအောင်နိုင်က ရယ်ခြင်းကို မရပ်နိုင်သေးဘဲ …

"စပလိန်ခုတင်က အိပ်ကျတာလေ၊ တက်ခုန်လို့တောင် ကောင်းသေး"

နှင်းက ကိုအောင်နိုင့်ကို မျက်စောင်းချိတ်၏။

သည်မိန်းကလေးက မျက်စောင်းချိတ်တော့လည်း ချစ်စရာကောင်းသား။

"ဟုတ်တယ် နှင်းရ၊ အစ်ကိုတောင် စပလိန်နဲ့ အိပ်ချင်တာ"

"သွားအိပ်ချေ မာလာမှာ"

သည်တစ်ခါ နှစ်ယောက်အတူ ရယ်ဖြစ်သည်။

"နောက်ပြီး …"

"ပြောပါဦး"

"မာလာဆောင်ရှေ့မှာ အင်းလျားကန်လည်း မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကိုအောင်နိုင်က သူ့လက်နှစ်ဖက်ကို ကားလိုက်ပြီး …

''ဟုတ်ပြီ … အင်းလျားကန်ကြီးကို ဒီလို မ-ပြီး ရွှေ့ပေးမယ်''

နှင်းနိုင်လွင် ရယ်လိုက်သည်မှာ အတောမသတ်တော့။

သူရယ်နေတာကို မြင်ရတော့ ကိုအောင်နိုင် ရင်မှာ ချမ်းမြေ့ရ၏။

အဲသလို ထာဝရ ရယ်နေပါ ညီမလေးရယ်ဟု စိတ်ထဲမှာ ပြောနေမိသည်။

နှင်းကို ပျော်စေချင်တာက ကိုအောင်နိုင့် ဆန္ဒ အမှန်ပါ။

''ကဲ … ဘယ်တော့ ပြောင်းမှာလဲ''

''နက်ဖြန်''

''မနက်လား၊ ညနေလား''

''ညနေမှ …''

''အိုကေ နှင်း … စောင့်နေနော်၊ အစ်ကို သုံးဘီးကား ခေါ်လာမယ်။ ပစ္စည်းတွေအားလုံး အစ်ကိုရောက်မှ သယ်ပေးမယ်။ မာလာမှာ ပျော်သွားမှာပါ။ ဘဝဆိုတာ ဒီလိုပဲ အပြောင်းအလဲ ရှိတာပဲ။ အစ်ကိုဖြင့် ပုဂံဆောင်မှာ ပျော်လိုက်တာ။ အဲဒါနဲ့ လာမယ့် သောကြာညနေ ပုဂံမှာ မိတ်ဆုံစားပွဲ ရှိတယ်။ အစ်ကိုတို့ တီးဝိုင်း ခေါင်းဆောင်လေ၊ နှင်း သီချင်းဆိုရမယ်''

စကားတွေ အများကြီး ပြောမိ၏။

ပင်ကိုက စကားနည်းသည်ဟု သတ်မှတ်ခြင်း ခံရသော ကိုအောင်နိုင် နှင်းကိုကျမှ ဘာ့ကြောင့် ဒီလောက် စကားတွေ ပြောချင်မှန်းမသိ။

''ဟုတ်ပြီနော်၊ ရခိုင် မသွားရတဲ့အစားလို့ သဘောထား၊ နှင်းကို ဘာသီချင်း ဆိုစေချင်လဲဆိုတော့ မေတ္တာနုနုစေလိုသူ အဲဒါဆို''

''ဟင် … မဆိုချင်ပါဘူး''

''မူမနေနဲ့၊ မဆိုချင်ရင် မဆိုခိုင်းဘူး''

''ဆိုမယ်''

နှစ်ယောက်သား ရယ်လိုက်ကြတာ ဘေးက ဧည့်သည်များပင် လှမ်းကြည့်နေကြပြီ။

❐



(၂၇)

## သစ်စိမ်းချိုး

နာနတ်တော ခရစ်ယာန်သုသာန် …

နောက်ခံ အစိမ်းရင့်ရောင် သစ်သားပြား အကျယ် ၄ ပေ × ၃ ပေ ခန့်ပေါ်တွင် အဖြူရောင်စာလုံးဖြင့် ရေးထားသော ဆိုင်းဘုတ်ကလေး။

နာနတ်တော လမ်းမကြီးဘေးတွင် ထင်ထင်ရှားရှား ရှိနေလေသည်။

နာနတ်တော လမ်းမကြီးကား ပေတစ်ရာ လမ်းမကြီးနီးပါး ကျယ်ဝန်းပါလျက်နှင့် ဂဝံကျောက်များသာ ခင်းထားသဖြင့် အနီရောင် ဖုန်လုံးတွေ တထောင်းထောင်း ထနေလေ့ရှိသည်။ ခရစ်ယာန် ဈာပနများမှအပြန် ကားတွေ ဖြတ်ချိန်ဆိုလျှင် လမ်းဘေး လူတင်မက ကားစီးလာသူများပါ တစ်ခေါင်းလုံး နီကြောင်ကြောင် ဖုန်တက်ကြရမြဲဖြစ်၏။

စိုးပိုင်က ဘာစကားမျှ မဆိုဘဲ ရှေ့က သွားနှင့်သည်။

ကိုအောင်နိုင်က ဘာမှန်း ညာမှန်း မသိ၊ နောက်က လျှောက်လိုက်ရ၏။

''လာဗျာ … ကိစ္စ အရေးတကြီး ရှိလို့၊ ကျွန်တော်နဲ့ လိုက်ခဲ့။ ဟိုရောက်မှ ပြောမယ်''

ညနေပိုင်း ထမင်းစားအပြီးမှာ စိုးပိုင် လာခေါ်ခြင်း ဖြစ်သည်။

စိုးပိုင်က တစ်ခါတစ်ခါ သည်လို အထာလုပ်တတ်၏။ နောက်တော့လည်း ဘာမှမဟုတ် ဖြစ်တတ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူငယ်ချင်းဆိုသော စိတ်ဓာတ်နှင့် သူ့အလို လိုက်ရမည်။

ပုဂံကျောင်းဆောင်မှ ပြည်လမ်းမကြီးသို့ထွက်၊ ပြည်လမ်းမကြီးကို ဖြတ်ကူး၊ နာနတ်တောလမ်းထဲ ဝင်သည်အထိ ဘာအဓိပ္ပာယ်မှန်း မသိ။ နာနတ်



www.burmeseclassic.com

www.burmeseclassic.com



တော်လမ်း ဆိုတာက လူပြတ်သည်။ ဝဲဘက်မှာ ခရစ်ယာန်သင်္ချိုင်း၊ ညာဘက်မှာက ဝဂ္ဂီရိပ်သာဆိုသော လူနေရပ်ကွက်ကလေး။ ဝဂ္ဂီသည် ပြည်လမ်းမကြီးဘေးမှာ တည်ရှိသဖြင့် ဆင်းရဲသား ရပ်ကွက်ပင် ဖြစ်သော်လည်း တက္ကသိုလ်နယ်မြေနှင့် မျက်နှာချင်းဆိုင် ဖြစ်နေပေရာ ဒုတိယ ဝင်ဒါမီယာဟု ခေါ်နိုင်သည်။

စိုးပိုင် ဘာကိစ္စ ရှိပါလိမ့်။

ဝဂ္ဂီရပ်ကွက်ထဲ သွားဖို့လား။

ဝဂ္ဂီမှာ ကျောင်းသားအဆောင်တချို့ ရှိသည်။ အဲဒီကိုလား။ ဟိုရောက်မှ ပြောမယ် ဆိုထားသဖြင့် ကိုအောင်နိုင်က ဘာမျှ မမေး။ စိုးပိုင်ကလည်း ဘာမျှ မပြော။ သူ့မျက်နှာကို အကဲခတ်ဖို့ကလည်း ညနေမှောင်တရီ ဖြစ်နေပြီး ကောင်းကောင်း မမြင်ရ။

နာနတ်တော သင်္ချိုင်းထဲ ဝင်သော ဝင်းတံခါးက ပွင့်နေသည်။ ထိုဝင်းတံခါး အတွင်းသို့ စိုးပိုင်က တန်းတန်းမတ်မတ် ဝင်၏။

"ဟေ့ကောင် စိုးပိုင်"

"လာစမ်းပါ"

"ဟေ့ စိုးပိုင်၊ သတိထားလေ"

မရချေ။ စိုးပိုင်က ဝင်းထဲ အရောက် ဝင်၏။

ကိုအောင်နိုင်မှာ စိုးပိုင်ကို ဆွဲရခက်၊ လိုက်ရခက်။

နေဝင်ဖျိုးဖျအချိန် ...

တစ္ဆေ သူရဲ ဝတ္ထုများတွင် တစ်ခုခု ထူးခြားတော့မည်ဆိုတိုင်း ဤ 'နေဝင်ဖျိုးဖျအချိန်' ဆိုတာကို ဖွဲ့တတ်ကြသည်။ စိုးပိုင် ဘာဖြစ်နေပြီလဲ။ တစ္ဆေ ပူးပြီဟုတော့ မဆိုချင်။ ကိုအောင်နိုင်က ရယ်ဟန်တစ်ခါ ဝတ်ဖူးသည်။ ကျွန်ုပ်ကိစ္စတွေ အယုံအကြည် မရှိ။

ဘယ်လိုပဲဖြစ်ဖြစ် စိုးပိုင်ကို မျက်ခြည်ပြတ်၍ မဖြစ်။

နာနတ်တော သင်္ချိုင်းကား ခရစ်ယာန်သင်္ချိုင်း ဖြစ်ရာ အုတ်ဂူတွေများတို့သည် ပန်းပင်လှလှ ပန်းပွင့်ဖြိုင်ဖြိုင်ဖြင့် သာသာယာယာ ရှိပေသည်။ မိုးညအခင်း၏ လေပြည်က အေးအေးချမ်းချမ်း တိုက်နေသည်။ နေဝင်ခါစ လရောင်နှင့် ကြယ်ရောင် ထွက်ခါစမို့ သုသာန်ဝန်းကျင်သည် မှောင်မည်း မနေချေ။ သစ်ပင်ကြီးကြီးမားမား မရှိသဖြင့် ပြန့်ပြူးကြည်လွှင်နေလေသည်။

စိုးပိုင်က အုတ်ဂူပုပု တစ်ခုပေါ်တွင် ဝင်ထိုင်လိုက်၏။





ကိုအောင်နိုင်က ဝင်မထိုင်ချင်ပေ။

ဤအုတ်ဂူသည် မိမိ အလေးအမြတ် ပြုရမည့်သူ ဖြစ်နေလျှင် ...။ အုတ်ဂူပေါ်မှာ ကျောက်ပြားကပ် စာတန်း ရှိသော်လည်း အလင်းရောင် လုံလောက်သဖြင့် ဖတ်၍ မရနိုင်ချေ။

"ထိုင်လေဗျာ"

စိုးပိုင် အသံက စေးနဲ့နေ၏။

ဘာအဓိပ္ပာယ်မှန်း မသိ။

ဝင်ထိုင်ရသည်။ စိတ်ထဲတွင် မတင်မကျ။

"ပြောစရာရှိ ပြောကွာ"

"ပြောမှာပါ၊ ပြောဖို့ ခေါ်လာတာ"

"အေး ... မြန်မြန်ပြော၊ ငါ စိတ်ပင်ပန်းတယ်"

စိုးပိုင်က စီးကရက်တစ်လိပ် မီးညှိ၏။

စိတ်မရှည်စွာ စောင့်ရပြန်သည်။

စီးကရက်ကို အားရပါးရ ဖွာရှိုက်ပြီးမှ ...

"ကိုအောင်နိုင်၊ ဒါ သင်္ချိုင်းနော်"

"အေး ... ဟုတ်တယ်၊ နာနတ်တော ခရစ်ယာန်သင်္ချိုင်း"

"ဟုတ်ပြီ၊ သင်္ချိုင်းဆိုတာ ဘာလုပ်တဲ့နေရာလဲ"

"မေးနေရလား၊ သင်္ချိုင်းဆိုတာ လူသေ မြှုပ်တဲ့နေရာ"

"အေး ... အဲဒါလိုချင်တာ"

ဘာမှ ပြန်မပြောဘဲ ထားလိုက်သည်။

"ဒီနေရာမှာ လူသေတွေ မြှုပ်ကြတယ်။ အခု ... ကျွန်တော် ပြောမယ့်အရေးတွေကိုလည်း ဒီမှာ မြေမြှုပ်ပစ်ခဲ့ရမယ်။ အပြင်ကို သယ်မသွားရဘူး"

"သြော် ... ဒီလိုလား"

ကိုအောင်နိုင် ခြောက်ကပ်ကပ် ရယ်ဖြစ်၏။

စိုးပိုင်ဆိုတဲ့ကောင်၊ တစ်ခါတစ်ခါ သည်လိုပဲ ကြောင်တောင်တောင်လုပ်တတ်တာပဲ။ သင်္ချိုင်းထဲ ခေါ်လာတာတော့ နည်းနည်း လွန်သလားလို့။

"ကဲ ... ပြောကွာ၊ ချက်ချင်း မြေမြှုပ်ပစ်မယ်"

"ခင်ခင်ယု လင်နောက်လိုက်သွားပြီ၊ အရာရှိတစ်ယောက်နဲ့"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ဆိုတာက လွဲပြီး ဘာမှ ဆက်မပြောဖြစ်။

သြော် … ခင်ခင်ယု ဆိုတာ ငါ့ချစ်သူ၊ မန္တလေးတုန်းက တွဲခဲ့ဖူးသူ။ နွေတုန်းက ရွာမှာ နှစ်ခါ သုံးခါ ဆုံသေးသား။

သူ့ဘက်ကရော၊ ကိုယ့်ဘက်ကပါ သိပ်ကြီး ဟက်ဟက်ပက်ပက်ဝင် မရှိတော့မှန်း နှစ်ယောက်လုံး သိခဲ့ကြသည်။ သို့သော် … လမ်းခွဲကြစို့ … ဟု တရားဝင် မပြောဖြစ်ခဲ့။ ပြောကြကြေးဆိုလျှင် ခင်ခင်ယုဆိုတာ ကိုအောင်နိုင်၏ လက်ရှိချစ်သူပေါ့။

ခုတော့လည်း … သူ့ဘက်ကစပြီး 'ချိုးဖြတ်' သွားခဲ့ပြီ။

အေးလေ … မီးဝေးချိတ်မာတဲ့။

ခင်ခင်ယု မှန်ပါသည်။ ကိုယ်ကလည်း ဝေးနေကတည်းက သူ့ကို နွေးထွေးမှု ပေးနိုင်ခဲ့တာမှ မဟုတ်ဘဲ။ သွားပါစေ …။

"အေးပေါ့ကွာ"

ကိုအောင်နိုင်က သက်ပြင်း မှုတ်ထုတ်ပြီး ပြော၏။

"ဘာ အေးပေါ့ကွာလဲ"

စိုးပိုင်အသံက အမိပွာယ်တွေနှင့် …

"အေးလေ … အေးသွားတာပေါ့"

"တစ်တောရှင်းသွားပြီလို့ ဆိုချင်တာလား"

"စိုးပိုင်၊ မင်း ငါ့ကို မစော်ကားနဲ့"

"နို့ … ခင်ခင်ယုကို ရှုပ်နေတယ် မထင်ဘူးလား"

"မထင်ပါဘူး၊ သူ့ဟာသူ နေနေတာပဲ"

"အင်းပေါ့လေ … ရန်ကုန် လိုက်လာနိုင်တာမှ မဟုတ်တာ"

"မင်း … ဘာကို ဆိုချင်တာလဲ"

"ခင်ဗျား သိပါတယ်။ မသိချင်ယောင် မဆောင်နဲ့"

"မင်း ဆိုချင်တာက ငါဟာ ခင်ခင်ယုကို ရှင်းပစ်ချင်နေတာ ဒီလိုလား"

"ရှင်းပစ် ဆိုတဲ့ စကားလုံးတော့ မဟုတ်ဘူး"

"ဒါဆိုရင် … မရှိစေချင်တော့တာလား"

"ခင်ဗျား ပိုသိမှာပေါ့"

"ဒီမယ် စိုးပိုင်၊ အောင်နိုင်ဆိုတဲ့ လူဟာ ခင်ခင်ယုကို ရည်းစားထား





တွဲခဲ့ပေမယ့် ဘာမှ မကျူးကျော်ခဲ့ဘူး။ သိပ်အလေးအနက် မရှိခဲ့ဘူး။ အဲဒါဟာ ချစ်တာလို့ ပြောလည်း ရတယ်။ မစွဲလမ်းတာတော့ အမှန်ပဲ။ လမ်းခွဲတွေသော သစ်ပင်တစ်ပင်ပေါ့ကွာ။ အရိပ်ခိုတယ်ပေါ့၊ ဒါပေမယ့် အခက်မချိုးခဲ့ဘူး။ ဒီတော့ ထွေကြရင်လည်း သူ့မှာ မနစ်နာဘူး"

"အေးပါဗျာ … ဒါဆိုလည်း ပြီးရော"

"သူ့လမ်းသူ ရွေးသွားပြီပဲလေ"

"ခင်ဗျားလည်း လမ်းသစ် ဖောက်နိုင်တာပေါ့"

ကိုအောင်နိုင် ဆတ်ခနဲ ထရပ်သည်။

ကြယ်ရောက်အောက်မှာ ကိုအောင်နိုင့် မျက်ဝန်းတွေ ဝင်းနေသည်။

စိုးပိုင်က လက်နှစ်ဖက်ကို ရင်မှာ ပိုက်လိုက်ရင်း …

"ဆောရီး ကိုအောင်နိုင်" ဟု တောင်းပန်၏။

ကိုအောင်နိုင်က အုတ်ခုံပေါ် ပြန်ထိုင်သည်။

လဆန်း(၅)ရက်၏ လခြမ်းသည် အနောက်ဘက် ကောင်းကင်မှာ ပေါ်၍ လာပြီ။ လေညင်းက ခပ်ကြမ်းကြမ်း ပြေးလာသည်။ အုတ်ဂူအများစုပေါ်မှာ သပ်စကြာပန်းဖြူဖြူများ၏ ပြေပြေလေး မွှေးသော ရနံ့က လေညင်းထဲမှာ ပါလာသည်။

နှစ်ယောက်သား စကား မပြောဖြစ်ကြ။

စိုးပိုင်က သူ ဝေဖန်ချင်တာကို ထိန်းထားပုံရ၏။

ကိုအောင်နိုင်ကတော့ လောလောဆယ် စိတ်ရှုပ်ထွေးနေသည်။

"ပြန်ကြမယ်ဗျာ"

စိုးပိုင်ကပင် စ၍ ပြောသည်။

ကိုအောင်နိုင် ဘာမှ မပြောဘဲ မတ်တတ်ရပ်သည်။

နာနတ်တောဝင်းထဲမှ ထွက်လာခဲ့ကြသည်။

အပြန်မှာတော့ …

ကိုအောင်နိုင်က ရှေ့က လျှောက်သည်။

စိုးပိုင်က နောက်က လိုက်သည်။

ပုဂံဆောင်သည် သရက်ပင်အုပ်များ နောက်မှာ ငြိမ်သက်နေတာကို မြင်ရလေပြီ။

*



www.burmeseclassic.com

www.burmeseclassic.com



မိုးတွေ ဖြိုင်ဖြိုင် ရွာနေသည်။

လေက ပြင်းပြင်း တိုက်နေသည်။

ပုဂံဆောင်မှ ပြည်လမ်းမကြီးဆီ ထွက်ရသည်ကပင် အတော်ကြာ၏။

လျှပ်စီးတွေ လက်ဆဲ မိုးခဲတွေ စုလာကြပြန်သည်။

သည်နေ့မှ မိုးက အသျှိုးတကြီး ရွာနိုင်စွ။

ကိုအောင်နိုင်နှင့် စိုးပိုင်တို့ ထီးတစ်ချောင်းတည်း ယူလာမိသည်ကို နောင်တ မရပေ။ ကိုယ်တစ်ခြမ်း စိုသည်ကို ပျော်ပျော်ပါးပါး ခံယူနေကြသည်။

"ကိုအောင်နိုင်ရာ၊ ခင်ဗျားကတော့ စိုလည်း စိုပျော်တာပေါ့"

"မင်းကလည်း ပြောရှောမယ်"

"ဟုတ်တယ်လေ၊ ခင်ဗျားက နှင်းခိုင်လွင်နဲ့ တွေ့ရင် မွေးသွားမှာကိုး"

"မင်းကလည်းကွာ"

"မင်းကလည်း ကွာမနေနဲ့၊ ခုထိလည်း ရည်းစားစာက ရေးလို့ မပြီးဘူး"

စိုးပိုင်က အပိုင်ပြောနေသည်။ အမှန်တော့ ကိုအောင်နိုင် ရည်းစားစာ မရေးသေးပါ။ ဒီလိုလေးပဲ ကြည့်နေရတာ မွေ့လျော်လှသည်။ နှင်းက ကလေးလို မူလိုက် နွဲ့လိုက်၊ သူက ချော့လိုက်။ ဘယ်လောက် ကြည်နူးစရာကောင်းလဲ။ တစ်ခုတော့ ရှိ၏။ ဘေးလူတွေက ဒီနှစ်ယောက်ကို 'အတွဲ' ဟု သတ်မှတ်ထား ခဲ့ပြီ။

နှင်းက အခုဆို မိန်းမှာ တက္ကသိုလ်ကျောင်းသူကြီး ပီပီသသ ဖြစ်နေပြီ။ ထီးတန်းတုန်းကလို လွယ်အိတ်ကလေးနှင့် ပြေးပြေးလွှားလွှား မဟုတ်တော့။ စာအုပ်ထူထူများကို ရင်မှာပိုက်လျက်၊ တစ်လှမ်းချင်း လျှောက်တတ်နေပြီ။ ခေါင်းမော့ပြီး ပြုံးတတ်နေပြီ။ နှင်းကို မျက်စိကျသော အတန်းဖော်များကလည်း နှင်းကို အင်ဂျင်နီယာရင်းက လူနှင့်ဟု အသိအမှတ် ပြုပြီး အနှောင့်အယှက် ပေးဖို့ မစဉ်းစားကြတော့ချေ။ အများတကာ အတွဲများလို ညနေတိုင်း မသွားသည် ကလွဲပြီး အခုလို တစ်ခါတစ်ခါ စိုးပိုင်နှင့် တွဲပြီး သွားနေသဖြင့် ဤမြွေ ရသည် ဟုပင် ထင်နိုင်ကြသေးသည်။ တကယ်တော့ ချစ်သူများ မဖြစ်သေး။ မိုးစိုစိုနှင့်ပင် နှစ်ယောက်သား မာလာဆောင်သို့ ဝင်ခဲ့ကြ၏။

နှင်းခိုင်လွင် အခန်းနံပါတ် (၁) ဟု ညွှန်သည်မှတ်တမ်းမှာ ဖြည့်တော့ ကျောင်းစောင့်က နှင်းခိုင်လွင် မရှိဘူးဟု ပြောသည်။ (၃) နာရီခွဲကတည်းက





ညှိသည်နှင့် အပြင် ထွက်သွားသည်ဟု ဆက်ပြောသည်။

စောင့်ဦးမလားဟု စိုးပိုင် မေးတာကို ဘာ့ကြောင့်မှန်းမသိ၊ မစောင့် ချင်ဘူးဟု ဖြေလိုက်သည်။ နှင်း ဘယ်သွားတာလဲ၊ ဘယ်သူနဲ့လဲ စိတ်ထဲမှာ ဆင့်ခနဲ။

ညှိခန်းထဲ မဝင်ဘဲ ပြန်ထွက်လာကြ၏။

ပေါ်တီကိုမှာ မောင်ကိုယုနှင့် တွေ့သည်။

မောင်ကိုယု၏ 'မြင့်' က မာလာမှာကိုး။

ပြီးတော့ ကျောက်ဘီလူး တင်မောင်ဆွေ ဝင်လာတာနှင့် တိုးပြန်သည်။

ကိုတင်မောင်ဆွေ၏ ချစ်သူကလည်း မာလာသူပေပဲ။

အပေါ်ဆုံးထပ်က မတင်ဝင်း ဆင်းလာတာ မြင်ရ၏။

ဤပုပုဝဝ ကလေးမသည် နောင် နှစ်ပေါင်းများစွာ ကြာသောအခါ 'ဒေါက်တာ မတင်ဝင်း' အမည်ဖြင့် စာရေးဆရာမကြီး ဖြစ်လာမည်ဟု မည်သူမျှ မသိသေး။ မာလာဆောင်က စာရေးဆရာ ထွက်သည်ဟုပင် မမူမူမြင့် (ပဲခူး) က ကြွားကြွားလေး ပြောဖူးသေးသည်။ ပုသိမ် လှလှသီ ဆိုသော စာရေးဆရာမ လည်း မနှစ်ကအထိ မာလာမှာ နေသွားသေးဆိုပဲ။

အခုနှစ်တော့ နှင်းခိုင်လွင်ပေါ့။

"အဲ ... ဟိုမှာ ... နှင်းခိုင်လွင်"

မာလာဆောင် ဝင်းတံခါး လူဝင်ပေါက် ကျဉ်းကျဉ်းလေးမှာမှ လူချင်း ဝင်တိုက်မိမတတ် ရင်ဆိုင်တွေ့ကြရ၏။

ကိုအောင်နိုင်နှင့် စိုးပိုင်က အထွက်။

နှင်းခိုင်လွင်နှင့် ...

အဲ ... ဟု ဆိုရင်း နှင်းခိုင်လွင် ရပ်လိုက်သည်။

အားနာလိုက်တာဟုလည်း တောင်းပန်သည်။

လေးယောက်စလုံး အပြင်ဘက်တွင် မျက်နှာချင်းဆိုင်ရပ်မိတော့မှ ...

"မိတ်ဆက်ပေးရဦးမယ်။ ဒါက ကိုအောင်နိုင် အင်ဂျင်နီယာ စတုတ္ထ နှစ်၊ ဒီဘက်က ကိုစိုးပိုင်၊ အင်ဂျင်နီယာကပဲ။ သူကတော့ ..."

နှင်းခိုင်လွင် ခဏ ရပ်၏။

သူ့နားက လူကို မော့ကြည့်၏။

သူ့နားက လူက ယဉ်ကျေးစွာ ပြုံးပြနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူက ညာလက်ကို ဆန့်ထုတ်၍ လက်ဆွဲရင်း …

"ကျွန်တော် အောင်နိုင်ပါ"

ကိုအောင်နိုင် မျက်ခုံး မြင့်သွားသည်။

ချက်ချင်းပင် ပြုံးပြပြီး ..

"ဝမ်းသာပါတယ်" ဆိုတော့ နှင်းနိုင်လွင်က …

"ကိုအောင်နိုင်က ရွှေကူကလေ၊ ရန်ကုန်မှာ သင်တန်း လာတက်တာ ပြီးတော့ သူက နှင်းလက်ထပ်မယ့် ချစ်သူ"

နှင်း အသံမှ ဟုတ်ရဲ့လား …

နှင်း ပြောလိုက်တာမှ ဟုတ်ရဲ့လား …

နှင်းရယ် …

ပျက်သွားသော မျက်နှာကို ဘယ်လို ပြင်ရမည် မသိခင် အကင်း ပါးသော စိုးပိုင်က အောင်နိုင်ဆိုသူ၏ လက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ပြီး …

"ကွန်ဂရက်ကျူလေးရှင်း ကိုအောင်နိုင်၊ နှင်းနိုင်လွင်နဲ့ ကျွန်တော်တို့ နဲ့က မနှစ်ကတည်းက လူရင်းတွေပါ။ အခုလို နှင်းရဲ့ ချစ်သူအဖြစ် တွေ့ရတာ ဝမ်းသာပါတယ်။ နှင်းနိုင်လွင်က တကယ် လုံတယ်ဗျို့၊ တစ်ခါမှ ရည်းစားရှိတာ မပြောဘူး"

စိုးပိုင်က မိုးရေနှင့်အပြိုင် ဖြိုင်ဖြိုင်ကြီး ပြော၏။

ကိုအောင်နိုင်က တဟဲဟဲ ရယ်ပြ၏။

မရယ်နိုင်၊ မပြောနိုင်သူကား ကိုအောင်နိုင် …

ပြီးတော့ နှင်းဆိုသော နှင်းနိုင်လွင် …။

❐

## (၂၈)
## ညီအစ်ကိုများ

"ဒေါက် … ဒေါက် … ကိုကိုလေး"

"အေးဟေ့ ဝိတ်ထ်အမိနစ်"

ကိုအောင်ပိုင် မန္တလေးဆောင်၊ အခန်း ၇၈။

သူက မောင်သိန်းတန်နှင့် တစ်ခန်းတည်း ကျသည်။

ဘယ်သူကမှ မတွန်းမတိုက်ရဘဲနှင့် သူတို့နှစ်ယောက် အတွဲလိုက် တစ်ခန်းတည်း ရသည်ကို နတ်ဖက်တာဟု ကိုအောင်ပိုင်က ရယ်ရင်း ပြောတတ်သည်။ ကိုအောင်ပိုင်က သည်နှစ်မှ မန္တလေးမှ ပြောင်းလာခြင်းဖြစ်ပြီး မောင်သိန်း တန်ကတော့ မနှစ်က ဥပစာ (ခ) အောင်ပြီး ဝိဇ္ဇာ (က)တန်း တက်ရခြင်း ဖြစ်၏။ ကိုအောင်ပိုင်က ဝါဏိဇ္ဇ ယူပြီး မောင်သိန်းတန်က အနောက်တိုင်းသမိုင်း အတွဲ ယူသဖြင့် ဘာသာရပ်ချင်း မတူသော်လည်း သူတို့ ချစ်မြတ်နိုးသော စာအုပ်တွေက တစ်ထေရာတည်း တူနေကြလေသည်။

သိန်းဖေမြင့်၏ 'သပိတ်မှောက်ကျောင်းသား'၊

ဗန်းမော်တင်အောင်၏ 'မြစ်ရေပေါ်ဝယ်'၊

မော်စီတုန်း၏ 'မိမိကို မိမိ ဝေဖန်ရေး'၊

မာ့စ်နှင့် လီနင်တို့၏ ကျမ်းအားလုံး … တူမှ တူကြပါပေ၏။

"ကဲ … လာ"

ကိုအောင်ပိုင် တံခါးဖွင့်၏။

ကိုအောင်နိုင်က သူ့အစ်ကိုကို ပြုံးကြည့်သည်။

ကိုအောင်ပိုင်ကား စွပ်ကျယ်လက်ပြတ်နှင့်၊ မုတ်ဆိတ်မွေး ဗရပွနှင့်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်၊ ဒီအတိုင်းပဲ ဖြစ်ရမယ်ဟု ကိုအောင်နိုင်က တွေးပြီးသား ကိုကိုလေးဟု သူခေါ်သော အမေ၏ နို့ညှာကောင်ခေါ် ကိုအောင်ပိုင်သည် ရန်ကုန်တက္ကသိုလ်ကို စာသင်ချင်၍ လာတာမှ ဟုတ်ပါလေစ။ နေ့နေ့ညည တကာသ အဆောက်အအုံမှာသာ အချိန် ကုန်တော့မည်။ သူက လူသစ်ဖြစ် လျက်နှင့် မန္တလေးဆောင် သဟာယနှင့် စာဖတ်အသင်းမှာ ဥက္ကဋ္ဌ ဖြစ်သည်။ အတွင်းရေးမှူးက မောင်စိုးသိန်းတဲ့။ (နောင်အခါ သူက သတင်းစာဆရာ မောင်ဝံသ ဆိုတာ ဖြစ်လာမည်ဟု ဘယ်သူမှ ကြိုမသိသေး။)

"ဟော ကိုသိန်းတန်က အိပ်တုန်းကိုး"

ကိုအောင်နိုင်က အားနာသွားသည်။

တစ်ဖက်ခုတင်ရှိ လူကမူ တရှူးရှူးနှင့် အိပ်မောကျဆဲ။

"အေးဟ ငါ့ကောင်ကြီး တစ်ညလုံး မအိပ်ရရှာဘူး"

သူတို့ ဘာတွေ အလုပ်များနေလဲ မသိဘူး။

မောင်သိန်းတန် ခုတင်ခေါင်းရင်းမှာတော့ ရေးလက်စ ပိုစတာတွေ ...။ ကိုအောင်ပိုင်လည်း သွားပွတ်တံနှင့် ဆပ်ပြာခွက် ကိုင်ပြီး ရေချိုးခန်းသို့ သွားသည်။ ဆံပင်ဆီရွှဲရွှဲ၊ ပွန်ဝီယာ ကိုယ်လိမ်း ပေါင်ဒါနံ့ မွှေးမွှေးနှင့် သူညီလေး ကို လက်သီးနှင့် တစ်ချက် ထိုးသွားသေးသည်။

သူတို့ နှစ်ယောက်က (၂)နှစ်ကြီး (၂)နှစ်ငယ်ဆိုပေမယ့် အမြွှာလို ဖြစ်နေသည်။ ကိုအောင်ပိုင်က မျက်ဝန်းပိုကျယ်ပြီး ကိုအောင်နိုင်က မေး ပိုကားတာပဲ ကွာ၏။ နှစ်ယောက်အတွဲလိုက် ကြီးပြင်းလာကြသော်လည်း စရိုက် က တခြားစီ။ ကိုအောင်ပိုင်က စာအုပ်ဆိုမှစာအုပ်၊ ပြီးတော့ လက်ဝဲစာအုပ် ကိုအောင်နိုင်ကတော့ စာကြိုးစားမည်၊ အင်ဂျင်နီယာကြီး ဖြစ်ရမည်။ ပြီးတော့ ကိုအောင်ပိုင်က အရွယ်နှင့် မမျှ ရင့်ရော်ပြီး ခုထိ ရည်းစား မရသေး။ စိတ်လည်း မဝင်စား။ ရည်းစားထားဖို့ အချိန် မပိုသေးဘူးတဲ့။ ကိုအောင်နိုင်ကတော့ ပထမ နှစ်မှာကတည်းက မယ်တက္ကသိုလ်ကို လှမ်းချိတ်ခဲ့သူ။ အနုကြိုက်၊ အလှကြိုက် ဂီတသမား၊ တယောသမား။

သည်လို စရိုက် မတူသော်လည်း တစ်ယောက်ကိုတစ်ယောက် အလေး အလဲ ချစ်ကြ၏။ အကြီးနှစ်ယောက်နှင့်ပင် မတူ။ ဒါ့ကြောင့်ပင် အမေက အကြီး နှစ်ယောက်ကို တစ်ရှဉ်း၊ အငယ်နှစ်ယောက်ကို တစ်ရှဉ်းဟု ခေါ်ခဲ့လေသည်။

ကိုအောင်နိုင်က သူ့ ကိုကိုလေး ဘာလုပ်လုပ် လိုက်လုပ်ခဲ့သည်။





ကိုကိုလေး ဝိတ်မလျှော် လိုက်မသည်။ ရေကူးလျှင် လိုက်ကူးသည်။ ဆယ်တန်း အောင်ပြီးတော့မှ ညီအစ်ကို လိုင်းကွဲသွားကြခြင်း ဖြစ်၏။ ခုတော့ ကိုကိုလေး ဘာလုပ်လုပ် ကိုအောင်နိုင်က ပြုံးကြည့်နေပြီး ကိုအောင်ပိုင်ကတော့ ဟိတ်ကောင် ... မိန်းမချောတိုင်း မဟန်ဘူးနော် ... ဟု သတိပေးတတ်လေသည်။

"ကလပ်စ် မတက်ပြန်ဘူးလား"

ရေချိုးခန်းမှ ပြန်လာသော သူ့ ကိုကိုလေးကို ဆီးမေး၏။

ကိုအောင်ပိုင်က ဟီးဟီး ဟု အသံထွက်လိုက်သည်။

ရယ်လိုက်တာလား၊ ချမ်းလို့ ညည်းလိုက်တာလား မကွဲပြားချေ။

ကိုအောင်ပိုင် မျက်နှာသုတ်ပဝါနှင့် ရေသုတ်ဆဲ ကိုအောင်နိုင်က စားပွဲပေါ်က စာအုပ်တွေကို စီပေးလေသည်။

သူ့ ကိုကိုလေး၏ စာကြည့်စားပွဲပေါ်မှာ ကျောင်းသုံး စာအုပ်က နည်းနည်း၊ နိုင်ငံရေး စာအုပ်တွေက များနေသည်။ မထူးဆန်းသော အဖြစ်မို့ ကိုအောင်နိုင်က စာအုပ်တွေကို စီရုံသာ စီပေးလိုက်၏။ သူ့ ကိုကိုလေးသည် ရွာက ဘုန်းတော်ကြီး အမိန့်ရှိဖူးသလို 'နိုင်ငံရေး သတ္တဝါကြီး' ပေပဲ။

"မင်း ... ပိုက်ဆံ လောက်ရဲ့လား"

ဒီလိုဆိုတော့လည်း ကိုအောင်ပိုင်က ညီလေးအတွက် ပူပန်တတ်သား။ အဖေသည် ညီအစ်ကို နှစ်ယောက်ကို တစ်ပြိုင်နက် ကျောင်းထားရသဖြင့် တစ်ဦး တည်းသော သားတွေလို အလျှံပယ် မပို့နိုင်ပေ။ ဤသားများကလည်း အသုံး အဖြုန်း မရှိ။ စေ့စေ့စပ်စပ်နှင့် လိမ်လိမ်မာမာ သုံးစွဲကြသဖြင့် တချို့ ကျောင်းသား တွေလို လုံးလုံးကြီး ငွေပြတ်တာမျိုး မဖြစ်တတ်ပေ။

ကိုအောင်ပိုင်က အဝတ်အစားလဲ၊ ခေါင်းဖြီးပြီးမှ ကဲ ... သွားရအောင် ဟု ဆိုသည်။ အတန်းတက်ရန်ကား မဟုတ်။ ကျောင်းစာအုပ်တွေ သူ မယူ။ လက်ဖက်ရည် သွားသောက်ရန် ဖြစ်၏။ မန္တလေးဆောင်ရှေ့ အဓိပတိလမ်းကို ဖြတ်ကူးလျှင် တကာသ အောက်ထပ် လက်ဖက်ရည်ဆိုင် ရောက်ပြီ။ ကိုအောင်နိုင် က တောင်ပိန္နဲပင်ကြီးအောက်မှ ဦးချစ် လက်ဖက်ရည်ကို ကြိုက်သော်လည်း သူ့ ကိုကိုလေးက လက်ဖက်ရည်ထက် တကာသထဲ သွားချင်တာက ပိုများသည်။

"ကိုသိန်းတန်ကို နှိုးဦးမလား"

ကိုအောင်နိုင်က ခပ်တိုးတိုး ပြောသည်။

"သွားနှင့်ကြဖို့ ... လိုက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



စောင်ခြုံထဲက မောင်သိန်းတန်က အိပ်ချင်မူးတူးနှင့် ဆို၏။

"အမယ် ... နိုးနေတာကိုး၊ အတင်း ပြောမိရင် အခက်"

"ယောက်ျားတွေ ဘယ်တုန်းက အတင်းပြောဖူးလို့တုံး"

ညီအစ်ကို နှစ်ယောက် တံခါးစေ့ပြီး ထွက်လာခဲ့ကြသည်။

"ကိုကိုလေး၊ အမေ့ဆီက စာလာတယ်"

ဆိုင်မှာ ထိုင်မိမှ ကိုအောင်နိုင်က ပြောသည်။

"ဘာ အထူးပါသလဲ"

ကိုအောင်ပိုင်က စီးကရက်တစ်လိပ် နှိုက်ရင်း မေး၏။

"ခါတိုင်းလိုပါပဲ။ ကျန်းမာရေး ဂရုစိုက်ဖို့၊ ငွေကို သိပ်မချွေတာဖို့"

"သူများတွေက ချွေတာဖို့ပဲ ရေးတာ"

ညီအစ်ကို နှစ်ယောက် ရယ်မိကြ၏။

အမေက သားတွေကို မညှိုးငယ်စေချင်တာကိုး။

လက်ဖက်ရည် ရောက်လာသဖြင့် စကားမဆက်ဘဲ လက်ဖက်ရည် ငုံ့သောက်ဖြစ်၏။

အမေ့ ချွေးနဲ့စာဟု တွေးမိတိုင်း အပို မစားချင်တာ အမှန်။

အမေသည် ဧရာဝတီမြစ်ကမ်းတွင် သမာအာဇီဝ ထမင်းဆိုင်လေး ဖွင့်ပြီး သားတွေကို တက္ကသိုလ် ပို့ရှာတာမို့ ဘယ်မှာ အပို သုံးရက်ပါ့မလဲ။

"ကိုကိုလေး ... စီးကရက် လျှော့ဖို့ ကောင်းတယ်"

ကိုအောင်နိုင်က သူ့အစ်ကိုအား မရဲတရဲ ပြောကြည့်ခြင်း ...

ကိုအောင်ပိုင်က ပြောကာမှ ပိုရှိုက်လိုက်ပြီး ...

"အောင်နိုင်ရာ ... မင်း မသိပါဘူး"

သူက အစ်ကိုဆိုပြီး နှစ်နှစ်ကြီးတာနှင့် ဆရာကြီး လုပ်နေသည်။

"ငါပြောမယ်၊ စီးကရက် သောက်တာနဲ့ အရက် သောက်တာ ဘယ်ဟာ သက်သာလဲ"

"ဘယ်ဟာမှ မသက်သာဘူး"

"တစ်ခု ရွေးကွာ"

"ကျွန်တော်က တစ်ခုမှ မကြိုက်တာ"

"ဟိတ်ကောင် ... ငါကြိုက်တယ် ဆိုရင်ကော"

ကိုအောင်နိုင် ရယ်နေသည်။





သူသည် ငယ်ငယ်ကတည်းက ကိုကိုလေးကို အရှုံးပေးနေကျ။

ကိုကိုလေးက ကောင်းတယ်ဆို ပြီးတာပါပဲ။

"မင်း မှတ်ထား၊ အရက်က အတွေးအခေါ်ကို 'ချော်' စေတယ်။ ဆေးလိပ်က အတွေးအခေါ်ကို 'တော်' စေတယ်"

"ပုံ ... ဦးအောင်ပိုင်"

သည်လိုဆိုတော့လည်း သူ့ ကိုကိုလေးက သူ့ကို လေးစားစွာ ပြုံး ကြည့်လေသည်။ ညီအစ်ကို လေးဦးထဲမှာ အကြီးနှစ်ယောက်က အလုပ်တွေ ကိုယ်စီနှင့်။ အိုးမကွာ၊ အိမ်မကွာ။ အထက်တန်းပညာရှင်မို့လည်း လောဘ မရှိကြ။ အငယ်နှစ်ယောက်ကသာ ပညာတွေ သင်ချင်သည်။ အရာရှိတွေ ဖြစ်ချင်သည်။ တိုင်းပြည်အတွက် အလုပ်အကျွေး ပြုချင်သည်။ သူတို့အတွေး သည် ဧရာဝတီကမ်းတစ်ခုတည်းမှာ မဟုတ်တော့ချေ။ မြန်မာပြည် ပြီးတော့ အာရှတိုက်၊ အေးလေ ... တစ်ကမ္ဘာလုံးပါပဲ။ ကမ္ဘာကြီးကို အေးမြသော အပြာရောင် ဆိုးချင်သည်။ ကမ္ဘာပေါ်က ဘယ်လိုသော 'မီးပွား' လေးကိုပဲ ဖြစ်ဖြစ် ကိုယ့်ခွန်အားနှင့် ငြိမ်းပစ်ချင်သည်။

"လာဗျို့ ... ကိုသိန်းတန်၊ အဲ ... ကိုသက်ဝေလည်း ပါတယ်"

"အေးဗျ၊ ကိုသက်ဝေ လာခေါ်လို့"

မောင်သိန်းတန်နှင့် မောင်သက်ဝေတို့ အိပ်ရာမှ ထခါစ ပုံစံများဖြင့် ဝင်ထိုင်ကြသည်။ သူတို့ကား လက်ဖက်ရည်ကို မှာစရာ မလို။ သူတို့လာလျှင် 'ထူးမိ' ဖျော်ရမည်ဟု စားပွဲထိုးက သိပြီးသား။ လာချလိမ့်မည်။

"ညက တစ်ညလုံး မအိပ်ရဘူး"

မောင်သက်ဝေက ဝါးခနဲ သမ်းရင်း ဆို၏။

"ရန်ကုန်တက္ကသိုလ် နှစ်လေးဆယ်ပြည့် ကျောင်းသားပွဲတော်လုပ်ဖို့ ရေးကော်မီတီ ဖွဲ့လိုက်ပြီ"

"ဟာ ... ဟုတ်လား"

ကိုအောင်ပိုင်က ဝမ်းသာအားရ။

မောင်သိန်းတန်က ခေါင်းစုတ်ဖွားကို ကုတ်ပြီး ...

"ပင်ပန်းဖျော်ကြဦးမယ်" ဟု ဆိုလေသည်။

"အခု ၁၉၆၀ ဆိုတော့ ဒီဇင်ဘာကျရင် ကိုယ်တို့ ရန်ကုန်တက္ကသိုလ် တည်ထောင်တဲ့ အနှစ် ၄၀ ပြည့်ပြီ။ ဒီကာလမှာ ကျောင်းသား ဖြစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူရတယ်''

မောင်သက်ဝေက ကိုအောင်ပိုင်ကို လက်ဆွဲ နှုတ်ဆက်၏။

ကိုအောင်နိုင်ကို မောင်သိန်းတန်က လက်ဆွဲ၏။

ပြီးတော့ … ညာလက် (၄)ဖက်ကို ဗဟိုမှာ ဆုပ်ကိုင်မြှောက်လိုက် ကြသည်။

''ဂုဏ်ယူတယ်။ နောင်တော့် နောင်တော်တွေ တိုက်ယူခဲ့တဲ့ အလံတော် ကို ကျုပ်တို့ အသက်သေခံ ကာကွယ်မယ်''

မောင်သိန်းတန် လက်သီးလက်မောင်း တန်းလေသည်။

''ကျောင်းသားသွေး နီတယ်''

''ကျောင်းသားတွေ ညီတယ်''

မောင်သိန်းတန် ဆက်အော်သည်။

ကိုအောင်ပိုင်က လက်ကာပြပြီး …

''ဆိုပါဦး ကိုသက်ဝေ၊ ပွဲတော်ကို ဘယ်လို အနှစ်သာရနဲ့ လုပ်ရ ရည်မှန်းလဲ''

ကိုသက်ဝေက လက်ဖက်ရည် တစ်ငုံ သောက်၏။

''ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး''

''အိုကေ''

''စာတမ်းတွေ ဖတ်မယ်၊ အခမ်းအနားတွေ လုပ်မယ်၊ ပြပွဲတွေ လုပ်မယ်။ ကြီးကျယ်သွားတာက ဟောဒီ တက္ကသိုလ် စာတိုက်ရှေ့ကွက်လပ်မှာ (၃)ညတိတိ ပွဲကမယ်''

''ကြိုက်တယ်''

အနုပညာသမား ကိုအောင်နိုင်က ဝင်ပြီး အော်လေသည်။

''ပွဲကမယ်ဆိုတာ အမာစိန်အငြိမ့် မဟုတ်ဘူး။ ကျောင်းသူ ကျောင်းသား တွေ ကိုယ်တိုင် ဝင်ကကြမှာ။ ငြိမ်းချမ်းရေးအတွက် မာလာက 'ဂျိုးဖြူယိမ်း' ကကြလိမ့်မယ်။ မာလာ အက်စ်အန်အာက ဦးဆောင်ရမယ်။ အင်းလျား စဉ်းစားတုန်း။ အေးဗျ … ပြဇာတ်ကြီးကိုတော့ ကိုမြတ်လေးကို အပ်မယ် စန္ဒရား ချစ်ဆွေနဲ့ ကိုမြတ်လေး။ တက္ကသိုလ်ရောက် ကျောင်းသူလေးကို လူပွေတွေက ဖျက်ဆီးလို့ ပျက်ရတဲ့ ဇာတ်လမ်း။ နာမည်တောင် ပေးပြီး 'ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေ' တဲ့။





''ဟ … တယ်ကောင်းတဲ့ အစီအစဉ်ပဲ''

''မင်းသား၊ မင်းသမီးကော ရွေးပြီးပလား''

''ရွေးပြီးပြီ။ မင်းသမီးက ဆေးကောလိပ်က မေဘယ်လ် တိုကြီး''

''လှတယ်ဗျ၊ ရတနာ အက်စ်အန်အာပဲ။ မင်းသားကော''

''မင်းသားက ခပ်ပွေပွေ သူဌေးသား''

''ကျွန်တော်များလား''

ကိုအောင်နိုင် အရွှန်းဖောက်နေသည်။

''ဂရိတ် ဦးဖိုးစိန်ရဲ့မြေး''

''ဟာ ရဲစိန်ပေါ့''

''ဟုတ်တယ်၊ သူက စွယ်စုံရတယ်လေ''

''ဘယ်အတန်းကလဲဗျ''

''ဘီအက်စီ ဖိုင်နယ်လ်''

''ဗွတ် … ဗွတ်''

တကာသ အောက်ထပ် တစ်ခုလုံး ညံသွားသည်။

''ကျုပ်တို့ မန္တလေးဟောကကော''

ကိုအောင်ပိုင် ခေါင်းခါ၏။

''လုံခြုံရေး ကျတယ်''

ဝါးခနဲ ရယ်ကြသည်။

''သိန်းသန်းထွန်းတို့က ဟန်ဆောင် အတုအယောင် ဇာတ်ကို သရော် လို့တဲ့။ စိတ်ညစ်ပြီး ရေနံဆီသောက်တာ၊ ရေနံဆီက ရေရောထားလေတော့ သေဘူးဆိုပဲ''

တဝါးဝါး ရယ်ကြပြန်သည်။

''ဒီနှစ် ကိုကိုလေး ရောက်တာလာ ကံကောင်းတယ်''

ကိုအောင်နိုင်က သူ့အစ်ကိုကို လှမ်းပြော၏။

ကိုအောင်ပိုင်က စဉ်းစားရင်း …

''ဟောပြောပွဲတွေ၊ ပြခန်းတွေ အဲဒါတွေ အရေးကြီးတယ်''

''တာဝန်တွေ ခွဲမှာပါ။ ဒီနေ့ကစပြီး မနားကြရတော့ဘူး''

''အတန်းတွေတော့ ပျက်တော့မှာပဲ''

''အရင်ကကော မပျက်လို့လား''



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ပျက်တယ်"

ရယ်နေရင်းမှ မောင်သိန်းတန်က ...

" ဒီမယ် ကိုသက်ဝေ၊ ကျွန်တော်တို့ ၁၃၀၀ ပြည့် အရေးတော်ပုံ သရုပ်ဖော်ဖို့ ကောင်းတယ်"

"ငါ့ညီ တော်တယ်၊ အဲဒါ တေးသရုပ်ဖော် ပါမယ်"

"ဒါဆို ကျွန်တော် 'ဗိုလ်အောင်ကျော်' လုပ်ချင်တယ်"

"ဝိုင်းဆွေးနွေးကြတာပေါ့ဗျာ"

အခန်းတွင်းသို့ လူတစ်သုတ် ဝင်လာသည်။

ကျောင်းသားခေါင်းဆောင် ကိုလှရွှေ၊ ကိုတင်မောင်ဝင်း၊ ကိုတင်အောင်မြင့်နှင့် ကိုသာဘန်း။

သူတို့ ကြည့်ရတာလည်း အိပ်ရေးဝခဲ့ပုံ မပေါ်ပေ။

ဝိုင်းတစ်ဝိုင်းမှာ ထိုင်ရင်း စာရွက်တွေ ဖြန့်ကြသည်။

သူတို့က လူကြီးဝိုင်းမို့ တာဝန်ကြီးပေလိမ့်မည်။ အာဏာပိုင်များနှင့် ပြောရဆိုရမည်ဆိုလျှင် သူတို့က ဦးဆောင်ရလိမ့်မည်။

မောင်သိန်းတန်က ဗိုလ်အောင်ကျော်အဖြစ် သရုပ်ဆောင်ဖို့ စိတ်ကူးယဉ်နေဆဲ။

ကိုအောင်ပိုင်နှင့် ကိုအောင်နိုင်က ငြိမ်လျက်။

ညီအစ်ကိုအားလုံး အပြင်မှာငြိမ်သလောက် ရင်ထဲမှာ လှုပ်ရှားတက်ကြွနေကြလေပြီ။

လာပြီ ... နှစ်လေးဆယ်ပြည့် ရန်ကုန်တက္ကသိုလ် ကျောင်းသားပွဲတော် ...။

▢



## (၂၉)
## စစ်ကိုမလိုပါ

×× ပိတောက်တွေ ရွှေရည်လူးကြပြီလေ ×× ပုလဲငုံ စံပယ်ဖြူ ဖူးနိုက်ဆဲဝေ × ပန်းမျိုးစုံ ရာသီကုန်ကူးခဲ့ပြီလေ × ချစ်သူကို ရည်စူး ခူးတဲ့လို့ခြွေ × တိုယ်တိုင် လှရာရာရွေးလို့ × ပန်မပေးရ ဆံမြည့္သာကေ × စစ်မြေမှာ ကြာညောင်းရက်ရှည် ရောက်မယ်အထင်နဲ့ မျှော်တဲ့သူဗျာဝေ ×× တတွေးတွေး ဆွေးနာရှေ့မယ်လေ ×

× တောင်ကညို ပြိုတော့မယ် × မှိုင်းမှိုင်းမှုန်ဝေ မိုးသက်တွေ လေတော့တော့ × တရွေ့ရွေ့ ယူသလေ × တိမ်ဦးလေပြည် × လွမ်းရိပ်တွေဝေ × ဖော်မစုံလွမ်း × လွမ်းစတွေဝေဝေ × ချစ်တဲ့သူ ဓာတုကလျာဆွေ ×

ပိတောက်တွေ ရွှေရည်လူး အပိုဒ်ကို ဆွေးဆွေးမြည့်မြည့် ဆိုနေခဲ့သူက နှင်းခိုင်လွင် ဖြစ်၏။

တောင်က ညိုပြိုတော့မယ် ဟူသော အသံကား အခန်းပြင်မှ ရုတ်တရက် ဝင်လာခြင်း ဖြစ်လေသည်။ တနင်္ဂနွေရက်အား အဝတ်လျှော်၊ ခေါင်းလျှော်ပြီး အိပ်ရာပေါ် အေးအေးဆေးဆေး လှဲရင်း စိတ်လွတ်လက်လွတ် သီချင်းဆိုနေခဲ့ခြင်းဖြင့် ယခု ဘယ်သူသည် အခန်းအပြင်မှ နေ၍ သီချင်းကို ဆက်ဆိုနေပါလိမ့်ဟု နှင်းခိုင်လွင် တွေးရန် မလိုပေ။ သည်အသံကို သူ ရင်းနှီးပြီး ဖြစ်သည်။ ကမန်းကတန်း အိပ်ရာမှ ထစဉ် စေ့ထားသော တံခါးချပ် ပွင့်လာပြီး လူရိပ် ဝင်လာသည်။

"ခင်လှမြင့် ... မိလှမြင့် ... ကြည့်စမ်း"

နှစ်ယောက်သား ဆွဲဖက်မိကြ၏။

ခင်လှမြင့်က သယ်လာသော စာအုပ်ကို စာရေးစားပွဲပေါ် ပစ်တင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ခုံတင်ပေါ် လှဲအိပ်လေသည်။

"နှင် အခုမှ ပဲခူးက ရောက်တာလား"

အမောတကောနှင့် နှင်းခိုင်လွင် မေး၏။

ခင်လှမြင့်က နှင်းခိုင်လွင့်ခေါင်းအုံးကို ရင်ဘတ်ပေါ် တင်လိုက်ပြီးမှ -

"နှင်း … နင်က သီချင်းဆိုနေနိုင်တယ်နော်"

"ဟဲ့ … ကိုယ်သီချင်းဆိုတာ ဆန်းလို့လား၊ အမြဲ ဆိုနေတာပဲဟာ။ နင် ဘာဖြစ်လာလဲ။ စာလည်း ကြိုမရေးဘူး၊ စာမေးပွဲလည်း လာမဖြေဘူး"

"အဲဒါတွေထား၊ မမမြင့် ညီမ မေမေသန်း ဆုံးသွားပြီ"

"ဟယ် မေမေသန်းလေ၊ သီရိမှာ ဟုတ်လား"

"အေးလေ … ဒီနှစ် မေမေသန်း တက်လို့ရအောင် မမမြင့်က နားအေး ရတာ။ အခု မေမေသန်း ဆုံးတော့ …"

"ဘဘကြီး ရှုံးမှာပဲ"

"ဘဘကြီးက တရား ရှိပါတယ်။ သားသမီးတွေ အားလုံး တက္ကသိုလ် ပို့နိုင်အောင် လုပ်ပေးခဲ့တာ။ အငယ်ဆုံး သမီးက ရန်ကုန်မှာ ကျောင်းတက်ရင်း ဆုံးတာကို ယူကျုံးမရ ဖြစ်တာပေါ့။ အခု မောင်နှမတွေအားလုံး ရန်ကုန် ရောက် နေတယ်"

နှင်းက ရေထသောက်သည်။

ခင်လှမြင့်က မျက်ရည်ဝိုင်းလို့။

"ကိုယ်လည်း မင်းတို့ ဘယ်သူမှ ကျောင်းပြန်မလာကြတော့ တစ်ယောက် တည်း ပျင်းလိုက်တာ၊ အဆက်အသွယ်တွေလည်းပြတ်"

"နှင်း သတင်းတွေတော့ ကိုယ် ကြားနေသားပဲ၊ နှင်းက မာလာမှာ အတွဲ ရနေပြီတဲ့။ နှင်းရဲ့လူက ရန်ကုန်တက္ကသိုလ်က မဟုတ်ဘူးတဲ့"

"ဟဲ့ သတင်းက တိကျလှချည်လား၊ ကေနှ စိုးပိုင်ထင်တယ်"

"ဘယ်ဟုတ်ရမှာလဲ၊ မောင်ကိုယုက တို့ ပဲခူးက ဟုတ်လား"

"ဟုတ်ပြီ၊ ကိုယုက တက္ကသိုလ် သတင်းထောက် ပီသတယ်၊ သူက မာလာကို အမြဲလာတယ်လေ။ သူ့အချစ်က အပေါ်ထပ်က မြင့်"

"အေး … တို့ သိပါတယ်။ ကိုယုက ပြောတယ်။ မာလာကို ညနေ တိုင်း ရောက်တယ်တဲ့။ ညနေ (၆) နာရီထိုးလို့ မောင်စိန် ခေါင်းလောင်းတီးမှ ပြန်တာတဲ့။ ခွေးတစီစီနဲ့ ဆိုပဲ"





"အေးဟဲ့ … တို့ မာလာက ခွေးတွေက အဲလိုပဲ။ ညှိသည်တွေ ပြန် ရင် နောက်က လိုက်ပြီး 'အူ' ကြတယ်။ နှုတ်ဆက်တာ နေမှာပါ"

နှစ်ယောက်သား ရယ်ဖြစ်ကြသည်။

နှင်းက မောင်ကိုယု မျက်နှာ ပြုံးဖြီးဖြီးကြီးကိုလည်း မြင်ယောင်လိုက် မိသည်။

"ကိုယ့်ကို ခေတ်ပုံပြ"

ခင်လှမြင့်က ဖျတ်ခနဲ ပြော၏။

နှင်းက စာအုပ်စင်ပေါ်မှ 'အယ်လ်ဘမ်' အသေးလေးကို အလွယ်တကူ သွမ်းယူလိုက်ပြီး စာမျက်နှာ တစ်ခုကို လှန်၍ ပြလိုက်သည်။

"အဲ … မဆိုးပါဘူး၊ ဆံပင်က လှိုင်းတွန့်တွန့်နဲ့၊ နှုတ်ခမ်းကလည်း ပိရိရိပဲ။ နှင်းနဲ့ လိုက်ပါတယ်"

"လိုက်မနေနဲ့၊ အခု ကွဲသွားပြီ"

"ဟယ် …"

ခင်လှမြင့် အိပ်ရာမှ ဝုန်းဆို ထထိုင်သည်။

နှင်းက အောက်နှုတ်ခမ်းများကို အပေါ်သွားဖြင့် ဖိရင်း …

"စရိုက်မတူရင် ကြာရှည်မခံဘူး သူငယ်ချင်း၊ နောက်ပြီး …"

"နောက်ပြီး … ဘာဖြစ်လဲ"

"ကိုယ် သူ့ကို မချစ်ဘူး"

"ဟင် … ဒါဖြင့် ဘာလို့ တွဲခဲ့တာလဲ"

"ကိုယ့်ဟာကိုလည်း စဉ်းစားပါတယ်။ ပထမတော့ သူချစ်တာကို လက် ခံလိုက်တာပါ။ နောက်မှ သူ့ကို ခွင့်မလွှတ်နိုင်တာတွေ တွေ့လာတယ်။ နောက်ပြီး သူ့ကို လက်ခံလိုက်တဲ့ အချိန်ဟာ နွေတွန်းက အစ်ကိုအောင်နဲ့ ခွဲခဲ့တဲ့ အချိန်ပဲ။ အစ်ကိုအောင့် ရည်းစားဆိုတာကို မြင်လိုက်ရပြီး ကိုယ် ဘယ်လို ဖြစ်သွားမှန်း မသိဘူး။ အိမ်ပြန်ရောက်တော့ အောင်ခိုင့်ကို လက်ခံလိုက်ရော …"

"အခုကော … ကိုအောင်နိုင် နှင်းဆီ မလာဘူးလား"

"တစ်ခါတလေပဲ တွေ့ရတယ်။ သူ့ရည်းစားဆိုတာလည်း တခြားလူ တစ်ယောက်နဲ့ လက်ထပ်သွားပြီ"

"ဖြစ်မှဖြစ်ရလေ၊ သူလည်း ခံစားရမှာပေါ့"

"မသိပါဘူးဟာ၊ ကိုယ်လည်း အစ်ကိုအောင့်ကို သံယောဇဉ် ဖြစ်သေးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အေး … ဒါပေမယ့် .. တကယ် မပြတ်ဘူးဆိုတာ ကိုယ်သိတယ်။ နိုဝင်ဘာလကုန်းကလေ တို့ ကချင်ပြည်နယ် ကျောင်းသားအသင်း ပစ်ကနစ် ထွက်တော့ တနင်္ဂနွေနေ့ပေါ့။ အောင်နိုင်နဲ့ မောနင်းရှိုး ကြည့်ဖို့ ချိန်းထားတယ်။ မနက်စောစော ပစ်ကနစ်ကားတွေဆီ ကိုယ်ခဏ သွားတယ်။ ကိုယ်က ဒီနှစ် အသင်းမှာ ဘဏ္ဍာရေးမှူးလေ။ ကိုယ် မလိုက်ဖြစ်တာ သွားပြောရတာပေါ့။ မန္တလေး ယောလ်ရှေ့ ကားတွေဆီ ရောက်တော့ ကိုယ် လိုက်မယ် ထင်ကြတယ်။ မလိုက်ဘူး ပြောတော့ ကိုကျော်သန်းတို့၊ မြမြရှိန်းတို့ အမှုဆောင်တွေကလည်း လိုက်ဖို့ ခေါ်တယ်။ နောက် အစ်ကိုအောင် ရောက်လာတယ်။ သူလည်း လိုက်မှာ ကိုယ်လေ အောင်နိုင်နဲ့ ချိန်းထားတာကို မျက်ကွယ် ပြုလိုက်တယ်။ ကားတွေနဲ့ ပါသွားရော''

''အေးပေါ့ … ဒါနဲ့ ပြဿနာ ဖြစ်တာလား''

''ပြဿနာက အတော်ကြီးတယ်။ ပြန်လာတော့ ကိုယ့်အခန်းသော့မှာ စာတစ်စောင်က ရောက်နှင့်နေပြီ။ အောင်နိုင့်စာ။ နှင်း … တဲ့၊ နင်လည်း နှင်း ပျော်သလို လုပ်သွားတယ်။ ငါလည်း ငါပျော်တဲ့ဆီ သွားပြီ။ D.C က ကြည့်ဖို့ ဝယ်ထားတဲ့ လက်မှတ်နှစ်စောင် ဆုတ်ဖြဲပြီး နင်တို့ မာလာရှေ့က ရေမြောင်းထဲ ပစ်ချလိုက်ပြီ … တဲ့''

''သနားပါတယ်ဟယ်။ နှင်းက လွန်တာပေါ့''

''ဟုတ်ပါတယ်။ နှင်း လွန်တယ်။ သူ ဆက်မှားတာက ည (၉) နာရီ လောက်ကြီးမှာ ဒရဝမ်ဘကြီးက ငါ့အခန်းကို အပြင်ဘက်နေ လာပြောတယ်။ မိန်းကလေး … မိန်းကလေး လူက အရက်တွေ မူးပြီး အဆောင်ဝင်းနံရံကို ကျော်တက်မယ် လုပ်နေတယ်တဲ့''

''ဘုရား … ဘုရား … မမြ မသိဘူးလား''

''နောက်ပိုင်း သိသွားတယ်၊ ဒရဝမ်က အဆောင်မှူးကို သွားတိုင်ရတာ''

''ဟင် … ရှက်စရာကြီးဟယ်၊ ကျောင်းသူတွေ ကဲ့ရဲ့မှာပေါ့''

''ကိုယ် ကံကောင်းပါတယ်။ အဲဒီနေ့က မယ်တက္ကသိုလ် ပြိုင်ပွဲမှာ တို့ မာလာက 'ခင်မြင့်မြင့်အေး' က မယ်ဘွဲ့ ရခဲ့တာလေ။ ပွဲမှာ သွားမကြည့် ရလို့ဆိုပြီး ဟိုမှာ ပြိုင်ပွဲ ဝင်ခဲ့တဲ့အတိုင်း ဒီက အပေါ်ထပ် အားကစားရုံမှာ ပြန် လုပ်ပြနေတာ။ တစ်ဆောင်လုံး တရုံးရုံးနဲ့ အဲဒီမှာ စုနေလို့ပေါ့။ အောင်နိုင် သောင်းကျန်းနေတာ ဘယ်သူမှ မသိလိုက်ကြဘူး''





''အေးဟယ် …''

ခင်လှမြင့်သည် အယ်လ်ဘမ်ထဲမှ အောင်နိုင့်ပုံကို အတန်ကြာ ငေးကြည့်နေလေသည်။

နှင်းနိုင်လွင်က ကော်ဖီ ထဖျော်သည်။

မုန့်တော့ မရှိဘူး ဆိုမှ ခင်လှမြင့်က ပဲခူး ကောက်ညှင်းထုပ်တွေ ပါတယ်လေ ဆိုပြီး သူ့အထုပ်ကို ဖြေ၏။

ပြင်သစ် ကော်ဖီမှုန့်နှင့် ကုလားမခြင်းတောင်းဆွဲ နို့ဆီချည်း ဖျော်ထားသော နှင်း ကော်ဖီက မွှေးနေသည်။ နှစ်ယောက်သား စကား မပြောဘဲ ကော်ဖီ ငုံ့သောက်ဖြစ်၏။ ကောက်ညှင်းထုပ်က ပဲနိုင်းချင်းမို့ မစားရတာ ကြာပြီဆိုပြီး နှင်းနိုင်လွင် နှစ်ထုပ်တိတိ စားဖြစ်သည်။

''နင့်ကို ကြည့်ရတာ စိတ်မညစ်သလိုပဲ''

ကောက်ညှင်းထုပ်ကို အားရပါးရ စားနေပုံကြောင့် ခင်လှမြင့်က ပြောသည်။

''ကိုယ်လား … စိတ်ညစ်ဖို့ အချိန် မရဘူးလေ။ ကိုယ့်ဘဝက မင်းတို့လို စိတ်အေးလက်အေးမှ မဟုတ်တာ။ နည်းနည်းမှ တိမ်းစောင်းလို့ မဖြစ်ဘူး။ ခင်းတို့က ပထမနှစ် ကျတယ်ဆိုပြီး ကျောင်းဆက်မတက်ဘဲ အိမ်မှာ ဇိမ်နဲ့ နေနိုင်ကြတယ်။ ကိုယ်က ကျရင် ရွှေကူပြန်ပြီး ဂျေအေတီ ပြန်လုပ်ရမှာ။ တပည့်တွေက ဆရာမ စာမေးပွဲ မအောင်ဘဲ ပြန်လာတယ်ဆိုပြီး ဘယ်လေးစားတော့မလဲ။ ပြီး ကိုယ့်မိသားစုအတွက် ကိုယ်ရာထူးတက်ဖို့လည်း လိုတယ်လေ။ အိမ်မှာ မမလေးရယ်၊ ညီမလေးရယ်၊ မောင်လေးရယ်ပဲ ကျန်ရစ်တာ။ အားလုံးက ကိုယ့်ကိုပဲ မှီခိုနေကြတာ။ အခု အင်တာအေ အောင်ပြီး ကျောင်းတော့ ဆက်တက်ရပါရဲ့။ အင်တာဘီ မအောင်ဘဲ ပြန်ရင်လည်း ဂျေအေတီပဲ ပြန်လုပ်ရမှာ။ ဒီတော့ ကိုယ့်အတွက် ဒီနှစ် စာမေးပွဲလည်း ဘယ်နည်းနဲ့မှ အကျ မခံနိုင်ဘူး''

နှင်းနိုင်လွင်က အရှည်ကြီး ရှင်းပြဖြစ်၏။

သိပြီးသား ဆိုပေမယ့် ခင်လှမြင့်က စာနာစိတ်ဖြင့် နားထောင်သည်။

''တိုင်းရင်းမေထဲမှာတော့ ဝတ္ထုလေးတွေ တွေ့သားပဲ''

ခင်လှမြင့် ပြောတော့ နှင်းနိုင်လွင် ခေါင်းညိတ်ရင်း …

''ဝတ္ထုတွေက သွားရင်း လာရင်း ခေါင်းထဲ ဝင်နေတာကို အသာလေး ရေးချလိုက်ရုံပဲ၊ ဒါနဲ့ ကိုယ် ပြဿနာ ဖြစ်သေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



နှင်းခိုင်လွင် နေရာပြင်ထိုင်သည်။

ခင်လှမြင့်က မျက်နှာ သည်ဘက် လှည့်လာ၏။

“ငိုတောင် ငိုရတယ်။ အစ်ကိုအောင့်ကို ငိုပြီး တိုင်ခဲ့ရတယ်”

အစ်ကိုအောင်ဆိုသော အသံက တစ်မျိုးလေးဟု ခင်လှမြင့် နားလည်သည်။

“ဖြစ်ပုံက မင်းလည်း ဖတ်မိမှာပေါ့။ တိုင်းရင်းမေထဲမှာ ရေးခဲ့တဲ့ဟာ။ ပျံလေဦး ငှက်ဖင်ယော် ဆိုတဲ့ ဝတ္ထုလေ။ မိဝေကို ရေးတာ”

“ဪ … တို့နဲ့ ရတနာတုန်းက နေခဲ့တဲ့ မိဝေ”

“အေးလေ … သူလည်း တိုင်းရင်းမေမှာ ဝတ္ထုတွေ အတော်ပါနေပြီပဲ။ အဲဒါ သူက မင်းလည်း သိသားပဲ။ မျက်နှာများတာ လွန်နေတာ။ ကိုယ့် သူငယ်ချင်း မြင့်ခင် ရှိပါရော၊ သူ့ရည်းစားက အင်ဂျင်နီယာကျောင်းက ဖေသိန်း။ အစ်ကိုအောင်တို့နဲ့ အတန်းတူတယ်။ တစ်ရက် မြင့်ခင်က မိဝေဆီက အပြန် မိုးရွာလို့ ထီးငှားဆောင်းခဲ့သတဲ့။ နောက်ရက် ထီးပြန်ပို့ဖို့ ဖေသိန်းနဲ့ ပို့ခိုင်းလိုက်တာ။ ဖေသိန်းနဲ့ မိဝေ ရည်းစား ဖြစ်သွားရော …”

“ဟယ် … လွန်တာပေါ့”

“အဲတော့ မြင့်ခင်က ကိုယ့်ကို ဝတ္ထုရေးခိုင်းတယ်။ ထီးကို မုန်းသည် … ဆိုပြီး ရေးစမ်းပါတဲ့”

“အေး … အဲဒါနဲ့”

“နောက် သူ ဘယ်လောက်ဆိုးသလဲ ဆိုတော့ လူတစ်ယောက်နဲ့ စကားပြောတယ်ဆိုပါတော့ … သူက ဟင်းမချက်တတ်ဘူးလို့ ပြောတယ်။ ဟိုလူက ဘဲဥတော့ ပြုတ်တတ်မှာပေါ့လို့ ပြောတာကို ရှင်က ဘဲဥပြုတ် တစ်မည်တည်းနဲ့ စားနိုင်လို့လားလို့ ပြန်ပြောသတဲ့။ ရေတောင် မလာသေးဘူး။ မြောင်းကို ဖောက်တာ”

“နင်က အဲဒါတွေ ထည့်ရေးရော ငါဖတ်ရတယ်”

“အေးလေ … အဲဒီ ဝတ္ထုလည်း ပါလာရော၊ ကိုယ် အတန်းတက်ပြီး ပြန်လာတော့ အခန်းတံခါးသော့မှာ စာအိတ်တွေ တစ်ထပ်ကြီးပဲ။ အစောင် ၂၀ လောက် ရှိတယ်။ လက်ရေးတွေက အမျိုးမျိုး။ ထူးခြားတာက အားလုံးဟာ ကိုယ် မိဝေကို ရေးတာကို ပြန်ပြီး ရှုတ်ချကြတာ။ ခင်ဗျားက ဘယ်လောက် တော်လို့လဲ စသဖြင့် … မကြားဝံ့ မနာသာတွေလည်း ပါတယ်။ မကောင်းတဲ့





ဓာတ်ပုံတွေတောင် ပါသေးတယ်”

“ဟယ် … အဲလောက်တောင်”

“ကိုယ်လည်း စာတွေ ဖတ်ပြီး ငိုတာပဲ။ ကိုယ်က စေတနာနဲ့ ရေးတာလေ၊ မိဝေကို အပုပ်ချချင်လို့ မဟုတ်ပါဘူး။ နောက်နေ့ အစ်ကိုအောင် လာတော့ စာတွေ အားလုံး ပြလိုက်တယ်။ ကောင်းကောင်း ငိုပစ်လိုက်တယ်”

“ဓာတ်ပုံကော ပြလိုက်လား”

“ပြတာပေါ့”

“ဟယ် … နင်း မရှက်ဘူးလား”

“မသိဘူးကွာ၊ ရှက်လွန်းလို့ ငိုတာပေါ့”

“ကိုအောင်နိုင်က ဘာပြောလဲ”

“ရယ်နေတယ်”

“ဟင် … သူများ ငိုတဲ့ဟာကို”

“ဟုတ်တယ်။ သူက ကိုယ့်ကို ကလေးတစ်ယောက်ကို ကြည့်သလို ကြည့်ပြီး ရယ်တာ။ ပြီးတော့ သူ ပြောတယ်။ နှင်း မှားတာတဲ့။ နှင်းက သူ့ကို တိုက်ရိုက်ကြီး ရေးတာကိုးတဲ့။ ဘဲဥပြုတ်ကိုတောင် ဘဲဥကြော်လို့ ပြောင်းမရေးဘဲတဲ့။ ဒီတော့မှ ကိုယ်လည်း လိုက်ပြီး ရယ်ရတယ်”

“စာတွေက လိပ်စာပါလား”

“ဘယ်ပါမလဲ။ နောက်ပြီး ယောက်ျားနာမည်တွေချည်းပဲ။ တစ်ပြိုင်နက် စုပြီး လာတာဆိုတော့ ဘယ်ကလာတဲ့ မြှားလဲဆိုတာ သိသာပါတယ်”

“မိဝေက သူ့တပ်အင်အားကို ပြလိုက်တာ နေမှာပေါ့”

ခင်လှမြင့် စကားကြောင့် နှင်းခိုင်လွင် တဟားဟား ရယ်ဖြစ်သည်။

“အေးကွဲ့၊ ပြဿနာဆိုတာ အဲလို ရယ်လိုက်တော့လည်း ပြီးသွားတာပဲ နော်။ ကိုယ်လည်း အကြီးအကျယ် ပညာ ရလိုက်ပါတယ်။ အစ်ကိုအောင်က သူသာ စာမရေးတာ၊ ကိုယ့်စာတွေကိုတော့ ဝေဖန်တတ်ပါတယ်။ သူ ထောက်ပြလို့ ကိုယ်လည်း ကိုယ့်အမှားဆိုပြီး မိဝေကို ရန်တုံ့မပြန်တော့ပါဘူး။ နို့ပြီး … မိဝေက ကိုယ်နဲ့ အတန်းလည်း မတူတော့ဘူးလေ။ သူ စာမေးပွဲ ကျလို့ ‘ရီပီတာ’ အဖြစ် ဘီအိုစီ ကောလိပ်မှာဆိုတော့ တစ်ခါမှလည်း မဆုံတော့ပါဘူး”

“ဒါနဲ့ နှင်းနဲ့ အောင်ခိုင် ကွဲသွားတာ ကိုအောင်နိုင် သိလား”

“သိတယ်။ ကိုယ် ဘာဖြစ်ဖြစ် သူ့ကို ပြောပြတာ”



www.burmeseclassic.com

www.burmeseclassic.com



"နှင်း … ကိုအောင်နိုင်ကို …"

"မပြောပါနဲ့ သူငယ်ချင်းရယ်၊ အစ်ကိုအောင်က နှင်းကို မချစ်ပါဘူး"

"ညီမလေးရယ် … စိုးရိမ်မိတယ်"

"အဲလိုပဲလား မသိဘူး။ သံယောဇဉ် ကြီးတာတော့ သေချာတယ်။ ပြောရဦးမယ်။ ဩဂုတ်စ်တုန်းက ထင်တယ်။ မိုးတွေ ရွာနေတာ အမှတ်ရတယ်။ အစ်ကိုအောင်က နိုင်ငံခြားက ယဉ်ကျေးမှု ဖလှယ်ရေးအဖွဲ့တစ်ဖွဲ့နဲ့ ခရီးခံရှိ ရှိတယ်။ နှင်းကို တက္ကသိုလ်ကျောင်းသူ စာရေးဆရာမအဖြစ် တက်စေချင်တယ်တဲ့။ သူ လာခေါ်မယ်ဆိုပြီး ချိန်းတယ်။ ခင်လှမြင့်ရယ် … နှင်းက မလိုက်ချင်ဘဲ ရှိမလား။ ဒါပေမယ့် … ဒါပေမယ့် … ကိုယ့်မှာ ပွဲတက်ဝတ်စုံမှ မရှိတာ။ ပိုးဖဲကတ္တီပါ … ပဝါ … ဖိနပ် … ဘာမှ မရှိဘူးလေ။ တစ်လလုံး အိတ်ဆောင်ငွေ ၃၅/-နဲ့ နေရတာ။ ဝတ်စုံ ဘယ်လို ဝယ်မလဲ။ ကိုယ် တစ်နေ့လုံး စဉ်းစားတယ်။ အရမ်းလည်း ငိုချင်နေတယ်။ ညနေ သူလာခေါ်တော့ ကိုယ်လေ …"

နှင်းခိုင်လွင်က လက်ကိုင်ပဝါ လှမ်းယူပြီး မျက်စိကို တို့သည်။

ခင်လှမြင့်က ဘာမျှ မပြောဘဲ နားထောင်သည်။

"ကိုယ် မလိုက်ရဲဘူး သူငယ်ချင်း၊ သူလည်း ကိုယ့်ကြောင့် မျက်နှာငယ်လိမ့်မယ်၊ ဒါနဲ့ ကိုယ်လေ … နားထင်ကို ပရုတ်ဆီတွေလူးပြီး …"

"ဟယ် … ဖြစ်မှ ဖြစ်ရလေ"

"ပရုပ်ဆီတွေ လူးပြီး အစ်ကို့ကို ထွက်တွေ့တယ်။ ကိုယ့်ကို မြင်တော့ ဟင် … ညီမ နေမကောင်းဘူးလားတဲ့။ ဟုတ်ကဲ့ … အစ်ကိုလို့ပဲ ပြောနိုင်တယ်။ စကားတွေ လည်းပင်းမှာ ဆို့နေတယ်။ သူ စိတ်မကောင်း ဖြစ်သွားရှာတယ်။ အမှန်အတိုင်းများ သိရင် ပိုပြီး စိတ်မကောင်း ဖြစ်ရှာမှာ။ သူကတော့ မန္တလေးမြောက်ပြင် လုံချည်နဲ့၊ အယ်လ်ပတ်ကား တိုက်ပုံအင်္ကျီနဲ့ ကတ္တီပါဖိနပ်နဲ့ သားသားနားနားကြီးရယ်"

စကား မဆက်ဖြစ်ကြ။

နှင်းက မျက်ရည်တွေကို မျက်တောင်ခတ်ပြီး ခန်းခြောက်အောင် လုပ်နေသည်။ ခင်လှမြင့်က သက်ပြင်း ချလိုက်ပြီးမှ …

"တို့အားလုံး ရှိနေရင် နှင်း အားငယ်မှာ မဟုတ်ဘူး" ဟု ဆိုသည်။

နှင်းခိုင်လွင်က ဘာမှ ပြန်မပြော။

'ဒါပေမယ့် ကိုယ် စာမေးပွဲ မကျအောင်တော့ လုပ်နေတယ်' ဟု ပြောမည်





စိတ်ကူးပြီးမှ မပြောဖြစ်။

"ဒါနဲ့ မာဂရက်သိန်းမောင်တို့ ရှိတယ် ဟုတ်လား"

ခင်လှမြင့်က မေးသည်။

"ရှိတယ်။ ကိုယ်နဲ့ တစ်ခန်းကျော်မှာ။ ဒါပေမယ့် … သိပ်မတွဲဖြစ်ဘူးလေ။ အပေါ်ထပ်က ဇန်းမော်သူတွေနဲ့ သွားအဖော်လုပ်ရတယ်"

"ဒါနဲ့ နှင်တို့ ကျောင်းသားပွဲတော်မှာ ဘာတာဝန် ယူထားလဲ"

အရေးကြီးသော မေးခွန်း ဖြစ်၏။

ခင်လှမြင့်ကား ပဲခူးမှာ နေသော်လည်း ကျောင်းတော်ကြီးကို နားစွင့်သူပဲ။

"အဲဒီကိစ္စလည်း ကိုယ် ပြောစရာ ရှိတယ်။ ဆရာ ဦးငွေအောင်က နှင်းခိုင်လွင် နိုင်ငံရေး မလုပ်နဲ့လို့ မနှစ်တုန်းကတည်းက တားထားတာ။ ကိုယ်က ကချင်ပြည်နယ် ပညာရေးဌာနရဲ့ ပညာတော်သင် ဆိုတော့ တစ်နည်းအားဖြင့် အစိုးရ အမှုထမ်းပေါ့။ အစိုးရ ဆန့်ကျင်တဲ့အလုပ် လုပ်လို့ မဖြစ်ဘူးတဲ့"

"တကသဟာ အမြဲတမ်း အစိုးရ ဆန့်ကျင်နေလို့လား"

"အဲဒါတွေ ကိုယ် နားမလည်ပါဘူး သူငယ်ချင်းရာ။ မြင့်မြင့်တို့၊ မခင်အေးတို့လို တကသ အစည်းအဝေးတွေနဲ့ အချိန် မကုန်ဖို့တော့ သတိထားရမယ်ပေါ့။ အခု မင်းမေးတဲ့ ကျောင်းသားပွဲတော် ကိစ္စမှာ တကသရဲ့ တိုက်ရိုက်တာဝန် မဟုတ်ပေမယ့် မာလာ အက်စ်အင်န်အာရဲ့ လှုပ်ရှားမှုတစ်ခုဖြစ်တဲ့ ဖျော်ဖြေရေးမှာတော့ ကိုယ်ပါရမယ်"

"နှင်က အဆိုအက ပိုးရှိတာပဲ"

"အေး မှန်တယ်၊ နိုင်ငံရေးလုပ်တာ မဟုတ်ဘူး။ ဖျော်ဖြေရေး လုပ်မှာ"

"ငါ လာကြည့်ချင်လိုက်တာ"

"လာခဲ့ပါလား၊ ဒီဇင်ဘာထဲမှာ တစ်ပတ်လုံးလုံးပဲ။ နောက်ဆုံးပတ်ပေါ့"

"ပြောတတ်သေးပါဘူးဟယ်"

ခင်လှမြင့် အိပ်ရာမှ ထသည်။

"ငါပြန်မယ်ဟယ် အခု ၁၀၈ လမ်းမှာ တည်းတယ်"

"အေးပါဟယ် … ကိုယ် မှတ်တိုင်အထိ လိုက်ခဲ့မယ်"

သူငယ်ချင်း နှစ်ယောက် အခန်းတံခါး သော့ခတ်ပြီး အပြင်ဘက် ထွက်လာခဲ့ကြသည်။ မြေညီထပ် အလယ်ပေါက်သို့ မသွားဘဲ ဘေးဘက် လှေခါးပေါက်က ထွက်ရန် စိတ်ကူးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ …

လှဝင်ပေါက်အဝ အုတ်ခုံပေါ်မှာ …

ခင်မာအေးက မျက်ရည်တွေနဲ့ …

မစိန်အေးက လက်သီးလက်မောင်း တန်းလို့။

"ဘာဖြစ်ကြလို့ပါလိမ့်"

ခင်လှမြင့်က အနောက်ဘက် တို့ဆိုင်းသွားသည်။

နှင်းခိုင်လွင်က ခင်မာအေးနား ကပ်သွားသည်။

"ကျောင်းသားတွေ သွေးမြေကျပြီ။ ဟောဒီမှာကြည့်"

ခင်မာအေးက လက်ထဲမှ လက်ကိုင်ပဝါလေးကို ဖြန့်၍ ပြလေသည်။

ဟုတ်သည်။ လက်ကိုင်ပဝါမှာ သွေးကွက်များ။

ဘာဖြစ်ကြတာလဲဟု ဖွင့်မမေးရဲချေ။

မတ်တတ်ရပ်လျက် ရှိသော မစိန်အေးက လက်သီးဆုပ်ကို မြှောက်ပြရင်း …

"အမေရိကန် နယ်ချဲ့၊ အပြတ် နှင်ထုတ်ရမယ်။ တရုတ်ဖြူ ကျူးကျော်ရေး စစ်ပွဲ ချက်ချင်း ရပ်ပစ်ရမယ်"

ဟု အော်လေသည်။

ခင်မာအေးက နှင်းခိုင်လွင်၏ မအူမလည် မျက်နှာကို ကြည့်ပြီး …

"ဒီနေ့ အမေရိကန် သံရုံးရှေ့မှာ တက္ကသိုလ် ကျောင်းသားတွေ စစ်ဆန့်ကျင်ရေး ဆန္ဒပြတယ်။ ဒါကို ဖဆပလရဲ့ လက်ကိုင်တုတ်တွေက မျက်ရည်ယိုဗုံးနဲ့ လူစုခွဲကာ အခု ရဲဘော်သုံးယောက် ဒဏ်ရာ ရလာတယ်"

သည်တော့မှ အနည်းငယ် သဘောပေါက်သွားသည်။

ခင်လှမြင့်ကို လက်တို့ပြီး ဝင်းခြံဝသို့ သွားကြ၏။

"အဲဒါတွေ တို့ နားမလည်ဘူး။ အမေရိကန်က တိုက်တာ ငါတို့က ဘယ်လိုလုပ်ပြီး …"

နှင်းခိုင်လွင်ကို ခင်လှမြင့်က လက်ကုတ်သည်။

"နင်ကလည်းဟာ ဒါဟာ ကျူးကျော်စစ်၊ နယ်ချဲ့စစ်။ အရင်တုန်းက အင်္ဂလိပ်က နယ်ချဲ့တယ်။ အရှေ့တောင် အာရှ တစ်ခုလုံးကို မတရား သိမ်းပိုက်တယ်။ အခု အမေရိကန်က ကျူးကျော်ပြန်ပြီ။ သခင်ကိုယ်တော်မှိုင်းက ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့် တက်ခဲ့တာ"





"မိလှမြင့်၊ နင်ပဲ တကသ ဥက္ကဋ္ဌ လုပ်ဖို့ ကောင်းတယ်"

နှင်းခိုင်လွင့် စကားကို ခင်လှမြင့်က မရယ်ချေ။

"မင်းတို့ ပဲခူးသားတွေ နိုင်ငံရေး နီးကြားကြတယ်နော်။ ကိုယုလည်း အရမ်း ပြောတာပဲ။ တို့ကတော့ အဲသလောက် …"

"ရပါတယ်။ နင်း … ကျောင်းသားပွဲတော်မှာ ဖျော်ဖြေရေးထဲ ပါမယ် ဆိုရင် ကိုယ် ကျေနပ်ပါတယ်။ သံပြိုင်စုပေါင်းသီချင်းက 'စစ်ကို မလိုပါ၊ စစ်ကို မလိုပါ၊ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးသာ ပေးပါ ပေးကြပါ' ဆိုတဲ့ သီချင်း တင်ဆက်မယ်လို့ ကြားတယ်"

"ဟာ … မိလှမြင့်၊ ပဲခူးမှာနေပြီး မာလာက ငါ့ထက် သိနေပါလား"

"ပြောပြီးပြီလေ။ တို့ ပဲခူးက နိုင်ငံရေး နီးကြားတယ်။ တိုင်းချစ် ပြည်ချစ် စိတ် ခိုင်မာတယ်။ တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲမှာ ပဲခူးတိုင်း ကန်တဲ့နေ့ဆို လော်ရီကားတွေနဲ့ ဆင်းကြတာ"

"လေးစားပါတယ်"

"ကဲ … တို့ ပြန်မယ်။ နဂါးကားသုံးစီးရှိပြီ မတက်ဖြစ်တာ။ ပွဲတော် ရက်ကျရင် တစ်ညအိပ် ဖြစ်ဖြစ် ကိုယ် လာဖြစ်မှာပါ"

ရပ်လာသော နဂါးကားပေါ်သို့ ခင်လှမြင့် ပြေးတက်၏။

နှင်းခိုင်လွင်က လက်ပြရင်း လွမ်းကျန်ရစ်လေသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

# (၃၀)

## နှစ်လေးဆယ် ကျောင်းသားပွဲတော်

"စစ်ကို မလိုပါ၊ စစ်ကို မလိုပါ၊ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးကို ပေးပါ ... ပေးကြပါ ..."

ကျောင်းသူအဆောင်တွေရော ကျောင်းသားအဆောင်တွေမှာပါ အထက်ပါ တေးသံက ညံနေခဲ့လေပြီ။

အင်းလျားကန်တစ်ဝိုက်၊ နှင်းငွေ့ဝေဝေထဲမှာ ...

အဓိပတိလမ်းတစ်လျှောက် ... ရေတမာပင်တန်းမှာ ...

သစ်ပုပ်ပင်ကြီး၏ ခြေတော်ရင်းမှာ ...

အို ...

နေရာတကာဟုပဲ ဆိုကြပါစို့။

သည်တေးသံက ညံမစဲ ဖြစ်နေလေသည်။

တစ်ခါမျှ တေးမဆိုဖူးသူတွေပင် ရေချိုးခန်းအသွား စင်္ကြံမှာ ဤတေးသွား အလိုက်ကို လေချွန်သွားတတ်ကြသည်။

ဒါ့အပြင် ...

အာကာကို လွှာပုံပြုပါလို့

မေရုကိုတဲ့ စုတ်တံချီ၊

သမုဒ်မင်ရည်ဖျော်လို့၊

ချစ်တာတွေ စာစီကုံးရရင် ...

ဆိုသော အချစ်ပွဲ ဂန္တဝင်မြောက် ကဗျာနေရာမှာ ချစ်သူစုံတွဲတွေ ရွှေးရွေး၍ ခံတွင်း တွေ့နေသော သီချင်းပင် ဖြစ်ခဲ့ပြီ။

သြော် ... ငြိမ်းချမ်းရေး ... ဆိုပါလား။





ငြိမ်းချမ်းရေးဟာ ဘယ်လောက် အရေးကြီးကြောင်း ဤရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီးက အရပ်ဆယ်မျက်နှာသို့ သတင်းလွှာ တင်လွှင့်နေပြီ။ အားလုံးသော ကျောင်းသူ ကျောင်းသားတို့ ပါးစပ်များတွင် ကျောင်းသင်ခန်းစာများအစား ဤငြိမ်းချမ်းရေးတေးကို ရွတ်ဆိုကျက်မှတ်နေကြခြင်းက သတင်းလွှာ၏ ဆီရောက်မှုကို သက်သေပြနေပေပြီ။

ကျောင်းသားဆိုတာ နိုင်ငံရဲ့ အနာဂတ် ဖြစ်တယ်။ ကျောင်းသားတွေရဲ့ ခန်းတိုင်ဟာ တိုင်းပြည်ရဲ့ ဖန်းတိုင် ဖြစ်တယ်။ အနာဂတ်တိုင်းပြည် ကောင်းဖို့ ကျောင်းသားတွေရဲ့တာဝန် ဖြစ်တယ်။

နံရံတွေပေါ်က ပိုစတာတွေမှာ ကြွေးကြော်သံများကို နေရာအနှံ့ တွေ့နေရသည်။

နှစ်လေးဆယ်မှာ တို့နဲ့ ကြုံရတာ ဒုလ္လဘပေါ့ ... ဆိုသော ပိုစတာကို သည်း ကျောင်းသူတွေက အလွတ် ရသွားကြပြီ။ ကျောင်းသား အများစု အတန်း တက်နိုင်ကြခြင်းအတွက် ဘယ်ဌာနကမှ အရေးမယူပေ။ တက္ကသိုလ်ဆရာ ဆိုတာလည်း တက္ကသိုလ်ကျောင်းသားက ဖြစ်လာတာပဲလေ။

ပြပွဲ ပြိုင်ပွဲ ကျင်းပရေး ကော်မတီ၊

စာတမ်းပြုစုရေး ကော်မတီ၊

ဟောပြောပွဲ ကျင်းပရေး ကော်မတီ၊

ဗဟို အခမ်းအနား ကျင်းပရေး ကော်မတီ၊

မဟာဌာနများ အသီးသီးသို့ လှူဆော်ရေး ကော်မတီ၊

ဖျော်ဖြေရေး ကော်မတီ၊

မှတ်တမ်းပြုစုရေး ကော်မတီ၊

မဂ္ဂဇင်း ထုတ်ဝေရေး ကော်မတီ ...

စသည့် ... စသည့် များပြားလှသော လုပ်ငန်းများအတွက် တာဝန်တွေက များပြားလှသည်မို့ ကျောင်းတက်ဖို့ ခဏ မေ့ထားကြရသည်။ ဒီဇင်ဘာလ ဆိုတော့လည်း စာကျက်ချိန် သုံးလ ရှိသေးသဖြင့် ဖြေသာသည်။

မှန်သည်။

၁၉၆၀ ဒီဇင်ဘာလ။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ဒီဇင်ဘာလက စတင် တည်ထောင်ခဲ့သည် ဆိုတော့ ၁၉၆၀ ဒီဇင်ဘာသည် အတိအကျ နှစ်လေးဆယ်ပေါ့။

မနှစ်က ကျောင်းထွက်သွားသူများ၊ နောက်နှစ်မှ ကျောင်းတက်မည့်



www.burmeseclassic.com

www.burmeseclassic.com



သူများသည် ဤပွဲတော်နှင့် လွဲရသည့်အတွက် ဖြေစရာ မရှိနိုင်။

ပွဲရက်က နီးလာပြီ။

ပြင်ဆင်ရတာတွေက ပြည့်စုံပြီ မရှိ။

တကသ အပေါ်ထပ်မှာ အစည်းအဝေးတွေ ဆက်တိုက် ရှိနေသလို အစည်း အဝေး ပြီးတာနှင့် စန္ဒရားသံ၊ ဗုံသံတွေ ကြားနေရသည်။ မောင်လင်းယုန် (ရှမ်းပြည်) တို့က ၁၃၀၀ ပြည့် အရေးတော်ပုံ သရုပ်ဖော်ကြမည်။ နောက်ဆုံး အလံကိုင်ရမည်။ လဲမကျအောင် တောင့်ထားရမည့် လူက မောင်သိန်းတန်ပါ။ သူ့နောက်မှာ ခင်ဇေ အေးတို့၊ မစိန်မြင့်တို့ နောက်ပြီး အင်းလျားက သိပ္ပံကျောင်းသူတွေ တတန်းကြီး ပါကြမည်။ ၁၃၀၀ ပြည့် အရေးတော်ပုံ ဆိုသည်မှာ ရေနံမြေ အလုပ်သမားသပိတ် က စတင်ပြီး တစ်နိုင်ငံလုံး ကူးစက်ကာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ ကိုဗဟိန်းက 'မြင်းခွာ တစ်ချက်ပေါက်ရင် မြန်မာတစ်ပြည်လုံး မီးဟုန်းဟုန်း တောက်စေရမယ်' ဟူသော ရဲရဲတောက် မိန့်ခွန်းကို မမေ့နိုင် ဖြစ်ကြရသည့် အရေးတော်ပုံကြီးပေပဲ။ အလုပ်သမား လယ်သမား ပြည်သူအားလုံးနှင့် ကျောင်းသား များ တစ်ခဲနက် ပူးပေါင်းအုံကြွခဲ့မှုကား ဥဒါန်းတွင်ရစ်အောင် ကြီးမားခဲ့၏။

ဤမြင်ကွင်းကို မောင်လင်းယုန်တို့ သရုပ်ပေါ်အောင် ဖော်နိုင်ကြပါမည်လား။

လူအင်အားကတော့ ဇာတ်ရုံက စင်အပြည့် ရနိုင်ပါသည်။ အင်းလျား တွေ၊ သီရိသူတွေ၊ ရတနာ၊ မာလာ၊ ပြီးတော့ ပင်မတက္ကသိုလ်က ကျောင်းသား တွေ ...။

ဘာဇာတ်ဝင် အဝတ်အစားမှ မလို။

နဂိုအဝတ်နှင့် တက်ကြရုံသာ။

ဝါးလုံးကောင်းကောင်းနှင့် ဒေါင်းအလံ လှလှကြီးကိုကား မောင်သိန်းတန် က တာဝန်ယူသည်။ မောင်လင်းယုန်က 'အင်္ဂလိပ်နယ်ချဲ့' အဖြစ် သရုပ် ဆောင်မည်။ ဟုတ်တာပေါ့။ သူ့ ရုပ်ပုံကြီးက အင်္ဂလိပ်နှင့် တူသည်။ ဗြိတိသျှ အလံပါသော ဦးထုပ်ဆောင်းလိုက်လျှင် ပီပြင်သွားမည်။

နောက်ဆုံး နယ်ချဲ့ကို 'နင်းချေ' ခန်း ရောက်လျှင်တော့ မောင်လင်းယုန် ကို ဝိုင်းပြီး နှိပ်ကွပ်ကြဖို့ အားလုံး တက်ကြွနေကြလေသည်။

ဤဇာတ်ဝင်ခန်းမှာ ကြွေးကြော်သံ အော်ဖို့က မောင်သိန်းတန် ရှိပြီ။ နဂိုကမှ အာပေါင်အာရင်းသန်သန် နိုင်ငံရေးစကား ပြောရမည်ဆိုလျှင် ထမင်း ဟင်းမေ့သူ။ အခု သူ တက်ကြွနေတာ မဆန်းပေ။



အင်္ဂလိပ် အစိုးရက အရေးတော်ပုံကို နှိမ်နင်းဖို့ လက်နက်တွေ အသုံးပြု သည်ဖြစ်ရာ ပေါက်ကွဲသံတွေ မီးခိုးတွေ ဖန်တီးရမည်။ ဒါက ရုပ်ရှင်အတတ်ပညာ။ ပြဇာတ်အတတ်ပညာ။ အားလုံး သဘာဝကျဖို့ တကယ့် ပညာရှင်အစစ်များထံ ဆည်းကပ်ရလေသည်။ ငွေတော့ နည်းနည်း အကုန်ခံရမည်။

ဤအခန်း၏ အသက်ကား 'နောက်ခံတေး' တည်း။

တေးသရုပ်ဖော်ဟု အမည်ပေးကြလေသည်။

မြန်မာဆန်ဆန်တေးသွား မြန်မာသံစဉ် ဖြစ်ရမည်။

မြန်မာတူရိယာပစ္စည်းများ သုံးရမည်။

အရေးအကြီးဆုံးက သီဆိုမည့် တေးသံရှင် ...

ကျောင်းသူ ကျောင်းသားထဲကတော့ မရနိုင်။ မြန်မာ့အသံမှ ရေဒီယို အဆိုတော် သို့မဟုတ် ပညာရှင် ဇာတ်ပြားအဆိုတော် တစ်ဦးဦး ဖြစ်ရမည်။ အသံသဘောကို ဖော်ထုတ်နိုင်ရမည်။ နောက်ဆုံး အားလုံး သဘောကျသော အမျိုးသမီး အဆိုတော်ကို ရခဲ့ကြ၏။ ထိုအဆိုတော်က သုံးညလုံး သူ့ဟာသူ လာမည်။ အခကြေးငွေ လုံးဝမယူတဲ့။ ဒါဟာ တိုင်းပြည်တာဝန် ထမ်းဆောင်ခြင်း ပဲတဲ့။

Contribute လုပ်တာဟုပင် ပြောခဲ့သေးသည်။

သိန်းသန်းထွန်း၏ အတွဲအဟောင်း တစ်ခန်းရပ် ပြဇာတ်ကတော့ ခေတ်ကို သရော်ခြင်း ဖြစ်သည်။ သူက စိတ်ညစ်ပြီး သူ့ကိုသူ သေကြောင်းကြံသည်။ ဘယ်လို သေရရင် သက်သာမလဲ။ ကြိုးဆွဲတော့ မချရဲ။ မသေခင် လည်ပင်း အင်နေမှာ ကြောက်သည်။

ရေထဲ ခုန်ချရင်လည်း သူက ရေကူးတတ်သည်။ ပြီးတော့ သေပြီး ညှိ၍ အလောင်းပေါ်လျှင် ကိုယ်ပေါ်မှာ အဝတ်တွေ ရှိတော့မှာ မဟုတ်။ ရှက်စရာ။

အဆိပ်သောက်ရင်ကော ...

အဆိပ်ဆိုတာက ပူမှာပဲ။ မသေခင် ရင်ပူ၊ ဝမ်းဗိုက်ထဲမှာပူ၊ အူတွေပြတ် ကျရင် အတော်အခံရ ခက်လိမ့်မည်။

နောက်ဆုံး ရေနံဆီသောက်ဖို့ ဆုံးဖြတ်လိုက်၏။

ရေနံဆီလည်း မီးတောက်တာမို့ သတိလစ်သွားနိုင်သည်။ သတိလစ်သွား ပြီးနောက်ပိုင်း ဘာဖြစ်ဖြစ် အရေးမကြီးတော့ဘူးပေါ့။

သိန်းသန်းထွန်း ရေနံဆီ တစ်ပုလင်း ဝယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ကို အကျအန ပြင်ဆင်သည်။

အဝတ်အစားကို သေသေသပ်သပ် ဝတ်သည်။ ပြီးတော့မှ ...

ရေနံဆီ တစ်ပုလင်းလုံးကို ကုန်အောင် သောက်သည်။

အန်ချင်ပေမယ့် တင်းပြီး အောင့်ထားလိုက်ပြီးမှ ကဲ ... သေဖို့ အသင့်ဖြစ်ပြီဆိုပြီး ခုတင်ပေါ်မှာ ပက်လက်အိပ်၏။

ခဏကြာတော့ သူ ဘယ်ညာ စောင်းလှည့်သည်။

ဟင် ... ခုထိ မအိပ်ချင်သေးပါလား။

ဗိုက်ထဲမှာလည်း ဘယ်လိုမှ မနေပါလား။

သတိလစ်ဖို့လည်း အရိပ်အယောင် မရှိသေး။

သူ အမျိုးမျိုး လုပ်သည်။ သတိမလစ်။

နောက်ဆုံးမှ သူဝယ်လာသော ရေနံဆီက အနံ့လောက်သာပါသော ရေပုလင်း ဖြစ်နေမှန်း သိသွားကာ စိတ်ဆိုးပြီး သတိလစ်လဲကျသွားလေတော့၏။ ဤတွင် ကန့်လန့်ကာ ချသည်။ ဆိုင်းက ငိုချင်းဆိုင်း တီးပေးလေသည်။

"နှင်းရေ ... မမမြင့်တို့ မာလာက ငြိမ်းချမ်းရေး ဂျူဖြူယိမ်း ထွက်မယ် နှင်း ပါရမယ်နော်"

ဆိုသော စကားကို လာပြောသူကား မာလာ ဥက္ကဋ္ဌ မမြင့်မြင့်ပဲ။ နှင်းခိုင်လွင်က ဟန်ဆောင်ဖို့ သတိမရ။ ပါမယ် ပါပါမယ်ဟု မြန်မြန် ကတိပေးလိုက်သည်။ ဆိုရမယ် ကရမယ်ဆို ဘာပွဲမှ မငြင်း။

အကသင်ဖို့အတွက် ရုပ်ရှင်မင်းသမီးဟောင်း ဒေါ်မေသန်းအိမ် သွားရမည် ဆိုတော့ နှင်းခိုင်လွင် ဝမ်းသာလိုက်တာ။

"မေသန်း" ဆိုတာ အမေတို့ ခေတ်က အသည်းစွဲလေ။

'အေဝမ်းဖလင်းက မေသန်းကမြင်း' ဆိုသော စာချိုးပင် ရှိခဲ့၏။

'ဒေါ်မေသန်း တူရိယာအဖွဲ့' ဆိုပြီး မြန်မာ့အသံမှာ မဟာဂီတ သီချင်းများ လွှင့်နေဆဲလည်း ဖြစ်သည်။ ယခု မာလာဟောလ်က ဂျူဖြူယိမ်းကို ဒေါ်မေသန်း သင်ပေးမည်ဆိုခြင်းက အဆက်အစပ် ရှိ၏။ ရုပ်ရှင်မင်းသမီးကြီး ဒေါ်မေသန်းသည် ယခု ရန်ကုန်တက္ကသိုလ် သန်္ချာဋ္ဌာနမှ ပါမောက္ခ ဦးအောင်လှ၏ ဇနီးမို့ပါပဲ။

နှင်းခိုင်လွင်တို့ တစ်သိုက်ကို မြင့်မြင့်က ဦးဆောင်ပြီး ဒေါ်မေသန်းအိမ် ခေါ်သွားသည်။ ပါမောက္ခအိမ်မို့ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ ဧည့်ခန်းမှာ ခမ်းနားသော မဟော်ဂနီ ဂျာမနီလုပ် စန္ဒရားကြီး ရှိသည်။ စန္ဒရားဆရာလေး





ယ်ပါသည်။ သီချင်းချပေးသည်။ မခက်လှပါ။ ငြိမ်းချမ်းရေး ဟူသော စကားလုံးတွေ ထပ်ခါ ထပ်ခါနဲ့ပါပဲ။ အားလုံး ပြိုင်တူဆိုရင်း ကပြကြရန် ဖြစ်၏။ ဒေါ်မေသန်းကိုယ်တိုင် ကကွက်ပြသည်။

ထုံးစံအတိုင်း နှင်းခိုင်လွင်က ကြိုးစားသည်။ နှင်းခိုင်လွင် ကဟန်ကို ဒေါ်မေသန်း မျက်စိကျသည်။ သံပြိုင်ပိုဒ်က ဒိုးပတ်တီးလုံးထဲမှာ အဲဒီကလေးမလေး တစ်ယောက်တည်း ရှေ့ထွက်လာပါတဲ့။

နှင်းတို့ခြေ မြေမကျတော့ပြီ။

သည်လို ချေးပြန်အောင် ကခဲ့၍ ထင်ပါရဲ့။ မုံရွာက ကျော်နိုင်မြို့င်တို့ ချင်းတွင်း ဒိုးပတ်အဖွဲ့က ပြိုင်ပွဲမှာ ပထမရပြီး စင်တင်သောအခါ နှင်းခိုင်လွင် ကပေးပါဟု မေတ္တာရပ်ခံလေသည်။ နှင်းခိုင်လွင် ငြင်းဖို့ အခေးကြီး။

မာလာက ဂျူဖြူယိမ်း နာမည်ထွက်သလို ရတနာက တေးသရုပ်ဖော်ကလည်း အတော် သတင်းမွှေးပါသည်။

သတင်းအကြီးဆုံးကတော့ စန္ဒရားချစ်ဆွေနှင့် မြတ်လေးတို့ စီစဉ်သော ခင်မပြဇာတ်-ဇာတ်ကြီး 'ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေ' ပါ။

မြတ်လေးဆိုတာ ရုပ်ရှင်ထဲက ပုံအတိုင်းပါပဲ။

ဘောင်းဘီရှည် (အင်္ဂလိပ်ပုံ) နှင့် အင်္ကျီက ဟာဝေယံပုံနှင့်။ လက်ထဲမှာ စီးကရက်ကိုင်လို့။ အထူးသဖြင့် ဘိုကေက ဘယ်ဘက်ခွဲနှင့်။ စန္ဒရားကို ကျောခိုင်း ခြေထောက် တစ်ဖက်ပေါ်တစ်ဖက် ချိတ်လျက် စဉ်းစားနေပုံမှာ ရုပ်ရှင်ကားထဲကလိုပါပဲ။

စန္ဒရားခုံမှာက စန္ဒရားချစ်ဆွေ။

သူကလည်း ရုပ်ရှင်ပဒေသာ စာအုပ်ထဲက ဓာတ်ပုံလိုပင် ဟာဝေယံရှပ်အင်္ကျီ သက်တို ပန်းပွင့်တွေနှင့်။ မျက်မှန်ကော်ကိုင်း ထူထူကြီးနှင့်။ သူက ဘောင်းဘီနှင့်တော့ မဟုတ်။ အပြာကွက်ပုဆိုး ဝတ်ထားသည်။ ခေါင်းငုံ့ပြီး စန္ဒရား တီးနေပုံမှာ ဤကမ္ဘာမှာ သူတစ်ယောက်တည်း ရှိနေသလို။ စန္ဒရားပေါ်ကလွဲပြီး ဘယ်ကိုမှ သူ စိတ်ရောက်ပုံမရ။

'ဆံမြိတ်လည်းပြေ၊ ပန်းလည်းကြွေ' သီချင်းကို စန္ဒရားချစ်ဆွေကိုယ်တိုင် ဆိုတီးမည် ဖြစ်၏။ မြတ်လေးက ပြဇာတ် ဒါရိုက်တာ။ သူတို့ နှစ်ယောက်ကလည်း ထိုသူငယ်ချင်းများဟု သိရ၏။ မင်းနှင့်ငါနှင့် စကားပြောကြသည်။

ဇာတ်လမ်းက လွတ်လပ်ရေးရပြီး ခေတ်၏ ကျောရိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နေရှင်ကို တော်လှန် ပြစ်တင်သော ဇာတ်ပါ။ ရိုးသားသော ပြည်သူတွေအပေါ် အနိုင်ကျင့်လေ့ရှိသည့် နေရှင်စရိုက်ကို အပီအပြင် ခေဖန်ရန် ရည်ရွယ်သည်။ လုပယဉ်ကျေး၍ ရိုးသားသော တက္ကသိုလ်ကျောင်းသူလေးကို အတန်းကြီးကျောင်းသား သူဌေးသား လူရမ်းကားက ဖျက်ဆီးခြေမွသွားပုံ။ တင်စားချက်အရ မိန်းကလေးခမျာ ဆံမြိတ်လည်း ပြေခဲ့ရပြီ။ ပန်လာသော ပန်းတွေလည်း ကြွေလွင့်ခဲ့ရပြီ။ ဘဝပျက်ရပြီ။

ထုံးစံအတိုင်း မြတ်လေးက 'ဒိုင်ယာလော့မင်းသား'။ စန္ဒရားချစ်ခွေထားအဆွေးသီချင်းမှာ ဘုရင်။ သူတို့နှစ်ယောက် ပေါင်းပြီး စဉ်းစားခဲ့သည့် ဇာတ်ရှိပြောဖွယ် ရှိပါမည်လား။

မင်းသမီး မင်းသားကို ပြင်ပမှ ရုပ်ရှင်သရုပ်ဆောင်များ ခေါ်ဖို့ လားလားမှမစဉ်းစားချေ။ ကိုယ့်ကျောင်းမှာ ရှိသူထဲကပင် ရွေးပြီး ဒါရိုက်တာက သင်မည်ပေါ့။

မေဘယ်လ်ကိုကြီးဆိုတာ ပြည်မြို့ကပါ။

သူတို့က ရန်ကုန်တက္ကသိုလ်မှာ နာမည်ကြီးသည်။

နယ်လီကိုကြီး၊ မေဘယ်လ်ကိုကြီး၊ ဒေါ်လီကိုကြီးတဲ့။

နယ်လီက အကြီးဆုံး ဆိုပေမယ့် အတန်းငယ်သည်။ ထိုနှစ်မှာ နယ်လီက ထီးတန်းအောင်ခါစ ဒေါ်လီက ရန်ကင်းမှ အောင်လာသည်။ မေဘယ်လ်က ဆေးကောလိပ် ရောက်နေပြီ။

နယ်လီက ပြုံးလွှယ်ရယ်လွှယ်။ အစ်မကြီးပုံ။

ဒေါ်လီက ယောကျ်ားလေးနှယ် ပျော်ပျော်ပါးပါး။

မေဘယ်လ်ကတော့ တည်ကြည်သည်။ စကားနည်းသည်။

စာကြိုးစားရသော ဆေးကောလိပ် (ဒုတိယနှစ်) မို့ ပြဇာတ်မင်းသမီး လုပ်နိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ် တကာသက ရွေးသောသူပဲ။

မေဘယ်လ်က အမှုဆောင်ထဲ ပါသူမို့ တာဝန်အရ စင်ပေါ် တက်ရဦး တက်ရမည်။ မျက်လုံးမျက်ဖန် လှလှ၊ ကိုယ်လုံး တစ်တစ်၊ ဆံပင်ရှည်ရှည်နှင့် မေဘယ်လ်သည် တစ်ပတ်သျှိုး ဆံထုံး ဆံမြိတ်ချပြီး စံပယ်ပန်းတွေ ပန်လိုက်သောအခါ မြတ်လေး လိုချင်သော အရိုးခံ တက္ကသိုလ်ကျောင်းသူလေး ပုံစံ အတိအကျ ဖြစ်သွားလေသည်။

မေဘယ်လ်ကိုကြီး မင်းသမီးတဲ့ ...





ဆိုသော သတင်းကလည်း မြကျွန်းသာမှာ မွှေးလို့ ကြိုင်လို့။ မနာလိုသည့်သူ မရှိ၊ ကန့်ကွက်မည့်သူ မရှိ၊ ထောက်ခံမည့်သူချည်း ဆိုရလျှင် မေဘယ်လ်သည် 'ထီးလို မင်းလို' ပါပဲ။

မြတ်လေးကပဲ အသင်အပြ ကောင်း၍လား၊ မလှပ်တလှုပ် မေဘယ်လ်ပုံကပဲ ဇာတ်လမ်းနှင့် ခွင်ကျသွားသလား မသိ။ မေဘယ်လ်သည် ပြဇာတ် တိုက်ဆဲမှာပင် ဩဘာပေးခံနေရလေသည်။

မေဘယ်လ်က မင်းသမီးဆိုတော့ သူ့သူငယ်ချင်းများအဖြစ် ဇာတ်ရုပ်တွေ ရှိရဦးမည်။ ထုံးစံအရ မင်းသမီး သူငယ်ချင်းများသည် မင်းသမီးထက် ရုပ်ရည် မချောမောစေရ။ ဒါဟာ သီအိုရီပဲလေ။

ဤသီအိုရီအရ မေဘယ်လ်လောက် မလှသော၊ သွက်လက်ချက်ချာသော သူငယ်ချင်းအဖြစ် မာလာက နှင်းခိုင်လွှင်ကို တာဝန် ပေးခဲ့လေသည်။

မင်းသားကိုလည်း ပြိုင်ဘက်မရှိ ရွေးနိုင်ခဲ့ကြ၏။ ဂရိတ် ဦးဖိုးစိန်၏မြေး၊ ကက်နက်စိန်၏သား၊ ရဲစိန်ဆိုတာ ဘီအက်စီ ပထမနှစ်မှာ။ သူကလည်း သူ့ဟန်နှင့်သူ စတားပါ။ ဇာတ်မင်းသား၏သားဆိုပြီး မြန်မာဆန်ဆန် ဝတ်စားမည် မထင်ပါနှင့်။ ဘောင်းဘီကို မချွတ်တမ်းဝတ်ပြီး ရှူးဖိနပ်ကို ပြောင်နေအောင် ထားသူတည်း။ ရုပ်ရည်ကလည်း ထောင်ထောင်မောင်းမောင်း ပြည့်ပြည့်ဖြိုးဖြိုး အသားအရေ ဝင်းဝင်း။ အထူးသဖြင့် သူ့မျက်လုံးတွေက တောက်ပသည်။ အနည်းငယ် လူလည်ပုံ ရှိသည်။ ကဲ ... ကိုမြတ်လေးရဲ့ ဇာတ်ကောင်စရိုက်နှင့် အံဝင်ခွင်ကျပဲလေ။

ရဲစိန်သည် စန္ဒရားနားမှာ ဝံ့ဝါစွာ ပျံ့ဝဲနေခဲ့၏။

သူက မင်းသားပေကိုး။

နှင်းခိုင်လွှင်က ကျော်ခိုင်မြိုင်တို့ ဒိုးပတ်ဝိုင်းမှာ ကပေးရမည်ဆိုတော့ ညည်းသုံးချက် ဝါးသုံးချက်ကို ဟောဒီလိုက ဆိုပြီး ရဲစိန်ကိုယ်တိုင် အက သင်ပေးသည်။

သည်အကြောင်း စိတ်ပါလက်ပါ ပြောပြသောအခါ နားထောင်သူ တိုအောင်နိုင်က သူ့ပုံစံအတိုင်း ငြိမ်ငြိမ်လေး ပြုံးနေပြီးမှ ...

"အင်း ... စိန်မဟာသဘင်ထဲမှာ မင်းသမီးဖြစ်ရင် တို့ကို ဖျာလာခင်းပေးနော်" ဟု နောက်လေသည်။

နှင်းခိုင်လွှင်က သူ့ အစ်ကိုအောင် လက်မောင်းကို လှမ်းလုံးသည်။ 'မင်း



www.burmeseclassic.com

www.burmeseclassic.com



သမီး မလုပ်ရဲပါဘူး။ ရဲစိန်က ကြောက်စရာကြီး' ဆိုမှ ဒါက ဇာတ်လမ်းအရ သရုပ်ဆောင်ရလို့ပါ။ ကိုရဲစိန်က အပြင်မှာ သိပ်သဘောကောင်းတာ။ ဘိုဆန်ဆန် ပြောဆိုတတ်တော့ ဆိုရှယ်လ် ဖြစ်တယ်ထင်တာ။ အမှန်က သူ့မှာ မြန်မာ့ အနုပညာ ပစ္စည်းတွေ အပြည့် ရှိတယ်ဟု ကိုအောင်နိုင်က သုံးသပ်ခဲ့သေးသည်။

ပြဇာတ် တိုက်ခဲ့ရသော ရက်များကား နွေဦး၏ လေရူးထဲမှာ ဝေ့ဝဲနေသော ရွက်ဝါလေးလိုပါပဲ။

တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက် အင်္ဂလိပ်ပိတောက်တွေလည်း နွေလေထဲမှာ ယိမ်းကနေကြသည်။

အဓိပတိလမ်းမှာလည်း ကံ့ကော်တွေ ဖူးစပြုပြီပေါ့။

မန္တလေးဆောင်ဘေးက တောင်ပိန္နဲက တရွှဲရွဲ မြည်ကာ မိုလ်အောင်ကျော် ကျောက်တိုင်ရှေ့ရှိ သစ်ဖြူပင်ကြီးကလည်း နွေတေးနှင့် ရစ်သမ်အကိုက် ယိမ်းကနေခဲ့သည်။

ဘယ်အပင်မှာ ခိုနေမှန်း မသိသော 'ဥဩ' တွေက ဆောင်းမကုန်မီ ရောက်လာကြပြီ။ သူတို့လည်း နှစ်လေးဆယ် ပွဲတော်ကြီးကို ဆင်နွှဲချင်ကြမှာ ထင်ရဲ့။

ကိုအောင်ပိုင့်ကို တစ်ခါတစ်ခါ ဘွဲ့နှင်းသဘင်ဘက်မှာ တွေ့၏။

ပဲခူးက ကိုစိုးသိန်းနှင့် ဘာတွေ အရေးကြီးနေမှန်း မသိ။

သူတို့က လှုံ့ဆော်ရေး ကော်မတီမှာ ထင်ပါရဲ့။ ကိုအောင်ပိုင်သည် ကိုအောင်နိုင့် အစ်ကိုဟု မထင်ရ။ ရုပ်ချင်းဆင်တာပဲ ရှိ၏။

ကိုအောင်နိုင် အေးချမ်းငြိမ်သက်သလောက် ကိုအောင်ပိုင်က တလွှားလွှားနှင့် ရှိတတ်သည်။

ဟောပြောပွဲ ကော်မတီမှာတော့ အလွန် စကားပြော ကောင်းသော မောင်ကိုယု အကြိုက်တွေ့နေပြီ။

ထီလာစိုးမြင့်ထယ်တို့ သင်းအောင်တို့က စာချုပိုးတွေ။

မောင်ဆွေတင့် တစ်ယောက် ငြိမ်ချက်သား ကောင်းနေသည်။ ဒီနှစ် တက္ကသိုလ်ကလောင်သင်းမှာ မောင်လင်းယုန် (ရှမ်းပြည်) က ဥက္ကဋ္ဌ။ မောင်ဆွေတင့်က အတွင်းရေးမှူး။ မောင်သက်ဝေက တကသမှာ ပိုပြီး အချိန်ကုန်နေခဲ့သည်။ ကိုအောင်နိုင်ကတော့ အနုပညာအသင်းမှာ အဆိုပြိုင်ပွဲအတွက် ဆရာ ဦးမြွေးအေ နှင့် လေ့ကျင့်လို့။ 'ဘုံဆောင်မြင့်' ကြီးကို သူက ဆိုတော့ ကိုလှဝေက တယော





လိုက်ပေးသည်။ တယောက ကိုအောင်နိုင့် တယော။ ဒါပေသိ ကိုလှဝေ အခန်းမှာ နေတာ များသည်။ ညဘက်စင်တင် ဖျော်ဖြေရေးမှာတော့ ပထမ ရဆိုသူများ ကိုသာ ဖျော်ဖြေစေမည်တဲ့။ ကိုအောင်နိုင် ပထမဝင်ပါ့မလား။ တေးသံရှင် ကိုမြသိန်းဆိုတာ မြန်မာ့အသံမှာတောင် ရေဒီယို သောတရှင် သီချင်းကဏ္ဍမှာ စာရင်းဝင်နေပြီ။ ကိုမြသိန်းကို ယှဉ်ဖို့မလွယ်။

ဒိုးပတ်ပြိုင်ပွဲမှာတော့ ချင်းတွင်း ဒိုးပတ်အဖွဲ့ကို ကျော်နိုင်မည့်သူ မရှိ။ မုံရွာက ကျော်ခိုင်မြိုင်သည် ဒိုးပတ်အဖွဲ့ခေါင်းဆောင် ဖြစ်ဖို့ မွေးဖွားခဲ့သူဟု ဆိုရမည်။ ရေဒီယိုမှာပင် သူတို့အဖွဲ့ အသံလွှင့်နိုင်ခဲ့ပြီ။ သူတို့ ဒိုးပတ်သံကို တုမည့်သူ ရှားသလို သူတို့ သံချပ်တွေလောက် စူးရှအောင်လည်း မစွမ်းနိုင်ကြချေ။ သူတို့ သံချပ်တွေက ကျောင်းသားလောက၊ တက္ကသိုလ်ဆရာများ၊ ဆရာမများ ကိစ္စ၊ နိုင်ငံတော်အကြိမ်အပြင် တရုတ်ဖြူနှင့် အမေရိကန်စစ်ပွဲအထိ စုံလင်သည်။ တက္ကသိုလ်ကြီးက သူတို့ကို သည်လို တွေးတတ် ရေးတတ်အောင် သင်ပေးလေရော့လား။

ဇာတ်တိုက်နေသော ရက်များတွင် ညဘက်ပါ နေကြရ၏။ ဇာတ်တိုက်သည့် နေရာက တကသ အပေါ်ထပ်ဖြစ်ရာ တိုက်ပုံလေး ပိုက်ပြီး သုတ်သုတ် လျှောက်လာတတ်သော ဥက္ကဋ္ဌ ကိုဗဆွေလေးက လက်ပြအားပေးသွားမြဲ ဖြစ်၏။ အသားညိုညို၊ ဆံတိုတိုနှင့် အသားအရေ ပိန်လှီနေသော ကိုဗဆွေလေးသည် သူ့အချိန်များကို ကျောင်းသားများကိစ္စတွင် မြှုပ်နှံထားသည်။ အတန်းတွေ ပျက်တာ၊ စာမေးပွဲကျတာ ရိုးခဲ့ပြီ။ သူနှင့်အတူ ကျောင်းသားခေါင်းဆောင် ကိုလှဝေ၊ ကိုတင်မောင်ဝင်း၊ ကိုသာဘန်း၊ ကိုတင်အောင်မြင့်တို့က အစည်းအဝေးတွေနှင့် လုံးနေကြသည်။ ကျောက်ဘီလူး တင်မောင်ဆွေကတော့ သူ့ထုံးစံအတိုင်း အားကစားရုံမှာ ပြိုင်ပွဲတွေနှင့် ထမင်းမေ့ ဟင်းမေ့။

ညဘက် ဇာတ်တိုက်ပြီး အပြန်လမ်းကို နှင်းခိုင်လွင် လွမ်းသည်။ နှင်းကလေးမို့ ညနေ (၆) နာရီဆို သံတံခါးပိတ်ပြီး အပြင်ထွက်ခွင့် မရှိ။ ခုတော့ ညကြီး မင်းကြီး ဓာတ်မီးထိန်ထိန်အောက် အဓိပတိလမ်းမကြီးမှာ သောတဟူးဟူးနှင့် လမ်းလျှောက်ရသော အရသာ။ ဘာနှင့်မျှ မတူဟု ဆိုချင်သည်။

"မေဘယ်လ်ရယ် ... ရဲစိန်က လက်ကိုင်တော့ တကယ် ရှက်သွားတာ။ ရဲစိန်ကလည်း ရဲလိုက်တာ၊ မျက်လုံးကလည်း ဝင်းဝင်းတောက်လို့၊ တကယ်ထားဆင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မခင်အေးက မေဘယ်လ်ကို ဖက်ရင်း ပြောသည်။

မေဘယ်လ်က ပခုံးလေး နှစ်ဖက် ကျုံ့ပြီး ရှက်နေပြန်သည်။

“ဘာပဲပြောပြော ဒီဇာတ်နဲ့ မေဘယ်လ်နဲ့ အံကိုက်တယ်”

“တော်ကြာ နာမည်ကြီးပြီး ရန်ကုန် ရုပ်ရှင်က လာခေါ်နေရင်ကော”

ရန်ကုန်ရုပ်ရှင်ခြံက အင်းလျားဆောင်ရှေ့မှာ ဖြစ်၏။ လမ်းကူးလိုက်ရုံပေါ့ ဟု လိုက်ပို့သော ကျောင်းသားတစ်ယောက်က ပြောတော့ ဝါးခနဲ ရယ်ဖြစ်ကြသည်။

အဓိပတိလမ်းဘေးက ခရမ်းရောင် ကန်စွန်းနွယ်လေးများက နွယ်ပင်မှ ရှန်းထကာ အစွမ်းကုန် ပွင့်ပြနေကြသည်။ လမ်းမီးတိုင်လုံးလုံးလေးများက အလယ်ခေတ် ဥရောပဟန်ကို ပြန်ပြောပြနေကြ၏။

အဓိပတိလမ်းမှ ခွဲပြီး မာလာကို နောက်အပေါက်က ဝင်တော့ သရဲကြောက်သော နှင်းခိုင်လွင်ကို အရပ်မြင့်မြင့်နှင့် မစိန်မြင့်က လက်တွဲသည်။ ဂျပ်ဆင်ကောလိပ် ခန်းမကြီးဘေး ဖြတ်စဉ် သရဲဇာတ်လမ်းများကို သတိမရဘဲ မနေနိုင်။ နောက်နေ့ကျ စောစော ပြန်ရအောင်ဟု ပြောပြီး နောက်ညကျတော့လည်း မိုးချုပ်တာပါပဲ။

*

ပွဲခင်းက တကယ့် အညာမြသလွန်ဘုရားပွဲအတိုင်း။

လှည်းတန်းအဝိုင်းကြီးမှ စာတိုက်ရှေ့ အဝိုင်းလေးအထိ အင်္ဂလိပ်ပိတောက်ပင်တန်းများအောက် ပလက်ဖောင်းပေါ်မှာ တာလပတ်မိုးတွေနှင့် တဲတန်းလျားကြီး ဟည်းနေသည်။ လမ်းနှစ်ဖက်လုံး ဆိုင်များ နေရာချထားပေးသည်။ တက္ကသိုလ် ဓမ္မာရုံမှာလည်း မီးတွေ ထိန်လို့။

ပွဲဈေးတန်းမှာ ဆီချက်ခေါက်ဆွဲဆိုင်၊ မြန်မာမုန့်ဟင်းခါးဆိုင်၊ ရေမုန့် မုန့်သိုင်းခြံ၊ အာပုံ၊ အမဲအူပြုတ်၊ ကြာဆံသုပ်၊ ပြီးတော့ ကောက်ညှင်းကျည်တောက် အထမ်းတွေနှင့်။ အအေးဆိုင်တွေကလည်း အပြိုင်။ ဖာလူဒါ၊ ရေခဲသုပ် ကျောက်ကျော၊ သံပရာရည်၊ ကူလီဖီးလ် မဆီမဆိုင် ဖျာတွေ ခေါင်းအုံးတွေလည်း ရောင်းကြသေးရဲ့။ ကျောင်းသားပွဲတော်မှာ ပူဖောင်းသည်တွေ ရောင်းရဆုံး ဖြစ်လိမ့်မည်။ မိုးပျံပူဖောင်းတွေကို ကိုယ့်ဟာကိုယ် ဝယ်ပြီး လွှတ်နေကြတာ တစ်ညလုံး။





တက္ကသိုလ်စာတိုက်ရှေ့ အဝိုင်းလေးကို မျက်နှာပြုပြီး ဇာတ်စင်ကို ထိုးထား၏။ ခြံစည်းရိုးကို ခွပြီး ဖုံးထားသဖြင့် ခြံစည်းရိုးတိုင်များကို မမြင်ရ။

## ရန်ကုန်တက္ကသိုလ် နှစ်လေးဆယ် ကျောင်းသားပွဲတော်

ဟူသော အနီပေါ် အဖြူစာလုံး မျက်နှာဖုံး စာတန်းကြီးက ဇာတ်စင်၏ အသရေကို ပြီးပြည့်စုံအောင် ဖော်ညွှန်းပြီး ဖြစ်နေသည်။ ကတ္တီပါ နီညိုရောင် ရှေ့ဖုံးကားလိပ်သည် လေအဝင့်တွင် ဟိုလွင့် သည်လွင့်နှင့် မြူးချင်တိုင်း မြူးလို့။

အသံချဲ့စက်မှ တေးသံများကား ကျောင်းသားပွဲတော် သီချင်းများပါပဲ။ သည်အထဲမှာ ကျောင်းသားများ၏ ‘စစ်ကို မလိုပါ’ အသည်းစွဲ သီချင်းက အသည်းဆုံး။

စန္ဒရား ချစ်ဆွေ ဝိုင်းက ဘယ်ဘက်၊ သည်ဘက်မှာက ရွှေရောင်ဝင်းဝင်းနှင့် မြန်မာ့ဆိုင်းဝိုင်းကြီး။ ပတ်မကြီး အော်လိုက်လျှင်တော့ ရွာက ဘုန်းကြီးပျံပွဲကို လွမ်းကြလိမ့်မည်။

တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်နှင့် အဓိပတိလမ်း တစ်လျှောက်မှာ ကျောင်းသူ ကျောင်းသားများ ဝင်ထွက်ကြဆဲ လှည်းတန်း ကမာရွတ်ဘက်မှ ရွာသားများလည်း ဆင်းလာကြသည်။ ပွဲက ရုံဝင်လက်မှတ်မလို။ ကွင်းပြင် ကြည့်ချင်ပွဲမို့ ပရိသတ် ကြိုက်သလောက် ဝင်ထိုင်။ လုံခြုံရေး ကျောင်းသားများ အလုံအလောက် ချထားသည်။ ရဲမလို၊ မီးသတ်မလို။ ပြဿနာတစ်စုံတစ်ရာမျှလည်း မပေါ်ခဲ့။ အားလုံး ကောင်းမြတ်သည့် မနသီကာယနှင့် ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း။

အရပ်သား၊ ကျောင်းသား မခွဲဘဲ လက်ခံခြင်းသည် ဤပွဲအတွက် အခြေခံ မူဝါဒ ဖြစ်သည်။ မကျေနပ်မှု မရှိတော့ မပြေလည်မှု မရှိ။

ကျောင်းသားတွေကိုယ်တိုင် ကကြမှာတဲ့ ဟူသော သတင်းသည် ကမာရွတ် လှည်းတန်းအပြင် ဝင်ဒါမီယာနှင့် ကျောက်တံတားအထိ သင်းပျံ့ခဲ့ပြီးပြီ။ သတင်းစာတွေကတော့ ကျောင်းဝင်းထဲမှာ ခင်းကျင်းသော ပြပွဲ ပြိုင်ပွဲများအကြောင်း၊ ဟောပြောဆွေးနွေးပွဲများ အကြောင်း ဦးစားပေး ဖော်ပြခဲ့ကြပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ပထမဆုံး နိုးကြားခဲ့သော ၁၉၂၀ ပြည့် ကျောင်းသားသပိတ်ကို ပြန်လည် အောက်မေ့ကြသည်။ နောင်တော်များ၏ အစဉ်အလာ ဆယ်တော်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ပြောင်းယူခဲ့ကြတာ နှစ်ပေါင်း ၄၀ ပြည့်ပြီဟု ချီးကျူးဖော်ပြခဲ့ကြသည်။

ပထမညမှာ နိုးလိုးနိုးလုလေးတွေ ရှိမြဲဖြင့် ပြီးခဲ့၏။ မျက်ရည်ယိုဗုံးအတော့ ဖောက်တာ မပေါက်တော့ မီးခိုးတွေ ဖြစ်အောင် ကမန်းကတန်း မြှက်ခြောက် မီးပုံ ရှို့ရတာမျိုးမှာ ပြန်ပြောတိုင်း ရယ်မောရသည်ချည်း။

အားလပ်ချိန် ပေးပြီး ဒုတိယပိုင်းမှာ နှင်းတွေ ကျလာသည်။ တက္ကသိုလ် တစ်ဝိုက် ဘာဆိုဘာမျှ မမြင်ရတော့။ စင်ပေါ်က လူတွေကိုပင် မှုန်မွှားမွှား ဖြစ်မှာ စိုးရသည်။ သို့သော် ဒါဘာဖြစ်သလဲ။ ဆောင်းတွင်းဆိုတာ နှင်းကျမှာပဲ။ နှင်းငွေ့တွေကြားမှ တို့ပွဲတော်ပေါ့။

ဒုတိယပိုင်း ပြီးခါနီးမှာ ဇာတ်စင် အနောက်ဘက်သို့ ကိုအောင်နိုင် ရောက် လာသည်။ ကိုလှဝေလည်း မလှမ်းမကမ်းမှာ ပါသည်။ နှင်းက အရင်မြင်လိုက် သည်မို့ မိုးကာ တာလပတ် အပြင်ဘက်နားမှာ ထွက်တွေ့ရ၏။

"ညီမ ချမ်းနေမှာစိုးလို့ အစ်ကို ပွဲခင်းက ဝယ်လာတာ"

လှမ်းပေးသည်ကို ကြည့်တော့ သိုးမွေးပွ လည်စည်း ပဝါဖြူလေး။

"ဟယ် ... လှတယ်တော့၊ အစ်ကိုက လိမ္မာတယ်"

နှင်းနိုင်လွှင် ခုန်ပေါက်ပြောသည်။

ကိုအောင်နိုင်က မျက်နှာ မပြုံးပေ။

"အပြန် ဘယ်သူတွေ လိုက်ပို့မလဲ" ဟု မေးသည်။

"မာလာက တစ်အုပ်ကြီးပဲ။ ဂျိုးဖြူယိမ်းကကို ၁၀ ယောက် တကသ အစ်ကိုကြီးတွေ လိုက်ပို့နေကျ"

"ညီမ၊ သတိဝီရိယနဲ့ ပြန်နော်"

သူ့အမူအရာက စိုးရိမ်လွန်ရန်ကော။

"ဘာဖြစ်လို့လဲ၊ နှင်းမှာ လုဖို့ ယက်ဖို့ ဆွဲကြိုး၊ လက်ကောက်လည်း မရှိပါဘူး"

ကိုအောင်နိုင်က ဘေးဘီ လှည့်ကြည့်၏။

ပြီးမှ နှင်းဘက် အနည်းငယ် တိုးပြီး အသံနိမ့်နိမ့်ဖြင့် ပြောသည်။

"ပွဲခင်းထဲမှာ ကိုအောင်ခိုင် ရောက်နေတယ်"

"ဟင်"

"အဲဒါ နှင်း သတိထား၊ သူက မူးနေတာ"



"အစ်ကို၊ သူ့ကို နှုတ်ဆက်လိုက်လား"

"ဟင့်အင်း၊ သူက ကိုယ့်ကို မမြင်ပါဘူး။ ဒီပွဲထဲမှာ သူ ဘာမှတော့ မလုပ်နိုင်ပါဘူး။ ကျောင်းသားတွေ လုံခြုံရေးအပြည့် ရှိနေတာပဲ။ ဒါပေမယ့် နှင်း သတိထားဖို့"

"ဟုတ် ... ဟုတ်ကဲ့ပါ အစ်ကို"

တစ်ညလုံး ပျော်ခဲ့တာတွေ ဘယ်ဆီ လွင့်သွားပြီ မသိ။

စိတ်ထဲမှာ မအီမသာနှင့်။

ညသည် ချမ်းမြမြ။

နှင်းတွေက ဝေ့ဝဲဝဲ။

နှင်း စိတ်ထဲမှာတော့ အပူငွေ့တွေ ...။

❐

www.burmeseclassic.com

## (၃၁)
## နက်ဖြန်ဆိုလျှင် ...

အကယ်၍ ... အထက်ပါ အဖြစ်အပျက်များသည် ရုပ်ရှင်ကား တစ်ထား ဆိုပါက ယခုအခန်းကို 'တစ်လမျှ ကြာသောအခါ' ဟူသော စာတန်းဖြင့် ထိုးပြမည် ထင်ပါသည်။

ရုပ်ရှင် တင်ဆက်မှုပညာရပ်များ တိုးတက်လာသောအခါ ရုပ်ရှင်ပြကွင်း များ ကြားတွင် ပြက္ခဒိန်တစ်ခုကို လှန်၍ လှန်၍ ပြသတတ်ကြသည်။ တချို့ ကမူ ရာသီရှုခင်း နွေ၊ မိုး၊ ဆောင်း ပြောင်းပုံကို ရာသီရှုခင်းပုံများ ထိုးပြခြင်းဖြင့် အဓိပ္ပာယ် ဖော်ပြတတ်ကြပါသည်။

ယခု အဖြစ်အပျက်ကို စာတန်းဖြင့် ထိုးပြရသော် ...

'နှစ်ပေါင်းလေးဆယ် ကြာသောအခါ' ဟု ထိုးပြရပါလိမ့်မည်။ သို့မဟုတ် ဘဲ ပြက္ခဒိန် လှန်မည် ဆိုလျှင်တော့ ပြက္ခဒိန်တွေ များလွန်း၍ လောက်နိုင်ပြည် မဟုတ်။ ရှုခင်းပုံများ ရိုက်ပြလျှင်ပင် နှစ်ပေါင်း လေးဆယ်ကို အဓိပ္ပာယ်ပေါ်အောင် အလှပဆုံး ဖော်နိုင်ရန် ခက်ပေလိမ့်မည်။ သည်တော့ ခပ်ရှင်းရှင်း စာလုံးဖြင့် ၁၉၆၀ ⇒ ၂၀၀၀ ဟု တိုက်ရိုက်ဖော်ပြပါမှ အဆင်ပြေမည် ထင်ပါသည်။

ဟုတ်ပါသည်။

၂၀၀၀ ပြည့်လွန် နှစ်အနည်းငယ် စွန်းသော အချိန်တစ်ခု ...

ထိုနေ့က မိုးတွေ ရွာနေသည်။

တောင်လေတွေ တဝုန်းဝုန်း တိုက်နေသည်။

အနောက်ဘက် ကောင်းကင်တွင် လျှပ်စစ်တွေ တလက်လက် စီးနေ လေသည်။





*

ထိုနေ့က မိုးတွေ ရွာနေသည်။

တောင်လေတွေ တဝုန်းဝုန်း တိုက်နေသည်။

အနောက်ဘက် ကောင်းကင်တွင် လျှပ်စစ်တွေ တလက်လက် စီးနေလေ သည်။

သည်လို မိုးမုန်တိုင်းထဲတွင် ကိုအောင်နိုင် ကွယ်လွန်ခဲ့ပြီ ... တဲ့။

အင်္ဂလိပ်လူမျိုးများ အယူမှာတော့ တယ်လီပက်သီဟု ပြောသည်။

ရှေးရိုးမြန်မာများကမူ လိပ်ပြာရောက်သည် ... တဲ့။

ဘယ်နည်းနှင့်ပဲ တွက်တွက်ပါ။ ကိုအောင်နိုင်၏ စိတ်ဝိညာဉ်သည် နှင်းခိုင်လွင်ထံ ရောက်လာသည်ဟု အတာပ် ပြောချင်မိ၏။

ဘယ်လိုကြောင့်မှန်း မသိ။

အဲဒီနေ့က နှင်းခိုင်လွင် လှုပ်ရှားနေသည်။

ဘာက နှိုးဆော်သည် မသိ။ ဗီရိုထဲက အယ်လမ်ဘမ်အဟောင်းတွေ အကုန်ထုတ်ပြီး ဓာတ်ပုံဟောင်းတွေကို ကြည့်နေခဲ့၏။ ဓာတ်ပုံဟောင်းတွေထဲ မှာတော့ ငယ်ဘဝ ပုံရိပ်များကို ရှာနေခဲ့တာ အမှန်ပါပဲ။ ဓာတ်ပုံတွေက စီပီယာ ဆေးတွေနှင့်မို့ မှိုအနည်းငယ် ဖုံးသည်က လွဲပြီး ထင်ထင်ရှားရှား မြင်နေရဆဲ ဖြစ်သည်။

ရတနာဆောင် စာတန်း နောက်ခံနှင့် မိမိ ကိုယ်ပာန်ပြနေပုံ။

အင်းလျားကန်စပ်က တရုတ်စကားပင်ကို ဖက်နေပုံ။

ကံ့ကော်ပင်ရိပ် အုတ်ခုံပေါ်မှာ သူငယ်ချင်းတစ်စု ထိုင်နေပုံ။

ထောက်ကြံ့ စစ်သချိုင်း နောက်ခံနှင့် သူငယ်ချင်းတစ်စု။

သာခုကန်စပ်က စကားဝိုင်းတစ်ခု။

ဓနုတ်ဘုရား ရင်ပြင်၊ ကျောင်းအိုကြီး ရှေ့မှ နှစ်ယောက်သားပုံ။

ပြီးတော့ ... သူ့ ဘွဲ့ယူခါနီး ဥရောပဝတ်စုံနှင့်ပုံ။

သူ့ပုံကို ကြည့်ရင်း လွမ်းလွမ်းနှင့် ဆွေးနေမိသည်။ အဲသည်တုန်းက အခုလို တစ်ယောက် တစ်နေရာစီ ကွဲသွားလိမ့်မည်ဟု မတွေးမိခဲ့။ ထို့အတူ ချုနစ်ကိုယ် ရွှေလည်နွံရမည်ဟုလည်း မတွေးခဲ့တာ အမှန်။ ပျော်ပျော်မှာ ပျော်စွေ ကြည်နူးနေခဲ့ခြင်းသာ အဓိက ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မိုးပေါက်များကို ငေးရင်း သူဆိုပြခဲ့သည့် 'တိမ်တမန်' သီချင်းကို ဆိုမိသေးသည်။ အဲဒါက မန္တလေး - ရန်ကုန် အမြန်ရထားကြီးပေါ်မှာပေါ့။ သူက တိမ်တမန်ကို ဆိုပြရင်း သရုပ်ခွဲပြခဲ့သည်။

''ပေါ်လစီသီချင်းတွေ အတုံးလိုက် အတစ်လိုက် ရေးတာထက် နလုံးသွယ်ဝိုက်ရေးတာ ဘယ်လောက်လှလဲ။ ရိုးမအပေါ် လွှားကျော်ကာလေ × သူချစ်မိတ်ဆွေ တို့မြန်မာနိုင်ငံအခြေ လက်ဆောင်ပါးတဲ့ မိုးပုလဲပန်းတွေ ဆိုတာ အစ်ကို ချင်းတောင်မှာ နားထောင်ရတော့ တအား သဘာဝ ကျတာပေါ့။ ပြီးတော့ ဆည်မြောင်း ချောင်းကန် ပြည့်လျှံတိုးအောင် × မိုးလုံးမည်းမျှ မရွာစေချင်ပါဘူး × ဆည်မြောင်းချောင်းကန် အသင့်အမှန်တိုးရန် × ပုလဲကုံး ရွဲအလှ ရွာစေချင်ပါပေ ··· တဲ့၊ သိပ်ကြိုက်တာပဲ''

နှင်းကတော့ အစ်ကိုအောင်နိုင် ပြောသမျှ 'ဟုတ်ကဲ့' ချည်း။

ဩော် ··· အဲဒီ တိမ်တမန်ကို ကြားတိုင်း တိမ်တမန် ကြိုက်သူကို သတိမရဘဲ မနေနိုင်တာဟာ ရင်တွင်း အစစ်အမှန်ပေါ့။ အဲဒီ ရထားပေါ်မှာတုန်းကလို ပီတိမျိုး အခု မရနိုင်တော့တာလည်း သေချာနေတယ်။ သူ့ကို တွေ့ချင်လား ဟု ကိုယ့်ဟာကိုယ် မေးကြည့်တော့လည်း ခေါင်းပဲ ရမ်းမိသည်။ မဆုံနိုင်တော့ဘဲ ဘာလို့ ကြည့်ချင်ရမှာလဲ။

ဆန်းတာက ဒီနေ့ တစ်နေ့လုံး သူ့ကို လွမ်းနေတာချည်းပါ။ တစ်နေ့လုံးတောင် မကပါ။ ၄-၅- ရက်ဆက်ပြီး ဓာတ်ပုံတွေ ကြည့်နေမိတာလေ။

နက်ဖြန် နှင်းမွေးနေ့ ···

ဩဂုတ်လ ၁၅ ရက် ···

သူငယ်ချင်း သုံးလေးယောက်ကို အိမ်မှာ ထမင်းကျွေးမည်။

ဤတွင် တပည့်ကျော် မောင်မောင်သန်းတစ်ယောက် အိမ် ရောက်လာခဲ့သည်။ ဆရာမရဲ့ ဦးအောင်နိုင် ဆုံးပြီနော် ··· တဲ့။

လူသည် ဟိုက်ခနဲ ဖြစ်သွားသည်။

''ဘာဖြစ်တယ်၊ ဦးအောင်နိုင် ဆုံးပြီ ဟုတ်လား''

''ဆရာမ သိတယ်မှတ်လို့ သတင်းစာထဲ ပါတယ်လေ။ နက်ဖြန်ဆို ရက်လည် ···''

နက်ဖြန် ရက်လည် ဟုတ်လား ···

နက်ဖြန် ငါ့ မွေးနေ့ပါ။





ဩော် ··· နှင်း အိမ်မှာ မွေးနေ့ပွဲ ကျင်းပနေဆဲ သူ့အိမ်မှာလည်း ပွဲ တစ်ခု ကျင်းပနေတယ်တဲ့။ ကိုယ်က မွေးနေ့၊ သူက ရက်လည်။

*

''ကိုကိုလေး''

အော်လိုက်သည်။ ပြေးဖက်သည်။ ငိုသည်။

ငိုစမ်းပါရစေ ··· နှင်း အားရပါးရ ငိုလိုက်ပါရစေ ··· နှင်း တစ်သက်လုံး အောင့်လာခဲ့တာလေ။ နှစ်ပေါင်းများစွာ ဟန်လုပ်နေခဲ့တာလေ။ ခုတော့ အဲဒီ ဟန်လုပ်ရတာတွေ လွှတ်ချပါရစေ။

ဦးအောင်ပိုင်က နှင်းခိုင်လွင် ပခုံးကို အလိုက်သင့် ပြန်ဖက်လို့ ···

''ညီမလေး၊ လူဆိုတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတဲ့။ အဲဒီ လေးပါး ညီညွတ်နေဆဲ အသက်ရှင်ကြတာ။ တစ်ခုခု ချို့ယွင်းတာနဲ့ ပျက်သွားရတာပါပဲ။ အားလုံး ဒီအတိုင်းပါပဲ'' ဟု တည်ငြိမ်စွာ ပြောသည်။

နှင်းခိုင်လွင်က ရှိုက်ကြီးတငင် အသံထွက်ပြီး ငိုနေသည်။

အိမ်ထဲမှာ ဘယ်သူတွေ ရှိလဲ၊ နှင်း သတိ မထားချင်တော့ပါ။ နှင်းမှာ ငိုပိုင်ခွင့် ရှိပါတယ်။ နှင်း သူ့ကို နှုတ်မဆက်လိုက်ရတာကို ဝမ်းနည်းလွန်းလို့ပါ။ နှင်းလေ သူ့ကို စောစော သေမယ်လို့ မထင်ခဲ့ဘူး။ တကယ်ပြောရရင် ဒီလောကမှာ သူ လွတ်လပ်တဲ့ဘဝနဲ့ ရှိတဲ့ တစ်ချိန် သူ့ကို နမတစ်ယောက်အဖြစ် ပြုစုမယ်လို့ တွေးထားခဲ့တာပါ။ ခုတော့ ··· သူ နှင်းကို ပြုစုခွင့် မပေးဘူး။ သူ ထွက်သွားပြီ။ သူ့ကို ဘယ်မှာမှ ရှာလို့ မတွေ့နိုင်တော့ဘူး။

ကိုကိုလေး ···

သည်လို ဦးအောင်ပိုင်ကို 'ကိုကိုလေး' ဟု ခေါ်ခဲ့တာကိုက အစ်ကို ခေါ်သလို လိုက်ခေါ်ခဲ့တာ ကိုကိုလေး အသိဆုံးပါ။

ဦးအောင်ပိုင်က နှင်းကို ဆက်တီကုလားထိုင်ပေါ် တွဲ၍ ပို့သည်။ ဆက်တီပေါ် ထိုင်လျက် နှင်း ဆက်ပြီး အသံတိတ် ငိုနေသည်။ အိမ်မှာ လူများများ ရှိပုံ မပေါ်။ ဒီအိမ်က ကိုကိုလေး ယောက်ဖအိမ်ဟု ဆိုသည်။ အစ်ကို့အကြောင်း သီချင်း ကိုကိုလေးကို ဖုန်းနှင့် သတင်းမေးစဉ် သည်နေ့မှာ တွေ့ကြဖို့ ကိုကိုလေးက ချိန်းခဲ့ခြင်း ဖြစ်သည်။

ဦးအောင်ပိုင်က အထဲဝင်ပြီး ကော်ဖီ ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းက မျက်စိကို မှိတ်ပြီး ငို၍ ကောင်းဆဲ။

သြော် ... အစ်ကိုနဲ့ ပတ်သက်ရတိုင်း ငိုဖို့ ဝဋ်ကြွေး ပါလေရော့သလား။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကလည်း ...

ခုလိုပင် မိုးတွေ သည်းလို့ ...

ခုလိုပင် လေတွေ ထန်လို့ ...

နှင်းခိုင်လွင် ညှို့သည်ဆိုလို့ ထွက်တွေ့တော့ ...

ဟင် အစ်ကိုအောင် ...

အဲဒါက ဗာစတီရိပ်သာမှာပါ။

ပြည်လမ်းမကြီးနံဘေး ဗာစတီရိပ်သာ ဆိုတာ အဆောင်မရသော ကျောင်းသူမိန်းကလေးများကို အဆောင်ခုတင် ငှားစားသော အိမ်နှင့် ခြံကြီး ဖြစ်၏။ နှင်းက ဥပစာအောင်၍ ကျောင်းထွက်ရပြီး အထက်တန်းပြ ဆရာမ ငါးနှစ်လုပ်ပြီး ဘီအေ (ပြင်ပဝိဇ္ဇာ) ပြန်ဖြေဖို့ ရန်ကုန်တက္ကသိုလ်သို့ လာခဲ့သည်။ ဗာစတီရိပ်သာမှာ တစ်လ တည်းခိုသည်။ ဒါကို သူ ဘယ်လို သတင်း ရခဲ့ပါလိမ့်။

ထိုနေ့က အဆောင်မှ ထွက်ထွက်ချင်း အစ်ကို့ကို ဘာမှ မပြောနိုင်ခဲ့။ မိုးရွာကြီးထဲ ပြည်လမ်းမကြီး ပလက်ဖောင်းမှာ နှင်း ငိုနေခဲ့လေသည်။ သူက သူ့မှာ ပါသော ထီးနှင့် မိုးပေးရင်း အကြာကြီး ရပ်နေခဲ့ကြ၏။ အကြာကြီးကြာတော့မှ သူ ပြောသည်။

"ညီမ၊ သိပ်ပင်ပန်းနေပြီ" တဲ့။

နှင်းကို ပခုံးမှ ဖေးမပြီး အနီးဆုံး လက်ဖက်ရည်ဆိုင်ထဲသို့ တွဲခေါ်ခဲ့သည်။ ဆိုင်ထဲမှာ နှင်း ဆက်ငိုသေးသည်။ ဟုတ်တယ်။ ငိုဖို့ကလွဲပြီး နှင်း ဘာမျှ မတတ်နိုင်တော့ဘူး ဟုတ်လား။ အခု အစ်ကို လာတွေ့တော့ နှင်းခိုင်လွင်ဆိုတဲ့ အမိုက်မဟာ အရင်တုန်းက နှင်းခိုင်လွင် မဟုတ်တော့ဘူး။ တစ်ခုလပ်နှင်းခိုင်လွင်၊ ကလေးတစ်ယောက်အမေ နှင်းခိုင်လွင် ...။ ဘာတန်ဖိုး ရှိဦးမှာလဲ

ကိုအောင်နိုင်က နှင်းအတွက် သံပရာရည် မှာပေးသည်။

နှင်းနဲ့အစ်ကို ညနေဘက် သောက်နေကျ အအေးကို သတိရဆဲကိုး။

"တို့မောင်နှမ ပြန်တွေ့ပြီပဲကွာ"

သူကလည်း များများစားစား မပြော။

သည်တစ်ခုပဲ ထပ်ခါ ထပ်ခါ ပြောနေသည်။

နောက်မှ နှင်းက မေးရ၏။



"ညီမ ဒီမှာ ရောက်နေတာ ဘယ်လိုသိလဲ"

"ကိုလှဝေပေါ့၊ သူပြောတာ"

"ချင်းတောင်ကနေ ဒီကို ပြောင်းရတာလား"

"မဟုတ်ဘူး။ အလုပ်ထွက်လိုက်ပြီ။ အခု အင်္ဂလန် သွားရမယ်။ ဓာတ်ဗေဒ စကော်လာ မန်ချက်စတာမှာ ပီအိပ်ချ်ဒီ ယူဖို့ (၅) နှစ်ပေါ့"

နှင်း ငိုပြန်သည်။

တွေ့ပြန်တော့လည်း သူက သွားတော့မှာ။ (၅) နှစ်တဲ့။

"သွားပါ၊ အစ်ကို သွား။ နှင်းက အစ်ကိုနဲ့ မလိုက်ဖက်ပါဘူး။ နှင်း သမီးလေးနဲ့ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်ပါတယ်။ ဒါပေမယ့် နှင်း အရမ်းဝမ်းနည်းတယ်။ နှင်းလေ အစ်ကို့ကိုပဲ ချစ်တယ်ဆိုတာ ကြာလေ သိလေပဲ"

"အောင်နိုင်လည်း ဆုံးသွားပြီဆို"

"အင်း ... နှင်းနဲ့ ကွာရှင်းပြီးမှပါ"

"အရက်က သူ့ကို သတ်တာကိုး"

"သူ့ကို နှင်း မချစ်ဘဲ ယူခဲ့တာ။ အစ်ကို နှင်းကို မချစ်လို့"

နှင်းခိုင်လွင် အသံက မိုးသံထဲမှာ တိမ်၍ သွားသည်။

ကိုအောင်နိုင်က သက်ပြင်း ရှူ၏။

"ခု ပြန်တွေ့ပြီလေ" ဟု တီးတိုးဆိုသည်။

"ဒါပေမယ့် နှင်း အပျို မဟုတ်တော့ဘူး။ အစ်ကိုနဲ့ မထိုက်တန်ဘူး"

နှင်းက အငိုရပ်လိုက်၏။ အတိတ်မှ ပြန်လာသည်။

ဦးအောင်ပိုင်က ကော်ဖီခွက်ကို ကမ်းသည်။

နှင်းက ကော်ဖီကို ဆက်တိုက် မော့ချလိုက်ပြီးမှ ...

"ကိုကိုလေးရယ် နှင်း အစ်ကိုကို့ လိမ်ခဲ့တာတွေ ဝန်မခံလိုက်ရဘူး"

"ငယ်သေးတော့လည်း အမှန်ကို မတွေးနိုင်ကြဘူးပေါ့ကွာ"

ဦးအောင်ပိုင်က လူကြီးပီပီ တွေးတွေးဆဆ ပြောသည်။

"အဲဒီတုန်းက အမေက ပြောတယ်။ ညီလေးကို နှင်းနှင်းနဲ့ သဘောတူပါတယ်တဲ့"

နှင်းခိုင်လွင် သက်ပြင်း ရှူပြီး ...

"အမေက နှင်းကို သူ့သားလေးနဲ့ သဘောတူတယ်တဲ့လေ၊ ဟုတ်ပါ့မလား၊ နှင်းကို ပြောပါတယ်။ သမီး အလုပ် ရန်ကုန်ပြောင်းထား၊ မောင်အောင်က

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရင် ရန်ကုန်မှာပဲ အလုပ် လုပ်ရမှာတဲ့။ နှင်းကတော့ အစ်ကို့ကို မယူရက်တော့ဘူး ကိုကိုလေးရယ်''

(၅) နှစ်ဆိုသော အချိန်သည် အပြောင်းအလဲ များစွာကို ဖန်တီးနိုင်သည်ပဲ။ အစ်ကို တိုင်းတစ်ပါးမှာ စိတ်အေးချမ်းသာ ပညာသင်ပါစေဟု နှင်း သဘောထားသည်။ လောလောဆယ် နှင်းက ဘီအေ နောက်ဆုံးနှစ် ဖြေဖို့ ပြင်ဆင်ရင်း ကိုအောင်နိုင်က အင်းလျားလေးမှာ သဘောတရားရေး သင်တန်းတက်ရင်း ပန်းအမေရိကန် လေယာဉ်ကြီးပေါ် တက်သည့်အချိန်အထိ တတွဲတွဲ နေခဲ့ကြသည်။ ဒါကို နှင်းကတော့ 'တစ်သက်စာ' ဟု ဆုံးဖြတ်ခဲ့ပြီးသား။

''အခု ဘယ်သူနဲ့ နေလဲ''

ဦးအောင်ပိုင်က ရေနွေးကြမ်း ငှဲ့ပေးရင်း မေးသည်။

''သမီးကြီးနဲ့ပါ''

''သမီးက တစ်ယောက်တည်းလား''

''တစ်ယောက်တည်းပဲ၊ သမီးက စာတော်တယ်၊ အလုပ် ကြိုးစားတယ်။ အခု သုတသနဌာန တစ်ခုမှာ အရာရှိ ဖြစ်နေပါပြီ''

''အမေတူလို့ တော်တာပေါ့''

''နှင်းက ညံ့ပါတယ် ကိုကိုလေးရယ်''

''မညံ့ပါဘူး၊ အတွေးခေါင်တာပါ''

''နှင်း မှတ်မိသေးတယ်။ အစ်ကို အင်္ဂလန် သွားခါနီးမှာ ကိုကိုလေးက အိမ်ထောင်ပြုပြီးစ ထင်တယ်။ ရေကျော် ပုဇွန်တောင် လိပ်ကန်ပန်းခြံလမ်းမှာနော်။ အစ်ကိုနဲ့ နှင်းနဲ့ လည်ပတ်ပြီး ရေကျော်ကို ဝင်ကြတာ။ အမေက သူ့သား နိုင်ငံခြား သွားမှာမို့ ရန်ကုန် ခဏ ရောက်နေတာ ဟုတ်လား။ အစ်ကိုက သူ့အမေကို ဒုက္ခ မပေးဘူး။ သူ့နဲ့ နှင်း ပြန်တော့မှ ညစာကို ပုဇွန်တောင် ညဈေးက မြန်မာ ထမင်းဆိုင်လေးမှာ စားကြတာ။ ခုနေ ပန်းခြံဘက် ရောက်ရင် လွမ်းဆဲပဲ''

လွမ်းမောဖွယ် ပုဇွန်တောင် ညနေချမ်းများ …

ကိုအောင်နိုင်သည် သူရှိနေသမျှ နှင်းကို တစ်ပြားမှ အကုန်မခံစေပေ။

ဘာရုပ်ရှင် ကြည့်မယ်၊ ဘာစားကြမယ် စဉ်းစားတိုင်း တစ်ခါမျှ သဘောထား ကွဲတာ မရှိခဲ့။ ပုဇွန်တောင်ရောက်ရင် ထမင်းစားမယ်။ မြေနီကုန်း ညဈေး ရောက်ရင် ဆီချက်ခေါက်ဆွဲ၊ လှည်းတန်း ရွှေဗဟိုမှာဆိုရင် ကြာဆံကြော်။ အဈေး





ကိုတော့ သံပရာရည် မတိုင်ပင်ဘဲ မှာခဲ့မြဲ။

ဒီလောက် စိတ်တူ ကိုယ်တူ ရှိခဲ့တာ လက်ထပ်ဖို့ မကောင်းဘူးလား။ နှင်း စိတ်မြန်လက်မြန် ဆုံးဖြတ်ချက် မြန်ခြင်းရဲ့ အကျိုး သက်ရောက်မှုများပါ။ အင်တာဖြေပြီး ကျောင်းပိတ်လို့ အိမ်အပြန်မှာ အောင်နိုင်က ဖွင့်ဟတောင်းဆိုခဲ့သည်။

အောင်နိုင့်အမေက နှင်းအမေကို ပြောသည်။

အောင်နိုင်က ရာထူးလည်း တိုးခဲ့ပြီ။ အရက်စွဲနေတာအတွက် အိမ်ထောင်ကျမှ ဖြစ်မည်တဲ့။ အောင်နိုင်ကလည်း ချွဲသည်။ မိန်းမရမှ အရက် ဖြတ်မှာတဲ့။

နှင်းကကော …

နှင်းက ဝေဝါးနေခဲ့သည်။ သူများတွေ ကျောင်းဆက်တက်ဖို့ ပြန်ကြပြီ။ နှင်းက အထက်တန်းပြအဖြစ် ရာထူးတိုးပြီး အရင်ကျောင်းမှာပဲ အလုပ်ပြန်ဝင်ရသည်။ ဂရေစီဆီက ကြေးနန်းလာ၏။ နှင်း အတွေတွေ ဝုဏ်ထူးတန်း တက်ခွင့်ဝင်သည်တဲ့။ နှင်းက ဘာလုပ်ရမှာလဲ။ စာမေးပွဲ အောင်တိုင်း ဆက်တက်ခွင့် မရှိမှုအတွက် ငိုရတာဟာ နှင်းရဲ့ ကံဇာတာပါ အကျိုးပေးပဲလား။

ကိုအောင်နိုင်ကတော့ စိတ်မကောင်းကြောင်း ရေးပါသေးသည်။ နှင်း ကျောင်း ပြန်မလာခြင်းအတွက် သူ ဘာမှ မကူညီနိုင် ဖြစ်ရတာကိုလည်း သူ့စာမှာ ရေးပါသေးသည်။

နှင်းက စာမပြန်တော့။

နှင်းဘဝနှင့် နှင်းပဲ ရှိပါစေတော့။

အစ်ကိုအောင်နိုင်နဲ့လည်း ဝေးပြီလေ။

အောင်နိုင့်ကို လက်ထပ်လိုက်တာပဲ နှင်းဘဝ အဆုံးသတ်ဟု ထင်သည်။ ကြွက်မကြီး သားဖက်ရှာသလိုပေါ့။ ကြွက်မရဲ့ သမီးဟာ နောက်ဆုံး ကြွက်သားနဲ့ပဲ ညားရတာ ဟုတ်လား။ အဝေး မိုးကုပ်စက်ဝိုင်းက ရောင်စုံသက်တံ့ကို နှင်း မလွမ်းချင်တော့ပါ။ လှမ်းကိုင်မရသည့် အငွေ့အသက်၊ အရောင်အဆင်း။ လက်တွေ့မှာတော့ နှင်း အနားမှာ ရေကြည်အိုင်လေး တစ်ခု။

အောင်နိုင့်ကို ရေကြည်အိုင်လေး အမှတ်ဖြင့် လက်ထပ်ခဲ့၏။

မိန်းမရမှ အရက်ပြတ်မယ် ဆိုတာလေးကို အဟုတ်ထင်ခဲ့၏။

သို့သော် စလယ်ဝင် ဖင်မမည်းခင် ဆိုတဲ့ အတိုင်းပါပဲ။

ခြင်ထောင်ထဲမှာ အရက်နံ့ မခံနိုင်လွန်းသဖြင့် မျက်နှာကို ခြင်ထောင် အပြင်ဘက် ထွက်လိုက်တော့ ခြင်တွေ တဝီဝီ လာကိုက်တည်းက ငါမှားသွားပြီဟု



www.burmeseclassic.com

www.burmeseclassic.com



နှင်း သိပါသည်။ သို့သော် သည်အချိန်၌ နှင်းဝမ်းကြာတိုက်မှာ သမီးလေး၏ ကလာကရေကြည် တည်နေပြီ။

အောင်နိုင်ကား အရက်ကို မယားထက် ချစ်သူတည်း။

သမီးလေး တစ်လအရမှာ နှင်း ဆုံးဖြတ်လိုက်၏။

ကြာလျှင် သမီးလေးပါ နစ်မွန်းရှာမည်။

နောက်ထပ် ကလေးတွေ တိုးလာလိမ့်မည်။

အောင်နိုင့်ကို ရိုးရိုး ပြော၍ မရ။ ရုံးတော်မှာ ဦးတိုက် လျှောက်ပြီး ကွာရှင်းခွင့် တောင်းတော့မှာ တရားသူကြီး အမိန့်ဖြင့် တရားဝင် ကွာရှင်းခွင့် ရခဲ့သည်။ နှင်းရယ် … သမီးလေး ဂျိုးဖြူရယ် ဘဝကို တည်ဆောက်တော့မည်။

သမီးမျက်နှာ ကြည်မြမြကို ကြည့်ပြီး စာမေးပွဲ ပြန်ဖြေဖို့ နှင်း ဆုံးဖြတ်ခဲ့၏။ သည်လို ပြင်ပဝိဇ္ဇာ ပြန်ဖြေဖို့ ဆုံးဖြတ်ခဲ့ခြင်းတွင် ရန်ကုန်မှာ ကိုအောင်နိုင်နှင့် ပြန်တွေ့မည်ဟူသော မျှော်လင့်ချက် မပါခဲ့ပေ။ ကိုအောင်နိုင်က ချင်းတောင်မှာ တာဝန်ကျနေပြီပဲ။ နှင်း မွေးနေ့မှာ အမှတ်တရ ကတ်လေး ပို့ပေးခဲ့၍ သိခဲ့ရ၏။ နှင်းက ခုမှ သတ္တိတွေ ရှိလာခဲ့ပြီး တကယ်တော့ နှင်းချစ်တာ အစ်ကိုပဲဟု (မိုက်မိုက်ကန်းကန်းပဲ ဆိုစေတော့) စာထဲမှာ ထည့်ပေးလိုက်သည်။ လူချင်း ဝေးရပေမယ့် မသေခင် သိသွားပါစေဟု တွေးသည်။ ဘဝချင်း မဆုံရသော်လည်း နှလုံးသားကိုတော့ ဖုံးကွယ်မထားချင်တော့ပါ။

ဘယ်လိုမှ မျှော်လင့်မထားဘဲ သူရောက်လာခဲ့သည်။

**ရန်ကုန်မှာ ပြန်အတွေ့ သူရော ကိုယ်ရော ပွင့်ပွင့်လင်းလင်း ချစ်သူများ** ဘဝ ရွှေတိဂုံဘုရားကြီး အသိပါ။ အစ်ကို့ ဘယ်လက်ရုံးကို အားပြု နိုတွဲပြီး ရွှေတိဂုံ အနောက်မုခ်က လှေကားထစ်များကို တက်ခဲ့ဖူးသော ညချမ်းများ …

ဒါပေမယ့် …

လက်ထပ်ရအောင် …ဟု နှင်း တစ်ခါမှ မတွေးခဲ့တာ အမှန်။ သူ့ အဝေးကြီးကို (၅) နှစ်တောင် သွားဦးမှာ။ ကိုယ်က သမီး ဂျိုးဖြူလေး မွေးမြူရဦးမှာ။ သည်တော့ လောလောဆယ် ဘာမှ မတွေးနဲ့။ ပစ္စုပ္ပန် ခဏမျှ ပျော်ရတာ ကျေနပ်ပါမယ်။

တကယ်ပဲ ပျော်ခဲ့ရတာ မနော်ဘုရားကြီး သိပါသည်။

"ဟော … မောင်နှမ ပြန်တွေ့နေကြပြီလား"

နှင်းခိုင်လွင် အတွေးနက်နေဆဲ …





အိမ်ပေါ်သို့ လူကြီးတစ်ယောက် တက်လာသည်။

သူ့ကို နှင်းခိုင်လွင် မသိပေ။

"ဟာ … ကိုယ့်ကို မမှတ်မိဘူးပေါ့။ ကိုအောင်နိုင့် အခန်းဖော် လှဝေလေ"

"ြော်"

နှင်းခိုင်လွင်က ြော်ဟုပဲ ပြန်ပြောနိုင်သည်။

ဦးအောင်ပိုင်က ထိုလူကြီးကို လက်ဆွဲ နှုတ်ဆက်၏။

"ထိုင်ဗျာ … ကျွန်တော်လည်း ညီလေး သင်္ဂြိုဟ်ရက် မီရုံပဲ ရောက်တာ၊ ခင်ဗျားက ခရီး လွန်နေတာဆို"

"ဟုတ်တယ်၊ ကျွန်တော် သတင်းစာထဲမှာ တွေ့တာ"

ခဏ မည်သူမျှ စကား မဆက်ဖြစ်။

ရင်ထဲမှာ အသီးသီး ဆို့နင့်လျက်။

အတော်ကြာမှ ဦးလှဝေက မျက်နှာကို လက်ကိုင်ပဝါဖြင့် ပွတ်ရင်း …

"နှင်းခိုင်လွင် ပိန်သွားတယ်။ အေးလေ … ဒီလိုပေါ့။ အောင်နိုင်လည်း ပိန်တယ်။ ကျောင်းတုန်းကလည်း ခပ်သွယ်သွယ်၊ သူက စာ တအား ကြိုးစား တာကိုး။ ညဖက်ကို တယောထိုးတယ်"

"နှစ်လေးဆယ် ပွဲတုန်းက ဘုံဆောင်မြင့်နဲ့ အဆို ဒုတိယ ရသေးတယ် လေ"

"မှတ်မိပါတယ်၊ နှင်းခိုင်လွင်တို့ နှစ်ယောက် အကြောင်းလည်း ကျွန်တော် အတုန် သိပါတယ်။ သူ နှင်းခိုင်လွင်ကို ချစ်တယ်လို့ ပြောရင် မလုံလောက်ဘူး။ အအား သံယောဇဉ် ကြီးတာ။ နှင်း လက်ထပ်လိုက်ပြီလို့ ဖိတ်စာရတော့ သူ ဘာလုပ်တယ် ထင်လဲ"

"မပြောပါနဲ့တော့ ကိုလှဝေရယ်"

"တယောဖက်ပြီး မျက်ရည်တွေ ကျနေတာ"

"ဟင် … သူ မျက်ရည်ကျတယ် ဟုတ်လား"

"ခင်ဗျားတို့ နှစ်ယောက်ဟာလေ သူကလည်း လျှို့ဝှက်လွန်းတယ်၊ ခင်ဗျားကလည်း ဖွတ်လုပ်လွန်းတယ်"

"ဟုတ်ပါတယ်။ နှင်းရဲ့ အမှားတွေချည်းပါပဲ"

နှင်းခိုင်လွင်က ဦးလှဝေကို ရေနွေး ငှဲ့ပေးသည်။

ဦးလှဝေက ရေနွေး ယူသောက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ပြောရဲတယ်။ ခင်ဗျားသာ ကျောင်းမှာ ဘီအေတန်းအထိ ဆက်ရှိနေရင် ခင်ဗျားတို့ ညားမှာဗျ"

ဦးအောင်ပိုင်က မျက်ခုံး ရှုံ့ရင်း …

"မဟုတ်ဘူး ကိုလှဝေရဲ့၊ အောင်နိုင် အင်္ဂလန် သွားခါနီး နှင်း ပြင်ပဝီမှာ လာဖြေတော့ သူတို့ အဆင်ပြေလို့ပဲ။ အမေကတောင် နှင်းနှင်းနဲ့ သဘောတူတယ်လို့ ပြောပြီးပြီ"

"အစ်ကို ပီအိပ်ချ်ဒီ မသွားရင်တော့ နှင်းတို့ လက်ထပ်ဖြစ်မလား မသိဘူး။ အထက်တန်းပြ ဆရာမနဲ့ လမ်းဝန်ထောက်ဆိုတဲ့ အတွဲက အဲဒီခေတ်ရဲ့ ပေါ်ပြူလာပဲလေ။ သူ ပီအိပ်ချ်ဒီ ဖြစ်တော့မယ်ဆိုတော့ နှင်း တအား စဉ်းစားတယ်။ နောင်တစ်ချိန်မှာ ပါမောက္ခချုပ် ဖြစ်နိုင်တဲ့ လူဟာ တစ်ခုလပ်၊ ကလေးတစ်ယောက် အမေနဲ့ မထိုက်တန်ဘူး။ 'ဒေါက်တာ အောင်နိုင်၊ ပီအိပ်ချ်ဒီ လန်ဒန်' ဆိုတဲ့ သူတော်ကောင်းကြီးအတွက် သတို့သမီးဟာ အပျိုစင်လေးပဲ ဖြစ်သင့်တယ်။ အနည်းဆုံး လက်ထောက် ကထိကလောက် ဖြစ်ရမယ်"

"ခင်ဗျား သိပ်အတွေးလွဲတာပဲ"

ဦးလှဝေက ခေါင်းရမ်းသည်။

"အားလုံးဟာ ကံ-ကံ၏ အကျိုးတွေပါပဲဗျာ"

ဦးအောင်ပိုင်က လှုကြီးလေသံနှင့် ဆိုသည်။

"ကံဆိုတာ မှန်ပါတယ်။ အဲဒီကံကို နှင်း ဖန်တီးတာ။ အစ်ကိုနဲ့ ပြန်တွေ့ရင် နှင်းလည်း ရှောင်နိုင်ချင်မှ ရှောင်နိုင်မယ်။ ဒါကြောင့် သူ ပြန်မရောက်ခင် နှင်း ဩစတြေးလျကို ထွက်သွားတာ။ သူ ပြန်ရောက်ပြီ။ အိမ်က စီစဉ်တဲ့ အိမ်ထောင်နဲ့ အခြေကျသွားပြီဆိုမှ နှင်း မြန်မာပြည် ပြန်လာတာလေ။ အဲဒါမှ အချစ်လို့ နှင်း ယူဆတယ်။ အချစ်ဆိုတာ ကိုယ့်ချစ်သူကို မထိခိုက်စေချင်ဘူး ကိုယ်ပဲ အနစ်နာခံတယ်။ အစ်ကိုကလည်း နှင်းကို သိပ်ညာတာတယ်။ အင်္ဂလန်ကို စာရေးတဲ့အခါ လက်ရေးသေးသေးနဲ့ ရေးတဲ့၊ ဒါမှမဟုတ် နှစ်ဖက်လုံးရေးတဲ့ စာပို့ခ များလွန်းတယ်တဲ့။ အစ်ကို နှင်းကို ချစ်ရှာပါတယ်။"

"ခုတော့ ခင်ဗျား အချစ်ဆုံးကြီးက ဆုံးရှာပြီလေ"

ဦးလှဝေက ရက်ရက်စက်စက် ပြောချလိုက်သည်။

ဦးအောင်ပိုင်က အပြင်ဘက်ကို မျက်နှာလွှဲသည်။

အပြင်မှာ မိုးသည်းလာသည်။





လျှပ်စီးများ တစ်ချက် တစ်ချက် လင်းလာသည်။

ဩဂုတ်လ၏ မိုးစက်တွေက ဟိုးအရင် ဩဂုတ်လ၏ မိုးစက်များနှင့် အတူတူပဲ ဖြစ်ပါသည်။ မတူတာက လူတွေ၏ ဘဝများ။ အရင်မိုးစက်တွေကြားမှာတုန်းက နှင်းခိုင်လွင်သည် ကိုအောင်နိုင့် ထီးအောက်မှာ။ ယခု ဩဂုတ်လ၏ မိုးစက်များ ကြားမှာတော့ ဒီမြေပေါ်မှ အပြီး ထွက်ခွာသွားသော ကိုအောင်နိုင်တို့ တမ်းတရင်း …

"သူ အင်္ဂလန်ကနေ ရေးတဲ့ စာတွေမှာ နှင်းတွေနဲ့ ဖုံးနေတဲ့ ကွင်းပြင်အကြောင်း ရေးဖူးတယ်။ နှင်းကို မြင်စေချင်တယ်တဲ့။ နှင်းက appriciate လုပ်တတ်လို့တဲ့"

"ဒါနဲ့ နှင်းခိုင်လွင်က ကိုအောင်ပိုင်နဲ့တော့ အဆက်အသွယ် မပြတ်ဘူးပေါ့"

ဦးလှဝေက စကားဝိုင်းကို ပြန်ထိန်းချင်ပုံ ရလေသည်။

ရေနွေးကြမ်း ငှဲ့ရင်း မေးသည်။

ဦးအောင်ပိုင်က ခေါင်းညိတ်ရင်း …

"အေးဗျ … ဒီညီမလေးနဲ့ ကျွန်တော်နဲ့က စာပေနယ်မှာ ပြန်တွေ့တယ်လေ။ ကျွန်တော်က သတင်းစာလောကထဲ ဝင်တာကိုး။ ကိုစိုးသိန်းနဲ့ အတူတူလေ"

"ဘယ် ကိုစိုးသိန်းလဲ"

"ကျုပ်တို့ အမရမှာတုန်းက တွဲတဲ့လူလေ၊ ပဲခူးက။ သူက အခု တကယ့်အိပ်တန်း သတင်းစာဆရာကြီး မောင်ဝံသပေါ့"

"ဟုတ်လား"

ဦးလှဝေက မျက်ခုံး မြှင့်ပြသည်။

"မောင်ဝံသတော့ သိတာပေါ့။ သူ့ရဲ့ 'ပယ်ရီမေဆင်' အတွဲတွေ ကျုပ်တို့ ဖတ်သည်းစွဲပဲ။ နောက်ပိုင်း 'သတင်းစာပညာ' တို့ 'သတင်းဋီကာ' တို့ ကျုပ်ဖတ်တယ်။ သူက ကိုအောင်ပိုင်နဲ့ တွဲတဲ့ စိုးသိန်းကိုး"

"ဟုတ်ပါ့ဗျာ အဲဒီ စိုးသိန်းပဲ။ သတင်းစာလောကမှာ သူနဲ့ ပြန်တွဲမိတယ်။ ညီမလေး နှင်းခိုင်လွင်နဲ့လည်း စာပေနယ်မှာ ပြန်တွေ့တာ။ နှင်းခိုင်လွင်က ဩစတြေးလျမှာ ရလာတဲ့ ငွေတွေနဲ့ အခု ထုတ်ဝေသူ လုပ်တာလေ။ နှင်းခိုင်လွင်က လည်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလည်လို့ပဲ ကိုကိုလေးရယ်"

နှင်းခိုင်လွင်က ခေါင်းရမ်းပြီး မဲ့နေသည်။

"ထုတ်ဝေရေးတိုက်က ဘာနာမည်လဲဗျ။ ကိုဝံသကတော့ ခေါင်းစားစေ ဆို။ 'အတွေးအမြင်' စာစောင်လည်း လစဉ် ထုတ်တယ်။ အောင်မြင်တယ်ဗျ"

"နှင်းခိုင်လွင်ရဲ့ တိုက်နာမည်က 'နှင်း' တစ်လုံးတည်းပါ"

"ကိုအောင်နိုင် ခေါ်သလိုပေါ့"

ဦးလှဝေက မပြုံးဘဲ ပြော၏။ သူ ဘယ်နောက်ရက်ပါ့မလဲ။

အတည် သတိရသွားတာပဲ ဖြစ်ပါလိမ့်မည်။

"ကျုပ်တို့ လူတွေ စာပေနယ်ထဲမှာ အတော် ရှိပါတယ်။ မောင်တည့်ငြိမ်းဗျာ၊ မိုးဟိန်းဗျာ၊ တက္ကသိုလ် မင်းမော်တော့ ဆုံးပြီနော်။ ကဲ … မောင်ခင်မင် (ဓနုဖြူ) လည်း ကျုပ်တို့ ခေတ်က ကျောင်းနေဖက်ပဲ"

ဦးအောင်ပိုင်က စကားပြောရတာ သွက်သွက်လက်လက် ဖြစ်လာသည်။

"ဟုတ်ပါတယ်။ နှင်းတို့ ရန်ကုန်တက္ကသိုလ် ကလောင်သင်းကလည်း စာရေးဆရာတွေ တအား ထွက်တာ။ ထွက်ပုံထွက်နည်းကလည်း ဂုဏ်ယူစရာကြီးပါ။ ရန်ကုန်တက္ကသိုလ်က စာရေးဆရာတွေ မွေးထုတ်တာ မှန်ပါရဲ့။ ဥပမာ သိပ္ပံ မောင်ဝ၊ မောင်ထင်၊ ဇော်ဂျီ၊ မင်းသုဝဏ်ကစပြီး နောက်ပိုင်း ငြိမ်းကျော်အထိ ဆိုပါတော့။ ဒါပေမယ့် အရေအတွက်များများ အရည်အသွေး ကောင်းကောင်းနဲ့ တစ်ရှိန်ထိုး ထွက်ခဲ့တာကတော့ နှင်းတို့ခေတ် ၁၉၆၀-၆၅ ပဲ ဦးလှဝေရဲ့"

နှင်းခိုင်လွင်လည်း စကားပြော၍ အာတွေ့လာသည်။

"နေပါဦး၊ ကျောက်ဘီလူး တင်မောင်ဆွေက ခြေထောက် ဖြတ်လိုက်ရတယ်ဆို၊ ဘယ့်နှယ့် တကယ့် အလေးမသမားကြီးဗျာ"

"ဟုတ်ပါတယ် အစ်ကိုကြီး တင်မောင်ဆွေက စာမျိုးစုံ ရေးနိုင်တာ။ အားကစား ဆောင်းပါးတွေ၊ ဘာသာပြန် အထုပ္ပတ္တိတွေ၊ အဲသလို အားကောင်းမောင်းသန် ရေးတုန်း ခြေထောက် ဖြတ်ရတာ။ ဆီးချို နိုပ်စက်တာပေါ့။ ရေချိုးခန်းထဲ ချော်လဲပြီး ခြေမလေး ကွဲသွားတာတဲ့။ အဲဒီ အနာလေးက မကျက်တော့တာလေ။ နောက်တော့ ခြေထောက်ကို ဖြတ်ရရှာတယ်။ နှင်း လူနာမေးရောက်တယ်။ သူက ဘယ်လောက် စိတ်မာသလဲဆိုတော့ ခြေထောက်ဖြတ်တဲ့အခါ မေ့ဆေးပေးထားတယ် ဟုတ်လား။ သတိရလာတော့ ဘေးမှာ သူ့သမီးကြီး ရှိလို့ ဘယ်လောက်ထိ ဖြတ်လိုက်လဲ မေးသတဲ့။ သမီးက စကားနဲ့ မပြောရဲ





ဘူး။ စောင်လှပ်ပြလိုက်တယ်။ အဲဒီအခါ ဦးတင်မောင်ဆွေက 'အော် Below Knee ပဲ' (ဒူးခေါင်းအောက်)လို့ ဟန်မပျက် ပြောသတဲ့"

"နိုင်ငံရေးသမားတွေမှာ ရှိတဲ့ သံမဏိ စိတ်ဓာတ်ပေါ့"

"ဟုတ်လိမ့်မယ်။ နှင်းသွားပြီး သတင်းမေးတော့လည်း သူက ဝရန်တာမှာ တယ်လီဖုန်းတစ်လုံးနဲ့ စာရွက်တွေ ဘောပင်တွေ ဂျာနယ်တွေနဲ့ ရယ်လို့ မောလို့၊ နှင်းရေ ကိုယ်က အခု စာတွေ ပိုရေးဖြစ်တယ်ကွဲ့။ အရင်က ကိုယ်သိပ်လမ်းများတာ။ အခုမှ ဖင်မြဲပြီး ဟန်ကျနေတယ်တဲ့"

သုံးယောက်သား ငြိမ်သွားသည်။

လောကကြီးမှာ 'အကောင်းမြင်ဝါဒ' ကို ဆုပ်ကိုင်တတ်ဖို့ဆိုတာ ခက်ခဲသလောက် အကျိုးကြီးကြောင်း သဘောပေါက်ပြီး ဖြစ်သော်လည်း တကယ်ကျင့်သုံးရန်ကား ခက်၏။ နှင်းခိုင်လွင်ကတော့ မာလာမှာတုန်းက ရင်အုပ်ကားကား၊ မေးရိုးကားကားနှင့် ကာယဗလသမား တင်မောင်ဆွေကြီး မာလာအပေါ်ထပ်က သူ့ချစ်သူဆီ အချိန်မှန် လာတွေ့ပုံကို မြင်ယောင်နေမိသည်။

"ကိုတင်မောင်ဆွေနဲ့ ကိုယုက မာလာရဲ့ အချိန်မှန် အမြန်ရထားတွေလေ၊ ကိုတင်မောင်ဆွေက ခြေထောက် ဖြတ်ရပြီးမှ ဆုံးရှာတယ်။ ကိုယုလည်း ရေချိုးခန်းမှာ လဲကျတာပဲ။ သူက တင်ပဆုံရိုး ကျိုးသွားတာ။ လမ်းမလျှောက်နိုင်တော့ဘူး။ ဒီလိုနဲ့ အိပ်ရာထဲ လဲရင်း စိတ်ဓာတ်ကျသွားတယ် ထင်ပါရဲ့။ အသက် မရှည်ရှာဘူး"

"မောင်ဆွေတင့်ကတော့ ရှိသေးတယ်ဆို၊ လေဖြတ်ထားတာလို့ ကြားတယ်"

"ဟုတ်တယ် ကြာတောင်ကြာပြီ။ သူ့ဆီလည်း နှင်း ရောက်ပါတယ်။ သူက သူငယ်ချင်းတွေ လာရင် ငိုတာပဲတဲ့။ နှင်းကို တွေ့တော့လည်း ငိုလို့၊ နောက်ထပ် မသွားရက်ဘူး။ လေဖြတ်တာ ဆိုးတယ်နော်"

"ဦးကျော်ဦးက ပိုဆိုးတာပေါ့။ မောင်ဆွေတင့်က သွားနိုင် လာနိုင်နဲ့ စကား ပြောနိုင်သေးတယ်။ ဦးကျော်ဦးက အော … အော ….ဆိုတာကလွဲပြီး ဘာစကားမှ ပြောလို့ မရရှာတော့ဘူး"

"မြန်မာ့အသံ ဦးကျော်ဦးကို ပြောတာလား"

"အေးလေ … ကျောင်းမှာတုန်းက ကလောင်သင်း အတွင်းရေးမှူး အောင်သက်ဝေပေါ့။ မြန်မာ့အသံ ရောက်တော့ မြန်မာ့အသံ ကျော်ငင်း ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ အဲဒါကြောင့် ထင်ပါရဲ့။ သူလည်း နာမည်ရင်းနဲ့ တွဲပြီး မြန်မာ့အသံ ဦးကျော်ဦး ဖြစ်သွားတယ်"

"ဒီလောက် စကားပြော ကောင်းတဲ့လူမှ ဖြစ်ရလေဗျာ"

"အစ်ကိုကြီး"

အိမ်ထဲမှ လူလတ်ပိုင်း တစ်ယောက် ထွက်လာသည်။

"အေး ... လာလေ ... ငါ့ သူငယ်ချင်းတွေနဲ့ စကားပြောနေတာ အားမရဘူး၊ သူက ကျွန်တော့် ယောက်ဖလေ။ သိန်းမောင်ဝင်းတဲ့"

"အစ်ကိုကြီး သူငယ်ချင်းတွေကို တစ်ခုခု ကျွေးရအောင်။ အိမ်မှာတော့ သိပ်ကောင်းကောင်း မရှိဘူး။ ဒီနားမှာ 'ရွှေဘဲ စားတော်ဆက်' ဆိုင်ခွဲ ရှိတယ်။ ကျွန်တော် လိုက်ကျွေးပါ့မယ်။ ကားလည်း ဆီဖြည့်ထားတယ်"

ဦးအောင်ပိုင်က ဘယ်လိုလဲဟု လှမ်းကြည့်မေး၏။

ဆာတယ်ဟု ဦးလှဝေက ဖြေသည်။

နှင်းခိုင်လွင်က ဘာမှမပြော။

စားပြီးရင် ပြန်ပို့တော့ ကားနဲ့ အဆင်ပြေတာပေါ့ဟု သိန်းမောင်ဝင်းက ပြောသည်။ သုံးယောက်သား နေရာက ထလိုက်ကြသည်။

*

'ရွှေဘဲ စားတော်ဆက်' မှာ လူရှင်းနေသည်။

မိုးတွင်းမို့ လူသိပ်မလာတာ ဖြစ်ကောင်း ဖြစ်မည်။

သည်လို လူရှင်းရှင်းမှာ တစ်ယောက်တည်း ထိုင်နေသူကို မြင်ရ၏။

ထိုလာ စိုးမြင့်ထယ်ကိုး။

"ဟယ် ... စိုးမြင့်ထယ်"

နှင်းခိုင်လွင်က တအံ့တဩ နှုတ်ဆက်၏။

ထိုလူက မျက်မှန်ကို နဖူးခေါင်းပေါ် မ-တင်နေပြီးမှ ...

"ဟာ ... နှင်းတို့ပါလား၊ လာကြပါ" ဟု ကျွန်လူများကိုပါ ဖိတ်ခေါ်လေသည်။

"ထိုင်ပါ ထိုင်ပါ" ဟု ဦးအောင်ပိုင်က အားနာနေသည်။

"ရတယ် ကိုကိုလေး၊ သူငယ်ချင်းတွေပဲ။ စိုးမြင့်ထယ်က ကလောင်သင်း မှာတုန်းက ထီးတန်း တာဝန်ခံလေ။ သူငယ်ချင်း ဒါ ငါ့အစ်ကိုတွေ။ ဦးအောင်ပိုင်



မန္တလေး 'အလင်းရောင်' သတင်းဂျာနယ်တိုက် ပိုင်ရှင်၊ ဒါက ဦးလှဝေ ---"

"ပင်စင်နာ"

ဦးလှဝေက သူ့ရင်ဘတ်သူ လက်မဖြင့် ညွှန်ပြီး မဲ့နေသည်။

"ကြွပါခင်ဗျာ၊ နှင်းအစ်ကိုတွေဟာ ကျွန်တော့် အစ်ကိုတွေပေါ့။ ကျွန်တော်က နှင်းကို ငယ်ငယ်ကတည်းက ..."

"ဘာလဲ ... ဖက်ဖူးရောင် ဝတ်စုံလေးနဲ့ မျက်စိထဲက ခုထိ မထွက်ဘူး လို့ ပြောဦးမလို့ ဟုတ်လား"

နှင်းခိုင်လွင်စကားကြောင့် အားလုံး ရယ်ရယ်မောမော။

နာရေး သတင်း လာမေးသူများနှင့်တောင် မတူကြတော့ပေ။

"စိုးမြင့်ထယ်က 'အယ်-ချုပ်' လေ။ အရင် သိပ္ပံမဂ္ဂဇင်း၊ အခု ဘာ မဂ္ဂဇင်းလဲ မသိတော့ဘူး။ နှင်းတို့ သူငယ်ချင်းတွေက အားလုံး အယ်-ချုပ်နဲ့ ထုတ်ဝေသူတွေပဲ။ တစ်ပြားမှ မလျှော့ဘူး"

နှင်းခိုင်လွင် ရှင်လန်းနေသည်။

"ရန်ကုန်တက္ကသိုလ်ထွက်တွေကိုး"

ဦးလှဝေက မှတ်ချက်ချ၏။

သိန်းမောင်ဝင်းက မီနူးကတ် ကြည့်ပြီး စားစရာ မှာနေသည်။

အပြင်မှာ မိုးဖွဲဖွဲ ရွာနေဆဲ ဖြစ်၏။

"သင်းအောင်နဲ့ တွေ့သေးလား"

နှင်းခိုင်လွင့် အမေးကို စိုးမြင့်ထယ်က ခေါင်းညိတ်ပြီး ဖြေ၏။

"တွေ့ပါတယ်။ သူလည်း 'ဝယ်သူ့စိတ်ကြိုက်' မှာ အကြိုက် မတွေ့တော့တာနဲ့ အယ်-ချုပ်က နုတ်ထွက်ပြီး အခု 'ရွှေမြန်မာ' မှာတဲ့။ အယ်-ချုပ် ပဲ"

"ရန်ကုန်တက္ကသိုလ်ထွက်ကို"

ဦးလှဝေက ဆိုသည်။

သူ့မျက်နှာက တည်သဖြင့် ဘယ်သူမှ မရယ်ရဲ။

"ကလောင်သင်းထွက်လို့ ပြောရင် ပိုမှန်မယ်"

စိုးမြင့်ထယ်က သောက်လက်စ ရေသန့်ခွက်ကို မှောက်ပြရင်း ပြောသည်။

"အေးကွယ် ... ကလောင်သင်းထွက် ကိုလင်းယုန်ကြီး တစ်ယောက် တော့ တကယ့် သစ်ပုပ်ပင်ပဲ။ မားမားမားမားနဲ့ လှုပ်ရှားတုန်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ကဗျာတစ်ပုဒ်ပါတိုင်း လျှောက်ပြသေးလား”

သည်တစ်ခါ ရယ်ဖြစ်၏။

“ပြရုံမကဘူး၊ တစ်ခါ လေထန်ကုန်းမှာ သူနဲ့အတူ ကဗျာဆရာ တစ်ယောက် ပါလာတော့ ကိုယ်လည်း ယဉ်ကျေးမှုထုံးတမ်းအရ မောင်လေးရဲ့ ကဗျာ ကြိုက်တယ်လို့ ပြောမိပါတယ်။ ကိုလင်းယုန်က ဖျတ်ခနဲ ကဗျာကို ကြိုက်တာ လား၊ ကဗျာဆရာကို ကြိုက်တာလားတဲ့။ သိပ်ဆိုးတဲ့ အဘိုးကြီး”

သိန်းမောင်ဝင်း လက်ရာ မှာထားဟော ဟင်းပန်းကန်တွေ ရောက်လာ သည်။

“ငါးကို ဒီအတိုင်း ပေါင်းရင် ရိုးအိလို့၊ အထဲမှာ စုံစီနဖာတွေ လျှောက် ထည့်တာ၊ စားကြည့်ပါဦး”

သိန်းမောင်ဝင်းက သူ့ယောက်ဖကြီး မန္တလေးသားကို ဟင်းမယ်များ ဦးချ၍ ပေးနေသည်။

“ဟော့ နှင်း၊ ကိုယ် အင်းလေး သွားတော့ သိန်းသန်းထွန်းနဲ့ တွေ့ခဲ့ တယ်”

စိုးမြင့်ထယ်က ဟင်းပန်းကန်ကို နှင်းရှေ့ တိုးရင်း ပြောသည်။

“ဟုတ်လား၊ အချစ်ရှူးလေးရဲ့ အချစ်ဦး သိန်းသန်းထွန်း”

“ဘယ်ပန်းချီ ရေးလို့မမီ သိန်းသန်းထွန်း”

“ရေနံ့ဆီအတု သောက်တဲ့ သိန်းသန်းထွန်း”

“ခုတော့ သူက အင်းလေးဒေသမှာ ရှေးဟောင်းဘုရားသမိုင်းတွေကို ခောက်ချပြီး သုတေသန လုပ်နေတယ်။ အဖိုးတန်လိုက်တာ။ ဒီလို လူမျိုး တိုင်းပြည်အတွက် လိုအပ်တယ်ဗျ။ ရှမ်းဘုန်းကြီးတွေ၊ ရှမ်းတိုင်းရင်းသားတွေ က သူ့ကို အရမ်းအားကိုးတာ။ သူလည်း အဲဒီ သုတေသနအလုပ်နဲ့ ပျော်မွေ့ နေတယ်”

စိုးမြင့်ထယ်က အားရပါးရ ပြောနေသည်။ နှင်းခိုင်လွင်က …

“နှင်း ဟိုးတစ်နှစ်က အင်းလေး ရောက်သေးတယ်။ အင်းတိမ်ထဲ ဝင်တော့ အစ်ကိုကြီး သိန်းသန်းထွန်းကို အဲဒီက ဘုန်းကြီးကျောင်းမှာ သမိုင်း ပြုစုနေတာ တွေ့ရတယ်။ နှင်းကို မြင်တော့ သူ ဝမ်းသာလိုက်တာလေ၊ နှင်း နင့်လက်ကို ငါ အကြာကြီး ကိုင်ထားဦးမယ် ဆိုပြီး တကယ်ကို မလွှတ်တော့ ဘူး။ သူ့ဇနီး အင်းလေး သန္တာခင်ကလည်း သူ့အပါးမှာ ပါရမီ ဖြည့်လျက်ပဲ။



နှင်းတို့ စကားများများ မပြောနိုင်ကြဘူး။ ကျောင်းတုန်းက ပုံရိပ်တွေက ရင်ထဲ နှင့်နေအောင် ဖန်တာကိုး။ အပြန်မှာ လှေဆိပ်ကို လိုက်ပို့ရှာတယ်။ နောင် ပြန် တွေ့ချင်မှ တွေ့တော့မှာမို့ လွမ်းလို့ပေါ့။ အဲဒီ လှေဆိပ်မှာ သူ ပြောသေးတယ်။ မောင်ဆွေတင့်ဆီ ငါ သွားတယ်၊ သူ့အတွက် ဆေးဖိုးဆိုပြီး ပေးတော့ ငိုလိုက်တာ။ ခါတိုင်း သူကပဲ ငါ့ကို ပေးနေကျလေတဲ့”

လေပြင်းတစ်ချက် ဝှေ့သဖြင့် စားပွဲပေါ်က တစ်သျှူးစများ လွင့်ကျကုန် သည်။ မိုးလယ်၏ ညနေခင်းကား ကြမ်းစွ။

နှင်းက တစ်သျှူးနှင့် နှုတ်ခမ်းကို သုတ်ရင်း …

“အခု ကိုယ်တို့ ကိုအောင်နိုင့် နှာရေးသတင်း မေးရင်း ဆုံကြတာ။ သူငယ်ချင်းတွေလည်း ကုန်တော့မယ်”

နှင်းအသံက မိုးလေထဲမှာ ပျောက်သွားသည်။

“အေးကွာ တို့မသေသေးတာ အမြတ်ပေါ့။ ထွန်းထွန်း(ဆေးသိပ္ပံ) ဆို အစောကြီး သေသွားတာ။ ကင်ဆာခေတ်ဦးမှာ ရှေးဦးပေါက်ပေါ့”

“နှင်းနဲ့ ရန်ဖြစ်တဲ့ မောင်ဇေယျာလည်း ဆုံးသွားတာ ကြာပြီနော်”

စိုးမြင့်ထယ်က အမှတ်သညာ ကောင်းသားပဲ။

နှင်းက တစ်ချက် ရယ်မိသည်။

“အေးဟယ် … အဲဒီနောက် သူနဲ့ ပြန်တွေ့သေးတယ်။ ကိုယ်က သီအေ ဖိုင်နယ်လ် လာဖြေတာ။ သူက အမ်အေ ဖြေဖို့ လာတာ။ သိပ္ပံခန်းမကြီး မှာ အတူတူ ဖြေရတယ်။ ရေစက်က မကုန်ဘဲကိုး။ အံမယ် … ကိုယ်က သူ့ကို မြင်သားပဲ။ မမြင်ချင်ယောင် ဆောင်နေတာ။ သူက မနှင်းခိုင် ဆိုပြီး လာ ခေါ်တာ။ ကိုယ်ကလည်း အခဲမကျေသေးတဲ့လူ။ ဟင် … ကိုဇေယျာ ရှင်က ဘာသာတွေ ပြေလို့ လာခေါ်တာလားလို့ အငေါ့တူးလိုက်သေးတယ်။ အဲဒီမှာ သူက မနှင်းခိုင်ရယ် … ကျွန်တော်တို့ လူကြီးဖြစ်ကြပြီပဲတဲ့။ အကျေအလည်ပဲ။ နောက်ပိုင်း သူ ပြင်သစ်သံရုံးမှာ ဘာသာပြန် အယ်ဒီတာ ဝင်လုပ်တယ် ကြားတယ်။ ဆုံးတာတော့ မသိလိုက်ဘူး”

“ကိုင်း … မသေသေးတဲ့ လူတွေအကြောင်း ပြောကြကွာ”

ဦးလှဝေက ဆယ့်နှစ်မျိုးဟင်းချိုကို ဇွန်းဖြင့် မွှေရာက ဆိုလေသည်။

သည်တော့ ဦးအောင်ပိုင်က …

“ဥပမာ ခင်ဗျားဗျာ မသေသေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ကျုပ်က ပင်စင်နာပီပီ ဟိုလူဆီသွား စကားများနဲ့ပေါ့။ အေး ... အံ့သြစရာ ကောင်းတာက ကိုအောင်နိုင်အတွဲ စိုးပိုင်ပဲ။ ကျောင်းတုန်းက စကားကတ်ပြီး ပြောတတ်သလောက် ခုကျတော့ မမွကထိက လုပ်နေသတဲ့။ ဆန်ဖရန်စစ္စကိုမှာ သူ့သားကြီးလည်း အခြေကျတော့ သူက အဲဒီက တရားရိပ်သာမှာ ဆရာဆိုပဲ။ ကိုအောင်နိုင် မဆုံးခင်က သိပ်ပြောတာ။ စိုးပိုင်က အကြဲ ပိုင်တယ်တဲ့။ ဒီမှာဆို သူ ဘုန်းကြီးဝတ်ရင်တောင် မမွကထိက ဖြစ်ချင်မှ ဖြစ်မှာ။ ဟိုမှာက လူဝတ်နဲ့ပဲ တရားပြရတာတဲ့"

နှင်းခိုင်လွင်က ငါးပေါင်းထုပ်တစ်ခုကို ဖြေပြီး ဦးလှဝေ ပန်းကန်ထဲ ထည့်၏။

"ဦးလှဝေကြီး စားနော်။ ပင်စင်နာတွေ ငါးစားရတယ်တဲ့။ တခြား အစာ ကြော်ခဲတာတွေ မစားနဲ့။ သွေးတိုးရှိရင် ဝက်သား၊ မုန့်ဟင်းခါး လုံးဝ မစားတာ အကောင်းဆုံးပဲ။ ခင်လှမြင့် ယောက်ျား ပဲခူးသား ပန်းချီစံတိုးလေ သီတင်းကျွတ် လပြည့် မနက်ကြီး ဘုန်းကြီး ဆွမ်းကပ်တဲ့ မုန့်ဟင်းခါး စားပြီး နှလုံးရောဂါ attack ရလို့ ဆုံးတာ"

"မသေသေးတဲ့ အတွဲတစ်တွဲက လှည်းတန်း အဝိုင်းက တိုက်ခန်းမှာ ကိုတင်အောင်မြင့်နဲ့ မာလာ ဥက္ကဋ္ဌ မြင့်မြင့်တို့အတွဲ၊ နောက်ထပ် နောက်ထပ် မသေသေးတဲ့လူ ပြောရရင် ဂရေစီက အမေရိကားမှာ၊ အိုင်ရင်းက တောင်ကြီးမှာ၊ ဌေးဌေးနဲ့ မမြကြည်က ဝါးခယ်မမှာပဲ။ မမြင့်ကတော့ ရောဂါစုံတာကိုး ရင်ခွဲလိုက်၊ ဗိုက်ခွဲလိုက်နဲ့ သက်ဆိုး မရှည်ရှာဘူး။ အဲ ... မောင်သိန်းတန်က ကိုကိုလေး ... ၁၃၀၀ ပြည့် အရေးတော်ပုံ ပြဇာတ်မှာ ဗိုလ်အောင်ကျော် လုပ်တဲ့ မောင်သိန်းတန် မှတ်မိလား။ မန္တလေးဟောလ်ကပဲလေ"

"မှတ်မိတာပေါ့ဟာ၊ သူက သိပ်တက်ကြွတာ။ အစောပိုင်း ကျဆုံးခဲ့တဲ့ ရဲဘော်တွေထဲမှာ သူပါတာပေါ့။ ပြဇာတ်ကခဲ့တာ နိမိတ်ပဲ"

ခေတ္တမျှ ငြိမ်သက်သွားကြ၏။

ကျဆုံးသူများ ဆိုသော စကားလုံးကြောင့် ဖြစ်မည် ထင်သည်။ ဘယ်သူမျှ စကား မဆက်ဘဲ ငြိမ်နေမိကြ၏။

ရွှေဘဲ စားတော်ဆက်ကလည်း ငြိမ်လို့ပါပဲ။

မိုးထဲ လေထဲမှာ ဂျစ်ကားနှင့် လာစားကြသော သည်လူစုအသံတွေသာ ထွက်နေခဲ့သည်။ မိုးအေးအေးမှာ ဘီယာနှင့် မှိန်းနေသူများကမူ သီးသန့်မှုန်





များမှာ နေရာယူထားကြလေသည်။

ညနေ စောင်းခဲ့ပြီ။

မိုးလည်း စဲပြီ။

ပြန်ကြမှပဟု ဦးအောင်ပိုင်က စပြောသည်။

ယောက်ဖ သိန်းမောင်ဝင်းက ဘီလ် ရှင်း၏။ နှင်းခိုင်လွင်က အားနာနေသည်။ ဦးလှဝေကမူ ရှင်းပါစေဟု လက်ဟန် ပြသည်။ ဦးအောင်ပိုင်၏ ယောက်ဖတား ကျွန်းတောလမ်းက ကားပွဲစားတန်းမှာ ကားဝယ်ရောင်း လုပ်သူ ဖြစ်၏။ ဦးအောင်ပိုင့် ဇနီး သူ့အစ်မ ဆုံးခဲ့တာ ကြာပြီဖြစ်သော်လည်း သူက ဦးအောင်ပိုင်ကို ဖခင်သဖွယ် လေးစားခင်တွယ်နေခဲ့သည်။ သားသမီးများနှင့် မန္တလေးမှာ သတင်းဂျာနယ် လုပ်နေသော ဦးအောင်ပိုင်ကို ရန်ကုန်မှာ လာလုပ်ဖို့၊ သူပါ ရှယ်ယာ ထည့်ဖို့ ဆွေးနွေးဖူးသည်။ ဦးအောင်ပိုင်ကား ရန်ကုန်မှာ လူတွေ အလုံအလောက် ရှိပါတယ်ဟု ပြောပြီး မြန်မာပြည် ဗဟိုအရပ်မှာ လိုအပ်နေသည်ဟု မကြာမကြာ ပြောတတ်လေသည်။

"စိုးမြင့်ထယ် လမ်းကြုံသားပဲ၊ လိုက်ခဲ့မလား" ဟု နှင်းခိုင်လွင် ခေါ်တော့ ဂျာနယ်အသစ်တစ်ခု ထုတ်ဖို့ ထုတ်ဝေသူတစ်ဦးနဲ့ ချိန်းထားလို့ပါဟု ပြောပြီး တုန့်ရစ်သည်။

လေးယောက်သား ကားပါကင် ထိုးထားသည့် နေရာ ရောက်ကာမှ သိန်းမောင်ဝင်း ခွေကျသွား၏။ ဘာမှန်း မသိ၍ အားလုံး ခြေမကိုင်မိ လက်မကိုင်မိ။ ဦးလှဝေနှင့် ဦးအောင်ပိုင်က သိန်းမောင်ဝင်းကို တွဲထူကြ၏။ သိန်းမောင်ဝင်းက ရင်ဝကို လက်ဖြင့် ဖိပြီး ပြုံးပြလေသည်။

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး၊ လေဆန်တာပါ။ ဖြစ်နေကျပဲ ခဏနေ ပြန်ကောင်းသွားမှာပါ" ဟု ဆို၏။

"ဘယ်ဖြစ်ပါ့မလဲ၊ ဆေးခန်းပို့မှာပေါ့။ ကား ဘယ်သူ မောင်းမလဲ"

ဦးလှဝေ ဟိုသည် ကြည့်ပြီး ပြောစဉ် ဦးအောင်ပိုင်က ...

"ကျွန်တော် ရန်ကုန်မှာ ကားမမောင်းရဲဘူး" ဟု ဖြေသည်။

ဤတွင် နှင်းခိုင်လွင်က ...

"နှင်း မောင်းမယ်" ဟု ဆို၏။

"ဘယ်ဖြစ်ပါ့မလဲ"

"ဖြစ်ပါတယ်။ နှင်း ကားမောင်းသက် ဆယ်နှစ်ကျော်ပြီ၊ [illegible]ကြည့်"

www.burmeseclassic.com



နှင်းခိုင်လွင်က သူ့စလင်းဘက်ထဲမှ ကတ်ပြားတစ်ခုကို အလွယ်တကူ ထုတ်ပြ၏။ ပလတ်စတစ် အုပ်ထားသော ယဉ်မောင်းနှင်ခွင့် လိုင်စင်။ နှင်းခိုင်လွင့် ဓာတ်ပုံက အတော် မှုန်နေပြီ။ ၁၀ နှစ် ဆိုတော့လည်း မှုန်ပြီပေါ့။

"နှင်း ကားက စပရင်တာပါ။ 86 model မို့ အင်ဂျင် ခဏခဏ ချရ တယ်။ အခုလည်း ဝပ်ရှော့မှာ။ ကဲပါ … ကိုသိန်းမောင်ဝင်းကို တွဲတင်။ အနီး ဆုံး ဆေးခန်းကို သွားရအောင်၊ ကားသော့ပေး"

ပြောပြောဆိုဆို သိန်းမောင်ဝင်း အိတ်ကပ်မှာ မြင်နေရသော ကားသော့ကို ယူလိုက်သည်။ သည်လိုပဲ ဆုံးဖြတ်ရမှာပေါ့။ ကျန်လူကြီးနှစ်ဦးက သဘောတူ လက်ခံလိုက်၏။

သိန်းမောင်ဝင်း ကားက ဥတ္တလာဂျစ် အဝါရောင် ဖြစ်၏။ သိန်းမောင်ဝင်းကို ကားနောက်ခန်းထဲ တွဲတင်ကြသည်။ ဦးလှဝေက သိန်းမောင်ဝင်းဘေးမှာ ထိန်း ပြီး ထိုင်၏။ ဦးအောင်ပိုင်က ဒရိုင်ဘာခုံဘေး ရှေ့ခန်းက နှင်းခိုင်လွင်ဘေးမှာ နေရာယူလေသည်။

ကားသော့ကို ကိုင်ပြီး ဒရိုင်ဘာခုံပေါ် ထိုင်မိတော့မှ နှင်းခိုင်လွင် ခေတ္တ တွေသွားသည်။ ဥတ္တလာဂျစ်ကား၏ စတီယာရင်က ဘယ်မောင်း၊ နှင်းရဲ့ကား စတီယာရင်က ညာမောင်း။

ရုတ်တရက် ဘယ်လို စကိုင်ရမှန်း မသိ။ လက်က အကျင့်ပါနေတာက ဘယ်လက်ဖြင့် ဂီယာကို ဖရီးလုပ်ပြီး သော့ဖွင့်မည်။ ပြီးတော့ ဂီယာ နံပါတ်ဝမ်း သွင်းဖို့ ဂီယာတံကို ဘေးဘက်တွန်းလိုက်မည်။ ကလပ်ချ်ကို လွှတ်ချရင်း လီဘာ ကို ဖြည်းဖြည်းချင်း နင်းလိုက်တော့ ကားက ငြိမ့်ငြိမ့်လေး ထွက်သည်။

ယခု သူ့ဂျစ်ကားက ပြောင်းပြန် ဖြစ်နေသည်။

ဂီယာကို ကိုင်ရတာက ညာလက်ဖြစ်နေ၏။ ဘယ်လက်နှင့်တွန်းက နံပါတ် ဝမ်း ဝင်ဖို့ ဂီယာကို ဘေးဘက်တွန်းခဲ့တာ ဆိုတော့ ယခု ညာလက်နှင့် ဘေးဘက် တွန်းလို့ မဖြစ်။ ကိုယ့်ဘက် ဆွဲရမှာပေါ့။

ခဏလေး စဉ်းစားပြီး လုပ်ကြည့်လိုက်၏။

လျှောလျှောလျူလျူပင် ကားက ထွက်လာသည်။

ဒါပေမယ့် ကားကို ညာဘက်က ထိန်းရတာနှင့် ဘယ်ကနေ ထိန်းရတာ အတော်လေး ကွာသား။ ပြီးတော့ စပရင်တာက ဆလွန်း အသေး။ ဘော်ဒီက သွယ်သွယ်။ အခု သူ့ဂျစ်ကားကြီးက ပြက်ကျယ်သည်။ ဘေးက ရှုံ့ကာတွေက





လည်း မျက်စိထဲမှာ အနှောင့်အယှက် ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် နံပါတ်တူး ဂီယာလောက်နှင့် ဆေးခန်းတော့ ရောက်နိုင်ပါလိမ့်မည်။

သိန်းမောင်ဝင်းက ဘာမှ မဖြစ်ဘူးသာ ဆိုပြီး အီး အင်းနှင့် ညည်းနေ သည်။ ဦးလှဝေက သူ့ရင်ဝကို ဖိထားပေး၏။ ဦးအောင်ပိုင်က ဒရိုင်ဘာဘေးမှ နေ၍ ကား ရှင်း မရှင်း ကူညီကြည့်ပေးသည်။

ဂီယာနံပါတ်တူးဖြင့် ခပ်ဖြည်းဖြည်း ထိန်းမောင်းရင်း ဆေးခန်း ဘယ်မှာ ရှိမလဲဟု မေးရ၏။ ကိုးမိုင်အကွေ့နားမှာတော့ ညနေပိုင်း ဖွင့်သော ဆေးခန်း ရှိသည်ဟု လှမောက ကြိုးစားပြောသည်။ ကိုးမိုင်ကုန်းအတက်အထိ သည်လိုပဲ ဖြည်းဖြည်းချင်း မောင်းရတော့မည်ပေါ့။

ကိုးမိုင်ကုန်းအတက်မှာ …

အဝေးပြေးကားဂိတ်သို့ ဝင်သော ကားကြီးတွေ ရှုပ်နေသည်။

နှင်းခိုင်လွင်က ကားကို ဖြည်းဖြည်းထိန်းရင်း ဆေးခန်းဆိုင်းဘုတ်ကို လှမ်းရှာသည်။ ညာဘက်မှာက ညနေပိုင်း ရောင်းသော ဈေးတန်းကလေး။ လူတွေ က ဈေးဝယ်ကြ၊ ကျောင်းပြန်ကြနှင့် လမ်းကို ထင်သလို ဖြတ်ကူးနေကြ၏။

ဦးဝိစာရလမ်းမှာ ကားမောင်းရတာ သိပ်ပျော်တာပဲဟု အစ်ကိုအောင်နိုင် ပြောဖူးသည်။ တစ်လမ်းမောင်းမို့ မျက်နှာချင်းဆိုင် ကားကို ရှောင်ရန် မလို။ ရေ တမာပင်တန်းလေး ဘေးမှာ အေးချမ်းစွာ မောင်းနိုင်သည်။ ဒါကြောင့် သူ အမှတ် ထင်ထင် ပြောတာ ဖြစ်မည်။

လမ်းဖြတ်ကူးတိုင်းလည်း သူ့ကို သတိမရဘဲ မနေနိုင်ခဲ့။ သူက လမ်းဖြတ် ကူးသော တစ်နေ့မှာ နှင်းလက်ကို တွဲယူရင်း လမ်းကူးတဲ့အခါ အကျဉ်းဆုံး နေရာကကူး ဟု ညွှန်ကြားခဲ့ဖူးသည်။ အစ်ကိုဟာ တကယ်ပဲ အစ်ကိုတစ်ယောက် လို့ ပုပန်တတ်သူပါ။

အခု တစ်ခါမှ မမောင်းဖူးသော ဂျစ်ကားကို အရေးတကြီး တက်မောင်း နေတာ သူသိရင် ဘာပြောမှာပါလိမ့်။

"ရှေ့မှာ ကလေး … ကလေး"

တစ်ချက်ကလေး အတွေး ပျံ့လိုက်စဉ် ဦးအောင်ပိုင်က အော်ဟစ် သတိ ပေး၏။ ဘောင်းဘီစိမ်းလေးနှင့် မူလတန်းကလေးတစ်ဦး လွယ်အိတ်ကို ဇွယ် ဆိုင်းရင်း လမ်းကူးနေသည်။ သူက ဒီဘက်ကို မကြည့်။ မြောက်ဘက်မှ ဆင်းချ လာမည့် ညာဘက်ကားတွေဆီ အာရုံထားသည်။ သူ မရှောင်ရင် ကိုယ်ရှောင်မှပဲ



www.burmeseclassic.com

www.burmeseclassic.com



စတီယာရင်ကို ဖြုန်းဆို ညာဘက်ခွဲယူလိုက်ရ၏။

ဘရိတ်နင်းဖို့ ဘာဖြစ်လို့ သတိမရတာလဲ။

ညာဘက်မှာ ကွန်ကရစ်တေတံတိုင် …

ညာဘက်အစွန်မှာ ထိုင်ပြီး ကိုယ်ကို ကိုင်းကာ စိုးရိမ်တကြီး လမ်းကြည့်ပေးနေသော ဦးအောင်ပိုင် …

ဟာ … ဆိုသော ဦးလှဝေ၏ ထိတ်လန့်တကြားအသံ …

*

"နှင်းအပြစ်ပါ ကိုကိုလေးရယ်၊ နှင်း မိုက်တာပါ"

နှင်းနိုင်လွင်က လူနာခုတင်ဘေးတွင် ခွေးခြေခုံပေါ်တွင် ထိုင်ရင်း တတွတ်တွတ်နှင့် တောင်းပန်နေသည်။

မျက်စိနှစ်လုံးသာ ပေါ်တော့သော ပတ်တီးများနှင့် ဦးအောင်ပိုင်က လှုပ်မရတော့သော ညာလက်ကို မြှောက်ထားဖို့ ကြိုးစားသည်။

ဟိုဘက်ခုတင်မှာက သိန်းမောင်ဝင်း ပက်လက်ကလေး။

အခန်းအပြင်ဘက် ထွက်လိုက် ဝင်လိုက် အလုပ်ရှုပ်နေသူက ဦးလှဝေ။

"နှင်းဟာ ကိုကိုလေးကို ဒုက္ခ ပေးမိပြီ။ နှင်းကိုယ်နှင်း ခွင့်မလွှတ်ဘူး။ အမှန်က ဂျစ်ကားကို ထားခဲ့ပြီး တက္ကစီ ငှားရမှာ။ နှင်းဟာ သူ့ကိုယ်သူ ခုထိ ထင်တစ်လုံးနဲ့ ဆုံးဖြတ်နေတုန်း။ ခုတော့ ကိုကိုလေးရယ်"

ဦးအောင်ပိုင်က လှုပ်နိုင်သော ဘယ်လက်ဖြင့် နှင်းလက်ကို ကိုင်၏။

"ဝမ်းမနည်းပါနဲ့ ညီမလေး၊ ညာလက် ဖြတ်လိုက်ရတယ်ပဲထား။ အသက်နဲ့ အဝေးကြီးပဲ။ ဒါ ညီမလေး အမှား မဟုတ်ပါဘူး။ ညီမလေးရဲ့ စေတနာစောကို ကိုကိုလေး တန်ဖိုးထားပါတယ်"

ဦးလှဝေ ဝင်လာသည်။

"ဟေ့လူ … စိုးရိမ်စရာ မရှိတော့ဘူးတဲ့။ ကျုပ်ဖြင့်ဗျာ နာရေးတစ်ခုအပေါ် နောက်တစ်ခု ထပ်ပြီ အောက်မေ့တာ။ လက်ဖျံရိုးပဲ ကျိုးတာတဲ့။ ဖြည်းဖြည်း ပြန်ဆက်သွားမှာပဲ။ လောလောဆယ်တော့ ကိုယ့်လူ အနားယူလေဦး။ အဲ … ခင်ဗျား သားကြီးနဲ့ အခုပဲ ဖုန်းကွန်တက် ရတယ်။ သူတို့ မောင်နှမ နက်ဖြန် အဲယား မန္တလေးနဲ့ လိုက်လာကြလိမ့်မယ်"

ဦးအောင်ပိုင်က ပြုံးပြီး ခေါင်းညိတ်သည်။





ဦးလှဝေက နှင်းနိုင်လွင် အနား လာထိုင်ပြီး နှင်းနိုင်လွင် ငယ်ထိပ်ကို သူ့ညာလက်ဖြင့် ခပ်သာသာ ဖိလိုက်၏။

ငိုချင်ရက် လက်တို့။ နှင်းနိုင်လွင်က ဦးလှဝေ လက်မောင်းပေါ် မျက်နှာ အပ်ပြီး ငိုတော့သည်။

"ငိုပါစေ" ဟု ဦးအောင်ပိုင်က မျက်ရိပ်ပြတော့ ဦးလှဝေလည်း ငြိမ်ငြိမ်လေးပင် ထိုင်နေရ၏။

သြော် … ကိုအောင်နိုင်သာ ရှိရင် ပြောဦးမှာ။

နှင်းက သိပ်လောတာပဲ။

နှင်းက သိပ်ဆုံးဖြတ်ချက် မြန်တာပဲဟု …

ကံကောင်း၍ ညီအစ်ကို နှစ်ယောက် ရှေ့ဆင့် နောက်ဆင့် မဖြစ်တာ။

အကြာကြီး ငိုလိုက်ရ၍ နှင်းနိုင်လွင် မောပြီး နားသည်။

ဦးအောင်ပိုင်က နှစ်သိမ့်ပြုံး ပြုံးလျက် …

"ညီမလေး … ညီမလေး တာဝန် ကျေပါတယ်။ ငါတို့အားလုံးကို ညီမလေး ကူညီချင်တာ။ ညီမလေးရဲ့ စေတနာအရင်းခံပဲ။ ငါတို့ ခွင့်လွှတ်တယ်။ တို့သေသွားတာမှ မဟုတ်ဘဲကွာ။ ဟောဒီ နှလုံးသားတွေ လှုပ်နေသေးသမျှ ငါတို့ အလုပ် လုပ်နိုင်ပါသေးတယ်။ ညာလက်မရှိတော့လည်း ဘာဖြစ်လဲ။ ဘယ်လက်နဲ့ ရေးမှာပေါ့။ လက်နှစ်ဖက်လုံး မရှိတော့ရင်လည်း နှုတ်နဲ့ ပြောမှာပေါ့။ ကိုတင်မောင်ဆွေ ပြောသလိုပေါ့ကွာ။ ခုမှ အလုပ်လုပ်ဖို့ အချိန် ပိုရလာမှာ။

ဦးအောင်ပိုင်အသံက တိုးညင်းလှ၏။

အပြင်မှာ မှောင်နေပြီ။

"တို့ တက္ကသိုလ်ကြီးက တို့ကို ကျောင်းပညာချည်း သင်ပေးခဲ့တာ မဟုတ်ဘူး။ စဉ်းစားတတ်အောင် တွေးခေါ်တတ်အောင် ပြီးတော့ ဆုံးဖြတ်ချက် မှန်မှန် ချတတ်အောင် သင်ပေးခဲ့တာ။ ကိုအောင်နိုင် ပြောဖူးတယ်။ သူ ညွှန်ကြားရေးမှူးဘဝနဲ့ နိုင်ငံခြား ခရီးတွေ သွားရတော့ ငယ်ငယ်က ပညာတော်သင်ဘဝနဲ့ ခရီးသွားခဲ့ရတာတွေကို ပြန်ပြီး ခံစားရတယ်တဲ့။ အရင်က သွားတာက ရယူဖို့။ အခု သွားတာက ရယူခဲ့တာတွေအတွက် ပြန်ပြီး ပေးဆပ်ဖို့တဲ့။ ကျွန်တော်တို့ အားလုံး ပေးဆပ်ကြရဦးမှာပဲလေ"

ဦးလှဝေက ကိုအောင်ပိုင်ကို မကြည့်ဘဲ ပြောသည်။

နှင်းနိုင်လွင်က ဦးလှဝေကို ငေးကြည့်ရင်း …



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ နှင်းကတော့ အခုထိ ဆုံးဖြတ်ချက် မှားတုန်း။ နှင်းရဲ့ အမှားအတွက် ကိုကိုလေး ပေးဆပ်ရပြီ"

"အဲဒါ တန်တယ် ညီမလေး။ ကိုကိုလေး ပေးဆပ်တာဟာ ညီလေး ကိုယ်စားပေါ့"

ဦးအောင်ပိုင်က ပြုံးပြီး ဆိုလေသည်။

ဆေးရုံမှန်တံခါးများကြားမှ ညအမှောင်ကို မြင်ရသည်။

"ပြန်ကြတော့လေ"

ဦးအောင်ပိုင်က အသက်ပြင်းပြင်း ရှူပြီး ပြော၏။

အရေးပေါ် ခေါ်လာခဲ့သော ညဈောင့် သူနာပြုက ခေါင်းညိတ်ပြ၏။

တစ်ဖက်က ခုတင်ပေါ်မှာလည်း သိန်းမောင်ဝင်း အိပ်ပျော်နေပြီ။

နှင်းခိုင်လွင်က ဦးလှဝေကို မော့ကြည့်ပြီး ထိုင်ရာက မတ်တတ်ရပ်သည်။

ဦးလှဝေက ပတ်တီးများပေါ်မှ နေ၍ ဦးအောင်ပိုင်၏ ညာလက်ကို ထိကာ နှုတ်ဆက်သည်။

အပြင်မှာ ...

ကောင်းကင်မှောင်မှောင်ထဲ ...

ကြယ်ကြီးတစ်လုံးက တောက်ပနေ၏။

ဘာပဲဖြစ်ဖြစ် ...

နက်ဖြန်ဆိုလျှင် ...။

ရွှေကူမေနှင်း

□



## ရွှေကူမေနှင်း

- ✦ အမည်ရင်း - ဒေါ်စံမေ
- ✦ မွေးဖွားရာဇာတိ - အဘ ဦးစိန်၊ အမိ ဒေါ်စောရင်တို့မှ ကချင်ပြည်နယ်၊ ရွှေကူမြို့၌ မွေးဖွားခဲ့သည်။
- ✦ ပညာရေး - ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရခဲ့သည်။
- ✦ စာပေနယ်သို့ ဝင်ရောက်ခြင်း - ၁၉၅၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့ထုတ် 'တိုင်းရင်းမေ' ဂျာနယ်တွင် ဖော်ပြခဲ့သော 'ချောကလက်' ဝတ္ထုတိုဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။
- ✦ စာရေးသားခြင်း - ဝတ္ထုတို ၁၀၀၀ ကျော်၊ ဆောင်းပါး ၂၀၀၀ ကျော်၊ မဂ္ဂဇင်းဝတ္ထုရှည် ၂၀ ကျော်၊ ပင်ကိုရေးစာအုပ် ၁၀ အုပ်၊ ဘာသာပြန်စာအုပ် ၂၆ အုပ်၊ အတ္ထုပ္ပတ္တိနှင့် ဘာသာရပ်ဆိုင်ရာကျမ်း ၅ အုပ်နှင့် ပင်ကိုရေးဘဝအက်ဆေး ၁၀ ပုဒ် ရေးသားပြီးဖြစ်သည်။
- ✦ တာဝန်ထမ်းဆောင်ခြင်း - ရွှေကူနှင့် ဗန်းမော်မြို့တွင် အထက်တန်းပြဆရာမအဖြစ် ၁၀ နှစ်၊ မြန်မာအသံတွင် ၁၃ နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



◆ စိတ်ဝင်စားမှု - ရသစာပေရေးသားဖွဲ့နွဲ့ခြင်းနှင့် အင်္ဂလိပ်စာကို အထူး ဝါသနာထုံခဲ့သည်။

- ယခုအခါ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ယာ (ဝ၅) တွင် နေထိုင်ရင်း Free lance writer အဖြစ် စာပေမျိုးစုံ ရေးသားလျက်ရှိသည်။

❑



အလင်းသစ်စာပေမှ

## ထုတ်ဝေပြီးသောစာအုပ်များ

| | | |
|---|---|---|
| ၁။ | အပမာထဲမေတ္တာရှင် ခြောက် . . . အမေရယ် | ကံမြင့် |
| ၂။ | မြန်မာ့ရုပ်ရှင်ငွေကြယ်ပွင့်တို့ရုပ်ပုံလွှာများ | ကျော်သန်းမြင့်(ဗန်းမော်) |
| ၃။ | နွေဦးကိုသာလွမ်းနှင့်အခြားရသစာတမ်းများ | မောင်နိုင်လတ် |
| ၄။ | ပြည်ပသွင်းကုန်လုပ်ငန်းလမ်းညွှန် | တင်မောင်ဝင်း |
| ၅။ | ကျန်းမာစေဖွယ်နည်းအသွယ်သွယ် | အောင် (ဆေး-၁) |
| ၆။ | ဓာတ်ခွဲခန်းမှူးတစ်ဦး၏နိုင်ငံယာရီအမှတ်(၂) | မောင်ညီပြာ |
| ၇။ | သန်းမြင့်အောင်လက်ရွေးစင်ဝတ္ထုတိုများ | သန်းမြင့်အောင် |
| ၈။ | ကနော့ဝ်မင်းသား (တ-ကြိမ်) | မောင်ပုဆိုးကြမ်း |
| ၉။ | သာသနာပြုရှင်ပြုမင်္ဂလာ (ဒု-ကြိမ်) | မင်းနန်(မော်ကျွန်း) |
| ၁၀။ | နာဇီစားစာခံနှင့်နိုင်ငံတကာဝတ္ထုတိုများ | ရွှေကူမေနှင်း |
| ၁၁။ | အရင်းအနှီးဈေးကွက်နှင့် စတော့ရှယ်ယာ | ဦးဝင့်ကျော် |
| ၁၂။ | နေ့သစ်တိုင်းမှာမင်္ဂလာ | မင်းနန်(မော်ကျွန်း) |
| ၁၃။ | အင်္ဂလိပ်လိုဖတ်ရအောင် | ရွှေကူမေနှင်း |
| ၁၄။ | ထီးအရိပ်နန်းအရိပ် | မောင်သန်းဆွေ(ထားဝယ်) |
| ၁၅။ | ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းလက်စွဲ | တင်မောင်ဝင်း |
| ၁၆။ | ဘဏ်အကြောင်းငွေအကြောင်း | ဦးဝင့်ကျော် |
| ၁၇။ | အလင်းသစ်ရွေးသီရာဝတ္ထုတိုများ ၂၀၀၇ | ကလောင်စုံ |
| ၁၈။ | ရသပညာနိဒါန်းနှင့်ဒဿနစာတမ်းများ | မြဝင်း(ဒဿန) |
| ၁၉။ | ဘဝ၏ရွှေစည်းမျဉ်းများ (ဒု-ကြိမ်) | မင်းနန်(မော်ကျွန်း) |
| ၂၀။ | ပို့ကုန်သွင်းကုန်အကောက်ခွန် သက်သာခွင့်လမ်းညွှန် | အောင်စိုး(MPM) |
| ၂၁။ | သုံးပွင့်ဆိုင်အချစ်စစ်ပွဲ | ရွှေကူမေနှင်း |



www.burmeseclassic.com

www.burmeseclassic.com


(ချားလ်စ်၊ ဒိုင်ယာနာနှင့်ကမီလာ)

၂၂။ တဆွေတွေထစ်ချွန်းနေတဲ့မိုးတိမ်နှင့်ဝတ္ထုတိုစုစည်းမှု — မိချမ်းဝေ

၂၃။ ဖောက်သည်များနှင့်ကခုန်ခြင်း — အောင်မောင်း

၂၄။ မောင်ငယ်ငယ်ကခရေဦးနှင့်ရသစာတမ်းများ — မောင်ရင့်မာ(ကျောင်းကုန်း)

၂၅။ သုတရိပ်မြုံစာရဂုံ — မောင်မောင်ညွန့်(မန်းတက္ကသိုလ်)

၂၆။ အမှောင်မှသည်အလင်းဆီသို့ — မင်းနန်(မော်ကျွန်း)

၂၇။ မဟာဂီတခြေရာကောက် — မောင်သန်းဆွေ(ထားဝယ်)

၂၈။ အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန် — အလင်းသစ်စာတည်းအဖွဲ့

၂၉။ ယုံကြည်မှုတည်ဆောက်ခြင်း — ရွှေကူမေနှင်း

၃၀။ ဆီးချိုရောဂါကျန်းမာရေးစကားဝိုင်းနှင့်ရောဂါကုထုံး — မြေလတ်မောင်မြင့်သူ

၃၁။ စူလာနဖာဂယက်နှင့်နောက်ဆက်တွဲဆေးနည်းများ — ဦးစည်သူ(သုခချမ်းသာ)

၃၂။ သင်္ဂါယနာသုံးတန် — ဝဏ္ဏသိရိ

၃၃။ မွေလမ်းညွှန်စာစုမွန် — မင်းနန်(မော်ကျွန်း)

၃၄။ ငွေရေးကြေးရေး — ပါမောက္ခ မြတ်သိန်း

၃၅။ လိုက်ဖ်စတိုင်အပြောင်းအလဲဆောင်းပါးများ — မောင်ကိုကို(အမရပူရ)

၃၆။ ဗီဒီယာလောက — ရွှေကူမေနှင်း

၃၇။ စက္ကန့်မလပ်သတိကပ် — ကျော်နန္ဒအောင်

၃၈။ အလင်းသစ်ရွေးသီရာဝတ္ထုတိုများ ၂၀၀၈ — ကလောင်စုံ

၃၉။ တောကျောင်းဆရာနှင့် ဆရာဘဝဝတ္ထုတိုများ — လင်းထင်

၄၀။ မပြောကောင်း မဆိုကောင်း(ကယ်လီဖိုးနီးယားမှိန်လော့ဂ်များ) — ဂျက်ကွမ်းခြံကုန်း

၄၁။ အရည်အကြီးဝါဒနှင့် ရှင်အရဟံသာသနာ — ဝင့်ထယ်

၄၂။ သပီးယောဂီသို့ … — ကျော်နန္ဒအောင်

၄၃။ အရင်းရှင်စနစ်၏အနာဂတ်နှင့်ကမ္ဘာ့ရေရေး — မောင်ဝံသ

၄၄။ အင်္ဂလိပ်လို ပြောရအောင် — ရွှေကူမေနှင်း

၄၅။ ထီးအငွေ့ နန်းအငွေ့ — မောင်သန်းဆွေ(ထားဝယ်)

၄၆။ ပဋ္ဌာန်းကျင့်စဉ် — အရှင်ကုမာရ (ပန်းတနော်)

၄၇။ ဘဝခြားနေသော ဆွေမျိုးများ — ဝဏ္ဏသိရိ

၄၈။ အထက်တန်းစားဗုဒ္ဓဘာသာဝင် — မင်းနန်း (မော်ကျွန်း)

၄၉။ စိတ္တဝေပန်းချီ — ခင်ဝမ်း


## ယခု


၅၀။ ငါတို့ခေတ်ကတက္ကသိုလ် — ရွှေကူမေနှင်း


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၅၁။ သားကိုရင်သို့ — ကျော်နန္ဒာအောင်

၅၂။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲခေါ်သံ — ဝင့်ထယ်

၅၃။ လူ့ကျင့်ဝတ် — စံကျောင်းဆရာတော်

၅၄။ အမေနှင့်ကလေး ဝေးသောအခါနှင့်အခြားဆောင်းပါးများ — မောင်ကိုကို (အမရပူရ)

၅၅။ ဆရာတော်ကြီးများ၏ဩဝါဒတော်များ ပေါင်းချုပ် — မင်းနန်း (မော်ကျွန်း)


www.burmeseclassic.com